http://www.dhammadownload.com







နိုင်ငံတော်သြဝါဒါစရိယ
မြန်မာစာသြဝါဒါစရိယ
အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ
ထီးချိုင့်မြို့
တည်တောဆရာတော်

# ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ
# အမေးအဖြေများ

အမှတ်စဉ်(၄)



ဒုတိယအကြိမ်



ဒုတိယအကြိမ် (၄)အမှတ်စဉ် ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ

http://www.dhammadownload.com



နိုင်ငံတော်သြဝါဒါစရိယ
မြန်မာစာသြဝါဒါစရိယ
အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ
ထီးချိုင့်မြို့
တည်တောဆရာတော်

# ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ

အမှတ်စဉ် (၄)

ဒုတိယအကြိမ်

http://www.dhammadownload.com

နိုင်ငံတော် ဩဝါဒါစရိယ၊ မြန်မာစာ ဩဝါဒါစရိယ

အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ

ထီးချိုင့်မြို့

တည်တောဆရာတော်ဘုရားကြီး

၏

# ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ

# အမေးအဖြေများ(၄)

ဓမ္မဗျူဟာစာစဉ် (၂၅)

ဒုတိယအကြိမ်

http://www.dhammadownload.com



ဂါထာဖြစ်တယ်၊ ဒီဂါထာအရ ဗောဓိပင် စိုက်ပျိုးတာ အပြစ် လုံးဝမရှိတဲ့အပြင် အလွန် အကျိုးကျေးဇူးကြီးမားကြောင်း သိသာတယ်ကွယ့်၊ ဗောဓိညောင်မှတစ်ပါး အခြားညောင်ပင် စိုက်ပျိုးရကျိုးကို ဆက်လက်ပြောပြဦးမယ်ကွယ့်။

"မိန့်တော်မူပါဘုရား"

"မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်း ကိန်းအောင်းစံပျော်စဉ် ကာလ တစ်ခုသော သန်းခေါင်ယံအခါမှာ နတ်သားတစ်ယောက် ဘုရားရှင်ထံ လာရောက်ပြီး ပြဿနာကို လျှောက်ထားတယ်၊ နတ်သား လျှောက်ထားတဲ့ပြဿနာ ကတော့–

အရှင်ဘုရား "အဘယ်သူသည် နေ့ရော ညဉ့်ပါ အခါခပ်သိမ်း ကုသိုလ် တရားကို တိုးပွားနေပါသလဲ "တဲ့။

"အဘယ်သူတို့ဟာ တရား၌ တည်ပါကုန်သလဲ"တဲ့။

"အဘယ်သူတို့ဟာ ဝတ်အကျင့်နှင့် ပြည့်စုံကြပါသလဲ"တဲ့။

"အဘယ်သူဟာ သေပြီးသည့်နောက် နတ်ပြည်ရောက်နိုင်ပါသလဲ"တဲ့။

နတ်သားမေးတဲ့ ပြဿနာက လေးချက်ရှိတယ်၊ အဲဒီ ပုစ္ဆာ ၄–ချက်ကို ဘုရားရှင်က တစ်ချက်တည်းနှင့် အဖြေ ပေးတော်မူလိုက်တယ်၊ ဘုရားရှင်ပေးတဲ့ အဖြေက–

အကြင်သူဟာ အများ စိတ်ပျော်ရွှင်ဖို့ သစ်သီးဥယျာဉ်, ပန်းဥယျာဉ်တို့ကို စိုက်ပျိုးတယ်၊ အရိပ်ခိုနားနေဖို့ ညောင်ပင်, ကုက္ကိုပင်စတဲ့ တောသစ်ပင်များကို စိုက်ပျိုးတယ်၊ လူအများ သွားလာလွယ်ကူအောင် တံတားခင်းတယ်၊ ခရီးသွားများ သောက်သုံးဖို့ ရေအိုးစင် တည်တယ်၊ ရေတွင်းရေကန် တူးတယ်၊ ခရီးသွားအများ ရပ်နားဖို့ ဇရပ်တို့ ကျောင်းတို့ ဆောက်လုပ်တယ်၊ အဲဒီ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ နေ့ ရော ညဉ့်ပါ ကုသိုလ်တရား တိုးပွားနေတယ်၊ အဲဒီ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ တရား တည်တယ်၊ အဲဒီ ပုဂ္ဂိုလ်ဟာ ဝတ်အကျင့်နှင့် ပြည့်စုံသူ ဖြစ်တယ်၊ အဲဒီ ပုဂ္ဂိုလ် ကွယ်လွန်လျှင် နတ်ပြည်ရောက်တယ်လို့ သဂါထာဝဂ္ဂသံယုတ်၊ အာစိတ္တဝဂ်၊ ဝနရောပသုတ်မှာ ဘုရားရှင် ဟောတော်မူတယ်။

ဒီသုတ်အရ အရိပ်ခိုဖို့ ညောင်ပင်စိုက်တဲ့အတွက် အပြစ် တစ်စုံတစ်ရာ မရှိ သည့်အပြင် အလွန်ကြီးမားသော အကျိုးတရားရရှိကြောင်း သိသင့်တယ်။

http://www.dhammadownload.com


# ဓမ္မဗျူဟာစာစဉ် (၂၅)

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ် (၅၁၄/၉၉) (၈)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၄၅၈/၉၉) (၉)

**ဒုတိယအကြိမ်**

၁၉၉၉-ခု၊ အောက်တိုဘာလ

**အုပ်ရေ** - (၁၂၀၀)

**တန်ဖိုး** ( , ) **ကျပ်**

**မျက်နှာဖုံးနှင့်မွမ်းမံပြင်ဆင်** - ဦးဇေဖေ (လစ်သိုအတ်-ဖလင်)

**ကွန်ပျူတာစာစီ** - ဓမ္မဗျူဟာကွန်ပျူတာ

**ထုတ်ဝေသူ**

ဦးဝင်းမြင့် (မြ-၁၅၁၂)

ဝင်းမြင့်အောင်စာပေ၊ ၃၁၅/၂၊ ၁-ရပ်ကွက်၊ တိုးချဲ့ထောက်ကြန့်။

**မျက်နှာဖုံးနှင့် အတွင်းရိုက်**

ဒေါ်ခင်သန်း (မြ-၀၂၆၇၂)

နဝရတ်ပုံနှိပ်တိုက်၊ ၁၈၊ သင်္ဂဟလမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။

**ဖြန့်ချိရာဌာန**

ဓမ္မဗျူဟာသာသနမာမကအဖွဲ့

အမှတ်(၆)၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ (ဖုန်း- ၅၄၉၃၉၇)

http://www.dhammadownload.com

# မာတိကာ



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဝါဆိုသင်္ကန်း | ... ၁ |
| ၂။ | ဟာရီတာစရသေ့ | ... ၅ |
| ၃။ | ယပ်နှင့် ပန်းစေတီ | ... ၁၀ |
| ၄။ | မြန်မာနိုင်ငံသို့ ဘုရားရှင်ကြွ,မကြွနှင့် အာသောကမင်းကြီး | ... ၁၅ |
| ၅။ | စကားခွန်းရေ | ... ၂၅ |
| ၆။ | ဘုရားရှင်၏ မယ်တော်နှင့်ခမည်းတော် | ... ၂၈ |
| ၇။ | သောဘာသေယျ ရွတ်ဆိုပုံ | ... ၄၂ |
| ၈။ | ဒွန်ကမ္မဝါစာ | ... ၄၇ |
| ၉။ | ပဗ္ဗာဇနီယကမ္မဝါစာ | ... ၅၁ |
| ၁၀။ | ပဗ္ဗာဇနီယကမ္မဝါနှင့် သံဃာအရေးအတွက် | ... ၅၆ |
| ၁၁။ | လူများ ပဗ္ဗာဇနီယကကမ္မဝါ ရွတ်သင့်,မသင့်နှင့် သီလဆိုင်ရာ မေးလျှောက်လွှာ | ... ၆၀ |
| ၁၂။ | ဝေဒနာမျိုးပြား | ... ၆၄ |
| ၁၃။ | ဇာတိဿရဉာဏ် | ... ၆၉ |
| ၁၄။ | ရှင်သာမဏေပြုနည်း | ... ၇၄ |
| ၁၅။ | ပါရမီကာလ မညီမျှမှု | ... ၇၈ |
| ၁၆။ | သရဏဂုံ | ... ၈၃ |
| ၁၇။ | ယနေ့ဗုဒ္ဓဝါဒ ပြဿနာလေးရပ် | ... ၉၆ |
| ၁၈။ | လောကနီတိနှင့် ရက်လည်ဆွမ်း | ... ၁၁၁ |
| ၁၉။ | ညောင်ပင်ပြဿနာ | ... ၁၂၁ |
| ၂၀။ | ပရမတ္ထတရားဟူသည် | ... ၁၂၅ |
| ၂၁။ | သဿတနှင့် ဉစ္ဆေဒ | ... ၁၂၉ |
| ၂၂။ | လူနှင့်နတ် | ... ၁၃၇ |
| ၂၃။ | ဦးစံညွန့်၏ မေးခွန်းလေးချက် | ... ၁၄၃ |
| ၂၄။ | အမျိုးသမီးနှင့် ဘုရားဘဝ | ... ၁၆၂ |
| ၂၅။ | အာနာပါနနှင့် ဝိပဿနာ | ... ၁၆၈ |
| ၂၆။ | ရဟန္တာစာတ်တော်(၂) | ... ၁၇၃ |
| ၂၇။ | အမေး (၁၆) ချက် | ... ၁၇၉ |

http://www.dhammadownload.com

မေး/ဖြေ(၄)မာတိကာ


၂၈။ တံဆိပ်ခေါင်းသည် အနာမာသဝတ္ထုလော ... ၁၈၈
၂၉။ ဝါပန်ကာလ သတ္တာဟ ... ၁၉၁
၃၀။ ကထိန်ခင်းအပ်ရာဌာန ... ၂၀၁
၃၁။ ကံ,ဒွါရအကွဲ အဖြူအမည်း မဆိုသာ ... ၂၁၀
၃၂။ သာဝိတ္တိဆန်း ... ၂၁၅

http://www.dhammadownload.com



ထီးချိုင့်မြို့ တည်တောဆရာတော်
အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ
နိုင်ငံတော်သြဝါဒါစရိယ၊ မြန်မာစာသြဝါဒါစရိယ

http://www.dhammadownload.com



http://www.dhammadownload.com

# မိတ်ဆက်စာ

သာသနာ့သမိုင်းကို ကြည့်သောအခါ ခေတ်အလိုက် အမေးအဖြေကျမ်းများ ပေါ်ထွန်းခဲ့သည်ကို တွေ့ရပါသည်၊ ပုထုဇဉ်ပုဂ္ဂိုလ်မှန်သမျှ ဒိဋ္ဌိ- အမှားကို အမှန်, အမှန်ကို အမှားထင်ခြင်း၊ ဝိစိကိစ္ဆာ- မှန်သောအရာပင် ဖြစ်စေကာမူ မဆုံးဖြတ်နိုင်ဘဲ တွေးတောယုံမှားခြင်း ဤသဘောနှစ်မျိုး ရှိနေကြပေသည်၊ သို့ဖြစ်၍ တရားဓမ္မနှင့် ပတ်သက်လာလျှင် ယုံမှားသံသယ ရှိနေတတ်ကြ၏၊ ပညာရှင်အဆင့်ရောက်သူများပင် မရှင်းလင်းသော အချက်များ ရှိနေတတ်ကြသည်ကို တွေ့ရပါသည်။

တရားဓမ္မကို စနစ်တကျ လေ့လာခွင့် မရကြသော ပုဂ္ဂိုလ်တို့အတွက်မူ အများအပြားပင် မရှင်းလင်းသောအရာများ ရှိနေတတ်ကြ၏၊ သို့ဖြစ်၍ ဖြေဆိုနိုင်သော ပုဂ္ဂိုလ်များက ၎င်းတို့၏ မေးခွန်းများကို ရှင်းလင်း၍ အဖြေပေးခဲ့ကြရသည်၊ ထိုသို့ အဖြေပေးရာ၌ အောက်ဖော်ပြပါ နည်းစနစ်များ အားလုံးကို ဖြစ်စေ, တစ်မျိုးမျိုးကို ဖြစ်စေ အသုံးပြုကြရပေသည်။

၁။ **အာဂမ** = ပိဋကတ်တော်ကျမ်းစာများ၌ တိုက်ရိုက်ပါသော အဆိုအမိန့်များ။

၂။ **သာဓက** = သင့်လျော်သော သမိုင်းကြောင်း အထောက် အထား၊ အစဉ်အလာ အယူအဆ အထောက်အထား၊ ရှေးရှေး ပညာရှင်များ၏ အယူအဆ အဆိုအမိန့်များ။

၃။ **ယုတ္တိ** = ဖြစ်နိုင်သော ဖြစ်သင့်သော သဘာဝကျသော သင့်လျော်သော သဘောတရားများ။

တည်တောဆရာတော်ဘုရားကြီး၏ ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ ၁,၂,၃ တို့ကို လေ့လာကြည့်သောအခါ ဤနည်းစနစ်များကိုပင် သုံး၍ ဖြေဆိုထားသည်ကို တွေ့ရပေသည်၊ သို့ဖြစ်၍ ဆရာတော်ဘုရားကြီး၏

http://www.dhammadownload.com

ကျမ်းစာတို့သည် ဗုဒ္ဓတရားတော်များနှင့် ပတ်သက်၍ မရှင်းလင်းသူများအား ဒိဋ္ဌိ- ဝိစိကိစ္ဆာ ကင်းစေလျက် သဒ္ဓါ(ယုံကြည်မှု)နှင့် ပညာ(အသိဉာဏ်) တိုးပွားစေနိုင်ကြလိမ့်မည်ဟု ယုံကြည်မိပါသည်။

ဘဒ္ဒန္တ ပဏ္ဍိတာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)
နာယကချုပ်၊နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊
ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့။

## ထပ်ဆင့်ပန်ကြားလွှာ

ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများကို ဓမ္မမိတ်ဆွေတော် အပေါင်းတို့၏ တောင်းပန်ချက်အရ လုံးချင်းစာအုပ်များအဖြစ် အမှတ် ၃-အထိ ပုံနှိပ် ထုတ်ဝေခဲ့ပြီး ယခုဆက်လက်၍ အမှတ်စဉ် ၄-ကို တင်ဆက်အပ်ပါသည်။

ကျေးဇူးတော်ရှင် သက်တော်ရှည် ထီးချိုင့်မြို့ တည်တော ဆရာတော်ဘုရားကြီး၏ အဖြေလွှာများကို ဓမ္မဗျူဟာစာစောင် တည်တံ့နေသ၍ ကာလပတ်လုံး အဆက်မပြတ် ဖတ်ရှုလိုက်နာ ကျင့်ကြံ သွားရမည်သာ ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီး ဟောကြားရေးသားခဲ့သော စာစောင်ထဲ တွင် ဖော်ပြပြီးသမျှ အခန်းဆက် ဆောင်းပါးဟောင်းများမှ မဖတ်ရှု မလေ့လာလိုက်ကြရသေးသော ဓမ္မမိတ်ဆွေအသစ်များနှင့် လုံးချင်းအဖြစ် သိမ်းဆည်းထားလိုသူများအတွက် ဓမ္မဗျူဟာစာစဉ်အနေဖြင့် လုံးချင်း စာအုပ်များ ဆက်လက် ပုံနှိပ်ထုတ်ဝေသွားမည် ဖြစ်ပါကြောင်းနှင့်...

ရတနာ့ပန်းခိုင် ဓမ္မပန်းချီစာအုပ်များကိုလည်း အမှတ်စဉ် အတိုင်း ဆက်လက် ထုတ်ဝေသွားမည်ဖြစ်ကြောင်း အဥ္ဇလီပဏ္ဏာသ၍ ဂါရဝတရားဖြင့် ကြိုတင်အသိပေးပါသတည်း။

ဓမ္မဗျူဟာစာစဉ်

http://www.dhammadownload.com



# ဝါဆိုသင်္ကန်း

"၁၀-၁၂-၈၇ နေ့စွဲပါတဲ့ ဟောဒီစာက မိုးညှင်းမြို့၊ စက်ကုန်းကျောင်း ဆရာတော် ဦးသုဇာတထံမှ မေးလျှောက်တဲ့စာ ဖြစ်ပါတယ်ဘုရား"

"ဆိုစမ်းပါဦး၊ ဦးသုဇာတက ဘာတွေများမေးပါလိမ့်"

"ဦးသုဇာတ အမေးက ရဟန်းတော်များကို ဝါဆိုသင်္ကန်း လှူဒါန်းကြတဲ့ အစဉ်အလာဟာ ဘယ်အချိန်ကာလက စတင်ပြီး ဘယ်ရဟန်းကို အကြောင်းပြုပြီး အဘယ်ဒါယကာ လှူဒါန်းခဲ့သည်ကို သိလိုပါသတဲ့ဘုရား..."

"သာသနာတော်ဝန်ထမ်း ရဟန်းတော်များရဲ့ မှီရာတည်ရာ အားထားရာ တရားဟာ လေးပါးရှိတယ်ကွယ့်"

"မိန့်တော်မူပါဘုရား"

## သင်္ကန်း ၉-ထည်

"လေးပါးဆိုတာက (၁) ဆွမ်းတည်းဟူသော မှီရာတည်ရာ အားထားရာ၊ (၂) သင်္ကန်းတည်းဟူသော မှီရာတည်ရာ အားထားရာ၊ (၃) ကျောင်းတည်းဟူသော မှီရာတည်ရာ အားထားရာ၊ (၄) ဆေးတည်းဟူသော မှီရာတည်ရာ အားထားရာတို့ ဖြစ်ကြတယ်၊ အဲဒီတရားလေးပါးအနက် သင်္ကန်းဆိုတဲ့ မှီရာတည်ရာ အားထားရာက သင်း, ကိုယ်, ဒု, အိပ်၊ မျက်, ပရိက်၊ နိသိဒ်, မိုးအမာလို့ ဝိနယသံခိပ်ကျမ်းမှာ လယ်တီဆရာတော် မိန့်တော်မူတဲ့အတိုင်း (၁) သင်းပိုင်၊ (၂) ကိုယ်ဝတ်၊ (၃) ဒုကုဋ်၊ (၄) အိပ်ရာလွှမ်း၊ (၅) မျက်နှာသုတ်ပဝါ၊ (၆) ပရိက္ခာရ စောဠပုဆိုး၊ (၇) နိသီဒိုင်အခင်း၊ (၈) မိုးရေခံသင်္ကန်း၊ (၉) အမာလွှမ်းသင်္ကန်းအားဖြင့် ၉-ပါး ရှိတယ်၊ ဒီကိုးပါးသော သင်္ကန်းမှတစ်ပါး ဝါဆိုသင်္ကန်းရယ်လို့ သီးခြား မရှိဘူးကွယ့်"

http://www.dhammadownload.com



"မိုးရေခံသင်္ကန်းဟာ ဝါဆိုသင်္ကန်းရယ်လို့ မဖြစ်သင့်ဘူးလား ဘုရား"

"မိုးရေခံသင်္ကန်းကို (ဝဿိကသာဋိက) လို့ ခေါ်တယ်၊ ဝါဆိုသင်္ကန်းကိုတော့ (ဝဿာဝါသိက)လို့ ခေါ်တယ်၊ ဒါကြောင့် ဝါဆိုသင်္ကန်းဟာ မိုးရေခံသင်္ကန်း မဟုတ်ဘူး၊ မိုးရေခံသင်္ကန်းအတွက် ပါတိမောက် ရတနဝဂ်မှာ သိက္ခာပုဒ် သီးသန့် ရှိတယ်ကွယ့်"

"မှန်ပါ၊ အဲဒီ သိက္ခာပုဒ်အကြောင်း အနည်းငယ် မိန့်တော်မူပါဦး ဘုရား"

## မိုးရေခံသင်္ကန်း

မြတ်စွာဘုရားသခင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ စံနေတော်မူစဉ် ကာလက ဝိသာခါ ဒါယိကာမကြီးဟာ ဘုရားဖူးလာတယ်၊ ဘုရားဖူးပြီး ပြန်ခါနီးမှာ ဘုရားရှင်နှင့်တကွ သံဃာကုန် ဆွမ်းကျွေးလိုပါသဖြင့် နက်ဖြန် နံနက် ကြွရောက် ချီးမြှောက်တော်မူပါရန် လျှောက်ထားတယ်၊ အဲဒီညလွန်တော့ မိုးကြီး သည်းထန်စွာ ရွာသတဲ့၊ ဘုရားသခင်က ရဟန်းတို့ ယခုမိုးဟာ လေးကျွန်းလုံး ရွာသွန်းတဲ့မိုး ဖြစ်တယ်၊ ကိုယ်ကို မိုးရေခံကြလို့ မိန့်တော်မူတဲ့အတွက် ရဟန်းများဟာ သင်္ကန်းတွေ ချထားပြီး ကိုယ်ကို မိုးရေခံကြသတဲ့၊ အဲဒီအချိန်မှာ ဝိသာခါ ခိုင်းစေလိုက်တဲ့ ကျွန်မက ကျောင်းတော်ကို အပင့်ရောက်လာတယ်၊ ဇေတဝန်ကျောင်းတော်မှာ ကိုယ်ကို မိုးရေခံနေကြတဲ့ ရဟန်းတော်များကို မြင်တော့ အဝတ်မဝတ်တဲ့ အာဇီဝက တွေလို့ အထင်မှားပြီး အိမ်ပြန်ကာ ကျောင်းမှာ ရဟန်းတွေ မရှိဘူး၊ အာဇီဝကတွေ မိုးရေခံနေကြတာသာ ရှိတယ်လို့ ဝိသာခါကို ပြောသတဲ့။

ဝိသာခါက ပညာရှိတော့ မိုးရေခံနေကြတာဟာ အာဇီဝကတွေ မဟုတ်ဘူး၊ ရဟန်းများ သင်္ကန်းချထားပြီး မိုးရေခံနေကြတာ ဖြစ်ရမယ်လို့ ထပ်ပြီး အပင့်ခိုင်း ပြန်တယ်၊ ဒီအချိန် ရဟန်းတော်များ မိုးရေချိုးပြီးလို့ သင်္ကန်းပြန်ဝတ်ပြီး ကျောင်း တွင်းမှာ သီတင်းသုံးနေကြတယ်၊ ကျွန်မဟာ ကျောင်းတော်ကို လာကြည့်တယ်၊ ဆိတ်ငြိမ် နေတာကို မြင်ပြန်တော့ အိမ်ပြန်ပြီး ကျောင်းမှာ ဘယ်သူမျှ မရှိဘူးလို့ ပြောပြန်တယ်၊ ဝိသာခါက ကျောင်းမှာ ကိုယ်တော်တွေ အမှန်ရှိတယ်၊ မိုးရေချိုးပြီး လို့ ကျောင်းခန်းအတွင်း ဝင်နေကြတာဖြစ်မယ်လို့ တွက်ဆပြီး ကျွန်မကို ထပ်မံ အပင့်ခိုင်းပြန်တယ်။

ဒီအချိန် ဘုရားရှင်က ရဟန်းများကို သတိပေးတော်မူပြီး ကျောင်းတော်မှ ဝိသာခါအိမ်အရောက် ရဟန်းတော်များနှင့်တကွ တန်ခိုးဖြင့် ကြွတော်မူတယ်၊

http://www.dhammadownload.com



ဒုးဆစ်လောက် ရေတွေလျှံအောင် မိုးရွာထဲမှာ တစ်စုံတစ်ရာ မိုးရေစိုခြင်း မရှိတဲ့ ဘုရားရှင်ရဲ့ တန်ခိုးတော်ကိုမြင်လို့ ဝိသာခါ ဒါယိကာမကြီးဟာ အလွန်ဝမ်းမြောက် ဝမ်းသာစွာဖြင့် ဆွမ်းလုပ်ကျွေးတယ်၊ ဆွမ်းလုပ်ကျွေးပြီးတော့ ဘုရားရှင်ထံတော်မှာ ဆု(၈)ပါး တောင်းခံသတဲ့။

ဝိသာခါ တောင်းခံတဲ့ ဆု(၈)ပါးက–

(၁) အသက်ထက်ဆုံး သံဃာတော်အား မိုးရေခံသင်္ကန်း လှူလိုခြင်း၊

(၂) ဧည့်သည် အာဂန္တုတို့အား ဆွမ်းလှူလိုခြင်း၊

(၃) ခရီးသွားရဟန်းတို့အား ဆွမ်းလှူလိုခြင်း၊

(၄) သူနာရဟန်းတို့အား ဆွမ်းလှူလိုခြင်း၊

(၅) သူနာပြုရဟန်းတို့အား ဆွမ်းလှူလိုခြင်း၊

(၆) သူနာရဟန်းတို့အား ဆေးလှူလိုခြင်း၊

(၇) အမြဲ ယာဂုလှူလိုခြင်း၊

(၈) ဘိက္ခုနီသံဃာအား ရေသနုပ် လှူလိုခြင်းတို့ ဖြစ်ကြတယ်။

ဒီ ဆုရှစ်ပါးအနက် ပထမဆုအရ မိုးရေခံသင်္ကန်းကို ဘုရားရှင် ခွင့်ပြုတော်မူတယ်၊ မိုးရေခံသင်္ကန်းဟာ ဘုရားရှင်ရဲ့ အထွာတော်ဖြင့် အလျား ၆–ထွာ၊ အနံ နှစ်ထွာခွဲထက် မပိုစေရဘူး၊ ပိုလျှင် ပါစိတ်အာပတ် သင့်တယ်"

"မှန်ပါ၊ မိုးရေခံသင်္ကန်းအကြောင်း သိရတဲ့အတွက် ဝမ်းသာလှပါတယ်၊ ဝါဆိုသင်္ကန်းအကြောင်းလည်း ဆက်ပြီး မိန့်တော်မူပါဦး ဘုရား"

## ဝါဆိုသင်္ကန်း

"ဝါဆိုသင်္ကန်းလို့ ဆိုလိုက်လျှင် ဝါဆိုသောအခါ ဝတ်ရုံတဲ့ သင်္ကန်းကို ဝါဆိုသင်္ကန်းလို့ ယခုအခါ မှတ်ယူနေကြတယ်၊ သို့သော်လည်း ပါဠိတော်မှာလာတဲ့ ဝါဆိုသင်္ကန်းက ဝါဆိုရန် ဝတ်တဲ့ သင်္ကန်းမဟုတ်ဘူး၊ ဝါဆိုရက်မှာ ဝါဆိုပြီး ဝါကျွတ်သည့်တိုင်အောင် ဝါမပျက်တဲ့ ရဟန်းတော်အား လှူဒါန်းတဲ့ သင်္ကန်းကို (ဝါဆိုသင်္ကန်း)လို့ ဆိုလိုတယ်၊ ဒီအကြောင်းနှင့် ပတ်သက်ပြီး ပါတိမောက် နိဿဂ္ဂိယ ပါစိတ် ပတ္တဝဂ်ကလာတဲ့ အစွေကစီဝရအကြောင်း ပြောပြဦးမယ်"

"မိန့်တော်မူပါဘုရား"

"ဘုရားသခင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးတော်မူစဉ် အခါက အမှတ်တစ်ယောက်ဟာ စစ်တိုက်ထွက်ခါနီး ငါ့အသက်ဟာ သိပ်မသေချာဘူး၊

http://www.dhammadownload.com



သေကောင်း နေကောင်း ဖြစ်အောင် ဝဿာဝါသိကခေါ်တဲ့ ဝါဆိုသင်္ကန်း လှူဒါန်းဦးမှ သင့်လျော်မယ်၊ သို့သော်လည်း ငါ့မှာ စစ်ထွက်ခါနီးနေလို့ အမှုကိစ္စ များတယ်၊ ကိုယ်တိုင် သွားမလှူနိုင်ဘူး၊ အရှင်ကောင်းများကို ပင့်လှူမှုပဲလို့ အကြံဖြစ်ပြီး အရှင်မြတ်တို့ တပည့်တော်အိမ် ကြွရောက်ပြီး ဝါဆိုသင်္ကန်း အလှူခံယူတော်မူကြပါလို့ အလျှောက်ခိုင်းတယ်၊ ရဟန်းတော်များလည်း ဝါကျွတ်သံဃာအား ဝါဆိုသင်္ကန်းခံယူစေလို့ ဘုရားရှင်ခွင့်ပြုချက် မရှိသေးဘူးလို့ ယုံမှားမှုရှိကြတဲ့အတွက် သင်္ကန်းအလှူခံ မကြွကြဘူး၊ အဲဒီအခါ အမတ်ကြီးက အရှင်မြတ်များဟာ အပင့်လွှတ်ပါလျက် ဘာကြောင့် မကြွခဲ့ကြတာလဲ၊ ငါက စစ်တိုက်သွားရမှာ၊ အသက်သေမည် ရှင်မည် မသိနိုင်ဘူးလို့ ကဲ့ရဲ့သတဲ့၊ ဒီသတင်းကို ဘုရားရှင် ကြားတော်မူလို့ အဆောတလျင် လှူအပ်သော အစ္စေကသင်္ကန်းကို ခွင့်ပြုတော်မူတယ်”

“ဒီနေရာမှာ **အစ္စေက သင်္ကန်း**ဆိုတာ အသက်ကို စိတ်မချရတဲ့ စစ်ထွက်မည့် ပုဂ္ဂိုလ်မျိုး၊ ခရီးထွက်မည့် ပုဂ္ဂိုလ်မျိုး၊ ကိုယ်ဝန်ဆောင် ပုဂ္ဂိုလ်မျိုးများနှင့် အသစ် သဒ္ဓါတရား ဖြစ်ပွားတဲ့ ပုဂ္ဂိုလ်မျိုးများ လှူဒါန်းတဲ့ သင်္ကန်းကို ဆိုလိုတယ်၊ ဒီသင်္ကန်းကို (ဝဿာဝါသိက) ဝါဆိုသင်္ကန်းလို့ပင်ခေါ်ခေါ်၊ ဝါကျွတ်သင်္ကန်းလို့ပင် ခေါ်ခေါ်၊ အစ္စေက အဆောတလျင် ရှောင်တခင် လှူဒါန်းအပ်သော သင်္ကန်းလို့ပင် ခေါ်ခေါ် သီးခြားသင်္ကန်း မဟုတ်ဘဲ သင်္ကန်းကိုးထည်အတွင်းက တစ်ထည်ထည်သော သင်္ကန်းသာဖြစ်တယ်၊ ဒါကြောင့် ဦးသုဇာတရဲ့ အမေးကို ဖြေရလျှင် ဝဿာဝါသိကခေါ်တဲ့ ဝါဆိုသင်္ကန်းဟာ ဘုရားရှင် လက်ထက်တော်ကာလက သာဝတ္ထိပြည် စစ်ထွက်ခါနီး အမတ်ကြီး စတင် လှူဒါန်းသည်ကို အကြောင်းပြု၍ ဘုရားရှင် ခွင့်ပြုတော်မူပါတယ်လို့ ဖြေဆိုလိုက်ပါတယ်ကွယ်”

“သာဓု–သာဓု–သာဓု”



http://www.dhammadownload.com



# ဟ ရိ တ စ ရ သေ့

“ယခုစာက စလင်းမြို့၊ လက်ပံပင်တိုက်၊ ရတနာမဥ္ဇူကျောင်း၊ ဦးဥတ္တမ (တောင်စဉ်) ထံက ၁၃၄၉–ခုနှစ်၊ ဝါခေါင်လဆန်း ၁၃–ရက် နေ့စွဲဖြင့် မေးလျှောက်တဲ့ စာလွှာ ဖြစ်ပါတယ်”

“ဦးဥတ္တမရဲ့ စာမှာ ပါတာက နဝကနိပါတ်တော်လာ ဟရိတစ ရသေ့ဟာ မင်းကြီး မရှိမိ မိဖုရားကြီးနှင့် အကြိမ်ကြိမ် မှားယွင်းပြီးဖြစ်ပါလျက် ကွယ်လွန်တဲ့ အခါမှာ ဗြဟ္မာ့ပြည်သို့ လားကြောင်း ဖော်ပြထားပါသတဲ့၊ ဟရိတစရသေ့ဟာ ကာမေသုမိစ္ဆာစာရကံ ထိုက်သူဖြစ်ပါလျက် ကာမေသုမိစ္ဆာစာရကံရဲ့ အပြစ်ကို မခံရဘဲ ဘာကြောင့် ဗြဟ္မာဖြစ်ရတယ်ဆိုတာ အဖြေပေးတော်မူပါလို့ လျှောက်ထား ပါတယ် ဘုရား”

“ဦးဥတ္တမရဲ့ အမေးကို မဖြေမီ ဟရိတစ ဇာတ်လမ်းကို အတိုချုပ် ပြောကြ ဦးစို့ရဲ့”

“မိန့်တော်မူပါဘုရား”

“ဟရိတစဆိုတာ ဗာရာဏသီ နိဂုံးက ကုဋေရှစ်ဆယ် ကြွယ်ဝတဲ့ သူဌေးပဲ၊ သူ့ရဲ့ရုပ်က ရွှေအဆင်းလို ဝါဝင်းလှပတဲ့အတွက် ဟရိတစဆိုတဲ့ အမည်ကို ရတာတဲ့၊ မိဘနှစ်ပါး ကွယ်လွန်တဲ့အခါ ရှိသမျှပစ္စည်းကို စွန့်ပြီး ဟိမဝန္တာမှာ ရသေ့ဝတ်တယ်၊ ၇–ရက်အတွင်း ဈာန်ရပုဂ္ဂိုလ် ဖြစ်သတဲ့၊ ချဉ်ဆားမှီဝဲဖို့အတွက် ဗာရာဏသီကို လာရာမှာ ဘုရင်က ကြည်ညိုလို့ ဥယျာဉ်အတွင်းမှာ ကျောင်းဆောက် ကိုးကွယ်ခဲ့တာ ၁၂–နှစ် ကြာသတဲ့၊ ၁၂–နှစ်ပတ်လုံး ကောင်းကင်က ဈာန်နှင့် မင်းအိမ်ကြွပြီး ဆွမ်းစားသတဲ့”

http://www.dhammadownload.com



"အခါတစ်ပါး တိုင်းစွန်ပြည်နား ထကြွ သောင်းကျန်းမှုရှိတဲ့အတွက် ဘုရင်ကိုယ်တော်တိုင် ထွက်ပြီး နှိမ်နင်းရတယ်၊ ရသေ့ကိုတော့ မိဖုရားကြီးက ဆွမ်း လုပ်ကျွေးရသတဲ့၊ တစ်ရက်မှာ မိဖုရားကြီးဟာ ဆွမ်း, ခဲဖွယ်, ဘောဇဉ် ပြင်ဆင်ပြီး ရသေ့အလာကို မျှော်ရင်း ညောင်စောင်းပေါ် ခဏ လှဲနေတယ်၊ ဒီအချိန် ကောင်းကင်က ရသေ့ ကြွလာပြီး လေသာပြတင်းဝ ရောက်လာတယ်၊ ရသေ့ရဲ့ လျှော်တေသံကြားလို့ မိဖုရားကြီးဟာ ရုတ်တရက် အထမှာ ကိုယ်ဝတ် လျှောကျသွားတယ်၊ ဈာန်နှင့်ကြွလာတဲ့ ရသေ့ဟာ ဝိသဘာဂ အာရုံကို မြင်လိုက် တာနှင့် ဈာန်လျှောပြီး မိဖုရားကြီးနှင့် မှားယွင်းကြသတဲ့၊ ဒီအကြောင်းကို ဘုရင် မင်းမြတ် သတင်းကြားလို့ မေးမြန်းကြည့်တော့ မိဖုရားကရော ရသေ့ကပါ မကွယ်ဘူး၊ ဟုတ်တယ်လို့ ဝန်ခံကြတယ်၊ မင်းကြီးက အရှင်ကဲ့သို့ ဈာန်ပျံနိုင်တဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက် ဖြစ်ပါလျက် ဘာကြောင့် ရာဂကို မဖျောက်နိုင်ပါသလဲ မေးတဲ့အခါ ရသေ့က–

"မင်းကြီး– ဤလောကမှာ ပညာရောင် မထွင်းဖောက်နိုင်တဲ့ အမိုက်တိုက်ကြီး လေးခုရှိတယ်၊ **ရာဂ အမိုက်တိုက်ဖြစ်လာလျှင် ပညာရောင် မထွင်းဖောက်နိုင်ဘူး၊ ဒေါသအမိုက်တိုက်ဖြစ်လာလျှင် ပညာရောင် မထွင်းဖောက်နိုင်ဘူး၊ မာနအမိုက်တိုက် ဖြစ်လာလျှင် ပညာရောင် မထွင်းဖောက်နိုင်ဘူး၊ မောဟအမိုက်တိုက် ဖြစ်လာလျှင် ပညာရောင် မထွင်းဖောက်နိုင်ဘူး၊** အဲဒီ အမိုက်တိုက်ကြီး လေးပါးတို့ဟာ အလွန် ကြီးတဲ့ အမိုက်တိုက်ကြီးများ ဖြစ်ကြတယ်၊ ဒီအမိုက်တိုက်ကြီး လေးပါးအနက် ရာဂအမိုက်တိုက် ဖုံးလွှမ်းလို့ ငါ့ရဲ့ ပညာအရောင် ကွယ်ပျောက်ရပါတယ်"လို့ ပြန်ပြောတယ်။

မင်းကြီးက "အရှင့်ကို တိုင်းပြည်က သီလရှိတဲ့ ပုဂ္ဂိုလ်ကြီး၊ ပညာရှိတဲ့ ပုဂ္ဂိုလ်ကြီးရယ်လို့ ချီးမွမ်းနေကြပါတယ်၊ အရှင်ကဲ့သို့သော သီလဝန္တ ပညာဝန္တ ပုဂ္ဂိုလ်တစ်ယောက်ဟာ ဒီလို မှောက်မှောက်မှားမှား ဖြစ်သွားရတာ လွန်စွာ အံ့ဩဖွယ် ကောင်းလှပါတယ်"လို့ ပြောတယ်။

"ဒီနေရာမှာ ဟရိတစ ရသေ့ကြီး ပြန်ပြောတဲ့ စကားဟာ အလွန်သတိရစရာ ကောင်းတယ်၊ ပစ္စည်းရှင်များ မပြုတ်နလုံးသွင်းဖို့ ကောင်းလွန်းလို့ ရှေးဆရာများ ရေးသားတဲ့ အနက်နှင့်တကွ ဒီနေရာမှာ ဖော်ပြလိုက်ပါဦးမယ်"

http://www.dhammadownload.com



**မေဓာဝိနမ္ပိ ဟိံသန္တိ၊**
**ဣသိဓမ္မေ ဂုဏေ ရတံ။**
**ဝိတက္ကာ ပါပကာ ရာဇ၊**
**သုဘာ ရာဂူပသဉ္ဟိတာ။**

**ရာဇ**– မင်းမြတ်၊ **ရာဂူပသဉ္ဟိတာ**– သာယာမကင်း တပ်မက်ခြင်း ရှိကုန်သော၊ **ပါပကာ**– အကောင်းမဟုတ် ဘဝပြုတ်အောင် ယုတ်မာခြင်း ရှိကုန်သော၊ **သုဘာ**– မျက်ခုံးကဘယ်သို့, မျက်လုံးက ဘယ်သို့, မခို့တရို့ ဘယ့်နှယ်, သောကြာကြယ် မျက်လုံး မျက်ခုံးက ဘယ်လိုကော့တယ်လို့ ကြော့တယ် ယဉ်တယ် အထင်ကြွယ်၍ တင့်တယ်၏ဟု မှတ်ထင်ကုန်သော၊ **ဝိတက္ကာ**–အတွေးယောက်ယက် စိတ်ဝိတက်တို့သည်၊ **ဣသိဓမ္မေ ဂုဏေရတံ**– ရဟန်းရသေ့ သူတော်လေ့ဖြင့် ပျော်မွေ့အာရုံ တရားထုံ၍ နေကုန်သော၊ **မေဓာဝိနမ္ပိ**– အသိအလိမ္မာ ပညာဉာဏ်ဖြင့် အင်မတန် စူးစိုက်နေသော ပညာရှင်ကြီးများကိုသော်လည်း၊ **ဟိံသန္တိ**– နင်းနယ်ချေမှုန်း ရှုံးကြီးရှုံး၍ ဗုန်းဗုန်းကြီးလဲအောင် ညှင်းဆဲ နှိပ်စက်နိုင်ကြပါပေကုန်သတည်း။

"ဟာရိတစရသေ့ဟာ မင်းကို ဒီလိုပြောပြီး ကာမရဲ့ အပြစ်ကို မြင်သွားတယ်၊ ဒါကြောင့် မင်းမြတ် ခဏခွင့်ပြုပါလို့ အခွင့်တောင်းပြီး ကျောင်းခန်းတွင်း ဝင်ကာ ကသိဏ်းကို ကြည့်သတဲ့၊ ထိုခဏမှာပင် ပျောက်ကွယ်တဲ့ဈာန် ပြန်ဖြစ်ပြီး အခန်းတွင်းကထွက်၊ ကောင်းကင်ပြင်မှာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေကာ မင်းကို တရားဟောတယ်၊ တရားဟောပြီးတော့ မင်းမြတ်– ငါဟာ မိန်းမနှင့် နီးစပ်တဲ့ ဒီအရပ်မှာ နေမိတဲ့အတွက် ကဲ့ရဲ့အပ်သော အဖြစ်သို့ ရောက်ခဲ့ရတယ်၊ ယခု မိန်းမနှင့် မနီးတဲ့ ဟိမဝန္တာကို သွားတော့မယ်၊ သင်မင်းကြီး မမေ့မလျော့ နေရစ်ခဲ့ပေတော့လို့ ပြောပြီး ဟိမဝန္တာမှာပင် တရားကျင့်ရင်း ကွယ်လွန်လို့ ဗြဟ္မာ့ပြည်ကို လားသတဲ့"

"ဒီ ဟာရိတစဇာတ်တော်မှာ ဟာရိတစရသေ့ဟာ သူတစ်ပါးမယားနှင့် မှားယွင်းတဲ့ ကာမေသုမိစ္ဆာစာရကံလည်း ထိုက်တယ်၊ ကွယ်လွန်တော့လည်း ဗြဟ္မာ ဖြစ်တယ်၊ ဗြဟ္မာဖြစ်တယ်ဆိုတော့ ကာမေသုမိစ္ဆာစာရကံရဲ့ အကျိုး ပျောက်နေတယ်၊ ကာမေသုမိစ္ဆာစာရကံရဲ့ အကျိုးက သေလျှင် အပါယ်ကျတတ်တယ်၊ ဖြစ်တိုင်းသော ဘဝမှာ ချစ်သူ နည်းပါး, မုန်းသူ များတတ်တယ်၊ ပစ္စည်း မချမ်းသာဘူး၊ စိတ်မချမ်းသာဘူး၊ ပဏ္ဍုက်ဖြစ်တတ်တယ်၊ မိန်းမဖြစ်တတ်တယ်၊ ချစ်သောသူနှင့် ကွေကွင်းရတတ်တယ်၊ ဒါက ကာမေသုမိစ္ဆာစာရကံ လွန်ကျူးသူ

http://www.dhammadownload.com



ခံစားရတဲ့ အကျိုးတရားပဲ၊ ယခု ဟာရိတစဇာတ်တော်မှာ ဟာရိတစရသေ့ဟာ ကာမေသုမိစ္ဆာစာရကံ လွန်ကျူးပါလျက်နှင့် ဒီအပြစ်တွေ မကျရောက်တဲ့အပြင် ကွယ်လွန်တော့ ဗြဟ္မာမင်း ဖြစ်တယ်တဲ့၊ ဒီလို ဘာကြောင့် ဖြစ်ရတာလဲလို့ ဦးဥတ္တမက လျှောက်ထားခြင်းဖြစ်တယ်၊ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"ဒီနေရာမှာ သတိပြုရမှာက အကျိုးပေးလှည့် အစဉ်ဆိုတဲ့ ကံလေးမျိုးပဲ၊ အကျိုးပေးလှည့်အစဉ် ဆိုတာကို သင်္ဂြိုဟ်ဘုံပိုင်းမှာ (ပါကဒါန ပရိယာယ)လို့ ဖော်ပြထားတယ်၊ နောက်ဘဝမှာ ကေန်အကျိုးပေးမည့် ကံလေးမျိုးအစဉ်လို့ ဆိုလိုတယ်၊ ကံလေးမျိုး အစဉ်က (၁) ဂရုကံ (၂) အာသန္နကံ (၃) အာစိဏ္ဏကံ (၄) ကဋတ္တာကံတို့ ဖြစ်ကြတယ်။

(၁) **ဂရုကံ**ဆိုတာ အလွန်ကြီးလေးတဲ့ အနန္တရိယကံမျိုး ဖြစ်တယ်၊

(၂) **အာသန္နကံ**ဆိုတာ သေခါနီး ပြုအပ် အောက်မေ့အပ်တဲ့ ကံမျိုးဖြစ်တယ်၊

(၃) **အာစိဏ္ဏကံ**ဆိုတာ နေ့စဉ်မပြတ် ပြုလုပ်အပ်တဲ့ ကံမျိုးဖြစ်တယ်၊

(၄) **ကဋတ္တာကံ**ဆိုတာ သာမန်ပြုအပ်တဲ့ ကံမျိုးဖြစ်တယ်၊

သတ္တဝါတစ်ဦးရဲ့ သန္တာန်မှာ ဂရုကံ ရှိနေလျှင် ဂရုကံက ဒုတိယဘဝ အကျိုးပေးတယ်၊ ဂရုကံမရှိဘဲ အာသန္နကံ ရှိနေလျှင် အာသန္နကံက ဒုတိယဘဝ အကျိုးပေးတယ်၊ ထိုကံများမရှိဘဲ အာစိဏ္ဏကံ ရှိနေလျှင် အာစိဏ္ဏကံက ဒုတိယဘဝ အကျိုးပေးတယ်၊ ထိုကံများ မရှိခဲ့လျှင် ကဋတ္တာကံက ဒုတိယဘဝ အကျိုးပေးတယ်၊ ဒီ ကံလေးမျိုးအနက် အကုသိုလ် ဂရုကံဟာ သုဂတိဘဝမျှကိုသာ တားဆီးတတ်တာ မဟုတ်ဘူး၊ ယခုဘဝ ရရှိမည့် ဈာန်တရား၊ မဂ်တရား၊ ဖိုလ်တရားများကိုလည်း တားဆီးတယ်၊ ဒါကြောင့် အကြင်ပုဂ္ဂိုလ်များမှာ အကုသိုလ် ဂရုကံရှိနေလျှင် ဘယ်လောက်ကြီးကျယ်တဲ့ ကုသိုလ်တရားတွေကိုပင် ပြုလုပ်စေကာမူ အပါယ်ကျမှာ သေချာတယ်၊ ယခုဘဝမှာလည်း ဘယ်လောက် သမထတရား အားထုတ်သော်လည်း ဈာန်ရဖို့ မရှိဘူး၊ ဝိပဿနာအလုပ် မည်မျှ ကြိုးကုတ်သော်လည်း မဂ် ဖိုလ်ရဖို့ မရှိဘူး။

သူ့အသက်သတ်မှု၊ သူ့ဥစ္စာခိုးမှု၊ သူ့မယားပြစ်မှားမှု စတဲ့ ဒုစရိုက်ဆယ်ပါး တရားဟာ ဂရုကံမဟုတ်ဘူး၊ လဟုကံမျှသာ ဖြစ်တယ်၊ လဟုကံဖြစ်လို့ ဂရုကံလို ဒုတိယဘဝမှာ ကေန် အကျိုးမပေးဘူး၊ ယခုဘဝမှာလည်း သူ့ထက်အားကောင်းတဲ့

http://www.dhammadownload.com



ကုသိုလ်ကံကို အားထုတ်လိုက်လျှင် လဟုကံဟာ ပျောက်သွားနိုင်တယ်၊ အင်္ဂုလိမာလဟာ လူသတ်သမားပဲ၊ တမ္ဗဒါဌိက ဟာလည်း လူသတ်သမားပဲ၊ သို့သော်လည်း လူသတ်မှု ရှိးရိုးဟာ ဂရုကံမဟုတ်၊ လဟုကံမျှသာဖြစ်လို့ အရိယာအဖြစ် ရောက်သွားတဲ့အခါ လူသတ်ထားတဲ့ကံတွေ ပျောက်ကွယ်သွားရတယ်။

ယခု ဟာရိတစ လွန်ကျူးတဲ့ ကာမေသုမိစ္ဆာစာရကံဟာလည်း ဂရုကံမဟုတ်ဘူး၊ လဟုကံမျှသာ ဖြစ်တယ်၊ လဟုကံမျှသာဖြစ်လို့ ကုသိုလ်ဂရုကံဖြစ်တဲ့ ဈာန်တရား ပေါ်လာတော့ ကာမေသုမိစ္ဆာစာရ လဟုကံဟာ ပျောက်သွားပြီး ဂရုကံရဲ့အကျိုး ဖြဟ္မာဖြစ်သွားတယ်လို့ ဖြေဆိုလိုက်ပါတယ်ကွယ်"

"သာဓု-သာဓု-သာဓု"

❋ ❋ ❋



http://www.dhammadownload.com



# ယပ်နှင့် ပန်းစေတီ

"၁၂-၁၀-၈၇၊ နေ့စွဲဖြင့် ရောက်လာတဲ့ စာက ကဝမြို့၊ အုန်းနဲ့စာတိုက်၊ ဒက္ခိဏာရုံကျောင်း၊ ဦးနန္ဒမေဓာထံမှ မေးမြန်းလျှောက်ထားတဲ့စာ ဖြစ်ပါတယ်ဘုရား၊ ဦးနန္ဒမေဓာက-

(၁) ဘုန်းတော်ကြီးများ ကိုင်ဆောင်သော ယပ်သည် မည်သည့်အချိန်က ဖြစ်ပေါ်ကြောင်းနှင့်

(၂) သက်ရှယ်ကြီးမားသော ပုဂ္ဂိုလ်များ ကျန်းမာရေး ချို့ယွင်းသည့်အခါ ပန်း ၈၄၀၀၀-ပူဇော်သည်ဟု ပန်းစေတီ ပြုလုပ် ပူဇော်သည်ကို မြင်တွေ့ရဖူးသဖြင့် ထို ပန်းစေတီအကြောင်းကိုလည်း သိလိုပါကြောင်း-

လျှောက်ထားမေးမြန်းခြင်း ဖြစ်ပါတယ်ဘုရား"

## ယပ်

"ဦးနန္ဒမေဓာရဲ့ အမေးနှစ်ခုအနက် ယပ်အကြောင်းကို ဦးစွာ ဖြေကြစို့ရဲ့၊ လူဆိုတာ အသိဉာဏ်ရှိတဲ့ သတ္တဝါမျိုးမို့ ချမ်းလျှင် နေပူ မီးလှုံလို့ ပျောက်တယ်၊ အိုက်လျှင် ယပ်လေခတ်လို့ ပျောက်တယ်ဆိုတာကို ကမ္ဘာဦးကပင် သိခဲ့ကြလို့ လေခတ်ယပ်, ခြင်မောင်းယပ်များကို ကမ္ဘာဦးကပင် လူတို့ စတင်သုံးစွဲခဲ့ကြတယ်၊ သာသနာတော်အတွင်း ယပ်ခွင့်ပြုတာကတော့ ဝိသာခါ ဒါယိကာမကြီးရဲ့ လျှောက်ထားချက်အရ ခွင့်ပြုတော်မူခြင်း ဖြစ်တယ်၊ ဒီအကြောင်းကို ဝိနည်း စူဠဝဂ် ပါဠိတော် ခုဒ္ဒကဝတ္ထုက္ခန္ဓကမှာ ဆိုထားတာက- မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် မိဂါရသူဌေး၏ အမိသဖွယ်ဖြစ်သော ဝိသာခါသည် လေးထောင့်ယပ်တောင်ကိုလည်းကောင်း၊ ထန်းရွက်ယပ်ကိုလည်း

http://www.dhammadownload.com



ကောင်း ယူဆောင်၍ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီးလျှင် ရှိခိုးလျက် တစ်ခုသောနေရာ၌ ထိုင်နေကာ မြတ်စွာဘုရားအား "အရှင်ဘုရား၊ မြတ်စွာဘုရားသည် အကျွန်ုပ်၏ လေးထောင့်ယပ်ကိုလည်းကောင်း၊ ထန်းရွက်ယပ်ကိုလည်းကောင်း ခံယူတော်မူပါ၊ ယင်းသို့ ခံယူခြင်းသည် အကျွန်ုပ်အား ရှည်မြင့်စွာသော ကာလပတ်လုံး စီးပွားခြင်းငှာ ချမ်းသာခြင်းငှာ ဖြစ်ရာပါ၏"ဟု လျှောက်၏၊ မြတ်စွာဘုရားသည် လေးထောင့်ယပ်ကိုလည်းကောင်း၊ ထန်းရွက်ယပ်ကိုလည်းကောင်း ခံယူတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောကြားတော်မူ၍ ရဟန်းတို့ကို လေးထောင့်ယပ်ကို လည်းကောင်း၊ ထန်းရွက်ယပ်ကိုလည်းကောင်း ခွင့်ပြုတော်မူ၏၊ သံဃာအား ခြင်နှင်ယပ်သည် ဖြစ်ပေါ်၏၊ မြတ်စွာဘုရားအား လျှောက်ကြားကြသောအခါ ခြင်နှင်ယပ်ကို ခွင့်ပြုတော်မူ၏၊ စာမရီသားမြီးယပ် ဖြစ်ပေါ်လာပြန်သောအခါ စာမရီသားမြီးယပ်ကို မဆောင်အပ်၊ ဆောင်သောရဟန်းအား ဒုက္ကဋ်သင့်၏ဟု ပညတ်တော်မူ၏၊ လျှော်ဖြင့်ပြီးသောယပ်, ပန်းရင်းမြက်ဖြင့် ပြီးသောယပ်, ဥဒေါင်းမြီးဖြင့် ပြီးသောယပ်ဟူ၍ ယပ်သုံးမျိုးကို ခွင့်ပြုတော်မူ၏–တဲ့၊ ယခုပြောတာက သာသနာတော်အတွင်း ယပ် စတင်သုံးစွဲခြင်းနှင့် ပတ်သက်တဲ့ ပါဠိတော်လာ စကားရပ်ပဲ။

သာသနာတော်မှာ ယပ်ကို အသုံးပြုတာက ပူအိုက်တဲ့အခါနှင့် ခြင်လာတဲ့အခါမျိုးမှာဖြစ်တယ်၊ ဤမျှမက ဓမ္မကထိက ပုဂ္ဂိုလ်များ တရားဟောတဲ့အခါ လက်ဆော့ခြင်း မျက်နှာဖောက်ပြန်ခြင်း မရှိအောင်လည်း ယပ်ကို ကိုင်ဆောင်ခြင်း အလေ့အထရှိတယ်၊ ဒါကြောင့် စောင့်စည်းခြင်း ရှိတော်မူကြတဲ့ ဘုရားရှင်များ, ဘုရားရှင်၏ တပည့်များလည်း ယပ်ကို ကိုင်ဆောင်ခြင်းအလေ့ရှိကြောင်း (ဝိမတိဝိနောဒနီ ဗာဟိရနိဒါန၊ ပထမ မဟာသံဂီတိကထာ ဝဏ္ဏနာ)မှာ ဖွင့်ပြထားတယ်၊ ပထမ သင်္ဂါယနာတင်စဉ်ကာလကလည်း ဝိနယပိဋကကို ဖြေဆိုတော်မူတဲ့ အရှင်ဥပါလိဟာ အရှင်မဟာကဿပရဲ့ အမေးကို ဖြေဆိုခါနီးတော့ ဆင်စွယ်တို့ဖြင့် စီအပ်သော လေးထောင့်ယပ်ကို ကိုင်ပြီး ဓမ္မာသနပလ္လင်မှာ ထိုင်တယ်လို့ (ပါရာဇိကဏ်၊ ၄၊ ပ၊ ၁၁) မှာ ဖွင့်ပြထားတယ်။

ရဟန်းတော်များအတွက် ယပ်လှူရသော အကျိုးဟာ အလွန် ကျေးဇူးများတယ်၊ ယပ်ရှိခြင်းကြောင့် အပူကို ဟန့်တားနိုင်တယ်၊ မှက်, ခြင် ရန်ကို ဟန့်တားနိုင်တယ်၊ ယပ်ကို ကိုင်ထားရခြင်းကြောင့် ငြိမ်သက်သော ဣန္ဒြေရှိတယ်၊ ဒါကြောင့်

http://www.dhammadownload.com



ယပ်ဟာ အလွန် ကျေးဇူးများတယ်၊ ကျေးဇူးများတဲ့ ယပ်ကို လှူဒါန်းရတဲ့ ယပ်အလှူရှင်ဟာလည်း အကျိုး ၈–ပါး ရနိုင်တယ်လို့ (ထေရာပဒါန ပါဠိ၊ ပ၊ ၃၆၈)မှာ အရှင်ပိလိန္ဒဝစ္ဆ မထေရ်က ဟောထားတယ်။

ယပ်လှူတဲ့ အကျိုးရှစ်ပါးက–

(၁) အအေးအပူကို မသိရဘူး၊

(၂) ကိုယ် မပူဘူး၊

(၃) စိတ် မပူဘူး၊

(၄) ရာဂအပူ၊

(၅) ဒေါသအပူ၊

(၆) မောဟအပူ၊

(၇) မာနအပူ၊

(၈) ဒိဋ္ဌိအပူ–

အပူမှန်သမျှ ငြိမ်းအေးတယ်၊ ဒီအကျိုး ၈–ပါးက အရှင်ပိလိန္ဒဝစ္ဆမထေရ်မြတ်ရဲ့ ကိုယ်တွေ့အကျိုးတရားများ ဖြစ်တယ်၊ ယခုပြောခဲ့တာက ဦးနန္ဒမေဓာရဲ့ ပထမ မေးခွန်းကို ဖြေဆိုတဲ့အဖြေ အမှတ် (၁)လို့ မှတ်တော့တာပေါ့ကွယ်”

“မှန်ပါ ဝမ်းသာလှပါပြီ ဘုရား”

## ပန်းစေတီ

“ဦးနန္ဒမေဓာရဲ့ ပထမမေးခွန်းကို ဖြေဆိုပြီးတော့ ဒုတိယမေးခွန်းကို ဆက်လက် ဖြေဆိုကြပါစို့ရဲ့”

“မှန်ပါ–ဖြေတော်မူပါ ဘုရား”

“ဒုတိယမေးခွန်းက သက်ရွယ်ကြီးမားသော ပုဂ္ဂိုလ်များ ကျန်းမာရေး ချို့ယွင်းတဲ့အခါ ပန်းပေါင်း ၈၄၀၀၀–ပူဇော်တယ်ရယ်လို့ ပန်းစေတီ ပြုလုပ်ပူဇော်တာ မြင်တွေ့ခဲ့ရဖူးပါတယ်တဲ့၊ အဲဒီ ပန်းစေတီအကြောင်း သိချင်ပါတယ်တဲ့၊ ဟုတ်လား”

“ဟုတ်မှန်ကြောင်းပါ ဘုရား”

“ဒီစကားရပ်က ထေရာအပါဒါန် ပုပ္ဖထူပိယတ္ထေရဝတ္ထုက လာတယ်လို့ ယူဆမိတယ်ကွယ့်”

“မှန်ပါ အမိန့်ရှိပါဦး ဘုရား”

http://www.dhammadownload.com



"ပုပ္ဖတ္ထုပိယထေရ်ရဲ့ အလောင်းဟာ ဝိပဿီဘုရားရှင် ထင်ရှားဖြစ်ပွင့်ခါနီး ကာလမှာ ဗေဒင်သုံးပုံတို့၌ တစ်ဖက်ကမ်းခပ် တတ်မြောက်ကျွမ်းကျင်တဲ့ ပုဏ္ဏား ဖြစ်ခဲ့ဖူးတယ်၊ ပုဏ္ဏားဟာ တပည့်ပေါင်း ငါးထောင်တို့ကို နေ့စဉ် ဗေဒင်ပို့ချနေရာက ဗေဒင်ပညာမှာ ဘာမျှ အနှစ်သာရရှိတာကို မမြင်တဲ့အတွက် စည်းစိမ်ဥစ္စာကို စွန့်ပြီး ရသေ့ဝတ်သတဲ့၊ ရသေ့ဝတ်ပြီး သူ့အတုလိုက် ရသေ့ဝတ်ကြတဲ့ တပည့် ပေါင်း ငါးထောင်တို့နှင့် အတူတကွ ဟိမဝန္တာကိုဝင်ကာ ကုက္ကုရအမည်ရှိတဲ့ တောင်ရဲ့ အနီးမှာ သစ်ရွက်မိုး ကုဋီကလေးများ ဆောက်လုပ်ပြီး တရားအားထုတ် နေကြတဲ့အတွက် အားလုံးသော တပည့်များနှင့်တကွ အဘိညာဉ်ငါးပါး၊ သမာပတ် ရှစ်ပါးတို့ကို ရကြသတဲ့၊ တစ်နေ့တော့ တပည့်ရသေ့ တစ်ဦးဟာ ချဉ်ဆားမှိုဝဲလိုတဲ့ အတွက် လူတို့ နေရပ်ကို ခေတ္တ ပြန်သွားတယ်၊ နေရပ်ရောက်တော့ ဝိပဿီ ဘုရားရှင်ကို ဖူးတွေ့ရတယ်၊ ဘုရားစစ် ဘုရားမှန် ဟုတ်,မဟုတ်ကို ၃၂-ပါးသော လက္ခဏာကျမ်းနှင့် တိုက်ဆိုင်ကြည့်လိုက်တော့ ဘုရားစစ် ဘုရားမှန်ဟုတ်ကြောင်း သိလို့ ကုက္ကုရတောင်ယံ ပြန်လာပြီး ဆရာဖြစ်သူကို ပြောကြားတယ်။

လူ့လောကမှာ ဘုရားပွင့်ပြီဆိုတာ ကြားတော့ လောကမှာ ဘုရားရှင်ကို ဖူးမြင်ခွင့် ကြုံဖို့ဆိုတာ အလွန် ခက်တယ်၊ အလွန်ခက်တဲ့ သက်တော်ထင်ရှား ဘုရားရှင်ကို ဖူးမြော်ဖို့ အခွင့်ဟာ ယခု ကြုံခဲ့ပြီ၊ ဘုရားဖူးရန် သွားကြစို့လို့ တပည့် အခြံအရံနှင့် ဘုရားဖူးထွက်လာခဲ့တယ်၊ လမ်းခရီး တစ်ဝက်ရောက်တော့ ရသေ့ကြီးမှာ အဖျားရောဂါ ဝင်ရောက်လာတယ်၊ ဒါကြောင့် သစ်ရွက်မိုး တဲကျောင်းကလေး ပြုလုပ်ပြီး ကျောင်းခန်းအတွင်း အပန်းဖြေတယ်၊ အပန်းဖြေရင်း ငါဟာ အသက် ကြီးပြီ၊ ရောဂါကလည်း ပြင်းထန်တယ်၊ ဒီတောင်က ကျော်တက်နိုင်မယ် မထင်ဘူး၊ သက်တော်ထင်ရှား ဘုရားရှင်ကို ဖူးခွင့်မရတဲ့အတွက် ပန်းစေတီ ပြုလုပ် ဖူးမြော်မှ တော်မှာပဲလို့ တပည့်ရသေ့များကို ဟိမဝန္တာအတွင်းမှ စကား စသောပန်းများ ရသလောက် အကောက်ခိုင်းတယ်၊ ပန်းတွေရတော့ ပန်းတွေကို ဆင့်ကာဆင့်ကာ စီပြီး ပန်းစေတီ တည်သတဲ့၊ အဲဒီ ပန်းစေတီကို သက်တော်ထင်ရှား ဘုရားသခင် ကဲ့သို့ ပူဇော်ပြီး ကွယ်လွန်သွားတဲ့အခါ မယုတ်သောဈာန်ရှိတဲ့အတွက် ဗြဟ္မာ့ပြည် မှာ ဖြစ်သတဲ့၊ တပည့်ရသေ့များဟာ ရသေ့ကြီးရဲ့ အလောင်းကို သဂြိုဟ်ပြီး ဝိပဿီဘုရားရှင်ထံ ဒီအကြောင်းကို လျှောက်ထားကြတယ်၊ ဝိပဿီဘုရားရှင်က ဗုဒ္ဓစက္ခုဖြင့် ကြည့်တော်မူပြီး ပန်းစေတီပူဇော်ရတဲ့ ကောင်းမှုကြောင့် ရသေ့ကြီးဟာ ဂေါတမဘုရားရှင်လက်ထက် ကျွတ်တမ်းဝင်လိမ့်မယ်လို့ ဗျာဒိတ်ကြားတော်မူတယ်၊

http://www.dhammadownload.com



ဝိပဿိဘုရားရှင် ဗျာဒိတ်ကြားတော်မူတဲ့အတိုင်း ရသေ့ကြီးဟာ ဂေါတမဘုရားရှင် ပွင့်တော်မူတဲ့အခါ သာဝတ္ထိပြည် အမျိုးကောင်း အိမ်မှာဖြစ်ပြီး သိ,ကြား,လိမ္မာတဲ့ အရွယ်မှာ ရှေးက ဝါသနာအစွမ်းဖြင့် ဘုရားရှင်၌ ကြည်ညိုပြီး သက်န်းဝတ်ခဲ့ရာက မကြာမီ ရဟန္တာဖြစ်သတဲ့ကွယ်။

ဒီအကြောင်းကို ပုပ္ဖထူပိယတ္ထေရ အပါဒါန်မှာ ကောင်းသောစကားကို ဆိုတော် မူတတ်သော မြတ်စွာဘုရား၏ ပန်းပုထိုးတော်ကို ပူဇော်ရသော ကောင်းမှုကြောင့် ငါသည် ကမ္ဘာတစ်သိန်းပတ်လုံး အပါယ်လေးပါးသို့ မလား ရောက်ခဲ့ပေ၊ ကမ္ဘာလေးသောင်းထက်၌ များသောဗိုလ်ပါ အင်အားရှိသော အဂ္ဂိသမ အမည်ဖြင့် ထင်ရှားသော စကြဝတေးမင်း တစ်ဆယ့်ခြောက်ကြိမ် ဖြစ်ဖူး၏၊ ကမ္ဘာ နှစ်သောင်းထက်၌ မြေအရှင်ဖြစ်သော ဃတာသနအမည်ဖြင့် စကြဝတေးမင်း သုံးဆယ့်ရှစ်ကြိမ် ဖြစ်ဖူး၏၊ လေးပါးသော ပဋိသမ္ဘိဒါတို့ကိုလည်းကောင်း၊ ရှစ်ပါး သော ဝိမောက္ခတို့ကိုလည်းကောင်း၊ ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း မျက်မှောက်ပြုအပ်ပြီ၊ ဘုရားရှင်၏ အဆုံးအမကို လိုက်နာကျင့်သုံးပြီးပြီလို့ မထေရ် မြတ် ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့တယ်၊ ဒါကြောင့် ပန်းစေတီ ပူဇော်တယ် ဆိုတာ ပုပ္ဖထူပိယတ္ထေရာပဒါန်က စတင်ခဲ့တယ်လို့ ဖြေကြားလိုက်ပါတယ်ကွယ်"

"မှန်ပါ– ဒီအဖြေမှာ ပန်းပေါင်းရှစ်သောင်း လေးထောင်ဆိုတာ မပါသေး ပါဘူး၊ ပန်းပေါင်း ရှစ်သောင်းလေးထောင်ရဲ့ အဓိပ္ပာယ်ကိုလည်း အမိန့်ရှိပါဦး ဘုရား"

"ပန်းပေါင်းရှစ်သောင်း လေးထောင်ဆိုတာ ပန်းပွင့်အစစ်ကို ရည်ရွယ်ဟန် မတူဘူး၊ ဓာတ်တော်ပေါင်း ရှစ်သောင်းလေးထောင်ကို ရည်ရွယ်ဟန် တူပါတယ်၊ ပန်းစေတီ တည်စဉ်ကာလက စေတီအတွင်းမှာ ဓာတု, ဥဒ္ဒိဿ, ပရိဘောဂစေတီ သုံးပါး မပါဝင်သေးဘူး၊ ဒါကြောင့် သီရိဓမ္မာသောကမင်းကြီး ဓာတ်တော်ပေါင်း ရှစ်သောင်းလေးထောင်တို့ဖြင့် စေတီတော်ပေါင်း ရှစ်သောင်းလေးထောင် တည်တာ ကို အာရုံပြုပြီး ပန်းပွင့်ကို ဓာတ်တော်အဖြစ် ဓာတုစေတီတော် ဖြစ်အောင် ပန်းပွင့် ရှစ်သောင်းလေးထောင်တို့ဖြင့် ပူဇော်တယ်လို့ သုံးနှုန်းဟန်တူတယ်၊ ဒီအဖြေကတော့ အတ္တနောမတိ အဖြေပဲ၊ ပန်းပွင့် ရှစ်သောင်းလေးထောင် ပူဇော်သူရဲ့ စိတ်ထားနှင့် တော့ တူချင်မှ တူမှာပေါ့ကွယ်"

"မှန်ပါ ဝမ်းသာလှပါပြီ ဘုရား"

"သာဓု–သာဓု–သာဓု"

http://www.dhammadownload.com



# မြန်မာနိုင်ငံသို့ ဘုရားရှင် ကြွ , မကြွနှင့် သီရိဓမ္မာသောကမင်းကြီးအကြောင်း

"ဟောဒီစာက ရှမ်းပြည်တောင်ပိုင်း၊ မိုင်းကိုင်မြို့က မေးလျှောက်တဲ့ စာလွှာ ဖြစ်ပါတယ်၊ တပည့်တော် ဖတ်လျှောက်ပါရစေဘုရား"

၁။ တပည့်တော် လျှောက်ထားပါသည်။

(က) မြတ်စွာဘုရား မြန်မာနိုင်ငံသို့ ကြွရောက်ခြင်း ရှိ,မရှိ၊

(ခ) ကြွရောက်လျှင် အကြိမ်ပေါင်း မည်မျှကြွရောက်သည်ကို သိလိုပါသည်၊

၂။ သီရိဓမ္မာသောကမင်းကြီး စပါးကြီးမြွေဖြစ်၍ သားတော် ရှင်မဟာမဟိန္ဒ ကြွရောက်၍ ချွတ်ရကြောင်း ကြားဖူးပါသည်၊ ထိုစကား ဟုတ်,မဟုတ်၊ သီရိဓမ္မာသောကမင်းကြီး အကျွတ်တရား ရ,မရ သိလိုပါသည်ဘုရား။

ဦးအောင်၊ အမှတ် (၄) ရပ်ကွက်၊
မိုင်းကိုင်မြို့၊ ရှမ်းပြည်တောင်ပိုင်း

## မြန်မာနိုင်ငံသို့ ဘုရားရှင် ကြွ မကြွ

"ဦးအောင်ရဲ့ အမေးက နှစ်ခုကိုးကွယ့်"

"မှန်ပါ အမေးနှစ်ခု ဖြစ်ပါတယ်ဘုရား"

"ပါဠိတော်, အဋ္ဌကထာ, ဋီကာများမှာတော့ မြန်မာနိုင်ငံသို့ ဘုရားရှင် ကြွတော်မူကြောင်း ဖွင့်ပြထားတာ မတွေ့ဖူးဘူး၊ သို့သော်လည်း သာသနာလင်္ကာရစတဲ့ မြန်မာစာတမ်းတွေမှာတော့ မြန်မာနိုင်ငံသို့ ဘုရားရှင် အကြိမ်ကြိမ် ကြွရောက်တော်မူကြောင်း ဖော်ပြထားတယ်ကွယ့်"

http://www.dhammadownload.com



"မှန်ပါ–အမိန့်ရှိပါဦး ဘုရား"

"အရှင်မဟာပုဏ္ဏမထေရ် ပင့်ဖိတ်လို့ ဘုရားရှင် သုနာပရန္တတိုင်း ဝါဏိဇရွာသို့ ကြွတော်မူကြောင်း၊ ဝါဏိဇရွာက နမ္မဒါမြစ်ကမ်းသို့ ကြွပြီး နမ္မဒါနဂါး တောင်းပန်လို့ ခြေအာက်စက်တော်ရာကို ချကြောင်း၊ အဲဒီက သစ္စဗန္ဓတောင်ကို ကြွသွားပြီး သစ္စဗန္ဓရဟန်းတော် တောင်းပန်တဲ့အတွက် ခြေအာက်စက်တော်ရာကို ချကြောင်း ဥပရိပဏ္ဏာသ ပါဠိတော်နှင့် အဋ္ဌကထာမှာ ပြထားတယ်၊ ဥပရိပဏ္ဏာသက ဆိုတဲ့ သုနာပရန္တတိုင်းဆိုတာဟာ ယခု လယ်ကိုင်းအရပ် ဖြစ်တယ်လို့ မြန်မာ စာတမ်းများမှာ ဆိုတယ်။

ကျိုက်ထီးရိုးသမိုင်းမှာ ရာမညတိုင်း သထုံပြည် သီဟရာဇာမင်း လက်ထက် ဘုရားရှင် ကြွလာဖူးကြောင်း ပြဆိုထားတယ်၊ တကောင်းမြို့သမိုင်း၊ ပုဂံမြို့သမိုင်း များမှာလည်း ဘုရားရှင်ကိုယ်တော်တိုင် ကြွလာပြီး ဗျာဒိတ်ပေးကြောင်း၊ ဘုရားရှင် တန့်ရပ် ကြည့်ရှုတော်မူရာ တောင်ကို ယနေ့အထိ တန့်ကြည့်တောင်လို့ ခေါ်ဝေါ်ကြ ကြောင်း ပြဆိုထားတယ်၊ မန္တလေးသမိုင်းမှာလည်း ဘုရားရှင်ကြွလာပြီး မန္တလေးမြို့ ကို ဗျာဒိတ်ပေးကြောင်း၊ စန္ဒမုခီဘီလူးမက သားမြတ်ကို ဖြတ်လှူကြောင်း ပြဆို ထားတယ်၊ ဒါကြောင့် မြန်မာစာတမ်းများအရ မြန်မာနိုင်ငံတော်သို့ ဘုရားရှင် အကြိမ်ကြိမ် ကြွတော်မူလာတယ်လို့ မှတ်သင့်တာပေါ့ကွယ်"

## သီရိဓမ္မာသောကမင်းကြီး

"မှန်ပါ– ပထမပြဿနာကတော့ ပြေလောက်ပါပြီ၊ ဒုတိယပြဿနာကိုလည်း အဖြေပေးတော်မူပါဦး ဘုရား"

"ဒုတိယပြဿနာက သီရိဓမ္မာသောကမင်းကြီး စပါးကြီးမြွေ ဖြစ်၊မဖြစ်၊ အကျွတ်တရား ရ၊မရပေါ့၊ ဟုတ်လား"

"ဟုတ်မှန်ကြောင်းပါ ဘုရား"

"သီရိဓမ္မာသောကမင်းကြီး အကြောင်းကို လေ့လာမယ်ဆိုလျှင် အပိုင်းနှစ်ပိုင်း ခွဲပြီး လေ့လာရမယ်၊ အပိုင်းနှစ်ပိုင်းဆိုတာ ငယ်စဉ်အရွယ်က အပိုင်းနှင့် အသက် အရွယ် ကြီးလာတဲ့အပိုင်းပေါ့၊ သီရိဓမ္မာသောကမင်းကြီးရဲ့ အမည်ရင်းက(အသောက) တဲ့၊ အသောကဟာ ပါဋလိပုတ် ပြည့်ရှင် ဗိန္ဒုသာရမင်းကြီးရဲ့ သားတော်တစ်ပါး ဖြစ်တယ်၊ ဗိန္ဒုသာရမင်းကြီးမှာ မိဖုရား အမြောက်အမြား သားသမီးအမြောက်အမြား ရှိရာက အသောကမင်းသားဟာ ဓမ္မာမိဖုရားရဲ့ သားတော်ဖြစ်တယ်၊ အသောကာ

http://www.dhammadownload.com



ဒေါနဆိုတဲ့ သက္ကတကျမ်း စာအုပ်မှာတော့ အသောကမင်းရဲ့ မယ်တော်ဟာ ဥဒိန္န ပုဏ္ဏားမျိုး (သုဘဒ္ဒရံဂိဒေဝီ) အမည်ရှိတယ်လို့ ဖော်ပြထားတယ်၊ အသောကမင်းမှာ မိတူဖတူ ညီအစ်ကို နှစ်ယောက်တည်း ရှိတယ်၊ သူ့ညီနာမည်က တိဿလို့ခေါ် သတဲ့ကွယ်၊ အသောကမင်းသား ငယ်ရွယ်စဉ်က ဥဇ္ဇေနီမြို့ကို အပိုင်စားရတယ်၊ ဥဇ္ဇေနီမြို့စား ဘဝနှင့်နေရင်း ဝေဒိဿကမြို့က သာကီဝင်မင်းမျိုး သူဌေးသမီး ဝိဟာရဒေဝီကို ကောက်ယူခဲ့တယ်၊ ဝိဟာရဒေဝီက သားတော်မဟိန္ဒနှင့် သမီးတော် သင်္ဃမိတ္တာတို့ကို ဖွားတယ်။

ဗိန္ဒုသာရ မင်းကြီးမှာ သားတော်ပေါင်း (၁၀၁)ပါးရှိရာမှ အကြီးဆုံး သားတော်က သုမနမင်းသားဖြစ်တယ်၊ အခါတစ်ပါး တက္ကသိုလ်နယ်မြေ ပတ်ဝန်း ကျင်မှာ သူပုန်သူကန်များ ထကြွတဲ့အတွက် သားတော်ကြီး သုမနကို သူပုန်ရန် နှိမ်နင်းဖို့ လွှတ်လိုက်တယ်၊ ထိုအခိုက် ဗိန္ဒုသာရမင်းကြီး မကျန်းမမာ ဖြစ်တော် မူလာတယ်၊ ဒီအကြောင်း အသောကမင်းသား သိလို့ မိမိအခြံအရံဖြင့် နေပြည်တော်ကို ချီတက်လာပြီး ခမည်းတော်ကို ပြုစုတယ်၊ ပြုစုနေရင်း ခမည်းတော် နတ်ရွာစံတော်မူတဲ့ အတွက် မှူးမတ်အများ သဘောတူညီချက်နှင့် ပါဋလိပုတ် ထီးနန်းကို သိမ်းမြန်း စိုးစံတော်မူတယ်၊ ဒီအကြောင်း အခြားသားတော်များ သိတဲ့အခါ သမုဒ္ဒရာ လှိုင်းတက်သလို ကြီးစွာသော စစ်တပ်များဖြင့် ချီတက် လုပ်ကြံကြသော်လည်း အသောကမင်းရဲ့ ဘုန်းကံကို မမီဘဲ အားလုံး ကျဆုံးကြရသတဲ့။

အသောကမင်းဟာ ဘိသိက်တော်ခံယူပြီးတဲ့နောက် အလွန် ဘုန်းတန်ခိုး တိုးတက်လာတဲ့အတွက် ကောင်းကင်တစ်ယူဇနာ, မြေအောက်တစ်ယူဇနာတိုင် အောင် အာဏာတော် ပေါက်ရောက်သတဲ့၊ အသောကမင်းကြီးဟာ တန်ခိုးအာဏာ ကြီးမားသလောက် အလွန်လည်း ရက်စက်တော်မူသတဲ့၊ ကလိင်္ဂတိုင်းကို တိုက်ခိုက် သိမ်းယူစဉ်က လူပေါင်း တစ်သိန်းခွဲလောက် သတ်ဖြတ်ခြင်း ခံကြရတယ်၊ လူ တစ်သိန်းခွဲလောက်လည်း တိုင်းပြည်က ထွက်ပြေးကြရတယ်၊ သူ့ကို မနှစ်သက်တဲ့ အမတ်ငါးရာတို့ကိုလည်း ကိုယ်တော်တိုင် သတ်တော်မူသတဲ့၊ သူ့ကို ပြောင်လှောင်ဖ တယ် ထင်တဲ့ မင်းမောင်းမ ငါးရာတို့ကိုလည်း ထို့အတူ သတ်တော်မူသတဲ့၊ ဒီလို ကြမ်းတမ်းလွန်းလို့ အသောကဆိုတဲ့ သူ့အမည်ရဲ့ထိပ်က ကြမ်းတမ်းခြင်း အနက် ဟော စဏ္ဍသဒ္ဒါနှင့် တွဲပြီး (စဏ္ဍာသောက)လို့ ခေါ်ကြသတဲ့၊ ဒီလောက် ရက်စက် ကြမ်းကြုတ်တဲ့ မင်းကြီးဟာ နောင်အခါ တူတော် နိဂြောဓသာမဏေ ဟောပြောတဲ့ အပ္ပမာဒတရားဖြင့် သဒ္ဓါတရား ရလာခဲ့ပြီး ကုသိုလ်ဘက်ကို စိတ်ဓာတ် ယိမ်းယိုင် လာခဲ့သတဲ့”

http://www.dhammadownload.com



## သီရိဓမ္မာသောက အမည်ရခြင်း

"အလွန်ကြမ်းတမ်းလို့ စဏ္ဍာသောက ခေါ်ရာက တရားရှင် သီရိဓမ္မာသောက ဖြစ်လာပုံကို ဆက်ပြောရသေးတာပေါ့"

"မိန့်တော်မူပါ ဘုရား"

"အသောကမင်းကြီး နန်းတက်တော်မူစက ဆန့်ကျင်ဘက် ရန်သူများကို ညှဉ်းပန်းနှိပ်စက်ဖို့ အလွန်ကြောက်စရာကောင်းတဲ့ ထောင်ကြီးတစ်ခု တည်ဆောက်ထားသတဲ့၊ ထောင်မှူးကြီးရဲ့ နာမည်က ဂီရိတဲ့၊ အလွန် ကြမ်းကြုတ်ရက်စက်လွန်းလို့ (စဏ္ဍာဂီရိ)လို့ ခေါ်ကြသတဲ့၊ တစ်ရက်တော့ သမုဒ္ဒဂုတ္တအမည်ရှိတဲ့ ရဟန်းတော်တစ်ပါး ထောင်အတွင်း ရောက်လာသတဲ့၊ ဘာကိစ္စ ရောက်လာတယ်လို့တော့ ဖော်ပြခြင်း မရှိဘူး၊ စဏ္ဍာဂီရိ ထောင်မှူးကြီးဟာ ရဟန်းတော်ကို မြင်တော့ ဖမ်းယူပြီး သတ်မည်လုပ်တယ်၊ ရဟန်းတော်က ဒါယကာ ငါ့ကို ယခု မသတ်ပါနှင့်၊ ခုနစ်ရက် နေခွင့်ပြုပါဦးလို့ တောင်းပန်သတဲ့၊ ထောင်မှူးက ရဟန်းတော်ရဲ့ စကားအတိုင်း ထောင်တွင်းမှာ (၇)ရက် ချုပ်ထားတယ်၊ (၇)ရက်လွန်တော့ အလွန်ကြီးမားတဲ့ ကြေးအိုးကြီးအတွင်း ရေထည့်ပြီး မီးထိုးလိုက်တော့ ရေတွေ တပွက်ပွက် ဆူလာတယ်၊ ထောင်မှူးကြီးဟာ မထေရ်ကို ဖမ်းချုပ်ပြီး ပွက်ပွက်ဆူနေတဲ့ ကြေးအိုးကြီးအတွင်း ပစ်ချလိုက်သတဲ့၊ မထေရ်ကိုလည်း ပစ်ချလိုက်ရော ပွက်ပွက်ဆူနေတဲ့ ရေအတွင်းက လှည်းဘီးလောက်ကြီးမားတဲ့ ကြာပွင့်ကြီး ပေါ်ပေါက်လာပြီး မထေရ်ကို ခံယူသတဲ့၊ ထောင်မှူးလုပ်သူလည်း ကြောက်ရွံ့ပြီး မင်းကြီးထံ သွားရောက် သံတော်ဦးတင်တယ်၊ မင်းကြီးလည်း မှူးကြီးမတ်ရာ သေနာ အခြံအရံဖြင့် လာရောက်ဖူးမြော်တဲ့အခါ ရဟန်းတော်က တရားဟောပြတဲ့အတွက် ထောင်ကြီးကို ဖျက်ဆီးပြီး ဖမ်းထားသူအားလုံးကို ပြန်လွှတ်သတဲ့၊ အဲဒီအချိန်ကစပြီး မင်းကြီးဟာ သာသနာတော်အတွင်း သက်ဝင်ယုံကြည်ကာ တရားဖြင့် အုပ်စိုးတော်မူလာလို့ (သီရိဓမ္မာသောက)ဆိုတဲ့ အမည်ကို ရတာတဲ့ကွယ်၊ ဒီနေရာမှာ ခေတ္တရပ်ပြီး စဉ်းစားကြည့်ကြဦးစို့ရဲ့"

"ဘယ်လို စဉ်းစားကြည့်ရမှာလဲ ဘုရား"

"သီရိဓမ္မာသောကမင်းကြီးဟာ ကိုယ်တည်းတစ်ယောက် ချမ်းသာရောက်ဖို့အတွက် မြောက်မြားစွာသော သူတစ်ပါးအပေါ် ရက်စက်ခဲ့တယ်၊ ဖတူမိကွဲ ညီအစ်ကိုများကိုသော်လည်း ရက်ရက်စက်စက် သတ်ခဲ့တယ်၊ အပြစ်မဲ့တဲ့ တိုင်းသူပြည်သားတွေအပေါ် နိုင်လိုမင်းထက် ရက်စက်ခဲ့တယ်၊ မင်းကြီး လွန်ကြူးခဲ့တဲ့

http://www.dhammadownload.com



အကုသိုလ်တွေဟာ နည်းတာမှ မဟုတ်ပဲ၊ ဒီအကုသိုလ်ကံတွေ နောင်ဘဝ အကျိုး မပေးနိုင်အောင် ယခုဘဝမှာ အရဟတ္တဖိုလ် တည်သွားနိုင်လျှင် ကောင်းတယ်၊ အရဟတ္တမဂ်က **"ကုသလံ ကုသလံ ဇဟံ"** ဆိုတဲ့အတိုင်း အလုံးစုံသော ကုသိုလ် ကံ အကုသိုလ်ကံတွေ ကို ပယ်စွန့်နိုင်စွမ်းရှိတယ်၊ အရဟတ္တဖိုလ် မတည်သေးလျှင် တော့ နောင်ဘဝ ကျန်လိမ့်ဦးမယ်၊ နောင်တစ်ဘဝမှာ ဒီ အကုသိုလ်ကံတွေက အကျိုးပေးမှာ ဧကန်ပဲ။

သီရိဓမ္မာသောကမင်းကြီးဟာ တတိယ သင်္ဂါယနာတင်ခဲ့တယ်၊ စေတီပေါင်း ရှစ်သောင်းလေးထောင်, ကျောင်းပေါင်း ရှစ်သောင်းလေးထောင် တည်ထား ဆောက်လုပ် လှူဒါန်းခဲ့တယ်၊ ဗုဒ္ဓသာသနာတော်အတွင်းမှာ အတုမရှိသော ဒါနရှင် တစ်ဦးလည်းဖြစ်တယ်၊ သို့သော် မင်းတရားကြီး ပြုစု အားထုတ်ခဲ့တဲ့ ကုသိုလ် အဆောက်အအုံဟာ ဘယ်လောက်ကြီးကျယ်သော်လည်း အမှန်တကယ် သူရရှိတဲ့ ကုသိုလ်စိတ်က ကာမကုသိုလ်စိတ်မျှသာ ဖြစ်တယ်၊ ကာမကုသိုလ်ကံဆိုတာ မဟဂ္ဂုတ်ကုသိုလ်, လောကုတ္တရာကုသိုလ်တို့လို လေးသော ဂရုကံ မဟုတ်ဘူး၊ ပေါ့သော လဟုကံမျှသာဖြစ်တယ်၊ ပေါ့သော လဟုကံမျှသာဖြစ်လို့ ဂရုကံလို ဒုတိယဘဝမှာ ဧကန် အကျိုးမပေးဘူး၊ လဟုကံဖြစ်လို့ ဒုတိယဘဝ ဧကန် အကျိုးမပေးနိုင်သော် ဒုတိယဘဝ ဧကန် အကျိုးပေးနိုင်တဲ့ကံက ဘယ်ကံတုံး ဆိုတော့ အာသန္နကံ ဖြစ်တယ်ကွယ့်"

"အာသန္နကံဆိုတာ ဘယ်လိုကံပါလဲဘုရား"

"အာသန္နကံဆိုတာ သေခါနီးကာလမှာ အောက်မေ့မိတဲ့ကံ, သေခါနီး ပြုစု အားထုတ်မိတဲ့ကံကို ဆိုလိုတယ်၊ သီရိဓမ္မာသောကမင်းကြီး ကွယ်လွန်ပြီးတဲ့နောက် ဘယ်ဘဝ ရောက်မည်လဲဆိုတာကို အာသန္နကံနှင့် ချိန်ထိုးပြီး ကြည့်သင့်တယ်ကွယ့်"

"ဘယ်လို ချိန်ထိုးကြည့်ရမှာလဲ ဘုရား"

"ချိန်ထိုးကြည့်ဖို့ဆိုတာ ဒီလိုလေ၊ သီရိဓမ္မာသောကမင်းကြီး သေခါနီးတော့ သူ့စိတ်မှာ ကုသိုလ်ပေါ်လာမလား၊ အကုသိုလ်ပေါ်လာမလားဆိုတာ ချိန်ထိုးကြည့် ဖို့ ပြောတာပေါ့"

"သီရိဓမ္မာသောကမင်းကြီးရဲ့ သေခါနီးစိတ် ကုသိုလ်–အကုသိုလ် ဖြစ်တယ်လို့ ဘယ်လိုသိရမှာလဲ ဘုရား"

"သိသင့်တဲ့အကြောင်း ပြောရသေးတာပေါ့"

"အမိန့်ရှိပါဦး ဆရာတော်"

http://www.dhammadownload.com



"လူတစ်ယောက်မှာ တစ်ဘဝတည်း၌ သော်လည်း ကံဇာတာ တက်တဲ့အခိုက် ကျတဲ့အခိုက်လို့ ရှိမြဲပဲကွယ့်၊ လောကဓံရှစ်ပါးကို ကြည့်လျှင်–

– တစ်ခါတစ်ရံ အခြံအရံရှိတယ်၊ တစ်ခါတစ်ရံ အခြံအရံမဲ့တယ်၊
– တစ်ခါတစ်ရံ လာဘ်ပေါများတယ်၊ တစ်ခါတစ်ရံ လာဘ်ရှားတယ်၊
– တစ်ခါတစ်ရံ အချီးမွမ်းခံရတယ်၊ တစ်ခါတစ်ရံ အကဲ့ရဲ့ခံရတယ်၊
– တစ်ခါတစ်ရံ ချမ်းသာတယ်၊ တစ်ခါတစ်ရံ ဆင်းရဲတယ်၊

ဒါဟာ လူတိုင်း တွေ့ကြုံရတတ်တဲ့ ဓမ္မတာတရားပဲပေါ့၊ သိရိဓမ္မာသောကမင်းကြီးလည်း ကံဇာတာတက်ချိန်က အလွန်တက်တယ်၊ မြေကြီးအောက်က နဂါးကို ခေါ်နိုင်တယ်၊ တောတွင်း တိရစ္ဆာန်များက လာရောက် အကူအညီပေးကြရတယ်၊ ကံဇာတာ ကျချိန်ရောက်တော့ မင်းကြီးရဲ့ တန်ခိုးအာဏာများပျက်သုဉ်းလာတယ်၊ ကိုယ်လုပ်ချင်သလို လုပ်လို့မရတော့ဘူး၊ အိုဘေး နာဘေးဆိုက်ရောက်လာတော့ မကြာမီ ငါ သေတော့မှာပါကလားလို့ သိလာတယ်၊ မသေမီကုဋေတစ်ရာဖိုး လှူမယ်လို့ စိတ်ဆုံးဖြတ်ပြီး ကုက္ကုဋာရုံကျောင်းတော်ကြီးဆီနေ့တိုင်း အလှူတွေ ဆက်နေတယ်၊ မင်းကြီး ဒီလိုသာလှူနေလျှင် မင်းဘဏ္ဍာကျန်မှာ မဟုတ်လို့ နောင်တက်စဲ့မင်း အခက်ကြုံတော့မယ်လို့ အာဏာရှိတဲ့အမတ်ကမင်းကြီးတောင်းတိုင်း မပေးဖို့ တားမြစ်လိုက်တယ်၊ ယခင် ကိုယ်စိတ်ထင်သလိုပြုလုပ်လာခဲ့တဲ့ မင်းကြီးဟာ ဒီလို အတားအမြစ်ခံရတော့ အလွန် မကျေမနပ်ဖြစ်သွားတယ်၊ ဒါကြောင့် ဘဏ္ဍာထဲက မရလျှင် ငါ့စားပွဲပေါ်က ရွှေခွက်တွေကိုလှူမယ်ဆိုပြီး ရွှေခွက်တွေအားလုံး လှူလိုက်တယ်၊ ရွှေအိုး ရွှေခွက် မရှိတော့ ငွေအိုးငွေခွက်တွေ လှူပြန်တယ်၊ နောက်တော့ မင်းကြီးရဲ့ စားပွဲပေါ်မှာ မြေအိုး မြေခွက်သာ ကျန်တော့တယ်၊ မင်းကြီးဟာ သူ့သဘောအတိုင်း မဖြစ်တော့ အနတ္တသဘောကိုမဆင်ခြင်နိုင်ဘဲ ချုန်းချုန်းချ ငိုယိုပြီးတော့ သူ့ရဲ့ ကျွန်ယုံတော် ရာဓဂုတ္တအမတ်ကြီးကို "ဘယ်သူဟာ ဤတိုင်းပြည်ကြီးရဲ့ဘုရင် ဖြစ်သလဲ" လို့ မေးသတဲ့၊ ရာဓဂုတ္တက "အရှင်မင်းကြီးသည်သာ ဤဇမ္ဗူဒိပ်ရဲ့ အရှင်သခင် ဘုရင်ဖြစ်ပါတယ်"လို့သံတော်ဦးတင်တော့ မင်းကြီးက "ရာဓဂုတ္တ–သင်ဟာ ငါ့ကို သနားသူ, ချစ်ခင်သူဖြစ်ပါလျက် ဘာကြောင့် လိမ်လည်ပြောဆိုသလဲ၊ ငါဟာ ယခုအခါ မင်းမဟုတ်တော့ဘူး၊ မင်းဘဝက ကျဆုံးသူ ဖြစ်ခဲ့ပြီ"လို့ ငိုယိုပြီး ပြောသတဲ့ကွယ်၊ နောက်ဆုံးမှာ မင်းကြီးဟာ ဘာမျှ လှူဒါန်းစရာမရှိတော့လို့ စားပွဲပေါ်မှာ ခတ်စာအဖြစ် တင်ထားတဲ့ ဆျှိသျှားသီးကို ဆောင်ယူပြီး ကုက္ကုဋာရုံကျောင်း သံဃာတော်

http://www.dhammadownload.com



များကို ကပ်လှူပါ၊ ကပ်လှူပြီးလျှင် သံဃာတော်များကို "ဤဇမ္ဗူဒိပ်၏ ကျေးရာဇ် ဖြစ်ဖူးသော သီရိဓမ္မာသောက မင်းတရားကြီးသည် ယခုအခါ တန်ခိုးအာဏာနှင့် ဘုရင်ဘဝမှ လျှောကျ၍ ခိုကိုးရာမဲ့ဘဝသို့ ရောက်နေပြီဖြစ်ကြောင်း လျှောက်ကြား လိုက်ပါ"လို့ မျက်ရည်စက်လက်နှင့် မိန့်တော်မူပြီး အဲဒီညမှာပင် စံလွန်တော်မူသတဲ့၊ မင်းကြီးဟာ ဘုန်းတန်ခိုးလည်း အလွန်ကြီးမားတယ်၊ သာသနာတော်ကိုလည်း အလွန်လေးစား ကြည်ညိုတယ်၊ သို့သော် သေခါနီးစိတ်ဓာတ် မသန့်ရှင်းဘူး။

**"စိတ္တေ သံကိလိဋ္ဌေ ဒုဂ္ဂတိ ပါဋိကင်္ခါ"**လို့ မူလပဏ္ဏာသပါဠိ ဝတ္ထသုတ်မှာ ဘုရားရှင်ဟောတော်မူတဲ့အတိုင်း သေခါနီး စိတ်ဓာတ်ညစ်ညူးခဲ့လျှင် ဒုဂ္ဂတိဆိုတဲ့ အပါယ်ဘုံကို လားတတ်တယ်၊ ဒါကြောင့် သီရိဓမ္မာသောကမင်းကြီး စပါးကြီးမြွေ ဖြစ်တယ်ဆိုတာ ဖြစ်နိုင်ခွင့်ရှိတာပေါ့၊ မန္တလေးတိုင်း မတ္တရာမြို့နယ်မှာ "မြွေအန်တော်"ဆိုတဲ့ စေတီတစ်ဆူ ရှိတယ်၊ အဲဒီစေတီဟာ သီရိဓမ္မာသောက မင်းကြီး မြွေဘဝဖြင့် သတ္တဝါတစ်ကောင်ကို ဖမ်းဆီးမျိုစဉ် သားတော် ရှင်မဟာ မဟိန္ဒ ကြွရောက် တရားဟောတဲ့အတွက် မျိုထားတဲ့သတ္တဝါကို ပြန်အန်တဲ့နေရာ တည်ထားလို့ မြွေအန်တော်ခေါ်ကြောင်း ပြောကြတယ်၊ ခိုင်ခိုင်မာမာ ကျမ်းလာတဲ့ စကားတော့ မဟုတ်ပါဘူး၊ သို့သော် ပုထုဇဉ်ဘဝဆိုတာ ဝိနိပါတဆိုတဲ့ ဖရိုဖရဲ ပြိုကွဲ ကျရောက်တတ်တဲ့ အပါယ်ဘေးကြီးက ရှေ့မှာ ကာဆီးလျက် ရှိနေတာမို့ ဖြစ်ချင်လည်း ဖြစ်နိုင်တယ်လို့ မှတ်တော့တာပေါ့ကွယ်"

"မှန်ပါ-စပါးကြီးမြွေ ဖြစ်တယ်ဆိုတာ ရှိပေစေတော့၊ သီရိဓမ္မာသောက မင်းကြီး အကျွတ်တရား ရ၊မရဆိုတဲ့ ပြဿနာကိုလည်း တစ်ဆက်တည်း ဖြေရှင်း ပေးပါဦးဘုရား"

## အသောကမင်းကြီး၏ နောက်ဆုံးဘဝ

"သီရိဓမ္မာသောကမင်းကြီး အကျွတ်တရား ရ-မရနှင့် ပတ်သက်ပြီး ဝတ္ထု တစ်ပုဒ် ရှိတယ်ကွယ့်"

"ဘာဝတ္ထုလဲဘုရား၊ အမိန့် ရှိတော်မူပါဦး"

"အင်္ဂုတ္တရပါဠိတော်၊ တိကနိပါတ်၊ စူဠဝဂ်မှာ (တိဌာနသုတ်) ဆိုတာရှိတယ်၊ သုတ်ရဲ့အဓိပ္ပာယ်က-

(၁) သီလဝန္တပုဂ္ဂိုလ်ကို ဖူးမြင်လိုခြင်း၊

(၂) သူတော်ကောင်းတရားကို နာလိုခြင်း၊

http://www.dhammadownload.com



(၃) လွတ်လွတ် စွန့်ကြဲ ပေးကမ်း လှူဒါန်းလိုခြင်း–

ဤအကြောင်းတရား သုံးပါးတို့ဖြင့် ကြည်ညိုသူကို (သဒ္ဓါတရားပြည့်စုံသူ) လို့ ဆိုရမည်တဲ့၊ ဤအကြောင်းသုံးပါးအနက် ပထမအကြောင်းနှင့် ပြည့်စုံသူအဖြစ် ပါဋလိပုတ်ပြည်သား ပုဏ္ဏားနှင့် သဒ္ဓါတိဿမင်းကြီးကို အဋ္ဌကထာက ဥပမာထုတ်ပြထားတယ်၊ ပါဋလိပုတ်ပြည်သား ပုဏ္ဏားဝတ္ထုက ပါဋလိပုတ်ပြည် တံခါးဝ ဇရပ်မှာ နေကြတဲ့ ပုဏ္ဏားနှစ်ယောက်တို့ဟာ နွယ်နက်မဏ္ဍပ်ကျောင်းမှာ သီတင်းသုံးတော်မူတဲ့ မဟာနာဂထေရ်ဟာ အလွန် သီလစင်ကြယ်သူဖြစ်တဲ့အကြောင်း သတင်းစကား ကြားကြတဲ့အတွက် မဟာနာဂထေရ်ထံ သွားရောက် ဖူးမြော်ကြရအောင်လို့ တိုင်ပင်ပြီး ပါဋလိပုတ်က ခရီးထွက်ခဲ့ကြရာ ပုဏ္ဏားတစ်ယောက်ဟာ ခရီးပန်းပြီး လမ်းမှာ ကွယ်လွန်ခဲ့တယ်၊ ပုဏ္ဏားတစ်ယောက်ကတော့ သမုဒ္ဒရာကို သင်္ဘောစီးပြီး သီဟိုဠ်ကျွန်း အနုရာဓမြို့ကို ရောက်လာတယ်၊ အနုရာဓမြို့ရောက်တော့ ရောဟဏဇနပုဒ်မှာ တည်ရှိတဲ့ နွယ်နက်ကျောင်း အရောက်သွားပြီး မဟာနာဂထေရ်ကို ဖူးတယ်၊ ဖူးပြီး "အရှင်ဘုရားအရပ် မြင့်လှပါတယ်"လို့ လျှောက်သတဲ့၊ မထေရ်က "ငါအရပ် မမြင့်ပါလား ဒကာ"လို့ မိန့်တော်မူတော့ "အရှင်ဘုရားရဲ့ ဂုဏ်အရပ် မြင့်လွန်းလို့ တပည့်တော် ဇမ္ဗူဒိပ်ပါဋလိပုတ်ပြည်က အဖူးအမြော် လာရပါကြောင်း" လျှောက်ထားပြီး မထေရ်ရဲ့ထံမှာ သင်္ကန်းဝတ်ခဲ့တာ နှစ်ရက်သုံးရက်မျှနှင့် ရဟန္တာ ဖြစ်သတဲ့ကွယ်၊ ဒါက ပထမဝတ္ထုကြောင်းပေါ့၊ ဒီဝတ္ထုကြောင်းက ဆိုရေးရှိလို့သာ ဆိုလိုက်ရတာယ်၊ သီရိဓမ္မာသောကမင်းကြီးနှင့် ဘာမျှ မပတ်သက်ပါဘူး၊ သီရိဓမ္မာသောကမင်းကြီးနှင့် ပတ်သက်တဲ့ ဒုတိယဝတ္ထုက သဒ္ဓါတိဿမင်းကြီး ဝတ္ထုတဲ့ကွယ်။

"မှန်ပါ၊ မိန့်တော်မူပါဘုရား"

"တစ်ရက်မှာ သဒ္ဓါတိဿမင်းကြီးက ရဟန်းတော်များကို လျှောက်သတဲ့၊ မင်းကြီး လျှောက်ထားပုံက "အရှင်ဘုရားတို့ တပည့်တော်ဟာ သီလပြည့်စုံ စောင့်ထိန်းတဲ့ ရဟန္တာပုဂ္ဂိုလ်ကို ရှိခိုး ဦးချချင်ပါတယ်၊ အဲဒီလို ထူးမြတ်သော ပုဂ္ဂိုလ်ကြီးများရှိလျှင် တပည့်တော်ကို ညွှန်ကြား ပြသပေးတော်မူကြပါတဲ့"

ဒီအခါ ရဟန်းတော်များက "မင်းကြီး–မင်္ဂလာကျောင်းမှာ သီတင်းသုံးတဲ့ (ကုဋ္ဋတိဿမထေရ်)ဟာ မင်းကြီး ရှိခိုးထိုက်တဲ့ ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်ပါတယ်လို့ မိန့်ကြားတော်မူကြတယ်" မင်းကြီးဟာ ဒီစကားကိုကြားလျှင် လွန်စွာ နှစ်သက်ခြင်း ရှိတဲ့အတွက် နန်းတော်ကို မပြန်တော့ဘဲ အခြံအရံများစွာနှင့် ငါးယူဇနာဝေးကွာတဲ့ မင်္ဂလာအရပ်ကို ရဟန္တာဖူး ကြွတော်မူသတဲ့၊ သဒ္ဓါတိဿမင်းကြီး ကြွချီတော်မူ

http://www.dhammadownload.com



လာတဲ့အတွက် ဆင်သံ, မြင်းသံ, ရထားသံ, တူရိယာသံတွေဟာ ဆူညံနေကြတယ်၊ ဒီအသံမျိုးစုံကို ကြားတော့ ကုဋ္ဌတိဿမထေရ်မြတ်က "ဘာသံတွေလဲ"လို့ မေးသတဲ့၊ "အရှင်ဘုရားထံ အဖူးအမြော် ကြွလာတဲ့ သဒ္ဓါတိဿမင်းကြီးရဲ့ အခြံအရံ အသံများ ဖြစ်ပါတယ်လို့"လျှောက်ထားကြတယ်၊ ဒီလို လျှောက်ထားကြတော့ မထေရ်ကြီးက ကြံသတဲ့ကွယ့်။

"မှန်ပါ၊ ဘယ်လိုများ ကြံပါသတဲ့လဲ ဘုရား"

"ငါဟာ အသက်အရွယ် ကြီးပြီ၊ မင်း အကြည်ညိုခံရလို့ ဘာမျှ အကျိုး မရှိဘူး၊ ဒါကြောင့် မင်း အကြည်ညိုပျက်အောင် လုပ်မှ တော်မယ်လို့ အဲဒီလို ကြံစည်တော်မူပြီး နေ့သန့်ရာဌာန ညောင်စောင်း ပေါ် အလျားမှောက်အိပ်ပြီး လက်ညှိုးနှင့် မြေကြီးပေါ် လျှောက်ခြစ်နေဟန် ပြုသတဲ့၊ သဒ္ဓါတိဿမင်းကြီးက ကုဋ္ဌတိဿ မထေရ်ကြီး ဘယ်မှာလဲလို့ မေးတော့ ရဟန်းတော်များက မထေရ်မြတ်ကို ညွှန်ပြကြသတဲ့၊ မင်းကြီးဟာ ရဟန်းတော်များ ညွှန်ပြတဲ့ မထေရ်မြတ်ကို ကြည့် လိုက်တယ်၊ မြေကြီးပေါ် လက်ညှိုးနှင့် လျှောက်ခြစ်နေတဲ့ မထေရ်ကြီးကို မြင်တော့ "ဟင်– ငါ့မှာ ရဟန္တာဆိုလို့ တပင်တပန်း အဖူးအမြော် လာလိုက်ရတာ၊ ရဟန္တာ ဆိုတာ လက်ဖောက်ပြန်ခြင်း မရှိစကောင်းဘူး၊ ဒါဟာ ရဟန္တာ မဟုတ်ပါဘူး"လို့ ရှိမခိုးဘဲ ပြန်သွားသတဲ့။

ဒီအခါ ရဟန်းတော်များက "အရှင်ဘုရား၊ သဒ္ဓါတရားရှိလို့ အဝေးကြီးက အဖူးမြော်လာရှာတဲ့ မင်းကြီးကို နှလုံးမသာမယာဖြစ်အောင် ဘာကြောင့် ပြုပါသလဲ" လို့ လျှောက်ကြတယ်၊ မထေရ်ကြီးက "ငါ့ရှင်တို့–မင်းကြီးရဲ့ သဒ္ဓါတရားကို စောင့်ရှောက်ခြင်းဟာ သင်တို့ရဲ့တာဝန် မဟုတ်၊ ငါ့ရဲ့တာဝန်သာ ဖြစ်တယ်၊ စောင့်ကြည့်ရစ်ကြပါ"လို့ မိန့်တော်မူသတဲ့။

ကုဋ္ဌတိဿမထေရ်ကြီး ပရိနိဗ္ဗာန် ဝင်စံချိန်နီးတော့ သံဃာတော်များကို စည်းဝေးပြီး "ငါ့ရဲ့အလောင်းတင် ပြာသာဒ်အတွင်းမှာ ညောင်စောင်းတစ်ခု သီးသန့် ခင်းထားကြပါ"လို့ မိန့်တော်မူသတဲ့၊ သံဃာတော်များက ခင်းထားပြီး ကြောင်း လျှောက်ထားကြတော့ မထေရ်ကြီးက "ငါ့အလောင်းတင် ပြာသာဒ်သည် အတွင်း၌ မတည်မူ၍ သဒ္ဓါတိဿမင်းကြီး ဖူးမြော်စဉ် မြေသို့ကျပါစေသတည်း"လို့ အဓိဋ္ဌာန်ပြီး ပရိနိဗ္ဗာန် ဝင်စံတော်မူသတဲ့၊ အလောင်းတင်ပြာသာဒ်ဟာ ရဟန္တာကြီးရဲ့ အဓိဋ္ဌာန်အတိုင်း ငါးယူဇနာကွာဝေးတဲ့ မင်းကြီးရှိရာကို ကောင်းကင်ခရီးက သွားသတဲ့၊ မထေရ်ကြီးရဲ့ အလောင်းတင်ပြာသာဒ် ကောင်းကင်ခရီးက ကြွလာတယ်

http://www.dhammadownload.com



ဆိုတာကို မင်းကြီးက မယုံဘူးတဲ့၊ အလောင်းတင်ပြာသာဒ်ဟာ ကောင်းကင်ခရီးက လာပြီး ထူပါရုံစေတီတော်ကို လက်ယာရစ် ပတ်တယ်၊ ထူပါရုံစေတီတော်ဆီက ကျောက်စေတီ တည်ရာကို သွားတယ်၊ ကျောက်စေတီဆီရောက်တော့ ကျောက်စေတီတော်ဟာ မြေကပျံတက်ပြီး အလောင်းတင်ပြာသာဒ်ရဲ့ ထိပ်မှာ တည်တယ်၊ ဒီလို အံ့ဖွယ်သရဲကို မြင်ကြလို့ မင်းနှင့်တကွ ပြည်သူအားလုံး သောင်းသောင်းဖြဖြ ပူဇော်ကြတယ်။

ဒီအချိန်မှာ မဟာဗျဂ္ဃ ထေရ်ဟာ လောဟပါသာဒ ပြာသာဒ်ရဲ့ (၇)ခုမြောက်ဘုံမှာ ရဟန်းတော်များရဲ့ ဝိနည်းကံကို ဆောင်ရွက်တော်မူနေတယ်၊ အုတ်အုတ်ကျက်ကျက် အသံတွေကြားလို့ ဘာသံတွေလဲလို့ မေးတော်မူသတဲ့၊ ရဟန်းတော်များက "မင်္ဂလာကျောင်းမှာ သီတင်းသုံးတဲ့ ကုဋ္ဋတိဿမထေရ် ပရိနိဗ္ဗာန် ဝင်စံတော်မူပြီး အလောင်းတင်ပြာသာဒ် ကောင်းကင် ပျံကြွလာလို့ လူအများ ကောင်းချီးပြုကြတဲ့ အသံပါဘုရား"လို့ လျှောက်ကြသတဲ့။

ဒီတော့ မဟာဗျဂ္ဃ မထေရ်ကြီးက "ငါ့ရှင်တို့ ကောင်းမှုရှိသောသူကို အမှီပြုပြီး ငါ့အား ပူဇော်သက္ကာရ ဖြစ်ဖွယ်ရှိတယ်၊ တပည့်တို့ ငါ့အပေါ်မှာ အပြစ်ရှိလျှင် သည်းခံကြ"လို့ မိန့်တော်မူပြီး ကောင်းကင် ပျံတက်တော်မူတယ်၊ ကောင်းကင်ရောက်တော့ ပျံလာတဲ့ အလောင်းပြာသာဒ်အတွင်း ဝင်ပြီး ဒုတိယ ညောင်စောင်းပေါ်ထိုင်ကာ ပရိနိဗ္ဗာန် ဝင်စံတော်မူပါသတဲ့။

ဒီဝတ္ထုက အင်္ဂုတ္တရအဋ္ဌကထာ ဒုတိယအုပ် စာမျက်နှာ ၁၃၃–ကလာတဲ့ ဝတ္ထုဖြစ်တယ်၊ ဒီဝတ္ထုကို "ဇမ္ဗူဒီပသီဟဠဝတ္ထု"က ဘယ်လို ဖွင့်ပြသလဲဆိုတော့ ကုဋ္ဋတိဿရဟန္တာဆိုတာ သီရိဓမ္မာသောကမင်းကြီး ဖြစ်ကြောင်း၊ မဟာဗျဂ္ဃ ရဟန္တာဟာ သီရိဓမ္မာသောကမင်းကြီးရဲ့မိတ်ဆွေ ဖြစ်ကြောင်း ဖွင့်ပြထားတယ်။

သီရိဓမ္မာသောကမင်းကြီးရဲ့ မိတ်ဆွေဆိုတာ ဘယ်သူဘယ်ဝါလို့ တိတိကျကျ ဖော်ပြခြင်း မရှိခဲ့ဘူး၊ ဒေဝါနံပိယတိဿ မင်းကြီးကိုများ ဆိုလိုသလား မသိဘူးကွယ်၊ အထူးကတော့ အင်္ဂုတ္တရအဋ္ဌကထာကလာတဲ့ ကုဋ္ဋတိဿထေရ်ကို ဇမ္ဗူဒီပသီဟဠ ဝတ္ထုက "ကုဏ္ဍလတိဿ"လို့ ဖော်ပြပြီး မဟာဗျဂ္ဃထေရ်ကိုတော့ "မဟာဗျက္ခ" လို့ ပြဆိုထားတယ်။

"ဇမ္ဗူဒီပသီဟဠဝတ္ထုကျမ်းအရဆိုလျှင် သီရိဓမ္မာသောကမင်းကြီး ကျွတ်တမ်းဝင်သွားပြီလို့ ဖြေဆိုရမှာပေါ့ကွယ်"

"သာဓု–သာဓု–သာဓု"

http://www.dhammadownload.com



# စကားခွန်းရေ

"ဟောဒီစာက ကြို့ပင်ကောက်မြို့၊ တိုက်ကျောင်း၊ ပါဠိတက္ကသိုလ်၊ သာသနာနုဂ္ဂဟကျောင်းဆောင် (မာနုသ–မောင်သောင်းညွန့်၊ လေးမျက်နှာ) ထံမှ အမေးစာလွှာ ဖြစ်ပါတယ်၊ မောင်သောင်းညွန့်ရဲ့အမေးကို ယခု တပည့်တော် ဖတ်လျှောက်ပါ့မယ် ဘုရား"

"အင်း ဖတ်စမ်းပါဦး"

"လျှောက်ထားပါသည် ဆရာတော်ဘုရား"

**ပရမေဘုန်းကျော်၊ ဟောလှစ်ဖော်သည့်၊ နှုတ်တော်မြန်ထက်၊ လျင်ခြင်းတွက်မူ၊ အသက်ရှိဆန်း၊ လူဗိုလ်ဝန်းတို့၊ တစ်ခွန်းကာ၊ ကျေးတို့မှာမူ၊ လျင်စွာလေးဆ၊ ရှုရှုပီတွေ၊ ဆိုနိုင်လေ၏၊ ပြစ်ပြေလျင်ထန်၊ ရှင်အာနန်ကား၊ အမှန်ရှစ်ချက်၊ ကျေးထက်တက်၏၊ အဖက်မရှိ၊ မြတ်မုနိကား၊ လျင်ဘိတုံစွာ၊ အာနန္ဒာထက်၊ သိသာလှလွန်း၊ ဆယ့်ခြောက်ခွန်းဖြင့်၊ ဖြန်းဖြန်းမိန့်နိုင်၊ လျင်ခေါင်တိုင်၏၊ ဖြိုးလှိုင်များတွေ၊ လျင်ခြင်းရေမူ၊ ဗိုလ်ခြေအဝန်း၊ လူမည်ဆန်းထက်၊ အစွန်းဆယ့်နှစ်၊ ငါးရာဖြစ်၏။**

ဤလင်္ကာသည် ဓမ္မရာသီပျို့ ပုဒ်ရေ(၂၉)မှလာသော လင်္ကာ ဖြစ်ပါသည်၊ ဤလင်္ကာအရ ပကတိလူ စကားတစ်ခွန်း၊ ကျေးကုလား ၄–ခွန်း၊ ကျေးကုလားစကားတစ်ခွန်း၊ အရှင်အာနန္ဒာ ၈–ခွန်း၊ အရှင်အာနန္ဒာ ၁–ခွန်း၊ မြတ်စွာဘုရား ၁၆–ခွန်းနှင့် ညီမျှသောကြောင့် ပကတိလူ စကားတစ်ခွန်း မြွက်ချိန်တွင် ဘုရားရှင်က ၅၁၂–ခွန်း မြွက်ဆိုနိုင်သည်ဟု ဖွဲ့ဆိုထားပါသည်။

http://www.dhammadownload.com



သာရတ္ထဒီပနီဋီကာ၊ ၃–၃၁၊ ပဌမပါရာဇိက၊ သုဒိန္နဘာဏဝါရလာ ဟိတ်ပါဌ်ကို ဆရာတို့က–

**"လူမှာတစ်ခွန်း၊ ရှစ်ခွန်းအာနန်၊ အာနန်တစ်ခွန်း၊ ဆယ်ခွန်း ခြောက်တန်၊ ရာနှစ်ဆယ့်ရှစ်၊ စင်စစ်ကေန်၊ တို့ဘုရား တရားဟောဖို့ မြန်"**ဟု မြန်မာကဗျာ ဖွဲ့စီထားကြပါသည်။

ငင်းစာပိုဒ်နှစ်ခု မည်သည့် စာပိုဒ်က မှန်ကန်သည်ကို အဖြေပေးတော်မူ ပါရန် ရိုသေစွာ လျှောက်ထားအပ်ပါသည် ဘုရား၊ ယခု ဖတ်လျှောက်တာက မောင်သောင်းညွန့်ရဲ့ အမေးလွှာပါဘုရား၊ အဖြေကို မိန့်ကြားတော်မူပါဦး"

"ပကတိသော လူတို့စကားတစ်ခွန်း၊ အရှင်အာနန္ဒာ ရှစ်ခွန်းစတဲ့ စကားက မူလပဏ္ဏာသပါဠိတော် မဟာသီဟနာဒသုတ်ရဲ့ အဖွင့်ကလာတဲ့ စကားဖြစ်တယ်၊ မဟာသီဟနာဒသုတ်မှာ ဘုရားရှင်က အရှင်သာရိပုတ္တရာကို 'သာရိပုတ္တရာ... ဤ လောကမှာ ငယ်ရွယ်စဉ်သာ ပညာ အဆင်အခြင်နှင့် ပြည့်စုံနိုင်တယ်၊ အိုမင်း သောအခါ အကြောင်းအကျိုး မြော်မြင်နိုင်တဲ့ ပညာက ယုတ်လျော့တတ်တယ်လို့ အချို့က ဆိုကြတယ်၊ သာရိပုတ္တရာ... ယခုအခါ ငါဟာ အသက်ရှစ်ဆယ် နောက်ဆုံးအရွယ်ကို ရောက်နေပြီ၊ ဤအချိန်တွင် စားသောက်သောအခါ၊ ကျင်ကြီး ကျင်ငယ် စွန့်သောအခါ၊ အပန်းဖြေ အိပ်စက်သောအခါတို့မှတစ်ပါး ငါ့အား သတိပဋ္ဌာန်လေးပါးတို့ကို ထောက်၍ထောက်၍ မေးလာငြားအံ့၊ မေးတိုင်းမေးတိုင်း ငါ ဖြေနိုင်တယ်၊ ငါ ဘုရားအား တရားဟောကြားခြင်းသည် မကုန်နိုင်၊ တရားပုဒ်ဗျည်းသည် မကုန်နိုင်၊ ပြဿနာ ဖြေကြားခြင်းသည် မကုန်နိုင်"လို့ မိန့်တော်မူတယ်၊ အဲဒီ မိန့်တော်မူတဲ့ မကုန်နိုင်ဆိုတဲ့ စကားရပ်ကို အဋ္ဌကထာ ဆရာက ဘယ်လို ဖွင့်သလဲဆိုတော့–

ပုဂ္ဂိုလ်တစ်ဦးက ကာယာနုပဿနာကို မေးမယ်၊ တစ်ဦးက ဝေဒနာနုပဿနာ ကို မေးမယ်၊ တစ်ဦးက စိတ္တာနုပဿနာကို မေးမယ်၊ တစ်ဦးက ဓမ္မာနုပဿနာ ကို မေးမယ်၊ သူတို့မေးသမျှကို ဘုရားရှင်က ကာယာနုပဿနာကို တစ်ဆယ့် လေးပါး ခွဲခြားပြီး ဟောနိုင်တယ်၊ ဝေဒနာနုပဿနာကို ကိုးပါးခွဲခြားပြီး ဟောနိုင် တယ်၊ စိတ္တာနုပဿနာကို တစ်ဆယ့်ခြောက်ပါး ခွဲခြားပြီး ဟောနိုင်တယ်၊ ဓမ္မာနုပဿနာကို ငါးပါးခွဲခြားပြီး ခဏချက်ချင်း ဟောနိုင်တယ်၊ ဤမျှမက သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါးတို့ကို တစ်ဦးစီ မေးလာချှင်လည်း တစ်ဦးစီကို ထိုခဏ ချက်ချင်း

http://www.dhammadownload.com




ဖြေဆိုနိုင်တယ်၊ ဘာကြောင့်လည်းဆိုတော့ ဘုရားရှင်ရဲ့ လျှာတော်ဟာ အလွန် သွက်လက်တယ်ဆိုပြီး သွက်တဲ့အကြောင်းကို–

**ယာဝတာ ဟိ လောကိယမဟာဇနော ဧကံ ပဒံ ကထေန္တိ၊**
**တာဝ အာနန္ဒတ္ထေရော အဋ္ဌပဒါနိ ကထေတိ၊**
**အာနန္ဒတ္ထေရေ ပန ဧကံ ပဒံ ကထေန္တေ ယာဝ ဘဂဝါ သောဠသပဒါနိ ကထေတိ။**

စသောအားဖြင့် ဖွင့်ပြခဲ့တယ်၊ အဓိပ္ပာယ်ကတော့ လောကီလူများ ပုဒ်တစ်ပုဒ် ရွတ်ဆိုချိန်မှာ အရှင်အာနန္ဒာက ရှစ်ပုဒ် ရွတ်ဆိုနိုင်သတဲ့၊ အရှင်အာနန္ဒာ ပုဒ်တစ်ပုဒ် ရွတ်ဆိုချိန်မှာ ဘုရားရှင်က ၁၆–ပုဒ် ရွတ်ဆိုနိုင်သတဲ့၊ ဘာကြောင့် ဘုရားရှင် ဒီလောက် မြန်မြန် ရွတ်ဆိုနိုင်တာလဲဆိုတော့ ဘုရားရှင်ရဲ့ လျှာတော်ဟာ နူးညံ့တယ်၊ ပါးလျား၍ ပြန့်ကျယ်တယ်၊ သွားဖြင့် ဖုံးလွှမ်းတယ်၊ နှုတ်ခမ်းဖြင့် စေ့စပ်လို့ ကောင်းစွာထိတယ်၊ ချွတ်ယွင်းခြင်း မရှိဘူး၊ ဘဝင်ဖြင့် ထုံသော လျင်သော စိတ် ရှိတယ်၊ (တစ်ဝီထိနှင့် တစ်ဝီထိအကြား ဘဝင်စိတ် နည်းပါးတယ်၊ ဘဝင်နှစ်ကြိမ် မျှသာခြားတယ်၊) ဒါကြောင့် ဘုရားရှင်ရဲ့ အသံတော် လျင်မြန်တယ်၊ လျင်မြန်တဲ့ အတွက် ဘုရားရှင်မှာ မကုန်နိုင်တဲ့ စကားရှိတယ်လို့ ဖွင့်ပြထားတယ်ကွယ်။

"ဒါကြောင့် သာရတ္ထဒီပနီဋီကာရဲ့ အဆိုဟာ မူလပဏ္ဏာသအဋ္ဌကထာနှင့် ညီညွတ်တယ်၊ ဓမ္မရာသီပျို့လာ စကားကတော့ အဋ္ဌကထာနှင့် မညီဘူးလို့ မှတ်တော့တာပေါ့ကွယ်"

"သာဓု – သာဓု – သာဓု"



http://www.dhammadownload.com



# ဘုရားရှင်၏ မယ်တော်နှင့် ခမည်းတော်

"ဟောဒါက စစ်ကိုင်းတိုင်း ပင်လယ်ဘူးမြို့နယ် ကျွန်းပင်သာကျေးရွာ စစ်လောင်အုပ်စု ဥက္ကဋ္ဌ ဦးလှဖေထံမှ လျှောက်ထားစာ ဖြစ်ပါတယ်ဘုရား"

"ဆိုစမ်းပါဦး၊ ဘာများလျှောက်ထားတာတုံး"

"ဦးလှဖေရဲ့ လျှောက်ထားလွှာမှာ ပြဿနာ နှစ်ချက် ပါပါတယ်ဘုရား၊ **ပထမအချက်က** သုဒ္ဓေါဒနမင်းကြီးဟာ ဘုရားရှင်ရဲ့ ခမည်းတော်ကြီးဖြစ်ပါလျက်နှင့် ရဟန္တာဖြစ်သွားသည့်တိုင်အောင် သင်္ကန်းမဝတ်ရတာ ဘာကြောင့်ပါလဲတဲ့ဘုရား၊ **ဒုတိယအချက်က** မယ်တော်မာယာကို ဘုရားငါးဆူတို့ရဲ့ မယ်တော်လို့ ပြောဆိုကြပါတယ်၊ ထိုစကား ဟုတ်, မဟုတ်နှင့် မယ်တော်မာယာ ဘယ်သောအခါ ကျွတ်တမ်းဝင်မယ်ဆိုတာလည်း ဖြေကြားတော်မူပါလို့ လျှောက်ထားပါတယ်ဘုရား"

## သုဒ္ဓေါဒနမင်းကြီး ရဟန်းမဖြစ်ခြင်း

"ဦးလှဖေရဲ့ ပြဿနာနှစ်ချက်အနက် ပထမ ပြဿနာကို ဖြေကြစို့ရဲ့၊ သောတတ္ထကီကျမ်းမှာ ဘုရားတစ်ဆူ ချေချွတ်ရမည့် သတ္တဝါပေါင်းဟာ ၂၄-အသင်္ချေ ကုဋေခြောက်ဆယ့်တစ်သိန်းလို့ သင်္ချာနှင့် ပြထားတယ်ကွယ့်၊ ဒီကနေ့ ကမ္ဘာပေါ်မှာ လူဦးရေ ဘယ်လောက်ရှိတယ်လို့ ကြားဖူးသလဲ"

"သေသေချာချာ မမှတ်မိပါဘုရား"

"ကမ္ဘာ့လူဦးရေ တွက်ချက်ကြတဲ့ ပုဂ္ဂိုလ်များက ခရစ်သက္ကရာဇ် ၁၉၅၇-ခုတုန်းက ကမ္ဘာ့လူဦးရေဟာ သန်းပေါင်း ၂၈၀၀-ရှိသတဲ့၊ ၅၉-၆၀ နှစ်အတွင်း လူဦးရေ သန်းပေါင်းတစ်ရာ တိုးတက်လာသတဲ့၊ ၁၉၇၅-ခုနှစ်မှာ သန်းပေါင်း

http://www.dhammadownload.com



၃၆၀၀–နှင့်၃၉၀၀–အကြားမှာရှိသတဲ့၊ ခရစ်သက္ကရာဇ် ၂၀၀၀–ပြည့်မှာ သန်းပေါင်း ၄၉၀၀–နှင့် ၆၉၀၀–အကြားမှာ ရှိမယ်တဲ့၊ အလွန်ဆုံး ကမ္ဘာ့လူဦးရေပေါင်း သန်းပေါင်းတစ်သောင်း ထားလိုက်ကြပါစို့၊ သန်းပေါင်းတစ်သောင်းဆိုတာ ဂဏန်းအားဖြင့် (တစ်) နောက်က (သုည)ဆယ်လုံးမျှသာရှိတယ်၊ အသင်္ချေတစ်ခုမှာ (တစ်) နောက်က (သုည)ပေါင်း ၁၄၀–ရှိတယ်လို့ သဒ္ဒါကြီးကျမ်း တဒ္ဓိတ်ပိုင်း သင်္ချာ မေဟိသုတ်ရဲ့ ဝုတ္တိမှာ ပြထားတယ်၊ ဒါက ဘာကိုပြောချင်တာလဲဆိုတော့ ဘုရားရှင် ချွတ်လို့ ကျွတ်သွားတဲ့ သတ္တဝါတွေထဲမှာ လူသားက အလွန်နည်းတယ်၊ အခြားနတ်တွေ ဗြဟ္မာတွေက များတယ်၊ အကျွတ်တရားရတဲ့ လူသားတွေထဲမှာလည်း ရဟန်းဘဝနှင့် ကျွတ်တမ်းဝင်သူတွေက အလွန်နည်းတယ်၊ လူသားဘဝနှင့် ကျွတ်တမ်းဝင်သူတွေက အလွန်များတယ်၊ ဘာကြောင့် ရဟန်းဘဝနှင့် ကျွတ်တမ်းဝင်သူ နည်းရတာလဲဆိုတာကို ကျမ်းများက ထုတ်နုတ်ပြီး ပြောပြဦးမယ်ကွယ့်"

"မိန့်တော်မူပါ ဘုရား"

(၁)

**ကဒါစိ ကရဟာစိ၀၊**
**ဥပ္ပဇ္ဇန္တိ တထာဂတာ။**
**ဗုဒ္ဓုပ္ပါဒကာလေ ယော၀၊**
**ပဗ္ဗဇ္ဇာ နာမ ကောဒါ။**

**တထာဂတာ**– ဘုရားရှင်တို့သည်၊ **ကဒါစိ ကရဟာစိ၀**– တစ်ရံတစ်ခါသာလျှင်၊ **ဥပ္ပဇ္ဇန္တိ**– ဖြစ်ပွင့်တော်မူကုန်၏၊ **ဗုဒ္ဓုပ္ပါဒ ကာလေယော၀**– သဗ္ဗညုဘုရားရှင်တို့ ဖြစ်ပွင့်တော်မူရာ ကာလ၌သာလျှင်၊ **ပဗ္ဗဇ္ဇာနာမ**– ရဟန်းသာမဏေအဖြစ် မည်သည်၊ **ကောဒါ**– တစ်ရံတစ်ခါသာလျှင်၊ **ဟောတိ**– ဖြစ်တတ်၏၊ **သဗ္ဗဒါ**– အခါခပ်သိမ်း၊ **နဟောတိ**– မဖြစ်ချေ။

ဒီဂါထာရဲ့ အဓိပ္ပာယ်က ဤကမ္ဘာမြေကြီးဟာ ဖြစ်ပြီးလျှင်ပျက်, ပျက်ပြီး အသစ်ဖြစ်ပြန်တယ်၊ ဤသို့ ဖြစ်ဖြစ်သမျှသော ကမ္ဘာတိုင်းမှာ ဘုရားမပွင့်ဘူး၊ ဘုရားပွင့်တဲ့ ကမ္ဘာဟာ အလွန်နည်းတယ်၊ ဘယ်လောက် နည်းသလဲဆိုပါလျှင် သုမေဓာရသေ့ ဗျာဒိတ်တော်ခံသော ဒီပင်္ကရာဘုရားပွင့်ရာ ကမ္ဘာမှ ယခု ဂေါတမ ဘုရား ပွင့်တော်မူရာ ဘဒ္ဒကမ္ဘာတိုင်အောင် ကမ္ဘာပေါင်း ၄–အသင်္ချေနှင့် တစ်သိန်း ရှိတယ်၊ ထိုမျှ များပြားတဲ့ ကမ္ဘာများအတွင်း ဘုရားပွင့်တဲ့ကမ္ဘာဟာ ၁၁–ကမ္ဘာ မျှသာ ရှိတယ်၊ ထို ၁၁–ကမ္ဘာမှာ ဖြစ်ပွင့်တော်မူကြတဲ့ ဘုရားရှင်ပေါင်းကလည်း ၂၈– ဆူမျှ သာရှိတယ်၊ ရှင်ဘ၀ ရဟန်းဘ၀ဆိုတာ ဘုရားပွင့်တော်မူရာ သာသနာ

http://www.dhammadownload.com



တွင်းကာလမှာသာ ဖြစ်နိုင်တယ်၊ သာသနာပကာလမှာ ရှင်ရဟန်း မဖြစ်နိုင်ဘူး၊ ဒါကြောင့် သတ္တဝါတွေဟာ ရဟန်းဖြစ်ခဲ့ရတဲ့ဘဝ အလွန်နည်းတယ်။

(၂)

**မနုဿလောက မညတြ ၊**
**အညေသု နတ္ထိ သဗ္ဗသော။**
**အန္တတော သုဒ္ဓါဝါသေပိ၊**
**ပဗ္ဗဇ္ဇာ အတိဒုလ္လဘာ။**

**မနုဿလောကံ**– လူ့ပြည်ကို၊ **အညတြ** – ကြဉ်ထား၍၊ **အညေသု**– တစ်ပါးသောဘုံတို့၌၊ **သဗ္ဗသော**– အခါခပ်သိမ်း၊ **ပဗ္ဗဇ္ဇာ**– ရှင်ရဟန်းအဖြစ်သည်၊ **နတ္ထိ**– မရှိ၊ **အန္တတော**– အယုတ်အားဖြင့်၊ **သုဒ္ဓါဝါသေပိ**– အနာဂါမ် ရဟန္တာတို့နေရာ စင်ကြယ်စွာသော သုဒ္ဓါဝါသဗြဟ္မာဘုံ၌သော်လည်း၊ **ပဗ္ဗဇ္ဇာ**– ရှင်ရဟန်းအဖြစ်သည်၊ **နတ္ထိ**– မရှိ၊ **တသ္မာ**– ထို့ကြောင့်၊ **ပဗ္ဗဇ္ဇာ**– ရှင်ရဟန်းအဖြစ်သည်၊ **အတိဒုလ္လဘာ**– အလွန် ရခဲလှချေ၏။

သတ္တဝါများ ကျင်လည် ကျက်စားရတဲ့ ဘုံက အပါယ် ၄–ဘုံ၊ ကာမသုဂတိ ၇–ဘုံ၊ ဗြဟ္မာ–၂၀ အားဖြင့် ၃၁–ဘုံ ရှိတယ်၊ ဒီ ၃၁– ဘုံအတွင်းမှာ ရဟန်းအဖြစ်ဟာ လူ့ဘုံမှာသာ ရှိတယ်၊ သုဒ္ဓါဝါသဗြဟ္မာဘုံသော်လည်း မရှိဘူး၊ ဒါကြောင့် သံသရာမှာ ကျင်လည်စဉ် ရဟန်းဘဝ ရဖို့ဆိုတာ အလွန်ခက်ပါတယ်တဲ့။

(၃)

**မနုဿတ္တံ ဌပေတွာန၊**
**အညေသု နတ္ထိ သဗ္ဗသော။**
**အန္တတော သက္ကဘာဝေပိ၊**
**ပဗ္ဗဇ္ဇာ အတိဒုလ္လဘာ။**

**မနုဿတ္တံ**– လူ၏အဖြစ်ကို၊ **ဌပေတွာန**– ထား၍၊ **အညေသု**– တစ်ပါးသော အဖြစ်တို့၌၊ **သဗ္ဗသော**– အချင်းခပ်သိမ်း၊ **ပဗ္ဗဇ္ဇာ**– ရှင်ရဟန်း အဖြစ်သည်၊ **နတ္ထိ**– မရှိ၊ **အန္တတော** – အယုတ်အားဖြင့်၊ **သက္ကဘာဝေပိ**– သိကြားမင်းအဖြစ်၌သော်လည်း၊ **ပဗ္ဗဇ္ဇာ**– ရှင်ရဟန်းအဖြစ်သည်၊ **နတ္ထိ**– မရှိ၊ **တသ္မာ**– ထို့ကြောင့်၊ **ပဗ္ဗဇ္ဇာ**– ရှင်ရဟန်းအဖြစ်သည်၊ **အတိဒုလ္လဘာ**– အလွန်ရခဲ၏။

ရှင်ရဟန်းဆိုတာ လူသားဘဝမှ ဝတ်လို့ ဖြစ်တယ်၊ လူသားမဟုတ်ခဲ့လျှင် အလွန် ဘုန်းတန်ခိုးကြီးမားတဲ့ သိကြားမင်းဖြစ်စေ သင်္ကန်းဝတ်လို မဖြစ်ဘူး၊ ဒါကြောင့် ရှင်ရဟန်းဖြစ်ရန် အလွန်ခဲယဉ်းသတဲ့။

http://www.dhammadownload.com



(၄) **သမ္ဗုတ္တာ ပိ မနုဿတ္တံ၊**
**အဘဗ္ဗာ ပဏ္ဍကာဒယော။**
**ပဗ္ဗာဇ္ဇာယ ပဋိက္ခိတ္တာ၊**
**တသ္မာ သာ အတိဒုလ္လဘာ။**

**ပဏ္ဍကာဒယော**– ပဏ္ဍုက် အစရှိသည်တို့သည်၊ **မနုဿတ္တံ**– လူ့ဘဝကို၊ **သမ္ဗုတ္တာပိ**– ရောက်ကုန်ငြားသော်လည်း၊ **ပဗ္ဗဇ္ဇာယ**– ရှင်ရဟန်းပြုခြင်းငှာ၊ **အဘဗ္ဗာ**– မထိုက်ကုန်၊ **ပဗ္ဗဇ္ဇာယ**– ရှင်ရဟန်းအဖြစ်၌၊ **ပဋိက္ခိတ္တာ**– ပယ်အပ်ကုန်၏၊ **တသ္မာ**– ထို့ကြောင့်၊ **သာ**– ထိုရဟန်း အဖြစ်သည်၊ **အတိဒုလ္လဘာ**– အလွန်ရခဲ၏။

လူအဖြစ်ရလျှင် ရှင်ရဟန်းပြုနိုင်တယ် ဆိုသော်လည်း ပုဂ္ဂိုလ်တိုင်း ရှင်ရဟန်း မပြုနိုင်ဘူး၊ (**ပဏ်၊ ထေ၊ ပက်၊ ဆန်၊ ပဋ္ဌာနန်– ဒွိသံ ဥဘောဗျည်း၊ မထိုက်ပယ်ပစ်၊ တစ်ကျိပ်တစ်၊ ရှင်ချစ် ယောဝိနည်း**)ဆိုတဲ့ ရဟန်းမပြုထိုက်သော အဘဗ္ဗပုဂ္ဂိုလ် ၁၁–ယောက်အတွင်း ပါဝင်နေပြန်လျှင်လည်း ရှင်ရဟန်း မပြုနိုင်ပြန်ဘူး၊ ဒါကြောင့် ရှင်ရဟန်းအဖြစ် ခဲယဉ်းသတဲ့။

(၅) **သဗ္ဗဒေါသဝိယုတ္တော ယော၊**
**ကတပုညော သဟေတုကော။**
**ပဗ္ဗဇ္ဇာနုရူပေါ သော ဝ၊**
**တတော သာ အတိဒုလ္လဘာ။**

**ယော**– အကြင်သူသည်၊ **သဗ္ဗဒေါသ ဝိယုတ္တော**– အပြစ်ခပ်သိမ်းတို့မှ လွတ်၏၊ **ကတပုညော**– ပြုဖူးသော ကောင်းမှုရှိ၏၊ **သဟေတုကော**– သဟိတ် ပဋိသန္ဓေ ကောင်းစွာနေ၏၊ **သောဝ**– ထိုသူသည်သာလျှင်၊ **ပဗ္ဗဇ္ဇာနုရူပေါ**– ရဟန်း အဖြစ်အား လျောက်ပတ်၏၊ **တတော**– ထို့ကြောင့်၊ **သာ**– ထို ရှင်ရဟန်း အဖြစ်သည်၊ **အတိဒုလ္လဘာ**– အလွန်ရခဲ၏။

မိမိဟာ လူသားလည်း ဖြစ်တယ်၊ ဟောကျိုးလည်းဖြစ်တယ်၊ သာသနာတော်နှင့်လည်းကြုံတယ်၊ သို့သော်လည်း အဘဗ္ဗအဖြစ်မျိုးမှ လွတ်ကင်းသူလည်း ဖြစ်ရမယ်၊ ဇစ္စန္ဓ စသော အဟိတ်ပုဂ္ဂိုလ်မဟုတ်၊ သဟိတ်ပဋိသန္ဓေ တည်နေသူလည်း ဖြစ်ရမယ်၊ ရှေးဘဝက ကောင်းမှုအထုံပါလို့ ခုဘဝမှာ သက်န်းဝတ်လိုစိတ်လည်း ရှိရမယ်၊ အဲဒီပုဂ္ဂိုလ်မျိုးသာ ရှင်ရဟန်းဘဝနှင့် သင့်လျော်တယ်၊ ဒါကြောင့် ရဟန်းဘဝဟာ ခဲယဉ်းပါသတဲ့။

http://www.dhammadownload.com



(၆) **ဝဓာဒိသု ရတာ သတ္တာ၊**
**ပဗ္ဗဇ္ဇာယံ နိဝါရိတာ။**
**တာယ ဒူရံဝ ခံ ဘုမျာ၊**
**တသ္မာ သာ အတိဒုလ္လဘာ။**

**သတ္တာ**– သတ္တဝါတို့သည်၊ **ဝဓာဒိသု**– သူ့အသက်သတ်ခြင်း စသည်တို့၌၊ **ရတာ**– မွေ့လျော်ကြကုန်၏၊ **တေ**– ထိုသူ့အသက်သတ်ခြင်း စသည်တို့၌ မွေ့လျော်သူတို့ကို၊ **ပဗ္ဗဇ္ဇာယံ**– ရှင်ရဟန်းအဖြစ်၌၊ **နိဝါရိတာ**– တားမြစ် ဖယ်ရှားအပ်ကုန်၏၊ **ခံ**– ကောင်းကင်သည်၊ **ဘုမျာ**– မြေမှ၊ **ဒူရံဝ**– ဝေးသကဲ့သို့၊ **တေ**– ထိုသတ္တဝါတို့သည်၊ **တာယ**– ထိုရှင်အဖြစ် ရဟန်းအဖြစ်မှ၊ **ဒူရာ**– ဝေးကုန်၏၊ **တသ္မာ**– ထို့ကြောင့်၊ **သာ**– ထိုရှင်အဖြစ် ရဟန်းအဖြစ်သည်၊ **အတိဒုလ္လဘာ**– အလွန်ရခဲ၏။

သတ္တဝါတွေဟာ များသောအားဖြင့် ပုထုဇဉ်တွေ ဖြစ်ကြတဲ့အတွက် ရာဂ၊ ဒေါသ၊ မောဟ၊ မာန စတဲ့ အကုသိုလ်တရားတွေ အလွန် ထူပြောကြတယ်၊ ဒါကြောင့် တောလိုက်ခြင်း၊ ငါးဖမ်းခြင်းစတဲ့ သူ့အသက်သတ်မှုတွေ၊ သူတစ်ပါး ပစ္စည်းခိုးမှုတွေ၊ သူ့သားမယား ပြစ်မှားမှုတွေ၊ မုသားပြောမှုတွေ၊ သေရည်အရက် သောက်မှုတွေ အပေါ်မှာ အလွန်မွေ့လျော်ကြတယ်၊ နေ့ရှိသမျှ အကုသိုလ်မှုကို တွေးတယ်၊ အကုသိုလ်စကား ပြောတယ်၊ အကုသိုလ်အလုပ် လုပ်တယ်၊ ရှင်ရဟန်း ဖြစ်ခဲ့လျှင် အဲဒီ အကုသိုလ်မှုတွေ မလုပ်ရတော့ဘူး၊ ဘုရားရှင်က မလုပ်ရဘူးလို့ တားမြစ် ထားတယ်၊ ဒါကြောင့် ကောင်းကင်နှင့်မြေကြီး ဝေးကွာသလို ထိုပုဂ္ဂိုလ်တွေဟာလည်း ရှင်ရဟန်းအဖြစ်နှင့် အလွန် ဝေးကွာသွားတယ်၊ ဒါကြောင့် ရှင်ရဟန်း အဖြစ်ရဖို့ဟာ အလွန်ခက်တယ်။

(၇) **သတ္တာ ဘုဉ္ဇန္တိ ခါဒန္တိ၊**
**ပိဝန္တိ စ ယထာရုစိ။**
**ပဗ္ဗဇ္ဇာယံ ပဋိက္ခိတ္တာ၊**
**တသ္မာ သာ အတိဒုလ္လဘာ။**

**သတ္တာ**– သတ္တဝါတို့သည်၊ **ယထာရုစိ**– အလိုရှိတိုင်း၊ **ဘုဉ္ဇန္တိ စ**– စားလည်း စားကုန်၏၊ **ခါဒန္တိ စ**– ခဲလည်းခဲကုန်၏၊ **ပိဝန္တိ စ**– သောက်လည်း သောက်ကုန်၏၊ **တေ**– ထိုအပြုအမူတို့ကို၊ **ပဗ္ဗဇ္ဇာယံ**– ရှင်အဖြစ် ရဟန်းအဖြစ်၌၊ **ပဋိက္ခိတ္တာ**– ပယ်တော်မူအပ်ကုန်၏၊ **တသ္မာ**– ထို့ကြောင့်၊ **သာ**– ထို ရှင်အဖြစ် ရဟန်းအဖြစ်သည်၊ **အတိဒုလ္လဘာ**– အလွန်ရခဲ၏။

http://www.dhammadownload.com



လူသားဆိုတာ ဆာလျှင် ဆာတဲ့အချိန်မှာ စားတယ်၊ မကောင်း ကောင်းအောင် ချက်ပြုတ်ပြီး စားတယ်၊ မုန့်အမျိုးမျိုးလုပ်ပြီး စားတယ်၊ သောက်ချင်တဲ့အချိန် သောက်တယ်၊ ရှင်ရဟန်းကတော့ ဒီလို မဟုတ်ဘူး၊ နံနက်အချိန်သာ စားရတယ်၊ နေလွဲချိန်မှာ မစားရဘူး၊ ကိုယ်စားချင်တာလည်း မစားရဘူး၊ သူတစ်ပါးလှူတာသာ စားရတယ်၊ သတ္တဝါတစ်ဦးရဲ့ ရပ်တည်မှုဟာ အစာအာဟာရဖြစ်တယ်၊ **သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ**လို့ ဟောထားတယ်၊ ခန္ဓာကိုယ် ရပ်တည်နေနိုင်မှုအတွက် အစာအာဟာရကို အမြဲ စားသောက်နေကြရတယ်၊ တချို့ဆိုလျှင် တစ်နေ့လုံး ပါးစပ်နှင့်အစာ မပြတ်စားနေကြတယ်၊ ဒါကြောင့် အစာအာဟာရကို အမွန်မြတ် ဆုံးလို့ ယူဆထားကြတယ်၊ အဲဒီလို အမြတ်ဆုံးလို့ ယူဆထားကြတဲ့ အစာအာဟာရ ကို စားချင်တိုင်း မစားရတဲ့ ရှင်ဘဝ ရဟန်းဘဝ ခံယူဖို့အတွက် လူသားတွေမှာ ခက်နေကြတယ်၊ ဒီနေရာမှာ စကားစပ်မိလို့ မဇ္ဈိမပဏ္ဏာသပါဠိတော်ကလာတဲ့ လဋုကိကောပမသုတ်ကို အကျဉ်းချုပ် ပြောပြဦးမယ်"

"မှန်ပါ၊ မိန့်တော်မူပါ ဘုရား"

"မြတ်စွာဘုရားသခင် အင်္ဂုတ္တရာပတိုင်း အာပဏ နိဂုံးမှာ သီတင်းသုံးတော် မူစဉ်က အရှင်ကာဠုဒါယီဟာ ဘုရားရှင်ရဲ့ မေတ္တာကရုဏာတော်နှင့် အရှည်မြော်ခေါ် နိုင်တဲ့ ဉာဏ်တော်ကို တွေးမိတဲ့အတွက် ဘုရားသခင်ထံတော်ပါး ချဉ်းကပ်ပြီး ဒီလို လျှောက်ထားသတဲ့ကွယ့်၊ "အရှင်ဘုရား–တပည့်တော်များသည် ရှေးအခါက တစ်နေ့ပတ်လုံး အလိုရှိတိုင်း စားသောက်ခဲ့ကြပါသည်၊ ဘုရားရှင်က နေလွဲသော အခါ စားခြင်းကို ပယ်ကြရမည်ဟု ပညတ်ချက်ထုတ်သောအခါ တပည့်တော်တို့ အား စိတ်ဆင်းရဲမှု ဖြစ်ကြရပါသည်၊ လူသားသည် နံနက်တစ်ထပ် ညတစ်ထပ်ဟု နှစ်ထပ် စားကြရာတွင် နံနက်အထပ်ကို ဖြစ်သလိုစား၍ ညစာအထပ်ကိုသာ မွန်မွန်မြတ်မြတ် ပြုလုပ်စားသောက်ကြပါသည်၊ ထိုမွန်မြတ်သော အစာကို စွန့်ကြ ရမည်ဖြစ်၍ အမှန်ပင် တပည့်တော်များ စိတ်ဆင်းရဲကြရပါသည်၊ သို့သော်လည်း ဘုရားရှင်၌ ချစ်ခြင်း၊ ရိုသေခြင်း၊ ရှက်ကြောက်ခြင်းတို့ကြောင့် ပညတ်တော်အတိုင်း ညအစာ စားခြင်းကို ပယ်ခဲ့ကြပါသည်၊ အခုအခါ မေတ္တာတော် ကရုဏာတော်နှင့် အရှည်မြော်ခေါ်နိုင်သော ဉာဏ်တော်တို့ကို မျက်ဝါးထင်ထင် သိမြင်ခဲ့ပါသည်။

တပည့်တော်များသည် ညစာစားစဉ် ကာလက ဝမ်းရေးအတွက် ညဥ့်မှောင် မိုက်၌ ဆွမ်းခံလှည့်ရင်း အညစ်အကြေးကိုလည်း နင်းမိကြ၏၊ ရွံ့ညွန်တွင်းသို့ လည်း ကျ၏၊ ဆူးငြောင့်ကိုလည်း နင်းမိ၏၊ အိပ်နေသောနွားကိုလည်း နင်းမိ၏၊

http://www.dhammadownload.com



သူခိုးဓားပြတို့နှင့်လည်း ကြုံတွေ့၍၊ ရာဂသောင်းကျန်းသော မိန်းမ၏ ဖိတ်ခေါ်ခြင်းကိုလည်း ခံရ၍၊ တစ်ကြိမ်တွင် တပည့်တော် မှောင်မိုက်အတွင်း ဆွမ်းခံလှည့်စဉ် လျှပ်စစ်အရောင်ဖြင့် ခွက်ဆေးနေသော မိန်းမက မြင်၍ 'အမလေး–ဘီလူးကြီး ဘီလူးကြီး'ဟု ဟစ်အော်ပြောဆိုခြင်းကို ခံခဲ့ရပါသည်၊ တပည့်တော်က 'ငါဟာ ဆွမ်းခံရဟန်းပါ၊ ဘီလူးမဟုတ်ပါ'ဟု ပြောသောအခါ ထိုမိန်းမက ထက်သော ဓားဖြင့် ဝမ်းဗိုက်ကို ထိုးဖောက်ရခြင်းက မြတ်သေး၏၊ ဝမ်းစာအတွက် မှောင်မိုက်အတွင်း ဆွမ်းခံရခြင်းကား မမြတ်ဟု ဆိုပါသည်၊ ထိုအကြောင်းကို စဉ်းစားမိ၍ မြတ်စွာဘုရား၏ မေတ္တာတော် ကရုဏာတော် အရှည်မြော်ခေါ်နိုင်သော ဉာဏ်တော်တို့ကို အမှတ်ရမိပါသည်"လို့ လျှောက်ထားသတဲ့ကွယ့်။

ဒါကြောင့် အစားအစာနှင့်ပတ်သက်ပြီး ပညတ်ချက်အမျိုးမျိုး၊ တားမြစ်ချက်အမျိုးမျိုး ရှိနေတဲ့ ရှင်အဖြစ်, ရဟန်းအဖြစ် ခံယူဖို့အတွက် လူသားတွေမှာ အလွန်ခက်နေတယ်။

(၈)

**ဒွယံ ဒွယံ စ အဓိကာ၊**
**နရာ ရမန္တိ သဗ္ဗဒါ။**
**ကောာ ရာမာ ပဗ္ဗဇိတာ၊**
**ဒူရာ ညောညာတိ ဒုလ္လဘာ။**

**နရာ**– လူသားတို့သည်၊ **သဗ္ဗဒါ**– အခါခပ်သိမ်း၊ **ဒွယံ ဒွယံ စ**– နှစ်ယောက် နှစ်ယောက်လည်းကောင်း၊ **အဓိကာစ**– ထို့ထက်အလွန်တို့လည်းကောင်း၊ **ရမန္တိ**– မွေ့လျော် ပျော်ပါးကုန်၏၊ **ပဗ္ဗဇိတာ**– ရှင်ရဟန်းတို့သည်၊ **ကောာရာမာ**– တစ်ယောက်တည်းသာ မွေ့လျော်ရကုန်၏၊ **အညောညာ**– လူနှင့် ရှင်ရဟန်းတို့သည်၊ **ဒူရာ**– ကောင်းကင်မြေပမာ ဝေးကွာကုန်၏၊ **တသ္မာ**–ထို့ကြောင့်၊ **အတိဒုလ္လဘာ**– အလွန် ရခဲကုန်၏။

လူသားဆိုတာ တစ်ဦးတည်းနေလို့မဖြစ်ဘူး၊ အပေါင်းအသင်း ရှိရာနောက် လိုက်နေကြရတယ်၊ တစ်ဦးတည်းဆိုလျှင် ပျင်းရိတတ်ကြတယ်၊ ရှင်ရဟန်းဆိုတာ တစ်ဦးတည်းသမားဖြစ်တယ်၊ တစ်ဦးတည်း တရားကျင့်လို့ ဖြစ်စေ စာကြည့်လို့ ဖြစ်စေ ပျော်မွေ့နေကြရမြဲဖြစ်တယ်၊ ဒါကြောင့် အပေါင်းအသင်းနဲ့ ပျော်မွေ့တဲ့ ဘဝက တစ်ဦးတည်း ပျော်မွေ့ရတဲ့ ရဟန်းဘဝကို တက်ရောက်ဖို့ဆိုတာ အလွန် ခက်ခဲသတဲ့၊ ပြီးတော့ လူသားဘဝဆိုတာ လင်မယား၊ အမိအဖ ဆွေမျိုးဉာတကာ

http://www.dhammadownload.com



အနှောင်အဖွဲ့ကြားမှာ ကျက်စားနေကြသူတွေ ဖြစ်တယ်၊ ရဟန်းဘဝဆိုတာ ဒီအနှောင်အဖွဲ့တွေကို ရန်းဖြတ်ရတဲ့ဘဝ ဖြစ်တယ်၊ ဒီအနှောင်အဖွဲ့တွေဟာ မမြင်ရသော်လည်း အလွန်ခိုင်မာတဲ့ကြိုးတွေ ဖြစ်တယ်၊ ဒီကြိုးတွေကို ဖြတ်တောက်နိုင်ဖို့ဆိုတာ အလွန် ခက်ခဲတယ်၊ ရှင်ရဟန်းဘဝဖြစ်ဖို့ ခက်လို့ ဘဝပေါင်းများစွာကျင်လည်ခဲ့သော်လည်း ရှင်ရဟန်း မဖြစ်ခဲ့ကြဘူး။

ပဋ္ဌာန်း ၂၄–ပစ္စည်းမှာ အာသေဝနပစ္စည်းကို ဘုရားရှင် ဟောထားတော်မူတယ်၊ အရာဝတ္ထုတစ်ခုကို ထပ်ပြန်တလဲလဲ ပြုခဲ့လျှင် အထုံဝါသနာဖြစ်လာသတဲ့၊ အဲဒါ အာသေဝနပစ္စည်းလို့ခေါ်တယ်၊ ကုသိုလ်ဖြစ်စေ အကုသိုလ်ဖြစ်စေ ကြိယာအဗျာကတဖြစ်စေ အဖန်တလဲလဲ ပြုလုပ်ခဲ့လျှင် အထုံဝါသနာ ဖြစ်လာတယ်၊ ရှင်ရဟန်းဘဝဆိုတာ လူ့ဘဝကကြည့်လျှင် အလွန် ပျင်းစရာဘဝပါပဲ၊ သို့သော်လည်း ရှင်ရဟန်းဝတ်ပြီး ရှင်ရဟန်းဘဝမှာ ကျင်လည်ခဲ့လျှင် အထုံဝါသနာဖြစ်ပြီး ရှင်ရဟန်းဘဝမှာ ပျော်လာတတ်တယ်၊ ရှင်ရဟန်းဘဝဟာ ပျင်းစရာပဲလို့ ဘယ်သောအခါမျှ ရှင်ရဟန်း မဝတ်ခဲ့လျှင် အာသေဝနပစ္စည်း မတတ်တဲ့အတွက် ကျွတ်တမ်းဝင်တဲ့ ဘဝတိုင်အောင် ရှင်ရဟန်းဝတ်နှင့် ကျွတ်တမ်းမဝင်ရ ဖြစ်တတ်တယ်။

ခမည်းတော် သုဒ္ဓေါဒနမင်းကြီးဟာ နောက်ဆုံး ခန္ဓပရိနိဗ္ဗာန် ဝင်စံသည်တိုင်အောင် ရဟန်းမဖြစ်ရခြင်းဟာ သံသရာဘဝမှာ ရှင်ရဟန်း မပြုခဲ့ခြင်းဟာ အကြောင်းတစ်ခု ဖြစ်တယ်။

## ဒုတိယအကြောင်း

"ရှင်ရဟန်း မဖြစ်ရခြင်းရဲ့ ဒုတိယအကြောင်းက ရှင်အဖြစ်၊ ရဟန်းအဖြစ်ဆိုတာ ပကတိသော လူသားဘဝမှ လူသားအဝတ်စွန့်ပြီး သင်္ကန်း၊သပိတ်၊ပရိက္ခရာနှင့်တကွ ရှင်ရဟန်းအသွင် ရောက်လာခြင်း ဖြစ်တယ်၊ သင်္ကန်း၊သပိတ်၊ပရိက္ခရာယခုဘဝမှာ လွယ်လွယ်ကူကူ ရတယ်ဆိုတာ အတိတ်ဘဝက သင်္ကန်း၊ သပိတ်၊ ပရိက္ခရာ လှူဖူးသော အကြောင်းကံရဲ့ အထောက်အပံ့ကြောင့် ဖြစ်တယ်၊ အကြင်ပုဂ္ဂိုလ်ဟာ အတိတ်ဘဝက သင်္ကန်း၊ သပိတ်၊ ပရိက္ခရာ မလှူခဲ့ဖူးလျှင် ရှင်ရဟန်းပြုခဲ့ဖူး သည့်တိုင်အောင် နောက်ဆုံးဘဝမှာ သင်္ကန်း၊ သပိတ်၊ ပရိက္ခရာနှင့် ဝေးတဲ့လူ့ဘဝနှင့် ပရိနိဗ္ဗာန် ဝင်စံရတတ်တယ်တဲ့၊ ဒီအကြောင်းကို ဓမ္မပဒ၊ ဋ္ဌ ပ၊ ၄၀၈၊ ၄၁၂– ဗာဟိယဒါရုစိရိယထေရ် ဝတ္ထုကို အကျဉ်းချုပ် ပြောပြရသေးတာပ"

"မိန့်တော်မူပါ ဘုရား"

http://www.dhammadownload.com



"ကဿပဘုရားရှင်ရဲ့ သာသနာတော် နောက်ပိုင်းမှာ သာမဏေရဟန်းတို့ရဲ့ အကျင့်ပျက်စီးတာကို မြင်လို့ ရဟန်းတော် ၇-ပါး သံဝေဂဉာဏ်ဖြစ်ပွားပြီးတော့ တောထွက်ခဲ့ကြသတဲ့၊ တောထဲရောက်တော့ တောင်ကလပ် တစ်ခုဏို တွေ့ကြတယ်၊ ဒီအခါ အသက်ငဲ့ကွက်ခြင်း ရှိကြတဲ့ ပုဂ္ဂိုလ်များပြန်ကြ၊ ငါတို့တော့ တောင်ထိပ်ပေါ် တက်ကျင့်မယ်လို့ ကြေညာတဲ့အခါ တောင်ထိပ်တက်ကျင့်ဖို့ အားလုံး သဘောတူကြတဲ့အတွက် လှေကားလုပ်ပြီး တောင်ထိပ်ပေါ်တက်ကြသတဲ့၊ တောင်ထိပ်ပေါ် ရောက်တော့ ဒီလှေကားရှိနေလျှင် ငါတို့အသက် ငဲ့ကွက်စရာ ဖြစ်နေမယ်၊ ဒါကြောင့် လှေကားကို စွန့်ပစ်ကြစို့လို့ သဘောတူကြပြီး လှေကားကို တွန်းချကာ တရားအားထုတ်ကြသတဲ့။

တစ်ရက်အလွန်မှာ သံဃထေရ်ဟာ ရဟန္တာဖြစ်တယ်၊ နှစ်ရက်အလွန်မှာ ဒုတိယမထေရ် အနာဂါမ်တည်ပြန်တယ်၊ ကျန်တဲ့ မထေရ်ငါးဦးကတော့ ပုထုဇဉ် ဘဝနှင့် ကွယ်လွန်ပြီး နတ်ပြည်မှာ ဖြစ်ကြသတဲ့၊ အခု ဂေါတမဘုရား ပွင့်ချိန်မှာ နတ်ပြည်က စုတေခဲ့ကြပြီး တစ်ယောက်က ပက္ကုသာတိမင်းဖြစ်တယ်၊ တစ်ယောက်က ရှင်ကုမာရကဿပ ဖြစ်တယ်၊ တစ်ယောက်က ဒါရုစီရိယဖြစ်တယ်၊ တစ်ယောက်က မလ္လာမင်းသား ဒဗ္ဗ ဖြစ်တယ်၊ တစ်ယောက်က သုဘိယပရိဗိုဇ် ဖြစ်တယ်၊ ဒါရုစီရိယဆိုတာ လူရဲ့နာမည်ရင်း မဟုတ်ဘူး၊ တုတ်ချောင်းတွေကိုစီပြီး ခါးမှာ ပုဆိုးလို ဝတ်ထားလို့ ဒါရုစီရိယလို့ ခေါ်တယ်၊ သူ့နာမည်ရင်းက ဗာဟိယတဲ့၊ သူက ဘာကြောင့် တုတ်ချောင်းတွေစီပြီး ဝတ်ရတာလဲဆိုတော့ သူ က ပင်လယ်ကူး သင်္ဘောနှင့် ကုန်အရောင်းအဝယ်လုပ်တဲ့ ကုန်သည်ကြီးကိုး၊ သမုဒ္ဒရာထဲမှာ သင်္ဘော ပျက်တော့ ပျဉ်ချပ်စီးပြီး မျောလာရာက သုပ္ပါရက ဆိပ်ကမ်းရောက်တယ်၊ ကမ်းစပ်ရောက်တော့ ဝတ်စရာအဝတ် မပါလာဘူး၊ ဒါကြောင့် တုတ်ချောင်းတွေကို လျှော်နှင့်တဲပြီး အဝတ်လို ဝတ်ရရှာတယ်၊ သူ့ကို လူတွေကမြင်တော့ ဒီပုဂ္ဂိုလ်ဟာ အလွန်ရှိုးခြိတဲ့ ပုဂ္ဂိုလ်မို့ ရဟန္တာဖြစ်မယ်ဆိုပြီး ဝိုင်းဝန်းပေးကမ်းကြတဲ့အတွက် ဒီနည်းဟာ တယ်ဟုတ်ပါလားလို့ သဘောကျပြီး အဝတ်ကို လုံးဝမဝတ်တော့ဘဲ တုတ်ချောင်းတွဲနှင့်ပင် ရဟန္တာလုပ်နေသတဲ့။

ဒီအချိန်မှာ ဘုရားရှင်ပွင့်တော်မူလို့ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေပြီ၊ ဒါပေမယ့် ဘုရားပွင့်တော်မူကြောင်းကို သူ မသိသေးဘူး၊ ဒီအခါ တောင်ထိပ်ပေါ် တရားကျင့်စဉ် အနာဂါမ်တည်ပြီး ဗြဟ္မာဖြစ်သွားသူက ငါ့ရဲ့ သီတင်းသုံးဖော်ဟာ ရဟန္တာမဟုတ်ပါဘဲ သူတစ်ပါး သမုတ်တာနှင့် ရဟန္တာ

http://www.dhammadownload.com



လုပ်နေတယ်၊ ဘုရားပွင့်ကြောင်း သတိပေးဦးမှလို့ ညအခါ ဗြဟ္မာ့ပြည်ကလာပြီး သာဝတ္ထိမြို့မှာ ဘုရားပွင့်နေကြောင်း သတိပေးတယ်၊ သတိပေးစကားကို ကြားလျှင် ကြားချင်း သူဟာ သုပ္ပါရက သင်္ဘောဆိပ်ကထွက်ပြီး သာဝတ္ထိပြည်ကို အရောက် သွားတယ်၊ သုပ္ပါရကနှင့် သာဝတ္ထိဟာ ယူဇနာပေါင်း ၁၂၀–ကွာဝေးတယ်၊ ဒီလောက်ကွာဝေးတဲ့ ခရီးကို ရိုးရိုးသွားလျှင် တစ်ရက် တစ်ယူဇနာနှင့် ရက်ပေါင်း ၁၂၀–သွားရမယ်၊ ခုတော့ ဗြဟ္မာရဲ့တန်ခိုး ဘုရားရှင်ရဲ့တန်ခိုးကြောင့် တစ်ညအိပ်နှင့် ရောက်သွားသတဲ့၊ သာဝတ္ထိပြည် သူရောက်တဲ့အချိန်မှာ ဘုရားရှင် မြို့တွင်း ဆွမ်းခံ ကြွနေတယ်၊ သူဟာ ဆွမ်းခံကြွနေတဲ့ ဘုရားရှင်ထံ အရောက်သွားပြီး သူ့ကို တရားဟောပါလို့ လျှောက်တယ်၊ ဘုရားရှင်က တရားဟောချိန် မဟုတ်သေးဘူးလို့ နှစ်ကြိမ်ပယ်တယ်၊ သုံးကြိမ်မြောက် တောင်းပန်မှ **ဒိဋ္ဌေ ဒိဋ္ဌမတ္တံ** တရားအတိုကို ဟောတယ်၊ သူဟာ တရားနာတုန်းပင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာအဖြစ် ရောက်သွားတယ်၊ ရဟန္တာ ဖြစ်ဖြစ်ချင်း သူ့ကို ရဟန်းပြုပေးဖို့ ဘုရားရှင်ကို လျှောက်တယ်၊ ဘုရားရှင်က ရဟန်းပြုချင်လျှင် သပိတ်,သင်္ကန်း ရှာချေလို့ မိန့်တော်မူတဲ့အတွက် သပိတ်,သင်္ကန်း အရှာထွက်ရာမှာ ဘီလူးမက နွားမအသွင် ဖန်ဆင်း ဇော့ခတ်လို့ လူသားဘဝနှင့် ပရိနိဗ္ဗာန် ဝင်စံရသတဲ့။

ဗာဟိယဒါရုစီရိယဟာ ကဿပဘုရား သာသနာတော်မှာ နှစ်ပေါင်း နှစ်သောင်း ရဟန်းပြုခဲ့ဖူးသော်လည်း ယခုနောက်ဆုံးဘဝမှာ ရဟန်း မဖြစ်ခဲ့ရဘူး၊ အဲဒါဘာကြောင့်တုန်းဆိုတော့ သူ ရဟန်းဘဝနေခဲ့စဉ်က ရဟန်းတရားကိုတော့ အားထုတ်ပါရဲ့၊ သို့သော်လည်း သူ့ရဲ့ နှလုံးသွင်းက ရဟန်းဆိုတာ သူတစ်ပါး လှူဒါန်းတာကို တောင်းခံ စားသောက်တတ်တဲ့ ဘိက္ခု အမျိုးအစားဖြစ်တယ်၊ မိမိ ပိုင်ပစ္စည်းကို လှူဒါန်းပေးကမ်းတတ်တဲ့ ဒါယကာ အမျိုးအစားမဟုတ်ဘူးလို့ ယူဆထားတယ်၊ အဲဒီအယူအဆကြောင့် နှစ်ပေါင်း နှစ်သောင်းကြာအောင် ရဟန်း ပြုခဲ့သော်လည်း ဘယ်ရဟန်းတစ်ပါးကိုမှ သပိတ်,သင်္ကန်း မပေးလှူခဲ့ဖူးဘူးတဲ့၊ သပိတ်,သင်္ကန်း မပေးလှူခဲ့ဖူးတဲ့အတွက်ကြောင့် ယခု နောက်ဆုံးဘဝမှာ ရဟန်း အဖြစ်မရောက်ဘဲ လူသားရဟန္တာအဖြစ်နှင့် ပရိနိဗ္ဗာန် ဝင်စံရတယ်”လို့ ဓမ္မပဒ အဋ္ဌကထာမှာ ဖွင့်ပြထားတယ်။

သံသရာတစ်ခွင် ကျင်လည် ကျက်စားရစဉ်ကာလမှာ ဗုဒ္ဓသာသနာတော်နှင့် ကြုံတွေ့ဖို့ဆိုတာ အလွန်ခက်တယ်၊ သာသနာပမှာ အဖြစ်များတော့ သာသနာတော် တွင်း အလှူဖြစ်တဲ့ သပိတ်,သင်္ကန်းလှူရဖို့ဆိုတာ အလွန်ခက်တယ်၊ သာသနာတော်

http://www.dhammadownload.com



တွင်း ကာလနှင့်ကြုံပြန်ဦး သာသနာတော်ကို ယုံကြည်သူဖြစ်ဖို့ဆိုတာ ခက်ပြန်တယ်၊ သာသနာတော်ကို ယုံကြည်သူဖြစ်စေဦး၊ ဉာဏသမ္ပယုတ်စိတ်နှင့် သပိတ်သင်္ကန်း လှူဒါန်းဖို့ဆိုတာ ခက်ပြန်တယ်၊ ဒါကြောင့် ကျွတ်တမ်းဝင်သွားတဲ့ ပုဂ္ဂိုလ်တွေ အပွမေယျ အသင်္ချေယျ အလွန်များပြားသော်လည်း ရဟန်းဘဝနှင့် ကျွတ်တမ်းဝင်သူ နည်းပါးရခြင်းဖြစ်တယ်၊ သုဒ္ဓေါဒနမင်းကြီးဟာ ဘုရားရှင်ရဲ့ ခမည်းတော်ကြီး မှန်ပါတယ်၊ သို့သော် သံသရာတစ်ခွင် ကျင်လည် ကျက်စားစဉ် ကာလက ရဟန်း မပြုခဲ့ဖူးခြင်း၊ သပိတ်,သင်္ကန်း မလှူခဲ့ဖူးခြင်းကြောင့် ယခု နောက်ဆုံးဘဝမှာ လူဝတ်နှင့် ပရိနိဗ္ဗာန် ဝင်စံတော်မူရတယ်လို့ မှတ်ယူသင့်တာ ပေါ့ကွယ်။

## မယ်တော်မာယာ

"ပထမပြဿနာ ဖြေဆိုပြီးလို့ ဒုတိယပြဿနာ ဖြေလိုက်ကြဦးစို့"

"မှန်ပါ၊ ဖြေတော်မူပါ ဘုရား"

"ဒုတိယပြဿနာက–

(က) မယ်တော်မာယာသည် ဘုရားငါးဆူတို့၏ မယ်တော် ဟုတ်,မဟုတ်၊

(ခ) မယ်တော်မာယာ ဘယ်တော့ ကျွတ်တမ်း ဝင်မလဲတဲ့၊ဟုတ်လား"

"ဟုတ်ကြောင်းပါ ဘုရား"

"မယ်တော်မာယာဟာ ဘုရားငါးဆူတို့ရဲ့ မယ်တော်ဖြစ်၍ နောင်အရိမေတ္တေယျ ဘုရားလောင်းကိုပင် သန္ဓေပိုက်ရဦးမယ်လို့ အရပ်စကားအဖြစ်ဖြင့် ပြောတတ်ကြတယ်၊ သို့သော်လည်း မယ်တော်မာယာ ဘုရားငါးဆူရဲ့ မယ်တော် ဖြစ်ကြောင်း ထေရဝါဒကျမ်းဂန်တွေမှာတော့ မတွေ့ဖူးဘူး၊ မဟာယာနကျမ်းတွေမှာ ပါ,မပါတော့ မပြောနိုင်ဘူးပေါ့ကွယ်၊ ဒါကြောင့် ထေရဝါဒအလိုအားဖြင့် မယ်တော်မာယာ ဘုရားငါးဆူတို့ရဲ့မယ်တော် မဟုတ်၊ ဂေါတမဘုရားရှင်ရဲ့ မယ်တော်သာ ဖြစ်ကြောင်း ဖြေကြားလိုက်ပါတယ်ကွယ်"

ပြဿနာ(ခ)က မယ်တော်မာယာ ဘယ်တော့ ကျွတ်တမ်းဝင်မလဲတဲ့၊ ကျွတ်တမ်းဝင်တယ်ဆိုတာ ရုပ်နာမ်အဖြစ်က ကျွတ်လွတ်ပြီး ခန္ဓပရိနိဗ္ဗာန် ဝင်စံတာကို ခေါ်တာပဲ၊ ခန္ဓပရိနိဗ္ဗာန် ဝင်စံတယ်ဆိုတာလည်း အာသဝေါကုန်ခန်း ရဟန္တာဖြစ်ပြီးမှ ခန္ဓပရိနိဗ္ဗာန် ဝင်စံနိုင်တယ်၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်များဟာ အာသဝေါ အကုန် မပယ်နိုင်သေးတဲ့အတွက် ဘဝ ကျန်နေသေးတယ်၊ ခန္ဓပရိနိဗ္ဗာန်

http://www.dhammadownload.com



မဝင်စံနိုင်သေးဘူး၊ ဓမ္မပဒ၊ ဋ္ဌ၊ ဒု၊ ၁၄၅–ဒေဝေါရောဟဏဝတ္ထုအဆိုအရ ဘုရားရှင်တာဝတိံသာမှာ ဝါဆိုပြီး အဘိဓမ္မာ ခုနစ်ကျမ်း ဟောလို့ပြီးတဲ့အခါ နတ်ပေါင်းကုဋေရှစ်သန်း သစ္စာလေးပါးတရားကို သိကြတယ်၊ မယ်တော်မာယာ ဖြစ်ဖူးတဲ့သန္တုသိတနတ်သား သောတာပန်တည်တယ်လို့ **"ဒေသနာ ဝသာနေ အသီတိ ကောဋိ သဟဿာနံ ဒေဝတာနံ ဓမ္မာဘိသမယော အဟောသိ၊ မဟာမာယာ ပိ သောတာပတ္တိ ဖလေ ပတိဋ္ဌဟိ"**လို့ ဖွင့်ပြထားတယ်၊ ဒါကြောင့် မယ်တော်မာယာ သောတာပန်တော့ တည်ပြီးပြီ၊ သို့သော်လည်း အထက်မဂ်,ဖိုလ် ပေါက်သွားပြီလို့တော့ ဖွင့်ပြချက် မရှိဘူး၊ အထက်မဂ်,ဖိုလ် မပေါက်တဲ့အတွက် ရုပ်နာမ်ဆိုတဲ့ ဝဋ်ဒုက္ခမှာ ပျော်မွေ့နေတဲ့ (ဝဋ္ဋာဘိရတ ပုဂ္ဂိုလ်)လား ဆိုပြန်တော့ ဝဋ္ဋာဘိရတ ပုဂ္ဂိုလ်စာရင်းမှာလည်း မပါဘူး။

ဝဋ်ဒုက္ခမှာ ပျော်မွေ့တဲ့အတွက် သောတာပန်ဖြစ်ပြီးနောက် နတ်ပြည်ခြောက်ထပ်မှာ အစဉ်အတိုင်း စံစားပြီး အကနိဋ္ဌဘုံရောက်မှ ပရိနိဗ္ဗာန် ဝင်စံကြမည့် ဘုံစဉ်စံ ပုဂ္ဂိုလ်များက– (၁) အနာထပိဏ်သူဌေး၊ (၂) ဝိသာခါ ကျောင်းအမကြီး၊ (၃) စူဠရထနတ်သား၊ (၄) မဟာရထနတ်သား၊ (၅) အနေကဝဏ္ဏနတ်သား၊ (၆) နာဂဒတ္တနတ်သားနှင့် (၇) သိကြားမင်းတို့ ဖြစ်ကြောင်း မဟာဝဂ္ဂသံယုတ် ဋ္ဌ၊ ၂၇၁၊ သုတ်မဟာဝါ၊ ဋ္ဌ၊ ၃၃၂–မှာ ဆိုတယ်၊ ဒါကြောင့် မယ်တော်မာယာ ဘုံစဉ်စံ မဟုတ်ဘူး၊ သစ္စာလေးပါးကို ပိုင်းခြားထင်ထင် မြင်ပြီး သိပြီး ဖြစ်တဲ့အတွက် မကြာမီမဂ်အဆင့်ဆင့် ဖိုလ်အဆင့်ဆင့် တက်ပြီး ခန္ဓပရိနိဗ္ဗာန် ဝင်စံမည့်ပုဂ္ဂိုလ်လို့ မှတ်ယူသင့်တယ်ကွယ့်"

"မှန်ပါ ဒီလောက်ဆိုလျှင် ဒီအဖြေကို မေးသူ ကျေနပ်လိမ့်မယ်လို့ယူဆပါတယ်၊ ဆရာတော်ရဲ့ အဖြေကို နာခံရင်း တပည့်တော်မှာ ပြဿနာတစ်ခုပေါ်ခဲ့ပါတယ်၊ မေးခွင့်ပြုပါဦးဘုရား"

"မေးပါ မေးပါ၊ ဘာပြဿနာများ ပေါ်လာပြန်တာတုံး"

"ပြဿနာက တခြားမဟုတ်ပါဘူး၊ မယ်တော်မာယာဟာ ဘုရားရှင်ရဲ့မယ်တော်ကြီး ဖြစ်ပါလျက်နှင့် ဘာကြောင့် အသက် တိုရသလဲဆိုတာပါပဲဘုရား"

"အဲဒီ ပြဿနာကို အရှင်အာနန္ဒာက မေးပြီးသားကပဲကွယ့်"

"မှန်ပါ ဘယ်လို မေးပါသလဲ၊ အမိန့်ရှိပါဦး ဘုရား"

"အရှင်အာနန္ဒာ မေးပုံကို ဥဒါန်းပါဠိတော် အပ္ပာယုကသုတ်မှာ ဒီလိုဆိုသကွယ့်၊

http://www.dhammadownload.com



ဘုရားသခင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ စံနေတော်မူစဉ်က အရှင်အာနန္ဒာဟာ ဘုရားရှင်ထံတော်ပါး ချဉ်းကပ်ပြီး "အရှင်ဘုရား–အံ့ဩဖွယ်ရှိပေစွ၊ မဖြစ်ဖူးမြဲ ဖြစ်ပေစွ၊ မယ်တော်မာယာသည် အလွန်နည်းသော အသက်ရှိ၏၊ ဘုရားရှင်ကို ဖွားမြင်ပြီးနောက် ခုနစ်ရက်မြောက်၌ ကွယ်လွန်၍ တုသိတာ နတ်ပြည်၌ ဖြစ်ပါ၏"ဟု လျှောက်၏၊ ဘုရားရှင်က "အာနန္ဒာ–ဟုတ်ပေ၏၊ ဘုရားရှင် မယ်တော်တို့သည် နည်းသောအသက် ရှိကုန်၏၊ ဘုရားရှင်ကို ဖွားမြင်ပြီးနောက် ခုနစ်ရက်မြောက်၌ ကွယ်လွန်ကြ၍ တုသိတာနတ်ပြည်၌ ဖြစ်ကြကုန်၏"ဟု မိန့်တော်မူ၏၊ ဒီအမေးအဖြေမှာ မယ်တော်မာယာ ဘာကြောင့် အသက်တိုသလဲ မေးတော့ အဖြေက ဘုရားလောင်းမယ်တော်ဖြစ်လို့ အသက်တိုတယ်လို့ ဖြေဆိုထားတယ်၊ ဘုရားအလောင်း မယ်တော်တို့မည်သည် ဘုရားလောင်းကို ဖွားမြင်ပြီး ခုနစ်ရက်လည်လျှင် ကွယ်လွန်ရမြဲဖြစ်တယ်၊ ဒါကြောင့် ဘုရားလောင်း ပဋိသန္ဓေယူခါနီး ကြည့်ခြင်းကြီးငါးပါး အတွင်းမှာ မာတုအာယုပရိစ္ဆေဒ ဖွားမြင်ပြီးနောက် ခုနစ်ရက်မြောက်၌ မယ်တော် ကွယ်လွန်ရမည့်အသက် အပိုင်းအခြား (ဓမ္မပဒ၊ ၄၊ ပ၊ ၅၃)ဆိုတာ ပါနေတာပေါ့၊ ဒီနေရာမှာ အသက်တိုတဲ့ မယ်တော်ဘဝကို မာယာဒေဝီဟာ ဘယ်လိုဆုတောင်းကြောင့် ရခဲ့ပါလိမ့်လို့ မယ်တော်မာယာရဲ့ ဘဝကို ပြန်ကြည့်လိုက်တော့ ဝေဿန္တရာဇာတ်မှာ ဒီလို တွေ့ရသကွယ့်"

"အမိန့်ရှိပါဦး ဘုရား"

"လွန်ခဲ့တဲ့ ၉၁–ကမ္ဘာထက်က ဝိပဿီမြတ်စွာဘုရား ထင်ရှားပွင့်တော်မူဖူးတယ်၊ ဝိပဿီမြတ်စွာဘုရား ဗန္ဓုမတီပြည် မိဂဒါဝုန်ဥယျာဉ်မှာ စံနေတော်မူဆဲအခါက ဗန္ဓုမတီမင်း အထံကို အခြားသောမင်းက စန္ဒကူးနှစ်နှင့် ရွှေပန်းကုံး ဆက်သလာသတဲ့၊ ဗန္ဓုမတီမင်းကြီးဟာ စန္ဒကူးနှစ်ကို သမီးအကြီးကို ပေးပြီး ရွှေပန်းကုံးကိုတော့ သမီးအငယ်ကို ပေးသတဲ့၊ သမီးတော်နှစ်ဦးဟာ မွန်မြတ်တဲ့ လက်ဆောင်များကို ရတော့ ဒီလောက်မွန်မြတ်တဲ့ ရတနာကို ငါတို့ မသုံးဆောင်ဘူး၊ ဘုရားရှင်ကို လှူမယ်လို့ အကြံဖြစ်ပြီး ခမည်းတော်ကို လျှောက်ထားကြတယ်၊ ခမည်းတော်ကလည်း သင်တို့ သဘောအတိုင်း သင်တို့ပိုင်ပစ္စည်းကို လှူနိုင်တယ်လို့ မိန့်တော်မူတဲ့အတွက် သမီးကြီးက စန္ဒကူးနှစ်ကို အမှုန့်ပြု ကလပ်ပေါ် အပြည့်ထည့်ပြီး လှူတယ်၊ အချို့သော နံ့သာမှုန့်များကိုတော့ ဂန္ဓကုဋီတိုက်အတွင်း ကြဲဖြန့် ပူဇော်တယ်၊ အဲဒီလို ပူဇော်ပြီး ဤကောင်းမှုကြောင့် မြတ်စွာဘုရားရဲ့ မယ်တော်ဖြစ်ရပါလို၏လို့ ဆုတောင်းသတဲ့၊ သမီးတော် အငယ်ကတော့ ရွှေပန်းကုံး

http://www.dhammadownload.com



ကို ရင်လွှမ်းတန်ဆာပြုပြီး လှူတယ်၊ လှူပြီးတော့ ဤကောင်းမှုကြောင့် နိဗ္ဗာန် မရသေးသမျှ ကာလပတ်လုံး အကျွန်ုပ် ကိုယ်၌ ရင်လွှမ်းတန်ဆာ မပြတ်ဖြစ်ပါစေလို့ ဆုတောင်းသတဲ့၊ အဲဒီဆုတောင်းကြောင့် အစ်မကြီးဟာ မယ်တော်မာယာ ဖြစ်လာသတဲ့၊ ညီမငယ်ကတော့ ကဿပဘုရား ပွင့်စဉ်က ကိကီမင်းကြီးရဲ့ သမီးအကြီးဆုံး ဖြစ်လာတယ်၊ သူ့ရဲ့ ဆုတောင်းအတိုင်း မွေးစဉ်ကပင် ရင်လွှမ်းတန်ဆာပါလို့ (ဥရစ္ဆဒါမင်းသမီး)လို့ နာမည် ရခဲ့တယ်၊ အသက်ဆယ့်ခြောက်နှစ်အရွယ်မှာ ဘုရားအမှူးရှိတဲ့ သံဃာတော်များကို ဆွမ်းလှူစဉ် ဆွမ်းအနုမောဒနာ တရားတော်ကို နာရလို့ သောတာပန်တည်တယ်၊ နောင်အခါ ခမည်းတော် ကိကီမင်းကြီးက ဆွမ်း လုပ်ကျွေးရာမှာ ဘုရားရှင်ဟောတဲ့ တရားတော်ကို နာရင်း လူ့ဝတ်နှင့်ပင် အရဟတ္တဖိုလ်တည်တဲ့အတွက် ရဟန်းပြုပြီး ဘဝ အဆုံးသတ်ခဲ့သတဲ့ကွယ်။

မယ်တော်မာယာဟာ ကဿပဘုရားရှင်ကို ဖူးမြော်ရင်း ဒီမျှလောက် ထူးခြားတဲ့ ဘုရားရှင်ရဲ့ မယ်တော်ဖြစ်ရလျှင် ကောင်းမှပဲလို့ ဘုရားမယ်တော် ဖြစ်လိုတဲ့ စိတ်ကြောင့် မယ်တော်ဖြစ်ရပါလို၏လို့ ဆုတောင်းခဲ့တယ်၊ သူ့ဆုတောင်း အတိုင်း ဘုရားမယ်တော် ဖြစ်လာတယ်၊ ဘုရားမယ်တော်ဆိုတာ အလောင်းတော် ကို ဖွားပြီး ခုနစ်ရက်လည်လျှင် သေမြဲမို့ မယ်တော်မာယာလည်း အသက်ငယ်ငယ် နှင့် သေရရှာတယ်လို့ မှတ်တော့တာပေါ့ကွယ်”

“မှန်ပါ ကျေးဇူးကြီးလှပါပြီ ဘုရား”

“သာဓု–သာဓု–သာဓု”

❊ ❊ ❊



http://www.dhammadownload.com



# သောဘာသေယျ ရွတ်ဆိုပုံ

"ဟောဒီစာက ကသာမြို့၊ ဇေယျာချောင်ကျောင်း၊ ဦးကေသရရဲ့ မေးလျှောက်စာ ဖြစ်ပါတယ်ဘုရား"

"ဦးကေသရက ဘာတွေများ မေးထားတုံးကွယ့်"

"ဦးကေသရက ဥပသမ္ပဒ ကမ္မဝါစာ အဆုံးမှာ (သော ဘာသေယျ) ဆိုတဲ့ ပုဒ်တစ်ပုဒ်ပါသတဲ့ ဘုရား၊ အဲဒီပုဒ်ကို အချို့က (သော ဘာသေယ) လို့ ရွတ်ဆိုပြီး အချို့က (သော ဘာသင်ယ) လို့ ရွတ်ဆိုကြပါသတဲ့၊ ဒီနှစ်မျိုးသော ရွတ်ဆိုခြင်း အနက် အဘယ်ဆိုခြင်းက မှန်ကန်ပါသလဲလို့ မေးထားပါတယ်ဘုရား"

"အေးကွယ့် ဒီအချက်ကလေးဟာ အင်မတန် မေးသင့်တဲ့ အချက်ပါပဲ၊ ရဟန်းတော်မှန်သမျှ ဒီအချက်နှင့် ကင်းတဲ့ ပုဂ္ဂိုလ်ရယ်လို့ မရှိကြဘူး၊ ဒါကြောင့် သဒ္ဒါကျမ်းများကို လေ့လာကြည့်ရှုပြီး အဖြေပေးလိုက်မယ်ကွယ့်"

"မှန်ပါ–ပေးတော်မူပါဘုရား"

"ရှေးဦးစွာ ရူပသိဒ္ဓိကျမ်း သန္ဓိပိုင်းကလာတဲ့ "အသြေ ဒီဃာ"သုတ် ဖွင့်ပုံကို ပြောပြဦးမယ်၊ အသြေဒီဃာ–ဆိုတာ မဂဓဘာသာမှာ "အ အာ ဣ ဤ ဥ ဦ ဧ ဩ"လို့ သရ ရှစ်လုံးရှိတယ်၊ **တတ္ထော ဒန္တာ သရာ အဋ္ဌ**လို့ ကစ္စည်းကျမ်းမှာ သုတ်တည်ထားတယ်၊ အဲဒီ သရရှစ်လုံးအနက် အ–ဣ–ဥ သရသုံးလုံးကို **လဟု မတ္တာ တယော** ရဿာလို့ သုတ်တည်ပြီး ရဿလို့ အမည်မှည့်ထားတယ်၊ ဒီဃဆိုတာ နှစ်မတြာထက်ရှည်အောင် အသံရှည်ရှည် ရွတ်ဆိုရသော်လည်း နောက်က သံယုဂ်ခေါ်တဲ့ အက္ခရာနှစ်လုံးဆင့်နှင့် ကြုံခဲ့လျှင် ရှည်သော အသံဟာ တိုပြီး ရဿကဲ့သို့ ဖြစ်သွားတတ်သေးသတဲ့၊ ဒီအကြောင်းကို ရူပသိဒ္ဓိ

http://www.dhammadownload.com



ကျမ်းမှာ (ကွစိ သံယောဂတော ပုဗ္ဗာ ကောရော ကာရာ ရဿဏ္ဏ ဝုစ္စန္တေ၊ ယထာ၊ တွေ့၊ သေယျော၊ ဩဗ္ဘော၊ သောတ္တိ)လို့ ဖွင့်ဆိုထားတယ်၊ အဓိပ္ပာယ်က ဒီဃ သရကို ရှည်ရှည်ရွတ်ဖတ်ရမည် ဆိုသော်လည်း နောက်၌ သံယုဂ်ဆင့်နေလျှင် ရှေ့က ဒေီဃ၊ ဩဒီဃ တို့ကို ရဿသရကဲ့သို့ အသံတိုတို ရွတ်ရမယ်တဲ့၊ ဥပမာ မှာ တွေ့၊ သေယျော၊ ဩဗ္ဘော၊ သောတ္တိ တို့ကဲ့သို့ မှတ်ပါလို့ ဆိုလိုတယ်။

ဒီပြယုဂ်မှာ တွေ့ဆိုတာ ဒေီဃနောင် (တ) နှင့် (ထ) ကို ဆင့်ထားတယ်၊ အဲဒီလို အက္ခရာနှစ်လုံးဆင့်ထားတဲ့ သံယုဂ်ကြောင့် "ဧ"ဆိုတဲ့ ဒီဃဟာ (အစ်) လို့ ရဿသံထွက်လာစာယ်၊ ဩဗ္ဘော, သောတ္တိဆိုတဲ့ (ဩ) ဒီဃဟာလည်း (ဩ) လို့ ဒီဃသံ မထွက်တော့ဘဲ (အွတ်)လို့ ရဿအသံ ထွက်သွားတယ်၊ ရူပသိဒ္ဓိကျမ်းက ပြဆိုတဲ့ ယခုသံယုဂ်တွေဟာ ဝဂ်ဗျည်းသံယုဂ်ဖြစ်တယ်၊ ဒီဝဂ်ဗျည်းသံယုဂ်မှာ ဘာမျှ အငြင်းအခုံ မရှိပါဘူး၊ အားလုံး တညီတညွတ်တည်း လက်ခံကြတယ်။

(သေယျော) ဆိုတဲ့ ပြယုဂ်ကတော့ နောက်က (ယ)နှစ်လုံးဆင့်ထားတယ်၊ (ယ ရ လ ဝ သ ဟ) ဆိုတာတွေက ဝဂ်ဗျည်းမဟုတ်တဲ့ (အဝဂ်ဗျည်း)တွေ ဖြစ်တယ်၊ အဝဂ်ဗျည်း သံယုဂ်ကြောင့် ရှေးက ဒီဃသရကို အသံပြောင်းစေသော်လည်း ဝဂ်ဗျည်း သံယုဂ်လို ရဿအဖြစ်ရောက်အောင် မပြောင်းလဲစေနိုင်ဘူး၊ ဒီဃအသံ သည်ပင် တစ်မျိုးတစ်ဖုံဖြစ်ပြီး ပြောင်းလဲစေတတ်တယ်၊ ဒါကြောင့် ရူပသိဒ္ဓိဆရာက (ကွစိ)လို့ ထည့်ဖွင့်ထားတယ်၊ ကွစိ–ဆိုတာ အချို့သော ဒီဃသာ ရဿကဲ့သို့ အသံထွက်ပြီး အချို့သော ဒီဃကျတော့ ရဿကဲ့သို့ အသံမထွက်ဘူးလို့ ဆိုလိုတယ်၊ ဒီနေရာမှာ ရူပသိဒ္ဓိဆရာ ကွစိထည့်ပုံနှင့် ပတ်သက်ပြီး ဆရာများ ဖွင့်ပြပုံကို ဗဟုသုတအနေနှင့် ပြောပြဦးမယ်၊ သဒ္ဒါကျမ်းမှာ အက္ခရာနှစ်လုံးဆင့်ထားတဲ့ သံယုဂ်ဟာ နှစ်မျိုးရှိသတဲ့ကွယ့်"

"မှန်ပါ–မိန့်တော်မူပါ ဘုရား"

သံယုဂ်နှစ်မျိုးဆိုတာက ကေပဒသံယုဂ်နှင့် နာနာပဒသံယုဂ်တို့ ဖြစ်ကြသတဲ့၊ ကေပဒသံယုဂ်ဆိုတာ ရှေ့ဗျည်းနောက်ဗျည်း နှစ်လုံးတို့ဟာ ပုဒ်တစ်ပုဒ်တည်း ဖြစ်ကြတယ်၊ ပုဒ်တစ်ပုဒ်တည်းဆိုတာ ရှေးက ပုဒ်တစ်ခုစီပင်ဖြစ်စေ သမာသ်, တဒ္ဓိတ်, ကိတ်တို့နှင့် တွဲထားလို့ တစ်ပုဒ်တည်းဖြစ်နေတာကို ဆိုလိုတယ်၊ ဥပမာ မှာ ယခုပြဆိုပြီးတဲ့ တွေ့, သေယျော, ဩဗ္ဘော, သောတ္တိတို့လိုပေါ့၊ တွေ့အစရှိတဲ့ ဥဒါဟရဏ်ဟာ ပုဒ်တစ်ပုဒ်တည်းဖြစ်လို့ နောက်က သံယုဂ်ကြောင့် ရှေ့က ဒီဃဟာ ရဿကဲ့သို့ အသံထွက်တယ်။

http://www.dhammadownload.com



## မံ စေ တွံ နိခဏံ ဝနေ၊
## ပုတ္တော တျာဟံ မဟာရာဇ–

အစရှိတဲ့ ပြယုဂ်များမှာ စေ–ရဲ့နောက်မှ တွံမှာ(တ)နှင့် (ဝ)ဆင်ထားတဲ့ သံယုဂ်ရှိတယ်၊ သို့သော်လည်း စေနှင့်တွံဟာ တစ်ပုဒ်တည်းမဟုတ်၊ စေတစ်ပုဒ်, တွံတစ်ပုဒ် နာနာပဒဖြစ်နေတယ်၊ ဒါကြောင့် စေသဒ္ဒါကို တ–သတ်အသံဖြင့် (စေတ်)လို့ မဖတ်ရဘူးတဲ့၊ (ပုတ္တောတျာဟံ) ဆိုတဲ့ ပုဒ်မှာလည်း (ပုတ္တောနှင့် တျာ ဟံဟာ တစ်ပုဒ်တည်း မဟုတ်ဘူး၊ (ပုတ္တော တေ အဟံ) လို့ နာနာပဒဖြစ်နေတယ်၊ ဒါကြောင့် ပုတ္တောတ် တယာဟံလို့ မဖတ်ရဘူး၊ ပုတ္တောတျာဟံ–လို့ပဲ အရှိအတိုင်း ဖတ်ရမယ်တဲ့၊ ဒီသဘောကို ရည်ရွယ်ပြီး ရူပသိဒ္ဓိကျမ်းမှာ ကွစိသဒ္ဒါထည့်ထားတယ် လို့ ဆိုတယ်၊ ဒီအဆိုဟာ အမှန် မှတ်သားဖို့ ကောင်းပါတယ်၊ သို့သော်လည်း (သေယျော)ကို ဘယ်လို ဖတ်ရမယ်လို့ အတိအကျ ဆုံးဖြတ်ချက်မပါဘူး။

## မန်လည်ဆရာတော် အဆိုအမိန့်

ကစ္စာယနသုသုဟာရကနိဿယ ပရသမညာ ပယောဂေ သုတ်အဖွင့်မှာ မန်လည်ဆရာတော်ဘုရားကြီး မိန့်တော်မူတာက သေယျော–ဟူသော ယျသံယုဂ် ရှေ့ကျသော (သေ)ကို(သေတ်)ဟူ၍လည်းကောင်း၊ (သေည်)ဟူ၍လည်းကောင်း၊ အောက်မြစ်သံနှင့် (သေ့)ဟူ၍လည်းကောင်း ရွတ်ဖတ်သင့်ကြောင်း ပြောဆို ရွတ်ဖတ်ကြကုန်၏၊ (သေတ်ယျ)ဟူ၍ ရွတ်ဖတ်သော ဝါဒမှာ (တေ်)သရဟု မောဂ္ဂလာန်၌ အသီးသီးလာသည်ကို ထောက်၍ ဖတ်ရွတ်သည်ဖြစ်ရာ၏၊(သေည်ယျ) ဟူ၍ ဖတ်ရွတ်သောဝါဒမှာ မင်္ဂလာအနက်ဟော (သေယျ)သဒ္ဒါကို (ရပ်သင်တလျှည် မြေကြီးသေည်၌) ဟူသော လင်္ကာ၊ ဇေယျာသူရသဒ္ဒါကို စည်သူဟူသော ရှေးဝေါဟာရ အာဇာနေယျသဒ္ဒါကို 'အာဇာနည်း' ဟူသော ရှေးဝေါဟာရ စသည်တို့၌ ယျသံယုဂ်ကို ထောက်၍ ရွတ်သည်ဖြစ်ရာ၏၊ (သေ့)ဟု အောက်မြစ်သံရွတ်ဖတ်သော ဝါဒမှာ အထောက်အထားမရချေ၊ ထိုသုံးမျိုးတို့တွင် သံယုဂ်အရာအားဖြင့် ထောက်လျှင် ဒုတိယဝါဒသည်သာ ရှေးဝေါဟာရနှင့် ညီသည်ဖြစ်ရကား ယုတ္တိတရဖြစ်၏ဟု ဆိုရာသတည်းတဲ့။

ယခုပြောဆိုခဲ့တာက မန်လည်ဆရာတော်ဘုရားကြီးရဲ့ အဆုံးအဖြတ် ဖြစ်တယ်၊ သို့သော်လည်း မန်လည်ဆရာတော်ဘုရားကြီးက ဝေါဟာရရှိသော်လည်း ပါဠိ တော်နှင့် လျော်သည်ကိုသာ မှတ်ရာ၏၊ မလျော်သည်ကား မမှတ်ရာလို့ မှတ်ချက်

http://www.dhammadownload.com



ရေးသားတော်မူခဲ့တယ်၊ ဒါကြောင့် (ဘာသေယျ) ဆိုတဲ့ ပုဒ်ကို ကိုယ်ပိုင်ဉာဏ်နှင့် ဝေဖန်သိနိုင်ဖို့အတွက် စိစစ်ကြည့်ကြပါဦးစို့။

## ဘာသေယျပုဒ်ကို စိစစ်ခြင်း

(ဘာသေယျ) ဆိုတာ ဘာသဓာတ် ယေျဝိဘတ်ပဲ၊ ယေျဝိဘတ်က သတ္တမီ အနက်မှာ သက်တဲ့ အာချာတ်ဝိဘတ် ဖြစ်တယ်၊ သုတ်ရင်းက (သတ္တမီယေျ ယေျုံ၊ ယေျာသိ၊ ယေျာထ၊ ယေျာမိ၊ ယေျာမ၊ ထေ၊ ရေုံ၊ ထော၊ ယေျာဝှော၊ ယေျုံ၊ ယေျာမှေ-ဖြစ်တယ်။)

ဒီသုတ်စဉ်ကို ကျက်ကြစဉ်က စာသင်သားတွေဟာ အယ်ယ၊ အယ်ယုံလို့ ကျက်ခဲ့ကြသလား၊ အည်ယ၊ အည်ယုံလို့ ကျက်ခဲ့ကြသလား၊ အဉ်၊ အဉ်ယုံလို့ ကျက်ခဲ့ကြသလား၊ ဘယ်လိုများ ကျက်ခဲ့ကြသလဲကွယ့်"

"မှန်ပါ တပည့်တော်များတော့ ယေ, ယေုံလို့ ကျက်ခဲ့ကြပါတယ် ဘုရား"

"ယေ, ယေုံ ကျက်ခဲ့လျှင် ယခု အသံထွက်မှာလည်း 'ဘာသေယ၊ ဘာသေယုံ' ဖြစ်ရမယ်ပေါ့၊ မဟုတ်ဘူးလား"

"ဟုတ်ပါတယ် ဘုရား"

ပြောစရာရှိလို့သာ ပြောနေကြရတယ်၊ အမှန်ကတော့ သောဘာသေယျ ဆိုတဲ့ ပုဒ်ကို အများအားဖြင့် (သော ဘာသေယ) လို့ ရွတ်ဖတ်ကြတာများပါတယ်၊ ဘာသယ်ယ, ဘာသဉ်ယျ, ဘာသည်ယ-ရွတ်ဖတ်တာ အလွန်နည်းပါတယ်၊ ရှေးကျောက်စာများကို ကြည့်သောအခါလည်း "ဣ" ကို "ယ" သတ်လျှင် (ဧ) လို့ အသံထွက်တယ်။

| | | |
|---|---|---|
| တန်နှင့် ကုန္ဒိယ် နိယ်အ | = | တနင်္ဂနွေနေ့အာ |
| ပုဏ္ဏဟုနိယ် | = | ဗုဒ္ဓဟူးနေ့ |
| လာစိယ်သတေ | = | လာစေသတည်း၊ |
| ဆိယ်ထန်ဟင်သပတာ | = | ဆေးဒန်းဟင်းသပြဒါး |

ဣကို ယသတ်လျှင် (ဧ)အသံထွက်ခဲ့သော် ဣနှင့် ဧတို့ဟာ ကာရိ, ကာရိယများ ဖြစ်ကြလို့ (ဧ) ကို ယသတ်လျှင်လည်း (ဟ) လို့ပင် အသံထွက်ပါလိမ့်မယ်၊ ဒါကြောင့် သောဘာသေယျကို (သော ဘာသေယ)လို့ ရွတ်ဖတ်ခြင်းဟာလည်း မမှားပါဘူး၊ ဒီအကြောင်းကို သပြေကန်သဒ္ဒါကြီး နိဿယသစ် ပ (၅၈) မှာ-

http://www.dhammadownload.com



ရူပသိဒ္ဓိ၌ ကွစိသဒ္ဒါကို ထောက်၍ ဇက္က, ခေတ္တ, ဇတ္တ, သေဒ္ဒ, ဆေပ္ပ, ဝေဿ, ယောတ္တ, ဩဋ္ဌ, သောပ္ပ, သဟောတ္တ, အနောတ္တပ္ပ-စသည်တို့၌ က တ ထ ဌ ပ သ ယ စသော သံယုဂ်အက္ခရာတို့မှ ရှေ့ကျသော (ဧ)ကို စသတ်သံ၊ ဩကို ဝဆွဲ တသတ်သံ၊ မေဏ္ဍ, အာနေဋ္ဌ, ပူရေန္တ, ကောဏ္ဍည, ကရောန္တ, သောဏ္ဍစသည်တို့၌ ည န ဏ စသော သံယုဂ်မှ ရှေ့ကျသော ဧ ကို ငသတ်သံ၊ ဩကို ဝဆွဲနသတ်သံ၊ ဘာသေယျ, ကရေယျ, ဒဒေယျ-စသည်တို့၌ ယသံယုဂ်မှ ရှေ့ကျသော (ဧ)ကို ပကတိ ဧ အသံအတိုင်း ရွတ်ရမည်လို့ ရေးသားဆုံးဖြတ်ထားတယ်။

"ဒါကြောင့် ကမ္မဝါစာမှာပါတဲ့ (သော ဘာသေယျ)ပုဒ်ကို ရှေးဆရာတော်များ ရွတ်ဆိုမြဲအတိုင်း (သော ဘာသေယ)လို့သာ ရွတ်ဖတ်သင့်တယ်လို့ အဖြေပေးလိုက်ပါတယ်ကွယ်"

"သာဓု-သာဓု-သာဓု"

❋ ❋ ❋



http://www.dhammadownload.com



# ဒွန်ကမ္မဝါစာ

"ဟောဒီအမေးကလည်း ကသာမြို့၊ ဇေယျာချောင်ကျောင်း၊ အရှင်ကေသရရဲ့ တစ်ဆက်တည်း မေးခွန်းဖြစ်ပါတယ် ဘုရား"

"ဆိုစမ်းပါဦး၊ ဦးကေသရရဲ့ ဒုတိယမေးခွန်းက ဘာတဲ့လဲ"

"ဦးကေသရရဲ့ ဒုတိယမေးခွန်းက ယခုအခါ ကံထပ်ကမ္မဝါ ဖတ်ကြတဲ့အခါ အချို့သောပုဂ္ဂိုလ်များက ကံထပ်မည့်ရဟန်းလောင်း နှစ်ပါးသုံးပါးတွဲပြီး ဥပဇ္ဈာယ်ဆရာ မတူညီဘဲ ဒွန်ကမ္မဝါ ဖတ်တတ်ကြပါသတဲ့၊ ဥပဇ္ဈာယ်ဆရာ မတူညီဘဲ ယခုလို ဒွန်ကမ္မဝါစာ ဖတ်တဲ့အတွက် ဆောင်ရွက်သောကံ အောင်, မအောင် သိလိုပါတယ်လို့ လျှောက်ထားပါတယ် ဘုရား"

"ဒီအမေးက အောင်တယ်, မအောင်ဘူး ဖြေလိုက်လျှင် တိုတိုနှင့်ပြီးနိုင်ပါတယ်၊ သို့သော် စာဖတ်ပရိတ်သတ်များ ဗဟုသုတဖြစ်အောင် ဒွန်ကမ္မဝါစာ ဖတ်ရတဲ့အကြောင်းရင်းကိုပါ ဖြေကြားလိုက်ပါမယ်"

## ရဟန်းလောက

ဝိနယ မဟာဝဂ္ဂ မဟာခန္ဓကကို ကြည့်ခဲ့လျှင် ဘုရားသခင်ဟာ မဟာသက္ကရာဇ် ၁၀၃–ခုနှစ် ကဆုန်လပြည့်နေ့မှာ သစ္စာလေးပါး သိမြင်တော်မူပြီးတဲ့နောက် သတ္တသတ္တာဟ ၄၉–ရက် စံနေတော်မူတယ်၊ အဲဒီနောက် လင်းလွန်းပင်ရင်း ချဉ်းကပ်စံနေတော်မူရင်း ငါသိတဲ့တရားက အလွန်နက်နဲတယ်၊ သတ္တဝါတွေက ကိလေသာ အလွန် ထူပြောတယ်၊ ငါ တရားဟောသော်လည်း တရားတော်ကို မြင်သိရန် အလွန် ခဲယဉ်းကြလိမ့်မယ်၊ ဒါကြောင့် တရားဟောခဲ့လျှင် ငါ ပင်ပန်းခြင်းသာ

http://www.dhammadownload.com



ဖြစ်ဇော်မှုမယ်လို့ စိတ်အကြံ ဖြစ်တော်မူတယ်၊ ဘုရားရှင်ရဲ့ အကြံတော်ကိုသိလို့ သဟမ္ပတိ ဗြဟ္မာကြီးက တရားဟောရန် လာရောက် လျှောက်ထားတယ်။

အဲဒီအခါမှာ တရားဟောတော်မူရန် ဝန်ခံပြီး ရှေးဦးစွာ ပဉ္စဝဂ္ဂီငါးပါးတို့ကို တရားဓမ္မ ဟောပြချေချွတ်တော်မူတယ်၊ အဲဒီနောက် ယသ သူဌေးသားနှင့် သူငယ်ချင်းများ သာသနာဝင်ကြတယ်၊ အဲဒီ ပထမဝါတွင်းမှာ ရဟန်းတော် ၆၀–သစ္စာတရား မြင်သိတော်မူသွားကြတယ်၊ ဝါကျွတ်တော့ အဲဒီ ရဟန်းတော်များကို တရားဟော စေလွှတ်တော်မူတယ်၊ ရဟန်းတော်များက ရှင်ရဟန်းပြုလိုသူ တွေ့တဲ့အခါ ဘုရားသခင်ရှိရာကို ခေါ်ဆောင်ခဲ့ကြရတယ်၊ ခရီးဝေးကွာတဲ့အရပ်က ခေါ်ဆောင်ခဲ့ကြရတဲ့အတွက် ရဟန်းတော်များရော ရှင်လောင်း ရဟန်းလောင်းများရော အလွန် ပင်ပန်းကြတယ်၊ ဒါကြောင့် ရှင်,ရဟန်းပြုလိုသူများ သရဏဂုံသုံးပါးဖြင့် ရှင်ရဟန်းပြုကြဖို့ ခွင့်ပြုတော်မူတယ်၊ အဲဒီနောက် သရဏဂုံသုံးပါးဖြင့် ရဟန်းခံ မှုကို ပယ်ဖျက်တော်မူပြီး ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ရဟန်းခံဖို့ ခွင့်ပြုတော်မူတယ်၊ ဉတ္တိစတုတ္ထ ဥပသမ္ပဒကမ္မဝါစာဖြင့် ရှေးဦးစွာ ရဟန်းဖြစ်တဲ့ ပုဂ္ဂိုလ်ကတော့ ရာဓပုဏ္ဏားကြီး ဖြစ်တယ်။

## ဒွန်ကမ္မဝါ ခွင့်ပြုခြင်း

"အခါတစ်ပါး ရှင်မဟာကဿပမှာ ပဉ္စင်းလောင်း သာမဏေနှစ်ပါး ရှိကြတယ်၊ ပဉ္စင်းလောင်းနှစ်ပါးတို့ဟာ သူက ဦးစွာ ရဟန်းခံမယ်၊ ငါက ဦးစွာ ရဟန်းခံမယ်၊ အပြင်းအခုံ ဖြစ်ခဲ့ကြတယ်၊ ဒီအကြောင်း ဘုရားရှင် လျှောက်ထားကြတဲ့အတွက် နှစ်ပါး,သုံးပါးသော ရဟန်းလောင်းများကို တစ်ပြိုင်နက် ကမ္မဝါစာ ရွတ်ဖတ်ဖို့ ခွင့်ပြုတော်မူတယ်၊ ဤ ဒွန်ကမ္မဝါစာ ရွတ်ဖတ်တဲ့အခါ ဥပဇ္ဈာယ် တစ်ပါးဖြင့်သာ ခွင့်ပြုတော်မူတယ်၊ ဥပဇ္ဈာယ်အသီးသီးဖြင့် ခွင့်ပြုတော်မမူဘူး၊ ဒီအကြောင်းကို ဝိနယ၊ မဟာဝဂ္ဂပါဠိတော် ၁၂၉–မှာ '**အနုဇာနာမိ ဘိက္ခဝေ ဒွေ တယော ဧကာနုဿာဝနေ ကာတုံ၊ တဉ္စ ခေါ ဧကေန ဥပဇ္ဈာယေန**' ဆိုတဲ့ ပါဠိတော်အဆိုကို မဟာဝဂ္ဂ အဋ္ဌကထာ စာမျက်နှာ–၃၁၅ ဖွင့်ပုံကို ပြောပြဦးမယ် ကွယ့်"

"မှန်ပါ၊ မိန့်တော်မူပါဘုရား"

"နှစ်ပါးသော ရဟန်းလောင်းတို့ကို တစ်ပြိုင်နက် ကမ္မဝါစာ ဖတ်ကြားသူတို့ကို ခွင့်ပြုသတဲ့၊ ကမ္မဝါစာဖတ်သူ နှစ်ဦးဖြစ်ခဲ့လျှင် တစ်ဦးသော ကမ္မဝါဆရာ

http://www.dhammadownload.com



က ရဟန်းလောင်း တစ်ပါးအတွက်လည်းကောင်း၊ တစ်ဦးသော ကမ္မဝါဆရာက ရဟန်းလောင်း တစ်ပါးအတွက်လည်းကောင်း ဤကဲ့သို့ ကမ္မဝါဆရာနှစ်ယောက် ပြိုင်ဖတ်၍ဖြစ်စေ ကမ္မဝါဆရာတစ်ဦးတည်း ရဟန်းလောင်းနှစ်ပါးအတွက် တစ်ပြိုင်နက် ဖတ်သည်ဖြစ်စေ ခွင့်ပြုတယ်လို့ ဆိုလိုတယ်၊ ရဟန်းလောင်းသုံးပါးဖြစ်လျှင်လည်း ဤနည်းအတိုင်း ကမ္မဝါစာ ဖတ်ဖို့ ခွင့်ပြုတယ်၊ ကမ္မဝါစာ တစ်ပြိုင်နက် ဖတ်ရွတ်ရာမှာ ဥပဇ္ဈာယ် တူရမယ်တဲ့၊ ဒါကြောင့် ကမ္မဝါဆရာတစ်ဦးတည်း ရဟန်းလောင်း နှစ်ပါး, သုံးပါးတို့ကို ကမ္မဝါစာ ဖတ်ရွတ်ပေးနိုင်တယ်၊ အကယ်၍ ရဟန်းလောင်းက နှစ်ပါး၊ ကမ္မဝါဆရာကလည်း နှစ်ပါးဖြစ်ခဲ့လျှင် တစ်ပါးသော ကမ္မဝါဆရာက တစ်ပါးသောရဟန်းလောင်းအတွက် အခြားတစ်ပါးသော ကမ္မဝါဆရာက အခြားတစ်ပါးသော ရဟန်းလောင်းအတွက် တစ်ပြိုင်နက် ကမ္မဝါစာကို ရွတ်ဖတ်နိုင်တယ်၊ ရဟန်းလောင်း သုံးပါး ကမ္မဝါဆရာ သုံးပါးဖြစ်လျှင်လည်း တစ်ပါးစီ တစ်ပါးစီကို ငဲ့ပြီး ကမ္မဝါ တစ်ပြိုင်နက် ရွတ်ဖတ်နိုင်တယ်။

ကမ္မဝါဆရာကလည်း အမျိုးမျိုး၊ ဥပဇ္ဈာယ်ကလည်း အမျိုးမျိုးဖြစ်ခဲ့လျှင် တိဿအမည်ရှိတဲ့ ကမ္မဝါဆရာက သုမနအမည်ရှိတဲ့ ဥပဇ္ဈာယ်ဆရာရဲ့ တပည့်ကိုလည်းကောင်း၊ သုမနအမည်ရှိတဲ့ ကမ္မဝါဆရာက တိဿအမည်ရှိတဲ့ ဥပဇ္ဈာယ်ဆရာရဲ့ တပည့်ကိုလည်းကောင်း ကမ္မဝါစာ ဖတ်ရွတ်ပေးခဲ့လျှင် အချင်းချင်း ဂိုဏ်းကို ပြည်စေနိုင်တဲ့အတွက် အပ်ပါသတဲ့၊ ဒီလို မဟုတ်ဘဲ ဥပဇ္ဈာယ်ဆရာက အမျိုးမျိုး၊ ကမ္မဝါဆရာက တစ်ပါးတည်း ဖြစ်ခဲ့လျှင် **န တွေဝ နာနုပဇ္ဈာယေနာတိ** လို့ ပယ်ပြီးဖြစ်တဲ့အတွက် မအပ်ပါဘူးတဲ့၊ ဒီစကားရပ်က မဟာဝဂ္ဂအဋ္ဌကထာရဲ့ ဖွင့်ဆိုချက် ဖြစ်တယ်ကွယ့်၊ ဒီဖွင့်ဆိုချက်ထဲက စိတ်ဝင်စားစရာကောင်းတဲ့ အနက် အဓိပ္ပာယ်ကို ထုတ်နုတ်ကြည့်ကြဦးစို့ရဲ့"

"မှန်ပါ ထုတ်ပြတော်မူပါဦးဘုရား"

"မဟာဝဂ္ဂအဋ္ဌကထာ ၃၁၅–မှာ (ဒွေ ဝါ တယော ဝါ ဧကနေ)လို့ ရဟန်းလောင်းကို **ဧကနေ** ဆိုတဲ့ပုဒ်နှင့် ညွှန်ပြထားတယ်၊ **သာမဏေရေ**လို့ မညွှန်ပြဘူး၊ ဒါကြောင့် ရဟန်းလောင်းဟာ သာမဏေစစ် မဖြစ်သော်လည်း ရဟန်းခံကောင်းတယ်လို့ ညွှန်ပြထားတယ်၊ ရဟန်းနှစ်ပါး, သုံးပါးတို့ကို တစ်ပြိုင်နက် ရဟန်းခံပေးလျှင် **ဧကေန ဥပဇ္ဈာယေန အနုဇာနာမိ**လို့ ပညတ်ချက်ရှိသောကြောင့် ဥပဇ္ဈာယ်တူစေရမယ်၊ **ဧကေန အာစရိယေန ဒွေ ဝါ တယော ဝါ အနုဿာဝေ တဗ္ဗာ**လို့ ဖွင့်ပြချက် ရှိတဲ့အတွက် ဥပဇ္ဈာယ်က တစ်ဦးတည်း ရဟန်းလောင်းက

http://www.dhammadownload.com



နှစ်ပါး, သုံးပါးဖြစ်ခဲ့လျှင် ကမ္မဝါဆရာကလည်း တစ်ဦးတည်းဖြစ်ခဲ့လျှင် စ, သဒ္ဒါဖြင့် ဒွန်ကမ္မဝါစာကို ဖတ်နိုင်တယ်။

**ဒွိဟိ ဝါ တီဟိ ဝါ အာစရိယေဟိ ဝိသုံ ဝိသုံ ဧကေန ဧကဿာတိ**လို့ ဖွင့်ပြတဲ့အတွက် ဥပဇ္ဈာယ်က တစ်ပါးတည်း၊ ရဟန်းလောင်းက နှစ်ပါး, သုံးပါး ကမ္မဝါဆရာက နှစ်ဦး, သုံးဦး ညီမျှခဲ့လျှင် တစ်ပါးစီကို ငဲ့ပြီး ဒွန်မတွဲဘဲ ကမ္မဝါစာ ရွတ်ဖတ်နိုင်တယ်၊ **သစေ ပန နာနာဥပဇ္ဈာယာ ဟောန္တိ၊ ဧကော အာစရိယော ဟောတိ၊ န တွေဝ နာနုပဇ္ဈာယေနာတိ ပဋိက္ခိတ္တတ္တာ န ဝဋ္ဋတိ**လို့ ဖွင့်ပြထားတဲ့အတွက် အကယ်၍ ဥပဇ္ဈာယ်ဆရာ မတူခဲ့လျှင် ကမ္မဝါဆရာ တစ်ဦးတည်း ဒွန်ကမ္မဝါစာ ရွတ်ဖတ်ခြင်းငှာ မအပ်ဘူးလို့ ဆိုလိုတယ်။

ဒီစကားရပ်တွေကို ပြန်လည် စစ်ဆေးခဲ့လျှင် ဥပဇ္ဈာယ် မတူသောရဟန်းလောင်းများကို ကမ္မဝါဆရာတစ်ဦးတည်း ဒွန်ကမ္မဝါစာ မဖတ်အပ်ဘူး၊ ဥပဇ္ဈာယ်ဆရာ မတူသော်လည်း ရဟန်းလောင်းနှင့် ကမ္မဝါဆရာ တူမျှခဲ့လျှင် ကမ္မဝါဆရာ တစ်ဦးစီက ရဟန်းလောင်းတစ်ဦးစီကို ငဲ့ပြီး ကမ္မဝါစာ ဖတ်အပ်တယ်လို့ အဓိပ္ပာယ်ရပါတယ်၊ သို့သော်လည်း ဥပဇ္ဈာယ်မတူသော ရဟန်းလောင်းများကို ကမ္မဝါဆရာများက တစ်ဦးစီငဲ့ဖို့ဆိုတာ မလွယ်ဘူး၊ ငဲ့ရမှာကို မငဲ့မိပြန်လျှင်လည်း မအပ်ဘူး၊ ဒီတော့ ဥပဇ္ဈာယ်မတူသော် ဒွန်မတွဲဘဲ ဥပဇ္ဈာယ်တူမှသာ ဒွန်တွဲခြင်းက သန့်လည်း သန့်ရှင်းတယ်၊ နားလည်း နားလည်လွယ်တယ်၊ ဒါကြောင့် ရဟန်းခံသည်ဖြစ်စေ ကံထပ်သည်ဖြစ်စေ ဥပဇ္ဈာယ် မတူပါက ဒွန်မတွဲခြင်းက သာလွန် ကောင်းမွန်တယ်လို့ အဖြေပေးလိုက်ပါတယ်ကွယ်"

"သာဓု – သာဓု – သာဓု"

* * *



http://www.dhammadownload.com



# ပဗ္ဗာဇနီယ ကမ္မဝါစာ

"မှန်ပါ ဒွန်ကမ္မဝါအဖြေကို ဦးကေသရကိုယ်တော် နှစ်သက်လိမ့်မယ် ထင်ပါတယ်၊ သို့သော် သူ့အမေးက တစ်ပုဒ်ကျန်နေပါသေးတယ်ဘုရား"

"ဆိုစမ်းပါဦး ဘာအမေးများ ကျန်နေတာတုံး"

"ယခုအခါ ရွာတွင်း မြို့တွင်း ပရိတ်ရွတ်ကြတဲ့အခါ ပရိတ်ရွတ်ပြီး အချို့က ပဗ္ဗာဇနီယ ကမ္မဝါစာ၊ အချို့က အဋ္ဌရာယ်ကင်း ကမ္မဝါစာများကို ရွတ်ဖတ်ကြပါတယ်တဲ့၊ ဒီလို ကမ္မဝါစာရွတ် ဖတ်ကြရာမှာ အချို့ကိုယ်တော်များက ကမ္မဝါစာ မကိုင်ဘဲ တင်ပျဉ်ခွေလျက်နှင့် နှုတ်တက်အာဂုံ ရွတ်ဆိုတော်မူတတ်ကြပါသတဲ့၊ အဲဒီလို ရွတ်တာဟာ အပ်, မအပ် သိလိုပါသတဲ့ဘုရား"

"ပဗ္ဗာဇနီယ ကမ္မဝါစာဆိုတာ အမှန်တော့ သံဃာဒိသိသ် တေရသမ သိက္ခာပုဒ်ကလာတဲ့ ကမ္မဝါစာဖြစ်တယ်ကွယ့်"

"တေရသမ သိက္ခာပုဒ်ကလာပုံ အမိန့်ရှိပါဦး ဘုရား"

"တေရသမ သိက္ခာပုဒ်ဆိုတာ သံဃာဒိသသ် (၁၃) ခုမြောက် ကုလဒူသက သိက္ခာပုဒ်ကို ဆိုလိုတယ်၊ မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူနေစဉ်က အဿဇိရဟန်း၊ ပုနဗ္ဗသုကရဟန်းတို့ဟာ ကီဋာဂိရိ အရပ်မှာ ကျောင်းထိုင်ဆရာတော်ကြီးတွေ ဖြစ်နေကြသတဲ့"

### သဗ္ဗဂ္ဂီတို့အကြောင်း

"သာသနာတော် လောကမှာ မကောင်းတဲ့ဘက်က နာမည်ကြီးတဲ့ ဆဗ္ဗဂ္ဂီရဟန်း ဆိုတာ ကြားဖူးကြမှာပေါ့၊ ဆဗ္ဗဂ္ဂီဆိုတာ ခြောက်ယောက်အစုရှိလို့ (ဆ-ဝဂ္ဂီ)

http://www.dhammadownload.com



ခေါ်ရာက ဝ–ကို ဗ–ပြုပြီး ဆဗ္ဗဂ္ဂီဖြစ်လာတာတဲ့၊ ရဟန်းဆိုး ၆–ယောက်ဆိုတာက (၁) အဿဇိ (၂) ပုနဗ္ဗသုက (၃) ပဏ္ဍုက (၄) လောဟိတက (၅) မေတ္တိယ (၆) ဘူမဇကတို့ ဖြစ်ကြတယ်၊ သူတို့ခြောက်ယောက်အကြောင်း ပါရာဇိကဏ် အဋ္ဌကထာ၊ ဒု ၁၉၉–မှာ ဖွင့်ပုံကို ပြောပြဦးမယ်"

"မိန့်တော်မူပါဘုရား"

"သာဝတ္ထိပြည်မှာ သူငယ်ချင်းခြောက်ယောက် ရှိကြသတဲ့၊ သူတို့ဟာ သူများနည်းတူ လုပ်ကိုင် စားသောက်ရမှာ ပျင်းရိတဲ့အတွက် အဂ္ဂသာဝကနှစ်ပါးထံမှာ ရဟန်းပြုခဲ့ကြသတဲ့၊ ရဟန်းဖြစ်ပြီး ငါးဝါရသည်အထိ ဆရာ့ထံမှာ စာပေသင်ကြားကြပြီး ဒီလို တိုင်ပင်ကြသတဲ့ကွယ်"

"ဘယ်လို တိုင်ပင်ကြပါသလဲ ဘုရား"

"ဇနပုဒ်ဆိုတာ တစ်ခါတစ်ရံ အစားအသောက် ပေါများပြီး တစ်ခါတစ်ရံ ငတ်မွတ်တတ်တယ်၊ ဒါကြောင့် ငါတို့ခြောက်ယောက်ဟာ တစ်နေရာတည်းမှာ မနေကြဘဲ နှစ်ပါးတစ်တွဲ သုံးဌာနခွဲပြီး နေကြရလျှင် ကောင်းလိမ့်မယ်လို့ တိုင်ပင်ကြသတဲ့၊ ဒီလို တိုင်ပင်ကြတော့ အားလုံးကပဲ ဟုတ်တယ်... ဒီလို ခွဲနေကြတာ ကောင်းတယ်၊ တစ်ဦးမှာ အကူအညီ လိုလျှင် တစ်ဦးက ကူညီနိုင်တယ်လို့ သဘောတူကြပြီး၊ ပဏ္ဍုကနှင့် လောဟိတကတို့က သာဝတ္ထိမြို့အတွင်း နေရာကောင်းရှာပြီး နေကြရမယ်၊ သာဝတ္ထိပြည်ဆိုတာ ၅၇–သိန်းသောအမျိုးများ နေရာဌာနဖြစ်တယ်၊ ရွာပေါင်းရှစ်ထောင် အခြံအရံရှိပြီး ယူဇနာသုံးရာစီ ကျယ်ဝန်းတဲ့ ကာသိတိုင်း၊ ကောသလတိုင်းတို့ရဲ့ အခွန်အတုတ်ဝင်ရာ ဌာနကြီးဖြစ်တယ်၊ ဒီဌာနကြီးအတွင်း အမြဲ နေထိုင်ကြပြီး ကျောင်းဝင်းအတွင်း လူတိုင်းကြိုက်တဲ့ သရက်၊ ပိန္နဲ၊ အုန်းစတဲ့ အသီးပင်တွေ၊ ပျိုတိုင်းကြိုက်တဲ့ ပန်းပင်တွေကိုစိုက် လာလာသမျှ အမျိုးသား အမျိုးသမီးတွေကို ပေးကမ်း သိမ်းသွင်းကြရမယ်၊ အမျိုးသားငယ်များကို ရှင်ရဟန်း ပြုပေးပြီး ပရိသတ်များအောင် လုပ်ကြရမယ်လို့ ဆိုကြတယ်။

မေတ္တိယ၊ ဘူမဇကတို့ကိုလည်း "ငါ့ရှင်တို့ ရာဇဂြိုဟ်ပြည်ဆိုတာ လူပေါင်း (၁၈) ကုဋေတို့ နေထိုင်ရာဖြစ်တယ်၊ ရွာပေါင်း ရှစ်သောင်း အခြံအရံရှိတယ်၊ အင်္ဂတိုင်း၊ မဂဓတိုင်းတို့ရဲ့ အခွန်ဆက်သွင်းရာ ဌာနကြီးဖြစ်တယ်၊ အဲဒီ ရာဇဂြိုဟ်မှာ ငါ့ရှင်တို့ အမြဲ နေထိုင်ကြပြီး ကြီးပွားအောင် လုပ်ကြရမယ်"လို့ ဆိုကြတယ်။

http://www.dhammadownload.com



အဿဇိနှင့် ပုနဗ္ဗသုကတို့ကိုလည်း ငါ့ရှင်တို့က ကီဋာဂိရိဇနပုဒ်မှာ အမြဲနေထိုင်ကြရမယ်၊ ကီဋာဂိရိဆိုတာ တစ်နှစ်လျှင် ကောက်သုံးသီး စားရလို့ ဘယ်သောအခါမှ ငတ်မွတ်တဲ့ဘေးကြီး မဆိုက်ရောက်ဘူး၊ အဲဒီမှာ နေပြီး ကြီးပွားအောင် လုပ်ကြရမယ်လို့ ဆိုကြသတဲ့။

ဆဗ္ဗဂ္ဂီတို့ဟာ ဆိုကြတဲ့အတိုင်း နေထိုင်ပြုလုပ်ကြတဲ့အတွက် တစ်သင်းတစ်သင်းမှာ ရဟန်းအခြံအရံ ငါးရာစီရှိကြလို့ အားလုံး ဆဗ္ဗဂ္ဂီအခြံအရံပေါင်း (၁၅၀၀) ရှိသတဲ့ကွယ်၊ ဒီ ဆဗ္ဗဂ္ဂီသုံးတွဲမှာ ပဏ္ဍုကနှင့် လောဟိတကတို့ အတွဲက သီလရှိကြတယ်၊ ပညတ်ပြီးတဲ့ သိက္ခာပုဒ်တို့ကို လွန်ကျူးပြီး မကျင့်ကြဘူး၊ သိက္ခာပုဒ်အသစ် ဖြစ်ပေါ်အောင်သာ ပြုမူတတ်ကြသတဲ့၊ သူတို့အတွဲမှတစ်ပါးကျန်တဲ့ ဆဗ္ဗဂ္ဂီတွေကတော့ အလဇ္ဇီပုဂ္ဂိုလ်တွေချည်းပဲတဲ့၊ ပညတ်ပြီးတဲ့ သိက္ခာပုဒ်တွေကိုလည်း လွန်လျူးပြီး ကျင့်တတ်ကြသတဲ့။

ကီဋာဂိရိမှာ နေထိုင်ကြတဲ့ အဿဇိနှင့် ပုနဗ္ဗသုကတို့ အတွဲကတော့ သူတို့ရဲ့ ဝါဒအတိုင်း သစ်ပင်,ပန်းပင်များ စိုက်ပြီး အမျိုးသား,အမျိုးသမီးများကို သစ်သီးပေးခြင်း ပန်းပေးခြင်းတို့ဖြင့် ဖြားယောင်းသိမ်းသွင်းကြတယ်၊ အမျိုးသား အမျိုးသမီးများနှင့် တစ်ခွက်တည်း စားကြတယ်၊ တစ်ခွက်တည်း သောက်ကြတယ်၊ တစ်နေရာတည်း အိပ်ကြတယ်၊ တစ်နေရာတည်း ထိုင်ကြတယ်၊ ညအစာလည်း စားကြတယ်၊ အရက်လည်း သောက်ကြတယ်၊ ပန်းနံ့သာကိုလည်း ဆောင်ကြတယ်၊ အတူတူ က, ကြတယ်၊ အတူတူ သီချင်းဆိုကြတယ်၊ အတူတူ တီးမှုတ်ကြတယ်၊ အတူတူ ကျားဆိုးကြတယ်၊ ဖဲစကားကြတယ်၊ ကစားမျိုးစုံ ကစားကြတယ်၊ လက်ပန်းလည်း လုံးကြတယ်၊ လက်ဝှေ့လည်း ထိုးကြတယ်၊ ကပွဲရဲ့အလယ် ဒုကုဋ်သင်္ကန်းကြီးကို ဖြန့်ခင်းပြီး ကချေသည်မများ သင်္ကန်းပေါ် အကခိုင်းကြတယ်၊ ကချေသည်မများ ကပြီးလျှင် ကောင်းစွ–ကောင်းစွ ငါ့နှမလို့ ဆလံပေးပြီး ကောင်းချီးပြုကြတယ်၊ ဒကာ,ဒကာမတွေရဲ့အကြိုက် လိုက်လျောကြတဲ့အတွက် ဒကာ,ဒကာမတွေက တို့ဘုန်းဘုန်း တို့ဘုန်းဘုန်းနှင့် အလွန် သဘောကျနေကြတယ်။

တစ်ရက်တော့ တောအရပ် ဝါဆိုပြီး ဘုရားဖူးရန် ကြွလာတဲ့ ရဟန်းတော်တစ်ပါး ကီဋာဂိရိဇနပုဒ်အတွင်း ဆွမ်းခံဝင်လာသတဲ့၊ တောရကိုယ်တော်ဟာ သေခိယကျင့်ဝတ်နှင့်အညီ သင်္ကန်းကိုရုံ မျက်လွှာချပြီး ကြွလာတယ်၊ ဒါကို ဒကာဒကာမတွေက မကြည်ညိုတတ်ကြဘူး၊ ကြည့်ကြစမ်းပါဦး၊ ဒီကိုယ်တော်နှယ် ထုံထိုင်းထိုင်းကြီး၊ မျက်မှောင်ကြီးက ကုပ်လို့၊ ဘယ်သူ့များ အမျက်ထွက်နေပါလိမ့်၊

http://www.dhammadownload.com



တို့ကိုယ်တော်တွေနှင့်တော့ ကွာပါရဲ့လို့ ကဲ့ရဲ့ကြပြီး ဘယ်သူမျှ ဆွမ်း မလောင်းကြဘူးတဲ့၊ မကောင်းတာကို အကောင်း၊ ကောင်းတာကို မကောင်းရယ်လို့ အမြင်ဖောက်ပြန်တာကိုး၊ သဒ္ဓါတရား ပျက်တယ်လို့ ခေါ်တာပေါ့၊ ဒါယကာတို့ရဲ့သဒ္ဓါတရား ပျက်ပြားအောင် ဖျက်ဆီးတာကိုတော့ ကုလဒူသကလို့ ခေါ်တယ်၊ ဒါကြောင့် ဒီသိက္ခာပုဒ်ကို ကုလဒူသကသိက္ခာပုဒ်လို့ ခေါ်တာပေါ့။

တစ်ရွာလုံး လူအများစုက သဒ္ဓါတရားပျက်ပေမယ့် သဒ္ဓါတရားမပျက်တဲ့ ပုဂ္ဂိုလ်လည်း တစ်ယောက်တစ်လေတော့ ရှိတတ်သေးတာပဲပေါ့၊ ဒါပေမယ့် အများက မကောင်းလျှင် ကောင်းတဲ့အနည်းစုက ကုပ်နေကြရတာဟာ ဓမ္မတာပဲပေါ့ကွယ်၊ အမှန်တကယ် သီလစောင့်ထိန်းတဲ့ ပုဂ္ဂိုလ်အပေါ်အများစုက ဆွမ်းတစ်ယောက်မျှ လောင်းလှူကြတာ မမြင်တော့ အမှန်တရားသိတဲ့ ဒကာတစ်ဦးက ရဟန်းတော်ထံပါး ချဉ်းကပ်ပြီး ဆွမ်းများရပါရဲ့လား ဘုရားလို့ မေးတယ်၊ ရဟန်းတော်က မရသေးပါဘူးလို့ ပြန်ပြောတော့ ဒကာက အိမ်ကိုပင့်သွားပြီး ဆွမ်းကပ်တယ်၊ ဆွမ်းကပ်ပြီး အရှင်ဘုရား– "ဘယ်အရပ် ကြွမှာလဲ"လို့ မေးတယ်၊ ဘုရားဖူးရန် သာဝတ္ထိကို သွားမယ်လို့ ပြန်ပြောတော့ ဒကာက "အရှင်ဘုရား... ဘုရားရှင်ထံ ကြွမှာဖြစ်လျှင် တပည့်တော်ရဲ့စကားဖြင့် ဘုရားရှင်အား လျှောက်ထားပေးစေချင်ပါတယ်၊ တပည့်တော်များရဲ့ ကီဋာဂိရိကျောင်းတိုက်ကြီးဟာ ပျက်စီးနေပါပြီ၊ အဿဇိ၊ ပုနဗ္ဗသုက ရဟန်းယုတ်တို့ဟာ မကောင်းသော အကျင့်ဆိုးဖြင့် ဒါယကာတို့ရဲ့ စစ်မှန်သော သဒ္ဓါတရားကို ဖျက်ဆီးနေကြပါတယ်၊ ရဟန်းယုတ်များ ဖျက်ဆီးပုံ အလုံးစုံကို ဘုရားရှင်အား လျှောက်ထားပေးတော်မူပါ"လို့ လျှောက်လိုက်သတဲ့။

ရဟန်းတော်လည်း ဒါယကာရဲ့ လျှောက်ထားချက်ကို ဝန်ခံပြီး ဘုရားရှင်ကို လျှောက်ထားတယ်၊ ဒီအခါ ဘုရားရှင်က ရဟန်းသံဃာကို စည်းဝေးစေပြီး ဟုတ်၊ မဟုတ် စစ်မေးတော့ ဟုတ်မှန်ကြောင်း သိတော်မူတယ်၊ ဒီတော့မှ သူတို့ရဲ့ ဆရာရင်း ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလာန်တို့ကို ကီဋာဂိရိမှာ နေကြတဲ့ သင်တို့ရဲ့ တပည့်ဆိုးတွေကို နှင်ထုတ်ကြလို့ စေခိုင်းတော်မူတယ်၊ တပည့်တွေက တပည့်ဆိုးတွေဖြစ်လို့ ရဟန်းပေါင်းများစွာနှင့် သွားရောက် နှင်ထုတ်ကြရတယ်၊ အဲဒီ ရဟန်းဆိုးများကို နှင်ထုတ်တဲ့ကံကို ပဗ္ဗာဇနီယကံလို့ ခေါ်တယ်၊ ပဗ္ဗာဇနီယ ကမ္မဝါစာဆိုတာ အဲဒီ ရဟန်းဆိုးများကို နှင်ထုတ်တဲ့ ကမ္မဝါစာပဲ။

ကမ္မဝါစာဆိုတာ ဘုရားရှင်ရဲ့ ပညတ်တော်ဖြစ်တယ်၊ ဘုရားရှင်ရဲ့ ပညတ်တော်ကို လေးစားသောအားဖြင့် ကမ္မဝါဖတ်တဲ့အခါ ဆောင့်ကြောင့်ထိုင်ပြီး ဖတ်ကြရတယ်၊

http://www.dhammadownload.com



ဒီနေရာမှာ ဆောင့်ကြောင့်ထိုင်တယ်ဆိုတာ သူတစ်ပါးကို အလေးအမြတ်ပြုတာဖြစ်တယ်၊ ဘုရား ရှိခိုးမယ်, ဆရာသမား လူကြီးမိဘတို့ကို ရှိခိုးမယ်ဆိုလျှင် လေးစားသောအားဖြင့် ဆောင့်ကြောင့်ထိုင်ပြီး ရှိခိုးကြရတယ်၊ ထေရာပဒါန ပါဠိတော် ၁၄၃–မှာ ရံသိသညကမထေရ် အလောင်းတော်ဟာ ရောင်ခြည်တော်တို့ဖြင့် တင့်တယ်တော်မူတဲ့ ဝိပဿီဘုရားရှင်ကို ရှိခိုးတဲ့အခါ–

**ရံသျာစိတ္တံ ပသာဒေတွာ၊ ဝိပဿိဿ မဟေသိနော။**
**ပဂ္ဂယှ အဉ္ဇလိံ ဝန္ဒိံ၊ သိရသာ ဥက္ကုဋိ အဟံ။**

လို့ ဆောင့်ကြောင့်ထိုင်ပြီး ရှိခိုးတဲ့အကြောင်း ဖော်ပြထားတယ်၊ ဒါကြောင့် ကမ္မဝါစာ ဖတ်တဲ့အခါ အလေးအမြတ်ထားပြီး ကမ္မဝါစာကို ဖတ်သင့်တယ်၊ တင်ပျဉ်ခွေတယ် ဆိုတာကတော့ မိမိကိုယ်ကို အလေးအမြတ်ထားတာဖြစ်တယ်၊ ဆွမ်းစားတဲ့အခါ တရားကိုင်တဲ့အခါ အပူဇော်ခံယူတဲ့အခါမျိုးမှာ တင်ပျဉ်ခွေပြီး ထိုင်သင့်တယ်၊ သို့သော်လည်း တင်ပျဉ်ခွေထိုင်ပြီး ကမ္မဝါစာဖတ်လို့ ကံပျက်တယ်လို့တော့ မဆိုလိုပါဘူး၊ ပြီးတော့ ကံဆောင်တယ်ဆိုတာ ဉတ္တိသမ္ပတ္တိ၊ အနုဿာဝနသမ္ပတ္တိ ပြည့်စုံမှ ကံအောင်တဲ့အတွက် ဉတ်, ကမ္မဝါစာ အဖတ်အရွတ် လွဲမှားသွားလျှင် ကံပျက်တတ်တယ်၊ ဒါကြောင့် ကံဆောင်တဲ့အခါ မှန်မှန်ကန်ကန် ဖြစ်အောင် ကမ္မဝါစာရွက် ကြည့်ပြီး ရွတ်ဖတ်ကြခြင်းဖြစ်တယ်၊ မှန်မှန်ကန်ကန် ရွတ်ဖတ်နိုင်စွမ်းရှိလျှင် ကမ္မဝါစာရွက် မကြည့်ဘဲ ရွတ်ဖတ်တဲ့အတွက်ကြောင့် ကံပျက်တယ်လို့ မတွေ့ဘူးသေးပါဘူး။

"မှန်ပါ ဒီလောက်သိရလျှင် ဝမ်းသာလှပါပြီ ဘုရား"

"အေးကွယ် အများသိသင့်တဲ့အတွက် ဒီအမေးကို အကျယ်တဝင့် ပြောဆိုသော်လည်း ဦးကေသရ မေးတာက တကယ် ကံဆောင်တာကို မေးတာမဟုတ်ပါဘူး၊ မြို့တွင်းရွာတွင်း ပရိတ်ရွတ်ရင်း တစ္ဆေ့သရဲ မောင်းထုတ်တဲ့ကမ္မဝါစာကို မေးခြင်းမျှဖြစ်တယ်၊ တစ္ဆေသရဲ မောင်းထုတ်တာက ကံဆောင်တာမဟုတ်လို့ ကံအောင်တာ မအောင်တာနှင့် မသက်ဆိုင်ပါဘူး၊ ကမ္မဝါစာဖတ်တဲ့ ပုဂ္ဂိုလ်များ သီလ ရှိ,မရှိ၊ တန်ခိုး အာနုဘော် ရှိ, မရှိနှင့်သာ သက်ဆိုင်တယ်၊ ဒါကြောင့် သီလရှိတဲ့ ပုဂ္ဂိုလ်၊ တန်ခိုးအာနုဘော်ရှိတဲ့ ပုဂ္ဂိုလ်ရဲ့ ကမ္မဝါစာ ရွတ်ဖတ်မှုကြောင့် တစ္ဆေသရဲများ ထွက်ခွာသွားလိမ့်မယ်၊ ကမ္မဝါစာရွတ်ဖတ်တဲ့ပုဂ္ဂိုလ်က သီလ မရှိခဲ့လျှင် တန်ခိုးအာနုဘော် မရှိခဲ့လျှင် တစ္ဆေ့သရဲက အရေးလုပ်မှာ မဟုတ်ဘူးလို့ ဖြေဆိုလိုက်ပါတယ်ကွယ်။

"သာဓု–သာဓု–သာဓု"

http://www.dhammadownload.com



# ပဗ္ဗာဇနီယကမ္မဝါနှင့် သံဃာအရေအတွက်

“ဟောဒီစာက ရွှေညောင်၊ အောင်သပြေတပ်ဦးကျောင်း၊ အရှင်သုမနထံက မေးလျှောက်စာ ဖြစ်ပါတယ် ဘုရား”

“ဆိုစမ်းပါဦး”

“အရှင်သုမန မေးလျှောက်တာက ရွာတွင်းမှာ ပရိတ်နှင့်တွဲပြီး ပဗ္ဗာဇနီယကမ္မဝါစာကို ရဟန်းတော်များ ဖတ်ရွတ်တတ်ကြပါတယ်တဲ့၊ အဲဒီလို ဖတ်ရွတ်ရာမှာ ကမ္မဝါအတွင်း (သုဏာတု မေ ဘန္တေ သံဃော) လို့ သံဃောပုဒ် ပါဝင်နေတဲ့အတွက် အချို့သော ပုဂ္ဂိုလ်များက ပဗ္ဗာဇနီယ ကမ္မဝါစာကို သံဃာအရေအတွက် လေးပါး၊ လေးပါးထက်များမှ ဖတ်ရွတ် ကောင်းတယ်၊ သံဃာနှစ်ပါး သုံးပါးမျှနှင့် မဖတ်ရွတ်ကောင်းဘူးလို့ ပြောနေကြပါတယ်၊ အဲဒါ ဖတ်ရွတ်ကောင်း, မဖတ်ရွတ်ကောင်း အဖြေပေးတော်မူပါလို့ မေးလျှောက်ထားခြင်းဖြစ်ပါတယ် ဘုရား”

“ကမ္မဝါစာဆိုတာ **ကမ္မံ ဝဒတိ ဧတာယာတိ ကမ္မဝါစာ** ဆိုတဲ့အတိုင်း ကံပြုတဲ့အခါ ရွတ်ဆိုကြောင်းဖြစ်တဲ့စကား ရွတ်ဆိုကြောင်းဖြစ်တဲ့စာလို့ အဓိပ္ပာယ်ရတယ်၊ ကံပြုတယ်ဆိုတာ ရဟန်းတော်များရဲ့ ဥပုသ်ပြုခြင်း၊ ပဝါရဏာပြုခြင်း၊ ရဟန်းခံခြင်း စတဲ့ အမှုကိစ္စပြုခြင်းကို ကံပြုတယ်လို့ ခေါ်တယ်။

ရဟန်းတော်များ ပြုရတဲ့ကံဟာ အပလောကနကံ၊ ဉတ္တိကံ၊ ဉတ္တိဒုတိယကံ၊ ဉတ္တိစတုတ္ထကံလို့ လေးမျိုးရှိတယ်။

(၁) သံဃာကို ပန်ကြားပြီး ပြုရတဲ့ကံကို **အပလောကနကံ**လို့ ခေါ်တယ်၊

(၂) ကမ္မဝါမပါဘဲ ဉတ်ချည်း သက်သက် ရွတ်ဖတ်ပြီး ပြုတဲ့ကံကို **ဉတ္တိကံ** လို့ ခေါ်တယ်၊

http://www.dhammadownload.com



(၃) ဥတ်တစ်ချက် ကမ္မဝါတစ်ချက် ရွတ်ဖတ်ပြီး ပြုရတဲ့ ကံမျိုးကိုတော့ **ဉတ္တိဒုတိယကံ**လို့ခေါ်တယ်၊

(၄) ဥတ်တစ်ချက် ကမ္မဝါစာသုံးချက် ရွတ်ဖတ်ပြီး ပြုရတဲ့ ကံမျိုးကိုတော့ **ဉတ္တိစတုတ္ထကံ**လို့ခေါ်တယ်၊

အဲဒီကံလေးမျိုးမှာ အပလောကနကံကို ပန်ကြားပြီးသာ ပြုအပ်တယ်၊ ကမ္မဝါစာ ရွတ်ဖတ်ပြီး မပြုအပ်ဘူး၊ ဉတ္တိကံကိုလည်း ဥတ်တစ်ချက်ထားပြီး ပြုရတယ်၊ ပန်ကြားရုံနှင့် မပြီးဘူး၊ ဉတ္တိဒုတိယကံကိုတော့ ပန်ကြားပြီး ပြုအပ်တာလည်း ရှိတယ်၊ မပန်ကြားဘဲ ပြုအပ်တာလည်း ရှိတယ်၊ သိမ်သမုတ်ခြင်း၊ သိမ်နုတ်ခြင်း၊ ကထိန်ပေးခြင်း၊ ကထိန်နုတ်ခြင်း၊ ကုဋီရာကြားခြင်း၊ ကျောင်းရာကြားခြင်း ဒီကံ ၆–မျိုးတို့ဟာ ဂရုကံများ ဖြစ်ကြတယ်၊ ပန်ကြားရုံနှင့် မအပ်ဘူး၊ ဉတ္တိဒုတိယကမ္မဝါစာ ရွတ်ဖတ်ပြီး ပြုရတဲ့ ကံမျိုးတွေ ဖြစ်တယ်၊ ကြွင်းတဲ့ သမ္မုတိမျိုး၊ ကျောင်းခံယူတဲ့ သမ္မုတိမျိုး၊ မတကစီဝရ ဒါနသမ္မုတိမျိုးတွေကတော့ လဟုကကံမျိုးတွေဖြစ်ကြလို့ ပန်ကြားပြီး ပြုရုံနှင့် အပ်တယ်၊ အဲဒီလိုကံမျိုးတွေထဲက ပဗ္ဗာဇနီယကံဆိုတာ ဥတ်လျှင် ၄–ချက်မြောက် ရွတ်ဖတ်ရတဲ့ ဉတ္တိစတုတ္ထကံကြီး ဖြစ်တယ်၊ သို့သော်လည်း ယခု အမေးမှာ ပါဝင်တဲ့ ပဗ္ဗာဇနီယကံနှင့် ဝိနည်းမဟာဝါမှာဆိုတဲ့ ပဗ္ဗာဇနီယကံတို့ဟာ အသံချင်းသာ တူတယ်၊ သဘောချင်းကတော့ မတူကြဘူးကွယ့်"

"မှန်ပါ အမိန့်ရှိပါ ဘုရား"

"ဝိနည်းမဟာဝါမှာ ဆိုတဲ့ ပဗ္ဗာဇနီယကံက ပါတိမောက် သံဃာဒိသိသ်တေရသမသိက္ခာပုဒ်ကလာတဲ့ အဿဇိ, ပုနဗ္ဗသုကတို့ကို အကြောင်းပြုပြီး ပညတ်တော်မူတာ ဖြစ်တယ်ကွယ့်"

"အကျယ်မိန့်တော်မူပါဦး ဘုရား"

"အဿဇိ, ပုနဗ္ဗသုကတို့ဟာ ကီဋာဂိရိဇနပုဒ်မှာ နေကြတဲ့ ကျောင်းထိုင်ဘုန်းကြီးတွေ ဖြစ်ကြတယ်၊ သူတို့ဟာ ဒကာ,ဒကာမတွေကို သစ်သီးပေး, ပန်းပေး, အတီးအမှုတ်, အကအခုန်, ကစားအမျိုးမျိုးတို့ဖြင့် ဖျားယောင်းပြီး ကြီးပွားနေကြတယ်၊ ဒကာ,ဒကာမတွေကလည်း သူတို့အပေါ် အလွန် ချစ်ခင်နေကြတယ်၊ တစ်နေ့တော့ ရဟန်းတစ်ပါးဟာ ကာသိတိုင်းမှာ ဝါဆိုပြီး ဝါကျွတ်တော့ ဘုရားရှင်သီတင်းသုံးရာ သာဝတ္ထိကိုအလာ ကီဋာဂိရိ ဇနပုဒ်ဝင်ပြီး ဆွမ်းခံတယ်၊ မျက်လွှာ

http://www.dhammadownload.com



ချပြီး ကြည်ညိုဖွယ် ဆွမ်းခံတဲ့ကိုယ်တော်ကို ဒကာ, ဒကာမတွေက မကြည်ညိုတတ်ကြဘူး၊ ဒါကြောင့် ဆွမ်းလောင်းမည့်သူတောင် မရှိဘူး။

ဒီအကြောင်းကို ဥပါသကာ တစ်ဦးက သိလို့ အိမ်ပင့်ပြီး ဆွမ်းကပ်တယ်၊ အဿဇိ ပုနဗ္ဗသုကတို့ရဲ့ သဒ္ဓါတရား ဖျက်ဆီးနေကြပုံကိုလည်း လျှောက်ထားတယ်၊ ဘုရားရှင်ကိုလည်း ဒီအကြောင်း လျှောက်ထားဖို့ ပန်ကြားလိုက်တယ်၊ အာဂန္တုကိုယ်တော်ဟာ ဥပါသကာရဲ့စကားကို ဘုရားရှင်ထံ လျှောက်တဲ့အတွက် ဘုရားရှင်က အဿဇိ ပုနဗ္ဗသုကတို့ကို ကီဋာဂိရိဇနပုဒ်က မောင်းထုတ်တဲ့ ပဗ္ဗာဇနီယကံကို ပြုစေတယ်၊ ဒါကြောင့် ဝိနည်းမဟာဝါကလာတဲ့ ပဗ္ဗာဇနီယ ကမ္မဝါက ရဟန်းဆိုးများကို မောင်းထုတ်တဲ့ ကမ္မဝါစာ ဖြစ်တယ်။

ရဟန်းဆိုးများကို မောင်းထုတ်တဲ့ ပဗ္ဗာဇနီယကမ္မဝါစာက ဘုရားရှင်အမိန့်တော်နှင့် သံဃာတော်က ကံပြုရတဲ့ ကမ္မဝါစာဖြစ်တယ်၊ ကံပြုတဲ့ သံဃာတော်ကလည်း (၁) စတုဝဂ်သံဃာ၊ (၂) ပဉ္စဝဂ်သံဃာ၊ (၃) ဒသဝဂ်သံဃာ၊ (၄) ဝီသတိဝဂ်သံဃာ၊ (၅) အတိရေက ဝီသတိဝဂ်သံဃာလို့ ၅–မျိုး ရှိပါတယ်၊ အဲဒီ ၅–မျိုးအတွင်းက ၄–ပါးအစုရှိတဲ့ စတုဝဂ်သံဃာဟာ ဥပသမ္ပဒကံ, ပဝါရဏာကံ, အဗ္ဘာနကံတို့ကို ထားပြီး သံဃကံအားလုံး ဆောင်ရွက်နိုင်တယ်၊ ၅–ပါး အစုရှိတဲ့ ပဉ္စဝဂ် သံဃာက မဇ္ဈိမတိုက်မှာ ဥပသမ္ပဒကံ၊ အဗ္ဘာနကံတို့ကို ထားပြီ သံဃကံအားလုံး ဆောင်ရွက်နိုင်တယ်၊ ၁၀–ပါးအစုရှိတဲ့ ဒသဝဂ် သံဃာက အဗ္ဘနကံမှုကို ထားပြီး သံဃကံအားလုံး ဆောင်ရွက်နိုင်တယ်၊ ၂၀–အစုရှိတဲ့ ဝီသတိဝဂ်သံဃာနှင့် ၂၀–ထက် ကျော်လွန်တဲ့ အတိရေကဝီသတိဝဂ် သံဃာကတော့ မဆောင်ရွက်နိုင်တဲ့ သံဃကံ မရှိဘူး၊ အားလုံးသော သံဃကံများကို ဆောင်ရွက်နိုင်တယ်၊

(ကင်္ခါဝိတရဏီ၊ ဌ၊ နိဒါနဝဏ္ဏနာ)

အဲဒီ ကံ ၅–ပါးထဲမှာ ပဗ္ဗာဇနီယကံက စတုဝဂ်သံဃာမှစ၍ အတိရေက ဝီသတိဝဂ် သံဃာတိုင်အောင် ပြုအပ်တဲ့ ကံမျိုးဖြစ်လို့ တစ်ပါး,နှစ်ပါး,သုံးပါးမျှဖြင့် ကံပြုလို့ မဖြစ်ဘူး၊ အနည်းဆုံး ၄–ပါး ပါဝင်မှ ကံပြုလို့ဖြစ်တယ်၊ သို့သော်လည်း ယခု ရွတ်ဖတ်ကြတဲ့ ပဗ္ဗာဇနီယကမ္မဝါစာက ဝိနယ မဟာဝါကလာတဲ့ ပဗ္ဗာဇနီယ ကမ္မဝါစာ မဟုတ်ဘူးကွယ့်၊ အဲဒီ ပဗ္ဗာဇနီယကမ္မဝါစာကို အတုယူပြီး မြို့တွင်းရွာတွင်းမှာ ဝင်ရောက် သောင်းကျန်းနေကြတဲ့ ဘီလူး, တစ္ဆေ, သရဲ, သဘက်, မကောင်းဆိုးဝါးကောင်များကို သံဃာတော်ရဲ့အမိန့်နှင့် မောင်းထုတ်တဲ့ ကမ္မဝါစာ ဖြစ်တယ်၊

http://www.dhammadownload.com



ရွာတွင်းမှာ ရွတ်ဖတ်တဲ့ ပဗ္ဗာဇနီယ ကမ္မဝါစာတို့ အနန္တရာယိက ကမ္မဝါစာတို့ ဆိုတာ ကမ္မဝါစာလို့ အမည်တပ်ထားပေမယ့် ရဟန်းများ ကံပြုတဲ့ ကမ္မဝါစာမျိုး မဟုတ်ဘူး၊ အန္တရာယ်ကင်း ကမ္မဝါစာမျိုးသာဖြစ်တယ်။

ကံပြုတဲ့ ကမ္မဝါစာမျိုးမဟုတ်တဲ့အတွက် စတုဝဂ်စသော သံဃာ မပြည့်စုံသော်လည်း ကံပျက်ခြင်း မဖြစ်ဘူး၊ စတုဝဂ်စသော သံဃာအပြည့်နှင့် ရွတ်ဖတ်မှ ကံအောင်ခြင်း မဖြစ်ဘူး၊ ဒါကြောင့် ပဗ္ဗာဇနီယ စသော အန္တရာယ်ကင်း ကမ္မဝါစာမျိုးကို တစ်ပါး နှစ်ပါး သုံးပါး ရွတ်ဖတ်သော်လည်း မရွတ်ဖတ်ကောင်းဘူး၊ မရွတ်ဖတ်အပ်ဘူး မဟုတ်၊ ရွတ်ဖတ်ကောင်းတယ်၊ ရွတ်ဖတ်အပ်တယ်လို့သာ ဖြေကြားလိုက်ပါတယ်ကွယ်”

“သာဓု–သာဓု–သာဓု”

❋ ❋ ❋



http://www.dhammadownload.com



# လူများ ပဗ္ဗာဇနီယကမ္မဝါ ရွတ်သင့်,မရွတ်သင့်နှင့် သီလဆိုင်ရာ မေးလျှောက်လွှာ

"ဟောဒီစာက စစ်ကိုင်းတိုင်း၊ ကလေးမြို့၊ ခုံတိုးမြို့သာရွာ၊ သဒ္ဓမ္မဇောတိကာရုံကျောင်း၊ အရှင်နန္ဒမာလာထံမှ လျှောက်ထားသော စာပါဘုရား"

"ဦးနန္ဒမာလာရဲ့ လျှောက်ထားချက်ကို ဆိုစမ်းပါဦး"

"အရှင်နန္ဒမာလာရဲ့ လျှောက်ထားချက် ပြဿနာက နှစ်ခုပါဘုရား၊ ပထမလျှောက်တာက တစ္ဆေ, ဘီလူးစသော ပယောဂ အပူးခံရသောသူကို ရဟန်းမဟုတ်သော လူများ ပဗ္ဗာဇနီယကမ္မဝါစာ ရွတ်လျှင် ပူးကပ်နေသော ပယောဂ ကွာ, မကွာ၊ ရဟန်းမဟုတ်သော လူသားများ ပဗ္ဗာဇနီယ ကမ္မဝါစာ ရွတ်သင့်, မရွတ်သင့်ပါ ဘုရား"

ဒုတိယလျှောက်ထားတာက ၈–ပါး, ၉–ပါး, ၁၀–ပါး သီလ ခံယူထားသော ဥပုသ်သည်များ နောက်ထပ် ၅–ပါးသီလယူသော် မူလသီလ ပျက်, မပျက်ပါ ဘုရား"

"အရှင်နန္ဒမာလာရဲ့ လျှောက်ထားချက် ပြဿနာက ဤ ၂–ချက်မျှသာ ဖြစ်ပါတယ် ဘုရား"

## ပဗ္ဗာဇနီယ ကမ္မဝါ ပြဿနာအဖြေ

"ပဗ္ဗာဇနီယ ကမ္မဝါစာဆိုတာ မူလက အဿဇိပုနဗ္ဗသုက ရဟန်းဆိုးများကို နှင်ထုတ်ဖို့ ဘုရားရှင်ပညတ်တော်မူတဲ့ ကမ္မဝါစာ ဖြစ်တယ်၊ မူလ ပဗ္ဗာဇနီယ ကမ္မဝါစာရဲ့ အစီအစဉ်က ရှေးဦးစွာ နှင်ထုတ်မည့်ရဟန်းဆိုးများကို စောဒနာ

http://www.dhammadownload.com



ရမယ်၊ စောဒနာပြီး ၎င်းတို့ ပြုကျင့်ခဲ့တဲ့ အပြစ်များကို အောက်မေ့စေရယ်၊ အောက်မေ့စေပြီးနောက် မည်သည့် အာပတ်သင့်တယ်လို့ အာပတ်တင်ရမယ်၊ အာပတ်တင်ပြီးတဲ့နောက် ကမ္မဝါစာကို ပီပြင်စွာ ရွတ်ဖတ်တတ်တဲ့ ပုဂ္ဂိုလ်က (သုဏာတု မေ ဘန္တေ သံဃော)အစရှိတဲ့ ကမ္မဝါစာကို ရွတ်ဖတ်ပြီး ရဟန်းဆိုးများကို နှင်ထုတ်ရတယ်။

ယခုလျှောက်ထားတဲ့ ပဗ္ဗာဇနီယကမ္မဝါစာက ဝိနယ စူဠဝဂ္ဂပါဠိတော် (၂၈) ကလာတဲ့ ယခု ကမ္မဝါစာ မဟုတ်ဘူး၊ မူလကမ္မဝါစာကို အတုယူပြီးနောက် ဆရာတော်များ တည်ထွင်ရေးသားထားတဲ့ ကမ္မဝါသစ် ဖြစ်တယ်၊ မူလ ကမ္မဝါစာက ရဟန်းဆိုးများကို နှင်ထုတ်တယ်၊ ယခု ကမ္မဝါစာက တစ္ဆေ, သရဲစတဲ့ မိစ္ဆာကောင်များကို နှင်ထုတ်တယ်၊ တစ္ဆေ,သရဲစတဲ့ မိစ္ဆာကောင်တွေဟာ လူသားများလို ဒွိဟိတ်, တိဟိတ်အမျိုးအစားက နည်းပါတယ်၊ များသောအားဖြင့် အကုသလဝိပါက် ဥပေက္ခာသဟဂုတ်စိတ်ဖြင့် ပဋိသန္ဓေနေကြတဲ့ အဟိတ်ပုဂ္ဂိုလ်တွေက များပြားတယ်၊ အဟိတ်ပုဂ္ဂိုလ်တွေဖြစ်လို့ လူသားလောက် ဉာဏ်ပညာ အဆင်ခြင် မရှိဘူး၊ တောထဲက ဆင်တို့, ကျားတို့, ဝံပုလွေတို့ဟာ ဘယ်လောက် ဆိုးသွမ်းစေကာမူ လူကို ကြောက်ကြတယ်၊ ဆင်, ကျား, ဝံပုလွေတို့လိုပဲ ဒီ ပယောဂကောင်တွေဟာလည်း လူကို အင်မတန် ကြောက်ကြတယ်၊ အခြေအနေအရ လူမှာ ပူးကပ်နေရသော်လည်း လူသားက ရဲရဲဝံ့ဝံ့ မောင်းထုတ်လျှင် ထွက်ခွါ သွားတတ်ကြတယ်၊ လူသားက ရဲရဲဝံ့ဝံ့ မလုပ်ဘဲ ဆုတ်ကန်ဆုတ်ကန် လုပ်နေလျှင် သူတို့က လူကို ဖြဲခြောက် တတ်တယ်။

ဥပမာအားဖြင့် ခွေးလိုပေါ့၊ ခွေးဟာ လူကို ကြောက်လို့ ဟောင်တာပဲ၊ လူက သူတို့ဟောင်တာ ဂရုမစိုက်လျှင် ခွေးဟာ နောက်တွန့်သွားတယ်၊ သူတို့ ဟောင်တာ ကြောက်လို့ လူက ထွက်ပြေးလျှင် သူတို့က လိုက်ပြီး ကိုက်တတ်တယ်၊ ပယောဂကောင်များလည်း ခွေးလိုပါပဲ၊ လူက မကြောက်မရွံ့ သူတို့ကို မောင်းမဲ လိုက်လျှင် ထွက်ပြေးကြရတာပဲ၊ လူက ကြောက်ရွံ့ကြောက်ရွံ့ လုပ်ခဲ့လျှင် သူတို့ က လူကို ပြန်ခြောက်တတ်တယ်၊ ဒါကြောင့် လူသားတွေဟာ ကမ္မဝါစာကို မဖတ်ဘဲ သူတို့ကို ခြိမ်းခြောက်လိုက်လျှင် ပယောဂဟာ ထွက်သွားတာများပါတယ်။

ကမ္မဝါစာဆိုတာက (သုဏာတု မေ ဘန္တေ သံဃော)လို့ အစချီထားတဲ့ အတိုင်း လူသားများဖတ်ဖို့ မဟုတ်၊ သံဃာတော်များ ဖတ်ဖို့ ဖြစ်ကြတယ်ကွယ့်၊ ဒီအကြောင်းကို သတပဒီက ပုစ္ဆာ (၁၆)မှာ–

http://www.dhammadownload.com



**ကမ္မဝါ ရွတ်မှု၌၊ ဘိက္ခုမှ ပြည့်စုံ၊ ဆိုပုံက လွန်များ**
**လူဖြစ်သူ၊ မှန်မှန်ရွတ်က၊ ကံချွတ်မည်လား–လို့**

မန်လည်ဆရာတော်က မေးတယ်၊ ဒီအမေးကို မင်းကွန်းဆရာတော်က–

**ကမ္မဝါ ရွတ်မှု၌၊ ဘိက္ခုမှ ပြည့်စုံ၊ ဆိုပုံက လွန်များ**
**လူ့အသွင်...သမဏသညာကြောင့်လို့၊ ထိုသူလျှင် မှန်အောင်ရွတ်သော်လည်း၊**
**ကံချွတ်လောက်သား။**

လို့ ဖြေဆိုထားတယ်၊ အဓိပ္ပာယ်က– ကမ္မဝါစာကို ရဟန်းဖြစ်သူဖတ်မှ ကံအောင်တယ်၊ ရဟန်း မဟုတ်သူ လူသားဖတ်လျှင် ဘယ်လိုပင် မှန်အောင်ရွတ်စေကာမူ ကံပျက်တယ်တဲ့၊ သို့သော်လည်း သင်္ကန်းဝတ်နှင့် ပါရာဇိက ကျပြီးတဲ့ ရဟန်းဟာ အသွင်ကတော့ ရဟန်းပဲ၊ သို့သော်လည်း ပါရာဇိကကျပြီးလို့ လူ ဖြစ်သွားပြီ၊ လူ ဖြစ်သည့်တိုင်အောင် သူကိုယ်တိုင်က ဝန်မခံဘူး၊ သူက ဝန်မခံတဲ့အတွက် အများသံဃာက သူ့ကို ရဟန်းလို့ မှတ်ယူထားကြတယ်၊ အဲဒီလို ပုဂ္ဂိုလ်က ကမ္မဝါစာဖတ်ခဲ့လျှင် သံဃာအများက သူ့ကို သံဃာမှာ အကျုံးဝင်တယ်လို့ ယူဆထားကြတဲ့အတွက် ထိုပုဂ္ဂိုလ်မျိုး ရွတ်ဖတ်တဲ့ ကမ္မဝါစာကျတော့ ကံအောင်တယ်လို့ ဆိုလိုတယ်ကွယ့်၊ အခြားသော လူသားများကတော့ သံဃာအတွင်း မပါဝင်လို့ ကမ္မဝါစာကို မဖတ်အပ်ဘူး၊ အကယ်၍ ဖတ်သော်လည်း ကံ မအောင်ဘူးလို့ မှတ်ယူသင့်တယ်ကွယ့်။

"မှတ်ပါ၊ ဒုတိယအမေးကို ဖြေကြားတော်မူပါဦး"

"ဒုတိယအမေးက ၈–ပါး, ၉–ပါး, ၁၀–ပါး ဥပုသ်သီလ ခံယူထားကြတဲ့ ပုဂ္ဂိုလ်များ နောက်ထပ် ၅–ပါးသီလ ခံယူခဲ့လျှင် မူလဆောက်တည်ထားတဲ့ သီလ ပျက်, မပျက်၊ ဟုတ်လား"

"ဟုတ်မှန်ကြောင်းပါ ဘုရား"

"ဒီပြဿနာရဲ့ သီလ ပျက်, မပျက်ဆိုတာ သီလ ခံယူသူရဲ့ စိတ်အပေါ် မူတည်တယ်ကွယ့်"

"ဘယ်လို တည်တာပါလဲ ဆရာတော်ဘုရား"

"အဲဒါတော့ ဥပမာနှင့် ပြောမှ သဘောကျလိမ့်မယ် ထင်တယ်"

"မှန်ပါ၊ မိန့်တော်မူပါ ဘုရား"

http://www.dhammadownload.com



“လူတစ်ယောက်ကို ရွှေဒင်္ဂါး ဆယ်ပြားပေးထားတယ်၊ နောက်ထပ်ပြီး ဒင်္ဂါးငါးပြားယူဦးလို့ ပေးပြန်မယ်၊ မူလ ရွှေဒင်္ဂါးတွေ လျော့သွားသလားကွယ့်”

“မလျော့ပါဘူး၊ ငါးပြားတောင် တိုးလာပါသေးတယ် ဘုရား”

“အဲဒီ ဥပမာအတိုင်း ၁၀–ပါး သီလ ခံယူထားသူဟာ နောက်ထပ် ၅–ပါး သီလ ယူတဲ့အတွက် မူလသီလ မပျက်တဲ့အပြင် တိုးတက် ခိုင်မာလာတယ်လို့ မှတ်ရမယ်ကွယ့်၊ ဒုတိယလူကတော့ ငါဟာ ရွှေဒင်္ဂါး ၁၀–ပြားကို မဆောင်ယူနိုင်ဘူး၊ အလွန် ဝန်လေးနေတယ်၊ အဲဒီဝန် ပေါ့သွားအောင် ငါးပြားတော့ လျှော့ချမှ တော်မယ်လို့ ဒင်္ဂါး ၅–ပြားကို စွန့်ပစ်လိုက်တယ်၊ အဲဒီဥပမာအတိုင်း ၈–ပါး, ၉–ပါး, ၁၀–ပါး သီလခံယူပြီးနောက် ဒီသီလတွေ အပြည့်အဝ ငါ မကျင့်သုံးနိုင်၊ တချို့ကို စွန့်ပစ်ပြီး ငါးပါးလောက် ကျင့်မှပဲလို့ ငါးပါးသီလကို ယူတယ်၊ သူ့ရဲ့ ရည်မှန်းချက်အတိုင်း ငါးပါးသီလ ခံယူပြီးသည်၏ အဆုံးမှာ အခြားသီလတွေ အကုန်ရွေ့လျော့သွားတယ်၊ ဒါကြောင့် ၈–ပါး, ၉–ပါး, ၁၀–ပါး သီလခံယူပြီးနောက် ငါးပါးသီလ ခံယူသူရဲ့ မူလသီလ ပျက်,မပျက်ဆိုတာ စိတ်ဓာတ်အပေါ် အခြေတည်တယ်လို့ ဆိုတာပေါ့ကွယ်။

“မှန်ပါ၊ ရှင်းပါပြီ ဘုရား”

“သာဓု–သာဓု–သာဓု”

* * *

http://www.dhammadownload.com



# ဝေဒနာမျိုးပြား

“ဟောဒီစာက မဲဆောက်မြို့ ကျောင်းကြီးအနီးမှာ နေထိုင်တဲ့ ဒါယကာကြီးဦးဖောင်ရဲ့ လျှောက်ထားစာ ဖြစ်ပါတယ်၊ ဒါယကာကြီးဦးဖောင်က ဝေဒနာသုံးမျိုး, ဝေဒနာငါးမျိုး, ဝေဒနာခြောက်မျိုးလို့ တွေ့ဖူးပါသတဲ့၊ ဘယ်လိုကြောင့် အရေအတွက် ကွဲပြားပါသလဲ၊ ဒီထက်ပိုပြီး ဝေဒနာတွေ ရှိပါသေးသလား၊ ဝေဒနာနှင့် ပတ်သက်ပြီး အတွင်းကျကျ ရှင်းပြပေးတော်မူပါလို့ လျှောက်ထားပါတယ်ဘုရား။”

ဝေဒနာဆိုတဲ့ ပါဠိစကားက မြန်မာလိုတော့ အာရုံ၏ အရသာကို ခံစားခြင်းလို့ အဓိပ္ပါယ်ရတယ်၊ ဒါကြောင့် ဝေဒနာဟာ အာရုံအရသာကို ခံစားခြင်းအားဖြင့် တစ်ပါးတည်းသာ ရှိတယ်၊ အာရုံအရသာခံစားတာကလည်း ကောင်းတာကို ခံစားတယ်၊ မကောင်းတာကိုခံစားတယ်၊ အလယ်အလတ် ခံစားတယ်ရယ်လို့ သုံးမျိုး ပြားသွားတယ်၊ ကောင်းတာကို ခံစားတဲ့ဝေဒနာက သုခဝေဒနာ၊ မကောင်းတာကို ခံစားတဲ့ဝေဒနာက ဒုက္ခဝေဒနာ၊ အလယ်အလတ် ခံစားတဲ့ဝေဒနာက ဥပေက္ခာဝေဒနာလို့ ခေါ်တယ်၊ ဝေဒနာသုံးမျိုး ခွဲပြီးပြတာကို သဂြိုဟ်ပကိဏ်းပိုင်းမှာ **“အနုဘဝန ဘေဒနည်း”**လို့ ခေါ်တယ်၊ အနုဘဝနဘေဒဆိုတာ အာရုံအရသာကို ခံစားသောအပြားလို့ ဆိုလိုတယ်၊ ဒီဣန္ဒြေသုံးပါးကိုပဲ ဣန္ဒြိယဝိဘင်း ပါဠိတော်မှာ သုခိန္ဒြိယံ၊ ဒုက္ခိန္ဒြိယံ၊ သောမနဿိန္ဒြိယံ၊ ဒေါမနဿိန္ဒြိယံ၊ ဥပေက္ခိန္ဒြိယံ ရယ်လို့ ၅–မျိုးခွဲပြီး ဟောပြန်တယ်၊ ဒီနည်းက ဣန္ဒြေအပြားအားဖြင့် ဟောတော်မူတဲ့ နည်းဖြစ်လို့ **“ဣန္ဒြိယ ဘေဒနည်း”**လို့ခေါ်တယ်။

ဝေဒနာဆိုတဲ့ ဒီခံစားမှုဟာ အလိုအလျောက် ဖြစ်ပေါ်လာတဲ့ တရားမဟုတ်ဘူး၊ ဖဿကို စွဲမှီပြီး ဖြစ်တဲ့တရား၊ ဖဿတရားကလည်း အလိုအလျောက် ဖြစ်တဲ့တရား

http://www.dhammadownload.com



မဟုတ်ဘူး၊ ဒွါရ, အာရုံ, ဝိညာဉ်သုံးပါးတို့ ကြိုက်ကြုံခြင်းကြောင့် ဖြစ်ပေါ်လာတဲ့တရားဖြစ်တယ်၊ ဒါကြောင့် စက္ခု(မျက်စိ)နှင့် ရူပါရုံ(အဆင်း) တိုက်ဆုံလျှင် စက္ခုဝိညာဉ်ဆိုတဲ့ မြင်စိတ်ဖြစ်တယ်၊ ဒီသုံးပါးပေါင်းဆုံတာကို ဖဿလို့ခေါ်တယ်၊ ဖဿအတွေ့ ပေါ်ခဲ့လျှင် ဖဿကိုစွဲပြီး ဝေဒနာဖြစ်တယ်၊ စက္ခုသမ္ဖဿဇာဝေဒနာ ခေါ်တယ်၊ ထို့အတူ သောတ, သဒ္ဒ, သောတဝိညာဉ် ၃–ပါးဆုံတဲ့ ဖဿ၊ ထို ဖဿကိုစွဲပြီး သောတသမ္ဖဿဇာဝေဒနာ ဖြစ်တယ်၊ ထို့အတူ ဃာနသမ္ဖဿဇာ ဝေဒနာ ဖြစ်တယ်၊ ဇိဝှာသမ္ဖဿဇာဝေဒနာ ဖြစ်တယ်၊ ကာယသမ္ဖဿဇာဝေဒနာ ဖြစ်တယ်၊ မနောသမ္ဖဿဇာဝေဒနာ ဖြစ်တယ်၊ ယခုပြောခဲ့တာက ဝေဒနာ ၆–မျိုး ဖြစ်လာပုံကိုးကွယ့်။

ဒွါရခြောက်ပေါက်ရှိတဲ့ သတ္တဝါမှာ ဘယ်ဒွါရကို ဖွင့်လိုက် ဖွင့်လိုက် ဒွါရနှင့်တိုက်ကြုံတဲ့ အာရုံထင်မယ်၊ ဒွါရမှာ အာရုံထင်လျှင် ဝိညာဉ်စိတ် ကေန် ဖြစ်မယ်၊ ဒွါရ, အာရုံ, ဝိညာဉ် ၃–ပါး ပေါင်းဆုံလျှင် ကေန် ဖဿဖြစ်မယ်၊ ဖဿဖြစ်လျှင် ဖဿကို စွဲမှီပြီး ကေန် ဝေဒနာဖြစ်လိမ့်မယ်၊ ဒီအကြောင်းကို ပဋိစ္စသမုပ္ပါဒ်မှာ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ သင်္ခါရကြောင့် ဝိညာဉ်ဖြစ်တယ်၊ ဝိညာဉ်ကြောင့် နာမ်ရုပ်ဖြစ်တယ်၊ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်တယ်၊ သဠာယတနကြောင့် ဖဿဖြစ်တယ်၊ ဖဿကြောင့် ဝေဒနာဖြစ်တယ်လို့ အကြောင်းအကျိုးဆက်ပြီးဟောထားတယ်၊ ဝေဒနာကို အကြောင်းခံခဲ့လျှင် **"ဝေဒနာပစ္စယာ တဏှာ"**ဆိုတဲ့အတိုင်း ကောင်းတဲ့ဖဿကို ခံစားမှုကြောင့် တပ်မက်မှု တဏှာ ဖြစ်မယ်၊ မကောင်းတဲ့ဖဿကို ခံစားမှုကြောင့် ပြစ်မှားမှု ဒေါမနဿဝေဒနာ ဖြစ်မယ်၊ ဒီ ဝေဒနာတွေဟာ အကုသိုလ်နှင့်ယှဉ်တဲ့ ဝေဒနာတွေမို့ မမှီဝဲအပ်တဲ့ ဝေဒနာတွေ ဖြစ်တယ်၊ ဒီအကြောင်းကို သုတ်မဟာဝါ သက္ကပဉှာသုတ်မှာ–

"အို...သိကြားမင်း၊ ဝမ်းမြောက်ခြင်း သောမနဿဝေဒနာကိုလည်း မှီဝဲအပ် မမှီဝဲအပ် နှစ်ပါးအပြားအားဖြင့် ငါဘုရား ဟောတော်မူ၏၊ နှလုံးမသာယာခြင်း ဒေါမနဿဝေဒနာကိုလည်း မှီဝဲအပ် မမှီဝဲအပ် နှစ်ပါးအပြားအားဖြင့် ငါဘုရား ဟောတော်မူ၏၊ လျစ်လျူရှုခြင်း ဥပေက္ခာဝေဒနာကိုလည်း မှီဝဲအပ် မမှီဝဲအပ် နှစ်ပါးအပြားအားဖြင့် ငါ ဘုရားဟောတော်မူ၏။

အို... သိကြားမင်း၊ မှီဝဲအပ် မမှီဝဲအပ် ထိုနှစ်ပါးတို့တွင် အကြင်ဝေဒနာကို မှီဝဲသောသူအား အကုသိုလ်တရား တိုးပွား၏၊ ကုသိုလ်တရား ဆုတ်ယုတ်၏၊ ထိုသို့သဘောရှိသောဝေဒနာကို မမှီဝဲအပ်၊ အကြင်ဝေဒနာကို မှီဝဲသောသူအား

http://www.dhammadownload.com



ကုသိုလ်တရားတိုး ပွား၏၊ အကုသိုလ်တရား ဆုတ်ယုတ်၏၊ ထိုသို့သဘောရှိသော ဝေဒနာကို မှီဝဲအပ်၏”လို့ ဘုရားရှင် ဟောတော်မူတယ် ယခုပြောခဲ့တာက ဝေဒနာသုံးပါး, ဝေဒနာငါးပါး, ဝေဒနာခြောက်ပါးနှင့် စပ်ပြီး ပြောခဲ့တာကိုး၊ ဒီမှတစ်ပါး ဝေဒနာတွေ များစွာရှိသေးတယ်ဆိုတာလည်း ဆက်ပြောရသေးတာပေါ့”

“ပြောတော်မူပါဘုရား”

“မြတ်စွာဘုရားသခင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးတော်မူစဉ် ကာလက သာဝတ္ထိမြို့ထဲမှ ပဉ္စကင်္ဂ အမည်ရှိတဲ့ လက်သမားဆရာကြီး တစ်ယောက် ရှိသတဲ့ကွယ်၊ တစ်ရက်တော့ လက်သမားဆရာကြီးဟာ အရှင်ဥဒါယီထံ ချဉ်းကပ်ပြီး အရှင်ဘုရား– ဘုရားသခင်ဟောတော်မူတဲ့ ဝေဒနာတို့ဟာ အဘယ်မျှလောက် ရှိပါသလဲ”လို့မေးတယ်၊ အရှင်ဥဒါယီက ‘ဒါယကာ– ဘုရားရှင် ဟောတော်မူတဲ့ ဝေဒနာဟာ ချမ်းသာခံစားမှု သုခဝေဒနာ၊ ဆင်းရဲခံစားမှုဒုက္ခဝေဒနာ၊ ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ခံစားမှု ဥပေက္ခာဝေဒနာအားဖြင့် သုံးပါးရှိတယ်’လို့ ဖြေကြား တယ်၊ လက်သမားဆရာကြီးက ‘အရှင်ဘုရား– ဥပေက္ခာဝေဒနာကို ငြိမ်သက် မွန်မြတ်တဲ့ ချမ်းသာမျိုးဖြစ်တဲ့အတွက် သုခဝေဒနာအတွင်း ထည့်သွင်းပြီး ဘုရားရှင် ဟောထားပါတယ်၊ ဒါကြောင့် ဝေဒနာဟာ သုခနှင့်ဒုက္ခရယ်လို့ နှစ်ပါးသာ ရှိသင့်ပါတယ်’လို့ လျှောက်တယ်၊ အရှင်ဥဒါယီက ဝေဒနာသုံးပါး လက်သမား ဆရာကြီးက နှစ်ပါးနှင့် ငြင်းလိုက်ကြတာ ဘယ်သူမျှ အလျှော့မပေးကြဘူးတဲ့ကွယ်”

“ဟုတ်တာပေါ့ဘုရား၊ ငြင်းမိမှတော့ ဘယ်လျှော့ကြမှာလဲ”

“သူတို့ငြင်းခုံနေကြတာကို အရှင်အာနန္ဒာ ကြားတဲ့အတွက် ဘုရားရှင်ကို လျှောက်ထားတယ်၊ ဒီအခါ ဘုရားရှင်က “အာနန္ဒာ–ဥဒါယီရဲ့စကား လက်သမား ဆရာကြီးရဲ့စကားထဲမှာ ထင်ရှားသော အကြောင်းပြချက်များပါတယ်၊ သို့သော်လည်း ညှိနှိုင်းပြီး မယူလိုကြဘူး၊ သူနိုင်,ငါနိုင်သာ ငြင်းနေကြတယ်၊ အာနန္ဒာ–ငါဟာ ပရိယာယ်အားဖြင့် နှစ်ပါးသောဝေဒနာ၊ သုံးပါးသောဝေဒနာ၊ ငါးပါးသောဝေဒနာ၊ ခြောက်ပါးသောဝေဒနာ၊ တစ်ဆယ့်ရှစ်ပါးသောဝေဒနာ၊ တစ်ရာ့ရှစ်ပါးသော ဝေဒနာတို့ကို ဟောခဲ့တယ်။

အာနန္ဒာ– ပရိယာယ်အားဖြင့် ငါဟောခဲ့သော ဝေဒနာတို့ကို ခွင့်မပြုနိုင် ကုန်ကြသအံ့၊ သဘောမတူနိုင်ကုန်ကြသအံ့၊ ဝမ်းမမြောက်နိုင်ကုန်ကြသအံ့၊ ငြင်းခုံခြင်း၊ ခိုက်ရန်ဖြစ်ခြင်း၊ ဆန့်ကျင်ခြင်းအကျိုး ဖြစ်ပေါ်တတ်တယ်။

http://www.dhammadownload.com



အာနန္ဒာ– ပရိယာယ်အားဖြင့် ငါဟောခဲ့သော ဝေဒနာတို့ကို ခွင့်ပြုနိုင်ကုန်ငြားအံ့၊ သဘောတူကုန်ငြားအံ့၊ ဝမ်းမြောက်ကုန်ငြားအံ့၊ ငြင်းခုံခြင်း၊ ခိုက်ရန်ဖြစ်ခြင်း၊ ဆန့်ကျင်ခြင်းမရှိ၊ နို့နှင့်ရေကဲ့သို့ တစ်ပေါင်းတည်းဖြစ်၍ အချင်းချင်း ချစ်ခင်နှစ်သက်ခြင်းအကျိုး ဖြစ်ပေါ်နိုင်တယ်”လို့ ဟောတော်မူတယ်၊ ဒါကြောင့် ဝေဒနာတွေဘယ်လိုပင်ပြားပြား၊ သဘောချင်းမှာ အတူတူလို့ မှတ်ယူသင့်တယ်ကွယ့်။

ပြီးတော့ ဒီဝေဒနာဟာ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်ဆိုတဲ့ ခန္ဓာငါးပါးအတွင်းမှာ **“ဝေဒနာက္ခန္ဓာ”** အဖြစ် ပါဝင်တဲ့တရားဖြစ်တယ်၊ တရားရှာကိုယ်မှာတွေ့ ဆိုတဲ့အတိုင်း ဝိပဿနာတရားရှုတော့ ခန္ဓာကိုယ်ကို ရှုရတဲ့အတွက် ဝေဒနာက္ခန္ဓာဟာလည်း အရှုခံတရားအတွင်းမှာ ပါဝင်တယ်၊ သတိပဋ္ဌာန်ဒေသနာတော်မှာ ဝေဒနာနုပဿနာ သတိပဋ္ဌာန်လို့ သီးခြား ဟောထားတာရှိတယ်ကွယ့်”

“အမိန့်ရှိပါဦးဘုရား”

သတိပဋ္ဌာန်မှာ ဟောတော်မူတာက “ရဟန်းတို့–ဝေဒနာတို့၌ အဘယ်သို့အကြိမ်ရှုလေ့ရှိသည် ဖြစ်၍နေသနည်း၊ ရဟန်းတို့–ယောဂီသည် သုခဝေဒနာကို ခံစားလျှင်လည်း သုခဝေဒနာကို ခံစားသည်ဟု သိ၏၊ ဒုက္ခဝေဒနာကို ခံစားလျှင်လည်း ဒုက္ခဝေဒနာကို ခံစားသည်ဟု သိ၏၊ ဥပေက္ခာဝေဒနာကို ခံစားလျှင်လည်း ဥပေက္ခာဝေဒနာကို ခံစားသည်ဟု သိ၏၊ ကာမဂုဏ်နှင့်စပ်သော သုခဝေဒနာကို ခံစားလျှင်လည်း–(ပ) ကာမဂုဏ်နှင့် မစပ်သော သုခဝေဒနာကို ခံစားလျှင်လည်း –(ပ)၊ ကာမဂုဏ်နှင့်စပ်သော ဒုက္ခဝေဒနာကို ခံစားလျှင်လည်း–(ပ) ကာမဂုဏ်နှင့်မစပ်သော ဒုက္ခဝေဒနာကို ခံစားလျှင်လည်း–(ပ) ကာမဂုဏ်နှင့်စပ်သော ဥပေက္ခာဝေဒနာကို ခံစားလျှင်လည်း–(ပ) ကာမဂုဏ်နှင့် မစပ်သော ဥပေက္ခာဝေဒနာကို ခံစားလျှင်လည်း–(ပ) ခံစားသည်ဟုသိ၏။

ဤသို့ မိမိ၏ ဝေဒနာတို့၌မူလည်း အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ သူတစ်ပါးတို့၏ ဝေဒနာတို့၌မူလည်း အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ မိမိ, သူတစ်ပါးတို့၏ ဝေဒနာတို့၌မူလည်း အကြိမ်ကြိမ် ရှုလေ့ရှိသည်ရှိသည်ဖြစ်၍ နေ၏၊ ဝေဒနာတို့၏ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ ဝေဒနာတို့၏ ပျက်ကြောင်းတရားနှင့်ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ ဝေဒနာတို့၏ ဖြစ်ကြောင်း ပျက်ကြောင်း တရားနှင့် ဖြစ်ခြင်း–ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊

http://www.dhammadownload.com



ထို့ပြင် ဝေဒနာ သည်သာလျှင် ရှိ၏ဟု သတိသည် ရှေးရှုဆောင်၏၊ ထိုသတိသည် အဆင့်ဆင့် ဉာဏ် တိုးပွားခြင်းငှာ ဖြစ်၏၊ တဏှာ, ဒိဋ္ဌိတို့ဖြင့် မငြိမတွယ်မူ၍ လောက၌ တစ်စုံတစ်ခုကိုမျှလည်း ငါ, ငါ၏ဥစ္စာဟု မစွဲလမ်း။

ရဟန်းတို့–"ဤသို့လျှင် ယောဂီသည်ဝေဒနာတို့၌ အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍နေ၏"လို့ ဘုရားရှင်ဟောတော်မူတယ်၊ မူလပဏ္ဏာသပါဠိတော် စူဠတဏှာ သင်္ခယသုတ်မှာလည်း ဘုရားရှင်က "သိကြားမင်းကို ယောဂီသည် တရားအားလုံး ကို ပိုင်းခြားသိပြီး၍ သုခ, ဒုက္ခ, ဥပေက္ခာဝေဒနာတို့ကို ခံစား၏၊ ထိုယောဂီသည် ထို ခံစားခြင်းဝေဒနာတို့၌ မမြဲသောအားဖြင့်ရှုမြင်လျှက်နေ၏၊ တပ်စွန်းခြင်းကင်း သောအားဖြင့် ရှုမြင်လျက်နေ၏၊ ချုပ်သောအားဖြင့် ရှုမြင်လျက်နေ၏၊ စွန့်လွှတ် သောအားဖြင့် ရှုမြင်လျက်နေ၏၊ ထိုယောဂီသည် ထိုခံစားခြင်းဝေဒနာတို့၌ မမြဲသော အားဖြင့်၊ တပ်စွန်းခြင်းကင်းသောအားဖြင့်၊ ချုပ်သောအားဖြင့်၊ စွန့်လွှတ်သော အားဖြင့် ရှုမြင်လျက်နေသော် လောက၌ တစ်စုံတစ်ခုကိုမျှ မစွဲလမ်း၊ မစွဲလမ်း၍ မတပ်မက်၊ မတပ်မက်သောကြောင့် ငြိမ်းအေး၏၊ ပဋိသန္ဓေနေမှု ကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ မဂ်ကိစ္စကို ပြုပြီးပြီ၊ ဤ မဂ်ကိစ္စအလို့ငှာ တစ်ပါးသော ပြုဖွယ်မရှိပြီ"လို့ ဟောတော်မူတယ်။

ဒါကြောင့် "ဝေဒနာတွေ အမျိုးပြားသော်လည်း တစ်ပါးပါးကို ပိုင်နိုင်အောင် ရှုနိုင်လျှင် ကိစ္စပြီးပါတယ်လို့ မဲဆောက်မြို့က ဦးဖောင်ရဲ့အမေးကို ဖြေကြား လိုက်ပါတယ်ကွယ်"

"သာဓု–သာဓု–သာဓု"

❋ ❋ ❋



http://www.dhammadownload.com



# ဇာတိဿရဉာဏ်

"ဟောဒီစာက ရွှေတောင်မြို့၊ လက်ဝဲကုန်းရပ်၊ ဦးလှဝင်းထံမှ အမေးလွှာ ပါဘုရား"

"ဖတ်စမ်းပါဦး သူ့အမေးလွှာက ဘာတဲ့တုန်း"

"တပည့်တော်ရိုသေစွာ လျှောက်ထားအပ်ပါသည်ဘုရား၊ ဤလောကဌ် အချို့သော သူတို့သည် ငယ်ရွယ်စဉ်ကပင် နောက်ဘဝများကို မှန်ကန်စွာ ပြောပြ တတ်ကြပါသည်။

၁။ ထိုသို့ နောက်ဘဝများကို သိနိုင်ရန် ဆုတောင်းယူရပါသလား၊ ကျင့်ကြံယူရ ပါသလား၊ ဆုမတောင်း မကျင့်ကြံဘဲ တိုက်ဆိုင်မှုဖြစ်နိုင်ပါသလား။

၂။ အချို့ပုဂ္ဂိုလ်များ ငယ်စဉ်က အတိတ်ဘဝကို အမှတ်ရ၍ အသက်ကြီးသော အခါ မေ့ပျောက်သွားတတ်ပါသလား၊ သို့မဟုတ် တစ်ဘဝလုံး အတိတ်ဘဝကို မှတ်မိနိုင်ပါသလား။

ဤအကြောင်းများကို အများသိနိုင်ရန် ဖြေကြားပေးတော်မူပါရန် ရိုသေစွာဖြင့် လျှောက်ထားအပ်ပါသည်ဘုရား–တဲ့၊ ရွှေတောင်ဦးလှဝင်းရဲ့စာက ဒါပါပဲဘုရား"

ရှေးကဖြစ်ခဲ့ဖူးတဲ့ဘဝကို **ဇာတိ**လို့ခေါ်တယ်၊ ဆင်ခြင်အောက်မေ့နိုင်တဲ့ ဉာဏ်ကို **သရ**လို့ ခေါ်တယ်၊ (သာရတ္ထဒီပနီ၊ တ၊ ၁၂၃)မှာ–

"ဇာတိံ သရတီတိ ဇာတိဿရော"လို့ ဝိဂ္ဂြိုဟ်ဆိုထားတယ်၊ **ရှေးကဖြစ်ခဲ့ ဖူးတဲ့ ဇာတိကို အမှတ်ရတတ်လို့ (ဇာတိဿရ)**လို့ ခေါ်တာတဲ့ကွယ်။

ဒီနေရာမှာ ဉာဏ်အမြင်လင်းသွားအောင် (သရ)ဆိုတဲ့ ပုဒ်အကြောင်း အနည်းငယ် ပြောပြဦးမယ်၊ သဒ္ဒါရေးအားဖြင့် (သရ)ဓာတ်ဟာ "စိန္တဟိံသာ

http://www.dhammadownload.com



သရေသူ" လို့ ဓာတ်နက်ဖွင့်ပြတဲ့အတိုင်း ကြံစည်, အောက်မေ့, အမှတ်ရခြင်းအနက် ၃-ပါး ရှိတယ်၊ ဓာတိဿရမှာ ပါဝင်တဲ့ (သရ)က အမှတ်ရခြင်းအနက်ကို ဟောတယ်။

ယခု ဓာတိဿရမှာ ပါဝင်တဲ့ သရနှင့် သတိပဋ္ဌာန်မှာပါဝင်တဲ့ သတိတို့ဟာ ဓာတ်ချင်းလည်း တူညီတယ်၊ စိန္တာအနက်ခြင်းလည်း တူညီတယ်၊ သို့သော်လည်း ပစ္စည်းသက်ရာမှာ (သရ)က အ-ပစ္စည်းသက်ပြီး သတိက (တိ)ပစ္စည်းသက်ထားတယ်၊ ဒါကြောင့် ဓာတ်ချင်း အနက်ချင်း တူညီလျက်နှင့် သရ, သတိလို့ အသံကွဲနေတယ်၊ မှတ်မိရဲ့လားကွယ့်"

"မှတ်မိပါတယ်ဘုရား"

"ဒီစကားဘာကြောင့် ပြောတာလည်းဆိုတော့ မိလိန္ဒပဉှာပါဠိတော်မှာ (သတိဉပ္ပဇ္ဇနပဉှာ) သတိဖြစ်ပေါ်ပုံ ပြဿနာလို့ပါတယ်၊ မိလိန္ဒပဉှာမှာပါတဲ့ သတိနှင့် ယခုဓာတိဿရမှာ ပါဝင်တဲ့ သရဟာ အတူတူပါလို့ သိစေချင်လို့ ပြောဆိုနေခြင်းဖြစ်တယ်၊ မိလိန္ဒမင်းကြီးက အရှင်နာဂသိန်ကို မေးတယ်။

"အရှင်ဘုရား သတိဖြစ်တဲ့အကြောင်း ဘယ်လောက်ရှိပါသလဲတဲ့"

အရှင်နာဂသိန်က "၁၇-ပါးရှိတယ်"လို့ ဖြေတယ်၊ ၁၇-ပါးက...

(၁) အမြဲသိမှတ်ခြင်း၊ (၂) သူတစ်ပါး လှုံ့ဆော်ခြင်း၊ (၃) ထင်ရှားသော အာရုံကို သိခြင်း၊ (၄) အကျိုးစီးပွားရှိ၏ဟု သိခြင်း၊ (၅) အကျိုးစီးပွားမရှိဟု သိခြင်း၊ (၆) သဘောတူသောအာရုံ ရှိခြင်း၊ (၇) သဘောကွဲသောအာရုံ ရှိခြင်း၊ (၈) သူတစ်ပါးစကား ကြားသိခြင်း၊ (၉) မှတ်ကြောင်းအင်္ဂါ လက္ခဏာရှိခြင်း၊ (၁၀) သူတစ်ပါး သတိပေးခြင်း၊ (၁၁) အက္ခရာ ရေးသားထားခြင်း၊ (၁၂) ဂဏန်း သင်္ချာအရေအတွက်ထားခြင်း၊ (၁၃) နှုတ်တက် အာဂုံဆောင်ထားခြင်း၊ (၁၄) ကမ္မဋ္ဌာန်းပွားများခြင်း၊ (၁၅) ပေပရပိုက်စာအုပ်များနှင့် ဖွဲ့ယှက်ခြင်း၊ (၁၆) နီးကပ်ခြင်း၊ (၁၇) သုံးဆောင်ခံစားခြင်း။

ဒီ(၁၇)ချက်ဟာ သတိဖြစ်ပေါ်ခြင်းရဲ့ အကြောင်း ၁၇-ပါးပဲ၊ သတိဖြစ်ပေါ်တယ် ဆိုတာနှင့် အမှတ်ရတယ်ဆိုတာ အတူတူပါပဲ၊ မိလိန္ဒပဉှာမှာဆိုတဲ့ သတိဖြစ်ပေါ်ခြင်းဆိုတာက အကြောင်းအရာတစ်ခုကို မေ့နေရာက ရုတ်တရက် အမှတ်ရလာခြင်းကို ဆိုလိုတယ်။

မေ့နေခြင်းဟာ ဟိုအတိတ်ဘဝကို မေ့နေခြင်းနှင့် ယခုဘဝ မေ့လျော့နေခြင်းဟာ အတူတူပါပဲ၊ သို့သော်လဲ ယခု ရှင်နာဂသိန်ရဲ့ သတိဖြစ်တဲ့အကြောင်းက

http://www.dhammadownload.com



ဒီဘဝ အကြောင်းများကို အဓိကထားပြီး ဖြေဆိုထားခြင်းဖြစ်တယ်၊ ဒီသတိဖြစ်တဲ့ အကြောင်းတွေထဲက အတိတ်ဘဝကို မှတ်မိတဲ့အကြောင်း ထုတ်ပြီး ကြည့်လိုက်လျှင် (၁) အမြဲ သိမှတ်ခြင်း၊ (၂) သူတစ်ပါး လှုံ့ဆော်ခြင်း၊ (၃) အကျိုးစီးပွား ရှိ၏ဟု သိခြင်း၊ (၄) အကျိုးစီးပွား မရှိဟုသိခြင်း၊ (၅) သူတစ်ပါးစကားကြား၍ သိခြင်း၊ (၆) သူတစ်ပါး သတိပေးခြင်း၊ (၇) ကမ္မဋ္ဌာန်း ပွားများခြင်း၊ (၈) နိုးကပ်ခြင်း၊ (၉) သုံးဆောင်ခံစားဖူးခြင်း၊ ဒီအချက်ကိုးချက်ဟာ အတိတ်ဘဝကို မှတ်မိတဲ့အကြောင်းများအဖြစ် ပေါ်လာတယ်။

ဤထုတ်နှုတ်ချက် ၉–ပါးထဲက(၁) **အမြဲသိမှတ်ခြင်းဆိုတာ** အချို့ပုဂ္ဂိုလ်များဟာ အမှတ်ဉာဏ် အလွန်ကောင်းတယ်၊ ဘဝဟောင်းက စုတိပြီး ဘဝသစ်မှာ ဖြစ်လာတာတောင် မသိလိုက်ဘူး၊ ဘဝဟောင်းနှင့် ဘဝသစ် တစ်စပ်တည်းလို့ ဉာဏ်မှာထင်တယ်၊ (သဂါထာဝဂ္ဂသံယုတ်၊ အာဒိတ္တဝဂ်၊ အစ္ဆရာသုတ် အဋ္ဌကထာ) ကလာတဲ့ သမဏနတ်သားဟာ ရဟန်းဘဝက တရားအားထုတ်ရင်း ကွယ်လွန်တော့ တာဝတိံသာ နတ်ပြည်မှာ နတ်သားဖြစ်တယ်၊ နတ်သားဖြစ်ပေမယ့် အတိတ်ဘဝက ရဟန်းပဲလို့ သူ့ကိုယ်သူ ထင်နေလို့ နတ်သမီးများက မှန်ထောင်ပြကြရသတဲ့၊ ဒါကြောင့် အမြဲ သိမှတ်နေခြင်းဟာ ဇာတိဿရဉာဏ်ရဲ့ အကြောင်းတစ်ပါးဖြစ်တယ်။

(၂) **သူတစ်ပါးက လှုံ့ဆော်ခြင်း**ဆိုတာက မူလကတော့ အတိတ်ဘဝကို မိမိ မသိဘူး၊ သိတဲ့ပုဂ္ဂိုလ်က လှုံ့ဆော်ပေးလိုက်မှ အတိတ်ဘဝကို ထင်မြင်လာတတ်တယ်။ (ဓမ္မပဒ၊ ဋ၊ ၂–၃၃၄)

ကောင်ိုပဗ္ဗတကျောင်း မဟာအနုရုဒ္ဓါထေရ်ဟာ မဟာပုဏ္ဏာရွာတွင်း ဆွမ်းခံကြွတော့ အမတ်ကတော် (သုမနာ)ကို မြင်သတဲ့၊ ဒီအခါ မဟာအနုရုဒ္ဓါထေရ်က "ငါ့ရှင်တို့ ဝက်မငယ်ပင် အမတ်ကတော် ဖြစ်တတ်ပါသေးကလား"လို့ ရဟန်းများကို မိန့်ဆိုတဲ့ အသံကြားမှ အမတ်ကတော်ဟာ အတိတ် ၁၂–ဘဝထိ မှတ်မိသတဲ့၊ အတိတ် ၁၂–ဘဝက...

(၁) လူ့ဘဝ (၂) ကြက်မဘဝ (၃) ဥဗ္ဗရိမင်းသမီးဘဝ (၄) ဖြဟ္မာဘဝ (၅) သူဌေးဘဝ (၆) ဝက်မဘဝ (၇) မင်းမျိုးဘဝ (၈) ဗာရာဏသီပြည်သူဘဝ (၉) မြင်းကုန်သည်အိမ်၌ ဖြစ်သောဘဝ (၁၀) လှေသူကြီးအိမ်၌ ဖြစ်သောဘဝ (၁၁) အနုရာဓမြို့နယ်အစိုးရဘဝ (၁၂) ယခုဘဝတို့ ဖြစ်ကြတယ်ကွယ့်။

(၃) **အကျိုးစီးပွားရှိ၏ဟု** သိခြင်းဆိုတာက လွန်ခဲ့တဲ့ဘဝ အလွန် အထက်တန်းကျတဲ့ စည်းစိမ်ဥစ္စာ အမျိုးမျိုးခံစားခဲ့ရတော့ ခုဘဝမှာ အဲဒီ အကျိုးစီးပွားတို့ရဲ့

http://www.dhammadownload.com



လွှမ်းမိုးမှုကြောင့် အတိတ်ကို သတိရလာတယ်၊ ဥပမာအားဖြင့် ပတိပူဇိကာ (ဓမ္မပဒပုပ္ဖဝဂ်)တို့လိုပေါ့ကွယ်၊ ပတိပူဇိကာဟာ တာဝတိံသာက ဥယျာဉ်အတွင်း စုတေပြီး သာဝတ္ထိပြည်မှာ ဖြစ်လာတယ်၊ လူ့ပြည်မှာ သားလေးယောက်အထိ မွေးခဲ့သော်လည်း တာဝတိံသာမှာ နေခဲ့ရတာကို မမေ့ဘူး၊ တာဝတိံသာ နတ်စည်းစိမ်က လွှမ်းမိုးခဲ့လို့ အမြဲအမှတ်ရနေတယ်။

(၄) **အကျိုးစီးပွားမရှိ**ဟု သိခြင်းဆိုတာက အတိတ်ဘဝက အလွန်ပြင်းထန်တဲ့ ဆင်းရဲကို ခံခဲ့ရလို့ ခုဘဝထိ လွှမ်းမိုးအမှတ်ရနေတာကို ဆိုလိုတယ်၊ ဥပမာအားဖြင့် တေမိမင်းသားတို့လိုပေါ့၊ တေမိမင်းသားဟာ ဗာရာဏသီပြည်မှာ အနှစ်(၂၀)မင်းပြုခဲ့ရလို့ ဥဿဒငရဲမှာ အနှစ်ရှစ်သောင်း ကျခံခဲ့ရတာကို အမှတ်ရနေတယ်၊ ဒီဘဝမှာ မင်းဖြစ်ခဲ့လျှင် ဒီလို ငရဲခံရဦးတော့မှာပဲလို့ ကြောက်ရွံ့ပြီး စကားမပြောဘဲ နေခဲ့တာပေါ့ကွယ်။

(၅) **သူတစ်ပါး စကားကြား၍ သိခြင်း**ဆိုတာရယ်, သူတစ်ပါး သတိပေး၍ သိခြင်းဆိုတာရယ်, သူတစ်ပါး လှုံ့ဆော်ပေး၍ သိခြင်းဆိုတာရယ်ကတော့ အတူတူပါပဲ။

(၆) **ကမ္မဋ္ဌာန်းပွားများလို့ သိခြင်း**ဆိုတာက ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်သူဟာ စိတ်ဓာတ်တည်ငြိမ်ပြီး ဉာဏ်ထက်မြက်လာတယ်၊ အဲဒါကြောင့် အတိတ်ဘဝကို သိမြင်နိုင်တယ်၊ ကမ္မဋ္ဌာန်းပေါက်ရောက်လို့ အသိဉာဏ်ရလာလျှင်တော့ အထူးပြောစရာ မလိုပါဘူး၊ အသိဉာဏ်မှာ ပုဗ္ဗေနိဝါသာနုဿတိက ပါပြီးမို့ အထူးပိုမိုပြီး သိတယ်။

(၇) **နီးကပ်ခြင်း**ဆိုတာက အတိတ်ဘဝနှင့် ယခုပစ္စုပ္ပန်ဘဝ နီးကပ်ခြင်းပဲ၊ ဘဝနီးကပ်လျှင် အချို့များ အတိတ်ဘဝက အမှတ်အသားများတောင် ပါလာတတ်သေးတယ်၊ အင်္ဂုတ္တရ တိကအဋ္ဌကထာ (၁၈၉)မှာ သူငယ်တစ်ဦးဟာ အမိဝမ်းတွင်းကပင် ဇာတိဿရဉာဏ်ရသတဲ့၊ အဲဒီအမိကလည်း ဟိုဘဝက သူ့မယားတဲ့၊ သူ့ညီနှင့် မှားယွင်းလို့ သူ့ကို သေကြောင်းကြံခဲ့ကြတယ်၊ အဲဒီ ဘဝကသေတော့ အိမ်ကို စွဲလန်းပြီး ကျိုင်းကောင်ဖြစ်တယ်၊ ကျိုင်းကောင်ဘဝမှာလည်း အသတ်ခံရပြန်တယ်၊ ကျိုင်းကောင်ဘဝက စုတေတော့ အဲဒီအိမ်မှာပင် ခွေးဖြစ်တယ်၊ ခွေးဘဝမှာလည်း အသတ်ခံရတယ်၊ ခွေးဘဝက စုတေတော့ အဲဒီအိမ်မှာပဲ နွားပြန်ဖြစ်တယ်၊ နွားဘဝက စုတေတော့ အဲဒီ မယားဟောင်းဝမ်းမှာ ဖြစ်တယ်၊ ဝမ်းတွင်းနေတုန်းကပင် ဇာတိဿရဉာဏ်ရလို့ သူ့အမေရဲ့လက်နှင့် အထိမခံဘူးတဲ့၊

http://www.dhammadownload.com



အမေကိုင်တာ မခံလို့ အဖွားက မွေးခဲ့ရတယ်၊ အရွယ်ရောက်တော့ အဖွားက ဘာကြောင့် မိခင်ရဲ့အကိုင် မခံတာလဲ မေးတော့ သူ့အတိတ်ကအကြောင်း အကုန် ပြန်ပြောပြသတဲ့၊ လူ့ဘဝတုန်းကတော့ သူ့အမေ၊ အခုတော့သူ့ အဖွားကလည်း ဒီစကားကြားရတော့ သူ့မြေးကို ဖက်ပြီး ငိုရှာသတဲ့၊ ငိုပြီးတော့ ဒီလောက်ယုတ်မာ တဲ့အိမ်မှာ နေလို့ အကျိုးမရှိဘူး၊ ကျောင်းသွားကြစို့လို့ သူ့မြေးကို ခေါ်ပြီး ရဟန်းဝတ်ကြတာ နှစ်ဦးလုံး ရဟန္တာဖြစ်သွားသတဲ့၊ ဒါကြောင့် ဘဝနီးခြင်း ဟာလည်း ဇာတိဿရဉာဏ်ရဲ့အကြောင်း ဖြစ်တယ်။

(၈) **သုံးဆောင်ခံစားဖူးခြင်းဆိုတာက** ယခင်ကတော့ အတိတ်ဘဝကို သတိမရဘူး၊ အတိတ်ဘဝက ကိုယ်တိုင်သုံးဆောင်ဖူးတဲ့ အရာဝတ္ထုတစ်ခုခုကို မြင်တွေ့လိုက်တဲ့အခါမှ ရုပ်ရှင်ပြသလို ပြန်လည်ထင်မြင်လာတာကို ဆိုလိုတယ်၊ ကဏှဒီပါယနဇာတ် (ဇာတက ၄-၄၂၉)မှာ မဏ္ဍဗျရသေ့ဟာ ယခင်ကတော့ ဇာတိဿရဉာဏ် မရခဲ့ဘူး၊ သူခိုး အစွပ်စွဲခံရပြီး တံကျင်လျှိုတဲ့အခါကျမှ အတိတ် ဘဝကို သတိရလာတယ်။

အခုပြောခဲ့တာက မိလိန္ဒပဉှာကလာတဲ့ အတိတ်ဘဝ အမှတ်ရခြင်း အကြောင်းတရားတွေပဲ၊ ဤအကြောင်းများမှတစ်ပါး ဆုတောင်းကြောင့် အတိတ်ဘဝ သိသူတွေလည်းရှိတာပါပဲ၊ စူဠသုဘဒ္ဒါဟာ ဘဝဆုတောင်းကြောင့် ဆဒ္ဒန်ဆင်မင်းရဲ့ ကြင်ယာတော်ဘဝကို အမှတ်ရပြီး စွယ်တော်ကို အဖြတ်ခိုင်းတာပေါ့၊ ပြီးတော့ ကြံစည်တွေးတောမှုကို အစဉ်မှီးပြီး နောက်ဘဝကို အမှတ်ရသူတွေလဲ ရှိတယ်ကွယ့်။

"ဘယ်သူတွေများလဲ ဘုရား၊ အမိန့်ရှိပါဦး"

"ဘယ်သူရမှာလဲ စူဠသုဘဒ္ဒါက ဖြစ်လာတဲ့ဘိက္ခုနီမပေါ့၊ အဲဒီဘိက္ခုနီမဟာ ဘုရားရှင်ရဲ့ တရားတော်ကို နာကြားရင်း ဒီမျှလောက်တင့်တယ်တဲ့ ဘုရားရှင်ရဲ့ဇနီး မယားများ အတိတ်ဘဝက ဖြစ်ခဲ့ဖူးလေသလား"လို့ ကြံစည် တွေးတောရာက ဆဒ္ဒန်ဆင်မင်း ဇာတ်တော်ကို ထင်မြင်လာတယ်လို့ (ဇာတက၊ ၄၊၅) ဆဒ္ဒန်ဆင်မင်း ဇာတ်မှာဆိုထားသကွယ့်၊ ဒါကြောင့် ဆင်ခြင်တွေးတောခြင်းဟာလည်း ဇာတိဿရ ဉာဏ်ရဲ့ အကြောင်းတရားတစ်ပါးဖြစ်တယ်၊ ဒီအကြောင်းများကို ပြန်လည် စုစည်း လိုက်လျှင် ရွှေတောင်ဦးလှဝင်းရဲ့ အမေးလွှာအရ နောက်ဘဝ သိနိုင်ရန်အတွက် ဆုတောင်းယူရတာလည်း ရှိတယ်၊ ကျင့်ကြံယူရတာလည်း ရှိတယ်၊ တိုက်ဆိုင်မှု လည်း ရှိတယ်လို့ ဖြေဆိုလိုက်ပါတယ်။

"သာဓု – သာဓု – သာဓု"

http://www.dhammadownload.com



# ရှင်သာမဏေပြုနည်း

"ဟောဒီစာက ကသာမြို့၊ အမှတ်(၄) သီဂီရပ်ကွက်၊ မောင်ကျော်သောင်းနှင့် မကြင်မြိုင်တို့က ပေးစာဖြစ်ပါတယ်ဘုရား"

"ဆိုစမ်းပါဦး၊ သူတို့စာက ဘာတဲ့လဲကွယ့်"

"သူတို့စာမှာဆိုတာက သူတို့မှာ အရွယ်ရောက်နေတဲ့ သားငယ်နှစ်ယောက် ရှိပါသတဲ့၊ ဒီသားငယ်လေးတွေကို သာမဏေဘုံအရောက် ချီးမြှောက်ချင်ပါသတဲ့ဘုရား၊ သာမဏေဘုံရောက်အောင် ဘုရားရှင်လက်ထက်တော်က ဘယ်လို ချီးမြှောက်ကြပါသလဲ၊ ယခုခေတ်ပြုကြတဲ့ ရှင်ပြုပွဲဟာ ဘုရားရှင်ရဲ့ပညတ်တော်နှင့် ညီ, မညီ သိလိုပါတယ်လို့ လျှောက်ထားခြင်းဖြစ်ပါတယ်"

"လောကမှာ ပညတ်တရား၊ ပရမတ်တရားရယ်လို့ တရားနှစ်မျိုးရှိသလို ပကာသနတရားနှင့် သဘာဝတရားရယ်လို့လည်း တရားနှစ်မျိုးရှိတယ်၊ အဲဒါကို သစ်ပင်နှင့် ဥပမာပေးရလျှင် သစ်ပင်ရဲ့အပြင်အပ အကာက ပကာသနဖြစ်ပြီး အတွင်းအနှစ်က သဘာဝဖြစ်တယ်၊ ပကာသနနှင့် သဘာဝနှစ်မျိုးအနက် ပကာသန ဟာ အစစ်မဟုတ်ဘူး၊ သဘာဝကသာ အစစ်ဖြစ်တယ်၊ သို့သော်လည်း မျက်စိအမြင်မှာ ပကာသနက လှပပြီး သဘာဝက မြုပ်ကွယ်နေတယ်၊ ဒါကြောင့် လူတွေက ပကာသနကိုသာ အထင်ကြီးတတ်ကြတယ်၊ ဥပမာ စေတီတစ်ဆူ ဆိုပါစို့၊ "ရွှေမရှိတဲ့ဘုရား အများမရှိသေ"တဲ့ ဆိုတတ်ကြတယ်၊ ရွှေဆိုတာ ပကာသနပဲ၊ သဘာဝက စေတီအတွင်း ထည့်သွင်းမြှုပ်နှံ ဌာပနာထားတဲ့ဓာတ်တော်၊ ဓာတ်တော်ကို မမြင်ဘဲ မြုပ်ကွယ်နေတတ်တယ်၊ အဲဒီဥပမာအတိုင်း ရှင်ပြုပွဲတစ်ခုရဲ့အနှစ်သာရက ရှင်သာမဏေအဖြစ် အောင်မြင်ခြင်း မဟုတ်လားကွယ်"

http://www.dhammadownload.com



"ဟုတ်ပါတယ်ဘုရား"

"သို့သော်လည်း ရှင်ပြုတယ်ဆိုလျှင် အဲဒီအနှစ်သာရကို မွန်းမံတဲ့ ရှင်လောင်းလှည့်တို့ ဧည့်ခံပွဲတို့ ကျွေးပွဲမွေးပွဲတို့ဆိုတဲ့ ပကာသနအကာက ဖုံးလွှမ်းနေလို့ အစစ်အမှန် ရှင်ပြုမှုဟာ ပျောက်ကွယ်နေတယ်၊ ဘယ်အထိ ပျောက်ကွယ် နေသလဲ ဆိုလျှင် အချို့ရှင်သာမဏေအတွက် သင်္ကန်း, သပိတ်, သင်ဖုန်းစတဲ့ ပရိက္ခရာတွေဟာ အတုသော်လည်းကောင်း, သုံးမဖြစ်တာတွေနှင့်သော်လည်းကောင်း ဖြစ်နေတတ်ပြီး ပကာသနအတွက်တော့ ရွှေမဏ္ဍပ်ကြီးတွေ အငြိမ့်ဇာတ်ပွဲကြီးတွေနှင့် ခြိမ့်ခြိမ့်သဲ မွန်းမံနေတတ်ကြတယ်၊ ပြီးတော့ ကျွေးခန်း, မွေးခန်း, ပျော်ရွှင်ခန်းတွေမှာ ကျွက်ကျွက်ဆူအောင် စည်ကားနေသလောက် အမှန်တကယ် ရှင်ပြုတဲ့အချိန် ရေစက်ချတဲ့အချိန်မှာတော့ အလှူရှင်လောက်သာ အနိုင်နိုင် ကျန်ရစ်တာကို တွေ့ကြရတယ်၊ ဒီတော့ မသိတဲ့လူတွေက သြော်–ရှင်ပြုတယ်ဆိုတာ ဒီလို စားကြသောက်ကြ ပျော်ရွှင်ကြတာကိုးလို့ အထင်မှားသွားတတ်ကြတယ်။

ယခုပြဿနာဟာ အဲဒီလို အရိုးပေါ် အရွက်ဖုံးတာကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့ ပြဿနာလို့ယူဆတယ်ကွယ့်၊ အမှန်တကယ်က ရှင်ပြုတယ်ဆိုတာဟာ အဲဒီအသိုင်းအဝိုင်း ပကာသနတွေနှင့် မဆိုင်ပါဘူး၊ အင်္ဂါ ၃–ချက်နှင့် ညီညွတ်ခဲ့လျှင် ရှင်သာမဏေ ဖြစ်တာပါပဲ"

"မှန်ပါ အင်္ဂါ ၃–ချက်ဆိုတာ အမိန့်ရှိပါဦးဘုရား"

"အင်္ဂါ ၃–ချက်မပြောမီ ရှင်သာမဏေသမိုင်းကို ပြောရလျှင် ကောင်းလိမ့်မယ်ထင်တယ်ကွယ့်၊ ဝိနယ၊ မဟာဝဂ်ပါဠိတော်အစမှာ မဟာခန္ဓကရယ်လို့ အခန်းကြီးတစ်ခန်းပါ ရှိတယ်၊ အဲဒီမဟာခန္ဓက အခန်းကြီးဟာ ရှင်, ရဟန်းဖြစ်ပေါ်လာပုံ သမိုင်းအခန်းကြီးပဲကွယ့်၊ အဲဒီအခန်းကြီးကို အတိုချုပ်ပြီးပြောပြမယ်"

ဘုရားရှင်ဟာ မဟာသက္ကရာဇ် ၁၀၃–ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့မှာ ဥရုဝေဠတော၊ နေရဉ္ဇရာ မြစ်ကမ်းအနီး ဗောဓိပင်ရင်းမှာ သစ္စာ ၄–ပါးကို သိလို့ (ဗုဒ္ဓ)လို့ အမည်ခံတော်မူတယ်၊ ဗုဒ္ဓအဖြစ် ရောက်ပြီးတဲ့ဘုရားရှင်ဟာ ဗောဓိပင်ရင်း၌ပင် (၇)ရက် တင်ပလ္လင်ခွေ ထိုင်တော်မူပြီး ပဋိစ္စသမုပ္ပါဒ်ကို အနုလုံ–ပဋိလုံ ဆင်ခြင်တော်မူတယ်။

ခုနစ်ရက်လွန်မြောက်တော့ ဗောဓိပင်ရင်းက အဇပါလ (ဆိတ်ကျောင်းညောင်) ပင်ရင်းချဉ်းကပ်ပြီး ၇–ရက်ပတ်လုံး အရဟတ္တဖိုလ်ချမ်းသာကို ခံစားနေထိုင်တော်မူ

http://www.dhammadownload.com



တယ်၊ ၇–ရက်လွန်မြောက်တဲ့အခါ ဆိတ်ကျောင်းညောင်ပင်ရင်းက ကျည်းပင်ရင်း ချဉ်းကပ်တော်မူပြီး အရဟတ္တဖိုလ်ချမ်းသာကို ခံစားတော်မူတယ်၊ အဲဒီအချိန်က အခါမဲ့ မိုးရွာသွန်းတဲ့အတွက် မုစလိန္ဒာနဂါးမင်းက အပူအအေးကာကွယ်ရန် အခွေ ၇–ပတ်ပတ်ပြီး ဘုရားရှင်ကို ပူဇော်သတဲ့ကွယ့်။

အဲဒီ ၇–ရက် လွန်မြောက်ပြန်တော့ ကျည်းပင်ရင်းက လင်းလွန်းပင်ရင်း ချဉ်းကပ်ပြီး (၇)ရက်စီနေပြန်သတဲ့၊ အဲဒီလင်းလွန်းပင်ရင်းမှာပဲ တပုဿ–ဘလ္လိက ကုန်သည်ညီနောင်တို့ရဲ့ ကြွက်ကျစ်မုန့်, ပျားဆုပ်မုန့်များကို အလှူခံပြီး ဘုဉ်းပေး တော်မူတယ်၊ လင်းလွန်းပင်ရင်းမှာ (၇) ရက်လွန်တော့ ဆိတ်ကျောင်းညောင်ပင်ရင်း ပြန်ကြွတယ်၊ ဆိတ်ကျောင်းညောင်ပင်ရင်းမှာ သီတင်းသုံးရင်း "ငါသိတဲ့ တရားဟာ နက်နဲတယ်၊ မြင်နိုင်ခဲတယ်၊ ကိလေသာမြူ နည်းပါးသူတို့သာ သိနိုင်တယ်၊ ဤသတ္တဝါများမှာ ကိလေသာ ထူပြောတယ်၊ ကာမဂုဏ်မှု မွေ့လျော်ကြတယ်၊ ငါတရားဟောသော်လည်း မြင်နိုင်ကြမှာမဟုတ်ဘူး"လို့ တရားဟောဖို့ စိတ်တော် မညွတ်ဘဲ ကြောင့်ကြမဲ့နေဖို့ စိတ်ညွတ်တော်မူသတဲ့၊ ဒီအကြောင်းကို သဟမ္ပတိဗြဟ္မာ မင်းက သိလို့ တရားဟောပါရန်တောင်းပန်တဲ့အခါမှ တရားဟောရန်ကြည့်ရှုတော်မူ ပြီး ပဉ္စဝဂ္ဂီ ၅–ဦးတို့ကို တရားဟောဖို့ မိဂဒါဝုန်တောကို ကြွတော်မူလာတယ်။

မဟာသက္ကရာဇ် ၁၀၃–ခုနှစ်ဖြစ်တဲ့ အဲဒီပထမဝါကို ဘုရားရှင်ဟာ မိဂဒါဝုန် တောမှာ ဝါဆိုတော်မူတယ်၊ ဝါဆိုတော်မူပြီး ဝါတွင်း ၃–လအတွင်းမှာ ပဉ္စဝဂ္ဂီ ၅–ပါး၊ ယသသူဌေးသား၊ ယသရဲ့မိတ်ဆွေ ၄–ဦး၊ ယသရဲ့ သူငယ်ချင်းငါးကျိပ်အားဖြင့် ရဟန်းပေါင်း ၆၀–ဖြစ်ပွားလာတယ်၊ ဝါကျွတ်တော့ ဘုရားရှင်က ရဟန်းခြောက် ကျိပ်တို့ကို ခေါ်တော်မူပြီး"ရဟန်းတို့–ငါသည် ကိလေသာကျော့ကွင်းက လွတ်ပြီ၊ သင်တို့လဲလွတ်ကြပြီ၊ များစွာသောလူတို့ ချမ်းသာတိုးပွား အကျိုးများအောင် ခရီးတစ်ကြောင်းတည်း နှစ်ပါးမသွားမူ၍ ခရီးလှည့်ကြ၊ တရားမသိသေးသူတို့အား တရားသိလွယ်ရန် ဟောပြောကြ"လို့ မိန့်တော်မူပြီး ရသေ့ညီနောင် ရှင်တစ်ထောင် တို့ကို တရားဟောရန်အတွက် ဥရုဝေလတောကို ကြွသွားတော်မူတယ်။

ရဟန်းတို့ဟာ ဘုရားရှင်ရဲ့ အမိန့်အတိုင်း ခရီးထွက်, တရားဟောကြတော့ သာသနာတော်အတွင်း ရှင်အဖြစ်, ရဟန်းအဖြစ် ဝင်ရောက်လိုသူတွေ ပေါ်လာတယ်၊ အဲဒီရှင်လောင်း ရဟန်းလောင်းတွေကို ကိုယ်တိုင် ရှင်ပြုရဟန်းပြုပေးဖို့ ခွင့်ပြုချက်မရှိ လို့ ဘုရားရှင်ရှိရာကို ခေါ်လာကြရတယ်၊ ဒီလိုခေါ်လာကြတဲ့အတွက် ရှင်လောင်း, ရဟန်းလောင်းများရော ရဟန်းတော်များရော အလွန်ပင်ပန်းကြတာပေါ့။

http://www.dhammadownload.com



ဒါကြောင့်ဘုရားရှင်က ရဟန်းတော်များကို ခေါ်တော်မူပြီး "ရဟန်းတို့ သင်တို့ကိုယ်တိုင် ရှင်လောင်း၊ ရဟန်းလောင်းများကို ရှင်,ရဟန်း ပြုပေးကြ"လို့ ခွင့်ပြုတော်မူပြီး ရဟန်းတို့ "ဤသို့ ရှင်, ရဟန်းပြုပေးကြရမည်။

**(၁) ရှေးဦးစွာ ဆံ မုတ်ဆိတ်ကို ပယ်စေရမည်၊**

**(၂) ဖန်ရည်ဆိုးသော သင်္ကန်းကိုဝတ်စေ၍ ပခုံးထက်၌ ကိုယ်ဝတ်ကို စံပယ်တင်စေရမည်၊**

**(၃) သရဏဂုံကို ပီသစွာ ရွတ်ဆိုစေရမည်...** ဤအင်္ဂါ ၃–ချက်ဖြင့် ရှင်အဖြစ်, ရဟန်းအဖြစ် ခွင့်ပြုတော်မူတယ်"လို့ မိန့်ဆိုတော်မူတယ်။

"မှန်ပါ၊ သည်ပညတ်ချက်အတိုင်းဆိုလျှင် သာမဏေပြုတာနှင့် ရဟန်းပြုတာဟာ သရဏဂုံ ခံယူတာချည်း တူနေပါလားဘုရား၊ သိမ်တွင်းမှာ ယခုလို ဉတ္တိစတုတ္ထ ဥပသမ္ပဒ ကမ္မဝါစာနှင့် ရဟန်းဖြစ်ရတာက ဘယ်လိုလဲဘုရား"

"ဓမ္မပဒ၊ ပဏ္ဏိတဝဂ်မှာ ရာဓဝတ္ထုဆိုကာရှိတယ်၊ အဲဒီ(ရာဓ)ဆိုတာက သာဝတ္ထိမြို့က ဆင်းရဲတဲ့ပုဏ္ဏားအိုကြီးမဲ၊ ပုဏ္ဏားကြီးဟာ ရှင်,ရဟန်းဖြစ်ချင်လွန်းလို့ မစားနိုင် မသောက်နိုင် ပိန်ကြုံပြီး နေရှာသတဲ့၊ ဒီအကြောင်း ဘုရားသခင်က သိတော်မူတဲ့အတွက် ရဟန်းအများထဲက ဒီပုဏ္ဏားအိုကြီးရဲ့ ကျေးဇူးတရား အမှတ်ရသူ ရှိသလားလို့ မေးတော်မူတော့ ရှင်သာရိပုတ္တရာက "ဒီပုဏ္ဏားအိုကြီးရဲ့ကျေးဇူးကို တပည့်တော် အမှတ်ရပါတယ်၊ ဒီပုဏ္ဏားအိုကြီးဟာ တပည့်တော်ကို ဆွမ်းတစ်ယောက်မ လှူဒါန်းဖူးပါတယ်"လို့ လျှောက်ထားတယ်၊ ဘုရားရှင်က "ကျေးဇူးတုံ့ပြန်အပ်သည်ကို သိသောအားဖြင့် ဒီပုဏ္ဏားကြီးကို ရှင်သာမဏေပြုပေးလိုက် ရဟန်းလဲ ခံပေးလိုက်"လို့ မိန့်တော်မူတယ်၊ ရဟန်းများကို ခေါ်တော်မူပြီး–

"ရဟန်းတို့ သရဏဂုံသုံးပါးဖြင့် ငါ ခွင့်ပြုခဲ့တဲ့ပဉ္စင်းခံခြင်းကို ယနေ့မှစပြီး ဖျက်သိမ်းလိုက်ပြီ၊ ဉတ်လျှင်လေးချက်မြောက် ဥပသမ္ပဒကမ္မဝါစာဖြင့် ပဉ္စင်းခံရန် ခွင့်ပြုတယ်"လို့ မိန့်တော်မူတဲ့အတွက် သိမ်အတွင်း ဥပသမ္ပဒကမ္မဝါစာဖြင့် ရဟန်းခံခြင်း ဖြစ်ပေါ်လာတယ်၊ ရှင်သာမဏေကတော့ မူလက ခွင့်ပြုချက်အတိုင်း–

**(၁) ဆံ မုတ်ဆိတ်ကိုပယ်ခြင်း၊ (၂) လျှော်ဝတ်ကိုပယ်၍ သင်္ကန်းဝတ်ခြင်း၊ (၃) သရဏဂုံကို ပီသစွာရွတ်ဆိုခြင်း**...ဒီအင်္ဂါသုံးချက်နှင့် ညီညွတ်လျှင် ဘုရားရှင်ရဲ့ပညတ်တော်နှင့် ညီညွတ်တဲ့ ရှင်သာမဏေ ပြုခြင်းဖြစ်တယ်လို့ မှတ်သင့်တယ်ကွယ့်"

"သာဓု – သာဓု – သာဓု"

http://www.dhammadownload.com



# ပါရမီကာလ မညီမျှမှု

"ဟောဒီစာက ပုဂံစာတိုက်ခွဲ၊ ကျွန်းချောင်းစာတိုက်၊ တန့်ကြည့်တောင်၊ အရှင်ဝေပုလ္လထံမှ မေးလျှောက်လွှာဖြစ်ပါတယ်၊ သူ့အမေးလွှာမှာ ဆိုထားတာက– ဘုရားအလောင်းတော်ဟာ (၁) ပညာဓိက၊ (၂) ဝီရိယာဓိက၊ (၃) သဒ္ဓါဓိကလို့ သုံးမျိုးရှိရာမှာ ပညာဓိကပုဂ္ဂိုလ်က လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်း၊ ဝီရိယာဓိက ပုဂ္ဂိုလ်က ရှစ်အသင်္ချေနှင့်ကမ္ဘာတစ်သိန်း၊ သဒ္ဓါဓိကပုဂ္ဂိုလ်က တစ်ဆယ့်ခြောက် အသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီတော် ဖြည့်ကျင့်ရကြောင်း ဥတ္တမပုရိသဒီပနီမှာ ဖတ်ရပါတယ်တဲ့။

မဟာဗုဒ္ဓဝင်ကြီး ပထမတွဲ၊ ပထမပိုင်းမှာတော့ ပညာဓိကဆုက လေး အသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ ဝီရိယာဓိကဆုကတော့ တစ်ဆယ့်ခြောက် အသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ သဒ္ဓါဓိကဆုက ရှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီတော် ဖြည့်ရကြောင်း တွေ့ရပြန်ပါတယ်တဲ့၊ ကျမ်းနှစ်ခုအဆိုဟာ မတူမညီဖြစ်နေတဲ့အတွက် ဘယ်ကျမ်းကို အတည်ပြုသင့်ပါသလဲလို့ မေးထားတာဖြစ်ပါတယ်ဘုရား"

"ပညာဓိက, သဒ္ဓါဓိက, ဝီရိယာဓိက ဘုရားအလောင်းသုံးမျိုးကို သောတတ္တကီ ကျမ်း အဝိဒူရေ နိဒါန်းမှာ–

**ဥဋ္ဌါဒိ့တညျ ဗောဓိသတ္တော၊ ပညာဓိကောတိ နာမကော၊**

**ဝိပဉ္စိတညျ ဗောဓိသတ္တော၊ ဝုတ္တော သဒ္ဓါဓိကော မတော၊**

**နေယျော ဝီရိယာဓိကော နာမ၊ ဗောဓိသတ္တာ ဏ္ကမေ တယော။**

စသည်ဖြင့် ပါရမီဖြည့်ကျင့်ရမည့် ကမ္ဘာများကိုပါ ဖော်ပြသွားတယ်၊ အဓိပ္ပာယ်ကတော့ ဘုရားအလောင်းတော်ဟာ–

http://www.dhammadownload.com



(၁) ဥဃ္ဃဋိတညူ ဘုရားလောင်း၊
(၂) ဝိပဉ္စိတညူ ဘုရားလောင်း၊
(၃) နေယျဘုရားလောင်း–ရယ်လို့ သုံးမျိုးရှိသတဲ့။

အဲဒီဘုရားအလောင်းသုံးမျိုးအနက် (၁) ဥဃ္ဃဋိတညူ ဘုရားလောင်းသည် ပညာဦးစီးသော ပညာဓိက ဘုရားလောင်းဖြစ်တယ်၊ (၂) ဝိပဉ္စိတညူ ဘုရားလောင်းသည် သဒ္ဓါဦးစီးသော သဒ္ဓါဓိက ဘုရားလောင်းဖြစ်တယ်၊ (၃) နေယျဘုရားလောင်းသည် ဝီရိယဦးစီးသော ဝီရိယာဓိက ဘုရားလောင်းဖြစ်တယ်တဲ့။

ဒီနေရာမှာ (၁) ဥဃ္ဃဋိတညူ (၂) ဝိပဉ္စိတညူ (၃) နေယျ (၄) ပဒပရမ ဆိုတဲ့ ပုဂ္ဂိုလ်လေးမျိုးက ပုဂ္ဂလပညတ်ပါဠိတော် ၁၄၇၊ အင်္ဂုတ္တရ စတုက္ကနိပါတ်၊ ပုဂ္ဂလဝဂ်တို့ကလာတဲ့ စကားရပ်ဖြစ်သကွယ့်"

"အဲဒီပုဂ္ဂိုလ် ၄–ပါးဆိုတာက ဘယ်လိုပါလဲ၊ အမိန့်ရှိပါဦးဘုရား"

(၁) ဥဃ္ဃဋိတညူ ပုဂ္ဂိုလ်က အကျဉ်းပြကာမျှနှင့် တရားကိုသိသတဲ့၊
(၂) ဝိပဉ္စိတညူ ပုဂ္ဂိုလ်က အကျယ်ပြမှ တရားကို သိသတဲ့၊
(၃) နေယျပုဂ္ဂိုလ်က အကျဉ်းအကျယ် ဟောပြရုံနှင့် တရားမသိဘူး၊ ဉဒ္ဒေသ စသည်ကို ဆောင်ပြမှ တရားကိုသိသတဲ့။
(၄) ပဒပရမပုဂ္ဂိုလ်ဆိုတာ တရားနာရုံမျှနှင့် ပုဒ်အနက်အဓိပ္ပါယ်မျှသာသိပြီး မဂ်ဖိုလ်တရား မရထိုက်တဲ့ပုဂ္ဂိုလ်ဖြစ်သတဲ့။

အဲဒီ ပုဂ္ဂိုလ်လေးမျိုးကို ကြာလေးမျိုးနှင့် ဉပမာနှိုင်းပြထားတာလဲ ရှိသေးတယ်ကွယ့်"

"မိန့်တော်မူပါဦးဘုရား"

"လောကမှာ ကြာ ၄–မျိုးရှိသတဲ့၊ အချို့ကြာငုံဟာ ရေနှင့် မထိဘဲ ရေကို လွန်ပြီး ပွင့်တယ်၊ အချို့ကြာငုံကတော့ ရေမျက်နှာပြင်နှင့် အညီအမျှတည်ပြီး ပွင့်သတဲ့၊ အချို့ ကြာငုံကတော့ ရေထဲမှာ ရှည်ကြာစွာ မြုပ်နေပြီး အချိန်အတော်ကြာမှ ရေထက်ပေါ်လာပြီး ပွင့်သတဲ့၊ အချို့ကြာငုံကတော့ ရေထက်မရောက်နိုင်တော့ဘဲ ရေတွင်းမှာပဲ ငါး,လိပ်တို့ရဲ့ အစာဖြစ်ပြီး ပျက်စီးရသတဲ့၊ **ဥဃ္ဃဋိတညူပုဂ္ဂိုလ်**ဟာ ရေနှင့်တူတဲ့ကိလေသာက ကျော်လွန်နေတဲ့အတွက် ရေကိုကျော်ပြီးပွင့်တဲ့ **ပထမကြာငုံနှင့်တူ**တယ်၊ **ဝိပဉ္စိတညူပုဂ္ဂိုလ်**က ကိလေသာရေနှင့် ဉာဏ်အရောင်နှင့် ညီမျှနေတဲ့အတွက် **ရေမျက်နှာပြင်အညီပွင့်တဲ့ ဒုတိယကြာငုံနှင့်** တူတယ်၊ **နေယျပုဂ္ဂိုလ်**

http://www.dhammadownload.com



ကတော့ ကိလေသာရေမှာ နစ်မြုပ်ပြီး ဉာဏ်ငုပ်နေတယ်၊ ဒါကြောင့် **ရေအတွင်း နစ်မြုပ်နေတဲ့ တတိယကြာငုံ**လို အလွန်ကြိုးစားပါမှ ပေါက်ရောက်နိုင်တယ်၊ **ပဒ ပရမပုဂ္ဂိုလ်**ကတော့ ကိလေသာ အားကောင်းပြီး ပါရမီဉာဏ် အားနည်းနေတယ်၊ **စတုတ္ထကြာငုံ**ဟာ ရေအတွင်းမှာပဲ ငါးစာ,ဖားစာဖြစ်ပြီး ပျက်စီးရသလို ယခုဘဝမှာ ဘယ်လို တရားအားထုတ်သော်လည်း ပေါက်ရောက်နိုင်ခွင့်မရှိတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။

ဘုရားအလောင်းတော်များဟာ ကျွတ်တမ်းဝင်မည့် ပုဂ္ဂိုလ်များဖြစ်လို့ ပဒပရမ ပုဂ္ဂိုလ်မျိုးတော့ မပါဘူး၊ ကျန်ပုဂ္ဂိုလ် ၃-မျိုးကိုတော့ ဘုရားအလောင်း ၃-မျိုးနှင့် ညှိနှိုင်းပြီး သောတတ္တကီကျမ်းကပြခြင်း ဖြစ်တယ်၊ သောတတ္တကီကျမ်းကပြတဲ့ ဘုရားလောင်းသုံးမျိုးကို ကြည့်လျှင်-

(၁) ဥဃ္ဃဋိတညူဘုရားလောင်းက ပညာဓိကမျိုးတဲ့၊

(၂) ဝိပဉ္စိတညူဘုရားလောင်းက သဒ္ဓါဓိကမျိုးတဲ့၊

(၃) နေယျဘုရားလောင်းက ဝီရိယာဓိကမျိုးတဲ့၊

ပညာဓိကဘုရားလောင်းဟာ ဥဃ္ဃဋိတညူမျိုးမို့ အလွန်ဉာဏ်ထက်မြက်တယ်၊ ကိလေသာအပေါ် ဉာဏ်ကလွန်နေတယ်၊ ဒါကြောင့်ပါရမီဖြည့်တဲ့အခါ လေးအသင်္ချေ နှင့် ကမ္ဘာတစ်သိန်းသာကြာတယ်၊ သဒ္ဓါဓိကဘုရားလောင်းဟာ ဝိပဉ္စိတညူမျိုးမို့ ဉာဏ်နှင့်ကိလေသာ ညီမျှနေတယ်၊ ဒါကြောင့် ပါရမီဖြည့်တဲ့အခါ ရှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာတယ်၊ နေယျဘုရားလောင်းဟာ ဝီရိယာဓိကမျိုးမို့ ဉာဏ်အား နည်းပြီး ကိလေသာအားက များနေတယ်၊ ဒါကြောင့် တစ်ဆယ့်ခြောက်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းပါရမီ ဖြည့်ပါမှ အထွတ်အထိပ်ကို ရောက်တယ်၊ ဒါကြောင့် ပညာဓိက လေးအသင်္ချေ ကမ္ဘာတစ်သိန်း၊ သဒ္ဓါဓိက ရှစ်အသင်္ချေ ကမ္ဘာတစ်သိန်း၊ ဝီရိယာဓိက ၁၆-အသင်္ချေ ကမ္ဘာတစ်သိန်းဆိုတဲ့ မဟာဗုဒ္ဓဝင်ရဲ့အဆို မှန်တယ်၊ ဗုဒ္ဓဝင်အဆို မှန်တယ်ဆိုလို့ ဥတ္တမပုရိသဒီပနီအဆို မှားပြီလို့တော့ မယူဆစေချင် ဘူးကွယ့်"

"ဆရာတော်ကလည်း ကျမ်းတစ်ပါးက မှန်လျှင် ကျမ်းတစ်ပါးက မှားမှာပေါ့၊ ဘာကြောင့် မှားတယ်လို့ မယူဆစေချင်တာလဲဘုရား"

"တခြားကြောင့် မဟုတ်ပါဘူး၊ ဥတ္တမပုရိသဒီပနီဆိုတာ လယ်တီဆရာတော် ဘုရားကြီးရေးတာကွယ့်၊ လယ်တီဆရာတော်ဘုရားကြီးဟာ ပါရမီဒီပနီကျမ်း စတုတ္ထ အဖြေမှာ 'သဗ္ဗညုတဘုရားလောင်းတို့၌ ပညာဓိက၊ သဒ္ဓါဓိက၊ ဝီရိယာဓိကဟူသော ပုဂ္ဂိုလ်အပြား ၃-ပါး၊ ထို ၃-ပါးအားလျော်စွာ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊

http://www.dhammadownload.com



ရှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ တစ်ဆယ့်ခြောက်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းဟူသော ပါရမီ ရင့်ရာကာလ အပြားသုံးပါး'လို့ ရေးသားတော်မူခဲ့ပြီးပဲကွယ့်"

ဒါကြောင့် ဥတ္တမပုရိသဒီပနီကျမ်းပြုဆရာတော်နှင့် မဟာဗုဒ္ဓဝင်ကျမ်းပြု ဆရာတော်တို့ရဲ့ အယူအဆဟာ တူညီကြပါတယ်၊ ဥတ္တမပုရိသဒီပနီမှာ ဖွင့်ဆိုတဲ့စကားက ထေရာပဒါန်ပါဠိတော်၊ ကေတုပညာသဝဂ်၊ ဒုတိယအပဒါန်လာ ဂါထာအဖွင့် အဋ္ဌကထာမှာ–

**"စတု အသင်္ချေယျ သောဠသ အသင်္ချေယျ အဋ္ဌာရသ အသင်္ချေယျ ကပ္ပသတ သဟဿံ ပါရမိယော ပူရေတွာ"**... ရယ်လို့ ဘုရားရှင် ပါရမီတော် ဖြည့်ကျင့်ရတဲ့ ကမ္ဘာတွေကို ရေတွက်ရာမှာ လေးအသင်္ချေ၊ တစ်ဆယ့်ခြောက်အသင်္ချေ၊ တစ်ဆယ့်ရှစ်အသင်္ချေ၊ ကမ္ဘာတစ်သိန်း ပါရမီတော်များကို ဖြည့်ကျင့်ရကြောင်း ဖွင့်ပြထားတယ်၊ အဲဒီဖွင့်ပြချက်ကို ဘုရားလောင်း ၃–မျိုးနှင့် ညှိလိုက်တော့–

(၁) ပညာဓိကအလောင်း ၄–အသင်္ချေ၊

(၂) သဒ္ဓါဓိကအလောင်း ၁၆–အသင်္ချေ၊

(၃) ဝီရိယာဓိကအလောင်း ၁၈–အသင်္ချေ ကမ္ဘာတစ်သိန်းလို့ မှုကွဲတစ်မျိုး ဖြစ်လာတယ်၊ အဲဒီမူကွဲကို ဖော်ပြတာဖြစ်ပါလိမ့်မယ်၊ ရှေးရိုးအစဉ်အဆက် ယူရိုး ယူစဉ်ကတော့ မဟာဗုဒ္ဓဝင်မှာပြဆိုတဲ့အတိုင်း–

(၁) ပညာဓိကအလောင်းတော် ၄–အသင်္ချေ ကမ္ဘာတစ်သိန်း

(၂) သဒ္ဓါဓိကအလောင်းတော် ၈–အသင်္ချေ ကမ္ဘာတစ်သိန်း၊

(၃) ဝီရိယာဓိကအလောင်းတော် ၁၆–အသင်္ချေ ကမ္ဘာတစ်သိန်း–လို့ မှတ်သား စေချင်တယ် ဒီနေရာမှာ ထူးခြားချက်အဓိပ္ပာယ်တစ်ခုကို ပြောဦးမယ်"

"ဘယ်လို ထူးခြားချက်ပါလဲဘုရား၊ အမိန့်ရှိပါဦး"

"ထူးခြားချက်ဆိုတာက ပါရမီဒီပနီ စတုတ္ထပုစ္ဆာအဖြေမှာပါရှိတဲ့ (အာစရိယ ဝါဒ၏အဓိပ္ပာယ်)ကို ဆိုလိုရင်းဖြစ်သကွယ့်"

"မိန့်တော်မူပါဦးဘုရား"

ပါရမီဒီပနီ စတုတ္ထပုစ္ဆာအဖြေမှာ ဆရာတော်က ဘယ်လိုထူးခြားချက်တွေ ရေးသားထားသလဲဆိုတော့– "ကမ္ဘာတစ်သိန်း အလွန်ရှိသော လေးအသင်္ချေ၊ ရှစ် အသင်္ချေ၊ တစ်ဆယ့်ခြောက်အသင်္ချေဟူသော ကာလအထူးအပြားသည် ဗျာဒိတ်ခံပြီး နောက်မှ ပညာဓိက၊ သဒ္ဓါဓိက၊ ဝီရိယာဓိကဘုရားလောင်းတို့၏ ပါရမီ ရင့်ကျက်ရာ

http://www.dhammadownload.com




ကာလကို ဝေဖန်၍ထားအပ်သော ကာလအထူးအပြားမဟုတ်၊ ကေန်စင်စစ်အား ဖြင့်ကား ခပ်သိမ်းသော ဘုရားလောင်းတို့သည်ပင် ရှေးဦးစွာ မုဒုပုဂ္ဂိုလ်၏ အဖြစ်ဖြင့် တစ်ဆယ့်ခြောက်သင်္ချေ၊ မဇ္ဈိုပုဂ္ဂိုလ်တို့၏ အဖြစ်ဖြင့် ရှစ်သင်္ချေ၊ တိက္ခပုဂ္ဂိုလ်တို့၏အဖြစ်ဖြင့် လေးသင်္ချေ ကာလပတ်လုံး ပါရမီဖြည့်ပြီးမှ ပွင့်ကြကုန်မြဲ ဓမ္မတာဖြစ်သည်၊ ထို့ကြောင့် ကမ္ဘာတစ်သိန်းအလွန်ရှိသော လေးသင်္ချေဟူသော ကာလ၊ ရှစ်သင်္ချေဟူသောကာလ၊ တစ်ဆယ့်ခြောက်သင်္ချေဟူသောကာလသည် တစ်ဆူသော ဘုရားလောင်း၏ ပါရမီတရားတို့၏ တိက္ခဘာဝ၊ မဇ္ဈိမဘာဝ၊ မုဒုဘာဝ၏ ပြီးရာကာလ အထူးအပြားသာ ဖြစ်သည်ဟူလို၏"လို့ ထူးခြားချက်ရေးတော်မူခဲ့တယ်။

လယ်တီဆရာတော်ရေးခဲ့တဲ့ ဒီထူးခြားချက် အာစရိယဝါဒဟာလည်း အမှန်တကယ် မှတ်သားဖွယ်ကောင်းတဲ့ အဓိပ္ပာယ်တစ်ရပ်ပဲလို့ မှတ်ယူရစေချင်တယ်ကွယ့်"

"မှန်ပါ–မှတ်သားထားပါ့မယ်ဘုရား"

"သာဓု – သာဓု – သာဓု"

❋ ❋ ❋



http://www.dhammadownload.com



# သရဏဂုံ

“ဟောဒီစာက ငပုတောမြို့၊ ယုဇနလမ်းတောင်ပိုင်း၊ ဦးမြင့်ဦးထံမှ ပေးစာပါဘုရား”

“ဦးမြင့်ဦးရဲ့ ပေးစာမှာ ဘာတွေပါသလဲကွယ့်”

“ဦးမြင့်ဦးက သူဟာ ဗုဒ္ဓဘာသာဝင်တစ်ဦးအနေဖြင့် သရဏဂုံတည်သူ ဖြစ်လိုပါသတဲ့၊ သရဏဂုံကို (ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ)စသည် ရွတ်ဆိုရုံဖြင့် အမှန်သရဏဂုံ တည်နိုင်ပါ့မလား၊ သရဏဂုံ မပျက်အောင် ဘယ်လိုလုပ်ရမလဲလို့ မေးမြန်းထားပါတယ်ဘုရား”

“အလွန်မေးသင့်တဲ့ ပြဿနာတစ်ရပ်ပေါ့ကွယ်၊ ဗုဒ္ဓဘာသာဆိုတာ သရဏဂုံမှာ တည်တယ်၊ သရဏဂုံဟာ ဗုဒ္ဓသာသနာအတွင်း ဝင်ရောက်ရာ အပေါက်ဖြစ်တယ်၊ ဗုဒ္ဓဘာသာမဟုတ်သေးတဲ့သူဟာ ဗုဒ္ဓဘာသာအတွင်းသားဖြစ်ချင်လျှင် ရှေးဦးစွာ **“ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ”** စသော သရဏဂုံကို ရွတ်ဆိုခံယူရတယ်၊ လူသားဘဝမှ သာမဏေဘဝ တက်လှမ်းချင်ပြန်လျှင်လည်း ဒီသရဏဂုံကိုပင် ပီပီသသ ရွတ်ဆိုပြီး သာမဏေဘဝ တက်ရောက်ရတယ်၊ ဒါကြောင့် သရဏဂုံဟာ အလွန်အရေးကြီးတယ်၊ အရေးကြီးလွန်းလို့ ခုဒ္ဒပါဌ အဋ္ဌကထာမှာ သရဏတ္တယဝဏ္ဏနာရယ်လို့ အခန်းတစ်ခန်း ဖွင့်ပြရတယ်၊ ရှေးရှေးဆရာတော်များကလည်း သရဏဂုံကို နည်းမျိုးစုံဖြင့် ဖွင့်ပြတော်မူခဲ့ကြတယ်၊ အခု အမေးရောက်ခဲ့ပြန်တော့ ငါတို့ကလည်း တတ်နိုင်သလောက် ဖြေကြားပေးရသေးတာပေါ့”

“မှန်ပါ–ဖြေကြားတော်မူပါဘုရား”

http://www.dhammadownload.com



"ပေပုတောမြို့နယ် ဦးမြင့်ဦးက သရဏဂုံ တည်သူဖြစ်လိုပါတယ်လို့ ဆိုလိုက်တော့ တို့ဉာဏ်ထဲမှာ ရှေးဦးစွာ သရဏဂုံတည်သူ လေးမျိုး မြင်ခဲ့သကွယ့်"

"မိန့်တော်မူပါဘုရား"

"သရဏဂုံတည်သူ လေးမျိုးဆိုတာက ....

(၁) မိမိက ဘာမျှမသိသေးမီ မိခင်က ဖွားလတ္တံ့သောသားအတွက် ခံယူတဲ့ သရဏဂုံ၊

(၂) မိမိ ဘာမျှနားမလည်မီ မိမိကိုယ်စား အခြားသူက ခံယူပေးတဲ့သရဏဂုံ၊

(၃) မိမိနှုတ်ဖြင့် ရွတ်ဆိုခံယူခဲ့တဲ့ သရဏဂုံ၊

(၄) နှုတ်က မြွက်ဆိုသည်မဟုတ်ဘဲ အရိယာဖြစ်သည်နှင့် တစ်ပြိုင်နက် သဘာဝအလျောက် တည်သော သရဏဂုံ-တို့ ဖြစ်ကြတယ်။

ရှေးဦးစွာ **မိခင်ခံယူတဲ့ သရဏဂုံဆိုတာကိုတော့** ဗောဓိမင်းသားဝတ္ထုကို ပြောရမှာပဲကွယ့်"

"မိန့်တော်မူပါဘုရား"

"(ဓမ္မပဒ၊ ဋ္ဌ၊ ၃-၈၅)မှာ ဗောဓိရာဇကုမာရဝတ္ထု ဆိုတာရှိတယ်၊ အဲဒီမင်းသားဟာ အလွန်ဣဿာတရားကြီးမားတဲ့ မင်းသားပေါ့၊ ကောကနဒ ပြာသာဒ်ဆောက်စေပြီး သူ့ပြာသာဒ်မျိုး အခြားမှာ မရှိစေချင်တာနှင့် လက်သမားကြီးကို သတ်ဖြတ် ညှဉ်းဆဲဖို့ ကြံခဲ့တယ်၊ ဒါပေမယ့် လက်သမားဆရာကြီးက အတတ်ပညာနှင့် ထွက်ခွာသွားလို့ မသတ်ဖြစ်ပါဘူး။

အဲဒီမင်းသားဟာ ဣဿာတရား အလွန်ကြီးမားသော်လည်း သရဏဂုံ သုံးကြိမ် ယူထားသူဖြစ်သတဲ့၊ ပထမ မယ်တော်ဝမ်းမှာ သန္ဓေနေစဉ် မယ်တော်က ဝမ်းတွင်းသားကို ရည်မှန်းပြီး သရဏဂုံယူသတဲ့၊ ဒုတိယ မွေးဖွားပြီး ကလေးငယ်ဘဝက တစ်ကြိမ်ယူသတဲ့၊ တတိယ သိ,ကြား,နားလည်တဲ့အရွယ်မှာ တစ်ကြိမ် သရဏဂုံယူသတဲ့၊ ဤသို့အားဖြင့် သရဏဂုံ ၃-ကြိမ်ယူသူ ဖြစ်သတဲ့ကွယ်။

"ဘုရားရှင်တော်ထံမှာ သရဏဂုံ ၃-ကြိမ်ယူထားသူဆိုတော့ ပုဂ္ဂိုလ်ထူးပေပေါ့ဘုရား၊ သို့သော်လည်း ပုထုဇဉ်ဘဝဆိုတော့ ဣဿာ,မစ္ဆရိယတရား ရှိပေဦးမပေါ့၊ နောက်တော့ အဲဒီမင်းသား ဘာဖြစ်သွားသလဲ၊ ဆက်ပြီး အမိန့်ရှိပါဦးဘုရား"

"ဗောဓိမင်းသားဟာ နောက်တော့ သောတာပန်ပုဂ္ဂိုလ်ဖြစ်သွားပါတယ်၊ သောတာပန်ဖြစ်ရတဲ့အကြောင်းက သူ့ကောကနဒပြာသာဒ် ပူဇော်ပွဲမှာ မြတ်စွာ

http://www.dhammadownload.com



ဘုရားကို ပင့်တယ်၊ ဘုရားရှင်ကြွလာတော့ အဆောင်တွင်းမှာ ပုဆိုးအခင်းများ ခင်းထားပြီး အကယ်၍ ငါသည် သားသမီးရသည်ဖြစ်အံ့၊ ဘုရားရှင် နင်းပါစေလို့ အဓိဋ္ဌာန်ထားသတဲ့၊ ဘုရားရှင်က မနင်းဘူး၊ ဘာကြောင့် မနင်းပါသလဲ လျှောက် ထားတော့ သင် ဘယ်အကြံနှင့် ဤအခင်းကို ခင်းထားသလဲ မေးတော့ သားဖြစ်စေ, သမီးဖြစ်စေ အကယ်၍ ရငြားအံ့၊ ဤ ငါ၏ပုဆိုးအခင်းကို ဘုရားရှင် နင်းပါစေလို့ ဓိဋ္ဌာန်ပြီး ခင်းထားကြောင်း လျှောက်ထားတယ်၊ ဘုရားရှင်က အဲဒါကြောင့် ငါ မနင်းဘူးလို့ ပြန်မိန့်တော့ ဗောဓိမင်းသားဟာ ဘာကြောင့်ပါလဲဘုရားလို့ လျှောက်တယ်။

ဘုရားရှင်က ရှေးဘဝက သင်တို့လင်မယား ပင်လယ်တွင်း သင်္ဘောပျက် တော့ ပျဉ်တစ်ချပ် အတူစီးပြီး ကျွန်းတစ်ကျွန်း ရောက်သွားကြတယ်၊ ကျွန်းပေါ် ရောက်တော့ အစာက မရှိတဲ့အတွက် ကျွန်းပေါ်မှာတွေ့တဲ့ ငှက်ဥတွေ, ငှက်ငယ်တွေကို သတ်ဖြတ် စားခဲ့ကြဖူးတယ်၊ အဲဒီ မကောင်းမှုကြောင့် ယခုဘဝမှာ သားသမီး မရခြင်း ဖြစ်တယ်လို့ မိန့်တော်မူပြီး "မင်းသား-မိမိကိုယ်ကို မိမိချစ်တယ်ဆိုလျှင် မိမိချစ်တဲ့ ဤကိုယ်ကို ကောင်းစွာစောင့်ရှောက်ရတယ်၊ ပထမ, ဒုတိယ, တတိယ အရွယ်သုံးပါးလုံး မစောင့်ရှောက်နိုင်စေကာမူ အရွယ်တစ်ခုခုမှာတော့ ကိလေသာ စင်ကြယ်အောင် သုတ်သင်ရမယ်"လို့ ဟောတော်မူတယ်။

မင်းသားလည်း ဒီဒေသနာတော်အဆုံးမှာ သောတာပန်တည်သတဲ့ကွယ်၊ အဲဒီ ဗောဓိမင်းသားဟာ အမိဝမ်းတွင်း သန္ဓေသားဘဝနှင့်နေစဉ် မိခင်က သားအတွက် ရည်မှန်းပြီး သရဏဂုံယူထားသူမို့ မိမိဘာမျှ မသိမီ သရဏဂုံယူထားသူဖြစ်တယ်"

(၂) **မိမိ နားမလည်မီ မွေးခါစအရွယ် မိမိကိုယ်စား အခြားသူက သရဏဂုံ ခံယူဆောက်တည်**ပေးသူ (ဒုတိယပုဂ္ဂိုလ်ကတော့) သင်္ဂဟဝတ္ထု တေဒဂ်ရ ဟတ္ထ ကာဠဝကမင်းသားဖြစ်သကွယ့်"

"အမိန့်ရှိပါဘုရား၊ ဟတ္ထကာဠဝကမင်းသား ကိုယ်စား ဘယ်သူက သရဏဂုံ ခံယူပေးပါသလဲဘုရား"

"အခြားသူ ဟုတ်ရိုးလား၊ အာဠဝက ဘီလူးကြီးကပေါ့ကွဲ့၊ အာဠဝက ဘီလူးနှင့် ဘုရားရှင် စစ်ထိုးကြတာ အာဠဝက ရှုံးသွားတယ်၊ ရှုံးသွားပြီးတဲ့နောက် ပြဿနာရှစ်ပါးကို မေးတယ်လေ"

"တင်ပါ့ဘုရား"

http://www.dhammadownload.com



"ပြဲသနာရှစ်ပါး ဖြေဆိုပြီးတော့ ဘီလူးကြီးအာဠဝကဟာ သောတာပန်တည်သွားတယ်၊ သောတာပန်တည်ပြီးတဲ့နောက် ပညာအကြောင်းထပ်လျှောက်ပြီး သရဏဂုံ ခံယူတယ်၊ အာဠဝကကို ဘုရားရှင် တရားဟောလို့ ပြီးဆုံးတာရယ်, မိုးသောက်တာရယ်, နတ်ဗြဟ္မာပေါင်း သာခုခေါ်တာရယ်, အာဠဝီပြည်သားတို့ မင်းသားငယ်ကို ဘီလူးစာအပို့ ရောက်လာတာရယ်ဟာ တစ်ပြိုင်နက်ဖြစ်သတဲ့။

အာဠဝကဘီလူးဟာ အစာအဖို့ လာပို့တဲ့ မင်းသားငယ်ကို ပွေ့ချီယူပြီး ဘုရားရှင်အား "အရှင်ဘုရား ဤမင်းသားငယ်ဟာ တပည့်တော်ရဲ့အစာအာဟာရအတွက် ပို့ဆက်လာသူ ဖြစ်ပါတယ်၊ မင်းသားငယ်ကို ဘုရားရှင်အား လှူဒါန်းပါတယ်၊ အလှူခံတော်မူပါ"လို့ လျှောက်တယ်၊ ဘုရားရှင်က မင်းသားငယ်ကို လက်တော် ဖြန့်ယူရင်း "ဤမင်းသားသည် အသက်ရှည်ပါစေ၊ အာဠဝကဘီလူးလည်း ကိုယ်စိတ်နှစ်ပါး ချမ်းသာပါစေ"လို့ ဆုပေးတော်မူတယ်။

ဒီအခါ အာဠဝကဘီလူးက မင်းသားငယ်ကို ဘုရားရှင်လက်တွင်း အပ်နှင်းရင်း "ဤမင်းသားငယ်သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သံဃာတော်ကို ကိုးကွယ်ရာဟူ၍ဆည်းကပ်ပါ၏"လို့ မင်းသားငယ်ရဲ့ကိုယ်စား သရဏဂုံ ခံယူခဲ့တယ်၊ ဒါကြောင့် မိမိနားမလည်မီ မွေးကာစအရွယ် အခြားသူက ကိုယ်စား သရဏဂုံ ခံယူပေးခြင်း ပုဂ္ဂိုလ်ကတော့ ဟတ္ထကာဠဝကမင်းသားလို့ မှတ်စေချင်တယ်ကွယ့်။

(၃) **မိမိနှုတ်ဖြင့် ရွတ်ဆိုခံယူတဲ့ သရဏဂုံကတော့–**

"တယိဒံ စတုဗ္ဗိဓံ ပဝတ္တတိ အတ္တသန္နိယျာတနေန၊ တပ္ပရာယဏာ ကာယသီသဘာဝူပဂမနေန ပဏိပါတေနာတိ"လို့ မူလပဏ္ဏာသ အဋ္ဌကထာ ၁၃၆–မှာ မိန့်တော်မူတဲ့အတိုင်း:–

(၁) **အတ္တသန္နိယျာတန သရဏဂုံ၊**

(၂) **တပ္ပရာယန သရဏဂုံ၊**

(၃) **သိဿဘာဝူပဂမန သရဏဂုံ၊**

(၄) **ပဏိပါတ သရဏဂုံ**–လို့ လေးမျိုးရှိသကွယ့်။

အဲဒီလေးမျိုးအနက် **"အဇ္ဇာဒိံ ကတွာ အဟံ အတ္တာနံ ဗုဒ္ဓဿ နိယျာတေမိ၊ ဓမ္မဿ နိယျာတေမိ၊ သံဃဿ နိယျာတေမိ"**

"ယနေ့မှစ၍ တပည့်တော်သည် ဘုရား, တရား, သံဃာအား ခန္ဓာကိုယ်ကို အပ်နှင်းပေးလှူပါတယ်ဘုရား"လို့ ခန္ဓာကိုယ်ကို အပ်နှင်းပေးလှူတဲ့ သရဏဂုံကို

http://www.dhammadownload.com



**အတ္တသန္နိယျာတန** သရဏဂုံလို့ ခေါ်တယ်၊ (**အတ္တ**-ခန္ဓာကိုယ်၊ **နိယျာတန**-အပ်နှင်းခြင်း)၊ ခန္ဓာကိုယ် ပေးလှူရာမှာ (နိယျာတေမိ) အပ်နှင်းပါ၏လို့ မဆိုဘဲ-

(၁) **ဘဂဝတော အတ္တာနံ ပရိစ္စဇာမိ** = ဘုရား, တရား, သံဃာအား ငါ့ကိုယ်ကို စွန့်ပါ၏။

(၂) **ဇီဝိတံ ပရိစ္စဇာမိ** = အသက်ကို စွန့်ပါ၏။

(၃) **ပရိစ္စတ္တောယေဝ မေ အတ္တာ** = ငါ၏ကိုယ်ကို ရတနာသုံးပါးအား စွန့်လှူပြီး ဖြစ်ပါ၏။

(၄) **ပရိစ္စတ္တံယေဝ မေ ဇီဝိတံ** = ငါ၏ အသက်ကို ရတနာသုံးပါး အား စွန့်လှူပြီး ဖြစ်ပါ၏။

(၅) **ဇီဝိတပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ** = ငါသည် အသက်ထက်ဆုံး ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ပါ၏။

(၆) **ဗုဒ္ဓေါ မေ သရဏံ လေဏံ တာနံ** = ရတနာသုံးပါးသည် ငါ၏ ဆည်းကပ်ကိုးကွယ်ရာ လဲလျောင်းရာ ပုန်းအောင်းရာ ဖြစ်၏လို့ နှုတ်ကိုမြွက်ဆို ခံယူခြင်းဟာလည်း "အတ္တသန္နိယျာတန သရဏဂုံ" မည်တယ်လို့ အဋ္ဌကထာမှာ ဖွင့်ပြထားတယ်။

## တပ္ပရာယန သရဏဂုံ

တပ္ပရာယနဆိုတာ တံပရာယနပုဒ်ပဲကွယ့်၊ ထို ရတနာသုံးပါးသည်သာလျှင် ငါ၏ လဲလျောင်းရာ, ကိုင်းရှိုင်းရာ, ဦးညွတ်ရာဖြစ်တယ်လို့ ဆိုလိုရင်းဖြစ်တယ်၊ ခံယူဆောက်တည်ပုံကတော့- "**အဇ္ဇာဒိံ ကတွာ အဟံ ဗုဒ္ဓပရာယနော၊ ဓမ္မပရာယနော၊ သံဃပရာယနောတိ မံ ဓာရေထ**"လို့ ရွတ်ဆိုရမယ်တဲ့၊ အနက်ကတော့ **အဟံ**- တပည့်တော်ကို၊ **အဇ္ဇာဒိံကတွာ**- ယနေ့မှအစပြု၍၊ **ဗုဒ္ဓပရာယနော, ဓမ္မပရာယနော, သံဃပရာယနော**-ဘုရား, တရား, သံဃာ ရတနာသုံးပါးလျှင် လဲလျောင်းရာရှိ၏ဟူ၍၊ **ဓာရေထ**-မှတ်တော်မူပါကုန်လော့"လို့ ဆိုလိုတယ်။

အာဠဝကဘီလူးဟာ တပ္ပရာယန သရဏဂုံ ဆောက်တည်သူလို့ မူလပဏ္ဏာသ အဋ္ဌကထာ (၁၂၇)မှာ ပြောဆိုထားတယ်ကွယ့်။

"မှန်ပါ၊ အာဠဝကဘီလူး တပ္ပရာယန သရဏဂုံ ဆောက်တည်ပုံကို နာပါစေဦးဘုရား"

http://www.dhammadownload.com



"အေး နာချင်လည်း အကျဉ်းတော့ ပြောရသေးတာပေါ့ကွယ်၊ အောင်ခြင်း ရှစ်ပါးထဲက အာဠဝကဘီလူး အောင်မြင်ခန်းကိုတော့ ကြားဖူးပြီးကြမှာပါပဲ၊ အာဠဝကဘီလူးနှင့် ဘုရား တစ်ညဥ့်ပတ်လုံး စစ်ထိုးခဲ့ကြရာ အရုဏ်တက်ချိန် ကျတော့ ဘီလူးကြီး မာန်ကျပြီး သောတာပန်တည်သွားတယ်၊ သောတာပန် တည်သွားပြီးတဲ့နောက်-

**အဇ္ဇာဒိံ ကတွာ တုမှာကံ ယေဝ ပရာယနံ ကရောမိ"** ဤယနေ့မှစ၍ အရှင်မြတ်တို့အား ကိုးကွယ် လဲလျောင်း ပုန်းအောင်း မှီခိုရာဟူ၍ ဆည်းကပ်ခြင်းကို ပြုလိုပါ၏လို့ မိမိအတွက် သရဏဂုံဆောက်တည်ပြီး အခြားသူများ အကျိုးစီးပွား တိုးပွားရန်အတွက်လည်း လှည့်လည်ဟောပြောနေပါ့မယ်လို့-

**"သော အဟံ ဝိစရိဿာမိ ဂါမာဂါမံ ပုရာပုရံ နမဿမာနော သမ္ဗုဒ္ဓံ ဓမ္မဿ စ သုဓမ္မတံ"**- တပည့်တော်သည် တစ်ရွာမှတစ်ရွာ တစ်မြို့မှတစ်မြို့ လှည့်လည်ရင်း ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးများကို ရှိခိုးဦးညွတ်၍ ပြောကြား ပါ့မယ်လို့ ရွတ်ဆိုပြီး သရဏဂုံ ခံယူဆောက်တည်သတဲ့၊ အဲဒီ အာဠဝကဘီလူး ခံယူဆောက်တည်တဲ့ သရဏဂုံကို တပ္ပရာယန သရဏဂုံရယ်လို့ ဆိုတယ်ကွယ့်။

"မှန်ပါ၊ သိဿဘာဝူပဂမန သရဏဂုံကို အမိန့်ရှိပါဦးဘုရား"

**သိဿဘာဝူပဂမန**ဆိုတာကို သန္ဓိပုဒ်ဖြတ်လိုက်တော့ (သိဿဘာဝ ဥပ ဂမန)လို့ ဖြစ်လာတယ်၊ တပည့်အဖြစ် ဆည်းကပ်သောသရဏဂုံလို့ ဆိုလိုတာပေါ့၊ ခံယူဆောက်တည်ပုံကတော့-

**"အဇ္ဇ အာဒိံ ကတွာ အဟံ ဗုဒ္ဓဿ အန္တေဝါသိကော၊ ဓမ္မဿ၊ သံဃဿ တိ မံ ဓာရေထ"**လို့ ရွတ်ဆိုပုံကို မူလပဏ္ဏာသ အဋ္ဌကထာမှာ ညွှန်ပြထားတယ်၊ ယနေ့မှ အစပြု၍ တပည့်တော်ကို ဘုရား၊ တရား၊ သံဃာ၏ အတွင်းတပည့်ဟု မှတ်တော်မူပါကုန်ဘုရား-လို့ ဆိုလိုတယ်။

"ရှင်မဟာကဿပအလောင်း ပိပ္ပလိလုလင် ခံယူဆောက်တည်တဲ့ သရဏဂုံဟာ သိဿဘာဝူပဂမန သရဏဂုံလို့ ကျမ်းများမှာ ပြကြတယ်ကွယ့်"

"ပိပ္ပလိလုလင်အကြောင်း မိန့်တော်မူပါ"

"ပိပ္ပလိလုလင်ဟာ မိမိဘာသာ သင်္ကန်းဝတ်ခဲ့ပြီး မဟာတိတ္ထပုဏ္ဏားရွာက ဘုရားရှင်ရှိရာကို လာခဲ့တယ်၊ ရာဇဂြိုဟ်နှင့် နာဠန္ဒအကြား ဗဟုပုတ္တက အမည်ရှိတဲ့ ညောင်ပင်ကြီးရှိတယ်၊ ဘုရားရှင်ဟာ ပိပ္ပလိလုလင်ကို ကြိုဆိုသောအားဖြင့် အဲဒီ

http://www.dhammadownload.com



ညောင်ပင်ရင်းမှာ တစ်ပါးတည်း သီတင်းသုံးနေတယ်၊ ပိပ္ပလိလုလင်ဟာ ဘုရားရှင်ကို ဖူးမြင်ရသည်နှင့် တစ်ပြိုင်နက် ဤပုဂ္ဂိုလ်ဟာ သုံးလူ့ထွတ်ထား ဘုရားရှင် အစစ်ပဲလို့ ယုံကြည်ပြီး–

**"သတ္ထာရဉ္စ ဝတာဟံ ပဿေယျံ၊ ဘဂဝန္တံ မေဝ ပဿေယျံ"**လို့ နှုတ်က ရွတ်ဆိုပြီး သရဏဂုံခံယူသတဲ့၊ အကျွန်ုပ်သည် လူနတ်ဗြဟ္မာတို့၏ ဆရာသခင်ကို ရှုမြင်လိုငြားအံ့၊ အရှင်မြတ်ကိုသာ ရှုကြည့်ပါအံ့လို့ ဆိုလိုတယ်။

အရှင်မဟာကဿပ တပည့်အဖြစ် ခံယူသလို ရတနာသုံးပါးရဲ့ တပည့်အဖြစ် ခံယူတဲ့ သရဏဂုံကို (သိဿဘာဝူပဂမန သရဏဂုံ)လို့ ခေါ်သတဲ့ကွယ်။

## ပဏိပါတ သရဏဂုံ

ပဏိပါတဆိုတဲ့ပုဒ်မှာ ပဏိသဒ္ဒါ(လက်)ကို ဟောသတဲ့ကွယ်၊ အဘိဓာန်ဂါထာ ၂၆၅–မှာတော့ လက်ဟော(ပါဏိ)လို့ ရှိတယ်၊ အဘိဓာန်ဋီကာဆရာက ပဏာဓါတ် မောဂ္ဂလာန်သုတ်ဖြင့် ပဏာဓာတ်နောင် ဏာ–အနုဗန်ရှိတဲ့ ဏ္ဍ–ပစ္စည်းသက်ထားတယ်၊ ဏာ–အနုဗန်ကြောင့် ပ–အစိပ်, အ–ကို အာ,ဒီဃပြုပြီး၊ ပါဏိလို့ ရုပ်ပြီးတယ်လို့ ဖွင့်ပြထားတယ်၊ ဝိဂ္ဂြိုဟ်ပြုလိုလျှင် (ပဏာတိ ဝေါဟရတိ ဧတေနာတိ ပါဏိ) **ဧတေန**– ထိုလက်ဖြင့်၊ **ပဏာတိ ဝေါဟရတိ**– ရောင်းဝယ်ခြင်းကို ပြုတတ်၏၊ **ဣတိ**– ထို့ကြောင့်၊ **သော**– ထိုလက်သည်၊ **ပါဏိ**– ပါဏိမည်၏"လို့ လုပ်ပါတဲ့။

အဘိဓာန်အလိုအားဖြင့် လက်ဟောပုဒ်(ပါဏိ)မို့ ယခု စတုတ္ထသရဏဂုံကို ပါဏိပါတသရဏဂုံလို့ ခေါ်ရမှာပဲ၊ သို့သော်လည်း မူလပဏ္ဏာသ အဋ္ဌကထာ ဆဋ္ဌမူမှာတော့ "ပဏိပါတ"လို့ ပါရှိတယ်၊ ပဏိပင်ဖြစ်စေ ပါဏိပင်ဖြစ်စေ ဒီနေရာမှာ လိုချင်တဲ့ အနက်ကတော့(လက်)ပါပဲ၊ **ပဏိက လက်ကိုဟောပြီး, ပါတက ကျတယ်** ဆိုတဲ့အနက်ကို ဟောတယ်၊ **"ပဏိပါတ သရဏဂုံ"** ဆိုတာ **လက်ကျသော သရဏဂုံ**လို့ ဆိုလိုတယ်၊ အဓိပ္ပာယ်ကတော့ ဘုရားရှင်ကို လက်ဖြင့် သုံးသပ်ခံယူတဲ့ သရဏဂုံလို့ ဆိုလိုတာပဲ၊ ဒီသရဏဂုံ ခံယူသူကိုတော့ ဗြဟ္မာယု ပုဏ္ဏားကြီးကို ဥပမာပေးထားတယ်၊ ဗြဟ္မာယု ပုဏ္ဏားကြီးဆိုတာ မဇ္ဈိမပဏ္ဏာသ ပါဠိတော် ဗြဟ္မာယုသုတ်မှာလာတဲ့ ပုဏ္ဏားကြီးပဲ။

မိထိလာပြည်မှာ အသက် (၁၂၀)ရှည်တဲ့ ပုဏ္ဏားဆရာကြီးဖြစ်တယ်၊ ပုဏ္ဏားကြီးဟာ ဘုရားရှင်ဂုဏ်တော်များကို ကြားနာဖူးတော့ ဘုရားရှင်ကို အလွန်ဖူးမြော်ချင်တယ်၊ သို့သော်လည်း ဖူးမြော်ခွင့် မရရှာဘူး၊ တစ်ရက်တော့ ဘုရားရှင် ဝိဒေဟ

http://www.dhammadownload.com



တိုင်းအတွင်း ဒေသစာရီခရီး ကြွချီလာတယ်လို့ သတင်းကြားတယ်၊ ဒါကြောင့် တပည့်ဥတ္တရကို ဂေါတမရဲ့ ဂုဏ်နှင့်ဂုဏ‌ေး ကိုက်,မကိုက် အစုံစမ်းခိုင်းလိုက်တယ်၊ ဥတ္တရလုလင်ဟာ ဆရာ့ရဲ့အမိန့်အတိုင်း ဘုရားရှင်ရှိရာကို သွားတယ်၊ ဘုရားရှင်နှင့်တွေ့တော့ ဗေဒင်ကျမ်းကလာတဲ့ (၃၂)ပါးသော လက္ခဏာများနှင့် ညီ,မညီ လေ့လာတယ်၊ လက္ခဏာကျမ်းနှင့် ညီညွတ်တာတွေ့မြင်ရပြီး ဘုရားရှင်ရဲ့ အပြုအမူကို စောင့်ကြည့်တယ်၊ ဘာတစ်ခုမျှ အပြစ်တင်ဖွယ်မတွေ့လို့ ဆရာထံပြန်ပြီး သူ လေ့လာ တွေ့ရှိချက်များကို ပြောပြတယ်၊ တပည့်ရဲ့ ပြောကြားချက်ကြောင့် ပုဏ္ဏားကြီး အလွန်ဝမ်းသာပြီး **"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"**လို့ သုံးကြိမ်သုံးခါ ရွတ်ဆိုပြီး အဝေးက ရှိခိုးတယ်။

တစ်ရက်တော့ ဘုရားရှင် မိထိလာပြည်ကို ဆိုက်ရောက်လာပြီး မဃဒေဝ သရက်ဥယျာဉ်မှာ သီတင်းသုံးတယ်၊ သည်သတင်းကြားတော့ ပုဏ္ဏားကြီးက တပည့်တစ်ယောက်ကို ဘုရားရှင်ထံ စေလွှတ်ပြီး သူ အဖူးမြော် လာရောက်မည့်အကြောင်း လျှောက်ထားစေတယ်၊ လျှောက်ထားစေပြီး သူကိုယ်တိုင် ဘုရားရှင်ထံ လာရောက်ဖူးမြော်တယ်၊ ဘုရားရှင်နှင့် ပုဏ္ဏားကြီး အနည်းငယ် ဝမ်းမြောက်ဝမ်းသာ စကားပြောကြရင်း ပုဏ္ဏားကြီးက ဘုရားစစ် ဟုတ်,မဟုတ် လက္ခဏာကျမ်းနှင့် တိုက်ဆိုင်ပြီး ကြည့်တယ်၊ ဘုရားစစ် ဟုတ်မှန်ကြောင်း သိပြီးတော့ ဘုရားရှင်ကို ပြဿနာမေးလျှောက်တယ်၊ ပြဿနာဖြေဆိုပြီး အဆုံးမှာ ပုဏ္ဏားကြီးက နေရာကထ ကိုယ်ဝတ်စံပယ်ကိုတင် ဘုရားရှင်ရဲ့ခြေတော်ရင်းကို ဦးတိုက်ပြီး ခြေတော်ကို ခံတွင်းဖြင့် စုပ်တယ်၊ လက်ဖြင့်လည်း သုံးသပ်တယ်၊ ပြီးတော့မှ "အရှင်ဘုရား တပည့်တော်ဟာ ဗြဟ္မာယုပုဏ္ဏားဖြစ်ပါတယ်"လို့ လျှောက်ထားတယ်၊ ဒီအခါ ဘုရားရှင်က "ပုဏ္ဏားကြီး– တော်သင့်ပြီ၊ ထတော့၊ သင့်နေရာမှာ ထိုင်တော့၊ သင့်စိတ်သည် ငါ့၌ ကြည်ညိုပြီ"လို့ မိန့်တော်မူပြီး တရားဟောရာ တရားတော် အဆုံးမှာ သောတာပန် တည်သတဲ့ကွယ်။

အဲဒီ ဗြဟ္မာယုပုဏ္ဏားကြီး ခံယူဆောက်တည်တဲ့ သရဏဂုံဟာ ပဏိပါတ သရဏဂုံလို့ ခေါ်တယ်။

## လောကုတ္တရာသရဏဂုံ

နှုတ်ကမြွက်ဆို ဆောက်တည်ရသည်မဟုတ်ဘဲ ဝိပဿနာ ပွားများ အားထုတ်တဲ့အတွက် အရိယာအဖြစ်ရောက်သည်နှင့် တစ်ပြိုင်နက် သဘာဝအလျောက် တည်တဲ့ သရဏဂုံကိုတော့ လောကုတ္တရာသရဏဂုံလို့ ခေါ်တယ်၊ လောကုတ္တရာ

http://www.dhammadownload.com



သရဏဂုံကို ထောက်သောအားဖြင့် အထက်ကဆိုခဲ့ပြီးတဲ့ သရဏဂုံများကို လောကီသရဏဂုံလို့ မှတ်သင့်တယ်။

သရဏဂုံဟာ လောကီ သရဏဂုံ, လောကုတ္တရာ သရဏဂုံလို့ နှစ်မျိုးရှိရာမှာ လောကုတ္တရာသရဏဂုံမှာ ညစ်နွမ်းခြင်း၊ ပျက်စီးခြင်းရယ်လို့ ဘယ်သောအခါမှ မဖြစ်စကောင်းဘူး၊ လောကီသရဏဂုံကတော့ ညစ်လည်း ညစ်နွမ်းတတ်တယ်၊ ပျက်လည်း ပျက်စီးတတ်တယ်၊ ညစ်နွမ်းတယ်ဆိုတာ အဝတ်မှာ အညစ်အကြေး စွဲကပ်သလို သရဏဂုံအပေါ်မှာ အညစ်အကြေး စွဲကပ်တာကို ဆိုလိုတယ်။

ပုထုဇဉ်ပုဂ္ဂိုလ်ဟာ ဘုရား, တရား, သံဃာအပေါ် ယုံကြည်ပါတယ်ဆိုပေမယ့် မိမိသန္တာန်မှာ ကိလေသာတွေ အပြည့်ရှိနေသေးတော့ ဒေါသကြောင့်လည်း ရတနာသုံးပါးအပေါ် ပြစ်မှားတတ်တယ်၊ လောဘကြောင့်လည်း ပြစ်မှားတတ်တယ်၊ မောဟကြောင့်လည်း ပြစ်မှားတတ်တယ်၊ ဒေါသ,လောဘကြောင့် ပြစ်မှားတတ်တာက ထင်ရှားပါတယ်၊ ဒေါသထွက်လို့ ဘုရားကို ရိုက်ချိုးတာမျိုး လောဘထွက်လို့ ဘုရားကို ရောင်းစားတာမျိုး ဘုရားမြေ အပိုင်စီးတာမျိုးပေါ့၊ သူက ထင်ရှားပါတယ်။

မောဟကြောင့် ပြစ်မှားမှုက ဘုရားဂုဏ်တော်, တရားဂုဏ်တော်, သံဃာ့ဂုဏ်တော်ကို မသိခြင်း၊ သိပင်သိသော်လည်း ဟုတ်များမှ ဟုတ်ပါစလို့ ယုံမှားခြင်း, မယုံကြည်ခြင်း, မရိုမသေပြုမိခြင်းစသည်တို့ဟာ မောဟကြောင့် ရတနာသုံးပါးအပေါ် ပြစ်မှားမိခြင်းဖြစ်တယ်၊ ဘယ်လိုပင် ပြစ်မှားမိစေကာမူ ရတနာသုံးပါးကို မပစ်ပယ်သေးသမျှတော့ သရဏဂုံ ညစ်နွမ်းရုံမျှသာရှိတယ်၊ သရဏဂုံ မပျက်ပါဘူး၊ သရဏဂုံ ပျက်စီးတာ နှစ်မျိုးရှိတယ်ကွယ့်။

"မိန့်တော်မူပါဘုရား"

နှစ်မျိုးဆိုတာက–(၁) အပြစ်ရှိတဲ့ ပျက်စီးခြင်း၊ (၂) အပြစ်မရှိတဲ့ ပျက်စီးခြင်းများ ဖြစ်ကြပါတယ်၊ အပြစ်ရှိသော ပျက်စီးခြင်းဆိုတာက (က) ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးကို လုံးဝ မယုံကြည်ခြင်း၊ (ခ) အခြားသောဆရာတို့ကို ကိုးကွယ်ခြင်းရယ်လို့ နှစ်မျိုးရှိတယ်။

(က) ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးကို မယုံကြည်ဘူးဆိုတာက သရဏဂုံတည်သူရဲ့ အောက်ဆုံးအယူအဆဟာ ကမ္မဿကတာသမ္မာဒိဋ္ဌိဖြစ်တယ်၊ ကမ္မဿကတာသမ္မာဒိဋ္ဌိဆိုတာ ကောင်းတာပြုလျှင် ကောင်းကျိုးရတယ်၊ မကောင်းတာပြုလျှင် မကောင်းကျိုးရတယ် ဆိုတာပေါ့၊ ဒါကို အကျယ်ချဲ့လိုက်လျှင်–

(၁) **အတ္ထိဒိန္နံ** – အလှူငယ်လှူလို့ အကျိုးရှိတယ်၊

http://www.dhammadownload.com



(၂) **အတ္ထိယိဋ္ဌံ** – အလှူကြီးပေးလို့ အကျိုးရှိတယ်၊
(၃) **အတ္ထိဟုတံ** – ပူဇော်ထိုက်သူကိုပူဇော်လို့ အကျိုးရှိတယ်၊
(၄) **အတ္ထိကမ္မံ** – ကံ,ကံရဲ့ အကျိုးရှိတယ်၊
(၅) **အတ္ထိ အယံ လောကော**– အတိတ်ကံကြောင့်ဖြစ်တဲ့ ယခုဘဝရှိတယ်၊
(၆) **အတ္ထိ ပရောလောကော**– ယခု ကံကြောင့်ဖြစ်မည့် နောက်ဘဝရှိတယ်၊
(၇) **အတ္ထိ မာတာ** – မိခင်ရဲ့ကျေးဇူးရှိတယ်၊
(၈) **အတ္ထိ ပိတာ** – ဖခင်ရဲ့ကျေးဇူးရှိတယ်၊
(၉) **အတ္ထိ ဩပပါတိကော** – ဥပပါတ်ပဋိသန္ဓေနေတဲ့ ငရဲ, နတ်, ဗြဟ္မာ ဆိုတာ ရှိတယ်၊
(၁၀) **အတ္ထိ သမဏဗြဟ္မဏာ**– တရားအားထုတ်လို့ ချာန်ရသူ, မဂ်ရသူ ဆိုတာရှိတယ်။

ဒီတရား ၁၀–ပါးဟာ ကမ္မဿကတာဉာဏ်ရဲ့ ကျက်စားရာများ ဖြစ်ကြတယ်၊ ဒီတရား ၁၀–ပါးကို ပြောင်းပြန်လှန်လိုက်လျှင် (နတ္ထိက မိစ္ဆာဒိဋ္ဌိ) ၁၀–ပါး ဖြစ်ခဲ့တာပေါ့၊ ဤ နတ္ထိကမိစ္ဆာအယူဟာ ရတနာသုံးပါးရဲ့ အယူအဆမဟုတ်ဘူး၊ ရတနာသုံးပါးရဲ့ အယူအဆမဟုတ်တဲ့ နတ္ထိကအယူကို စွဲမြဲစွာ ယူဆခဲ့လျှင် ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးကို မယုံကြည်တဲ့ ပုဂ္ဂိုလ်မို့ သရဏဂုံ ပျက်စီးတယ်ကွယ့်။

(ခ) အခြားသောဆရာတို့ကို ကိုးကွယ်ခြင်းဆိုတာက ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်ဟာ ဘုရားသခင်သည်သာ ငါ၏ ကောင်းကျိုး, ဆိုးကျိုးကို ဟောပြောတတ်တဲ့ ဆရာလို့ ဘုရားသခင်အပေါ် ယခုဘဝ ကောင်းကျိုး, ဆိုးကျိုး၊ နောက်ဘဝ ကောင်းကျိုး, ဆိုးကျိုးကို ညွှန်ပြတတ်တဲ့ဆရာအဖြစ် ယုံယုံကြည်ကြည် ကိုးကွယ် ဆည်းကပ်ထားတယ်၊ နောင်အခါ အခြားဘာသာစာပေ ကြည့်ရှုရ၍ဖြစ်စေ၊ ဘာသာခြားဆရာများ ဟောပြောတာ ယုံမှားလို့ဖြစ်စေ၊ မိမိဘာသာ ကြံတွေး၍ဖြစ်စေ ဘုရားသခင်အပေါ် ယုံကြည်ထားတဲ့ ဆရာအဖြစ်ကို အခြားပုဂ္ဂိုလ်တစ်ယောက် အပေါ် လွှဲပြောင်း ယုံကြည်ခဲ့လျှင် ဗုဒ္ဓဘုရားရှင်ကို ပစ်ပယ်ပြီး အခြားဆရာတစ်ပါး ကို ယုံကြည်ကိုးကွယ်တယ်လို့ ခေါ်တယ်။

ဗုဒ္ဓဘာသာဝင်တစ်ယောက်ဟာ (က) ရတနာသုံးပါးဂုဏ်ကျေးဇူးကို မယုံကြည်ဘဲ အယူဖောက်ပြန်သွားသည်ဖြစ်စေ၊ ဗုဒ္ဓမှတစ်ပါး အခြားသောဆရာကို ဆည်းကပ်ကိုးကွယ်သည်ဖြစ်စေ ခံယူထားတဲ့ သရဏဂုံ ပျက်စီးတယ်၊ အဲဒီ ပျက်စီးတာက အပြစ်ရှိသော ပျက်စီးခြင်းဖြစ်လို့ ယခုဘဝမှာလည်း အပြစ်ရှိတယ်၊

http://www.dhammadownload.com



နောင်ဘဝမှာလည်း အပါယ်ကျခြင်းဆိုတဲ့ အပြစ်ရှိတယ်၊ ဒါကြောင့် ဒီလိုပျက်စီးခြင်းကို အပြစ်ရှိသော ပျက်စီးခြင်းလို့ မှတ်ယူရမယ်ကွယ့်။

"မှန်ပါ အပြစ်ရှိသော ပျက်စီးခြင်းအတွင်းမှာ အနည်းငယ် လျှောက်ထားစရာ ရှိနေပါတယ်၊ ခွင့်ပြုတော်မူပါဘုရား"

"လျှောက်ထားစမ်းပါဦး၊ ဘာများလဲကွယ့်"

"အခြားမဟုတ်ပါဘူး ဘုရား၊ တပည့်တော်တို့ ဗုဒ္ဓဘာသာတွေဟာ(အတ္တာဟိ အတ္တနော နာထော) မိမိကိုယ်သာ မိမိ အားကိုးရမယ်လို့ ဗုဒ္ဓဟောထားချက် ရှိပေမယ့် နတ်တို့, ဝိဇ္ဇာတို့, ဇော်ဂျီတို့, ဘိုးဘိုးကြီးတို့စတဲ့ ပုဂ္ဂိုလ်တွေအပေါ် အလွန် အားကိုးတတ်ကြပါတယ်၊ ကိုးကွယ်ဆိုတဲ့ စကားကိုလည်း အားကိုးပြီး အန္တရာယ်ကို ကာကွယ်တယ်လို့ သဘောရပါတယ်၊ ဒါကြောင့် နတ်တို့, ဝိဇ္ဇာတို့, ဘိုးဘိုးကြီးတို့ကို အားကိုးရာက ကိုးကွယ်ရာအဖြစ်ရောက်ပြီး မိမိတို့နေအိမ်မှာ ရုပ်တုတွေတင်ပြီး ကိုးကွယ်သည်အထိ ဖြစ်လာကြပါတယ်၊ ဒီလို ကိုးကွယ်တဲ့ ပုဂ္ဂိုလ်တွေကိုရော သရဏဂုံပျက်စီးတဲ့ပုဂ္ဂိုလ်အတွင်း ထည့်သွင်း ရေတွက်သင့်ပါသလား ဘုရား"

"ကိုးကွယ်တယ်ဆိုတာကလည်း အမျိုးမျိုးရှိသကိုးကွယ့်"

"ဘယ်လို အမျိုးမျိုးပါလဲဘုရား"

(၁) တချို့က ဒီပုဂ္ဂိုလ်ကို ကိုးကွယ်လျှင် ဒီပုဂ္ဂိုလ်ဟာ ငါတို့ရဲ့ စီးပွားရေး, ကျန်းမာရေး ကောင်းအောင် စောင့်ရှောက်နိုင်မှာပဲလို့ လောကီ စီးပွားရေး, ကျန်းမာရေးကို အဓိကထားပြီး ကိုးကွယ်တယ်။

(၂) တချို့ကတော့ သူ့ကို မကိုးကွယ်လျှင် ငါတို့ကို တစ်စုံတစ်ရာ အန္တရာယ် ပြုချေရဲ့လို့ ကြောက်လို့ ကိုးကွယ်ရတယ်။

(၃) တချို့ကတော့ မျိုးရိုးအလိုက် ကြီးသူဆရာ၊ ငယ်သူတပည့်အဖြစ် ကိုးကွယ်တယ်။

(၄) တချို့ကတော့ မိမိကို အတတ်သင်ပေးဖူးတဲ့ ဆရာအဖြစ် ကိုးကွယ်တယ်။

အဲဒီ လေးမျိုးအနက် အမှတ်(၁) ကိုးကွယ်တာကတော့ လာဘကြောင့် ကိုးကွယ်တာ၊ အမှတ်(၂)က ဘယကြောင့်ကိုးကွယ်တာ၊ အမှတ်(၃)က ကုလ ကြောင့်ကိုးကွယ်တာ၊ အမှတ်(၄)ကတော့ အာစရိယကြောင့် ကိုးကွယ်တာ၊ အဲဒီ လာဘ, ဘယ, ကုလ, အာစရိယ ကိုးကွယ်တာကတော့ သရဏဂုံမပျက်ပါဘူး၊

http://www.dhammadownload.com



သို့သော်အတိုင်းအတာတော့ ရှိသင့်သပေါ့ကွယ်"

"ဘယ်လို အတိုင်းအတာပါလဲဘုရား"

"အတိုင်းအတာဆိုတာ ဥပမာ– နတ်ကိုးကွယ်တယ် ဆိုပါတော့၊ နတ်ကို နတ်ရဲ့အဆင့်မျှသာ ကိုးကွယ်ရမယ်၊ ဘုရားအဆင့် မထားရဘူး၊ ဘုရားနှင့် ဂုဏ်တူ မပြုလုပ်ရဘူး၊ ဂုဏ်တူပြုခဲ့လျှင် သရဏဂုံ မပျက်သည့်တိုင်အောင် သရဏဂုံ ညစ်နွမ်းခြင်းကတော့ ဖြစ်တတ်တယ်ကွယ့်"

"မှန်ပါ၊ အပြစ်ရှိသော ပျက်စီးခြင်းတော့ သိပါပြီ၊ အပြစ်မရှိသော ပျက်စီးခြင်းဆိုတာလည်း မိန့်တော်မူပါဦး"

"အပြစ်မရှိတဲ့ သရဏဂုံပျက်စီးခြင်းဆိုတာ စုတိပြတ်ကြွေ သေလွန်တဲ့ အတွက် ယခုဘဝ ခံယူထားတဲ့ သရဏဂုံတော့ ပျက်သွားတယ်၊ သို့သော်လည်း အပြစ်မရှိတဲ့အပြင် ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိဆိုတဲ့ အကျိုးများပင် ရနိုင်သေး တယ်ကွယ့်"

"ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိဆိုတာ ဘာလဲဘုရား"

"ဘဝ သမ္ပတ္တိဆိုတာ လူ့ဘဝ, နတ်ဘဝ ရခြင်းကို ဆိုလိုတယ်၊ ဘောဂသမ္ပတ္တိ ဆိုတာ ဖြစ်လေရာဘဝမှာ စည်းစိမ်ဥစ္စာ ပြည့်စုံခြင်းကို ဆိုလိုတယ်၊ ဒီနေရာမှာ ဝိမာနဝတ္ထု, အဋ္ဌကထာ, မဟာရထဝဂ်ကလာတဲ့ ဆတ္တမာဏဝလုလင်အကြောင်း အတိုချုပ် ပြောပြဦးမယ်ကွယ့်"

"မိန့်တော်မူပါဘုရား"

"ဘုရားသခင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးတော်မူစဉ်က သေတဗျမြို့ ပုဏ္ဏားတစ်ဦးမှာ သားတစ်ယောက်တည်းသာရှိတယ်၊ နာမည်ကတော့ ဆတ္တလုလင်လို့ ခေါ်သတဲ့၊ ဆတ္တလုလင် သိ,ကြားနားလည်တဲ့ အရွယ်ရောက်လာ တော့ ဖခင်ပုဏ္ဏားကြီးက– "ချစ်သား... မြို့သွားပြီး ပေါက္ခရသာတိဆရာကြီးထံမှာ ပညာသင်ချေ"လို့ ခိုင်းလိုက်သတဲ့၊ ဆတ္တလုလင်ဟာ ဖခင်ရဲ့အမိန့်အတိုင်း ပေါက္ခရ သာတိဆရာကြီးထံမှာ ပညာသင်ယူလိုက်တာ မကြာမီ ပုဏ္ဏားများ တတ်အပ်တဲ့ မန္တန်အတတ်, ဝိဇ္ဇာအတတ်များကို အပြီးအဆုံး တတ်မြောက်သွားတယ်၊ ပညာ တတ်ပြီးတော့ ပညာသင်ခအတွက် ဆရာ့ကို ဘယ်လောက် ပူဇော်ရပါသလဲလို့ မေးတယ်၊ ဆရာက ပညာသင်ခဆိုတာက ပညာသင်သူရဲ့ ဥစ္စာအဆင့်အတန်း ပေါ်မှာမူတည်တယ်၊ မင်းအတွက်တော့ အသပြာတစ်ထောင် ယူခဲ့လို့မိန့်လေတော့

http://www.dhammadownload.com



ဆတ္တလုလင်ဟာ မိဘရပ်ထံပြန်သွားပြီး ဆရာ့ပူဇော်ရန် ငွေတစ်ထောင်တောင်းတယ်၊ မိဘများက "ဒီကနေ့ အချိန်မရှိဘူး၊ မနက်ဖြန်မှ သွားတာပေါ့"လို့ ပြောပြီး ငွေတစ်ထောင်ပေးအပ်ကြသတဲ့၊ ဒီအကြောင်း သူခိုးများကသိတော့ ဆတ္တကို သတ်ပြီး ငွေယူမှတော်မည်လို့ လမ်းခရီး တောအုပ်က ချောင်းနေကြတယ်၊ ဒီအကြောင်း ဘုရားရှင်သိတော်မူလို့ ဆတ္တလုလင်ကတော့ သေချိန်ရောက်နေပြီ၊ သူ မသေမီ သရဏဂုံတည်သွားလျှင် သူလည်း အကျိုးရှိမယ် အခြားသူများလည်း အကျိုးရှိမယ်လို့ ဆတ္တလုလင်သွားမည့်လမ်း သစ်ပင်ရင်းမှာ ထိုင်ပြီး စောင့်နေတော်မူတယ်၊ ဆတ္တ လုလင်လည်း ငွေထုပ်ကိုပိုက်ပြီး သေတဗျမြို့က ထွက်လာခဲ့တာ မကြာမီ ဘုရားရှင်နှင့် တွေ့တယ်၊ ဘုရားရှင်က–"လုလင် ဘယ်သွားမှာလဲ" မေးတော့– "တပည့်တော် ဥက္ကဋ္ဌမြို့ ဆရာကန်တော့သွားမှာပါ"လို့ လျှောက်တယ်၊ ဘုရားရှင်က "လုလင် သင်ဟာ သရဏဂုံသုံးပါး၊ ငါးပါးသီလဆိုတာ သိရဲ့လား"လို့ မေးတယ်၊ ဆတ္တလုလင်က "မသိပါ,မကြားဖူးပါဘူး၊ အဲဒါတွေက ဘာအကျိုးရှိပါသလဲ"လို့ ပြန်လျှောက်တယ်။

ဒီအခါ ဘုရားရှင်က ဘုရားဂုဏ်,တရားဂုဏ် သံဃာ့ဂုဏ်များကို ထုတ်ဖော်ဟောကြားပြီး သရဏဂုံသုံးပါးနှင့် ငါးပါးသီလကို ခံယူစေတယ်၊ သရဏဂုံသီလ ခံယူစေပြီး ဘုရားရှင် ပြန်ကြွသွားတယ်၊ ဘုရားရှင်ပြန်ကြွသွားပြီး မကြာမီမှာပဲ ဆတ္တလုလင်ဟာ ငွေထုပ်ပိုက်ပြီး ခိုးသူများပုန်းအောင်းနေတဲ့ တောတွင်းကိုအဝင် ခိုးသူများပစ်လွှတ်လိုက်တဲ့ မြားချက်နှင့်ကွယ်လွန်ပြီး တာဝတိံသာနတ်ပြည် ယူဇနာ သုံးဆယ်ရှိတဲ့ ရွှေဗိမာန်မှာ အိပ်သောယောက်ျား နိုးသော်လားသို့ ဘွားကနဲဖြစ်သတဲ့၊ ဆတ္တနတ်သားရဲ့ အခြံအရံ နတ်သမီးအပေါင်းက တစ်ထောင် ရှိသတဲ့၊ ကိုယ်မှာ ဆင်ထားတဲ့ တန်ဆာများကလည်း လှည်းအစီး ခြောက်ဆယ်တိုက်လောက်များသတဲ့၊ သူ့ရွှေဗိမာန်ရဲ့ အရောင်အဝါက ယူဇနာ နှစ်ဆယ်မက ထွန်းလင်း တောက်ပသတဲ့။

ဒီ ဆတ္တမာဏဝတ္ထုကို ထောက်ထားပြီး သရဏဂုံနှင့်ပြည့်စုံတဲ့ ဥပါသကာများ ကွယ်လွန်ခြင်းကြောင့် သရဏဂုံပျက်သော်လည်းအပြစ်မရှိ၊ အကျိုးမယုတ်တဲ့အပြင် လူချမ်းသာ, နတ်ချမ်းသာဆိုတဲ့ ဘဝသမ္ပတ္တိ၊ စည်းစိမ်ဥစ္စာ ရတနာရွှေငွေစသော ဘောဂသမ္ပတ္တိများ ကောန်ပြည့်စုံနိုင်တယ်လို့ မှတ်ယူသင့်တယ်ကွယ်၊ ငပုတောမြို့ ဦးမြင့်ဦးရဲ့ အမေးကို တိုတိုဖြေဆိုရင်လဲဖြစ်ပါတယ်၊ သို့သော်လည်း စာဖတ်သူများ ဗဟုသုတတိုးပွားအောင် မတိုမရှည် အလယ်အလတ် ဖြေဆိုလိုက်ပါတယ်၊ ဒီအဖြေကို ဦးမြင့်ဦး သဘောကျလိမ့်မယ်လို့ ယူဆပါတယ်ကွယ်။"

"သာဓု – သာဓု – သာဓု"

http://www.dhammadownload.com



# ယနေ့ဗုဒ္ဓဝါဒ ပြဿနာလေးရပ်

"ဟောဒီစာက တောင်တန်းသာသနာပြု ဆရာတော် ဦးတေဇနိယထံမှ မေးလျှောက်သော စာဖြစ်ပါတယ်ဘုရား"

"ဘယ်က တောင်တန်းသာသနာပြုပုဂ္ဂိုလ်လဲကွယ့်"

"လပင်နဲ့၊ သာသနာပြုဌာန၊ ဖယ်ခုံမြို့နယ်၊ ရှမ်းပြည်တောင်ပိုင်းဌာနကလို့ ပေးစာမှာ ဖော်ပြထားပါတယ်ဘုရား"

"ဦးတေဇနိယက ဘာတွေများ မေးလျှောက်တာလဲကွယ့်"

"ဦးတေဇနိယမေးလျှောက်တာက ပြဿနာ ၄-ချက်ဖြစ်ပါတယ်ဘုရား"

"ပြဿနာတွေက များလှပါကလား၊ ဆိုစမ်းပါဦး၊ ဘာတွေများလဲ"

"အမှတ်(၁)ပြဿနာက အလိုလိုပေါ်သော အသားဟင်းလျာ မဟုတ်ဘဲ ကိုယ်တိုင် ကြက်,ဝက်,ငါး စသည်တို့ကို သတ်ဖြတ်အလှူလုပ်ခဲ့သော် ထိုအလှူကုသိုလ်ရ, မရဖြစ်ပါတယ်။

အမှတ်(၂)ပြဿနာက တချို့ရဟန်းတော်များဟာ ဆန်စပါးကို ကိုယ်တိုင်သပိတ်ပိုက်ပြီး အလှူခံကြပါတယ်၊ အလှူခံလို့ရတဲ့ ဆန်စပါးများကို ရောင်းချငွေဖြင့် အချို့ ကျောင်းဆောက်ပြီး နေကြပါတယ်၊ အချို့ စာသင်တိုက် ဖွင့်ကြပါတယ်တဲ့၊ ၎င်းကိစ္စ အပ်,မအပ် ဖြစ်ပါတယ်။

အမှတ်(၃)ပြဿနာက ဘုရားပွဲတော်ကျင်းပရာမှာ ဂေါပကအဖွဲ့က လောင်းကစားမျိုးစုံပြုလုပ်ပြီး ရန်ပုံငွေရှာတတ်ကြပါတယ်၊ ထိုကဲ့သို့ ရန်ပုံငွေရှာတာ သင့်မသင့် ဖြစ်ပါတယ်။

http://www.dhammadownload.com



အမှတ်(၄)ပြဿနာက ရဟန်းတော်များသည် ကခြင်း, သီခြင်း, တီးမှုတ်ခြင်း, ကြည့်ရှုနားထောင်ခြင်း မပြုအပ်ပါ၊ လူကိုယ်တိုင်ကခြင်း, သီခြင်း, တီးမှုတ်ခြင်း မဟုတ်သော ကက်ဆက်, ဗွီဒီယို, တယ်လီဗေးရှင်းတို့ကို ကျောင်းတွင်း၌ နားထောင်ကြည့်ရှုသော် အပ်,မအပ် ဖြစ်ပါတယ်ဘုရား။

"ပြဿနာ အမှတ်(၁)ကို ဦးစွာ ဖြေဆိုကြစို့ရဲ့"

"ဖြေတော်မူပါဘုရား"

"ထေရဂါထာပါဠိ ၂၇၂- ဓမ္မိကတ္ထေရဂါထာမှာ (န ဟိ ဓမ္မော အဓမ္မောစ၊ ဥဘော သမဝိပါကိနော)လို့ ဂါထာတစ်ပုဒ်ပါသကွယ့်"

"ကုသိုလ်တရား, အကုသိုလ်တရား သည်တရားနှစ်ပါးတို့ဟာ တူမျှသော အကျိုးပေးခြင်း မရှိဘူးတဲ့၊ အဓိပ္ပါယ်က ကုသိုလ်ကံက ကောင်းကျိုးကိုပေးတယ်၊ အကုသိုလ်ကံက မကောင်းကျိုးကို ပေးတယ်၊ အကျိုးပေးချင်း မတူလို့ဆိုလိုတယ်၊ အကျိုးပေးမတူရုံမျှသာ မဟုတ်ဘူး၊ ပြိုင်တူလဲ အကျိုးမပေးနိုင်ဘူး၊ ကုသိုလ်ကံ အကျိုးပေးခိုက် အကုသိုလ်ကံက အကျိုးမပေးနိုင်ဘူး၊ အကုသိုလ်ကံက အကျိုးပေးခိုက် ကုသိုလ်ကံက အကျိုးမပေးနိုင်ဘူး၊ တစ်မျိုးတစ်မျိုးစီသာ အကျိုးပေးနိုင်တယ်၊ ဘာကြောင့်ပြိုင်တူ အကျိုးမပေးနိုင်တာလဲဆိုတော့ ကံတရား အားထုတ်စဉ်ကာလက ကုသိုလ်နှင့် အကုသိုလ်ကံကို ပြိုင်တူပြုလုပ်လို့ မဖြစ်တဲ့ အတွက်ကြောင့်ပါပဲ၊ စိတ်ဖြစ်မှုက အလွန် လျင်မြန်တယ်၊ စိတ်တစ်ခုပြီးမှ တစ်ခု ဖြစ်တယ်၊ စိတ်နှစ်ခု ပြိုင်တူမဖြစ်နိုင်ဘူး၊ ဒါကြောင့် ကုသိုလ်ကံနှင့် အကုသိုလ်ကံဟာ ပြိုင်တူမဖြစ်ဘူး၊ ယခု အမှတ်(၁)ပြဿနာက သူ့အသက်သတ်ပြီး အလှူပေးတယ်၊ ကုသိုလ်ရ,မရ ဟုတ်တယ်မဟုတ်လား၊"

"ဟုတ်ပါတယ်ဘုရား"

"သူ့အသက်သတ်တာက တစ်ကာလ၊ ဒီတစ်ကာလက အကုသိုလ် ဖြစ်တဲ့ ကာလ၊ အလှူပေးတာက တစ်ကာလ၊ အဲဒီတစ်ကာလက ကုသိုလ် ဖြစ်တဲ့ကာလ၊ ဒီကာလနှစ်ပါးကို တစ်ကာလတည်း ရောလို့ မရသလို တစ်ကာလစီမှာဖြစ်တဲ့ ကုသိုလ်နှင့် အကုသိုလ်ကိုလည်း ရောလို့မရဘူး၊ ဒါကြောင့် သူ့အသက်သတ်မှု ပါဏာတိပါတ အကုသိုလ်ကံကြောင့် မကောင်းကျိုးကို ခံစားရလိမ့်မယ်၊ အလှူပေးတဲ့ ဒါနကုသိုလ်ကံကြောင့် ကောင်းကျိုးခံစားရလိမ့်မယ်၊ ဥပမာထုတ်ပြပါဆိုလျှင် ဓမ္မပဒ စိတ္တဝဂ်ကလာတဲ့ ပူတိဂတ္တတိဿမထေရ်ရဲ့ ဝတ္ထုကို ညွှန်ပြရလိမ့်မယ်။

http://www.dhammadownload.com



ပူတိဂတ္တတိဿထေရ်အလောင်းဟာ ကဿပဘုရားရှင်လက်ထက်တော် ကာလက ငှက်တွေကို ပစ်သတ်ပြီး ပြည့်ရှင်မင်းထံ ဆက်သရတဲ့ ငှက်ခတ်မုဆိုးဖြစ် ဖူးတယ်၊ ငှက်ခတ်မုဆိုးဟာ ဖမ်းလာတဲ့ ငှက်များအနက် အချို့ မင်းကို ဆက် တယ်၊ အချို့ကို ရောင်းချတယ်၊ ရောင်းချလို့ မကုန်တဲ့ငှက်များကိုတော့ သတ်ထား လျှင် ပုပ်ကုန်မှာစိုးလို့ မသတ်သေးဘဲ မပျံနိုင်၊ မပြေးနိုင်အောင် အတောင်တွေ ချိုးထားတယ်၊ ဒူးရိုးတွေကို ချိုးထားတယ်တဲ့၊ တစ်ရက်တော့ သူစားဖို့ ငှက်သားများကို ချက်ထားတယ်၊ အဲဒီအချိန် အိမ်တံခါးဝမှာ ရဟန်းတစ်ပါး ဆွမ်းရပ်နေတာကို မြင်တယ်၊ မထေရ်ကိုမြင်လိုက်တော့ စိတ်ကောင်းလေးပေါ်လာသတဲ့"

"ဘယ်လိုစိတ်ကောင်းပါလဲဘုရား"

"သြော်– ငယ်စဉ်ကစပြီး မကောင်းမှုတွေလုပ်လာတာ ငါ့မှာ အကုသိုလ် အစုအပုံတွေ အတော်များနေပြီ၊ ကုသိုလ်ဆိုတာတော့ ငါ့မှာ မရှိသေးပါကလား၊ ခုအိမ်ရှေ့မှာ ရဟန်းတစ်ပါး ဆွမ်းရပ်နေတယ်၊ အိမ်တွင်းမှာလည်း ဟင်းကောင်း ချက်ပြီးသားရှိတယ်၊ ဒီကနေ့တော့ ကုသိုလ်ရအောင် လှူဦးမှပဲလို့ အဲဒီလို စိတ်ကောင်းပေါ်လာတယ်၊ စိတ်ကောင်းပေါ်လာလျှင် ပေါ်လာချင်း ဟင်းကိုခပ်, ဆွမ်းကိုရှုးပြီး မထေရ်ရဲ့ သပိတ်အတွင်း ရိုရိုသေသေ လောင်းလှူတယ်၊ လောင်းလှူပြီး "ဤ ကောင်းမှုကြောင့် အရှင်ဘုရားများ သိမြင်တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် တရားမြတ်ကို သိမြင်ရပါလို၏"လို့ ဆုတောင်းသတဲ့။

အဲဒီဘဝက ကွယ်လွန်တော့ ကံအားလျော်စွာလာပြီး ယခုနောက်ဆုံးဘဝမှာ ပူတိဂတ္တမထေရ်မြတ် ဖြစ်လာတယ်၊ ငှက်မုဆိုးဘဝက ငှက်များရဲ့ အရိုးကိုချိုးခဲ့တဲ့ မကောင်းမှုကံကြောင့် ယခုဘဝ တစ်ကိုယ်လုံး ပုပ်ပြီး အရိုးကျိုးရတယ်၊ ရဟန်းအား ဆွမ်းလှူရတဲ့ ကုသိုလ်ကံရဲ့အကျိုးကြောင့် ယခုအခါ ရဟန္တာဘဝဖြင့် ကျွတ်တမ်းဝင် ရသတဲ့၊ ဒါကြောင့် သူ့အသက်သတ်မှု အကုသိုလ်ကံကြောင့် အကုသိုလ်ရဲ့အကျိုးတရား ခံစားရလိမ့်မယ်၊ လှူဒါန်းခြင်း ကုသိုလ်ကံကြောင့် ကုသိုလ်ရဲ့ အကျိုးတရား ခံစားရလိမ့်မယ်လို့ အဖြေပေးလိုက်ပါတယ်ကွယ်။

"ဒုတိယမေးခွန်းကို ဆက်လက်ဖြေကြဦးစို့ကွယ်"

"မှန်ပါ ဖြေဆိုတော်မူပါဘုရား"

"ဒုတိယအမှတ်(၂) ပြဿနာက ရဟန်းတော်များ ဆန်စပါး ကိုယ်တိုင် အလှူခံ ရောင်းချပြီး ရသောငွေဖြင့် ကျောင်းဆောက် နေအပ်,မနေအပ်၊ စာသင်တိုက် ဖွင့်အပ်,မဖွင့်အပ် မဟုတ်လား"

http://www.dhammadownload.com



"ဟုတ်ပါတယ်ဘုရား"

"ရဟန်းတော်များ နေထိုင်အပ်တဲ့ ကျောင်းက လေးမျိုးရှိသကွယ့်"

"အမိန့်ရှိပါဘုရား"

"လေးမျိုးဆိုတာက–(၁) ဥဿာဝနကျောင်း၊ (၂) ဂေါနိသာဒိကကျောင်း၊ (၃) ဂဟပတိကကျောင်း၊ (၄) သမ္မုတိကကျောင်း ဖြစ်ကြသကွယ့်၊ အဲဒီကျောင်း လေးမျိုးအခြင်းအရာကို ဝိနယသင်္ဂဟအဋ္ဌကထာ– ၁၉၊ ကပ္ပိယာ စတုဘူမိယောအဖွင့်က ထုတ်နုတ်ပြောပြဦးမယ်။

**ဥဿာဝနန္တိက**–ဆိုတဲ့ပုဒ်ကို တစ်ပုဒ်စီခွဲလိုက်တော့ ဥတစ်ပုဒ်၊ **သာဝန**တစ်ပုဒ်၊ **အန္တိက**တစ်ပုဒ် ထွက်လာတယ်။

ဥသဒ္ဒါက – ချီကြွခြင်းအနက်ကိုဟောတယ်၊

သာဝနသဒ္ဒါက– မြွက်ဆိုခြင်းအနက်ကိုဟောတယ်၊

အန္တိကသဒ္ဒါက– အဆုံးဟူသောအနက်ကိုဟောတယ်၊ ၃–ပါးစုံ အဓိပ္ပာယ်က (၁) ကြွချီမှု၊ (၂) ကပ္ပိယကုဋိ ကရောမလို့ မြွက်ဆိုမှု၊ (၃) ဤကိစ္စနှစ်ပါး တစ်ပြိုင်နက် ပြီးဆုံးမှုလို့ ဆိုလိုတယ်။

အဓိပ္ပာယ်ကတော့ ဥဿာဝနန္တိက ကျောင်းကို ဆောက်လုပ်လိုလျှင် ရှေးဦးစွာ ဒါယကာများကို တွင်းတူးစေရမယ်၊ ပြီးတော့ ကျောင်းတိုင်ကို ဒါယကာတို့ကို ထူစေရမယ်၊ ကျောင်းတိုင်ကို ထူမတ်ထားပြီး ရဟန်းများက ကျောင်းတိုင်ကို လက်ဖြင့်ကိုင်ပြီး "ကပ္ပိယကုဋိ ကရောမ"လို့ အသံညီညီရွတ်ဆိုပြီး တိုင်ကို တွင်းထဲ စိုက်ချလိုက်ရမယ်၊ အကယ်၍ အုတ်ကျောက်များဖြင့် တည်ဆောက်ခဲ့လျှင် ရှေးဦးစွာချမည့် အုတ်ကျောက်ကို တစ်ပါးတစ်ခုစီကိုင်ပြီး "ကပ္ပိယကုဋိ ကရောမ"လို့ ချပြီးပြီးချင်း အုတ်ကျောက်ကို မရှေးမနှောင်းချပြီး စီရမယ်၊ မြေအကျနှင့် ကရောမ စကား တစ်ပြိုင်နက် ပြီးဆုံးခြင်းကို ဥဿာဝနန္တိကကျောင်းလို့ ခေါ်တယ်။

ဂေါနိသာဒိကကျောင်းက–(၁) ဝိဟာရ ဂေါနိသာဒိက (၂) အာရာမ ဂေါနိသာဒိကလို့ နှစ်မျိုးရှိသတဲ့၊ အာရာမ်လည်း အကာအရံမရှိ၊ ကျောင်းလည်း အကာအရံမရှိ၊ နွားများ ဝင်ရောက် နေနိုင်သောကျောင်းကို အာရာမ ဂေါနိသာဒိကကျောင်းလို့ ခေါ်သတဲ့၊ ကျောင်းတော့ အကာအရံရှိပြီး အာရာမ်ကတော့ အကာအရံမရှိတဲ့ ကျောင်းကိုတော့ ဝိဟာရဂေါနိသာဒိကကျောင်းလို့ ခေါ်သတဲ့။

http://www.dhammadownload.com



ဂဟပတိကျောင်းဆိုတာက ဒါယကာများက သူတို့ပိုင်ပစ္စည်းဖြင့် ဆောက်လုပ်ပြီးမှ "ကပ္ပိယကုဋိ ကရောမ"အပ်သောကျောင်း,ကုဋိကို လှူပါ၏၊ အရှင်ဘုရားများ နေထိုင် သုံးဆောင်တော်မူကြပါလို့ ရေစက်သွန်းချ လှူဒါန်းတဲ့ကျောင်းကို ဆိုလိုတယ်။

သမ္မုတိကျောင်းဆိုတာက ဉတ္တိဒုတိယကမ္မဝါစာ ရွတ်ဖတ် သမုတ်အပ်တဲ့ ကျောင်း ဖြစ်တယ်၊ ကမ္မဝါစာ မရွတ်ဖတ်ဘဲ သံဃာကို ပန်ကြား မဆောက်လုပ်တဲ့ ကျောင်းကိုလည်း သမ္မုတိကျောင်းလို့ ခေါ်ဆိုရတယ်။

ဒီကျောင်းလေးမျိုးက ရဟန်းများ အပ်စပ်တဲ့ ကပ္ပိယကျောင်းများ ဖြစ်တယ်၊ ဤ ကျောင်းလေးမျိုးမှ တစ်ပါးသောကျောင်းကို အကပ္ပိယကျောင်းလို့ ခေါ်တယ်၊ အကပ္ပိယကျောင်းဆိုတာက မနေထိုင်အပ်သောကျောင်းလို့ဆိုလိုတာ မဟုတ်ဘူးကွယ့်"

"ဒါဖြင့် ဘာကြောင့် အကပ္ပိယကျောင်းလို့ ခေါ်တာလဲဘုရား"

"ကပ္ပိယကျောင်းအတွင်း ညဥ့်သိပ် သိုမှီးထားတဲ့ ခဲဖွယ်ဘောဇဉ်ကို စားသောက်တဲ့အတွက် အန္တောဝုတ္ထဒုက္ကဋ်အာပတ် မသင့်ဘူး၊ ကပ္ပိယကျောင်းအတွင်း လူသာမဏေတို့ ကျိုချက်ကြော်လှော်တဲ့ ခဲဖွယ်,ဘောဇဉ်ကို စားခြင်းကြောင့် ဒုက္ကဋ်အာပတ်မသင့်ဘူး၊ အကပ္ပိယကျောင်းအတွင်း သိုမှီးတဲ့ ခဲဘွယ်,ဘောဇဉ် ကျိုချက်ကြော်လှော်တဲ့ ခဲဖွယ်,ဘောဇဉ်ကို စားခြင်းကြောင့် ဒုက္ကဋ်အာပတ် သင့်တယ်၊ ဒါကြောင့် အကပ္ပိယကျောင်းလို့ ခေါ်တယ်၊ အကပ္ပိယကျောင်းဖြစ်ခဲ့လျှင် ရဟန်းများအတွက် အလွန် အပြစ်များသတဲ့၊ ဒါကြောင့် လယ်တီဆရာတော်က– **"အကပ္ပိယ၊ ကျောင်းဖြစ်က၊ များလှ ပြစ်နာဆော"**လို့ ဝိနယသံခိပ်ကျမ်းမှာ ရေးသားတော်မူခဲ့တယ်။

ရဟန်းကိုယ်တိုင် ဆွမ်းဆန်စိမ်း အလှူခံပြီး ကျောင်းဆောက်တယ်၊ စာသင်တိုက်တည်တယ်ဆိုတော့ ကပ္ပိယကျောင်းလေးမျိုးက လွတ်နေတဲ့အတွက် မအပ်ဘူးလို့ ဖြေရမှာပဲ၊ သို့သော် ကိုယ်ကျိုးအတွက် ကာမဂုဏ်အတွက် မဟုတ်၊ သာသနာတော်အတွက် ရှေးရှုတာ ဖြစ်တဲ့အတွက် မအပ်သောကျောင်းကို အပ်သောကျောင်းဖြစ်အောင် ပညာရှင်များနှင့် တိုင်ပင်ပြီး ပြောင်းလွှဲလျှင် ဖြစ်နိုင်တယ်လို့ ဖြေဆိုလိုက်ပါတယ်ကွယ်"

"အမှတ်(၃)ပြဿနာက ဘာတဲ့ကွယ်"

"မှန်ပါ အမှတ်(၃)ပြဿနာက ဘုရားပွဲတော် ကျင်းပရာမှာ ဂေါပကအဖွဲ့က လောင်းကစားမျိုးစုံ ပြုလုပ်ပြီး ရန်ပုံငွေ ရှာသင့်, မသင့်ပါဘုရား"

http://www.dhammadownload.com



"အမှတ်(၃)ပြဿနာကို မဖြေမီ ဘုရားပွဲတော်အကြောင်းကို အနည်းငယ် ပြောကြ ဦးစို့ရဲ့"

"မှန်ပါ၊ မိန့်တော်မူပါဘုရား"

"မြန်မာနိုင်ငံတော်မှာ ရှေးအခါက ပွဲကျောင်းဂိုဏ်းရယ်လို့ ရှိခဲ့ဖူးသတဲ့ကွယ့်၊ ရှင်အရဟံ ပုဂံ မရောက်မီကာလက ရှိခဲ့ဖူးတဲ့ သာသနာ့ဂိုဏ်းကြီးတစ်ဂိုဏ်းပေါ့၊ ဦးပုညရဲ့ မေတ္တာစာမှာ "ရှေးအတီတော၊ ပုဂံပြေ(ပြည်)တွင်၊ ဆံကေသာလက်လေးသစ်၊ မုတ်ဆိတ်မွေး ဗရဗျစ်၊ မဲညစ်သည့် စီဝရံနှင့်၊ တာတေလံ အကျင့်ဆိုးသော၊ ရှင်သိုးတကာ ခေါင်ကြီး...ရှင်မထီးတို့ကဲ့သို့" လို့ ပွဲကျောင်း ဂိုဏ်းဘုန်းကြီးများကို သရုပ်ဖော်ပြထားတယ်၊ ဦးပုညရဲ့စာအရဆိုလျှင် ပွဲကျောင်းဘုန်းကြီးဆိုတာတွေဟာ မုတ်ဆိတ်ကျင်စွယ်က ဗရဗျစ်၊ ဝတ်တဲ့သင်္ကန်းက မည်းမည်း၊ အကျင့်က တာတေလံနေတဲ့ မိစ္ဆာဒိဋ္ဌိတွေ ဖြစ်နေတယ်၊ သမိုင်းစကားနှင့် ပြောရလျှင် အဲဒီပွဲကျောင်းဘုန်းကြီးဆိုတာ ဒုတိယ သင်္ဂါယနာတင်စဉ်က ဂိုဏ်းကွဲသွားပြီး ကောသမ္ဗီပြည်မှာ သင်္ဂါယနာအပြိုင်တင်ကြတဲ့ မဟာသံဃိကဂိုဏ်းသားတွေ ဖြစ်တယ်၊ အဲဒီ မဟာသံဃိကဂိုဏ်းကို မဟာယာနဂိုဏ်းလို့လည်း ခေါ်တယ်၊ မြောက်ဂိုဏ်းလို့လည်း ခေါ်တယ်ကွယ့်။

ယခု မြန်မာ၊ ထိုင်း၊ သီဟိုဠ်မှာတည်ရှိတဲ့ဂိုဏ်းကိုတော့ ထေရဝါဒဂိုဏ်းလို့ လည်း ခေါ်တယ်၊ တောင်ဂိုဏ်းလို့လည်း ခေါ်တယ်၊ တောင်ဂိုဏ်းနှင့် မြောက်ဂိုဏ်း တို့ဟာ ဘုရားရှင်ရဲ့ သာသနာတော်က ခွဲထွက်တဲ့ ဂိုဏ်းတွေချည်းပဲ၊ ဒါကြောင့် မဟာယာနဂိုဏ်းဟာ မိစ္ဆာဒိဋ္ဌိဂိုဏ်း မဟုတ်ဘူး၊ မဟာယာနဂိုဏ်းက ဖြာထွက်လာတဲ့ ပွဲကျောင်းဂိုဏ်းဟာလည်း မိစ္ဆာဒိဋ္ဌိဂိုဏ်း မဟုတ်ဘူး၊ သူတို့ကို ဘာကြောင့် ပွဲကျောင်းဂိုဏ်း ခေါ်တာလဲဆိုတော့ သာသနာနှင့် ပတ်သက်တဲ့ အခမ်းအနားများမှာ အငြိမ့်ပွဲ ဇာတ်ပွဲ ခြိမ့်ခြိမ့်သဲအောင် ပါဝင်စေတတ်တဲ့အတွက်ကြောင့် ပွဲကျောင်းလို့ ခေါ်တာတဲ့ကွယ့်"

"မြန်မာနိုင်ငံတော်မှာ အနော်ရထာမင်းလက်ထက်ကစပြီး ထေရဝါဒသာသနာ ရောက်ရှိခဲ့တယ်၊ ထေရဝါဒအင်အား ကောင်းလာတဲ့အတွက် ပွဲကျောင်းဂိုဏ်းဟာ တစ်စတစ်စနောက်ဆုတ်ပြီး မြန်မာနိုင်ငံမှာ ကွယ်ခဲ့တယ်၊ ပွဲကျောင်းဂိုဏ်း ကွယ်သွားသော်လည်း အလေ့အလာက ကျန်ရစ်တယ်၊ ပွဲကျောင်းဂိုဏ်းဟာ ထုလုပ် ကိုးကွယ်တဲ့ ရုပ်ပွားတော်ဟာ အဝလောကိတေသရ ရုပ်ပွားတော်ဖြစ်တယ်၊ အဝလောကိတေသရ ရုပ်ပွားတော်ဟာ ဂေါတမဘုရားရှင်ရဲ့ ရုပ်ပွားတော် မဟုတ်ဘူး၊

http://www.dhammadownload.com



ဗောဓိသတ္တခေါ်တဲ့ အလောင်းတော်နတ်ဘုရားရဲ့ ပုံသဏ္ဍာန်ဖြစ်တယ်၊ နတ်ဝတ်ဒွါဒရာနှင့်ဖြစ်တယ်၊ ဒီအကြောင်းကို ၂၅၀၀–သာသနာခရီးစာအုပ်မှာ အကျယ်ဖတ်ကြည့်သင့်တယ်။

ပွဲကျောင်းဘုန်းကြီးများဟာ ဂေါတမဘုရားကို ကိုးကွယ်တာမှန်တယ်၊ ဂေါတမရုပ်တုတော်ကိုလည်း ကိုးကွယ်ကြတယ်၊ သို့သော်လည်း အဝလောကိတေသရနတ်ဘုရားကိုလည်း အများအပြား ကိုးကွယ်ကြတယ်၊ အဲဒီ အဝလောကိတေသရနတ်ဘုရားရဲ့ မန္တန်တော်က (ဥုံ မဏိပဒ္မေဟုံ) ဖြစ်တယ်ကွယ့်၊ ထေရဝါဒသာသနာတော်မှာ အဝလေကိတေသရဆိုတာကို ကြားဖူးသူတောင် မရှိဘူး၊ သို့သော်ရှေး အစဉ်အဆက် အလေ့အလာနှင့် ရှေးက အဝလောကိတေသရ ရုပ်ပွားကိုပင်ဂေါတမဗုဒ္ဓအဖြစ် ဆက်လက်ကိုးကွယ်ခဲ့ကြတယ်။

အဝလောကိတေသရ နတ်ဘုရားရဲ့ပုံတော်ကို ဂေါတမအဖြစ် အစဉ်အဆက်ကိုးကွယ်လာကြသလို ရှေးက ပွဲကျောင်းဓလေ့ဖြစ်တဲ့ အတီးအမှုတ် အကအခုန်များကိုလည်း ထေရဂိုဏ်းဝင်ပုဂ္ဂိုလ်များက အမွေခံပြီး ဆက်လက်ပြုလုပ်လာခဲ့ကြတယ်၊ ဒီနေရာမှာ အဆိုအက စတင်ဖြစ်ပေါ်လာပုံကို ဆက်ပြောပြလိုက်ရဦးမယ်။

"မိန့်တော်မူပါဘုရား"

"ကမ္ဘာဦးကလူတွေဟာ နတ်ဘုရားများကို စတင် ကိုးကွယ်ကြရာက ဝေဒကျမ်းများ ထင်ရှား ဖြစ်ပေါ်လာကြတယ်၊ ကမ္ဘာဦးလာ ဝေဒကျမ်းများဟာ (၁) ဣရုဝေဒ (သို့မဟုတ်) ရိဂဝေဒကျမ်း၊ (၂) ယဇုဝေဒကျမ်း၊ (၃) သာမဝေဒကျမ်း၊ (၄) အာထဗ္ဗဏ (သို့မဟုတ်) အတ္တာရဝဝေဒကျမ်းရယ်လို့ ၄–မျိုးရှိတယ်။

အဲဒီ ၄–မျိုးအနက် (၁) ဣရုဝေဒကျမ်းဟာ ဂါထာပေါင်း ၁၀၀၀–ပါရှိပြီး ကောင်းကင်ဘုံစံ နတ်ဘုရားများရဲ့ ဂုဏ်တော်များကို ချီးကျူးဖွဲ့ဆိုထားသတဲ့ကွယ်၊ (၂) ယဇုဝေဒကျမ်းဟာ စုဏ္ဏိယတစ်ဝက်, ဂါထာတစ်ဝက် ပါရှိသတဲ့၊ အဲဒီဂါထာများဟာ များသောအားဖြင့် ဥရုဝေဒကျမ်းက ဂါထာများဖြစ်သတဲ့၊ အဲဒီယဇုကျမ်းမှာ ဘာတွေပါသလဲဆိုတော့ ယဇ်ပူဇော်ရာမှာ ရွတ်ဖတ်တီးမှုတ်ရတဲ့မန္တရားများ ပါရှိသတဲ့၊ (၃) သာမဝေဒကျမ်းလာ ဂါထာများဟာလည်း ဥရုကျမ်းလာဂါထာတွေပင် များသတဲ့၊ သို့သော် အဲဒီ ဥရုကျမ်းလာ(ကဗျာ)များကို ရွတ်ဆိုဖို့စည်းကိုက်ဝါးကိုက် အသံထည့်ပေးတဲ့ ကျမ်းဖြစ်တယ်၊ (၄) အာထဗ္ဗဏကျမ်းကတော့ဂါထာပေါင်း ၆၀၀၀–ပါသတဲ့၊ သို့သော် ဥရုဝေဒကျမ်းလာ ဂါထာများနှင့်စုဏ္ဏိယများဖြစ်ပြီး စုန်းကဝေ တစ္ဆေ မြေဖုတ်များကြောင့်ဖြစ်တဲ့ ရောဂါများနှင့်

http://www.dhammadownload.com



အဖျားအနာအမျိုး ပျောက်ကင်းအောင် မန်းမှုတ်ရတဲ့ မန္တရားများ၊ ကာယသိဒ္ဓိ၊ ပီယသိဒ္ဓိစသော သိဒ္ဓိအမျိုးမျိုး ပြီးမြောက်စေနိုင်တဲ့ ဂါထာမန္တရားများ ပါဝင်သတဲ့။

ဒီ ဝေဒကျမ်းများဟာ နတ်ဘုရားများကို အမွှမ်းတင်ပြီး ပူဇော်တဲ့ကျမ်းတွေပဲ၊ ပူဇော်တဲ့နေရာမှာ အသားအသွေးဖြင့် ပူဇော်ခြင်း၊ အရက်သေစာဖြင့် ပူဇော်ခြင်းအထိ နယ်ချဲ့လာပြီး နတ်ဘုရားများ နှစ်သက်အောင်ရယ်လို့ ယဇုဝေဒလာ ရိုးရိုးရွတ်ဆို ပူဇော်ရုံမျှမက သာမဝေဒကျမ်းအရ စည်းကိုက် ဝါးကိုက် သီဆိုတီးမှုတ်မှု ဖြစ်လာတယ်၊ အဆိုအတီးပါလျှင် အဆိုအကဟာလည်း ပါစမြဲမို့ နတ်ဘုရားပူဇော်တဲ့ အကမျိုးစုံ ဖြစ်ထွန်းပေါ်ပေါက်လာတယ်။

နစ္စ၊ ဂီတ၊ ဝါဒိတဆိုတဲ့ အကအဆို အတီးအမှုတ်ဟာ လူတိုင်းရဲ့မွေးရာပါ ဝါသနာဖြစ်သတဲ့၊ ဂန္ဓဗ္ဗဆိုတဲ့ နတ်တွေဟာ အက အဆို အတီး အမှုတ် အလွန် ဝါသနာကြီးတဲ့ ကချေသည်မျိုးတွေ ဖြစ်ကြသတဲ့၊ ဒါကြောင့် အက အဆို အတီး အမှုတ်တွေနှင့် နတ်ဘုရားကို ပူဇော်ကြတဲ့အခါ သူ့ထက်ငါသာ အပြိုင်အဆိုင် ဘုရားပွဲကြီးများ ဖြစ်လာကြတယ်။

မဟာယာနသာသနာဟာ အိန္ဒိယမှာ တည်နေစဉ်က ဟိန္ဒူဝါဒနှင့် ပူးပေါင်းခဲ့ တယ်၊ ဟိန္ဒူဝါဒမှာ ဗိဿနိုးနတ်ဟာ အဝတာရအဖြစ် လောကကြီးကို စောင့်ရှောက် သလို မဟာယာနကလည်း လောကိတေသရနတ်ဘုရားအလောင်းတော်က လောက ကြီးကို စောင့်ရှောက်ခဲ့တယ်၊ ဟိန္ဒူများက နတ်ဘုရားကို အကြီးအကျယ် အက အဆို အတီး အမှုတ်များနှင့် ပူဇော်သလို မဟာယာနများကလည်း အက အဆို အတီး အမှုတ်များဖြင့် ဘုရားရှင်ကို ပူဇော်ခဲ့ကြတယ်၊ ဒါကြောင့် မဟာယာနဂိုဏ်းကို မြန်မာက ပွဲကျောင်းဂိုဏ်းလို့ ခေါ်ခဲ့ကြတယ်၊ မြန်မာနိုင်ငံတော်မှာ ပွဲကျောင်းဂိုဏ်းဟာ မရှိသလောက် ပျောက်ကွယ်သွားပြီကွယ့်၊ တိုင်းပြည်စွန်နားမှာ နည်းနည်းပါးပါးမျှသာ ကျန်လိမ့်မယ်၊ သို့သော် အစဉ်အလာ အက အဆို အတီး အမှုတ် ပူဇော်ပွဲကတော့ မပျောက်ကွယ်ဘဲ အမွေအနှစ်အဖြစ် ယနေ့ထိအောင်ကျန်နေတယ်ကွယ့်"

"ဒီလိုဆိုတော့ အကအဆို အတီးအမှုတ်ပူဇော်ပွဲဟာ ထေရဝါဒသာသနာနှင့် မသက်ဆိုင်ဘူးပေါ့ဘုရား"

"ပရိဝါပါဠိတော် ၂၃၁–မှာ အပုညဒါန ၅–မျိုးဆိုတာ သိတယ်မဟုတ်လား"

"မိန့်တော်မူပါဦးဘုရား"

http://www.dhammadownload.com



**"ပဉ္စဒါနာနိ အပုညာနိ ပုညသမ္မတာနိ လောကသ္မိံ မဇ္ဇဒါနံ သမဇ္ဇဒါနံ ဣတ္ထိဒါနံ ဥသဘဒါနံ စိတ္တကမ္မဒါနံ"**တဲ့ကွယ့်၊ အဓိပ္ပါယ်က လောကမှာ ကုသိုလ်ခေါ်ဆိုကြသော်လည်း ကုသိုလ်မဟုတ် အကုသိုလ်ဖြစ်တဲ့ ဒါနကုသိုလ် ငါးပါးရှိသတဲ့၊ (၁) မူးယစ်ဆေးဝါးအလှူ၊ (၂) ပွဲသဘင်အလှူ၊ (၃) မိန်းမအလှူ၊ (၄) နွားလားဥသဘကို မျိုးပေးတဲ့အလှူ၊ (၅) ပန်းချီဆေးရေးအလှူတဲ့၊ အဲဒီ အလှူငါးမျိုးဟာ ဒါနကုသိုလ် အမည်ပေးသော်လဲ အမှန်စင်စစ် ကုသိုလ်မဟုတ်၊ အကုသိုလ်လို့သာ အတိအလင်း ဖော်ပြထားတယ်၊ ဒါကြောင့် အငြိမ့်ဇာတ်ပွဲအလှူဟာ ထေရဝါဒနှင့် သက်ဆိုင်သော အလှူမျိုး မဟုတ်ဘူးကွယ့်"

"ဒီလိုဆို ယခုခေတ် ပြုလုပ်ကြတဲ့ ဘုရားပွဲ, အလှူပွဲ, ပူဇော်ပွဲတွေဟာ အကျိုးမဖြစ်၊ အပြစ်များတဲ့ အလင်္ကာပွဲတွေလို့ ဆိုရတော့မှာပေါ့ဘုရား"

"အေး– ဆိုချင် ဆိုနိုင်ပါရဲ့၊ သို့သော် ဘယ်နေရာ ဘယ်ဌာနမှာဖြစ်ဖြစ် တစ်ဘက်စွန်းရောက်တာမျိုးတော့ မကောင်းဘူးကွယ့်၊ ဘုရားရှင်က မဇ္ဈိမပဋိပဒါ အလယ်အလတ်အကျင့်ကိုသာ ဟောတယ်၊ တစ်ဘက်စွန်းရောက်တာကို မဟောဘူး၊ အခု ဘုရားပွဲ အလှူပွဲနဲ့ပတ်သက်လို့လည်း အလယ်အလတ်ကို ယူရမယ်၊ တစ်ဘက်စွန်းရောက်အောင် မယူရဘူး"

"ဘယ်လို အလယ်အလတ်လဲဘုရာ့"

"ဒါနဝတ္ထုဟာ ဝိနည်းတော်အလိုအားဖြင့် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး လေးပါးသာရှိတယ်၊ သုတ္တန်အလိုအားဖြင့် (၁) **အန္န**–ဆွမ်း၊ (၂) **ပါန**–အဖျော်၊ (၃) **ဂန္ဓ**–အနံ့၊ (၄) **ဝတ္ထ**–အဝတ်အထည်၊ (၅) **မာလာ**–ပန်း၊ (၆) **ယာန**–ယာဉ် (၇) **ဝိလေပန**–လိမ်းကျံစရာ၊ (၈) **သေယျ**–အိပ်ရာနေရာ၊ (၉) **အာဝသထ**–ကျောင်း၊ (၁၀) **ပဒီပ**–ဆီမီး"လို့ ၁၀–မျိုးရှိတယ်။

အဘိဓမ္မာအလိုအားဖြင့် (၁) **ရူပ**–အဆင်း၊ (၂) **သဒ္ဒ**–အသံ၊ (၃) **ဂန္ဓ**–အနံ့၊ (၄) **ရသ**–အရသာ၊ (၅) **ဖောဋ္ဌဗ္ဗ**–အတွေ့အထိ၊ (၆) **ဓမ္မ**–တရားရယ်လို့ ၆–ပါး ရှိတယ်၊ အဲဒီ ခြောက်ပါးထဲက အကအလှူကို ရူပအလှူလို့ ဆိုနိုင်တယ်၊ သီချင်းသံ တီးမှုတ်သံအလှူကို သဒ္ဒအလှူလို့ ဆိုနိုင်တယ်။

သတ္တဝါတွေဟာ ရတနာသုံးပါးကို ပူဇော်ရာမှာ ကိုယ်တတ်နိုင်သလို ပူဇော်ကြတယ်၊ ခဲဖွယ်ဘောဇဉ် တတ်နိုင်သူက ခဲဖွယ်ဘောဇဉ်နှင့် ပူဇော်တယ်၊ ကျောင်း,သင်္ကန်းတတ်နိုင်သူက ကျောင်း,သင်္ကန်းနှင့် ပူဇော်တယ်၊ လက်အမှုတတ်

http://www.dhammadownload.com



တဲ့သူက လက်အမှုအတတ်နှင့် ပူဇော်တယ်၊ ကဗျာစာပေ ရေးသားဖွဲ့နွဲ့တက်သူက ကဗျာစာပေ ရေးသားပြီး ပူဇော်တယ်၊ ကတတ်တဲ့သူကလည်း သူတတ်တဲ့အကနှင့် ပူဇော်တယ်၊ ဆိုတတ်သူက သူတတ်တဲ့အဆိုနှင့် ပူဇော်တယ်၊ ဒီလိုပူဇော်ရာမှာ အက, အဆို, အတီးဟာ ကာမရာဂကို အားပေးတယ်၊ မပူဇော်အပ်ဘူးလို့ ဆိုလျှင် ဆွမ်း, ခဲဖွယ်, ဘောဇဉ်ရော ကာမဂုဏ်ကို အားမပေးဘူးလား၊ သင်္ကန်းတို့ ကျောင်းတို့ကရော ကာမဂုဏ်ကို အားမပေးဘူးလား။

ကာမနယ်အတွင်းမှာ တည်နေတဲ့ ပုဂ္ဂိုလ်မှန်သမျှ ကာမတရားဆိုတာ တခြား မဟုတ်ပါဘူး၊ အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိတွေပဲကွယ့်၊ ဒါကြောင့် ကာမဂုဏ်အားပေးလို့ အဆိုအက အတီး အမှုတ် မလှူသင့်ဘူးဆိုလျှင် ကျန်တဲ့အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိမှန်သမျှ မလှူကောင်းဘူးလို့ အဓိပ္ပာယ်သက်ရောက်သွားတယ်၊ ဒါကြောင့် အဆင်း, အနံ့, အရသာနှင့် ပြည့်စုံတဲ့ ဆွမ်း,ခဲဖွယ်,ဘောဇဉ်ကို လှူကောင်းသလို, အတွေ့အထိကောင်းတဲ့ ကျောင်းအိပ်ရာ နေရာ လှူကောင်းသလို, အဆင်းအသံနှင့်ပြည့်စုံတဲ့ အက, အဆို, အတီးကိုလည်း လှူကောင်းပါတယ်။

လှူကောင်းလို့ ရှေးက လှူခဲ့ကြဖူးတဲ့ဝတ္ထုတွေ ပြောရဦးမည်ဆိုလျှင် ဘုရား အလောင်းတော် အတုလ နဂါးမင်းဖြစ်စဉ်က နဂါးတို့ရဲ့ အတီးအမှုတ် အကအခုန် များဖြင့် သံဃာတော်နှင့်တကွ သုမနဘုရားရှင်ကို ပူဇော်ခဲ့ကြောင်း "နာဂါနံ ဒိဗ္ဗတူရိယေဟိ၊ သ သံဃံ ဓိနမုပဋ္ဌဟိ"လို့ ဗုဒ္ဓဝံသ အဋ္ဌကထာ (၁၈၉)မှာ ပြထားတယ်၊ အပဒါန်ပါဠိတော် ၁၈–မှာ ကေသဝ်ယထေရ် အလောင်းတော်ဟာ ဝိပဿီဘုရားရှင်ရဲ့ မဟာဗောဓိ ပူဇော်ပွဲမှာ တစ်နေ့တာပတ်လုံး ခရုသင်း မှုတ်ပြီး ပူဇော်ခဲ့တဲ့ ကောင်းမှုကြောင့် နတ်ပြည်မှာဖြစ်တဲ့အခါ နတ်တူရိယာ ခြောက်သောင်း တို့ဖြင့် ဖြေဖျော်ခြင်းကို ခံခဲ့ရတယ်၊ ဖြစ်တိုင်း ဖြစ်တိုင်းသော လူ့ဘဝ နတ်ဘဝများမှာ တူရိယာသံများ ဝန်းရံခြင်း ခံရပြီး နောက်ဆုံး ဂေါတမ ဘုရားရှင်သာသနာတော်မှာ ကေသဝ်ယထေရ်အဖြစ်ဖြင့် ကျွတ်တမ်းဝင်ရကြောင်း ဖော်ပြထားတယ်။

အသီတိရစ်ကျိပ်ဝင် အရှင်ဇတုကဏ္ဏိကထေရ်ဟာလည်း ပဒုမုတ္တရာဘုရားရှင် လက်ထက် ဟံသာဝတီပြည်မှာ သူဌေးသားဘဝနှင့် ဘုရားရှင်နှင့်သံဃာတစ်သိန်းတို့ကို အိမ်မှာပင့်ပြီး ဆွမ်းကပ်တဲ့ပွဲမှာ အင်္ဂါတစ်ရာရှိတဲ့ တူရိယာများဖြင့် ဘုရားအမှူးရှိတဲ့ သံဃာတော်များကို ပူဇော်ခဲ့တယ်၊ ဒီလို ပူဇော်မှုကြောင့် နောင်အခါ စကြဝတေးမင်း

http://www.dhammadownload.com



ဖြစ်လိမ့်မယ်၊ စည်တစ်သိန်းတို့ဖြင့် ဖြစ်တိုင်းသောဘဝတို့မှာ အပူဇော်ခံရလိမ့်မယ်၊ နတ်မင်းရဲ့ အဖြစ်ပေါင်း ၆၄-ကြိမ် ဖြစ်လိမ့်မယ်၊ စကြဝတေးမင်း ၆၄-ကြိမ် ဖြစ်ရလိမ့်မယ်၊ ပဒေသရာဇ်မင်းအဖြစ် မရေမတွက်နိုင်အောင် ဖြစ်လိမ့်မယ်၊ ကမ္ဘာတစ်သိန်းလွန်မြောက် ဂေါတမဘုရားရှင် သာသနာတော်ရောက်တဲ့အခါ ရဟန္တာအဖြစ်ဖြင့် ကျွတ်တမ်းဝင်ရလိမ့်မယ်လို့ ပဒုမုတ္တရာဘုရားရှင် ဗျာဒိတ်ပေးကြောင်း ထေရအပဒါန်ပါဠိတော် မေတ္တေယျဝဂ်မှာ ဖော်ပြထားတယ်။

ဗုဒ္ဓဝင်ပါဠိတော် သုမေဓာ ဆုတောင်းခန်းကို ကြည့်မယ်ဆိုလျှင်လည်း ဒီပင်္ကရာမြတ်စွာဘုရား ရဟန္တာလေးသိန်း အခြံအရံနှင့် ကြွလာတော်မူတဲ့အခါ လူတွေ နတ်တွေဟာ အလွန်ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြတယ်၊ နတ်တူရိယာ လူတူရိယာများဖြင့် တီးမှုတ်ကြတယ်၊ သီဆိုကြတယ်လို့ ဖော်ပြထားတယ်၊ ဒီအဆိုအကတွေကို ထောက်ချင့်သောအားဖြင့် အကအဆို အတီးအမှုတ်များနှင့် ပူဇော်ခြင်းကို ဘုရားရှင်က တားမြစ်တော် မမူဘူးဆိုတာ သိသာတယ်။

သို့သော်လည်း ပြောခဲ့ပြီးတဲ့အတိုင်း ပူဇော်တာဟာ ပူဇော်တာနှင့် တူမှလဲ ကောင်းတာကိုး၊ ပူဇော်တာနှင့် မတူဘဲ လွန်ကဲသွားပြန်လျှင်လည်း (အဒါန)အတွင်း ပါဝင် သွားတတ်တယ်၊ ဒါကြောင့် ဘုရားပွဲပြုလုပ်တဲ့အခါ ဘုရားပူဇော်ပွဲနှင့် တူအောင် အလွန်အကျွံ မဖြစ်မိဖို့ အလွန် သတိထားသင့်ကြတယ်၊ ယခု မေးလျှောက်တဲ့အတွင်း ပါဝင်တဲ့လောင်းကစားမှုတွေ, ပြိုင်ပွဲတွေဆိုတာကတော့ ဘုရားပွဲနှင့် မသက်ဆိုင်ပါဘူး၊ ဘုရားပွဲကို ဇန်းပြပြီး ပြုလုပ်တဲ့ အတုအယောင် ပူဇော်ပွဲမျှသာဖြစ်ကြောင်း ဖြေကြားလိုက်ပါတယ်ကွယ်"

"အမှတ်(၄)ပြဿနာကို ဖြေဆိုတော်မူပါဦးဘုရား"

"အမှတ်(၄)ပြဿနာက ရဟန်းတော်များဟာ ကခြင်း, သီချင်း, တီးမှုတ်ခြင်းကို ကြည့်ရှုနားထောင်ခြင်း မပြုအပ်ဘူး၊ လူကိုယ်တိုင် ကပြသီဆို တီးမှုတ်ခြင်းမဟုတ်သော ကက်ဆက်, ရေဒီယို, တယ်လီဗေးရှင်းတို့ကို ကျောင်းတွင်းမှာ ကြည့်ရှုနားထောင်သော် အပ်-မအပ်လို့ မေးထားတာနော်"

"တင်ပါ့ဘုရား"

"ဒီအမေးကို မဖြေဆိုမီ သိက္ခာပုဒ် ပညတ်ကြောင်း ၁၀-ပါးကို ဦးစွာ ပြောပြမယ်ကွယ့်၊ ဘုရားရှင် သိက္ခာပုဒ်တော် ပညတ်ရခြင်းဟာ အကြောင်းတရား ၁၀-ပါးကို စွဲမှီပြီး ပညတ်ရခြင်းဖြစ်တယ်၊ အကြောင်း ၁၀-ပါးက-

http://www.dhammadownload.com



(၁) သံဃာတော်များ ကောင်းပါပြီလို့ ဝန်ခံဖို့၊

(၂) သံဃာတော်များ ချမ်းသာဖို့၊

(၃) အကျင့်ပျက်ရဟန်းများကို နှိမ်ဖို့၊

(၄) အကျင့်ရှိသောရဟန်းများ ချမ်းသာဖို့၊

(၅) မျက်မှောက်ဖြစ်တဲ့ ဆင်းရဲ စောင့်စည်းဖို့၊

(၆) နောင်ဖြစ်လတ္တံ့သော ဆင်းရဲကို ပယ်ဖို့၊

(၇) မကြည်ညိုသေးသောသူများ ကြည်ညိုဖို့၊

(၈) ကြည်ညိုပြီးသူများ တိုးတက်ကြည်ညိုဖို့၊

(၉) သူတော်ကောင်းတရား တည်တံ့ဖို့၊

(၁၀) ဝိနည်းကို ချီးမြှောက်ဖို့–တို့ဖြစ်တယ်။

ဒီအကြောင်း (၁၀)ချက်အတွင်းမှာ သံဃာတည်းဟူသော မိမိအတွက် အကြောင်း ၈–ပါး၊ ဒါယကာများအတွက် အကြောင်း ၂–ပါး ပါဝင်တယ်။

ဒါယကာများအတွက် အကြောင်း ၂–ပါးဆိုတာက မကြည်ညိုသေးသူများ ကြည်ညိုဖို့နှင့် ကြည်ညိုပြီးသူများ အကြည်ညို တိုးတက်ဖို့တို့ ဖြစ်တယ်၊ "ဒါယကာကြည်လင်မှ သာသနာစည်ပင်တယ်"ဆိုတဲ့စကားဟာ အလွန်မှန်ကန်တဲ့ စကားဖြစ်တယ်၊ ဒါယကာက သဒ္ဓါမကြည်လင်လို့ သာသနာတော် မချီးမြှောက်ခဲ့လျှင် သာသနာတော်ဟာလည်း အောက်ကျ နောက်ကျ ဖြစ်သွားရတော့တာပဲကွယ့်၊ ဒါကြောင့် ဒါယကာ ကြည်ညိုဖို့ အလွန်အရေးကြီးတယ်၊ သာသနာတော် အတွင်းသား ဖြစ်တဲ့ ရဟန်းတော်တစ်ပါးအနေဖြင့် ဒါယကာ အကြည်ညို ပျက်အောင် အကျင့်ပျက်ခဲ့လျှင် သာသနာတော်ဝန်ထမ်း ရဟန်းတော်အားလုံးအပေါ် အကြည်အညို ပျက်စေတယ်၊ ရဟန်းမှန်သမျှဟာ အယူချင်းလည်း တူတယ်၊ အကျင့်သီလချင်းလည်း တူတယ်၊ အသွင်အပြင်ချင်းလည်း တူတယ်၊ လောကမှာ ကျားတစ်ကောင် ဆိုးသွမ်းလာခဲ့လျှင် အားလုံးလူတွေက ဆိုးသွမ်းတဲ့ကျားတစ်ကောင်တည်းကို ကွက်မကြည့်ဘူး၊ အားလုံးကျားမှန်သမျှ ဆိုးတယ်၊ ကျားမှန်သမျှ သုတ်သင်ရမယ် လို့ ယူဆကြတယ်။

အဲဒီ ဥပမာအတိုင်းပဲ၊ သာသနာတော်အတွင်းသားဖြစ်တဲ့ ရဟန်းတစ်ပါး အကျင့်ပျက်ခဲ့လျှင် ဒါယကာတွေက အကျင့်ပျက်တဲ့ရဟန်း တစ်ပါးတည်း ကွက်မကြည့်ဘူး၊ သင်္ကန်းဝတ်မှန်သမျှ ဒီလိုချည်းပဲလို့ ယူဆတတ်ကြတယ်၊ အဲဒီလို ဒါယကာတွေက ယူဆလာခဲ့လျှင် သာသနာတော်ကို အထောက်အပံ့ပေးမည့်

http://www.dhammadownload.com



ပုဂ္ဂိုလ်ကင်းတဲ့အတွက် သာသနာတော်ကြီး မကြာမီ ကျဆုံးရတတ်တယ်၊ ဒါကြောင့် ဘုရားရှင်ရဲ့ ပညတ်တော်သိက္ခာပုဒ်တွေဟာ ဒကာ ,ဒကာမတို့ရဲ့ ကြည်ညိုလေးစားမှုကို အဓိကထားပြီး ပညတ်တော်မူရခြင်းဖြစ်တယ်၊ သိက္ခာပုဒ်ပညတ်တဲ့အကြောင်း ပြောပြီးလို့ ရဟန်းသာမဏေ ပွဲကြည့်တဲ့ဘက်ကို လှည့်ကြည့်ကြဦးစို့၊ ကပွဲ ဆိုပွဲ တီးမှုတ်ပွဲတွေဟာ ကမ္ဘာဦးကစပြီး ရှိနေကြတာတွေပဲ၊ အက, အဆို, အတီးဟာ ဝမ်းတွင်းပါ ဝါသနာလို့ဆိုတယ်၊ လူတစ်ယောက်မွေးလာလို့ တစ်လသား နှစ်လသား အရွယ်ရောက်ခဲ့လျှင် အဆို အကကို နှစ်သက်လာခဲ့ပြီကွယ့်၊ ဒါကြောင့် အမေက တေးဆိုပြီး ချော့ရတာပေါ့၊ ကလေးလက်ကို ကိုင်ပေးပြီး တေးချိုချို ဆိုပေးရင်း ကလေးဟာ လက်ကလေးကိုဖြန့်ပြီး ကဟန်ပြတတ်လာပြီလေ။

"သဘင်အတတ်ဟာ မွေးရာပါ ဝါသနာအတတ်မို့ ပုထုဇဉ်မှန်သမျှ နှစ်သက်တာချည်းပါပဲ၊ ဒီအကြောင်းနှင့် ပတ်သက်ပြီး သဂါထာဝဂ္ဂသံယုတ်ပါဠိတော် (၂၀၃) ကလာတဲ့ ဝဇ္ဇိပုတ္တသုတ်ကို ပြောပြချင်သေးတယ်"

"အမိန့်ရှိပါဦးဘုရား"

"ဘုရားရှင် ဝေသာလီပြည် ကြွရောက်စဉ်အခါက ဝဇ္ဇီမင်းရဲ့ သားတော်ဟာ ဘုရားရှင်ရဲ့ တရားတော်ကို နာယူရတော့ လောကကြီးဟာ အချည်းနှီးပဲ၊ ဘာမျှ နှစ်သက်စရာ, မြတ်နိုးစရာ, တွယ်တာစရာ, အားထားစရာ မရှိပါကလားလို့ သံဝေဂဉာဏ်ရပြီး ရဟန်းဝတ်ခဲ့ပါတယ်၊ ရဟန်းဝတ်ပြီး တရားထူးရအောင်ရယ်လို့ ဝေသာလီပြည်အနီး တောအုပ်ကြီးအတွင်း တစ်ပါးတည်း တရားကျင့်နေသတဲ့ကွယ်။

အဲဒီနေ့က ကြတ္တိကာနက္ခတ်နှင့် စန်းယှဉ်တဲ့ တန်ဆောင်မုန်းလပြည့်နေ့တဲ့၊ တန်ဆောင်မုန်းလပြည့်နေ့ဖြစ်လို့ တစ်မြို့လုံး အုတ်အုတ်ကျက်ကျက် နက္ခတ်သဘင်ပွဲ ဆင်နွှဲကြသတဲ့၊ ညအချိန် လကလည်း အလွန်အမင်း သာယာတယ်၊ မြို့တွင်းက တီးသံ မှုတ်သံတွေကလည်း မြို့ကလွန်ပြီး ဝဇ္ဇိပုတ္တထေရ် တရားကျင့်နေတဲ့ တောကို လွှမ်းမိုးလာတယ်၊ ဝဇ္ဇိပုတ္တထေရ်ဟာ တောအတွင်း စင်္ကြံကြွရင်း တရား အားထုတ်နေရာက တီးသံ မှုတ်သံတွေကြားတော့ နားစွင့်လိုက်မိတယ်၊ နားစွင့်ပြီး–

"အလို ဒီကနေ့ တန်ဆောင်မုန်းလပြည့် နက္ခတ်ပွဲသဘင် ဆင်နွှဲတဲ့နေ့ပါကလား၊ မြို့တွင်းမှာတော့ လူတိုင်း ပျော်လိုက်ကြမည့်ဖြစ်ခြင်း ငါ့မှာတော့ တောထဲမှာ တစ်ယောက်တည်းပါကလား၊ အသုံးမကျလို့ စွန့်ပစ်ခံရတဲ့ သစ်ဆွေးတုံးကြီးလို ငါလည်း ဘာမျှ အသုံးမကျလို့ အစွန့်ပစ်ခံရသူပါကလား၊ ဒီကနေ့ ငါ့လောက်

http://www.dhammadownload.com



အောက်ကျ ယုတ်ညံ့သူ ဘယ်သူရှိသေးသလဲ၊ လောကကြီးမှာ ငါဟာ အညံ့ဆုံး အယုတ်ဆုံး အသုံးမကျသူ ဖြစ်ပါကလား"လို့ အတွေးပေါက်လာပြီး တောကြီးအတွင်း တစ်ပါးတည်း အားရပါးရ ငိုကြွေးရှာတယ်ဆိုကိုးကွယ့်။

"အရှင်ဘုရားအမိန့်ရှိတာနှင့် တပည့်တော်တောင် ငိုချင်ချင်ဖြစ်လာပြီဘုရား"

"မငိုချင်ပါနှင့်၊ နားထောင်ဦး"

"ဝဒ္ဓိပုတ္တရဟန်း အားရပါးရ ငိုကြွေးနေတာမြင်တော့ တောအုပ်စောင့်တဲ့ နတ်က သနားသွားသတဲ့၊ ဒီ ရဟန်းဟာ အတွေးမှားရှာပြီ၊ အတွေးမှန်အောင် တည့်ပေးဦးမှ"လို့ ကိုယ်ထင်ပြပြီး "အို... ရဟန်း- သင့်ကိုယ်ကို အသုံးမကျတဲ့ သစ်ဆွေးတုံးလို့ ထင်မှတ်ပြီး ပူဆွေးမနေပါနှင့်၊ အမှန်ကတော့ အရှင်ရဟန်းဟာ သစ်ဆွေးတုံးကြီး မဟုတ်ပါ၊ ဟိုမှာ ပျော်ပါးနေကြတဲ့ ပုဂ္ဂိုလ်များသာ သစ်ဆွေးတုံးတွေ ဖြစ်ကြပါတယ်၊ လောကမှာ ငရဲခံနေရတဲ့သူဟာ နတ်ပြည်လောကကို တောင့်တ ကြသလို များစွာသော နတ်တွေကလည်း အရှင်မြတ်ကဲ့သို့ တရားကျင့်နိုင်သူရဲ့ ဘဝကို အလွန် တောင့်တကြပါတယ်"လို့ လျှောက်ထားမှ ဝဒ္ဓိပုတ္တမထေရ်လည်း အမှန်တရားကို မြင်လာပြီး မျက်ရည်ကို သုတ်သတဲ့ကွယ်။

ဒါကြောင့် အက, အဆို, အတီး, သဘင်အတတ်ကို လူတိုင်း နှစ်သက်ကြ တယ်၊ ကမ္ဘာဦးကစပြီး ကမ္ဘာပျက်သည်အထိ သူ့အမျိုး, သူ့ဘာသာ, သူ့နည်း သူ့ဟန်နဲ့ တီထွင် ကပြနေကြမှာဖြစ်တယ်၊ ဝဒ္ဓိပုတ္တထေရ်ဟာ ပါရမီရင့်ကျက်တဲ့ ပုဂ္ဂိုလ်ထူးကြီးပါပဲ၊ သို့သော်လည်း တီးသံမှုတ်သံကြားတော့ စိတ်ဖောက်ပြန် တော်မူရသေးတယ်၊ ယခုခေတ် ရဟန်းသာမဏေများမှာ အဘယ်ဆိုဖွယ်ရှိပါ့မလဲ၊ သို့သော်လည်း လူတိုင်းနှစ်သက်တဲ့ ဒီကာမတရားတွေကို ဖြတ်ဖို့ဆိုပြီး သင်္ကန်း ဝတ်လာကြတဲ့ ပုဂ္ဂိုလ်များအတွက်တော့ ဒီထက် တပ်မက်ဖွယ်ကောင်းတဲ့ ရာဂ တရားကိုတောင် တားဆီး စောင့်ရှောက်ခဲ့သေးတာကပဲ၊ ဒီမျှလောက် ကာမကလေး ကိုတော့ တားဆီးစောင့်ရှောက်သင့်ကြတာပေါ့။

အမှန်ကတော့ နစ္စ, ဂီတ, ဝါဒိတဆိုတဲ့ ဒီ အကအဆို အတီးသဘင်ဟာ ဒုစရိုက်တရား ဆယ်ပါးအတွင်းပါဝင်တဲ့ ဒုစရိုက်မျိုး မဟုတ်ပါဘူး၊ ပဟာသငရဲကျ တယ်ဆိုတာလည်း အလွန်ဝါသနာထုံလွန်းလို့ ဖြစ်ပါတယ်၊ တစ်ခါကြည့်ရှုနားထောင် ရုံနှင့် ငရဲကြမယ်ဆိုလျှင် ဘယ်သူမှ ငရဲက လွတ်ဖို့ မရှိပါဘူး၊ ဒါကြောင့် ကြည့်ရှုနားထောင်တဲ့အတွက် ရဟန်းတော်များမှာ ဒုက္ကဋ်အာပတ်သင့်တယ်။

(စူဠဝဂ္ဂပါဠိ ၂၄၃)

http://www.dhammadownload.com




ဒုက္ကဋ်အာပတ်ဟာ ခုဒ္ဒကအငယ်စားမျှသာဖြစ်သော်လည်း ဒကာ,ဒကာမများ မြင်လျှင် အကြည်ညို ပျက်စရာဖြစ်တယ်၊ ဒါကြောင့် ရဟန်း,သာမဏေများ အာရာမ်အပမှာ ကပြတဲ့ ဇာတ်, အငြိမ့်စတဲ့ သဘင်ပွဲများကို မကြည့်ရှုရဘူး၊ မိမိကိုယ်တိုင်လည်း ကခုန်, သီဆို, တီးမှုတ်ခြင်း မပြုကြရဘူး၊ သို့သော်လည်း ကျောင်းတိုက်အတွင်း ကြည့်ရှုနားထောင်တဲ့အတွက်တော့ ဘာအာပတ်မျှ မသင့်ဘူး၊ ဒီအကြောင်းကို စူဠဝဂ်အဋ္ဌကထာမှာ (အန္တ ရာရာမေ ဌိတဿ ပဿတော အနာပတ္တိ)လို့ ဖွင့်ပြထားတယ်။

အာရာမ်တွင်းမှာ လူကိုယ်တိုင် ကပြ သီဆို တီးမှုတ်တဲ့ပွဲသဘင်ကို ကြည့်ရှု နားထောင်လို့ အာပတ်မသင့်ခဲ့သော် လူကိုယ်တိုင်မဟုတ်တဲ့ ကက်ဆက်, ရေဒီယို, ဗီဒီယို တယ်လီဗေးရှင်းများကို ကျောင်းတွင်းမှာ ကြည့်ရုံဖြင့် လူ ဒါယကာ, ဒါယိကာမများ အကြည်ညိုပျက်ဖွယ် မရှိတဲ့အတွက် မအပ်ဘူးလို့ မဆိုသင့်ဘူးပေါ့၊ သို့သော်လည်း အတိုင်းအတာတော့ ရှိရမှာပေါ့၊ ကာမကို အားပေးတဲ့ဇာတ်လမ်း မျိုးတို့ နေညမစဲ လူတသဲသဲ ပြနေတာမျိုးကိုတော့ အပ်တယ်လို့ မဆိုနိုင်ဘူး၊ မအပ်ဘူးလို့သာ ဖြေရမှာပေါ့ကွယ်”

“သာဓု သာဓု သာဓု”

* * *

http://www.dhammadownload.com



# လောကနီတိနှင့် ရက်လည်ဆွမ်း

"ဟောဒီစာက ကသာမြို့၊ အမှတ်(၅) ဦးလူချော့ထံမှ အမေးစာလွှာ ဖြစ်ပါတယ် ဘုရား"

"ဦးလူချော မေးလျှောက်တာက–

အမှတ်(၁) – ယခုရှိနေတဲ့ လောကနီတိကျမ်းဟာ ပိဋကတ်တော်ကလာတဲ့ ကျမ်းလား၊ (သို့မဟုတ်) မည်သည့်ဘာသာစာပေက ဆင်းသက်လာတဲ့ကျမ်းလဲ ဆိုတာ သိလိုပါသတဲ့။

အမှတ်(၂) – ရက်လည်ဆွမ်းတရားနာရာမှာ အချို့ပုဂ္ဂိုလ်များက သီလပေး ရေစက်ချပြီးမှ ပရိတ်ရွတ်ကြပါတယ်၊ အချို့ပုဂ္ဂိုလ်များကတော့ သီလပေး ပရိတ်ရွတ်ကြပါသတဲ့၊ ဒီအယူအဆ ၂–ပါးမှာ ဘယ်အယူအဆက မှန်,မမှန် သိလိုပါသတဲ့ဘုရား"

"ဦးလူချောရဲ့ အမေး ၂–ပုဒ်အနက် အမှတ်(၁)အမေးကို ရှေးဦးစွာ ဖြေကြဦးစို့ကွယ်၊ လောကနီတိဆိုတဲ့ ပုဒ်ရဲ့အဓိပ္ပါယ်ကို အနည်းငယ် ရှင်းကြဦးစို့ရဲ့၊ လောကနီတိဆိုတဲ့ ပုဒ်၂–ပုဒ် အနက် လောကဆိုတာ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသ လောကဆိုတဲ့ လောကသုံးပါးလုံးကို ဆိုလိုတာမဟုတ်ဘဲ သတ္တလောက မျှကိုသာ ဆိုလိုရင်းဖြစ်တယ်၊ သတ္တလောကအတွင်းမှာလည်း သုံးဆယ့်တစ်ဘုံ အတွင်းရှိ သတ္တဝါတိုင်းကို မရည်ရွယ်ဘဲ လူသတ္တဝါမျှကိုသာ ရည်ညွှန်းတယ်၊ နီတိဆိုတဲ့ပုဒ်နှင့်ပတ်သက်ပြီး အယူအဆ နှစ်မျိုးကွဲပြားနေတာကို ဖော်ပြဦးမယ် ကွယ့်"

"ရှင်းပြပါဦးဘုရား"

http://www.dhammadownload.com



"ခုဒ္ဒကပါဌပါဠိတော်မှာ နိဓိကဏ္ဍဆိုတဲ့ အမည်နှင့် ဘုရားဟောသုတ်တစ်သုတ်ရှိတယ်၊ သုတ်ရဲ့အဓိပ္ပါယ်က–အချို့သောပုဂ္ဂိုလ်များဟာ နောင်အခါအသုံးလိုသော် အလွယ်တကူ သုံးစွဲနိုင်အောင် ရွှေငွေစသော ဥစ္စာအိုးကို မြှုပ်နှံထားတတ်ကြသတဲ့၊ သို့သော်လည်း အဲဒီမြှုပ်ထားတဲ့ ဥစ္စာအိုးဟာ ကံတော်ပါမှ ကိုယ်ခံစားရတတ်တယ်၊ ဘာကြောင့်လည်းဆိုတော့ မြှုပ်ထားတဲ့အိုးဟာ တည်ရာအရပ်မှသော်လည်း ရွေ့သွားတတ်တယ်၊ မြှုပ်ထားသူရဲ့ အမှတ်အသားလဲ မေ့လျော့တတ်တယ်၊ နဂါးတို့ကလည်း နေရာပြောင်းထားတတ်တယ်၊ ဘီလူးများကလည်း ယူသွားတတ်တယ်၊ အမွေခံဆိုးများကလည်း တိတ်တဆိတ် တူးယူသွားတတ်တယ်၊ ဒါကြောင့် မြေမှာမြှုပ်ထားတဲ့ဥစ္စာအိုးဟာ ကံတော်ပါမှ ကိုယ်သုံးကြရတတ်တယ်။

လှူဒါန်းထားတဲ့ ဒါနစေတနာ၊ ဆောက်တည်ထားတဲ့ သီလစေတနာ၊ ကိုယ်နှုတ် နှလုံး စောင့်သုံးထားတဲ့ သံယမစေတနာ၊ စက္ခုစတဲ့ ဣန္ဒြေတို့ကို ဆုံးမထားတဲ့ ဒမစေတနာ၊ ရတနာသုံးပါးတို့၌ ပူဇော်တဲ့ ပူဇယန္တ စေတနာ၊ အမိအဘ အစ်ကိုအစ်မ တို့၌ အရိုအသေ–အလေးအမြတ်ပြုတဲ့ ဂါရဝစေတနာတွေဟာ သံသရာအတွက် မြှုပ်ထားတဲ့ရွှေအိုးအစစ်ဖြစ်တယ်၊ အဲ့ဒီရွှေအိုးကို ဘယ်ရန်သူကမှ တူးမယူနိုင်ဘူး၊ တမလွန်နောက်ကို တစ်ကောက်ကောက်လိုက်ပါတယ်၊ တမလွန်ဘဝမှာ နတ်ဖြစ်ချင်လျှင် နတ်ဘဝကို ပေးတယ်၊ လူဖြစ်ချင်လျှင် လူ့ဘဝကို ပေးတယ်၊ တောင့်တရာရာ ချမ်းသာအားလုံးကို အဲဒီရွှေအိုးနှင့် ဝယ်ယူနိုင်တယ်၊ သာဝကပါရမီဉာဏ်၊ ပစ္စေကဗောဓိဉာဏ်၊ သမ္မာသမ္ဗောဓိဉာဏ်၊ အားလုံးကို ကုသိုလ်ရွှေအိုးနှင့် ဝယ်ယူနိုင်တယ်လို့ ဆိုလိုတယ်။

အဲဒီနိဓိကဏ္ဍသုတ်ဟာ သာသနာတော်မှာ ထင်ရှားတဲ့ သုတ်တော်ဖြစ်တယ်၊ နိဓိကဏ္ဍသုတ်အရ ကုသိုလ်ရွှေအိုးဟာ သံသရာမှာ လိုရာရနိုင်တယ်ဆိုတဲ့ စကားကို အခြေခံပြီး နိဓိကျမ်းများကို ပညာရှင်များက ရေးသားခဲ့ကြတယ်၊ နိဓိကဏ္ဍသုတ်က သံသရာအတွက် ရွှေအိုးဖြစ်ပြီး၊ နိဓိကျမ်းများက ယခုဘဝအတွက် ထုတ်ယူလို့ မကုန်နိုင်တဲ့ ရွှေအိုးကြီးများ ဖြစ်ကြတယ်၊ အဲဒီ နိဓိကျမ်းများဟာ လောကနိဓိ၊ ဓမ္မနိဓိ၊ မဟာရဟာနိဓိ၊ ရာဇနိဓိ၊ သီဟဠနိဓိ စသောအားဖြင့် အတော်များများရှိတယ်၊ နိဓိဆိုတဲ့ မူလစကားကို နောင်တော့ နီတိလို့ပြောင်းလဲ ခေါ်ဝေါ်လာကြတယ်၊ နီတိဆိုတဲ့စကားက ညွှန်ပြခြင်းဆိုတဲ့ အနက်ကို ဟောတယ်၊

လောကနီတိ – လောက၏ သဘာဝကို ညွှန်ပြခြင်း၊

ဓမ္မနီတိ – တရားတော်ကို ညွှန်ပြခြင်း–စသည်ပေါ့။

http://www.dhammadownload.com



အခုလို အခြေခံကစပြီး ကြည့်ခဲ့လျှင် နီတိကျမ်းများဟာ သာသနာတော်ကျမ်းကို အခြေခံပေါ်ထွက်လာတာဖြစ်လို့ လောကနီတိကျမ်းဟာ သက္ကတ–က ဘာသာပြန်တဲ့ ကျမ်းမဟုတ်ပါဘူး၊ အကယ်၍ သက္ကတမှာ လောကနီတိကျမ်းရှိခဲ့လျှင် အဲဒီကျမ်းဟာ မြန်မာလောကနီတိကျမ်းကို သက္ကတပြန်ထားတဲ့ကျမ်းလို့ ဆိုရလိမ့်မယ်၊ ဘာကြောင့်လဲဆိုတော့ လောကနီတိကျမ်းအတွင်းမှာ ပိဋကတ်တော်ကလာတဲ့ ဂါထာတွေ အများအပြား ပါနေလို့ ဖြစ်တယ်ကွယ့်"

"လောကနီတိကျမ်းမှာ ပိဋကတ်လာ ဂါထာများပါသလားဘုရား"

"**ပါတာပေါ့၊ တဂရဍ္ဍ ပလာသေန၊ ယော နရော ဥပနယှတိ**"ဆိုတဲ့ ပဏ္ဍိတကဏ္ဍအဆုံးက ဂါထာဟာ ဣတိဝုတ်ပါဠိတော် ၂၄၁–က ဂါထာဖြစ်တယ်၊ သုဇနကဏ္ဍအစက"သဗ္ဘိရေဝ သမာသေထ"ဆိုတဲ့ ဂါထာက အသီတိနိပါတ် မဟာသုတသောမဇာတ်က ဂါထာဖြစ်တယ်၊ သုဇနကဏ္ဍ ဂါထာနံပါတ် ၅၆– မှာ စ ဝေဂေန ကိစ္စာနိ အစချီတဲ့ဂါထာက စတ္တာလီသနိပါတ် တေသကုဏဇာတ်လာ ဂါထာဖြစ်တယ်၊ ဂါထာတွေကို စစ်ထုတ်ကြည့်မယ်ဆိုလျှင် ပိဋကတ်တော်ကလာတဲ့ ဂါထာတွေ အများအပြားပါတယ်၊ ဒါကြောင့် လောကနီတိကျမ်းဟာ သက္ကတက ဘာသာပြန်တာ မဟုတ်နိုင်ဘူး"

"ဒါဖြင့် လောကနီတိကျမ်းကို ဘယ်သူပြုစုတာလဲဘုရား"

"စတုရင်္ဂဗလအမတ်ကြီးရဲ့ မွေးဖွားရာဇာတိက ပြည်မြို့တဲ့ကွယ့်၊ ပြည်မြို့မှာ သာမဏေဖြစ်တယ်၊ သာမဏေဘွဲ့ကတော့ (အရှင်နာဂိတ)တဲ့၊ အဲဒီခေတ်က ပင်းယခေတ်ကိုးကွယ့်၊ ဒါကြောင့် ရာဇဝင်စကား နည်းနည်းပြောကြဦးစို့ရဲ့။"

"မိန့်တော်မူပါဘုရား"

"သက္ကရာဇ် ၆၄၈–ခုနှစ်မှာ တရုတ်အရေး ပြီးဆုံးလို့ တရုတ်ပြေးမင်း ကွယ်လွန်ပြီးတဲ့နောက် သားတော် ဒလစားကျော်စွာ နန်းတက်တယ်၊ သက္ကရာဇ် ၆၆၀–ပြည့်နှစ်မှာ ရာဇသင်္ကြန်, အသင်္ခယာ, သီဟသူ ရှမ်းညီနောင်သုံးဦးတို့က ကျော်စွာကို နန်းချပြီး မြင်စိုင်းဘုန်းကြီးကျောင်း တစ်ကျောင်းမှာ ခေါင်းတုံးရိတ် သင်္ကန်းဝတ်ပေးပြီး မြင်စိုင်းမှာ ညီအစ်ကိုသုံးယောက် မင်းပြုကြတယ်၊ ကျော်စွာ နန်းကျတော့ သားတော်စောနစ် ပုဂံမှာ နန်းတက်ပြီး တရုတ်ဦးတည်ဘွားထံ နန်းရိုးမဟုတ်သူများ နန်းတက်နေကြသဖြင့် အကူအညီပေးဖို့ ချီပင့်သတဲ့။

http://www.dhammadownload.com



သက္ကရာဇ် ၆၆၂–ခုနှစ်မှာ တရုတ်ကိုးသိန်း စစ်ကူရောက်လာပြီး မင်းရိုးကို နန်းတက်ဖို့ အရေးဆိုလာတယ်၊ မင်းညီနောင်တို့က ကျော်စွာကိုသတ်ပြီး မင်းရိုး မရှိတော့ဘူးလို့ ခေါင်းကို ပြကြသတဲ့၊ တရုတ်တို့ကလည်း မင်းရိုးမရှိလျှင် ငါတို့ ပြန်တော့မယ်၊ လက်ဆောင်ပေးပါလို့ တောင်းသတဲ့၊ မင်းညီနောင်တို့က လက်ဆောင်ပေးပါ့မယ်၊ နောင်အမှတ်အသားဖြစ်အောင် မြောင်းတူးပေးခဲ့ပါဦးလို့ ရေမြောင်းအတူးခိုင်းတဲ့အတွက် အလျားတာ ခုနစ်ရာ၊ အနံနှစ်တာ၊ အနက်နှစ်တာ ရှိတဲ့ ရေမြောင်း ညတွင်းချင်းပြီးအောင် တူးကြရာမှာ တူရွင်းဖျားထိုးမိတဲ့ လက်ဖျား ခြေဖျား အပြတ်များ ကောက်ယူစုပုံ ထားတာဟာ ဆယ်တင်းဝင်ပုတ်ကြီးတစ်လုံး ပြည့်သတဲ့ကွယ်။

တရုတ်တို့ပြန်တဲ့နှစ် ၆၆၂–ခုမှာ မင်းညီနောင် ၃–ပါးအနက် အကြီးဖြစ်တဲ့ အသင်္ခယာက မြင်စိုင်းမှာ စိုးစံတယ်၊ ညီလတ် ရာဇသင်္ကြန်က မက္ခရာမြို့မှာ စိုးစံတယ်၊ ညီငယ် သီဟသူက ပင်လယ်မြို့မှာ စိုးစံတယ်၊ ၆၆၇–ခုနှစ်ကျတော့ ညီတော်အလတ် ရာဇသင်္ကြန် ကွယ်လွန်တယ်၊ ၆၇၂–ခုနှစ်မှာ နောင်တော်ကြီး အသင်္ခယာ ကွယ်လွန်တယ်၊ မင်းညီနောင်သုံးပါးမှာ ညီအငယ် သီဟ သူသာ ကျန်တော့တယ်၊ ဒီအခါ သီဟသူလည်း မင်းထီးပြုဖို့ အင်းဝမှာ မြို့သစ်တည်ဖို့ စိုင်းပြင်းတယ်၊ အဖျက်အဆီးများလွန်းလို့ မတည်နိုင်တဲ့အတွက် ပင်းယမြို့ကို ၆၇၄–ခုနှစ်မှာ တည်တယ်၊ မြို့တည်ပြီး ၂–နှစ်လွန်မြောက်တဲ့ ၆၇၆–ခုနှစ်မှာ စမုန်မြစ်ထဲ ဆင်ဖြူမသေတစ်စီး မျောပါလာတာကို စက်နှင့်ထူပြီး က–တင်စီး တဲ့အတွက် တစ်စီးရှင်သီဟသူလို့ ခေါ်ကြတယ်။

သက္ကရာဇ် ၆၈၄–ခုနှစ်မှာ သီဟသူနတ်ရွာစံလို့ သားတော်အကြီး ဥဇနာ မင်းဖြစ်တယ်၊ မင်းဖြစ်တဲ့အခါ ပင်းကြားအရပ်မှာ စကားသားနှင့် ကျောင်းခုနစ်ကျောင်း ဆောက်လုပ်ပြီး ဇမ္ဗူက ကျောင်းမကြီးကို ရှင်သုဓမ္မမဟာသာမိကို လှူတယ်၊ ဝေဠုဝန်ကျောင်းကို ရှင်ဉာဏဓဇကို လှူတယ်၊ အိမ်နိမ့်ကျောင်းကို ရှင်ဝရပတ္တပုဂ္ဂိုလ် ကို လှူတယ်၊ ဇေတဝန်ကျောင်းကို ရှင်ဂုဏာဘိရာမကို လှူတယ်၊ ကုလားကျောင်းကို ရှင်အာဒိစ္စရံသီကို လှူတယ်၊ မြောက်စွန်းကျောင်းကို ရှင်သုဓမ္မာလင်္ကာရကို လှူတယ်၊ တောင်စွန်ကျောင်းကို ရှင်သီရိပုညကို လှူတယ်။

ပြည်မြို့ဖွား ရှင်နာဂိတဟာ သာမဏေဝတ်နှင့် ပင်းယကို ကြွလာပြီး ဇမ္ဗူကကျောင်းမကြီးမှာ ရှင်သုဓမ္မာမဟာသာမိထံ စာပေပရိယတ္တိတရား သင်ကြား ခဲ့တယ်၊ ဥဇနာမင်း ပင်းယမှာ နန်းစံတော့ ညီတော်ကျော်စွာ ပင်လယ်မြို့ကို

http://www.dhammadownload.com



စားရတယ်၊ ညီတော်ကျော်စွာက တောကစားဝါသနာပါသတဲ့၊ တောကစားရာက အပြန် ညဥ့်မှာ အိပ်မက်မြင်မက်သတဲ့။

အိပ်မက်ထဲမှာ သိကြားမင်းက "သင်ဟာ အပါယ်လေးပါး နစ်မွန်းမည့် အကြောင်းဖြစ်တဲ့ ဒုစရိုက်တရားများကို မပြုနှင့်၊ သံသရာမှာ ချမ်းသာပြီး နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ သုစရိုက်တရားများကို ကျင့်၊ ဥပုသ် မပြတ်စောင့်၊ သင့်ထံ ဆင်ဖြူတော် ရောက်လာလိမ့်မယ်"လို့ ပြောတယ်လို့ အိပ်မက်မြင်မက်သတဲ့၊ ကျော်စွာလည်း အဲဒီနေ့ကစ၍ ဒုစရိုက်တရားများကို ရှောင်ကြဉ်ပြီး ဥပုသ် မပြတ်စောင့်သတဲ့ကွယ်၊ များမကြာခင် စိုင်ဖြူ အရေကို ရတယ်၊ နောက် လှိုင်းတက်အရပ်မှ ဟိုင်းဆင်ဖြူတစ်စီးရတယ်၊ အဲဒီဆင်ဖြူကို ပုလဲတမူးဘွဲ့တပ်တယ်၊ မကြာမီ မုံတောမြောင်ကြပ်က အစွယ်ထွက်ပြူစပါတဲ့ ဆင်ဖြူတစ်စီးရပြန်တယ်၊ မဟာကေသရ လို့ ဘွဲ့တတ်တယ်၊ မကြာခင် ပြတ်တောင်ခြေရင်းက စွယ်စုံ ဆင်ဖြူတစ်စီး ရပြန်တယ်၊ သန်မြန်စွာ ဘွဲ့တပ်တယ်၊ စမုန်ဖျားက ဟိုင်းဆင်ဖြူတစ်စီး ရပြန်တယ်၊ ဥပေါသထလို့ ဘွဲ့တပ်တယ်၊ ကိုင်းရွာမြောက်ညွန်ကျုံးလမ်းက လက်ယာတည် ဆင်ဖြူတစ်စီး ရပြန်တယ်၊ ချစ်စွမရဲ ဘွဲ့တပ်တယ်။

ညီတော်ကျော်စွာက ဆင်ဖြူတွေ တစ်စီးပြီးတစ်စီး ရနေတယ်ဆိုတဲ့ သတင်းကိုကြားတော့ နောင်တော်ဥဇနာက ငါ့ညီ, ငါ့စည်းစိမ်ကိုယူပါတော့၊ ငါကတော့ ငါ့ကောင်းမှု စကားခုနစ်ကျောင်းတို့ကိုသာ လှူလိုသမျှ လှူပြီး နေပါတော့မယ် ပြောပြီး ကျော်စွာကို နန်းလွှဲခဲ့တယ်၊ ကျော်စွာလည်း ဆင်ဖြူငါးစီးရတဲ့ အတွက် ငါးစီးရှင်ကျော်စွာဘွဲ့ကို ခံတယ်၊ ငါးစီးရှင်ကျော်စွာ နန်းတက်တော့ ဇမ္ဗူက စကားကျောင်းမကြီးမှာ စာသင်နေတဲ့ အရှင်နာဂိတဟာ လူထွက်ပြီး ကျော်စွာမင်းထံ အမှုတော်ထမ်းရွက်လို့ အတွင်းဝန်ရာထူးဖြင့် ချီးမြှောက်ခြင်းခံရတယ်။

ငါးစီးရှင်ဟာ အတွင်းဝန်အမတ်ကြီးကို သူတစ်ပါးနှင့်မတူအောင် ချီးမြှောက် သတဲ့၊ ဒီအကြောင်းကို အဘိဓာန်ဋီကာနိဂုံးမှာ **"တေနာဟ မစ္စန္တ မနုဂ္ဂဟိတော၊ အနညသာဓာရဏာ သင်္ဂဟေန"** လို့ ပြထားသကွယ့်။

"မှန်ပါ၊ အဲဒီဂါထာရဲ့ အနက်ကိုလဲ ပေးသနားပါဦးဘုရား"

"ဂါထာရဲ့ အနက်က **တေန**– ထိုငါးစီးရှင်ကျော်စွာ မင်းတရားသည်၊ **အဟံ**– ငါ့ကို၊ **အစ္စန္တံ**– စင်စစ်၊ **အနညသာဓါရဏာ သင်္ဂဟေန**– သူတစ်ပါးနှင့် မဆက်ဆံသော ချီးမြှောက်ခြင်းဖြင့်၊ **အနုဂ္ဂဟိတော**– ချီးမြှောက်တော်မူတတ်၏"တဲ့၊

http://www.dhammadownload.com



အလွန်ပညာရှိတဲ့ ပုဂ္ဂိုလ်ကြီးဆိုတော့ မင်းကလည်း အလွန် ချီးမြှောက်တော်မူတာပေါ့၊ ရိုးရိုး ချီးမြှောက်ရုံမျှသာမကသေးဘဲ စတုရင်္ဂဗလဆိုတဲ့ ဘွဲ့ထူးကိုလည်း ပေးသနားသတဲ့၊ အဲဒီအမတ်ကြီးဟာ အဘိဓာန်ဋီကာကျမ်းကိုလည်း ရေးသားတယ်၊ သူဆောက်လုပ်လှူဒါန်းတဲ့ ကျောင်းမှာ သီတင်းသုံးနေတဲ့ ဆူးတွင်းပစ်ဆရာတော်ကိုလည်း "ရွှေဖဝါးတော်အောက် ကျွန်၏လျှောက်ဖြင့်"အစချီတဲ့ အမေးပုစ္ဆာ ရတုပိုဒ်စုံကိုလည်း ရေးသားခဲ့တယ်။

"ယခု မေးလျှောက်တဲ့ လောကနီတိကျမ်းကိုလည်း စတုရင်္ဂဗလအမတ်ကြီး ပင် ရေးသားခဲ့ခြင်းဖြစ်တယ်လို့ မှတ်ယူတာပေါ့ကွယ်"

* * *

"အမှတ်(၁)အဖြေကိုတော့ သဘောကျပါပြီ၊ အမှတ်(၂) အဖြေကို ဆက်လက်ဖြေဆိုပေးပါဦးဘုရား"

"အမှတ်(၂)ပြဿနာက ရက်လည်ဆွမ်းတရားမှာ ပရိတ်ရွတ်ပြီးမှ ရေစက်ချရမှာလား (သို့မဟုတ်) ရေစက်ချပြီးမှ ပရိတ်ရွတ်ရမှာလားဆိုတဲ့ ပြဿနာပေါ့"

"မှန်ပါတယ်ဘုရား"

"ဒီပြဿနာကို မဖြေမီ ရက်လည်ဆွမ်းကျွေးတဲ့ အယူအဆ အနည်းငယ်ပြောပြဦးမယ်၊ များသောအားဖြင့် ပုထုဇဉ်တွေဟာ အတ္တအယူရှိတဲ့ သူတွေချည်းပဲ ဖြစ်ကြတယ်၊ အတ္တအယူဆိုတာ ငါဟာ ဟိုဘဝက သေပြီး ဒီဘဝမှာ ဖြစ်တယ်၊ ဒီဘဝကသေပြီး နောင်ဘဝမှာ ဖြစ်ဦးမယ်ဆိုတဲ့ အယူအဆထဲက (ငါ)ဆိုတဲ့ အယူအဆဟာ အတ္တအယူအဆပဲ၊ ဗုဒ္ဓဝါဒအတွင်းမှာ အဝိဇ္ဇာမကင်းသေးသမျှ ဘဝက မကင်းဘူးလို့ ဟောထားတာ ရှိတယ်၊ ရုတ်တရက်ကြည့်လျှင် အတ္တအယူအဆနှင့် တူသလိုလို ဖြစ်နေသော်လည်း ဗုဒ္ဓဝါဒက ဤဘဝမှ ထိုဘဝ ဖြစ်တာ ပါသော်လည်း ထို ဘဝနှစ်ခုအတွင်းမှာ (ငါ)ဆိုတဲ့ အတ္တ မပါဘူး၊ အချို့သောပုဂ္ဂိုလ်များက အဲဒီအတ္တကို နတ်ဘုရားက ဖန်ဆင်းထည့်လိုက်တယ်၊ အဲဒီ အတ္တ နတ်ဘုရားထံ ပြန်မရောက်သမျှ ဘဝများစွာ ကျင်လည်တယ်လို့ ယူဆကြတယ်။

လောကမှာ သတ္တဝါသေသော်လည်း နတ်ဘုရားထည့်ပေးလိုက်တဲ့ အတ္တကတော့ သေရိုးမရှိ၊ လူ့ဘဝက သေပြီး နတ်ဖြစ်လျှင် လူ့ဘဝက အတ္တဟာ နတ်ဘဝ ရောက်သွားတယ်၊ နတ်ဘဝက စုတိပြီး ငရဲကျသွားလျှင် နတ်ဘဝက

http://www.dhammadownload.com



အတ္တဟာ ငရဲသူထံ ရောက်သွားတယ်လို့ ယူဆတတ်ကြတယ်၊ အဲဒီ အတ္တကို မြန်မာလူမျိုးများက ငါလို့လည်း သုံးတယ်၊ လိပ်ပြာကောင် ဝိညာဉ်ကောင်လို့လည်း သုံးတယ်၊ အဲဒီ ပုဂ္ဂိုလ်များ ငါ,ဝိညာဉ်,လိပ်ပြာလို့ ယူဆကြတဲ့ အတ္တဟာ လူသေ ပြီးတဲ့နောက် နောက်ဘဝမှာ ချက်ချင်း မဖြစ်သေးဘဲ သေတဲ့ဌာန အနီးအပါးမှာ (ခုနစ်ရက်) နေရသေးတယ်လို့ ယူဆတတ်ကြသတဲ့၊ အဲဒီ အယူအဆကို (အန္တရ ဘဝဝါဒီ)လို့ ခေါ်ဆိုကြတယ်ကွယ်။

ဗုဒ္ဓရဲ့ဝါဒအတိုင်းဆိုလျှင် အဝိဇ္ဇာကျန်သေးတဲ့ သတ္တဝါတစ်ဦး သေလွန်သည်ကို စုတိလို့ ခေါ်တယ်၊ နောက်ဘဝ ဖြစ်တာကို ပဋိသန္ဓေလို့ ခေါ်တယ်၊ မရဏာသန္နဝီထိမှာ စုတိပြီးလျှင် ပဋိသန္ဓေပဲ၊ စုတိနှင့် ပဋိသန္ဓေအကြားမှာ ဘာဘဝမျှ မရှိဘူး၊ အန္တရာဘဝ မရှိတဲ့အကြောင်းကို သင်္ဂြိုဟ်ဝီထိမုတ် မရဏုပ္ပတ္တိအဖွင့်မှာ—

**"တဿ နိရုဒ္ဓါဝသာနေ တဿာနန္တရမေဝ"**ဆိုတဲ့ စကားအထူးကို ထည့်ထားတယ်၊ အဓိပ္ပာယ်က ထို စုတိစိတ်ချုပ်လျှင် ထိုစုတိစိတ် အခြားမဲ့မှာ ပဋိသန္ဓေစိတ်ကို ဖြစ်စေသတဲ့၊ စုတိဆိုတဲ့ သေလွန်ပြီးနောက် ကြားကာလ မရှိတော့ဘဲ နောက်ဘဝမှာ ချက်ချင်း ပဋိသန္ဓေကို ဖြစ်စေတယ်ဆိုတဲ့ အယူအဆကို အချို့က မနှစ်သက်ကြဘူး၊ စုတိနှင့် ပဋိသန္ဓေအကြားမှာ ဘဝထူးတစ်ခု ရှိသေးတယ်လို့ ယူဆတတ်ကြတယ်၊ သေသူကို ကျွေးတဲ့ ကုဗ္ဗိထမင်းဆိုတာ အမှန်ကတော့ သေနေတဲ့ အလောင်းကောင်ကို ကျွေးတာ မဟုတ်ဘူး၊ ခန္ဓာကိုယ် အစွဲအလမ်းဖြင့် အခြားဘဝမှာ မဖြစ်နိုင်သေးဘဲ အိမ်မှာကပ်နေတဲ့ အတ္တခေါ်တဲ့ လိပ်ပြာကောင်ကို ကျွေးတာ ဖြစ်တယ်၊ အဲဒီ အတ္တခေါ်တဲ့ လိပ်ပြာကောင်ဟာ သေပြီးတဲ့နောက် အိမ်မှာ (ခုနစ်ရက်) ဖြစ်နေသေးသတဲ့၊ အဲဒီလို ဖြစ်နေခိုက် မြင်ချင်တာကို မြင်နိုင်တယ်၊ လိုရာကို သွားနိုင်တယ်လို့ ယူဆတတ်ကြသေးတယ်။

ဒီအယူအဆဟာ ဘယ်သူတွေမှာ ရှိတာလဲဆိုတော့ ရှေးဟိန္ဒူကြီးတွေမှာ ရှိကြတယ်၊ အဲဒီအယူအဆကြောင့် ကွယ်လွန်သူ ဒုတိယဘဝ မဖြစ်မီ ခုနစ်ရက် အချိန်မှာ ကုသိုလ်ပြုပြီး သေသူကို အမျှပေးဝေကြရတယ်၊ ရှေးဟိန္ဒူကြီးများရဲ့ အယူအဆဟာ ဗုဒ္ဓဘာသာအတွင်း ဝင်ရောက်လာပြီး လူသေလို့ ခုနစ်ရက်လည်မှာ ဆွမ်းကျွေးပွဲ ပြုလုပ်ကြခြင်းဖြစ်တယ်၊ ယခု ပြောခဲ့တာက ဆွမ်းကျွေးရက်လည် အကြောင်းကိုးကွယ့်၊ သူ့အမေးနှင့်တော့ မပတ်သက်သေးပါဘူး၊ သူ့အမေးက ဆွမ်းကျွေးပွဲမှာ ပရိတ်ရွတ်ပြီးမှ ရေစက်ချရမှာလား၊ ဒါမှမဟုတ် ရေစက်ချပြီးမှ ပရိတ်ရွတ်ရမှာလားကိုးကွယ့်။

http://www.dhammadownload.com



လူသေလျှင် ဆွမ်းကျွေးတယ်ဆိုတာ ရှေးဗြာဟ္မဏများ လက်ထက်ကပင် ရှိကြောင်း အင်္ဂုတ္တရ ဒသကနိပါတ် ဇာဏုသောဏိသုတ်မှာ ဇာဏုသောဏိပုဏ္ဏား ကြီးရဲ့ လျှောက်ထားချက်ဖြင့် သိသာတယ်၊ သေသူ ပြိတ္တာဖြစ်ခဲ့လျှင် ရှင်သူက အမျှဝေလို့ ပြိတ္တာဘဝက ကျွတ်လွတ်ကြောင်းလည်း ဇာဏုသောဏိသုတ်မှာပဲ ဘုရားဟောချက် ရှိတယ်။

အဲဒီ ဇာဏုသောဏိသုတ်အရ ဗုဒ္ဓဘာသာဝင်များ ကွယ်လွန်တဲ့အခါ ကွယ်လွန်သူ ပြိတ္တာဖြစ်ခဲ့လျှင် ပြိတ္တာဘဝက ကျွတ်လွတ်အောင် ကွယ်လွန်သူ ပြိတ္တာ မဖြစ်လျှင်လည်း ကျန်ရစ်သူများ ကုသိုလ်ရအောင်ရယ်လို့ ဆွမ်းကျွေးပွဲ ရေစက်ချ အမျှပေးဝေပွဲ ပြုလုပ်ကြခြင်း ဖြစ်တယ်၊ ဒီလို ဆွမ်းကျွေးရေစက်ချ အမျှပေးဝေတဲ့ပွဲမှာ (တထေဝ သီလ သမ္ပန္နော၊ သဒ္ဓေါ ပုရိသပုဂ္ဂလော)ဆိုတဲ့ အင်္ဂုတ္တိုရ် ပဉ္စက နိပါတ်လာတဲ့အတိုင်း သီလရှိသူရဲ့ ပေးလှူခြင်းဟာ မြတ်တယ်ဆိုတဲ့ ဘုရားဟောနှင့် ညီညွတ်အောင် ရှေးဦးစွာ သီလ ခံယူကြတယ်၊ သီလခံယူပြီးတော့ ရေစက် မချမီ အလှူခံကိုယ်တော်က အသုဘနှင့်စပ်တဲ့ တရားတော်ကို ဟောတယ်၊ တရားဟောပြီးလို့ အလှူရှင်ရဲ့စိတ်ဓာတ် ငြိမ်သက်တဲ့အချိန်မှာ ရေစက်ချ အမျှ ပေးဝေ ရသကိုးကွယ့်။

သီလခံယူပြီးလျှင် တရားဟော နောက် ရေစက်ချ အမျှဝေ ဒီအစီအစဉ်က ရှေးရိုး အစီအစဉ်ပဲကွယ့်၊ နောက်တော့ တရားဟောနေရာမှာ အသုဘတရား မဟောတော့ဘဲ မေတ္တာသုတ်ပရိတ်တော် ရွတ်ပြီး ရေစက်ချကြတယ်၊ မေတ္တာသုတ် ပရိတ်တော်ရွတ်တာလည်း တရားဟောတာပဲပေါ့လေ၊ သို့သော်လည်း ဒီနေရာမှာ အခု ပြဿနာ ပေါ်လာသကိုးကွယ့်၊ လူတွေရဲ့အယူအဆက ပရိတ်ရွတ်တယ်ဆိုတာ တစ္ဆေ သရဲကို မောင်းထုတ်တယ်လို့ မှတ်နေကြတယ်။

ဝေသာလီပြည်မှာ မိုးခေါင်ပြီး ဝတ်မွတ်ခေါင်းပါးတဲ့ဘေးကြောင့် လူတွေ ဝတ်ပြတ်ပြီး သေကြတယ်၊ လူသေအလောင်းများ မြို့ပြင် ပစ်ထားကြတဲ့အတွက် အပုပ်နံ့ကြောင့် မြို့တွင်းကို ဘီလူးများ ဝင်ရောက် ဖမ်းစားလို့ ရောဂါအမျိုးမျိုး ဖြစ်ပြီး သေကြပြန်တယ်၊ ဒီအခါမှာ အရှင်အာနန္ဒာ ရွတ်ဆိုတဲ့ ရတနသုတ်ပရိတ် တော်ကြောင့် မြို့တွင်းက ဘီလူးတွေ ထွက်ပြေးကြပြီး လူတွေ အနာရောဂါ ကင်းစင်ကြကြောင်း ခုဒ္ဒကပါဠိ အဋ္ဌကထာက ဆိုထားတယ်၊ အဲဒီ အဆိုကြောင့် ပရိတ်ရွတ်လျှင် တစ္ဆေ,သရဲ,ဘီလူးများ ထွက်ပြေးကြတယ်လို့ မှတ်ယူနေကြတယ်၊ အမှန်ကတော့ ပရိတ်ရွတ်တာဟာ တစ္ဆေ,သရဲကို မောင်းထုတ်တာ မဟုတ်ပါဘူး၊

http://www.dhammadownload.com



ပရိတ်တရားအတွင်းမှာလည်း မကောင်းဆိုးဝါးတွေကို မောင်းထုတ်တဲ့စကား တစ်လုံးမျှ မပါပါဘူး၊ သို့သော်လည်း မကောင်းတဲ့တရားနှင့် ကောင်းတဲ့တရားဟာ ဘယ်သောအခါမျှ အတူနေလို့ မဖြစ်ဘူး၊ အပူရောက်လျှင် အအေးပျောက်၊ အအေး ရောက်လျှင် အပူပျောက်သလို ကောင်းတဲ့တရားတော်များရောက်ခဲ့လို့ မကောင်းတဲ့ တရားရှိသူများ ထွက်ပြေးကြရခြင်း ဖြစ်တယ်။

ခုဒ္ဒကပါဠ အဋ္ဌကထာကလာတဲ့ မေတ္တသုတ်အဖွင့်ကို ကြည့်လျှင် ယခင်က ရှိင်းစိုင်းနေတဲ့ နတ်တွေ တစ္ဆေတွေဟာ မေတ္တသုတ် စီးဖြန်းကြတဲ့ ကိုယ်တော် များအပေါ် ချစ်ခင်မြတ်နိုးပြီး ဝတ်ကြီးဝတ်ငယ် ပြုလုပ်ကြကြောင်း ဖော်ပြထား တယ်၊ ဒါကြောင့် မေတ္တသုတ်စတဲ့ ပရိတ်တော်ဟာ နတ်မိစ္ဆာ, တစ္ဆေ, သရဲများကို မောင်းထုတ်တဲ့တရား မဟုတ်ပါဘူး။

ယခု ရက်လည်ဆွမ်းကျွေးပွဲဆိုတာ ကွယ်လွန်သူကို ရည်စူးတဲ့အလှူဖြစ် တယ်၊ ကွယ်လွန်သူ ပြိတ္တာဖြစ်နေလျှင် ယခုပွဲမှာ သာဓုခေါ်နိုင်အောင်လို့ တမင် ဖိတ်ခေါ်ထားကြရပါသေးတယ်၊ သူ့အတွက် ရည်စူးတဲ့ အလှူပွဲမှာ အမျှဝေလျှင် သာဓုခေါ်ရန် လာရောက်နေတဲ့ ပြိတ္တာ (သို့မဟုတ်) တစ္ဆေဟာ ဘယ်သူ့ကိုမျှ ရန်ပြုဖို့ လာတာမဟုတ်တဲ့အတွက် တရားသံကြားရုံနဲ့ ထွက်ပြေးဖို့ မလိုပါဘူး၊ ထွက်ပြေးဖို့ မလိုတဲ့အပြင် အထူး နားစိုက်ထောင်ရမည့် အချိန်အခါ ဖြစ်တယ်၊ ဒီ အကြောင်း သဂါထာဝဂ္ဂ၊ ယက္ခသံယုတ်ကလာတဲ့ ပိယင်္ကရသုတ်၊ ပုနဗ္ဗသုကသုတ် များကို အကျဉ်းချုပ် ပြောပြဦးမယ်ကွယ့်။

"မိန့်တော်မူပါဘုရား"

"အခါတစ်ပါး အရှင်အနုရုဒ္ဓါဟာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေစဉ်က မိုးသောက်အချိန် စောစောထပြီး တရားတော်ကို သရဇ္ဈာယ် နေသတဲ့၊ ဒီအချိန်မှာ ပိယင်္ကရအမည်ရှိတဲ့ ဘီလူးငယ်ရဲ့မိခင်ဟာ သားငယ်နဲ့အတူ အစာရှာဖွေရင်း ဇေတဝန်ကျောင်းအနီး ရောက်လာတယ်၊ အရှင်အနုရုဒ္ဓါရဲ့ တရား ရွတ်သံကြားတော့ ဘီလူးမဟာ ရပ်တန့်ပြီး နားစိုက်ထောင်သတဲ့၊ ခရီးသွားရင်း ဖြုန်းခနဲ မိခင်က ရပ်သွားတော့ သား ပိယင်္ကရက 'မိခင်– ဘာလုပ်နေတာလဲ' လို့ မေးသတဲ့၊ ဒီတော့ ဘီလူးမကြီးက 'ချစ်သား ပိယင်္ကရ– အသံ မပြုနှင့်၊ ရဟန်း တော် တရားရွတ်နေတယ်၊ ငါတို့ဟာ ဒီတရားရဲ့အဓိပ္ပာယ်ကို သိပြီး ကျင့်နိုင်တဲ့ အတွက် မြေဖုတ်ဘီလူးဘဝက လွတ်မည်လား မသိနိုင်ဘူး'လို့ ပြောသတဲ့ကွယ့်၊ ပုနဗ္ဗသုကသုတ်မှာလည်း–

http://www.dhammadownload.com

## ❁ ၁၂၀ ယနေ့ဗုဒ္ဓဝါဒဆိုင်ရာအမေးအဖြေများ(၄)

ပုနဗ္ဗသုကမာတာဘိလူးမဟာ ဇေတဝန်ကျောင်းတော်အတွင်း ရဟန်းများကို ဘုရားရှင် တရားဟောသံကြားလို့ ခေတ္တရပ်ပြီး တရားနာနေတုန်း သားဖြစ်သူ ပုနဗ္ဗသုကနှင့် သမီးဖြစ်သူ ဥတ္တရာတို့က သူ့အမေ ရပ်နေရမလားလို့ ပြောကြတော့ ဘီလူးမကြီးက **"သားတို့ သမီးတို့ မဆူကြနဲ့၊ ဘုရားရှင် တရားဟောနေတယ်၊ တရားတော်ကို ငါတို့ဟာ ခုမှ ကံတော်ကံကြား နာကြားရတယ်၊ လောကမှာ ငါဟာ သားသမီးကိုလည်း ချစ်တယ်၊ လင်ကိုလည်း ချစ်တယ်၊ သားသမီးအချစ် လင်အချစ်ထက် တရားတော်ကို သာလွန်ပြီး ချစ်တယ်၊ ဘာကြောင့်လဲဆိုတော့ တရားတော်က ငါတို့ရဲ့ ဆိုးသွမ်းတဲ့ဘဝကို ကျွတ်လွတ်စေလို့ပဲ"**လို့ ပြောသတဲ့ ကွယ်။

ပိယင်္ကရမာတာတို့ ပုနဗ္ဗသုကမာတာတို့ ဆိုတာတွေဟာ မြေဖုတ်ဘီလူးတွေပဲ၊ မြေဖုတ်ဘီလူးဆိုတာ အခု လူတွေပြောကြတဲ့ တစ္ဆေ, သရဲ, ပြိတ္တာမျိုးတွေပဲ၊ သူတို့ ကျွတ်ခွင့်ကြုံချင်တော့ တရားတော်ကို မကြောက်ဘူး၊ တရားတော်ကို ချစ်တယ်၊ ရက်လည်ဆွမ်းသွတ်ပွဲမှာ ဟောတဲ့ပရိတ်တရားတော်ဟာလည်း ကွယ်လွန်သူအတွက် ကြောက်စရာ မဟုတ်ဘူး၊ ချစ်စရာသာ ဖြစ်တယ်၊ ဒါကြောင့် ပရိတ် ရွတ် ပရိတ်နာပြီးမှ ရေစက်ချ အမျှပေးဝေသော်လည်း ကွယ်လွန်သူ ပြိတ္တာဖြစ်စေကာမူ ထွက်ပြေးရန် မလိုတဲ့အတွက် တစ်စုံတစ်ရာ အပြစ်မဖြစ်ပါဘူးလို့ ဖြေကြားလိုက်ပါတယ်ကွယ်။

"သာဓု – သာဓု – သာဓု"

✳ ✳ ✳

http://www.dhammadownload.com



# ညောင်ပင်ပြဿနာ

"ဟောဒီစာက ပုဂံစာတိုက်၊ ကျွန်းချောင်း၊ ဈေးအတွင်းက ဦးတင် မေးလျှောက်တဲ့ ညောင်ပင်ပြဿနာပါ ဘုရား"

ဦးတင် လျှောက်ထားတာက ပခုက္ကူမြို့နယ် ဓာတ်မြေသြဇာစက်ရုံ ဈေး အနီးမှာ လွန်ခဲ့သော နှစ်ပေါင်း ၂၀–ကျော်ကာလက ပြည်သူများ အရိပ်ခိုရန် ရည် ရွယ်ပြီး ညောင်ပင်နှစ်ပင် စိုက်ထားခဲ့ပါသတဲ့၊ အခုတော့ အဲဒီညောင်ပင် နှစ်ပင် ဟာ အတော်ပင် စည်ကားနေပြီတဲ့ဘုရား၊ အဲဒီဈေးမှာ ဈေးဆိုင်ရဖို့ လျှောက်ထား တော့ အဲဒီ ညောင်ပင်နှစ်ပင် အနီးမှာပင် သူဟာ မဲကျပြီး ဆိုင်ခန်းရပါသတဲ့၊ ညောင်ပင်ရဲ့ အကိုင်းတွေဟာ သူ့ဆိုင်ခန်းပေါ် အုပ်ဝဲကျလာတဲ့အတွက် အချို့ ညောင်ကိုင်းများကို ခုတ်ပစ်ပါသတဲ့၊ အဲဒီအရေးနှင့်ပတ်သက်ပြီး တချို့က ညောင် ပင်ကို မစိုက်ကောင်းဘူး၊ ညောင်ပင်စိုက်လျှင် ခိုက်တတ်တယ်လို့ ပြောကြပါသတဲ့၊ အဲဒီအကြောင်း ဟုတ်,မဟုတ်နှင့် အချို့က ညောင်ကိုင်းကို မခုတ်ကောင်းဘူး၊ ညောင်ကိုင်းကို ခုတ်လျှင် ခိုက်တတ်တယ်လို့ ပြောကြပြန်တယ်၊ အဲဒီ အပြော ဟုတ်, မဟုတ် သိလိုပါတယ်တဲ့ဘုရား၊ ပြီးတော့ အချို့က ညောင်ပင်ဆိုတာ အိမ်ဝင်းမှာတောင် မပေါက် ကောင်းဘူး၊ ညောင်ပင်ပေါက်ရုံနဲ့တောင် ခိုက်တတ် တယ်လို့ ပြောကြပြန်ပါသတဲ့၊ အဲဒီ စကားကိုလည်း ယုံကြည်သင့်, မယုံကြည်သင့် အဖြေပေးတော်မူပါလို့ လျှောက်ထားခြင်း ဖြစ်ပါတယ်။

"ညောင်ပင်ဆိုတာ ဘုရားပွင့်တော်မူတဲ့ ဗောဓိပင်အမျိုးမို့ မြန်မာဗုဒ္ဓဘာသာ ဝင်အများ အလွန် လေးစားတဲ့အပင်မျိုး ဖြစ်တယ်၊ သို့သော်လည်း ဘုရားပွင့်တော်

http://www.dhammadownload.com



မူရာ ဗောဓိညောင်ပင်နှင့် တောထဲမှာ ပေါက်တဲ့ ညောင်ပင်ဟာ ညောင်အမျိုးချင်းတူသော်လည်း ဂုဏ်ချင်း မတူဘူး၊ ဘုရားပွင့်တော်မူရာ ဗောဓိညောင်က (ပရိဘောဂစေတီ) ထိုက်တဲ့အတွက် လူ,နတ်,ဗြဟ္မာ သတ္တဝါတို့ရဲ့ ရှိခိုးပူဇော်ခြင်း ခံထိုက်တယ်၊ ကျန်တဲ့ ညောင်ပင်များကတော့ **သဗ္ဗေ ကဋ္ဌမယာ ဝနာ**ဆိုတဲ့အတိုင်း ထင်းဆိုက်ဖို့မျှသာ အဆင့်အတန်းရှိတယ်၊ ဒါကြောင့် ဗောဓိညောင်ပင်ကို ရိုသေလေးစားထိုက်တယ်၊ ညောင်ကိုင်းများကို မခုတ် မဖြတ်ကောင်းဘူး၊ ပြစ်မှားသောစိတ်ဖြင့် ဗောဓိပင်ကို ဖျက်ဆီးခဲ့လျှင် စေတီပုထိုးတော်များကို ဖျက်ဆီးသလို အပါယ်ကျရောက်တတ်တယ်။

ဗောဓိမဟုတ်သော အခြားညောင်ပင်များကို ခုတ်တဲ့အတွက် လောကီအပြစ် လောကုတ္တရာအပြစ် ဘာအပြစ်မှ ဖြစ်ခွင့်မရှိပါဘူး၊ ညောင်ကိုင်း မခုတ်ကောင်းဘူးဆိုတာက ဗောဓိညောင်နဲ့ ရောယှက်ပြီး ပြောမိတာ ဖြစ်ပါလိမ့်မယ်။

"ညောင်ပင် စိုက်ကောင်း, မစိုက်ကောင်း ဆက်လက် ပြောပြပါဦးမယ်"

"မိန့်တော်မူပါဘုရား"

"ညောင်ပင်ဟာ ဗောဓိညောင်နှင့် ဗောဓိမဟုတ်သော ညောင်ရယ်လို့ အကြမ်းအားဖြင့် ၂–မျိုးရှိတယ်၊ ဗောဓိညောင်ဆိုတာ ယခု ဗုဒ္ဓဂါယာမှာ တည်ရှိတဲ့ ဗောဓိပင်ပေါ့၊ အဲဒီ ဗောဓိပင်အောက်မှာ ဘုရားသခင်ဟာ သစ္စာလေးပါးကို သိမြင်တော်မူခဲ့တယ်၊ ဘုရားသခင် သစ္စာလေးပါး သိမြင်ရာ သစ်ပင်ဖြစ်လို့ (ဗုဇ္ဈတိ ဧတ္ထာတိ ဗောဓိ)ဆိုတဲ့ ဝိဂ္ဂြိုဟ်အတိုင်း ဗောဓိညောင်ပင်လို့ ခေါ်တယ်၊ အဲဒီ ဗောဓိညောင်မျိုးစေ့ကို ယူပြီး မိမိကိုးကွယ်ရန်အတွက်ဖြစ်စေ၊ သူတစ်ပါး ကိုးကွယ်ရန်အတွက်ဖြစ်စေ စိုက်ပျိုးခဲ့လျှင် အခြား စေတီတော် ရုပ်ပွားတော် တည်ထားကိုးကွယ်ရခြင်းနှင့်ထပ်တူ အကျိုးရစေနိုင်တယ်"

**"ယော ဗောဓိရုက္ခံ ရောပေတိ၊ ယောစ ပဗ္ဗဇိတော နရော။**
**ယော စ သတ္ထု ကရော ဗိမ္ဗံ၊ ဓုဝံ ဗုဒ္ဓေါ ဘဝိဿတိ။**

**ယော–** အကြင်သူသည်၊ **ဗောဓိရုက္ခံ–** ဗောဓိညောင်ပင်ကို၊ **ရောပေတိ–** စိုက်ပျိုး၏၊ **ယောစ နရော–** အကြင်သူသည်လည်း၊ **ပဗ္ဗဇိတော–** ရှင်ရဟန်းပြု၏၊ **ယောစ–** အကြင်သူသည်လည်း၊ **သတ္ထု–** ဘုရားရှင်၏၊ **ဗိမ္ဗံ–** ရုပ်ပွားဆင်းတုတော်ကို၊ **ကရော–** ပြုစုတည်ထား၏၊ **သော–** ထိုသူသည်၊ **ဓုဝံ–** မချွတ်မလွဲ၊ **ဗုဒ္ဓေါ–** ဘုရားရှင်သည်၊ **ဘဝိဿတိ–** ဖြစ်လတ္တံ့တဲ့၊ ဒီဂါထာက သောတတ္တကီကျမ်းကလာတဲ့

http://www.dhammadownload.com



အိမ်အနီး အိမ်ဝင်းမှာ ညောင်ပင်ပေါက်လျှင် ခိုက်တတ်တယ်ဆိုတာက ညောင်ပင်ဆိုတာ ကြီးမားတဲ့အပင်မျိုးမို့ အခြားအပင်များကို လွှမ်းမိုး ထိခိုက်တတ်တာကို ပြောတာပါ၊ ညောင်ပင်က ခိုက်တယ်လို့တော့ မကြားမိဖူးပါဘူး၊ ယံဒုန္နိမိတ္တံ– ပရိတ်မွမ်းရာမှာ၊ ဒု– နိမိတ်အရ မကောင်းသော အတိတ်နိမိတ်များ ဖွင့်ဆိုတဲ့အခါ အကြင်မကောင်းသော တောသတ္တဝါ၊ ဝင်လာကပ်မှီ၊ ဆင်,ချေ,သမင်၊ ခိုဝင်စွန်ရဲ၊ ပျားစွဲလင်းတ၊ ဗျဂ္ဃတောရိုင်း၊ ဥဗျိုင်းတစ်ချက်၊ လင်းဝက်ပိတုန်း၊ ငုံးဝင်ချိုးနား၊ ပေါက်ပြားသစ်ပင်၊ ထို့ပြင်တောင်ပို့၊ စို့ရောက်မိုးစွန်၊ တိမ်တံခွန်နှင့် ပြင်းထန်မိုးကြိုး၊ ပြစ်မျိုးတစ်နဲ၊ တော်လဲငလျင်၊ ကောင်းကင်ကသာ၊ ဥက္ကာပျံသန်း၊ လဝန်းတရာ၊ များစွာအပေါင်း မကောင်းသော အတိတ်နိမိတ်လို့ ဖွင့်ဆိုပါတယ်။

အဲဒီ အဖွင့်မှာပါတဲ့ (ငုံးဝင်ချိုးနား၊ ပေါက်ပြားသစ်ပင်)ဆိုတာကို အချို့က ပေါက်ပြားညောင်ပင်လို့ ဆိုတတ်ကြတယ်၊ အဲဒီအဆိုကို နားမှာစွဲပြီး ညောင်ပင် ပေါက်လျှင် မကောင်းဘူးလို့ ထင်မှတ်နေကြတယ်၊ အမှန်က အဲဒီ အတိတ်နိမိတ်တွေဟာ မကောင်းတာချည့် မဟုတ်ပါဘူး၊ ကောင်းတာတွေလည်း အများကြီးရှိပါတယ်၊ ဥပမာ– စို့ရောက်မိုးစွန် ဆိုပါတော့၊ အိမ်မှာ စို့သက်တန့်ပေါက်လျှင် မကောင်းတဲ့ အတိတ်နိမိတ်လို့ ဆိုထားတယ်၊ လယ်တီဆရာတော်ဘုရား ဖွားတော့ အိမ်မှာ စို့သက်တန့်ပေါက်တယ်လို့ ဆိုပါတယ်၊ အိမ်မှာ ပျားစွဲလျှင် မကောင်းဘူးလို့ ထင်ကြတယ်၊ လက်တွေ့မှာ ပျားစွဲခံရတဲ့ အိမ်ရှင် ကျောင်းရှင်များ ကြီးပွားတိုးတက်တာကို မြင်ရတယ်၊ ဆင်ဝင်တာ မကောင်းတဲ့ အတိတ်နိမိတ်လို့သာ ဆိုထားတယ်၊ ကာကဝဏ္ဏတိဿမင်းကြီးရဲ့ သားတော် ဒုဋ္ဌဂါမဏိမင်းသား ဖွားမြင်တဲ့နေ့မှာ ကဏ္ဍုလဆင်ငယ် မဟာဂါမအနီး ချုံကြီးအတွင်း ရောက်လာကြောင်း မဟာဝင်မှာ ပြဆိုထားတယ်၊ ဒါကြောင့် အတိတ်နိမိတ်မြင်တိုင်း မကောင်းဘူးလို့ မယူဆသင့်ဘူး၊ ယခု ညောင်ပင်ကိစ္စမှာလည်း စိတ်စနောင့်စနင်း မဖြစ်သင့်ဘူး၊ ဥပါဒါန်ကြောင့် ဥပါဒ်ရောက်ဆိုတဲ့ စကားရှိတယ်၊ မိမိစိတ်ကြောင့် မိမိ အပြစ် မဖြစ်ပါစေနှင့်လို့ ဖြေကြားလိုက်ပါတယ်ကွယ်”

“သာဓု – သာဓု – သာဓု”

❋ ❋ ❋

http://www.dhammadownload.com



# ပရမတ္ထတရားဟူသည်

“ဟောဒီစာက ကသာမြို့၊ သိင်္ဂီရပ် ကိုညိုဝင်းထံမှ မေးလျှောက်သော စာဖြစ်ပါတယ်ဘုရား”

“ကိုညိုဝင်းရဲ့အမေးက ပရမတ္ထတရားကို ဋီကာကျော်က **ပရမော ဥတ္တမော အဝိပရီတော အတ္ထော၊ ပရမဿ ဝါ ဥတ္တမဿ ဉာဏဿ အတ္ထော ဂေါစရောတိ ပရမတ္ထော**”လို့ ဖွင့်ပြရာမှာ မြတ်သောအနက်, မဖောက်မပြန်သောအနက်သည် ပရမတ္ထ မည်၏၊ (တစ်နည်း) မြတ်သော သဗ္ဗညုတဉာဏ်၏ အာရုံသည် ပရမတ္ထ မည်၏လို့ ဖွင့်ပြပါသတဲ့။

ထို ဋီကာကျော်စကားအရဆိုလျှင် အလုံးစုံသော ရုပ်နာမ်တရားတို့သည် ဖြစ်ပြီးလျှင် ပျက်၊ ပျက်ပြီးလျှင် ဖြစ်၍ ပကတိအတိုင်း မတည်နိုင်ဘဲ (ဝိပရိဏာမ) ဖောက်လွဲဖောက်ပြန် ဖြစ်နေကြပါသတဲ့၊ ရှေးဖြစ်သောရုပ်အစဉ်နှင့် နောက်ဖြစ်သော ရုပ်အစဉ်တို့သည် ပူပြီးလျှင် အေး, အေးပြီးလျှင် ပူ၍ အညထာဘာဝအဖြစ် တစ်ပါးသော အခြင်းအရာအားဖြင့် ဖောက်ပြန်နေကြပါသတဲ့၊ ဒါကြောင့် အလုံးစုံ သောစိတ်, စေတသိက်, ရုပ်တည်းဟူသော ရုပ်နာမ်တရားများဟာ ပရမတ္ထ မဟုတ်၊ နိဗ္ဗာန်သည်သာ ပရမတ္ထအစစ်လို့ ယူဆရပါမည်လား (တစ်နည်း) မြတ် သောသဗ္ဗညုတဉာဏ်၏ အာရုံဖြစ်သော ဘုရားရှင်၏ စကားတော်ကိုသာ ပရမတ္ထ ခေါ်ရမည်လား ခွဲခြားပြီး သိလိုပါသတဲ့ဘုရား။

“ဩော် ကိုညိုဝင်းက ပရမတ္ထဆိုတဲ့ပုဒ်ရဲ့ ဆိုလိုရင်း အဓိပ္ပာယ်ကို သိလိုသကိုး ကွယ့်”

http://www.dhammadownload.com



**တတ္ထ ဝုတ္တာ ဘိဓမ္မတ္ထာ၊ စတုဓာ ပရမတ္ထတော။**
**စိတ္တံ စေတသိကံ ရူပံ၊ နိဗ္ဗာနမိတိ သဗ္ဗထာ။**

လို့ အဘိဓမ္မသင်္ဂဟခေါ်တဲ့ သင်္ဂြိုဟ်ကျမ်းဦးမှာ ပြထားတဲ့အတွက် ပရမတ္ထတရားဟာ နိဗ္ဗာန်တစ်မျိုးတည်းလည်း မဟုတ်၊ ဘုရားရှင်ရဲ့ စကားတော်လည်း မဟုတ်၊ (စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန်) ဒီ လေးမျိုးကို ပရမတ္ထတရားလို့ခေါ်တယ်၊ ဒီလေးမျိုးကို ဘာကြောင့် ပရမတ္ထလို့ခေါ်သလဲ၊ ဒီအမေးကို ဖြေဆိုဖို့ ဋီကာကျော်ဆရာက–

**တတ္ထ ပရမော ဥတ္တမော အဝိပရီတော အတ္ထော၊ ပရမဿဝါ ဥတ္တမဿ ဉာဏဿ အတ္ထော ဂေါစရောတိ ပရမတ္ထော**–လို့ ဖွင့်ပြခြင်း ဖြစ်သကွယ့်၊ အဓိပ္ပာယ်က ပရမတ္ထဆိုတဲ့ပုဒ်ကို ပရမ,အတ္ထလို့ ပုဒ်ဖြတ်ပါတဲ့၊ အဲဒီ ၂–ပုဒ်အနက် ပရမသဒ္ဒါက ဥတ္တမအနက်ကို ဟောသတဲ့၊ ဥတ္တမသဒ္ဒါက မြတ်တဲ့အနက်ကို ဟောတယ်၊ အဲဒီမြတ်တာက ဘယ်လိုမြတ်တာလဲ သိရအောင် ဥတ္တမကို အဝိပရီတောလို့ ထပ်ဖွင့်ပြန်တယ်၊ ဥတ္တမ– မြတ်တယ်ဆိုတာ မဖောက်မပြန်တာကို (မြတ်တယ်) လို့ ဆိုလိုတာပါတဲ့၊

"ဆင့်ကာ ဆင့်ကာ၊ ဖွင့်ပြလာ၊ မလိုရာကို၊ နစ်စေသည်"ဆိုတဲ့ နိယံအရ ပရမသဒ္ဒါကို ဥတ္တမအနက်ကောက် ဥတ္တမသဒ္ဒါကို အဝိပရီတ အနက်ကောက်လို့ ဆိုလိုရင်းဖြစ်တယ်၊ ဒီနေရာမှာ မဖောက်ပြန်တာနှင့် ဘာကြောင့် မြတ်သလဲ ဆိုတာကို ဥပမာနှင့်ပြောပြဦးမယ်၊ လောကမှာ ရွှေဆိုတာ ရှိတယ်၊ အဲဒီ ရွှေဟာ ကြေး,ငွေ,သံစတဲ့ အညစ်အကြေး မရောနှောခဲ့လျှင် အညှိတက်ခြင်း ဖောက်ပြန်ခြင်း မရှိဘူး၊ ရွှေကို မြတ်တယ်၊ တန်ဖိုးကြီးတယ်ဆိုတာဟာ အဲဒီလို မဖောက်ပြန်လို့ ဖြစ်တယ်၊ အဲဒီဥပမာလို မဖောက်ပြန်သော အဝိပရီတ သဘောကိုပင် မြတ်တယ်လို့ သုံးနှုန်းခြင်း ဖြစ်တယ်"

အခု ပြောခဲ့တာက (ပရမ)ရှေ့ပုဒ်ရဲ့အနက်ဖြစ်တယ်၊ နောက်ပုဒ်ဖြစ်တဲ့ အတ္ထသဒ္ဒါကိုတော့ (အနက်)လို့ သာမညပြန်ဆိုကြတယ်၊ အတ္ထသဒ္ဒါရဲ့ဆိုလိုချက်ကို ဖွင့်ပြရလျှင်တော့ (၁) အကျိုး (၂) သဒ္ဒါအနက် (၃) အကြောင်း (၄) ဥစ္စာပစ္စည်း (၅) တစ်စုံတစ်ခုသောဝတ္ထု (၆) ဆုတ်နစ်ခြင်း (၇) အပြား (၈) နေဝင်သောတောင် (၉) ပျက်စီးခြင်း (၁၀) ကြီးပွားခြင်း (၁၁) အကျိုးစီးပွား (၁၂) တောင့်တခြင်း (၁၃) အပေါင်း (၁၄) အထည်ကိုယ်ဒြပ် (၁၅) အာရုံရယ်လို့ (ပုလ္လိင်ဟော) အတ္ထသဒ္ဒါရဲ့အနက် ၁၅–ပါး ရှိတယ်။

http://www.dhammadownload.com



လိင် သုံးပါးနှင့်ဆက်ဆံတဲ့ အတ္ထသဒ္ဒါက ကြွယ်ဝခြင်း၊ တတ်မြောက်ခြင်း အနက်ကို ဟောတယ်၊ နိပါတ်ပုဒ်ဖြစ်တဲ့ အတ္ထသဒ္ဒါက မမြင်ခြင်းနှင့် ပျောက်ကွယ်ခြင်းအနက်တို့ကို ဟောတယ်၊ အဲဒီ အတ္ထသဒ္ဒါတွေထဲက ယခု အတ္ထသဒ္ဒါက ပုလ္လိင်ဟောတယ်၊ ပုလ္လိင်ဟော အနက် ၁၅-ပါးအတွင်းကလည်း အထည်ကိုယ်ဒြပ်အနက်ကို ဟောတယ်၊ ဒါကြောင့် (ပရမော အတ္ထော ပရမတ္ထော)လို့ သမာသ်တွဲလိုက်လျှင် "မဖောက်မပြန်သော အထည်ကိုယ်ဒြပ်"လို့ အနက်ထွက်ခဲ့တယ်၊ ပါဠိလို ပရမတ္ထ၊ မြန်မာလို မဖောက်မပြန်သော အထည်ကိုယ်ဒြပ်ပေါ့၊ အဲဒီ မဖောက်ပြန်တဲ့ အထည်ကိုယ်ဒြပ်ရဲ့ အရကောက်က ဘာတုန်းဆိုတော့ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ကို ရတယ်။

"စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် ဒီတရားလေးပါးဟာ မဖောက်ပြန်သော အထည်ကိုယ်ဒြပ်များ ဖြစ်လို့ ပရမတ္ထလို့ အမည်ရပါသတဲ့၊ ယခုပြောခဲ့တာက ပထမ ဝိဂ္ဂြိုဟ်ရဲ့ အဓိပ္ပာယ်ကိုး၊ ဒုတိယဝိဂ္ဂြိုဟ်က ဘာတဲ့ကွယ့်"

**"ပရမဿ ဝါ ဥတ္တမဿ ဉာဏဿ အတ္ထော ဂေါစရောတိ ပရမတ္ထော"** ပါတဲ့ဘုရား။

"အေး- ဟုတ်တယ်၊ သူ့အနက်က (ဝါ) တစ်နည်းကား **ပရမဿ ဥတ္တမဿ**- မြတ်သော၊ **ဉာဏဿ**- သဗ္ဗညုတဉာဏ်တော်၏၊ **အတ္ထော ဂေါစရော**- ကျက်စားရာအာရုံတည်း၊ **ဣတိ**- ထို့ကြောင့်၊ **ပရမတ္ထော**- ပရမတ္ထ မည်၏တဲ့ကွယ်"

ပရမ + အတ္ထလို့ နှစ်ပုဒ်ရှိရာမှာ ပရမသဒ္ဒါက မြတ်သောသဗ္ဗညုတဉာဏ်တော်ကို ဟောပြီး အတ္ထသဒ္ဒါက ကျက်စားရာအာရုံကို ဟောတယ်၊ မြတ်စွာဘုရားဉာဏ်တော်ရဲ့ ကျက်စားရာအာရုံကို ပရမတ္ထလို့ခေါ်သတဲ့၊ ကျက်စားရာအာရုံက ဘာလည်းဆိုတော့ (စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန်) ဖြစ်တယ်၊ ဒါကြောင့် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် ဒီတရားလေးပါးကို ပရမတ္ထလို့ ခေါ်သတဲ့ကွယ့်"

ဘုရားသခင်၏ ဉာဏ်တော်ရဲ့ကျက်စားရာ အာရုံဖြစ်လို့ (ပရမတ္ထ) ခေါ်တယ်ဆိုတဲ့ စကားကို အထူးမေးမြန်းဖို့ မလိုပါဘူး၊ ယခု ပြဿနာဖြစ်တာက အဝိပရိတော အတ္ထော- မဖောက်မပြန်သောကြောင့် (ပရမတ္ထ) မည်တယ်ဆိုတဲ့အချက်ပါပဲ၊ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ရယ်လို့ ပရမတ္ထတရား လေးပါး ဖော်ပြရာမှာ နိဗ္ဗာန်ဆိုတဲ့တရားက မဖောက်မပြန်ဘူးဆိုတာ ထားပါတော့၊ စိတ်, စေတသိက်, ရုပ်ဆိုတဲ့တရားများက ဥပါဒ်, ဌီ, ဘင်အားဖြင့် အမြဲ ဖြစ်,ပျက် ဖောက်ပြန်နေတဲ့

http://www.dhammadownload.com



တရားတွေ ဖြစ်တယ်၊ စိတ်သည် မျက်စိတစ်မှိတ်အတွင်း ကုဋေတစ်သိန်းဖြစ်ပြီး ကုဋေတစ်သိန်း ပျက်တယ်။

ရုပ်တရားက (တာနိ ပန သတ္တရသ စိတ္တက္ခဏာနိ ရူပဓမ္မာနမာယူ)လို့ ဝိထိပိုင်းမှာ ပြတဲ့အတိုင်း စိတ္တက္ခဏ ၁၇–ချက်မှာ တစ်ကြိမ်ဖြစ်ပြီး ပျက်တယ်၊ ဒီတော့ မဖောက်မပြန်တဲ့ တရားဖြစ်လို့ ပရမတ္ထအမည်ရတယ်လို့လည်း ဆိုတယ်၊ လက်တွေ့မှာ ဖောက်လည်း ဖောက်ပြန်နေတယ်၊ ရှေ့စကားနှင့်နောက်စကား ဆန့်ကျင်နေသလို ဖြစ်နေတယ်၊ ဒီဟာကို စိတ်မကြည်လင်လို့ ကိုညိုဝင်းက မေးတာပဲကွယ့်။

စိတ်, စေတသိက်, ရုပ်တရားတွေဟာ အလွန် လျင်လျင်မြန်မြန် ဖြစ်ပျက်နေကြတယ်၊ လောကမှာ တိုက်ချင်းပစ် ဒုံးပျံတွေ၊ ဂျက်လေယာဉ်ပျံတွေဟာ ဘယ်လောက်မြန်သည်ပင် ဖြစ်စေ စိတ်, စေတသိက်တို့ရဲ့ အဖြစ်အပျက်လောက် မမြန်ဘူး၊ ဒါကြောင့် စိတ်, စေတသိက်တို့ အလွန် လျင်မြန်စွာ ဖြစ်ပျက်နေပုံကို ဥပမာပြစရာတောင် မရှိလို့ ဒုဋ္ဌနေ့ဂ္ဂဟသုတ်မှာ ဘုရားဟောတော်မူထားတယ်၊ စိတ်, စေတသိက်တွေ ခုလို လျင်လျင်မြန်မြန် ဖြစ်ပျက်နေတာဟာ သဘောအားဖြင့် ဖောက်ပြန်နေတာ မဟုတ်ဘူး၊ ရုပ်တရားဟာလည်း ရုပ္ပနလက္ခဏာအရ အပူကြောင့် ဖောက်ပြန်အအေးကြောင့် ဖောက်ပြန်ခြင်းတို့ဟာ သဘောအားဖြင့် ဖောက်ပြန်တာ မဟုတ်ဘူး၊ သဘောအားဖြင့် ဘယ်လို မဖောက်ပြန်တာလည်းဆိုတော့–

* **စိတ်ဆိုတာ ကြံစည်တတ်တဲ့သဘောမှတစ်ပါး မဖောက်ပြန်ဘူး၊**
* **စေတသိက်သည် စိတ်ကို မှီ၍ ဖြစ်တတ်သောသဘောမှ မဖောက်ပြန်ဘူး၊**
* **ရုပ်တရားသည် ကက္ခဠ ကြမ်းတမ်းသော သဘောလက္ခဏာမှ မဖောက်ပြန်ဘူး၊**
* **နိဗ္ဗာန်သည် မီး ၁၁–ပါးတို့၏ ငြိမ်းသောသဘောမှ ဖောက်ပြန်ခြင်း မရှိဘူး၊**

"အဲဒီလို မိမိသဘောလက္ခဏာမှ မဖောက်ပြန်ခြင်းကို အဝိပရီတလို့ ဆိုတယ်၊ မဖောက်ပြန်သော အဝိပရီတသဘောရှိလို့ ဥတ္တမ– မြတ်တယ်လို့ ဆိုတယ်၊ မြတ်သောအထည်ကိုယ်ဒြပ်ဖြစ်လို့ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဆိုတဲ့ တရားလေးပါးကို ပရမတ္ထ ခေါ်တယ်လို့ ဖြေလိုက်ပါတယ်ကွယ်"

"သာဓု – သာဓု – သာဓု"

❋ ❋ ❋

http://www.dhammadownload.com



# သဿတနှင့် ဥစ္ဆေဒ

“ဟောဒီစာက ထီးချိုင့်မြို့၊ ဈေးအတွင်း၊ အေးမင်းထွန်းစာပေက ကိုအေးငွေ ရဲ့ မေးလျှောက်စာ ဖြစ်ပါတယ်ဘုရား”

“ကိုအေးငွေက ဘာတွေများ မေးထားသလဲကွယ့်”

“ကိုအေးငွေက ‘ဓမ္မစကြာသုတ်အနက် ကျက်မှတ်တဲ့အခါ နိဿယအမှာ – သဿတဒိဋ္ဌိနှင့်ယှဉ်သော ကာမသုခလ္လိကာနုယောဂအကျင့်နှင့် ဥစ္ဆေဒဒိဋ္ဌိနှင့်ယှဉ်သော အတ္တကိလမထာနုယောဂအကျင့်’လို့ တွေ့ရသတဲ့ဘုရား”

**ကာမသုခလ္လိကာနုယောဂအကျင့်ဟာ သဿတဒိဋ္ဌိနှင့် ဘယ်လိုယှဉ်သလဲ၊ အတ္တကိလမထာနုယောဂအကျင့်ဟာ ဥစ္ဆေဒဒိဋ္ဌိနှင့် ဘယ်လိုယှဉ်သလဲဆိုတာ** ဉာဏ် မမိတဲ့အတွက် ဆရာတော်ထံ စာဖြင့် ရေးလျှောက်ခြင်း ဖြစ်ပါတယ်ဘုရား”

“သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိတို့ဟာ သက္ကာယဒိဋ္ဌိလို့ခေါ်တဲ့ အတ္တဒိဋ္ဌိက ပေါက်ဖွားလာကြတဲ့ မိစ္ဆာဒိဋ္ဌိများ ဖြစ်ကြသကွယ့်၊ ဒါကြောင့် သဿတနှင့် ဥစ္ဆေဒ တို့ကို မပြောမီ သက္ကာယဒိဋ္ဌိကို ဦးစွာ ပြောပြဦးမယ်”

“မိန့်တော်မူပါဘုရား”

“ခန္ဓဝဂ္ဂသံယုတ်၊ ဓမ္မကထိကဝဂ်မှာ ဗန္ဓနသုတ်ရယ်လို့ ရှိတယ်၊ ဗန္ဓနသုတ် က......

## ဗန္ဓနသုတ်

သာဝတ္ထိနိဒါန်း... ရဟန်းတို့ ဤလောက၌ အကြားအမြင်မရှိ၊ အရိယာတို့ ကို မမြင်ဘူးသော၊ သူတော်ကောင်းတရား၌ မယဉ်ကျေးသော ပုထုဇဉ်သည်...

http://www.dhammadownload.com



(၁) ရုပ်ကို အတ္တဟု ရှု၏။

(၂) ရုပ်ရှိသော အတ္တဟု ရှု၏။

(၃) အတ္တ၌ ရုပ်ဟု ရှု၏။

(၄) ရုပ်၌ အတ္တဟု ရှု၏။

ရဟန်းတို့... အကြားအမြင်မရှိသော ပုထုဇဉ်ကို ရုပ်အနှောင်အဖွဲ့ဖြင့် နှောင်ဖွဲ့ခံရသူ၊ အတွင်းအပြင်နှင့်တကွ အနှောင်အဖွဲ့ဖြင့် နှောင်ဖွဲ့ခံရသူ၊ ဤမှာ ဘက်ကမ်းကိုလည်း မမြင်သူ၊ ဟိုမှာဘက်ကမ်းကိုလည်း မမြင်သူ၊ အနှောင်အဖွဲ့ခံရလျက် အိုရသူ၊ အနှောင်အဖွဲ့ခံရလျက် သေရသူ၊ အနှောင်အဖွဲ့ခံရလျက် ဤလောကမှတစ်ပါးသော လောကသို့ သွားရသူဟု ဆိုအပ်၏။

ထိုနည်းတူစွာ ဝေဒနာကို အတ္တ ရှု၏၊ သညာကို, သင်္ခါရကို, ဝိညာဏကို ...တူပြီ) (သက္ကာယဒိဋ္ဌိ-၂၀)

အခုပြောခဲ့တာက ဗန္ဓနသုတ်အကျဉ်းချုပ်ပေါ့ကွယ်၊ ဒီ ဗန္ဓနသုတ်ကို လေ့လာခဲ့လျှင် ပုထုဇဉ်ပုဂ္ဂိုလ်ဟာ ခန္ဓာတစ်ပါး တစ်ပါးပေါ်မှာ အတ္တအစွဲအလမ်း ၄-မျိုးစီ, ၄-မျိုးစီ ယူဆစွဲလမ်းကြောင်း သိရတယ်၊ ခန္ဓာတစ်ပါးမှာ ၄-မျိုးယူဆတော့ ခန္ဓာငါးပါးမှာ အတ္တအစွဲအလမ်း ၂၀-ဖြစ်တာပေါ့ကွယ်၊ အဲဒီ အစွဲအလမ်း ၂၀-ကို ပြန်ပြီး စစ်ဆေးကြည့်ကြဦးစို့ကွယ်။

"မှန်ပါ၊ စစ်ဆေးပြပါဦး ဘုရား"

"ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏဆိုတဲ့ ခန္ဓာငါးပါးအနက် ရှေးဦးစွာ ရုပ်ကို အတ္တစွဲလမ်းပုံ ၄-ချက် ကြည့်ကြစို့။

"ပထမယူဆချက်က ရုပ်ကို အတ္တလို့ ယူဆသတဲ့၊ ရုပ်ကိုအတ္တလို့ ယူဆတယ်ဆိုတာက ရုပ်သည်ပင် အတ္တ၊ အတ္တသည်ပင် ရုပ်လို့ ဆိုလိုတယ်၊ ရုပ်နှင့်အတ္တ မကွဲပြားဘူး၊ အတူတူပဲလို့ ဆိုလိုတာပေါ့"

"ဒုတိယယူဆချက်က ရုပ်ရှိသော အတ္တတဲ့ ဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"ရုပ်ရှိသောအတ္တဆိုလိုက်တော့ အိမ်ရှိသောလူဆိုတာလို အိမ်တခြား, လူတခြား, ရုပ်တခြား အတ္တတခြား ဖြစ်နေတာပေါ့၊ ဟုတ်တယ် မဟုတ်လား"

"တင်ပါ့ဘုရား"

http://www.dhammadownload.com



"တတိယယူဆချက်က အတ္တဌ် ရုပ်တဲ့ကွယ်၊ အတ္တက အမှီခံတရား၊ ရုပ်က မှီတတ်တဲ့တရား နိဿယနှင့် နိဿိတဖြစ်လို့ အရကောက်ချင်း မတူကြဘူး၊ ကျန်တဲ့ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်တို့မှာလည်း ဤနည်းအတိုင်း ကောက်ရမှာပဲကွယ့်၊ သက္ကာယဒိဋ္ဌိ ၂၀–ကို ဤနည်းအတိုင်း ဝေခွဲကောက်ယူတဲ့အခါမှာ ပထမစွဲလမ်းချက် ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ် ဒိခန္ဓာငါးပါးနှင့် အတ္တတရားဟာ အရကောက် မကွဲပြားဘူး၊ အတူတူ ဖြစ်တယ်၊ ဒါကြောင့် ခန္ဓာငါးပါး ပျက်စီးလျှင် အတ္တလည်း ပျက်စီးတယ်၊ ခန္ဓာဟာ ပျက်စီးပြီးနောက် အသစ်တစ်ဖန် ပြန်လည် မဖြစ်သလို အတ္တဟာလည်း အသစ်မဖြစ်တော့ဘဲ ပြတ်သွားတယ်လို့ ယူဆတယ်"

သက္ကာယဒိဋ္ဌိ ၂၀–အတွင်းက အဲဒီပထမ ယူဆစွဲလမ်းချက် ၅–ခုဟာ ဥစ္ဆေဒဒိဋ္ဌိ အယူအဆ အစွဲအလမ်း ၅–ခုဖြစ်တယ်၊ ကျန် အစွဲအလမ်း အယူအဆ ၁၅–ပါးကတော့ ခန္ဓာနှင့်အတ္တ အရကောက်မတူဘူး၊ တခြားစီဖြစ်တယ်၊ ဒါကြောင့် ခန္ဓာ ပျက်စီးသွားသော်လည်း အတ္တက မပျက်စီးဘဲ ထိုထိုဘဝ လိုက်ပါပြီး ဖြစ်တယ်လို့ ယူဆတဲ့အတွက် သဿတဒိဋ္ဌိ ၁၅–ပါးလို့ မှတ်ရမယ်ကွယ့်။

သက္ကာယဒိဋ္ဌိ ၂၀–မှာ ယခုလို ရွေးထုတ်လိုက်တော့ ဥစ္ဆေဒဒိဋ္ဌိ ၅–ပါးနှင့် သဿတဒိဋ္ဌိ ၁၅–ပါး ဖြစ်ပေါ်လာတယ်၊ ဒါကြောင့် သဿတနှင့် ဥစ္ဆေဒတို့ကို သက္ကာယဒိဋ္ဌိက ပေါက်ဖွားလာတယ်လို့ ကျမ်းများမှာ ဖော်ပြကြတယ်။

ဥစ္ဆေဒဒိဋ္ဌိဟာ ယခုဘဝဌ်ပင် ခန္ဓာရော အတ္တပါ ပြတ်စဲသွားတဲ့အတွက် ဥစ္ဆေဒဒိဋ္ဌိ အယူရှိတဲ့သူဟာ နောက်ဘဝ ငါဖြစ်ဦးမှာပဲလို့ မျှော်လင့်ချက် မရှိတော့ဘူး၊ နောက်ဘဝ မျှော်လင့်ချက် မရှိတော့တဲ့အတွက် ကောင်းတဲ့ကုသိုလ်ကံ လုပ်လျှင်လည်း ကောင်းကျိုးတရား ခံစားခွင့် မရှိဘူး၊ မကောင်းတဲ့ အကုသိုလ်ကံ လုပ်လျှင်လည်း မကောင်းကျိုး ခံစားခွင့် မရှိဘူး၊ ဒီတော့ ပုထုဇဉ်ဆိုတာ ကိလေသာ အပြည့်ရှိနေတဲ့ ပုဂ္ဂိုလ်ပဲ၊ ကိလေသာ အပြည့်ရှိနေတဲ့ ပုဂ္ဂိုလ်ဟာ (ပါပသ္မိံ ရမတိ မနော)ဆိုတဲ့အတိုင်း မကောင်းမှု အကုသိုလ်ဘက်မှာ အားသန်နေတဲ့စိတ်ကို ကုသိုလ်ဘက် ဆွဲဆောင်ဖို့ မလိုတော့ဘူး၊ စိတ်ကြိုက်ရာဘက် မျောပါပြီး ကာမဂုဏ်တရား ခံစားဖို့ ရှိတော့တာပဲ၊ ဒါကြောင့် ဥစ္ဆေဒဒိဋ္ဌိကို ကာမသုခလ္လိကာနုယောဂ (ကာမဂုဏ်ချမ်းသာ ခံစားမှုနှင့်ယှဉ်တယ်)လို့ ဆိုလိုတယ်။

သဿတဒိဋ္ဌိ အယူရှိတဲ့ပုဂ္ဂိုလ်က ဘဝဟာ မပြတ်မစဲ ထပ်တလဲလဲ ဖြစ်နေဦးမှာကိုးကွယ့်၊ အဲဒီလို ဘဝဖြစ်ရာမှာလည်း ကုသိုလ်ကံ, အကုသိုလ်ကံကို

http://www.dhammadownload.com



အခြေခံပြီး ကုသိုလ်ကံရှိလျှင် ကောင်းသောသုဂတိဘုံမှာ ဖြစ်မယ်၊ အကုသိုလ်ကံရှိလျှင် မကောင်းတဲ့ ဒုဂ္ဂတိဘုံမှာ ဖြစ်မယ်လို့ ယူဆပြီး နောင်အခါ ကောင်းသော သုဂတိဘုံရောက်အောင် (အတ္တကိလမထာနု ယောဂ- ခန္ဓာကိုယ်ကို ညှင်းပမ်းနှိပ်စက်ခြင်းနှင့်ယှဉ်သော) ကောင်းမှုကုသိုလ် ပြုလုပ်ရတယ်လို့ အဓိပ္ပာယ်ရတယ်ကွယ့်၊ သို့သော်လည်း ဒီအဖြေဟာ အမေးနှင့်တော့ မညီဘူး၊ အမေးက ကာမသုခလ္လိကာနုယောဂအကျင့်က သဿတဒိဋ္ဌိနှင့် ယှဉ်တယ်၊ အတ္တကိလမထာနုယောဂအကျင့်က ဥစ္ဆေဒဒိဋ္ဌိနှင့် ယှဉ်တယ်ကိုးကွယ်၊ အခု အဖြေက ကာမသုခလ္လိကာနုယောဂအကျင့်က ဥစ္ဆေဒနှင့်ယှဉ်ပြီး အတ္တကိလမထာနုယောဂအကျင့်က သဿတနှင့် ယှဉ်နေတယ်၊ အမေးနှင့်အဖြေ ဆန့်ကျင်ဘက် ဖြစ်နေတာပေါ့"

"အမေးနှင့်အဖြေ ညီညွတ်အောင် ဘယ်လို ယူဆရမှာလဲ ဘုရား"

"အမေးနှင့်အဖြေ ညီညွတ်အောင် ဖြေရမယ်ဆိုလျှင် သဂါထာဝဂ္ဂသံယုတ်အစမှာ ဩဃတရဏသုတ် ဆိုတာပါသကွယ့်၊ သုတ်ရဲ့အဓိပ္ပာယ်က...

## ဩဃတရဏသုတ်

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အခါက တစ်ခုသော သန်းခေါင်ယံမှာ နတ်သားတစ်ယောက်ဟာ ဘုရားရှင်ထံ လာရောက်ပြီး ပြဿနာမေးလျှောက်ထားတယ်၊ "အရှင်ဘုရားတဲ့... အရှင်ဘုရားဟာ ဘယ်လိုတရားကို အကြောင်းပြုပြီး သံသရာအလျဉ်က ကူးမြောက်တော်မူပါသလဲ"တဲ့။

ဘုရားရှင်က "ဒါယကာ နတ်သား၊ ငါဟာ ရပ်တည်၍လည်း မနေ၊ အားထုတ်ခြင်းလည်း မပြုဘဲ သံသရာရေအလျဉ်က ကူးမြောက်ခဲ့တယ်"လို့ ဖြေတော်မူတယ်။

နတ်သားက "အရှင်ဘုရား– ဘယ်လို ရပ်တည်မနေဘဲ ဘယ်လိုအားမထုတ်ဘဲ သံသရာရေအလျဉ်ကို ကူးမြောက်တော်မူပါသလဲ"လို့ ထပ်လျှောက်တော့ ဘုရားရှင်က "ငါဟာ ရပ်တည်နေလျှင် သံသရာရေအလျဉ်အတွင်း နစ်မြုပ်သွားမယ်၊ အားထုတ်ပြီး ကူးပြန်သော်လည်း ရေအလျဉ်နောက် မျောပါသွားမယ်၊ ဒါကြောင့် ငါဟာ ရပ်တည်၍လည်း မနေ၊ အားထုတ်ခြင်းလည်း မပြုဘဲ သံသရာအလျဉ်က ကူးမြောက်ခဲ့တယ်"လို့ ဖြေတော်မူတယ်၊ ဒီအခါ နတ်သားက "ရပ်တည်၍လည်း မနေ၊ အားထုတ်ခြင်းလည်း မပြုဘဲ သံသရာရေအလျဉ်ကို ကူးမြောက်တော်မူပြီးသော မြတ်စွာဘုရားကို ဖူးမြင်ရလေစွတကား"လို့ လျှောက်ထားပြီး ကွယ်ပျောက်သွားသတဲ့ကွယ့်။

http://www.dhammadownload.com



ဒီနေရာမှာ ဘုရားရှင်ဖြေကြားတဲ့ အားမထုတ်ခြင်း၊ မရပ်တည်ခြင်းဆိုတာ ဘာလဲလို့ နတ်သားက ဘုရားရှင်ကို ပြန်မလျှောက်သွားဘူး၊ သူ ပြန်မလျှောက်တာက ဘုရားရှင်ရဲ့အဖြေကို သဘောပေါက်သွားလို့ပါပဲ၊ နတ်သားက သဘောပေါက်သော်လည်း သူ့သူငါငါ အနေနှင့်တော့ မထင်ရှားဘူးကွယ့်၊ ဒါကြောင့် အဋ္ဌကထာဆရာက ရပ်တည်ခြင်း အားထုတ်ခြင်းဆိုတာကို ဒုက (၇)ပါးနှင့် ဖွင့်ပြထားတယ်။

"ဘယ်လိုဖွင့်ပြထားသလဲ အမိန့်ရှိပါဦးဘုရား"

"**ပထမဒုက–က ကိလေသာနှင့် အဘိသင်္ခါရတဲ့ကွယ်၊ ကိလေသာဆိုတဲ့** တရားက သံသရာဝဲဂုယက်က လွဲမထွက်နိုင်အောင် ရပ်တည်နေတာနှင့် တူတယ်၊ မြစ်အလယ်မှာ ဘာမျှမလုပ်ဘဲ ရပ်တည်နေလျှင် နစ်မြုပ်သွားမှာပဲ ဖြစ်တယ်၊ သံသရာခရီးသွားပုဂ္ဂိုလ်ဟာလည်း သံသရာက ကျွတ်လွတ်ဖို့ ဘာမျှမလုပ်လျှင် သံသရာမှာ နစ်မျော,မျောသွားမှာပဲ၊ နစ်မျောဆိုတာက သံသရာမှာ ကျင်လည်စဉ် လူနတ်ဗြဟ္မာဆိုတဲ့ အထက်တန်းစားက မကျင်လည်ရဘဲ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်ဆိုတဲ့ အပါယ်ဘုံမှာ နစ်မြုပ်ပြီး ကျင်လည်ရမယ်လို့ ဆိုလိုတယ်"

**အဘိသင်္ခါရ**ဆိုတာက ကုသိုလ်ကံကို ဆိုလိုတယ်၊ ကုသိုလ်ကံဆိုတာကလည်း ဒါနမှု, သီလမှု, ဘာဝနာမှုများကို ဆိုလိုတယ်၊ ဒါနမှု, သီလမှု, ဘာဝနာမှုဆိုတာကလည်း နိဗ္ဗာန်တိုင်ထိ အားထုတ်တဲ့ကံမျိုးကို မဆိုလိုဘူး၊ ကာမာဝစရကုသိုလ်ကံ, မဟဂ္ဂုတ်ကုသိုလ်ကံမျှ အားထုတ်ခြင်းကို ဆိုလိုတယ်၊ ကာမာဝစရကုသိုလ်ကံမျှကိုသာ အားထုတ်ခဲ့လျှင် ကာမသုဂတိ ၇–ဘုံမှာ ဖြစ်မယ်၊ မဟဂ္ဂုတ်ကုသိုလ်ကံမျှကိုသာ အားထုတ်ခဲ့လျှင် ရူပဗြဟ္မာ, အရူပဗြဟ္မာဘုံမှာ ဖြစ်မယ်၊ ဒါကြောင့် အဘိသင်္ခါရခေါ်ရတဲ့ ကာမကုသိုလ်ကံ, မဟဂ္ဂုတ်ကုသိုလ်ကံမျှသာ ပြုလုပ်ခဲ့လျှင်လည်း သံသရာမှာ ပေါ်မျော, မျောမယ်လို့ ဆိုလိုတယ်။

"ဒုတိယဒုက–က တဏှာနှင့် ဒိဋ္ဌိတဲ့ကွယ့်"

"**တဏှာ**ဆိုတာက အဆင်းစသည်ကို တပ်မက်တဲ့တဏှာပေါ့၊ တဏှာရဲ့ အစွမ်းအားဖြင့် သံသရာမှာ ပျော်မွေ့နေလျှင် အားမထုတ်ဘဲ ရပ်တည်နေတာနှင့် တူလို့ သံသရာမှာ နစ်မြုပ်သွားမယ်တဲ့၊ ဒိဋ္ဌိဆိုတာက မိစ္ဆာဒိဋ္ဌိ အယူရှိကြတဲ့ ပုရာဏကဿပစတဲ့ ရသေ့ဒိဋ္ဌိများကို ဆိုလိုတယ်၊ အဲဒီ ရသေ့များဟာ ကိလေသာ ကုန်ခန်းအောင်ရယ်လို့ ကိုယ်ကို ညှဉ်းပမ်းခြင်း အတ္တကိလမထာနုယောဂအကျင့်များကို ပြုလုပ်ကြသော်လည်း ဒီအကျင့်များဖြင့် ကိလေသာမကုန်နိုင်ဘူး၊ ကိလေသာ မကုန်တဲ့အတွက် သံသရာမှာ ပေါ်မျော, မျောသွားမယ်ကွယ့်"

http://www.dhammadownload.com



"**တတိယဒုက–က သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ**ပဲ၊ သဿတဒိဋ္ဌိဟာ ရပ်တည်နေတာနဲ့ တူလို့ သံသရာမှာ နစ်မြုပ်မယ်တဲ့၊ ဥစ္ဆေဒဒိဋ္ဌိက အားထုတ်ကူးခတ်ခြင်းနှင့် တူလို့ သံသရာမှာ ပေါ်မျော, မျောမယ်တဲ့"

ဒီနေရာမှာ ဆိုလိုချင်တာက တတိယဒုကပဲကွယ့်၊ တတိယဒုကအရ သဿတနှင့် ဥစ္ဆေဒနှစ်ပါးမှာ သဿတအရ တဏှာကို ကောက်ယူတယ်၊ ဥစ္ဆေဒအရ ဒိဋ္ဌိကို ကောက်ယူတယ်၊ အဓိပ္ပာယ်က တဏှာ၏ အစွမ်းဖြင့် ကာမဂုဏ်ကို ခံစားတယ်ဆိုတာ ထိုကာမဂုဏ်ကို ခိုင်မြဲတယ်လို့ ယူဆတဲ့ 'သဿတ'အယူကြောင့် ဖြစ်တယ်၊ ဒိဋ္ဌိအစွမ်းအားဖြင့် အတ္တကိလမထာနုယောဂအကျင့် ကျင့်တယ်ဆိုတာ ဒီအကျင့်ဖြင့် ဘဝပြတ်မယ်လို့ ယူဆတဲ့ ဥစ္ဆေဒအယူကြောင့် ဖြစ်တယ်၊ ယခု ပြောခဲ့တဲ့ တဏှာနှင့် ဒိဋ္ဌိ, သဿတနှင့် ဥစ္ဆေဒဟာ မူလက ဖြေဆိုခဲ့တဲ့ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိတို့နှင့် အမည်ချင်းတူသော်လည်း သဘောခြင်း မတူဘူးလို့ ယူဆတယ်၊ နိဿယဆရာတော် ပြဆိုတဲ့ သဿတနှင့် ကာမသုခလ္လိက၊ ဥစ္ဆေဒနှင့် အတ္တကိလမထဆိုတာဟာ ယခု ဩဃတရဏ အဋ္ဌကထာကို ရည်ညွှန်းတာပဲ ဖြစ်တယ်ကွယ့်။

"မှန်ပါ၊ သဿတနှင့် ဥစ္ဆေဒကိုတော့ အနည်းငယ် ရှင်းလင်းသွားပါပြီ၊ ဆရာတော် ထုတ်ပြတဲ့ ဒုက ၇–ပါးကို ပြီးဆုံးအောင် မိန့်တော်မူပါဦးဘုရား"

"ဒုက ၇–ပါးအနက် ယခု တတိယဒုက ပြီးသွားပြီ၊ **စတုတ္ထဒုက,က တဏှာ, ဒိဋ္ဌိနှင့် အဘိသင်္ခရဏ**တို့ ဖြစ်ကြတယ်၊ တဏှာ, ဒိဋ္ဌိတို့ဖြင့် ရပ်တည်နေလျှင် နစ်မြုပ်မယ်၊ တဏှာ, ဒိဋ္ဌိတို့မှ ကြွင်းသော ကိလေသာတို့၏ အစွမ်းဖြင့် အားထုတ်လျှင် ပေါ်မျော, မျောမယ်တဲ့"

"ပဉ္စမဒုက,က ကာမသုခလ္လိကာနုယောဂနှင့် အတ္တကိလမထာနုယောဂတို့ ဖြစ်ကြတယ်၊ ကာမသုခလ္လိကာနုယောဂအစွမ်းဖြင့် ကာမဂုဏ်အကြားမှာ နစ်မြုပ်နေလျှင် ဘဝမှ လွတ်မြောက်အောင် အားထုတ်ခြင်း မရှိတဲ့အတွက် ရပ်တည်နေတာနှင့် တူတယ်၊ သံသရာမြစ်အလယ်မှာ ရပ်တည်နေလျှင် နစ်မြုပ်သွားမယ်တဲ့၊ ကိုယ်ကို ညှဉ်းပမ်းခြင်း အတ္တကိလမထာနုယောဂအကျင့်ဖြင့် အားထုတ်ပြန်လျှင်လည်း အားထုတ်မှုမမှန်တဲ့အတွက် ပေါ်မျော, မျောသွားမယ်တဲ့"

"**ဆဋ္ဌမဒုက,က လီနနှင့် ဥဒ္ဓစ္စ**တဲ့၊ လီနဆိုတာ တွန့်တိုဆုတ်နစ်တာပေါ့၊ တွန့်တိုဆုတ်နစ်သောစိတ်ဖြင့် ဘာမျှမလုပ်ဘဲ နေလျှင်လည်း မြုပ်သွားမယ်တဲ့၊

http://www.dhammadownload.com



ဥဒ္ဓစ္စဆိုတာ ပြန့်လွင့်တာတဲ့၊ ပြန့်လွင့်တဲ့စိတ်ဖြင့် အားထုတ်ပြန်လျှင်လည်း ပေါ်မျော, မျောသွားမယ်တဲ့"

**"သတ္တမဒုက,က အကုသလာဘိသန်ရဏနှင့် လောကိယကုသလာဘိသန်** ရဏတို့ ဖြစ်ကြတယ်၊ အကုသလာဘိသန်ရဏဆိုတာက အကုသိုလ်ကံတွေကို လုပ်နေလျှင် အပါယ်ဘုံမှာ မြုပ်မျော, မျောမယ်တဲ့၊ လောကိယကုသလာဘိသန် ရဏဆိုတာက လောကီကုသိုလ်တွေ အားထုတ်နေပြန်လျှင်လည်း ပေါ်မျော မျောမယ်တဲ့၊ ဒါကြောင့် သံသရာမှာ မြုပ်မျောလည်း မမျော၊ ပေါ်မျောလည်း မမျောရအောင် လောကုတ္တရာကုသိုလ်ဆိုတဲ့ မဂ်ကုသိုလ်ကိုရအောင် အားထုတ်ပါလို့ ဆိုလိုတာပါပဲကွယ်"

"တပည့်တော်ကို အနည်းငယ် ထပ်ဆင့်လျှောက်ထားခွင့်ပြုပါဦးဘုရား"

"လျှောက်ထားပါ၊ ဘာများ လျှောက်ထားချင်တာလဲကွယ့်"

"ဆရာတော်ဘုရားရဲ့အဖြေကို ကြားရတော့ တပည့်တော် ပိုသဘောပေါက်ပါတယ်ဘုရား၊ လောကမှာ ကာမဂုဏ် ခံစားကြတယ်ဆိုတာ သဿတဒိဋ္ဌိနှင့် ယှဉ်ပြီး ခံစားကြတယ်၊ ခံစားအပ်တဲ့ အာရုံဟာ အမြဲတည်တယ်လို့ ယုံကြည်ပြီး ခံစားတာပေါ့ဘုရား၊ အဲဒီအာရုံ အမြဲတည်တယ်လို့ ထင်မြင်မှု သဿတဒိဋ္ဌိဆိုတာဟာ ယခု ပစ္စုပ္ပန်မျှကိုသာ ငဲ့တယ်၊ သက္ကာယဒိဋ္ဌိ ၂၀–အတွင်းက သဿတဒိဋ္ဌိ ၁၅–ပါးတော့ မဟုတ်ဘူး၊ သဿတဒိဋ္ဌိ ၁၅–ပါး မဟုတ်တဲ့အပြင် ဒီရုပ်, ဒီနာမ်ဟာ ဒီဘဝမှာပင် ပြတ်တယ်၊ နောက်နောက်ဘဝ ဖြစ်ရန် မရှိတော့ဘူး၊ ဒါကြောင့် ရုပ်နာမ် မပြတ်ခိုက် ကာမဂုဏ်တရားကို အပြည့်အဝ ခံစားပေတော့လို့ ဥစ္ဆေဒဒိဋ္ဌိအတွင်း သက်ဝင်သွားတယ်လို့ ယူဆပါတယ်၊ တပည့်တော် ယူဆတာ ဟုတ်ပါသလား ဘုရား"

"ဟုတ်ပါတယ်၊ ဘုန်းကြီးလည်း ဒီလိုပင် ယူဆပါတယ်"

"နို့ပြီး မိမိခန္ဓာကိုယ်ကို ညှဉ်းပမ်းနှိပ်စက်ပြီး တရားကျင့်တဲ့ပုဂ္ဂိုလ်ဟာ ဒီအကျင့်ဖြင့် ငါဟာ ဘဝ ပြတ်လိမ့်မယ်၊ နောက်တစ်ဖန် ရုပ်သစ်, နာမ်သစ်ဖြစ်ဖို့ မရှိဘူး ဆိုတဲ့ ရုပ်ပြတ်, နာမ်ပြတ် ဥစ္ဆေဒအယူကို ငဲ့တယ်ပေါ့ ဘုရား၊ အဲဒီလို ရုပ်ပြတ် နာမ်ပြတ်ကို ငဲ့ခြင်းဟာ (အကျင့်ကြောင့် ပြတ်တယ်)ဆိုတဲ့ ပစ္စုပ္ပန်မျှကိုသာ ငဲ့တယ်၊ သက္ကာယဒိဋ္ဌိ ၂၀–အတွင်းက အကျင့်ကြောင့် မဟုတ်တဲ့ ပြတ်ခြင်းဥစ္ဆေဒ ဒိဋ္ဌိ ၅–ပါးတော့ မဟုတ်ဘူး၊ မဟုတ်တဲ့အပြင် ဤ ကောင်းမွန်သော အကျင့်ကြောင့်

http://www.dhammadownload.com



ယခုဘဝမှာ (အတ္တ)ပြတ်လျှင် ပြတ်၊ မပြတ်လျှင် ဤကောင်းမှုကံကြောင့် ကောင်းသော သုဂတိဘုံမှာ ငါ့ရဲ့အတ္တ ဖြစ်ရမယ်လို့ ယူဆခြင်းရှိတဲ့အတွက် သဿတဒိဋ္ဌိ အတွင်းမှာတောင် ပါဝင်သွားတာပေါ့ဘုရား၊ ဒီအယူအဆကော ဟုတ်ပါသလား ဘုရား"

"ဟုတ်ပါတယ်၊ လောကမှာ အတ္တတရားဟာ မပြတ်စဲဘူး၊ တစ်ဘဝပြီး တစ်ဘဝ ကုသိုလ်, အကုသိုလ်အကျိုးကို အတ္တက လိုက်ပြီး ခံစားတယ်ဆိုတဲ့ သဿတဒိဋ္ဌိအယူဟာ ကံ, ကံရဲ့အကျိုးကို ယုံကြည်တဲ့ ကမ္မဝါဒီအတွင်းမှာ ပါဝင် တယ်၊ ကမ္မဝါဒီအတွင်းမှာပါဝင်တဲ့အတွက် ရတနာသုံးပါးအပေါ် သက်ဝင်ယုံကြည်သူ ပင်ဖြစ်စေ၊ ရတနာသုံးပါးအပေါ် မယုံကြည်တဲ့ မိစ္ဆာဒိဋ္ဌိပင် ဖြစ်စေ ကုသိုလ်ကံကို အားထုတ်တယ်၊ အားထုတ်တဲ့ကုသိုလ်ကံကြောင့် သုဂတိဘုံမှာ ဖြစ်နိုင်တယ်၊ သဂါထာဝဂ္ဂသံယုတ် တာယနသုတ်မှာ တာယနနတ်သားဟာ လူ့ဘဝက ရတနာ သုံးပါးအပေါ် မယုံကြည်တဲ့ တိတ္ထိတစ်ဦးပါပဲ၊ သို့သော်လည်း ကမ္မဝါဒီ ပုဂ္ဂိုလ်ဖြစ်လို့ ကုသိုလ်ကို လုပ်တယ်၊ ကုသိုလ်ကံကြောင့် နတ်ဖြစ်တယ်လို့ အဋ္ဌကထာမှာ ဖွင့်ပြထားတယ်၊ ဒါကြောင့် သဿတဒိဋ္ဌိအယူရှိတဲ့ ပုဂ္ဂိုလ်က ကမ္မဝါဒီအတွင်း ပါဝင်လို့ ဒါနကံ, သီလကံကစပြီး အတ္တကိလမထာနုယောဂတိုင်အောင် ကောင်းမှု အလုပ်ကို လုပ်တယ်။

ဥစ္ဆေဒဒိဋ္ဌိအယူရှိတဲ့ ပုဂ္ဂိုလ်က လူသေလျှင် ပြတ်တာမို့ ကံကို ယုံကြည်တဲ့ ကမ္မဝါဒီ မဟုတ်ဘူး၊ ကမ္မဝါဒီမဟုတ်တဲ့အတွက် ကုသိုလ်ကောင်းမှု မလုပ်ဘူး၊ ကာမဂုဏ်ကို ခံစားတဲ့ ကာမသုခလ္လိကာနုယောဂမှ စပြီး မကောင်းမှုကို လုပ်တတ် တယ်။

"မှန်ပါ၊ တပည့်တော် နားရှင်းသွားပါပြီဘုရား"

"အခု ဖြေဆိုခဲ့တာက ငါတို့ရဲ့အယူအဆကို တင်ပြဖြေဆိုခဲ့တာပဲ၊ ယခု အယူအဆဟာ မှားချင်လည်း မှားမယ်ပေါ့၊ ဒီထက်ကောင်းတဲ့ အယူအဆရှိသေးလျှင် လည်း အဲဒီခိုင်ခန့်တဲ့ အယူအဆကို ယူတာပေါ့ကွယ် ဟုတ်လား"

"မှန်ပါ၊ ဝမ်းသာလှပါပြီဘုရား"

"သာဓု – သာဓု – သာဓု"

* * *

http://www.dhammadownload.com



# လူနှင့်နတ်

"ဟောဒီစာက ရွှေကူမြို့ ခုံခမ်း အမှတ်(၁)ရပ်ကွက် ဦးသိန်းမြင့်ရဲ့ မေးလျှောက်လွှာ ဖြစ်ပါတယ် ဘုရား"

"ဆိုစမ်းပါဦး၊ ဦးသိန်းမြင့် ဘာတွေများ မေးမြန်းထားသလဲကွယ့်"

"ဦးသိန်းမြင့်ရဲ့ အမေးက ဒီလိုပါဘုရား၊ မန္ဓာတုစကြာမင်းကြီးဟာ နတ်ပြည်ကို တတ်ရောက်ပြီး နတ်သမီးတွေနှင့် နတ်စည်းစိမ် ခံစားတာ သိကြားသုံးကျိပ်ခြောက်ယောက်မြောက်သတဲ့ဘုရား၊ သို့သော်လည်း ဦးသိန်းမြင့် ကြားဖူးတာက လူမှာအတွေ့၊ နတ်မှာအငွေ့ဖြစ်လို့ လူလို အတွေ့နှင့် ခံစားသလား၊ ဒါမှမဟုတ် နတ်လို အငွေ့နှင့် ခံစားသလား မကွဲပြားပါဘူးတဲ့"

အကယ်၍ မန္ဓာတ်မင်းဟာ လူသားဖြစ်လို့ လူကဲ့သို့ အတွေ့ခံစားပါလျှင် နတ်သမီးတွေဟာ လူသားလို ကိုယ်ဝန်ဆောင်ပြီး သားသမီးတွေ မွေးပါသလားတဲ့ ဘုရား၊ ဒီအကြောင်းကို ဓမ္မဗျူဟာမှ တစ်ဆင့် ဖြေရှင်းပေးတော်မူပါလို့ မေးထားပါတယ်ဘုရား"

"ဦးသိန်းမြင့်ရဲ့အမေးကို မဖြေဆိုမီ မန္ဓာတ်မင်းကြီးအကြောင်း အနည်းငယ် ပြောကြဦးစို့ကွယ့်"

"မိန့်တော်မူပါဘုရား"

"မန္ဓာတု စကြာမင်းကြီးရဲ့ဇာတ်တော်ဟာ ၅၅၀-တိကနိပါတ်က လာတာဖြစ်တယ်၊ မန္ဓာတ်မင်းကြီးဟာ ရတနာ ၇-ပါး၊ တန်ခိုးလေးပါးနှင့် ပြည့်စုံတဲ့ ဘုရားအလောင်းတော်ကြီး ဖြစ်တယ်၊ မိုးပေါ်မော့ကြည့်ပြီး လက်ပန်းပေါင်းခတ်

http://www.dhammadownload.com



လိုက်လျှင် ကောင်းကင်ထက်က ရတနာ ၇–ပါးမိုး ရွာသွန်းစေနိုင်တယ်၊ အဲဒီတုံးက လူတို့ရဲ့သက်တမ်းဟာ အသင်္ချေယျတမ်းဖြစ်လို့ အသက်အပိုင်းအခြားကို မရေမတွက်နိုင်ဘူး၊ မန္ဓာတ်မင်းဟာ နှစ်ပေါင်းနှစ်သောင်းလေးထောင် သူငယ်အဖြစ်ဖြင့် ကစားတယ်၊ နှစ်ပေါင်းရှစ်သောင်းလေးထောင် အိမ်ရှေ့စံတယ်၊ နှစ်ပေါင်း ရှစ်သောင်းလေးထောင် မင်းပြုတယ်၊ လူ့ပြည်မှာ နှစ်ပေါင်းများစွာ မင်းလုပ်နေရတော့ ငြီးငွေ့လာတယ်၊ ဒါကြောင့် စာတုမာဟာရာဇ်နတ်ဘုံတက်ပြီး မင်းလုပ်ပြန်တယ်၊ စာတုမဟာရာဇ် နတ်ဘုံမှာ ငြီးငွေ့ပြန်တော့ တာဝတိံသာတက်ပြီး မင်းလုပ်ပြန်တယ်၊ သိကြားသုံးကျိပ်ခြောက်ယောက် ကွယ်လွန်သည့်တိုင်အောင် မန္ဓာတ်မင်း မကွယ်လွန်သေးဘူး၊ မန္ဓာတ်မင်းဟာ ဒီလောက် ကာမဂုဏ်တရား ခံစားနေရသော်လည်း အားရတင်းတိမ်ခြင်း မရှိဘူး၊ တဏှာတရားက ကြီးသည်ထက် ကြီးလာတယ်၊ ဒါကြောင့် သိကြားမင်းကို သတ်ပြီး ကေရာဇ်မင်းပြုမှ တော်မည်လို့ အကြံဖြစ်သတဲ့၊ အဲဒီ မတရားတဲ့ အကြံကြောင့် မန္ဓာတ်မင်းရဲ့ အာယုသင်္ခါရဟာ ဆုတ်ယုတ်လာတယ်၊ လူတို့ရဲ့ခန္ဓာကိုယ်ဟာ နတ်ပြည်မှာ မပျက်စီးကောင်းဘူး၊ ထို့ကြောင့် နတ်ပြည်က လျှောကျပြီး မင်းဥယျာဉ်အတွင်းမှာ ကွယ်လွန်ခဲ့ရရှာတယ်။

ဒီ ဇာတ်တော်က မီးပုံဟာ အားမရနိုင်သလို တဏှာတရားဟာ ကာမဂုဏ်ဖြင့် အားမရနိုင်ကြောင်း ဟောထားတဲ့ ဇာတ်တော်ဖြစ်တယ်၊ ဒီဇာတ်တော်မှာ မန္ဓာတ်မင်းကြီးဟာ လူသားဖြစ်တယ်၊ စာတုမဟာရာဇ်, တာဝတိံသာ မိဖုရားတွေက နတ်သမီးများ ဖြစ်ကြတယ်၊ လူသားနှင့် နတ်သမီး ဘယ်လို ပေါင်းဖော်ကြသလဲ။

"လူသားလို အတွေ့နှင့် ပေါင်းဖော်ကြသလား၊ နတ်များလို အငွေ့နှင့် ပေါင်းဖော်ကြသလား၊ ဒီလို မေးထားတယ် မဟုတ်လားကွယ့်"

"မှန်ပါ၊ ဒီလိုပဲ မေးထားပါတယ်ဘုရား"

"လူမှာအတွေ့ နတ်မှာအငွေ့ဆိုတဲ့ စကားဟာ တကယ်တော့ ကျမ်းက လာတဲ့ စကားမဟုတ်ဘူးကွယ့်၊ ဒီအကြောင်း သတပဒိကပုစ္ဆာ နံပါတ် ၆၂–မှာ

**"တွေ့မဆုံ ကြည့်မျှော်ရုံ ရယ်ရွှင်ကြတာနှင့် ကိစ္စကုန်တဲ့၊**
**ဆိုကြဟန် စင်စစ် ကယ်မမှန်ဘူး၊**
**မြတ်ကျမ်းဂန် သည့်နှယ်ရှိတယ်၊ ဘုန်းသိပါငဲ့"**လို့ ဖြေတော်မူတယ်။

မန်လည်ဆရာတော်က နတ်များဟာ ကြည့်ရုံ, ပျော်ရွှင်ရုံ အငွေ့မျှဖြင့် ကိစ္စပြီးကြတယ် ဆိုတာ ဟုတ်ပါသလားလို့ မေးတော့ မင်းကွန်းဆရာတော်က နတ်မှာ

http://www.dhammadownload.com



အငွေ့ဆိုတဲ့စကား မမှန်ပါဘူးတဲ့၊ ကေသရဇာတ် ဋီကာ၊ ၁၊ ၃၀၁–ကို ညွှန်ပြတော်မူပြီး–

"အချို့သော စာတုမဟာရာဇ်နတ် တာဝတိံသာနတ်တို့ဟာ လူများကဲ့သို့ ဒွယံဒွယံ သမာပတ္တိဖြင့် ကာမကိစ္စ ပြီးကြတယ်၊ ယာမာနတ်တို့ကြတော့ အချင်းချင်း လည်ပတ်ရုံမျှဖြင့် ကာမကိစ္စ ပြီးကြတယ်၊ တုသိတာနတ်တို့ကြတော့ လက်ချင်းသုံးသပ်ရုံမျှဖြင့် ကာမကိစ္စပြီးကြတယ်၊ နိမ္မာနရတိနတ်တို့ကြတော့ ပြုံးရယ်ကာမျှဖြင့် ကာမကိစ္စ ပြီးကြတယ်၊ ပရနိမ္မိတဝသဝတ္တိနတ်တို့မှာတော့ ကြည့်ကာမျှဖြင့် ကာမကိစ္စ ပြီးကြတယ်–လို့ ကေစိဆရာတို့က ဆိုကြသတဲ့"

အဲဒီအယူအဆကို အဋ္ဌကထာဆရာက မဟုတ်ဘူးလို့ ပယ်ထားသကွယ့်၊ ဘာကြောင့်လည်းဆိုတော့ ကိုယ်ချင်းမထိဘဲ ဖောဋ္ဌဗ္ဗကာမကိစ္စဆိုတာ ပြီးရိုးထုံးစံမရှိပါဘူးတဲ့၊ နတ်ပြည်ခြောက်ထပ်လုံး လူများကဲ့သို့ ပကတိကာမကိစ္စ ပြီးတယ်လို့ မှတ်ပါတဲ့။

ဒါကြောင့် နတ်မှာ အငွေ့ဆိုတာ မဟုတ်ပါဘူး၊ နတ်တွေလည်း လူသားများလို အတွေ့ကာမကို ခံစားကြတာပါပဲ၊ ဒီအကြောင်းကို သတပဒိကပုစ္ဆာ ၆၁–မှာ

**"အပွေ့ပို မဖြေလို စိတ်တော်ရှိပါနှင့်၊ ခင်သိသားမို့၊ နတ်ခြောက်ဆူ ချစ်သွေးနှစ်ကိုယ်မြူလို့၊ ဟိုအမူ လူလိုကျင့်လေထင့် သင်းကဘယ်သို့"**

လို့ မန်လည်ဆရာတော်က မေးတဲ့အခါ မင်းကွန်းဆရာတော်ကြီးက–

**"အပွေ့ပို မဖြေလို စိတ်တော်ရှိပါဘူး၊ ကိုယ်သိတာမို့၊ နတ်ခြောက်ဆူ ချစ်သွေးနှစ်ကိုယ်မြူလို့၊ ဟိုအမူ လူလိုကျင့်ကြတယ်၊ သင်းက ဤသို့"**

လို ဖြေဆိုတော်မူခဲ့ပါတယ်။

နတ်တွေဟာ လူသားများလို ကာမကိစ္စပြုကျင့်ကြလျှင် နတ်သမီးတွေဟာ လူသားမိန်းမများလို ကိုယ်ဝန်ယူ သားမွေးကြပါသလားဆိုတော့ စာတုမဟာရာဇ်နတ်မှာ အကျုံးဝင်တဲ့ ဘုမ္မစိုးနတ်သမီးများတော့ လူသားများလို ကိုယ်ဝန်ယူပြီး သားမွေးကြသတဲ့၊ စာတုမဟာရာဇ် နတ်သမီးတွေကြတော့ ဥတုမျှသာလာတယ်၊ ကိုယ်ဝန်လည်း မယူ၊ သားလည်း မမွေး၊ နို့လည်း မတိုက်ဘူးတဲ့ကွယ့်၊ ဒီအကြောင်းကို လောကပညတ္တိကျမ်းမှာ–

http://www.dhammadownload.com



**"မဟာရာဇိကာ အစ္ဆရာ နေဝ ဥတုနိယော ယာန္တိ၊ န ဂဗ္ဘိနိယော၊ န ဝိဇာယန္တိ၊ န ပါယန္တိ"**လို့ ပြထားတယ်၊ အနက်ကတော့–

**မဟာရာဇိကာ**– စာတုမဟာရာဇ်ဘုံ၌ ဖြစ်ကုန်သော၊ **အစ္ဆရာနေဝ**– နတ်သမီးတို့သည်သာလျှင်၊ **ဥတုနိယော**– ဥတုလာကုန်သည်၊ **ယာန္တိ**– ဖြစ်ကုန်၏၊ **န ဂဗ္ဘိနိယော**– ကိုယ်ဝန်မဆောင်ကုန်၊ **န ဝိဇာယန္တိ**– သားမဖွားကုန်၊ **န ပါယန္တိ**– နို့မတိုက်ကုန်တဲ့ကွယ့်။

ဒီကျမ်းလာစကားကို အထောက်အထားပြုပြီး မန္တာတ်မင်းကြီးဟာ နတ်သမီးတွေနှင့် အတွေ့ပျော်ပါးသော်လည်း နတ်သမီးများဟာ ကိုယ်ဝန်မဆောင်၊ သားလည်း မမွေးလို့ မှတ်သားသင့်တယ်ကွယ့်။

"မှန်လှပါ၊ ဒီလိုဆို သိကြားမင်းရဲ့သားတော် သုဝီရနတ်သား သုသိမနတ်သားရယ်လို့ ကြားဖူးပါတယ်၊ ဒီသားတော်တွေက ဘယ်လို ပေါက်ဖွားပါသလဲ၊ သုဇာတာ, သုနန္ဒာတို့က ပေါက်ဖွားလာတာလား၊ ဘယ်လို ဖြစ်လာတာလဲ၊ အမိန့်ရှိပါဦးဘုရား"

"နတ်လောကရဲ့ သဘာဝကို သုတ်မဟာဝါ အဋ္ဌကထာ ၂၉၇–မှာ ဒီလိုဖွင့်ပြထားသကွယ့်"

**"ဒေဝါနံ ဓီတာ စ ပုတ္တာ စ အင်္ကေ နိဗ္ဗတ္တန္တိ"**

- ❒ မိခင်ရင်ခွင်အတွင်း ရုတ်တရက် ပေါ်လာတဲ့နတ်သမီးကို သမီးလို့ မှတ်ရမယ်တဲ့၊ နတ်သားပေါ်လာလျှင် သားလို့ မှတ်ရမယ်တဲ့။

**"ပါဒပရိစာရိကာ ဣတ္ထိယော သယနေ နိဗ္ဗတ္တန္တိ"**

- ❒ ခြေရင်း အလုပ်အကျွေး မယားဆိုလျှင် အိပ်ရာမှာ ဖြစ်လာသတဲ့။

**"တာသံ မဏ္ဍန ပသာဒန ကာရိကာ ဒေဝတာ သယနံ ပရိဝါရေတွာ နိဗ္ဗတ္တန္တိ"**

- ❒ သိကြားများ၊ နတ်များကို တန်ဆာဆင်ယင်ရမည့် နတ်တွေကတော့ အိပ်ယာနေရာကို ခြံရံ ဖြစ်ကြသတဲ့။

**"ဝေယျာဝစ္စကရာ အန္တော ဝိမာနေ နိဗ္ဗတ္တန္တိ"**

- ❒ အမှုဆောင်ကြရမည့် နတ်အလုပ်သမာများကျတော့ ဗိမာန်ရဲ့ အတွင်းမှာ ဖြစ်ကြသတဲ့။

http://www.dhammadownload.com



ဒါကြောင့် အထက်နတ်တွေဟာ ရုတ်တရက်ဖြစ်တဲ့ ဥပပတ်မျိုးတွေ ဖြစ် ကြတယ်၊ လူသားများလို ကိုယ်ဝန်ပိုက်ပြီး သားဖွားခြင်း, နို့တိုက်ခြင်း မရှိဘူး၊ ရုတ်တရက် ဖြစ်ပေါ်လာတဲ့ အထိမ်းအမှတ်နှင့်သာ သား, သမီး, မယား, အလုပ် အကျွေးလို့ ခေါ်ဝေါ်ရကြောင်း သတ်မှတ်တော့တာပေါ့ကွယ်။

"မှန်ပါ၊ ဝမ်းသာလှပါတယ်ဘုရား၊ သို့သော်လည်း တစ်ခု ထပ်မေးလျှောက် ပါရစေဦး"

"လျှောက်တာပေါ့၊ ဘာများ လျှောက်ထားချင်ပြန်တာတုန်းကွဲ့"

"လျှောက်ထားချင်တာက ရုက္ခစိုးနှင့် တစ္ဆေ,သရဲတို့ရဲ့အကြောင်းပါ ဘုရား၊ ရုက္ခစိုးတို့ တစ္ဆေတို့ သရဲတို့ရော သား,သမီး ဘယ်လို ရပါသလဲဘုရား"

"ရုက္ခစိုးတို့ တစ္ဆေ, သရဲတို့ဆိုတာ ဘုမ္မစိုးနတ်မျိုးပဲကွယ့်၊ ဘုမ္မစိုးနတ်ဟာ လူသားများလို ပေါင်းဖော်ပြီး လူသားများလို ကိုယ်ဝန်တည် သားဖွား နို့တိုက်ကြောင်း ပြောခဲ့ပြီးပါပြီကွယ့်"

"ဒီလိုဆို ဘုမ္မစိုးတို့, တစ္ဆေတို့, သရဲတို့ဟာ လူသားများလို လင်မယား အတည်ရှိကြသလား၊ သို့မဟုတ် တိရစ္ဆာန်များလို တွေ့ရာနှင့် ပျော်ပါးကြတာလား ဘုရား"

"လင်နှင့် မယားဆိုတာ အခိုက်အတန့်မျှကို ခေါ်ဝေါ်တဲ့စကားပဲ၊ ယခု ဒီ ယောကျ်ားနှင့် ဒီမိန်းမတို့ဟာ လင်မယားဖြစ်ကြပေမယ့် တော်နေကြာ လင်မယား ဟုတ်ချင်မှ ဟုတ်မယ်၊ ဒါကြောင့် အထီးနှင့် အမ စိတ်ချင်းညီမျှသင့်မြတ်ကြတဲ့ အခါ လင်မယား၊ မသင့်မြတ်ကြတဲ့အခါ လင်မယား မဟုတ်ဘူး၊ လူသား လောကမှာပင် ဒီလိုဖြစ်နေသေးလျှင် လူလောက် အဆင့်အတန်း မမြင့်တဲ့ သရဲ, တစ္ဆေ, ဘုမ္မစိုးများကိုတော့ မေးဖို့မလိုပါဘူး၊ လင်မယား အတည်တကျ ရှိတာ လည်းပါမယ်၊ မရှိတာလည်း ပါမယ်လို့ အဖြေပေးလိုက်ပါတယ်"

"မှန်ပါ၊ ဝမ်းသာလှပါတယ်ဘုရား၊ သို့သော် ဦးသိန်းမြင့်ရဲ့ အမေးအဆက် က ကျန်နေပါသေးတယ်ဘုရား"

"ဟေ ဘယ်လို အမေးဆက်များလည်း ဆိုစမ်းပါဦး"

"ဦးသိန်းမြင့်က ယင်ကောင်က ဥတဲ့ဥကို ယင်ကြီးဥလို့ ခေါ်ကြပါသတဲ့၊ ယင်ကြီးဥက ပေါက်တော့ ယင်ကောင် မပေါက်ဘဲ လောက်ကောင်တွေ ပေါက်သတဲ့ဘုရား၊ ဒီ လောက်ကောင်တွေကော အချင်းချင်း ပေါင်းဖော်ခြင်း

http://www.dhammadownload.com



ရှိကြပါသေးသလား၊ လောက် ကောင်ကတစ်ဆင့် ဘယ်လို ယင်ကောင် ဖြစ်လာပါသလဲတဲ့၊ ပြီးတော့ မြေကြီးထဲက တီကောင်များကော အဖိုနှင့်အမ သံဝါသ ရှိကြပါသေးသလား၊ ဒီအကောင် တွေဟာ တီကောင်ဘဝက ဘယ်လိုပြောင်းသွားကြပါသေးသလဲ–လို့ မေးထားပါတယ်။

သုတ်မဟာဝါ အဋ္ဌကထာ ၂၄–မှာ နိယာမငါးပါးကို ဖွင့်ပြထားသကွဲ့၊ နိယာမငါးပါးဆိုတာ (၁) ဗီဇနိယာမ (၂) ဥတုနိယာမ (၃) ကမ္မနိယာမ (၄) ဓမ္မနိယာမ (၅) စိတ္တနိယာမတို့ ဖြစ်ကြတယ်။

ဒီနေရာမှာ **နိယာမဆိုတဲ့ပုဒ်က မြဲတယ်ဆိုတဲ့ အနက်ကို** ဟောတယ်။

(၁) **ဗီဇနိယာမ** = မျိုးစေ့ မြဲတယ်လို့ ဆိုလိုတယ်၊ ဆီးစေ့က ဆီးပင်ပေါက်တယ်၊ သရက်စေ့က သရက်ပင်ပေါက်တယ်ဆိုတာမျိုးပေါ့။

(၂) **ဥတုနိယာမ** = ဥတုမြဲတယ်တဲ့၊ ဆောင်းရာသီ နှင်းကျတယ်၊ မိုးရာသီ မိုးရွာတယ်၊ နွေရာသီ နေပူတယ်ဆိုတာမျိုးပေါ့။

(၃) **ကမ္မနိယာမ** = ကုသိုလ်ကံ, အကုသိုလ်ကံအဖြစ် မြဲတယ်တဲ့၊ ကုသိုလ်ကံက ကောင်းကျိုးကို ပေးတယ်၊ အကုသိုလ်ကံက မကောင်းကျိုးကို ပေးတယ်ပေါ့။

(၄) **ဓမ္မနိယာမ** = သဘောအားဖြင့် မြဲတယ်တဲ့၊ ဘုရားလောင်း သန္ဓေယူတဲ့အခါ၊ သစ္စာလေးပါး သိသောအခါ၊ ဓမ္မစကြာ ဟောတဲ့အခါ၊ အာယုသင်္ခါရ လွှတ်တဲ့အခါ၊ ခန္ဓပရိနိဗ္ဗာန် စံလွန်တဲ့အခါ လောကဓာတ်တစ်သောင်း တစ်ပြိုင်နက် တုန်လှုပ်ခြင်းမျိုးကို ဆိုလိုတယ်။

(၅) **စိတ္တနိယာမ** = စိတ်ဖြစ်ပုံ မြဲတယ်တဲ့၊ စိတ်ဟာ အာရုံတစ်ခုနှင့် ကြုံတွေ့ခဲ့လျှင် အတီတဘဝင်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဉ် ၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ, ဝုဋ္ဌောစတဲ့ ဖြစ်စဉ်ဟာ မပြောင်းလဲဘူး၊ အဖြစ် မြဲတယ်လို့ ဆိုလိုတယ်။

ဒီ နိယာမ ငါးပါးထဲမှာ ယင်က–ဥချ၊ ဥက–လောက်ဖြစ်၊ လောက်ရင့်လာတဲ့အခါမှ ယင်ဖြစ်တယ်ဆိုတာဟာ ဗီဇနိယာမအတွင်းမှာ ပါဝင်တယ်၊ သတ္တဝါတွေဟာ ဇလာဗုဇမျိုး၊ ဒွိဇမျိုး၊ တိဇမျိုး စသောအားဖြင့် ဗီဇအားလျော်စွာ အမျိုးမျိုး ရှိတယ်၊ လူတို့, ကျွဲတို့, နွားတို့အစရှိတဲ့ သတ္တဝါတွေများကတော့ အမိဝမ်း ဗိုက်က

http://www.dhammadownload.com



သတ္တဝါအဖြစ် တစ်ကြိမ်တည်း ဖွားလို့ ဧကဇမျိုးလို့ ခေါ်တယ်၊ ကြက်တို့၊ ငှက်တို့၊ မြွေတို့၊ ဖွတ်တို့ကျတော့ အမိက ဥကို တစ်ကြိမ်ဥတယ်၊ ဥကမှ သတ္တဝါ တစ်ကြိမ် ပေါက်တယ်၊ အဲဒီလို နှစ်ကြိမ်ပေါက်လို့ ဒွိဇမျိုးလို့ ခေါ် တယ်၊ ယင်တို့၊ ပျားတို့၊ လိပ်ပြာတို့ကျတော့ ရှေးဦးစွာ ဥတယ်၊ လောက်ကောင်လို ပိုးကို ပေါက်တယ်၊ အဲဒီပိုးက အစာအဝစားပြီး တစ်နေရာမှာ အမြေးတွေ လွှမ်းအုပ်ပြီး ငြိမ်သက်စွာ ဖိုဝင်တယ်၊ အဲဒီဖိုကထွက်မှ မူလသတ္တဝါမျိုး ဖြစ်လာတယ်၊ ဒါကြောင့် ဒီသတ္တဝါမျိုးကို တိဇမျိုးလို့ ခေါ်ကြတယ်ကွယ့်၊ ဒီလို တစ်ကြိမ်ပေါက်ခြင်း နှစ်ကြိမ်ပေါက်ခြင်း သုံးကြိမ်ပေါက်ခြင်းဟာ သူ့ရဲ့ဇီဇမျိုးမျှသာ ဖြစ်တယ်။

လောကမှာ သတ္တဝါတွေဟာ အလွန် အဖြစ်ဆန်းတယ်၊ (သတ္တနိကာယော အစိန္တေယျော) သတ္တဝါဖြစ်ပုံကို မကြံစည်နှင့်လို့ ဘုရား ဟောတော်မူထားသကွယ့်။

သတ္တဝါဖြစ်လာတဲ့ ပဋိသန္ဓေဟာ လေးမျိုး ရှိတယ်၊ လေးမျိုးဆိုတာက–

(၁) ကိုယ်ကောင်ထင်ရှား ဘွားကနဲ ဖြစ်ပေါ်လာတဲ့ ဥပပတ်ပဋိသန္ဓေ၊

(၂) အညှိအဟောက်ကို စွဲမှီဖြစ်ပေါ်လာတဲ့ သံသေဒဇပဋိသန္ဓေ၊

(၃) ဥခွံတွင်းက ဖြစ်ပေါ်လာတဲ့ အဏ္ဍဇပဋိသန္ဓေ၊

(၄) မိခင်သားအိမ်မှာ ကလလရေကြည် စတည်ဖြစ်လာတဲ့ ဇလာဗုဇပဋိသန္ဓေ တို့ ဖြစ်ကြတယ်၊

အဏ္ဍဇနှင့် ဇလာဗုဇပဋိသန္ဓေတို့ကို အမိဝမ်းဗိုက်မှာ ပဋိသန္ဓေ တည်နေရလို့ ဂဗ္ဘသေယျကပုဂ္ဂိုလ်လို့ ဆိုကြတယ်၊ အဏ္ဍဇနှင့် ဇလာဗုဇပဋိသန္ဓေဟာ အဖိုနှင့် အမ စပ်မှီရာမှ ဖြစ်ပေါ်လာတဲ့ ပဋိသန္ဓေများ ဖြစ်ကြတယ်၊ ဥပပတ်နှင့် သံသေဒဇ တို့ကတော့ အဖို၊ အမတို့ရဲ့ စပ်ယှဉ်ခြင်းကို စွဲမှီဖြစ်ပေါ်လာတာ မဟုတ်ဘူး။

လောကမှာ သတ္တဝါတွေဟာ ပဋိသန္ဓေလေးမျိုးအနက် တစ်မျိုးမျိုးနှင့် ဖြစ်ပေါ်လာကြတယ်၊ ဒါကြောင့် တီကောင်ဟာ အဖိုနှင့်အမ စပ်ယှဉ်ပေါက်ဖွား လာတာလည်းရှိတယ်၊ အညှိကို စွဲမှီဖြစ်ပေါ်လာတာလည်း ရှိတယ်၊ ရုတ်တရက် ဖြစ်လာတဲ့ ဥပပတ်မျိုးလည်း ရှိတယ်။

ဒီနေရာမှာ သက်ရှိသတ္တဝါများ ဖြစ်ပွားလာပုံ သိပ္ပံနည်းကို ပြောပြဦးမယ်၊ သက်ရှိသတ္တဝါ မျိုးပွားလာပုံဟာ ၅–မျိုးရှိသတဲ့။

(၁) ပထမမျိုးက အမီးဗားကောင်များလို တစ်ကောင်တည်းက နှစ်ခြမ်းကွဲ နှစ်ကောင် ဖြစ်ပွားလာတာမျိုးလည်း ရှိတယ်။

http://www.dhammadownload.com



(၂) ဒုတိယမျိုးက ဆဲလ်ပေါင်းများစွာပါတဲ့ သက်ရှိအရာဝတ္ထုတစ်ခုဟာ မြေတွင် လျှောက်၍ အမြစ်တွယ် တိုးပွားသော စထရောဘယ်ရီပင်လို သက်ရှိ အသစ်များ ပေါက်ဖွားရန် ကြီးထွားလာတာမျိုးလည်း ရှိတယ်။

(၃) တတိယအမျိုးက ဘယ်လ်ဂျေပင် မှိုနှင့် အဆင့်အတန်းမြင့်တဲ့ သစ်ပင် များမှာ အပင်သစ်တွေ အလိုလို ဖြစ်ပွားလာသလို သတ္တဝါတစ်မျိုးကို မှီ တွယ်ပြီး အလိုလို ဖြစ်ပွားလာတဲ့ သတ္တဝါမျိုးလည်း ရှိတယ်။

(၄) စတုတ္ထအမျိုးက ဖိုနှင့်မ ယှဉ်စပ်ဖြစ်ပေါ်လာတဲ့ သတ္တဝါမျိုးလည်း ရှိတယ်။

(၅) ပဥ္စမအမျိုးက အမဟာ အဖိုနှင့် ပေါင်းဖော်ခြင်း မရှိဘဲ သားငယ်များကို ပေါက်ဖွားတဲ့ သတ္တဝါမျိုးလည်း ရှိတယ်။

ဒီ ၅-မျိုးက သက်ရှိသတ္တဝါများ မျိုးပွားလာပုံ ဖော်ပြထားတဲ့ သိပ္ပံနည်း ပဲကွယ့်၊ ဒီသိပ္ပံနည်း ၅-မျိုးထဲက တီကောင်များ မျိုးပွားလာတာကတော့ စတုတ္ထ အမျိုးနှင့် ပဥ္စမအမျိုး ဖြစ်ကြသကွယ့်။

လောက်ကောင် ကြီးရင့်လာလျှင် ယင်ဖြစ်သလို တီကောင်ကြီးရင့်လာလျှင် ဘာဖြစ်တယ်ဆိုတာတော့ မတွေ့ဖူးဘူး၊ တီကောင်မှ ဆင်းသက်ဖြစ်ပေါ်လာတဲ့ ပင့်ကူကောင်များ၊ အမှင်ရှိ တီကောင်များ၊ ကျောက်စုန်းတောက်တဲ့ ဆက်တော့တာ ရပ်တီကြီးများ၊ အသားစားတဲ့ ပင်လယ်တီ သို့မဟုတ် ကင်းခြေများများ၊ ပင်လယ် ကမ်းခြေမှာ ရှိတဲ့ သဲပလုပ်ကောင်များ၊ မြင်းမြှော့ သို့မဟုတ် မြှော့နက်ကောင်များ အကြောင်းကိုတော့ လူထုသိပ္ပံကျမ်း အတွဲ(၅) တီကောင်မျိုးမှ ဆင်းသက်ပိုးမျိုးသို့ အခန်းကို ကြည့်ရှုပါလို့ ကျမ်းညွှန်းလိုက်ပါတယ်ကွယ်"

"သာဓု-သာဓု-သာဓု"

http://www.dhammadownload.com



# ဦးစံညွန့်၏ မေးခွန်းလေးချက်

"ဟောဒီစာက ကချင်ပြည်နယ်၊ ရွှေကူမြို့၊ ဘောဂဗလရပ်ကွက်၊ ဦးစံညွန့် ထံက မေးလျှောက်တဲ့စာ ဖြစ်ပါတယ်၊ ဦးစံညွန့်ရဲ့ မေးလျှောက်စာက–

(၁) သောတာပန်၌ အောက်တန်းစားစိတ် ရှိပါသလား ?၊
ဗိမ္ဗိသာရမင်းကြီး သောတာပန်ဖြစ်ပါလျက် ကုဝေရနတ်မင်းကြီး၏ အခိုင်းအစေ ဖြစ်သွားရခြင်းမှာ အောက်တန်းစားစိတ် ရှိ၍ပါလား ဘုရား၊

(၂) သမ္မာသမ္ဗုဒ္ဓ ဘုရားအလောင်းတော်များ ပါရမီဖြည့်ကြရာ၌–

(က) လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊

(ခ) ရှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊

(ဂ) ၁၆–အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဟု ကမ္ဘာတစ်သိန်း အလွန် ချည်းပြပါသည်၊ ၄–အသင်္ချေ၌ ကမ္ဘာတစ်သိန်းလွန်သော် ၈–အသင်္ချေ၌ ကမ္ဘာနှစ်သိန်း၊ ၁၆–အသင်္ချေ၌ ကမ္ဘာ ၄–သိန်းလွန် သင့်သည် မဟုတ်ပါလားဘုရား၊

(၃) သတ္တဝါတစ်ဦးသည် နောက်ဆုံးတစ်နေ့ မုချ ကွယ်လွန်ရပါမည်၊ ကွယ်လွန်ခါနီးတွင် ရောဂါဆိုး၊ ဝေဒနာဆိုးတို့မှ လွတ်မြောက်ရန် ဆေးဝါးများ နှလုံးသွင်းများ ရှိပါသလား၊

(၄) ယခုအခါ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များဟု လူတို့ ကိုးကွယ်နေကြပါသည်၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ဆိုသည်ကို ဝိဇ္ဇာဓိုရ်ဟု သိရပါသည်၊ ထိုဝိဇ္ဇာဓိုရ်သည် ကိုးကွယ်ခြင်း ခံယူထိုက်, မထိုက်နှင့် ထိုဝိဇ္ဇာဓိုရ်၏

http://www.dhammadownload.com



များသည် အဘယ်ကဲ့သို့သော ပုဂ္ဂိုလ်များဖြစ်၍ မည်သည့်ဘုံအရပ်၌ နေကြောင်း သိလိုပါသည် ဘုရား။

"ဟောဒီက မေးခွန်းလေးချက်က ဦးစံညွန့်ရဲ့ မေးခွန်းများဖြစ်ပါတယ်၊ အမေးရှိ အဖြေရှိ ဆိုတဲ့အတိုင်း အဖြေစကား မိန့်ကြားတော်မူပါဦးဘုရား"

## သောတာပန်နှင့် အောက်တန်းစားစိတ်

"ဦးစံညွန့်ရဲ့ မေးခွန်းလေးချက်အနက် ပထမမေးခွန်းကို ဖြေဆိုကြစို့ရဲ့။

သောတာပန်ဆိုတာ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာနှစ်ပါးကို ပယ်ခွာပြီးတဲ့ ရှေးဦးစွာသော အရိယာပုဂ္ဂိုလ်လို့ ဆိုလိုတယ်ကွယ့်။

အောက်တန်းစားစိတ်ဆိုတာက အကုသိုလ်စိတ် ၁၂–ခု၊ ကုသိုလ်စိတ် ၂၁–ခု၊ ဝိပါက်စိတ် ၃၆–ခု၊ ကြိယာစိတ် ၂၀–ခု ရှိရာမှာ အကုသိုလ်စိတ်ဟာ အောက်တန်းစားစိတ်ပါပဲ၊ အဲဒီ အောက်တန်းစားစိတ် ၁၂–ခုထဲက သောတာပန်ဟာ လောဘမူဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄–ခုနှင့် ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁–ခု ပေါင်း ၅–ခုမျှသာ ပယ်နိုင်သေးတယ်၊ ကျန် အကုသိုလ်စိတ် ၇–ခုကို မပယ်ခွာနိုင်သေးပါဘူး။

သမုစ္စယသင်္ဂဟ အကုသလသင်္ဂဟမှာ ပြဆိုတဲ့ အကုသိုလ်စုတွေထဲကလည်း ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝရယ်လို့ အာသဝတရား ၄–ပါး ရှိရာမှာ သောတာပန်ဟာ ဒိဋ္ဌာသဝတစ်ခုတည်း ပယ်နိုင်သေးတယ်၊ ကျန်အာသဝ ၃–ပါးကို မပယ်နိုင်သေးဘူး၊ ဩဃ ၄–ပါးမှာလည်း ဒိဋ္ဌောဃကိုသာ ပယ်နိုင်သေးတယ်၊ ယောဂတရား ၄–ပါးမှာလည်း ဒိဋ္ဌိယောဂတစ်ပါးသာ ပယ်နိုင်သေးတယ်။

အဘိဇ္ဈာ၊ ဗျာပါဒ၊ သီလဗ္ဗတပရာမာသ၊ ဣဒံသစ္စာဘိနိဝေသဆိုတဲ့ ဂန္ထတရား ၄–ပါးထဲမှာလည်း သီလဗ္ဗတပရာမာသနှင့် ဣဒံသစ္စာဘိနိဝေသဆိုတဲ့ ဂန္ထတရားနှစ်ပါးကိုသာ ပယ်ခွာနိုင်သေးတယ်၊ ကာမ, ဒိဋ္ဌိ, သီလဗ္ဗတ, အတ္တဝါဒ ဆိုတဲ့ ဥပါဒါန်တရား ၄–ပါးမှာလည်း ဒိဋ္ဌိ, သီလဗ္ဗတ, အတ္တဝါဒတရား ၃–ပါးသာ ပယ်ခွာနိုင်သေးတယ်၊ ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ထိန, မိဒ္ဓ၊ ဥဒ္ဓစ္စ, ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ၊ အဝိဇ္ဇာဆိုတဲ့ နီဝရဏ ၆–ပါးမှာလည်း ဝိစိကိစ္ဆာတစ်ပါးမျှသာ ပယ်ခွာနိုင်သေးတယ်။

ကာမရာဂ, ဘဝရာဂ, ပဋိဃ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, အဝိဇ္ဇာဆိုတဲ့ အနုသယ ၇–ပါးမှာလည်း ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာမျှသာ ပယ်ခွာနိုင်သေးတယ်၊ လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိန, ဉဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပဆိုတဲ့

http://www.dhammadownload.com



ကိလေသာ ဆယ်ပါးမှာလည်း ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ နှစ်ပါးသာ ပယ်ခွာနိုင်သေးတယ်၊ ကျန်တဲ့ ကိလေသာတွေကို မပယ်ခွာနိုင်သေးဘူး။

ဒါကြောင့် သောတာပန်မှာ အောက်တန်းစားစိတ် ရှိပါသေးတယ်၊ မဟာဝဂ္ဂသံယုတ်၊ သောတာပတ္တိသံယုတ်မှာ–

"စကြဝတေးမင်းဟာ လေးကျွန်းလုံးကို အစိုးရသော်လည်း အပါယ်မှ မလွတ်နိုင်၊ သောတာပန်ကား ရတနာသုံးပါး၌ သက်ဝင်ယုံကြည်ခြင်း၊ အရိယာကန္တသီလနှင့် ပြည့်စုံခြင်းကြောင့် အပါယ်ဘေးမှ လွတ်ကင်း၏–လို့ ဟောတော်မူသော်လည်း သောတာပန်တို့၏ သန္တာန်မှာ အောက်တန်းစားစိတ်များ ကျန်နေသေးတဲ့အတွက် ဗိမ္ဗိသာရမင်းကြီးဟာ ကွယ်လွန်တဲ့အခါ ဝေဿဝဏ်နတ်မင်းရဲ့ အလုပ်အကျွေး ဇနဝသဘနတ်သား ဖြစ်ရရှာတယ်လို့ ဖြေဆိုလိုက်ပါတယ်"

(ဇနဝသဘသုတ် သုတ်မဟာဝါ ပါဠိ ၁၆၆၊ ဌ– ၂၃၁)

## ပါရမီဖြည့်ရာ ကာလ

"ဦးစံညွှန့်ရဲ့ ပထမအမေးပြီးတဲ့နောက် ဒုတိယအမေး ကျန်ပါသေးတယ် ဘုရား"

"ဒုတိယအမေးက ဘုရားအလောင်းများ ပါရမီဖြည့်ရာကာလကို လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ ရှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ ၁၆–အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဆိုလျှင် ရှစ်အသင်္ချေမှာ ကမ္ဘာ နှစ်သိန်း၊ ၁၆–အသင်္ချေမှာ ကမ္ဘာ လေးသိန်း ဆတိုးဖြစ်သင့်ပါတယ်တဲ့၊ အခုတော့ အစွန်းမှာ တစ်သိန်းချည်းဖြစ်နေတာ ဘာကြောင့်ပါလဲတဲ့ ဟုတ်လား"

"ဟုတ်မှန်ကြောင်းပါ ဘုရား"

"ဦးစံညွှန့်မေးတဲ့ စကားရပ်က သုတ္တနိပါတ်အဋ္ဌကထာ ပ၊ ၄၃– ခဂ္ဂဝိသာဏသုတ် အဖွင့်ကလာတဲ့ စကားပဲကွယ့်"

"ခဂ္ဂဝိသာဏသုတ်အဖွင့်မှာ ဘယ်လိုလာသလဲ ဘုရား"

"အရှင်အာနန္ဒာက ဘုရားရှင်ကို–

"အရှင်ဘုရား ဘုရားရှင်တို့၏ ဆုတောင်း၍ ပါရမီဖြည့်ရခြင်းဟာ ဘယ်လောက်ကြာမြင့်ပါသလဲ"လို့ မေးလျှောက်သတဲ့၊ ဘုရားရှင်က–

"အာနန္ဒာ ဘုရားရှင်တို့ ဆုတောင်းပြီး ပါရမီဖြည့်ကျင့်ရတဲ့ကာလဟာ အောက်ဆုံးအပိုင်းအခြားအားဖြင့် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ အလယ်အလတ်

http://www.dhammadownload.com



အားဖြင့် ရှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ အထက် အပိုင်းအခြားအားဖြင့် ၁၆–အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလကြာမြင့်တယ်" အောက်, အလယ်, အထက် ဆိုတဲ့ စကားဟာ ပညာဓိက၊ သဒ္ဓါဓိက၊ ဝီရိယာဓိက အစွမ်းအားဖြင့်သာ သိအပ်တယ်၊ ပညာဓိက ဘုရားလောင်းဟာ သဒ္ဓါအားနည်းပြီး ပညာထက်မြက်တယ်၊ သဒ္ဓါဓိကဘုရားလောင်းက ပညာအလယ်အလတ်မျှသာ ရှိပြီး သဒ္ဓါအားကြီးတယ်၊ ဝီရိယာဓိကဘုရားအလောင်း က သဒ္ဓါ, ပညာအားနည်းပြီး ဝီရိယအားကောင်းတယ်၊ ကမ္ဘာတစ်သိန်းနှင့် လေးအသင်္ချေ မရောက်ဘဲ ဝေဿန္တရာမင်းကြီးလိုပဲ ဒါနကို ပြုပြု၊ ဘုရားဖြစ်ထိုက်တဲ့ သီလအစရှိတဲ့ ပါရမီ ၁၀–ပါးကို အစွမ်းကုန်ပင် ဖြည့်ကျင့်, ဖြည့်ကျင့် ဒီအကြားမှာ ဘုရားဖြစ်ရိုး မရှိဘူး။

ဘာကြောင့်လည်းဆိုတော့ ဉာဏ်မရင့်ကျက်တဲ့အတွက်ကြောင့်တဲ့၊ လောက ဥပမာအားဖြင့် သုံးလစပါး၊ လေးလစပါး၊ ငါးလစပါးရယ်လို့ ရှိတယ်၊ အဲဒီစပါးမျိုးတွေဟာ သူ့ရက် မရောက်သမျှ နေ့တိုင်းနေ့တိုင်း ရေသွင်းသည်ပင်ဖြစ်စေ၊ မြေဩဇာ ထည့်ပေးသည်ပင်ဖြစ်စေ အသီးမသီးဘူး။

ဘာကြောင့်လည်းဆိုတော့ မရင့်ကျက်လို့ဘဲ။

ဒါကြောင့် ဘုရားအလောင်းများဟာ ဉာဏ်ရင့်ကျက်လာအောင် ဆိုအပ်ခဲ့ပြီးသော ကာလတိုင်အောင် ပါရမီတော်များကို ဖြည့်ကျင့်ရတယ်လို့ ဟောတော်မူတယ်၊ အဲဒီလို ဟောတော်မူတဲ့အတိုင်း ဘုရားအလောင်းများဟာ လေးအသင်္ချေ၊ ရှစ်အသင်္ချေ၊ ၁၆–အသင်္ချေတိတိမျှမက ကမ္ဘာတစ်သိန်းအလွန်အထိ ပါရမီတော်များကို ဖြည့်ကျင့်ရခြင်း ဖြစ်တယ်။

ဒီနေရာမှာ လေးအသင်္ချေနောင် တစ်သိန်းဆိုလျှင် ရှစ်အသင်္ချေနောင် နှစ်သိန်းဖြစ်ရမယ်လို့ သင်္ချာနည်းနှင့်ဆိုလိုသည် မဟုတ်ပါဘူး၊ ဘုရားအလောင်းများဟာ လေးအသင်္ချေ၊ ရှစ်အသင်္ချေ၊ ၁၆–အသင်္ချေမျှမက ကမ္ဘာတစ်သိန်းလောက် ဆောင်းပြီး ပါရမီဖြည့်ရသေးတယ်လို့ ဆိုလိုရင်းဖြစ်ပါတယ်။

ဒါကြောင့် ၄–နောက် (၁) ဖြစ်လျှင်၊ ၈–နောက် (၂)၊ ၁၆–နောက် (၄) လို့ သင်္ချာနည်းနှင့် မတွက်သင့်ဘူးလို့ ဖြေဆိုလိုက်ပါတယ်ကွယ်။

## ဝေဒနာမှ လွတ်မြောက်သည့် ဆေးဝါး

"မှန်ပါ၊ ဒုတိယအဖြေကိုလည်း သဘောကျလိမ့်မည်လို့ ထင်မိပါတယ်၊ ရောဂါဆိုးက လွတ်မြောက်ဖို့ ဆေးဝါးများ ရှိ, မရှိဆိုတဲ့ တတိယအမေးကိုလည်း အဖြေပေးပါဦး ဘုရား"

http://www.dhammadownload.com



"ပဋိစ္စသမုပ္ပါဒ်မှာ အဝိဇ္ဇာအကြောင်းခံလျှင် ကံ, သင်္ခါရဖြစ်တယ်၊ ကံ, သင်္ခါရအကြောင်းခံလျှင် ဝိပါက်ဝိညာဉ် ဖြစ်တယ်၊ ဝိပါက်ဝိညာဉ် အကြောင်းခံခဲ့လျှင် အာယတန ၆-ပါး ဖြစ်တယ်၊ အာယတန ၆-ပါး အကြောင်းခံခဲ့လျှင် ဖဿ ဖြစ်တယ်၊ ဖဿအကြောင်းခံခဲ့လျှင် ဝေဒနာဖြစ်တယ်၊ ဝေဒနာအကြောင်းခံခဲ့လျှင် တဏှာဖြစ်တယ်၊ တဏှာအကြောင်းခံခဲ့လျှင် ဥပါဒါန်ဖြစ်တယ်၊ ဥပါဒါန် အကြောင်းခံခဲ့လျှင် ဘဝ ဖြစ်တယ်၊ ဘဝအကြောင်းခံခဲ့လျှင် ဇာတိ ဖြစ်တယ်၊ ဇာတိအကြောင်းခံခဲ့လျှင် ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသဆိုတဲ့ တရားများဖြစ်တယ်တဲ့၊ ဒါက ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂-ပါးပဲကွယ့်"

ပဋိစ္စသမုပ္ပါဒ်ဆိုတာ အကြောင်းကြောင့် အကျိုးတရားများ ဖြစ်ပေါ်လာပုံ ဟောတဲ့တရားပဲ၊ အဲဒီ အကြောင်းကြောင့် ဖြစ်ပေါ်လာတဲ့အကျိုးတရားဆိုတာ အခြား အပြင်အပကို ဆိုလိုတာ မဟုတ်ဘူး၊ မိမိသန္တာန်မှာ ဖြစ်ပွားနေတဲ့ ရုပ်တရား, နာမ်တရားကို ဆိုလိုတာပဲ၊ မိမိသန္တာန်မှာ ဖြစ်ပွားနေတဲ့ ရုပ်တရား နာမ်တရားဟာ ဘာကြောင့်ဖြစ်တာလဲလို့ အကြောင်းရင်းရှာလိုက်တော့ သစ္စာ ၄-ပါး အမှန်တရား ကို မသိတဲ့ (အဝိဇ္ဇာ)ဆိုတဲ့ မောဟကြောင့် ဖြစ်တာတဲ့။

သစ္စာ ၄-ပါး အမှန်တရားကို မသိတဲ့ပုဂ္ဂိုလ်ကို (ပုထုဇဉ်)လို့ ခေါ်တယ်၊ သစ္စာလေးပါး အမှန်တရား သိပြီးပုဂ္ဂိုလ်ကို(ရဟန္တာ)လို့ ခေါ်တယ်၊ ရဟန္တာဖြစ်လျှင် ဘဝ မကျန်တော့ဘူး၊ ခီဏာဇာတိဆိုတဲ့အတိုင်း နောင် ပဋိသန္ဓေနေဖို့ ကုန်သွားပြီ၊ ဇာတိကုန်တော့ ဇရာ, ဗျာဓိ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသဆိုတဲ့ ဒုက္ခတွေလည်း မရှိတော့ဘူး။

ပုထုဇဉ်ဆိုတာ ဘဝ ကျန်သေးတယ်၊ ဇာတိ မကုန်သေးဘူး၊ ဇာတိ မကုန် သေးတဲ့အတွက် ဇရာ, မရဏဆိုတဲ့ ဒုက္ခတွေလည်း မကုန်နိုင်ဘူး။

သတ္တဝါတွေအပေါ် ကျရောက်နိုင်တဲ့ (ဗျာဓိ)ဆိုတဲ့ ရောဂါဟာ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါးမှာ တိုက်ရိုက်တော့ မပါဘူး၊ အင်္ဂါ ၁၂-ပါးမှာ တိုက်ရိုက်ပါတာက ဇရာနှင့် မရဏမျှသာဖြစ်တယ်၊ ဇရာနှင့် မရဏဟာ အိုခြင်းနှင့်သေခြင်း ကွဲခြား နေသော်လည်း အိုပြီးလျှင် သေတာမို့ အအိုနှင့် အသေကို အင်္ဂါတစ်ပါးတည်း ယူထားတယ်။

ပဋိစ္စသမုပ္ပါဒ်မှာ ဇရာ, မရဏမျှမကဘဲ ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတွေလည်း ပါသေးတယ်၊ အဲဒါတွေတော့ ဘာကြောင့် အင်္ဂါ ၁၂-ပါး အတွင်း မထည့်သွင်းတာလည်းဆိုလျှင် အင်္ဂါ ၁၂-ပါးအတွင်း မထည့်သွင်းတာ၊

http://www.dhammadownload.com



မဟုတ်ဘူး၊ ထည့်သွင်းတာပါပဲ၊ သို့သော်လည်း သီးသန့် မထည့်သွင်းဘူး၊ မရဏအတွင်း ထည့်သွင်းထားတယ်၊ ဘာကြောင့်လည်းဆိုတော့ ဇရာ, မရဏဆိုတဲ့ အို,သေက အရင်းခံ မူလတရား အကျိုးရင်းဖြစ်တယ်၊ သောကအစရှိတဲ့ တရားများက ဇာတိကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးဆက်(နိဿန္ဒဖလ)မျှသာ ဖြစ်တယ်၊ ဒါကြောင့် သောကအစရှိတဲ့ တရားများကို ဇာတိအတွင်း ထည့်သွင်း ရေတွက်ရတယ်။

ဗျာဓိဆိုတဲ့ အနာအဖျားကတော့ သောကများလို နိဿန္ဒဖလ မဟုတ်ဘူး၊ အကျိုးရင်းနှင့် အတူတူမို့ သီးသန့်မဟောဘဲ ဇရာအတွင်း ထည့်သွင်းထားတယ်၊ ဇရာနှင့် ဗျာဓိ ဘယ်လိုတူသလဲဆိုတော့ ဇရာတရားဟာ အရွယ်ကို ပျက်စီးစေတတ်သလို ဗျာဓိတရားကလည်း စိုပြည်လှပတဲ့အရွယ်ကို ပျက်စီးစေတတ်တယ်၊ ဇာရာတရားဟာ ပင်ပန်းနွမ်းရိ ကိုယ်မချိခြင်း ဖြစ်တတ်သလို ဗျာဓိတရားကလည်း ဖြစ်တတ်တယ်၊ ဇရာတရားဟာ သတိချို့ယွင်း မေ့လျော့ခြင်း ဖြစ်တတ်သလို ဗျာဓိတရားကလည်း ဖြစ်တတ်တယ်၊ ဇရာတရားဟာ ကိုယ့်သားမယားများက တောင် မပြုစုချင်အောင် ဖြစ်တတ်သလို ဗျာဓိတရားကလည်း ထို့အတူ ဖြစ်တတ်တယ်၊ ဇရာတရားဟာ ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲ ဖြစ်တတ်သလို ဗျာဓိတရားကလည်း ဖြစ်တတ်တယ်။

ဇရာနှင့် ဗျာဓိဟာ ဒီလို အဖြစ်ချင်း တူကြတယ်၊ ဒါကြောင့် ဗျာဓိကို သီးသန့် အင်္ဂါတစ်ပါးမယူတော့ဘဲ ဇရာအတွင်း ထည့်သွင်းထားတယ်၊ ဇာတိဆိုတဲ့ ရုပ်, နာမ်ဖြစ်ခဲ့လျှင် ဇရာဆိုတဲ့တရားက နောက်ကပါလာသလို၊ ဇာရာပါခဲ့လျှင် ဗျာဓိဆိုတဲ့ တရားကလည်း ကပ်ပြီး ပါမြဲမို့ ရုပ်, နာမ်ရှိသမျှ ကာလပတ်လုံး အသက်ကို ချွေမည့် ရောဂါဆိုး မဖြစ်စေရဘူးလို့ ဘယ်ဆေး ဘယ်ဝါး ဘယ်မန္တာန်ကမှ မတတ်နိုင်ပါဘူး။

“ဒီစကားကို နားရှင်းအောင် ထပ်ဖြေလိုက်ဦးမယ်နော်”

“မှန်ပါ ဖြေတော်မူပါ”

“သံသရာကျင်လည်တယ်ဆိုတာ ဘာလဲလို့ မေးခဲ့လျှင်(ခန္ဓာနဉ္စ ပဋိပါဋိ၊ ဓာတုအာယတနာန စ၊ အဗ္ဗောစ္ဆိန္န ဝတ္တမာနာ၊ သံသာရောတိ ပဝုစ္စတိ)ဆိုတဲ့အတိုင်း ရုပ်တရား, နာမ်တရား မပြတ်မစဲ ထပ်တလဲလဲဖြစ်တာကို သံသရာလို့ခေါ်တာပဲ၊ ၃၁–ဘုံအတွင်း ဘဝမပြတ်သမျှ ရုပ်နာမ်ဖြစ်ပျက်တာ မပြတ်ဘူး”

ရုပ်နာမ်ဖြစ်ပျက်ကိုပင် ကုန်ခန်းတတ်လို့ **အနိစ္စ**လို့ ဟောတယ်။

ကြောက်မက်ဖွယ် ဘေးဟူသောအနက်ကြောင့် ဒုက္ခလို့ ဟောတယ်။

http://www.dhammadownload.com



အနှစ်သာရ မရှိတဲ့အတွက်ကြောင့် **အနတ္တ**လို့ ဟောတယ်။

လူမင်း, နတ်မင်း, ဗြဟ္မာမင်းတွေဟာ ရောင်ခြည်တွေ တဝင်းဝင်းနှင့် ဘယ်လို တင့်တယ်နေကြသော်လည်း ရုပ်အစု, နာမ်အစုမို့ ဖြစ်,ပျက် မကင်းဘူး။

ဖြစ်,ပျက် တစ်ခုပြီးတစ်ခု ရင့်ကျက်လာတာက **ဇရာ**။

ဖြစ်ပြီး ပျက်သွားတာက **ဗျာဓိနှင့်မရဏ**။

"ဒီ ဇရာ, ဗျာဓိ, မရဏတွေက မထင်ရှားလို့ အပါကဋတရား၊ တကယ်အို, တကယ်နာ, တကယ်သေတာက ထင်ရှားတဲ့ ပါကဋတရား၊ မထင်ရှားတဲ့ အပါကဋတရားနှင့် ထင်ရှားတဲ့ ပါကဋတရားများမျှသာ ကွာခြားတယ်၊ အို, နာ, သေကတော့ဖြင့် အို, နာ, သေချည်းပဲ ဟုတ်ရဲ့လားကွယ့်"

"ဟုတ်မှန်ကြောင်းပါ ဘုရား"

"ဒီတော့ ရုပ်, နာမ်ရှိသမျှ ကာလပတ်လုံး မအိုအောင်, မနာအောင်, မသေအောင် ပြုလုပ်လို့ ဖြစ်ပါ့မလား"

"မဖြစ်ပါဘူး ဘုရား"

"အေး– ဆေးဝါး, ပယောဂနည်းနှင့် သက်သာအောင်တော့ ပြုနေကြတာပေါ့ကွယ်၊ တကယ်ပျောက်ကင်းအောင်တော့ မတတ်နိုင်ကြပါဘူး၊ အမှန်တကယ် ပျောက်ကင်းချင်တယ်ဆိုလျှင် (အဝိဇ္ဇာယတွေဝ အသေသ ဝိရာဂ နိရောဓာ) **လို့** ဟောတော်မူတဲ့အတိုင်း အဝိဇ္ဇာပျောက် ဝိဇ္ဇာပေါက်အောင် မဂ္ဂင်ရှစ်ပါး မြတ်တရားကို ကြိုးစားအားထုတ်ပါလို့ တိုက်တွန်းလိုက်ပါတယ်ကွယ်"

"သာဓု – သာဓု – သာဓု"

## ဝိဇ္ဇာခိုရ်

"မှန်ပါ၊ ဒီအဖြေကိုလည်း ကျေနပ်ကောင်း ကျေနပ်ပါလိမ့်မယ်၊ စတုတ္ထ ဝိဇ္ဇာခိုရ် ပြဿနာကိုလည်း အဖြေပေးပါဦး ဘုရား"

* စတုတ္ထအမေးက ထွက်ရပ်ပေါက်ပုဂ္ဂိုလ်နှင့် ဝိဇ္ဇာခိုရ် တူ, မတူ၊

* ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ဟာ အကိုးကွယ်ခံထိုက်သူ ဟုတ်, မဟုတ်၊

* ထွက်ရပ်ပေါက်ပြီး ဘယ်အရပ်၌ နေ, မနေ"

အဲဒီလို ခွဲထုတ်လိုက်တော့ ပုစ္ဆာသုံးခု ဖြစ်လာသကွယ့်၊ ရှေးဦးစွာ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ဆိုတာ ဖြေကြပါစို့။

http://www.dhammadownload.com



ပိုးလောက်လန်းဟာ ခြင်ကောင် ဖြစ်ချင်တော့ တစ်နေရာမှာ ငြိမ်သက်စွာ နေပြီး ကိုယ်ပေါ်မှာ အမြွေးပါးကလေးများ ဖုံးအုပ်လာတယ်၊ အမြွေးပါးကလေးများ လုံခြုံတဲ့အချိန်မှာ ပိုးလောက်လန်းဟာ အရည်အဖြစ် ပြောင်းလဲလာတယ်၊ အရည်ဘဝက တစ်စတစ်စ မာကြောလာပြီး အတောင်, ခြေ, လက်နှင့် ခြင် ဖြစ်လာတယ်၊ ယင်တို့ လိပ်ပြာတို့လည်း ဤနည်းပြောင်းလဲခဲ့ကြတယ်။

ပိုးလောက်လန်းက ခြင်, ယင်, လိပ်ပြာစတဲ့ အင်းဆက်ပိုး ဖြစ်လာတာဟာ သူတို့ရဲ့ ဗီဇနိယာမပဲကွယ့်။

လူကတော့ ကေဇမျိုးမို့ လူမ,က လူသားကို တိုက်ရိုက် ဖွားမြင်တာပဲ၊ ဒွိဇမျိုး, တိဇမျိုးလို အဆင့်ဆင့် ပြောင်းလဲမှု မရှိဘူး၊ သို့သော်လည်း လူသားက အလွန်ဉာဏ်သွားတဲ့ အမျိုးအစားကိုကွယ့်၊ ဒါကြောင့် လူသားဟာ ပိုးလောက်လန်းများလို ဖိုဝင်နိုင်လျှင် ပိုးလောက်လန်းက ခြင်, ယင်, လိပ်ပြာဖြစ်နိုင်သလို သိဒ္ဓိပေါက်တဲ့ လူသားတစ်ယောက် ဖြစ်နိုင်တယ်လို့ ကြံဆပြီး ဖိုဝင်တဲ့အတက်ကို လိုက်စားခဲ့ကြတယ်။

ရာဇဝင်မှာပါတဲ့ ဗျတ်ဝိ, ဗျတ္တတို့ မီးကင်စားတဲ့ လူသားဟာ ဇော်ဂျီဖိုဝင်သားလို့ ဆိုတယ်၊ ဆင်ဖြူရှင်မင်းတရားလက်ထက် သက္ကရာဇ် ၉၂၈–ခုနှစ်၊ တပေါင်းလဆန်း ၅–ရက်၊ သောကြာနေ့ ဟံသာဝတီမြို့ဝန်းကျင်ကို ကျုံးစတင်တူးရာက မြေအတွင်း ဇော်ဂျီကို ရဖူးတယ်။

အဲဒီလို ဖိုဝင်လို့ အန္တရာယ်မရှိ အောင်မြင်သွားလျှင် ထွက်ရပ်ပေါက်သွားတယ်၊ ဝိဇ္ဇာဓိုရ်ဖြစ်သွားတယ်လို့ လောကီကျမ်းများမှာ ဆိုတယ်၊ ဖိုဝင်တာကလည်း အမျိုးမျိုးရှိတယ်၊ အချို့က မြေအောင်းတယ်၊ အချို့က ပိုးလောက်လန်းများ အမြွေးဖုံးသလို အမြွေးဖုံးတာလည်း ရှိတယ်၊ ပွယ်ပွက်ဆူတဲ့ရေကို ချိုးရတာလည်း ရှိတယ်၊ မီးပုံအတွင်း ခုန်ဆင်းရတာလည်း ရှိတယ်၊ ဖိုအောင်းခြင်းမရှိတဲ့ ဝိဇ္ဇာဓိုရ်များလည်း ရှိသေးတယ်ကွယ့်။

"အမိန့်ရှိပါဦး ဘုရား"

(၁) ပြဒါးကို သိဒ္ဓိသွင်းပြီး အောင်မြင်သွားတဲ့ ပြဒါးဝိဇ္ဇာ၊
(၂) သံကို သိဒ္ဓိသွင်းပြီး အောင်မြင်သွားတဲ့ သံဝိဇ္ဇာ၊
(၃) ဆေးစီရင်ပြီး အောင်မြင်သွားတဲ့ ဆေးဝိဇ္ဇာ၊
(၄) အင်းချ အောင်မြင်သွားတဲ့ အင်းဝိဇ္ဇာ၊
(၅) မန္တာန်ရွတ်ဆို အောင်မြင်သွားတဲ့ မန္တာန်ဝိဇ္ဇာ၊

http://www.dhammadownload.com



(၆) သန်လျက်ကို အသက်သွင်းပြီး အောင်မြင်သွားတဲ့ သန်လျက် ဝိဇ္ဇာ၊

ရယ်လို့ ဝိဇ္ဇာ ၆-မျိုး ရှိသေးတယ်။

မြန်မာပြည်မှာ ထွက်ရပ်ပေါက်အောင်ရယ်လို့ ပြဒါးကစားသူ၊ သံကစားသူ၊ ဆေးကစားသူ၊ အင်းကစားသူတွေတော့ အတော်ပေါများပါတယ်၊ မန္တာန်ဝိဇ္ဇာ၊ သန်လျက်ဝိဇ္ဇာဖြစ်အောင် ကြိုးစားသူရယ်လို့တော့ မတွေ့ဖူးသေးပါဘူးကွယ်။

"မန္တာန်ဝိဇ္ဇာ၊ သန်လျက်ဝိဇ္ဇာဆိုတာကကော ကျမ်းများမှာ ရှိပါသလား ဘုရား"

"ရှိတာပေါ့၊ ဆက္ကနိပါတ်၊ ဝိဇ္ဇာဓရဇာတ်မှာပါတဲ့ ဝိဇ္ဇာဓိုရ်ဟာ မန္တာန်ဝိဇ္ဇာပဲ မဟုတ်လား"

"အဲဒီ ဝိဇ္ဇာအကြောင်း နည်းနည်း အမိန့်ရှိပါဦးဘုရား"

"ဗာရာဏသီ ဗြဟ္မဒတ်မင်းလက်ထက်က ဘုရားအလောင်းတော်ဟာ သိကြားမင်းဖြစ်သတဲ့၊ အဲဒီတုံးက ဝိဇ္ဇာဓိုရ်တစ်ယောက်ဟာ သန်းခေါင်ယံအချိန်ကျလျှင် မန္တာန်ကို မန်းပြီး နန်းတော်အတွင်းလာကာ မိဖုရားကြီးနှင့် ပျော်ပါးသတဲ့။

ဒီအကြောင်း မိဖုရားကြီးက ဘုရင်ထံ သံတော်ဦးတင်တော့ ဘုရင်က အဲဒီသူရဲ့ကိုယ်မှာ တစ်စုံတစ်ရာ အမှတ်သညာ မပြုနိုင်ဘူးလားလို့ မေးတယ်၊ မိဖုရားကြီးက ပြုနိုင်ပါကြောင်း သံတော်ဦးတင်ပြီး ညဥ့်အခါ အိပ်ရာအနီးမှာ ဟင်္သပြဒါးစစ်ခွက်ကို ယူထားတယ်၊ ညအခါ ဝိဇ္ဇာဓိုရ် လာရောက်ပျော်ပါးတော့ မိဖုရားကြီး ဝိဇ္ဇာဓိုရ်ရဲ့ကိုယ်ကို လက်နှစ်ဘက်နှင့်ဖက်ပြီး ကျောပြင်မှာ လက်ငါးချောင်းရာ ပေးလိုက်တယ်၊ ဝိဇ္ဇာဓိုရ် ထွက်သွားလျှင် ထွက်သွားချင်း မိဖုရားကြီးက မင်းကို သံတော်ဦးတင်လို့ မင်းက ကျောမှာ လက်ငါးချောင်းရာပါသူကို ဖမ်းစေလို့ အမိန့်ထုတ်လိုက်တယ်။

ဝိဇ္ဇာဓိုရ်ဟာ ညဥ့်မှာ သူများမယား၊ သမီးများကို ပစ်မှားပြီး နေ့ကျလျှင် သုသာန်မှာ နေကို ရှိခိုးပြီး ခြေတစ်ဘက်တည်းနှင့် ရပ်နေသတဲ့၊ မင်းချင်းတို့ဟာ ဝိဇ္ဇာဓိုရ်ကျောပြင်မှာ လက်ငါးချောင်းရာကို မြင်တော့ ဝိုင်းဖမ်းကြတယ်၊ ဝိဇ္ဇာဓိုရ်က ငါ့အမှု လူသိကုန်ပြီထင်တယ်လို့ မန္တာန်ကို မန်းပြီး ကောင်းကင်ပျံတက်သွားလို့ မမိလိုက်ကြဘူး။

အဲဒီဝိဇ္ဇာဓိုရ်ဟာ ရသေ့၊ ရဟန်းလို သစ်ခေါက်ဆိုး ဝတ်ထားလို့ မင်းကြီးက ရသေ့၊ ရဟန်းထင်ပြီး ငါ့မြို့နယ်အတွင်းမှာ ရသေ့၊ ရဟန်း မနေရလို့ နှင်ထုတ်

http://www.dhammadownload.com


တဲ့အတွက် ကာသိတစ်တိုင်းလုံး ရသေ့၊ ရဟန်း ဆိတ်သုဉ်းသွားသတဲ့။

ဒီအကြောင်း သိကြားမင်းက သိလို့ ရှင်ပစ္စေကဗုဒ္ဓါတစ်ပါးကို ပင့်သွားပြီး ဗာရာဏသီမင်းကို တရားဟောမှ ရသေ့၊ ရဟန်းများ လာရောက်ရသတဲ့ကွယ်၊ ဒါကြောင့် မန္တာန်ဝိဇ္ဇာဆိုတာ ကျမ်းများမှာ ထင်ရှားရှိတဲ့ ဝိဇ္ဇာပဲပေါ့"

"သန်လျက် ဝိဇ္ဇာဆိုတာကော ကျမ်းများမှာ ရှိပါသလား ဘုရား"

"ရှိပါတယ်၊ ဇင်းမယ်ပဏ္ဏာသက လာတဲ့ နာမည်ကျော် သမုဒ္ဒဃောသဇာတ်ဟာ သန်လျက်ဝိဇ္ဇာကို ညွှန်ပြတဲ့ ဇာတ်တော်ဖြစ်တယ်ကွယ့်"

"သန်လျက်ဝိဇ္ဇာနှင့် သံဝိဇ္ဇာတို့ဟာ သဘောချင်း မတူဘူးလားဘုရား"

"သံဝိဇ္ဇာဆိုတာလည်း သံလုံးအတွင်း သိဒ္ဓိသွင်းတာပဲ၊ သန်လျက်ဝိဇ္ဇာဆိုတာလည်း သံအတွင်း သိဒ္ဓိသွင်းတာပဲမို့ သဘောချင်း တူညီပါတယ်၊ တူရာ ပေါင်းလိုက်လျှင်တော့ ဝိဇ္ဇာ ၅–မျိုး ဖြစ်သွားမှာပါပဲ"

"ပြီးတော့ ပြဒါးရှင်လုံးကို ငုံပြီး ပျံတဲ့ ပဒိုက္ခရားတို့ကိုကော ဝိဇ္ဇာအတွင်း မသွင်းနိုင်ဘူးလားဘုရား"

"ပြဒါးရှင်ဆိုတာ ပြဒါးဝိဇ္ဇာအတွင်း ပါပြီးမို့ အားလုံးပေါင်းလိုက်လျှင် လောကီဝိဇ္ဇာဟာ ၅–မျိုးသာ ရှိပါလိမ့်မယ်"

"လောကီဝိဇ္ဇာဆိုတော့ လောကုတ္တရာဝိဇ္ဇာဆိုတာကော ရှိပါသေးသလား ဘုရား"

"လယ်တီဆရာတော်ဘုရားရဲ့ ဝိဇ္ဇာမဂ္ဂဒီပနီကျမ်းမှာ လောကီ၊ လောကုတ္တရာ ရောပြွမ်းပြီး ဝိဇ္ဇာ ၅–မျိုး သီးသန့် ပြထားသေးသကွယ့်"

"အမိန့်ရှိပါဦး ဆရာတော်"

(၁) **ဝေဒဝိဇ္ဇာ** = ဗေဒင်လေးမျိုးတတ်သူ၊ (၂) **မန္တဝိဇ္ဇာ** = လက္ခဏာကျမ်း နိမိတ်ကျမ်း၊ ဂါထာ၊ မန္တရား၊ ဆေးဝါးအမျိုးမျိုးတတ်သူ (၃) **ဂန္ဓာရီဝိဇ္ဇာ** = သိဒ္ဓိအမျိုးမျိုးပေါက်တဲ့ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ မန္တာန်ဝိဇ္ဇာအမျိုးမျိုး (၄) **လောကီယဝိဇ္ဇာ** = လောကီစျာန်ရပုဂ္ဂိုလ် (၅) **အရိယဝိဇ္ဇာ**= အရိယာပုဂ္ဂိုလ် ရှစ်ယောက်လို့ အဲဒီလို ဝိဇ္ဇာ ၅–မျိုးကို ဖော်ပြထားတယ်။

ပထမ၊ ဒုတိယ၊ တတိယဝိဇ္ဇာမျိုးကတော့ လောကီဝိဇ္ဇာမျိုး သန့်သန့်ပဲ၊ ရှူဠဂန္ဓာရီဝိဇ္ဇာလို့ ခေါ်တယ်။

စတုတ္ထနှင့် ပဥ္စမမျိုးက လောကီဝိဇ္ဇာ သန့်သန့်မဟုတ်ဘူး၊ သမထ

http://www.dhammadownload.com



"ဂန္ဓာရီဆိုတာ ဘယ်လို အဓိပ္ပာယ်ပါလဲဘုရား"

"အိန္ဒိယပြည်ကြီးရဲ့ အရှေ့မြောက် ဟိမဝန္တာတောင်ကြီးရဲ့ အနောက်အရပ်မှာ ဂန္ဓာရတိုင်းဆိုတာ ရှိတယ်၊ တက္ကသိုလ်ပြည်ဟာ ဂန္ဓာရတိုင်းရဲ့ မြို့တော်ပဲ၊ ရှေးအခါက ဂန္ဓာရတိုင်းသားများ လိုက်စား ပေါက်ရောက်တဲ့အတတ်မို့ ဝိဇ္ဇာအတတ်ကို ဂန္ဓာရီအတတ်လို့ ခေါ်တာကွယ့်"

"ဂန္ဓာရီဝိဇ္ဇာနှင့် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ဆိုတာ အတူတူပဲပေါ့ ဘုရား"

"ဟုတ်ပါတယ်၊ အတူတူပါပဲ"

"ဒီလိုဆို ဒီပုဂ္ဂိုလ်တွေဟာ ပကတိလူသားထက် ထူးတာမို့ ပူဇော်အထူးကို ခံထိုက်, မခံထိုက်၊ လူသားတို့ရဲ့ ကိုးကွယ်ခြင်းကို ခံထိုက်, မခံထိုက် အမိန့်ရှိပါဦးဘုရား"

"ပူဇော်အထူး ခံထိုက်တဲ့ ဂုဏ်ကို **ပုညက္ခေတ္တံ အနုတ္တရံ**လို့ ဟောထားတယ်ကွယ့်"

"အဓိပ္ပာယ် အမိန့်ရှိပါဦး ဘုရား"

"ပူဇော်အထူး ခံထိုက်သူဟာ ကောင်းမှုတည်းဟူသော မျိုးစေ့ ကြဲချရာ လယ်ယာမြေကောင်းနှင့် တူရမယ်တဲ့၊ ဆိုလိုတာက အလှူဒါနဝတ္ထုက မျိုးစေ့နဲ့တူတယ်၊ အလှူခံက လယ်မြေနှင့်တူတယ်၊ မျိုးစေ့ကောင်းသော်လည်း လယ်မြေကောင်းပါမှ ဖြစ်ထွန်းတယ်၊ လယ်မြေကောင်းလျှင် မျိုးစေ့ညံ့သည့်တိုင်အောင် ဖြစ်ထွန်းတယ်၊ လယ်မြေ ကောင်း, မကောင်း မြေဩဇာအပေါ်မှာ မူတည်သလို၊ အလှူခံပုဂ္ဂိုလ်ဟာလည်း သီလအပေါ်မှာ မူတည်တယ်၊ သီလပြည့်စုံတဲ့ အလှူခံဟာ ကောင်းမှုတည်းဟူသော မျိုးစေ့ဖြစ်ထွန်းတာမို့ အပူဇော်ခံထိုက်သူ အကိုးကွယ်ခံထိုက်သူ ဖြစ်တယ်၊ သီလမရှိခဲ့လျှင် အတတ်ပညာ ရှိရုံမျှဖြင့် အပူဇော် မခံထိုက်ဘူး၊ အကိုးကွယ် မခံထိုက်ဘူး၊ ဒီအကြောင်းကို ပဋ္ဌကနိပါတ်, သီလဝီမံသ ဇာတ်တော်မှာ—

မောဃာ ဇာတိ စ ဝဏ္ဏော စ၊ သီလမေဝ ကိရ'တ္တမံ။

သီလေန အနုပေတဿ၊ သုတေန'တ္ထော န ဝိဇ္ဇတိ—လို့

ဟောထားတယ်၊ အဓိပ္ပာယ်က—

"လောကမှာ ရုပ်ရည်ချောမောခြင်း၊ အမျိုးမြတ်ခြင်းတို့ဟာ ဘာမျှ အကျိုးမရှိ၊ အချည်းနှီးများသာ ဖြစ်ကြတယ်၊ သီလတရားသာ အမြတ်ဆုံးဖြစ်တယ်၊ သီလအကျင့် မရှိဘူးဆိုလျှင် ပညာ ဘယ်လောက်တတ်တတ် အကျိုးမရှိဘူးလို့

http://www.dhammadownload.com



ဆိုလိုတယ်၊ ဒါကြောင့် ဝိဇ္ဇာဓိုရ်ပင်ဖြစ်စေ, ပကတိသောပုဂ္ဂိုလ်ပင်ဖြစ်စေ အကျင့်သီလ ရှိလျှင် အပူဇော်ခံထိုက်တယ်၊ ကိုးကွယ်ခြင်းကို ခံထိုက်တယ်၊ အကျင့်သီလ မရှိလျှင်တော့ အပူဇော်လည်း မခံထိုက်ဘူး၊ အကိုးကွယ်လည်း မခံထိုက်ဘူးလို့ မှတ်တာပေါ့ကွယ်"

"မှန်ပါ၊ ဝိဇ္ဇာဓိုရ်များ နေထိုင်ရာ ဘုံကိုလည်း မိန့်တော်မူပါဦးဘုရား"

"ဝိဇ္ဇာဓိုရ်ပုဂ္ဂိုလ်ဟာ တခြားက လာတာမဟုတ်ဘူး၊ လူသားဘဝက ဖြစ်လာတာမို့ ဝိဇ္ဇာဓိုရ်များ နေထိုင်ရာဘုံရယ်လို့ သီးခြား မရှိပါဘူး၊ သူ စိတ်ချမ်းမြေ့ရာ လူ့ဘုံ, လူ့မြေပေါ်မှာပင် နေထိုင်ကြတယ်ကွယ့်၊ ဒီနေရာမှာ စကားစပ်မိလို့ ပြောလိုက်ရဦးမယ်"

"မိန့်တော်မူပါဘုရား"

"မြန်မာစကားအတွင်းမှာ ဝိဇ္ဇာ, ဇော်ဂျီ, တပသီရယ်လို့ ဆက်လျက် ရှိနေတယ်၊ စကားဆက်နေလို့ ဝိဇ္ဇာရယ်, ဇော်ဂျီရယ်, တပသီရယ် အတူတူလို့ မှတ်ထင်နေကြတယ်"

"နို့ အတူတူ မဟုတ်ဘူးလား ဘုရား"

"အေးကွယ့် တူတဲ့အပိုင်းမှာ တူပြီး၊ မတူတဲ့အပိုင်းကျတော့ မတူဘူး"

"ဘယ်အပိုင်းမှာ မတူပါသလဲ ဆရာတော်"

"မတူတဲ့ အပိုင်းနှင့်စပ်ပြီး ပုဒ်ကို တစ်ပုဒ်စီ ခွဲပြီး ပြောပြဦးမယ်ကွယ့်"

"ဝိဇ္ဇာဓိုရ်ဆိုတာ– ဝိဇ္ဇာ + ဓရ ပုဒ်ရင်းပဲကွယ့်၊ ဝိဇ္ဇာဆိုတဲ့ပုဒ်က–

(၁) အသိပညာ (၂) အတတ်ပညာ (၃) ဗေဒင်လေးပုံ (၄) ပု, ဒိ, အာ ဆိုတဲ့ ဝိဇ္ဇာ ၃–ပါးတို့ကို ဟောတယ်၊ ဝိဇ္ဇာရဲ့အနက်မှာ အသိပညာ, အတတ်ပညာလို့ ပါတယ်။

အသိပညာဆိုတာက ဝိဇ္ဇာပညာမျိုးကို ဟောတယ်။

အတတ်ပညာဆိုတာက သိပ္ပံပညာမျိုးကို ဟောတယ်။

ဝိဇ္ဇာပညာမျိုးကို အတတ်ကြီး ၁၈–ရပ်လို့ ခေါ်ပြီး၊ သိပ္ပံပညာမျိုးကို အတတ်ငယ် ၆၄–ပါးလို့ ခေါ်တယ်။

ဒီနေရာမှာ အတတ်ကြီးဆိုတာ မျက်စိမြင်, နားကြား သန်မာသူတို့သာ သင်ယူနိုင်တဲ့အတတ်ဖြစ်ပြီး အတတ်ငယ်ကိုတော့ မျက်စိမမြင်သူ, နားမကြားသူ မသန်မာသူများပါ သင်ယူလို့ ဖြစ်နိုင်သတဲ့။

http://www.dhammadownload.com



ဝိပဿနာနှင့် ဖြစ်လာတဲ့ ဝိဇ္ဇာမျိုးမို့ မဟာဂန္ဓာရီဝိဇ္ဇာလို့ ခေါ်တယ်ကွယ့်"

အတတ်ကြီး ၁၈–ပါ ကို လောကနီတိဂါထာ နံပါတ် (၁၀,၁၁)မှာ ပြထားတယ်။

(၁) အကြားအမြင်အတတ် (၂) ဓမ္မသတ်အတတ် (၃) သင်္ချာအတတ် (၄) လက်သမားအတတ် (၅) နီတိကျမ်းအတတ် (၆) ဗျာကရဏ်းအတတ် (၇) ကဗျာလင်္ကာအတတ် (၈) လက်ပစ်အတတ် (၉) လေးအတတ် (၁၀) စကားတောင်းအတတ် (၁၁) ဆေးအတတ် (၁၂) ရယ်ရွှင်ဖွယ်အတတ် (၁၃) ဗေဒင်အတတ် (၁၄) မာယာအတတ် (၁၅) ဆန်းကျမ်းအတတ် (၁၆) သံတမန်အတတ် (၁၇) မန္တာန်အတတ် (၁၈) သဒ္ဒါကျမ်းအတတ်... ဒီ ၁၈–ရပ်က ဝိဇ္ဇာခေါ်တဲ့ အတတ်ကြီးများ ဖြစ်ကြတယ်။

ကလာခေါ်တဲ့ အတတ်ငယ် ၆၄–ပါးရဲ့ သရုပ်ကိုတော့ ဝိသုဒ္ဓါရုံမှ အဘိဓာန်နိဿယသစ်၊ ဂါထာနံပါတ် ၅၂၈–အဖွင့်မှာ ဟောဒီလို ရေတွက်ပြီး ပြထားတယ်။

## ကလာ ၆၄–ပါးသရုပ်

(၁) **နစ္စ** = ကခြင်းအတတ် (၂) **ဝါဒန** = တီးမှုတ်ခြင်းအတတ် (၃) **ဝတ္ထာလင်္ကာရ** = အဝတ်ဆင်ယင်သောအတတ် (၄) **အနေကရူပ** = ရုပ်သွင်ပြောင်းလဲသောအတတ် (၅) **သေယျာဒိ** = အိပ်ရာ, နေရာခင်းကျင်းသောအတတ် (၆) **ဇုတာဒိ** = ကြွေစသောကစားမျိုးအတတ် (၇) **အနေကာဒိ ရတိဇာနန** = နည်းမျိုးစုံကာမဂုဏ် မွေ့လျော် ပျော်နည်းအတတ် (၈) **မဇ္ဇာသဝါဒိ** = သေအရက် မျိုးစုံချက်သော အတတ်၊ (၉) **သလ္လဟာရဏ** = စူးဝင်သော မြား,ငြောင့် နှုတ်ယူသောအတတ် (၁၀) **အန္နာဒိ ပစန** = စဖိုသည် အတတ် (၁၁) **ဗီဇာရောပ** = လယ်ယာဥယျာဉ်စိုက်ပျိုးရေးအတတ် (၁၂) **ပါသာဏာဒိ ဝိဒါရဏ** = ကျောက်ဓာတ်ရွှေဓာတ်စသည်ကို ပြာချသည့်အတတ် (၁၃) **ဥစ္ဆုဝိကာရ** = ထန်းလျက်, ကြံသကာ, တင်လဲ, သကြားချက်သောအတတ် (၁၄) **ဓာတောသဓိသံ ယောဂါဒိကြိယာ** = ရွှေဓာတ်စသည်တို့နှင့် ဆေးတို့ကို ယှဉ်စပ်ခြင်းအတတ် (၁၅) **ဓာတုသံယောဂ**= ရွှေ,ငွေစသည် ဓာတ်ခွဲသော ဓာတုဗေဒအတတ် (၁၆) **ဓာတွာဒိသံယောဂ** = ဓာတ်ရောစပ်ခြင်းအတတ် (၁၇) **ခါရနိက္ကာသန** = ယမ်း, ဆား, ဆပ်ပြာထုတ်ယူခြင်းအတတ် (၁၈) **သတ္ထသာဒန္တနဝိပေက္ခ** = လက်နက်ချိန်ရွယ် ပစ်လွှတ်ခြင်းအတတ် (၁၉) **မလ္လယုဒ္ဓ** = လက်ပမ်းလုံးခြင်းအတတ် (၂၀) **ဗာဟုယုဒ္ဓ** = လက်ဝှေ့ထိုး

http://www.dhammadownload.com



**ဗျူဟာရစနာဒိကရဏ** = စနစ်တကျ စစ်ဆင်ခြင်းအတတ် (၂၃) **ဒေဝတာတောသန** = နတ်တို့နှစ်သက်ခြင်းအတတ် (၂၄) **သာရထျပဟတ္ထိအဿ ဂတိသိက္ခာ** = ဆင်စီး မြင်းစီးအတတ် (၂၅) **မတ္တိကာ ဘဏ္ဍသံကြိယာ** = အိုးထိန်းသည်အတတ် (၂၆) **ကဋ္ဌဘဏ္ဍ သံကြိယာ** = လက်သမားအတတ် (၂၇) **ပါသာဏ ဘဏ္ဍသံကြိယာ**= ကျောက်ဆစ်အတတ် (၂၈) **ဓာတုဘဏ္ဍသံကြိယာ** = ပန်းပဲ, ပန်းတဥ်းအတတ် (၂၉) **စိတ္တချာလေခနံ** = ပန်းချီအတတ် (၃၀) **တဋ္ဌာဂဝါ** = မြေတူးခြင်း မြေညှိခြင်းအတတ် (၃၁) **ယန္တကရဏ** = ယန္တယား, စက်, နာရီ, တူရိယာပြုလုပ်သောအတတ် (၃၂) **ဝဏ္ဏရဥ္စ** = ဆေးဆိုးအတတ် (၃၃) **ဇလဝါယွဂ္ဂိ** = ရေစက်, လေစက်, မီးစက်အတတ် (၃၄) **ယာနကရဏ** = ယာဉ်အမျိုးမျိုး ပြုလုပ်ခြင်းအတတ် (၃၅) **သုတ္တာဒိရဇ္ဇု** = ချည်ငင်ခြင်း ကြိုးကျစ်ခြင်းအတတ် (၃၆) **ဝတ္ထဝါယန** = ရက်ကန်းအတတ် (၃၇) **ရတနစေဓာဒိ** = ရတနာတို့၏ အပေါက်ကောင်း,မကောင်း သိသောအတတ် (၃၈) **သုဝဏ္ဏာဒိ** = ရွှေစသည်ကို အမျိုးအစား ခွဲခြားသိခြင်းအတတ် (၃၉) **ကိတ္တိမသုဝဏ္ဏရတနာဒိ** = ရွှေစသော ကိတ္တိမ ရတနာပြုလုပ်ခြင်းအတတ် (၄၀) **သုဝဏ္ဏာချလင်္ကာရ** = ရွှေပန်းထိမ်အတတ် (၄၁) **လေပါဒိသံကြိယာ**= ပန်းရံအတတ် (၄၂) **စမ္မမဒ္ဒဝါဒိ** = သားရေနယ်အတတ် (၄၃) **ပသုစမ္မင်္ဂနိဟာရကြိယာ** = သားကောင်မှ သားရေမပျက် ခွါထုတ်ခြင်းအတတ် (၄၄) **ဒုဒ္ဓဒေါဟာဒိ** = နွားနို့ညှစ်ခြင်း, ထောပတ်ချက်ခြင်းအတတ် (၄၅) **ကဉ္စုကာဒိ** = ချုပ်ဝတ်သင်တိုင်း ချုပ်စပ်, သီတွယ်သောအတတ် (၄၆) **ဇလတရဏ** = ရေကူးအတတ်၊ (၄၇) **ဂေဟဘဏ္ဍဒိမဇ္ဇန** = ကြေးခွက်စသော အိမ် ဘဏ္ဍာ တိုက်ချွတ်သန့်စင်သောအတတ် (၄၈) **ဝတ္ထသမ္မဇ္ဇန** = ခဝါသည်အတတ် (၄၉) **ခုရကမ္မ** = ဆတ္တာသည်အတတ် (၅၀) **တိလမံသာဒိသိနေဟ** = နှမ်းဆီ, အမဲဆီထုတ်နည်းအတတ် (၅၁) **သီရာချာကဿဏ** = လယ်ထွန်ခြင်းအတတ် (၅၂) **ရုက္ခာရောဟန** = သစ်ပင်တက်ခြင်းအတတ် (၅၃) **မနောနုကူလ သေဝါကရဏ** = အရှင့်စိတ်တိုင်းကျ ခစားလုပ်ကျွေးခြင်းအတတ် (၅၄) **ဝေဏုတိဏာဒိ** = နှီးခွက်, မြက်ဖျာလုပ်သောဒေါင်းရွှေအတတ် (၅၅) **ကာစပတ္တာဒိကရဏ** = စဥ့်အိုး စဥ့်ခွက် ဖန်အိုး ဖန်ခွက်ပြုလုပ်ခြင်းအတတ် (၅၆) **ဇလသံသေစန သံဟရဏ** = ရေကို သွယ်ယူလှောင်ခြင်းအတတ် (၅၇) **လောဟာဘိသာရ** = သံမဏိလက်နက် ပြုလုပ်ခြင်းအတတ် (၅၈) **ဟတ္ထိအာဿာဒိပိဋ္ဌတ္ထရဏ** = ဆင်ကုံးနီး, မြင်းကုံးနီး ပြုလုပ်သောအတတ် (၅၉) **သိဘုသံရက္ခန**= ကလေးထိန်းအတတ် (၆၀) **အပရာဓိတာဉ္စဉာဏ** = အပြစ်သင့်သူကို ရိုက်နှက်ခြင်း

http://www.dhammadownload.com



အတတ် (၆၁) **နာနာဒေသိယ ဝဏ္ဏလေခန** = လူအမျိုးမျိုးတို့၏ အက္ခရာ ရေးသားခြင်းအတတ် (၆၂) **တမ္ဗူလရက္ခာဒိကြိယာ** = ကွမ်းကို စောင့်ရှောက်ခြင်းစသည် ပြုလုပ်သောအတတ် (၆၃) **အာဒါနဂုဏ** = လျင်မြန်သင့်လျှင် အလျင်အမြန် ပြုလုပ်ခြင်းအတတ် (၆၄) **ပတိဒါနဂုဏ** = နှေးသင့်လျှင် နှေးနှေးပြုလုပ်ခြင်းအတတ်။

"ယခုပြောခဲ့တာက အတတ်ငယ်ခေါ်တဲ့ သိပ္ပံအတတ်မျိုး ၆၄–ပါးဖြစ်တယ်၊ အတတ်ငယ် ၆၄–ပါး အရေအတွက်ဟာ သိသူ အလွန်နည်းပါးလွန်းလို့ အဘိဓာန်နိဿယသစ်က ထုတ်နုတ်ဖော်ပြလိုက်တယ်၊ စကားရှည်တယ်လို့တော့ မအောက်မေ့နှင့်နော်"

"မအောက်မေ့ပါဘူးဘုရား၊ ရှားရှားပါးပါး ဒီလို ရှာဖွေ ဖော်ထုတ်ပေးတဲ့အတွက် အလွန်ပဲ ကျေးဇူးတင်လှပါတယ် ဘုရား"

"ကျေးဇူးတင်တယ်ဆိုလျှင် ဝမ်းသာလှပါပြီကွယ်၊ စကားစပ်ကို ဆက်လက်ကြဦးစို့ရဲ့"

"ဆက်တော်မူပါဘုရား"

"ဝိဇ္ဇာခရေ– ဝိဇ္ဇာဓိုရ်ဆိုတဲ့ ပုဒ်ရဲ့ အနက်အဓိပ္ပာယ်က ယခု ဖော်ပြခဲ့တဲ့ အတတ်ကြီး ၁၈–ပါး၊ ဗေဒင်လေးပုံ၊ အတတ်ငယ် ၆၄–ပါးတို့ကို ဆောင်ထားသော သူလို့ ဆိုလိုတယ်၊ အမှန်ကတော့ ဒီအတတ်တွေအားလုံးကိုတော့ ဘယ်သူဆောင်နိုင်ပါ့မလဲကွယ်၊ အတတ်တစ်ပါးကို ကမ်းတစ်ဘက်ရောက် တတ်မြောက်သူကို စာစကားနှင့် "ဝိဇ္ဇာဓိုရ်" သို့မဟုတ် "ပါရဂူ"လို့ ခေါ်တာပါပဲ၊ ပု, ဒိ, အာ ဝိဇ္ဇာ သုံးပါးကို ဆောင်တဲ့ ဝိဇ္ဇာဓိုရ်ကတော့ ဘုရား, ရဟန္တာဖြစ်ကြသကွယ့်၊ ဝိဇ္ဇာဓိုရ် ပြီးတော့ ဇော်ဂျီကို ဆက်လိုက်ရဦးမယ်။

## ဇော်ဂျီ

ဇော်ဂျီလို့ ဆိုလိုက်လျှင် မြန်မာများက ဇာတ်ပွဲထဲက တောင်ဝှေးထောက်ခုန်ပြီး ကပြတဲ့ ဇော်ဂျီကို မြင်လာမှာပဲ၊ အမှန်တကယ် ဇော်ဂျီဆိုတာက သာသနာ့ ရိပ်သာမှာ တရားအားထုတ်နေကြတဲ့ (ယောဂီ) ပါပဲ၊ ယောဂီက ဘယ်လို ဇော်ဂျီ ဖြစ်သွားရတယ်ဆိုတာ ရှင်းပြဦးမယ်နော်။

"ရှင်းပြပေးပါဦး ဘုရား"

"ယောဂီပုဒ်မှာ ပါဝင်တဲ့ (ယ) အက္ခရာဟာ ဌာန်, ကရိုဏ်း, ပယတ်နှင့် ရွေးချယ်လိုက်လျှင် ဌာန်အားဖြင့် အာစောက်အရပ်မှာ ဖြစ်လို့ တာလုဇအက္ခရာလို့

http://www.dhammadownload.com



ခေါ်တယ်၊ ကရိုဏ်းအားဖြင့် လျှာလယ်အရပ်မှာ ဖြစ်တာမို့ ဇိဝှါမဇ္ဈကရိုဏ်း ဖြစ်တယ်၊ ဒါ့ကြောင့် (ယ) အက္ခရာကို ရွတ်လျှင် အာစောက်အရပ်မှာ တည်စေပြီး လျှာလယ်အရပ်က အသံထွက်တယ်။

ဇ– အက္ခရာဟာလည်း၊ ယ– အက္ခရာနှင့် ဌာန်ချင်း ကရိုဏ်းချင်း တူတယ်၊ ယ– နှင့် ဇ–ကို ရွတ်ကြည့်လျှင် လျှာလယ်မှာ အဖြစ်နီးကပ်တာကို တွေ့နိုင်လို့ ဒေါဝဿစ – သုတ်မှာ ဇော ယဿ ယ–ကို ဇ–ပြုနိုင်တယ်၊ ပြယုဂ်က (ဂဝဇော) ကို ပြထားတယ်၊ ဂဝဇောဆိုတာ ပုဒ်ရင်းက ဂဝယောပါပဲ၊ ယ–ကို ဇ– ပြုထားလို့ ဂဝဇော ဖြစ်လာသတဲ့၊ အဲဒီ ဥပမာအတိုင်း ယ နှင့် ဇ–ဟာ ကာရီ– ကာရိယ အပြောင်းအလဲ ရှိတာမို့ ယောဂီမှာပါဝင်တဲ့ (ယ)ဟာ ဇ– ဖြစ်သွားတယ်။

နောက်က (ဂီ)မှာလည်း သက္ကတသံ (ရေဖ)ခေါ်တဲ့ ရ– ရောက်ခဲ့လို့ ဂျီ– လို့ ဖြစ်သွားတယ်၊ ဒါ့ကြောင့် ယောဂီဆိုတဲ့ ပါဠိသံကို သက္ကတ အသံပျက်နှင့် မြန်မာက ဇော်ဂျီလို့ ဖတ်လိုက်တယ်၊ ဇော်ဂျီဆိုတဲ့ ပုဒ်ဟာ (ယောဂီ)ပုဒ်ရင်းမို့ ယောဂတရား အားထုတ်နေသူလို့ ဆိုလိုတယ်ကွယ့်"

"ယောဂတရားဆိုတာ ဘာတရားများလဲ ဘုရား"

"ယောဂတရားဆိုတာ သမထတရား, ဈာန်တရား, သမာဓိတရားပါပဲ၊ သာသနာပပုဂ္ဂိုလ်များကတော့ ကိလေသာမပေါ်အောင် ကျင့်တဲ့ ရေငုပ်, မီးလှုံ့အစ ရှိတဲ့ အတ္တကိလမထအကျင့်မျိုးကိုလည်း ယောဂအကျင့်လို့ ယူဆကြတယ်၊ အဲဒီ ယောဂအကျင့် အားထုတ်နေသူကို ယောဂီလို့ ခေါ်တယ်၊ ယောဂီကိုပင်လျှင် ဇော်ဂျီလို့ ခေါ်ကြပြန်တာကိုး၊ ဒါ့ကြောင့် ဇော်ဂျီဆိုတာ ဝိဇ္ဇာဓိုရ်နှင့် အယူအဆချင်း နီးစပ်သော်လည်း တိုက်ရိုက် ဝိဇ္ဇာဓိုရ်လို့တော့ မဆိုနိုင်ဘူး။

## တပဿီ

သဒ္ဒါကြီး တဒ္ဓိတ်ပိုင်း (တပါဒိတောဿီ)ဆိုတဲ့သုတ်မှာ– "တပေါ ယဿအတ္ထိ တသ္မိံ ဝါ ဝိဇ္ဇတီတိ တပဿီ"လို့ ဝိဂ္ဂြိုဟ်ပြဆိုထားတဲ့အတိုင်း ကိလေသာကို ပူပန်စေတတ် ခြိုးခြံအပ်တဲ့အကျင့်မြတ်ရှိတဲ့ပုဂ္ဂိုလ်ကို တပဿီလို့ ခေါ်တယ်တဲ့။

ဒါ့ကြောင့် ရိုးရိုးအနက်အတိုင်းဆိုခဲ့လျှင် ဝိဇ္ဇာပညာမျိုး, သိပ္ပံပညာမျိုး တတ်မြောက်သူဟာ ဝိဇ္ဇာဓိုရ်ပါပဲ၊ သမထတရား, ဝိပဿနာတရား ပွားများအား ထုတ်နေတဲ့သူဟာ ဇော်ဂျီ, တပဿီပါပဲ။

http://www.dhammadownload.com



ယခု ပြောခဲ့တဲ့ ဝိဇ္ဇာ, ဇော်ဂျီ, တပသီတွေကတော့ မြန်မာပြည်မှာ ပေါများပါတယ်၊ ပေါများတဲ့အတွက် အထူးအဆန်းလည်း မယူဆကြပါဘူး၊ ထူးဆန်းတဲ့အယူအဆက ဝိဇ္ဇာ, ဇော်ဂျီ, တပသီလို့ ခုလို ရိုးရိုးကောက်မယူဘဲ အင်းဆက်ပိုးများဟာ ပိုးလောက်လန်းဘဝက ဖိုဝင်ပြီးမှ အတောင်အလက်ပေါက်လာပြီး ယင်, ပျား, လိပ်ပြာ ဖြစ်လာသလို လူသားဘဝက ဖိုဝင် မြေအောင်းပြီး သိဒ္ဓိပေါက်လာတဲ့ ပုဂ္ဂိုလ်ထူး, ပုဂ္ဂိုလ်ဆန်းမျိုးကိုသာ ဝိဇ္ဇာ, ဇော်ဂျီ, တပသီလို့ ခေါ်ဝေါ်တဲ့ အယူအဆပဲကွယ့်။

လောကမှာ သိဒ္ဓိပေါက်တဲ့ ဝိဇ္ဇာ, ဇော်ဂျီမျိုး မရှိဘူးလို့တော့ မပြောနိုင်ဘူး၊ ရှိသလောက်တော့ ရှိမှာပါပဲ၊ ဒါပေမဲ့ သိဒ္ဓိပေါက်တဲ့ ဝိဇ္ဇာ, ဇော်ဂျီဟာ ကိလေသာကုန်ခန်းသူမဟုတ်ဘဲ ကိလေသာ အပြည့်ရှိနေလျှင် ဝိဇ္ဇာရေဓာတ်က ဝိဇ္ဇာဟာ သူများ မိန်းမအပေါ် လွှန်ကျူးသလို, ဇဋိလဝတ္ထုက ဇဋိလရဲ့ဖခင်ဟာ ပြာသာဒ်ပေါ် ပျော်ပါးနေတဲ့ သူတစ်ပါးသမီးအပေါ် ကျူးလွန်သလို ဝိဇ္ဇာကလည်း ဝိဇ္ဇာတန်ခိုးနှင့် မကောင်းမှုကို လွန်ကျူးတတ်တယ်၊ အဲဒီလို လွန်ကျူးသူဖြစ်ခဲ့လျှင် လူယုတ်မာတစ်ယောက် ဖြစ်နေလို့ ကိုးကွယ်ဆည်းကပ် ခံယူထိုက်သူ မဟုတ်ဘူးလို့ ဖြေဆိုလိုက်ပါတယ်ကွယ်။

"သာဓု – သာဓု – သာဓု"



http://www.dhammadownload.com

# အမျိုးသမီးနှင့် ဘုရားဘဝ

"ဟောဒီစာက ပဲခူးတိုင်း သဲကုန်းမြို့၊ ဆေးရုံလမ်း၊ ဒေါ်ကြည်ကြည်ထံမှ မေးလျှောက်စာ ဖြစ်ပါတယ်ဘုရား"

"ဆိုစမ်းပါဦး၊ ဒေါ်ကြည်ကြည်ရဲ့ အမေးက ဘာတဲ့လဲကွယ့်"

"ဒေါ်ကြည်ကြည်မေးတာက ဂေါတမအလောင်းတော်ဟာ နုစဉ်ကာလက အမျိုးသမီးဘဝဖြင့် မျက်ကွယ် ဗျာဒိတ်ရတယ်ဆိုတာ ဟုတ်မှန်ပါသလားတဲ့ ဘုရား"

"နို့ပြီး အမျိုးသမီးများဟာ ဘဝဆက်တိုင်း ယောကျ်ားကောင်း ဖြစ်၍ ပါရမီဖြည့်စွမ်းနိုင်တဲ့ ဘုရားအလောင်း ဖြစ်ရပါလို၏-လို့ ဆုတောင်းကောင်းပါ သလားဘုရား"

"ဒီပုစ္ဆာနှစ်ခုက တစ်ခုကို ဖြေလျှင် ကျန်သောတစ်ခုလည်း ဖြေပြီးသားလို့ မှတ်ရမယ်၊ အင်း... ဒီပုစ္ဆာကို ကြည့်လျှင် ဗန်းမော်ဆရာတော်ရဲ့ စကားပုံကို သတိရမိတယ်ကွယ့်"

"မှန်ပါ၊ ဗန်းမော်ဆရာတော်ရဲ့ စကားပုံကို မိန့်တော်မူပါဦး ဘုရား"

"မင်းတုန်းမင်းတရား လက်ထက်တော်က သီလရှင် မယ်ကင်းဆိုတာ ကြားဖူးမှာပေါ့"

"ကြားဖူးပါတယ် ဘုရား၊ ရှမ်းကလေးကျွန်းဆရာတော်ရဲ့ နှစ်မ ကသည်း လူမျိုးလို့ ပြောကြတယ်ဘုရား"

"သီလရှင် မယ်ကင်းဟာ မိန်းမသား ဖြစ်ပေမယ့် စာတတ်တယ်၊ သီလရှင် တွေကို စာချတယ်၊ ဘုရင်နှင့် မိဖုရားခေါင်ကြီးတို့က မြှောက်စားကြတယ်၊ ဒါ

http://www.dhammadownload.com



ကြောင့် နာမည်ကျော်တဲ့ သီလရှင်ဖြစ်တယ်၊ တစ်ရက်တော့ သီလရှင်ငယ်များကို ဗန်းမော်ဆရာတော်ထံ လွှတ်ပြီး သဘော်သီး အလှူခိုင်းသတဲ့၊ အလှူခိုင်းတာလည်း ရိုးရိုး အလှူခိုင်းတာမဟုတ်ဘူး၊ ဗန်းမော်ဆရာတော်ထံ သဘော်သီးလှူပြီးလျှင် ဆရာမယ်ကင်းက သဘော်သီး လှူရသောကောင်းမှုကြောင့် ဘုရားဆုကို ရလိုကြောင်း ဆုတောင်းပါသည်ဟု ဗန်းမော်ဆရာတော်ကို လျှောက်ထားရမည်လို့ မှာကြားရမည်တဲ့၊ သီလရှင်ငယ်များက သဘော်သီးလှူပြီး ဆရာကင်းမှာလိုက်တဲ့ ဆုတောင်းကို ဆရာတော်ထံ လျှောက်ထားကြသတဲ့၊ ဗန်းမော်ဆရာတော်ကြီးက ဟဲ့… သီလရှင်ကလေးတွေ နင်တို့ ဆရာကင်း ဘုရားဆုကို မပန်စေနှင့်ဦး၊ ငါ့ ပေါင်ကြားကဝတ္ထု သူ့ပေါင်ကြားရောက်အောင် ဆုတောင်းဦးလို့ ပြောလိုက်ကြလို့ မှာသတဲ့၊ သီလရှင်ကလေးတွေက ဒီအကြောင်း ဆရာကင်းထံ ပြန်ပြောတော့ ဆရာကင်းဟာ ရတ်ချည်းဒေါသထွက်လာပြီး…

**"အဖျားရယ်ပေ အနားခွေ မခိုင်ပြတ်ခါမှ မြိုင်ရပ်ကိုမှီး၊ စိပ်ပုတီးရယ်**
**နှင့် ယပ်ကြီးကိုတဲ့ ထမ်းကာကိုင်၊ မင်္ဂလမ်းကို ဘယ်လိုဆိုင်ပါ့မယ်၊**
**ဖန်သင်းပိုင် မုန်ရေကွက်ကယ်နှင့် တောထွက်ခင်ကြီး"**

ဒွေးချိုးတစ်ပုဒ်ရေးပြီး ဗန်းမော်ဆရာတော်ထံ အကပ်ခိုင်းသတဲ့၊ မယ်ကင်းရဲ့ ချိုးစားကို မြင်တော့ ဗန်းမော်ဆရာတော်က ချိုးစာတစ်ပုဒ်ရေးပြီး မယ်ကင်းထံ အပေးခိုင်းပြန်တယ်၊ ဆရာတော်ရဲ့ ချိုးစာက အလွန်ကြမ်းပြီး ဂမ္ဘီဒေါသ သင့်နေတယ်၊ ဒါကြောင့် စာပြင်ဆရာများကတော့ ဒီလို ပြင်ထားကြတယ်။

**"နှုတ်သီးရယ်စွာ ယုတ်တီးယုတ်တမာနှင့် ဟာ… မယ်သီလ၊**
**အကျင့်ရယ်တန် မသင့်ရာ အမြင်သန်လိုက်တာ နင့်အကြံ ဝသီဆိုးကို**
**ချိုးလိုက်ချင်လှ"**

ဒီအချိုးဟာ စာပြင်ဆရာများ ပြင်ထားတဲ့ အချိုးပဲကွယ်၊ ဒါပေမယ့် မူလဘာကို ရေးတယ်ဆိုတာ သတိထားပြီး ဖတ်ကြည့်လျှင် သိလောက်ပါတယ်၊ ဒီအချိုး မယ်ကင်းလက်ထဲ ရောက်သွားတော့ မခံမရပ်နိုင်ဖြစ်ပြီး မင်းတုန်းမင်းထံ တိုင်ကြားသတဲ့၊ မင်းတုန်းမင်းကြီးက သည်းခံပါ မယ်ကင်း၊ ဗန်းမော်ဆရာတော်ဟာ သင်တို့ကို မဆိုထားဘိ အသက်သတ်ပိုင်ခွင့်ရှိတဲ့ ကေရာဇ်ကိုပင် မထေမဲ့မြင် ပြောဆိုတတ်ပါသေးတယ်၊ နဂို ဝါသနာအထုံပါ၍ အရာရာ သည်းခံရတယ်၊ ဆရာကင်းလည်း သည်းခံပါလို့ တောင်းပန်မှ မယ်ကင်းဟာ စိတ်တင်းပြီး ပြန်ရရှာ

http://www.dhammadownload.com



သတဲ့၊ ဗန်းမော်ဆရာတော်ရဲ့ စကားဟာ ကြမ်းတမ်းသော်လည်း အဓိပ္ပာယ်က တော့ မကြမ်းတမ်းပါဘူး။

"ဘယ်လိုကြောင့် မကြမ်းတမ်းပါသလဲ ဘုရား"

"အင်္ဂုတ္တရ ဧကကနိပါတ်၊ ဒုတိယဝဂ်မှာ–

ရဟန်းတို့... မိန်းမသည် ပူဇော်အထူးကို ခံတော်မူထိုက်သော ဘုရားဖြစ်ရာသော အကြောင်းအခွင့်သည် မရှိ။

မိန်းမသည် စကြဝတေးမင်း ဖြစ်ရာသော အကြောင်းအခွင့်သည် မရှိ။

မိန်းမသည် သိကြားမင်း ဖြစ်ရာသော အကြောင်းအခွင့်သည် မရှိ။

မိန်းမသည် မာရ်နတ်မင်း ဖြစ်ရာသော အကြောင်းအခွင့်သည် မရှိ။

မိန်းမသည် မဟာဗြဟ္မာမင်း ဖြစ်ရာသော အကြောင်းအခွင့်သည် မရှိ။

လို့ ဟောထားချက် ရှိတယ်၊ သဗ္ဗညုတ ဘုရားရှင်တို့ရဲ့ ဂုဏ်တန်ခိုးတော်ဟာ အလွန် ကြီးကျယ်တယ်၊ အဝိသဒါကာရ ဖြစ်တဲ့ မိန်းမတို့ အသွင်ဖြင့် ဘုရားရှင် ဖြစ်ခြင်းဌာ မထိုက်ဘူးကွယ့်၊ သီလရှင် ဆရာကင်းက သဘော်သီး လှူရတဲ့ ကောင်းမှုကံကြောင့် သဗ္ဗညုဘုရားရှင် ဖြစ်ချင်သတဲ့၊ မိန်းမအသွင်နှင့်တော့ဖြင့် သဗ္ဗညုဘုရား မဖြစ်နိုင်ဘူး၊ အကယ်၍ သဗ္ဗညုဘုရားရှင် ဖြစ်လိုလျှင် ငါတို့လို ယောက်ျားဖြစ်အောင် ဆုတောင်းဦး၊ ယောက်ျားဖြစ်မှ သဗ္ဗညုဘုရားရှင် ဖြစ်နိုင်တယ်လို့ ရည်ရွယ်ပြီး (ငါ့ပေါင်ကြားက ဝတ္ထု သူ့ပေါင်ကြားရောက်အောင် ဆုတောင်းဦး)လို့ မိန့်ဆိုခြင်း ဖြစ်တယ်၊ ဒါကြောင့် အဓိပ္ပာယ်ကတော့ မကြမ်းတမ်းဘူး၊ စကားသံကတော့ ကြမ်းတမ်းတယ်ကွယ့်"

"ဒီလိုဆို ဒေါ်ကြည်ကြည် မေးတဲ့ ဂေါတမအလောင်းတော်ဟာ နုစဉ်ကာလက အမျိုးသမီးဘဝဖြင့် မျက်ကွယ် ဗျာဒိတ်ရတယ်ဆိုတာဟာ မဟုတ်ဘူး၊ မိန်းမဘဝဖြင့် သဗ္ဗညုဘုရားဆုကို မတောင်းကောင်းဘူးပေါ့ ဘုရား"

"ဒီလိုလဲ မဟုတ်သေးဘူးကွယ့်"

"ဘယ်လိုကြောင့်လည်း ဘုရား အမိန့်ရှိပါဦး"

"အင်္ဂုတ္တိုရ်မှာ... မိန်းမ ဘုရား မဖြစ်ဘူးဆိုတာ ပစ္စုပ္ပန်ကို ဟောတာကွယ့်၊ အနာဂတ်ကို ရည်ရွယ်ဆုတောင်းတာကို ဆိုလိုတာ မဟုတ်ပါဘူး၊ အနာဂတ်ကို ရည်ရွယ် ဆုတောင်းတာကိုတော့ တားမြစ်ချက် မရှိပါဘူး"

"ဒါဖြင့် မိန်းမဘဝဖြင့် ဘုရားဆု တောင်းကောင်းတယ်ပေါ့ ဘုရား"

http://www.dhammadownload.com



"တောင်းကောင်းပါတယ်၊ ဒေါ်ကြည်ကြည်မေးတဲ့ မျက်ကွယ် ဗျာဒိတ်ရတယ် ဆိုတာလည်း ဟုတ်ပါတယ်"

"မျက်ကွယ် ဗျာဒိတ်ရတဲ့ ဝတ္ထုကြောင်းရှိလျှင် အမိန့်ရှိပါဦး ဘုရား"

"အမျိုးသမီး ဘဝဖြင့် မျက်ကွယ်ဗျာဒိတ်ရတဲ့ဝတ္ထုက (သိဒ္ဓတ္ထတေလဒါယိကာမ) ဝတ္ထုဖြစ်တယ်၊ သောတတ္ထကီကျမ်း၊ အဈွတ္တိက နိဒါန်းက လာတယ်လို့ မှတ်ပေါ့ကွယ်"

"တင်ပါ ဘုရား"

"ဂေါတမ ဘုရားအလောင်းတော်ဟာ ဘဝပေါင်းများစွာ သံသရာမှာ ကျင်လည်တော်မူရင်း ရှေးရှေးဘဝက ပြုကျင့်ခဲ့ဖူးတဲ့ အပရာပရိယဝေဒနိကံကြောင့် နတ်ပြည်က စုတေခဲ့ပြီး ပေါရာဏဒီပင်္ကရာဘုရားရှင်နဲ့ အမိကွဲ၊ အဖတူ မင်းသမီး ဖြစ်လာသတဲ့၊ ပေါရာဏဒီပင်္ကရာ ဆိုတာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်မှာ ပွင့်ပြီး သုမေဓာရသေ့ဘဝနဲ့ နိယတဗျာဒိတ် ခံယူတဲ့ ဒီပင်္ကရာဘုရားရှင် မဟုတ်ဘူး၊ အဲဒီ ဒီပင်္ကရာဘုရားရှင်ရဲ့အထက် ကပ်ကမ္ဘာအသင်္ချေက ပွင့်တဲ့ ဒီပင်္ကရာ ဖြစ်တယ်၊ နောက်ဒီပင်္ကရာနှင့် ကွဲပြားအောင် **ပေါရာဏဒီပင်္ကရာ**လို့ ဖော်ပြထားတယ်"

ပေါရာဏ ဒီပင်္ကရာဘုရားဟာ တစ်ဆူတည်းသာပွင့်တဲ့ (သာရကမ္ဘာ)မှာ ပွင့်တယ်၊ စမ္ပာဝတီမြို့ မင်းမျိုးမှာဖြစ်ပြီး အနှစ်တစ်သောင်း နန်းတော်မှာနေ၊ နိမိတ်လေးပါး မြင်လို့ တောထွက်၊ ဒုက္ကရစရိယာ ခုနစ်ရက်မျှ ကျင့်ပြီး သဗ္ဗညု ဘုရားရှင် ဖြစ်တော်မူသတဲ့။

ပေါရာဏ ဒီပင်္ကရာဘုရားရှင် လက်ထက်တော်မှာ ဂေါတမဘုရားအလောင်း သုမေဓာရှင်ရသေ့ ဗျာဒိတ်ခံယူခဲ့တဲ့ ပစ္ဆိမဒီပင်္ကရာဘုရားအလောင်းတော်ဟာ ပစ္စည်း ဥစ္စာ ကြွယ်ဝချမ်းသာတဲ့ ပုဏ္ဏားအမျိုးမှာ ဖြစ်သတဲ့၊ တစ်ရက်တော့ ဘုရားရှင် ဟောတဲ့ တရားတော်ကို နာကြားပြီး ကာမဂုဏ်အပြစ်ကို မြင်လို့ ရဟန်းဝတ်တယ်၊ ရဟန်းဘဝမှာ အဘိညာဉ်ငါးပါး၊ သမာပတ်ရှစ်ပါးကို ရသတဲ့၊ ဘုရားအလောင်း တော်ဟာ ပေါရာဏဒီပင်္ကရာ ဘုရားရှင်ရဲ့ အသရေတော်ကို အားကျပြီး ငါလည်း ဘုရားဆုကို တောင်းမှပဲလို့ တစ်မြို့လုံး သပိတ်ပိုက်ပြီး ဆီ အလှူခံတယ်၊ ရသမျှ ဆီနှင့် တစ်ညဉ့်ပတ်လုံး ဘုရားရှင်အား မီးပူဇော်တယ်၊ ဆီမီးပူဇော်ပြီး 'နောင်အခါ အရှင်မြတ်ကဲ့သို့ ဘုရား ဖြစ်ရပါလို၏'လို့ ဆုတောင်းသတဲ့။

http://www.dhammadownload.com



ပေါရာဏဒီပင်္ကရာ ဘုရားရှင်က "ဤသို့ ဆီမီးပူဇော်ရတဲ့ ကောင်းမှုကြောင့် သင်သည် ဒီပင်္ကရာဟူသော အမည်ဖြင့် ဘုရားစင်စစ် ဖြစ်လိမ့်မယ်"လို့ ဗျာဒိတ်စကား မိန့်တော်မူသတဲ့၊ အလောင်းတော်ရဟန်းဟာ ဗျာဒိတ်ရတဲ့နေ့ကစပြီး အမြဲဆီအလှူခံကာ ဆီမီးလှူဒါန်းခြင်းကို ပြုသတဲ့၊ တစ်နေ့တော့ ဆီအလှူခံဖို့ နန်းတော်ကို ဝင်တယ်၊ ပေါရာဏဒီပင်္ကရာဘုရားရှင်ရဲ့ အဘတူ–အမိကွဲ မင်းသမီးဟာ ဘုံခုနစ်ဆင့်ရှိတဲ့ ပြာသာဒ်ထက်မှာ နေရင်း သဝိဏ်ပိုက်ပြီး ဆွမ်းခံကြွလာတဲ့ ရဟန်းတော်ကို မြင်တယ်၊ အချိန်က ညနေချိန်ဆိုတော့ ဒီကိုယ်တော် ဆွမ်းခံတာတော့ မဟုတ်နိုင်ဘူး၊ ဘာများ အလှူခံပါလိမ့်လို့ သိလိုတဲ့အတွက် အလုပ်အကျွေးမိန်းမကို အစုံစမ်းခိုင်းတယ်၊ အကြောင်းကို သိတော့ ရဟန်းတော် အပင့်ခိုင်းပြီး ရွှေအုဆင်းနှင့်တူတဲ့ မုန်ညင်းဆီများကို လောင်းလှူသတဲ့၊ လောင်းလှူပြီးတော့ "အရှင်ဘုရား... ဤမုန်ညင်းဆီလှူရသော ကောင်းမှုကံကြောင့် နောင်သောအခါ သဗ္ဗညုဘုရားစင်စစ် ဖြစ်၍ ဤမုန်ညင်းဆီ၏ နာမည်ဖြင့် (သိဒ္ဓတ္ထ)ဟူသော အမည်ကိုလည်း ရပါလို၏၊ ဒီအကြောင်းကို မောင်တော်ဘုရားရှင်ကိုလည်း လျှောက်ထားပါဘုရား"လို့ လျှောက်လိုက်သတဲ့။

ရဟန်းတော်ကလည်း နှစ်မတော်မှာတဲ့အတိုင်း ပေါရာဏဒီပင်္ကရာ ဘုရားကို လျှောက်ထားတော့ ဘုရားရှင်က "ရဟန်း... ယခု ငါ့နှစ်မဟာ မိန်းမသားဖြစ်လို့ ဗျာဒိတ်မရအပ်ဘူး၊ ရဟန်း... ဘုရားဖြစ်အောင် ပြုတတ်သော တရားတို့မည်သည် အလွန် ခဲယဉ်းကုန်၏၊ ကမ္ဘာတစ်သိန်းပတ်လုံး ပါရမီတော်များကို ဖြည့်ကျင့်၍ မြဲသော လုံ့လလည်း ရှိရမည်၊ တည်တံ့ခိုင်မာသော ဆုတောင်းခြင်းလည်း ရှိရမည်၊ **လူဖြစ်ခြင်း၊ ယောကျ်ားစစ်ဖြစ်ခြင်း၊ အရဟတ္တဖိုလ်ရခြင်း၏ အကြောင်း တိဟိတ်ပုဂ္ဂိုလ်ဖြစ်ခြင်း၊ သက်တော်ထင်ရှား ဘုရားရှင်ကို ဖူးမြင်ရခြင်း၊ ရသေ့၊ ရဟန်းဖြစ်ခြင်း၊ အဘိညာဉ်သမာပတ်နှင့် ပြည့်စုံခြင်း၊ ကိုယ့်အသက်ကို စွန့်လွှတ်နိုင်သော လွန်ကဲသော ကုသိုလ်ရှိခြင်း၊ အလွန်အကဲ ဘုရားဖြစ်လိုခြင်း** ဤရှစ်ပါးသော အင်္ဂါတို့ ပေါင်းဆုံမိရမည်၊ သို့မှသာ နိယတဗျာဒိတ်ခံ၍ ဆုပန်ခြင်း ပြည့်စုံနိုင်တယ်၊ နှစ်မတော်သည် ဤအင်္ဂါတို့နှင့် မပြည့်စုံသောကြောင့် ဗျာဒိတ် မရနိုင်ဘူး"လို့ မိန့်တော်မူတယ်။

ဒီအခါ ရဟန်းတော်က "အရှင်ဘုရား နှစ်မတော်သည် သူ တောင့်တအပ်တဲ့ ဘုရားအဖြစ်ကို မရနိုင်တော့ဘူးလားဘုရား"လို့ လျှောက်ပြန်တယ်၊ ဘုရားရှင်က အနာဂတံသဉာဏ်တော်ဖြင့် ကြည့်လိုက်တော့ နှစ်မတော်ဟာ ဘုရားဖြစ်အောင်

http://www.dhammadownload.com



ပါရမီဖြည့်စွမ်းနိုင်တဲ့ အင်အားကို မြင်တော်မူသတဲ့၊ ဒါကြောင့်–

"ရဟန်း... ဤကမ္ဘာမှ ၁၆–အသင်္ချေ ကမ္ဘာတစ်သိန်းလွန်သောအခါ သင် ရဟန်းသည် ငါကဲ့သို့ ဒီပင်္ကရာဟူသော အမည်ဖြင့် ဘုရားဖြစ်လိမ့်မယ်၊ ထိုအခါ သင်သည် နှစ်မတော်ကို ဗျာဒိတ်စကား မြွက်ကြားနိုင်လိမ့်မယ်"လို့ မျက်ကွယ် ဗျာဒိတ်စကား မြွက်ကြားတော်မူသတဲ့၊ ဒီစကားက သောတတ္တကီကျမ်းက လာတဲ့ စကားဖြစ်တယ်၊ ယခု သောတတ္တကီလာ ကျမ်းစကားကို ထောက်လို့ ဂေါတမ ဘုရားအလောင်း နစဉ်ကာလက အမျိုးသမီးဘဝဖြင့် မျက်ကွယ် ဗျာဒိတ်ရတယ် ဆိုတာ မှန်တယ်၊ အမျိုးသမီးဘဝဖြင့်လည်း သဗ္ဗညုဘုရားဆုကို တောင့်တကောင်း ပါတယ်လို့ ဖြေကြားလိုက်ပါတယ်ကွယ်"

"သာဓု – သာဓု – သာဓု"

❋ ❋ ❋



http://www.dhammadownload.com



# အာနာပါနနှင့် ဝိပဿနာ

"ဟောဒီပေးစာက မန္တလေးမြို့၊ အောင်တော်မူရပ်၊ နေကြာခြံ၊ မိမိထူး ထံက မေးလျှောက်စာဖြစ်ပါတယ် ဘုရား"

"မိမိထူးက ဘာတွေများ လျှောက်ထားသလဲကွယ့်"

"မိမိထူး လျှောက်ထားတာက–

(၁) အာနာပါနကမ္မဋ္ဌာန်း စီးဖြန်းရုံမျှဖြင့် သံသရာက ပြတ်ပြီး နိဗ္ဗာန် ရောက်နိုင်, မရောက်နိုင်၊

(၂) ဝိပဿနာတရား တစ်ခုတည်းဖြင့် ကောင်းသောဂတိသို့ ရောက်နိုင်, မရောက်နိုင်၊ မိမိထူးရဲ့ပြဿနာက ဒီနှစ်ပုဒ်တည်း ဖြစ်ပါတယ်ဘုရား"

## အာနာပါန

"အာနာပါနဆိုတာ ထွက်လေဝင်လေကို ရှုမှတ်တဲ့ ကမ္မဋ္ဌာန်းပဲကွယ့်၊ ကမ္မဋ္ဌာန်းတရားဟာ သမထကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်းလို့ နှစ်ပါးအပြား ရှိတယ်၊ စိတ်ဓာတ်တည်ကြည် ငြိမ်းအေးရုံမျှမက မဂ်,ဖိုလ်အထိ ရနိုင်တဲ့ ကမ္မဋ္ဌာန်းကို ဝိပဿနာကမ္မဋ္ဌာန်းလို့ ခေါ်တယ်"

သမထကမ္မဋ္ဌာန်းဟာ ကသိုဏ်း ၁၀–ပါး၊ အသုဘ ၁၀–ပါး၊ အနုဿတိ ၁၀–ပါး၊ အပ္ပမညာလေးပါး၊ သညာတစ်ပါး၊ ဝဝတ္ထာန်တစ်ပါး၊ အာရုပ္ပလေးပါးအားဖြင့် ပေါင်း– ၄၀ ရှိတယ်။

အဲဒီ သမထကမ္မဋ္ဌာန်း ၄၀–ထဲက အာနပါနဆိုတာ အနုဿတိဆယ်ပါးအတွင်း ပါဝင်တဲ့ ကမ္မဋ္ဌာန်းတစ်ပါးဖြစ်တယ်၊ အာနာပါနကမ္မဋ္ဌာန်းကို မပြတ်မလပ် စီးဖြန်း

http://www.dhammadownload.com



ပွားများခဲ့လျှင် ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်၊ ပဉ္စမစျာန် အထိ ရရှိနိုင်တယ်၊ သာသနာပပုဂ္ဂိုလ် ဖြစ်ခဲ့လျှင် စျာန်အဘိညာဉ်မှတစ်ပါး မဂ်ဉာဏ်, ဖိုလ်ဉာဏ်၊ နိဗ္ဗာန်အထိ မရောက်နိုင်ဘူး၊ သာသနာတွင်းပုဂ္ဂိုလ်ဖြစ်လို့ တရားငါးပါးနှင့် ပြည့်စုံခဲ့လျှင် အရဟတ္တဖိုလ်အထိ တက်ရောက်နိုင်တယ်လို့ အင်္ဂုတ္တရပါဠိတော်၊ ကကုဝဂ်၊ သုတရေသုတ်မှာ ဘုရားရှင် ဟောထားတာရှိတယ် ကွယ့်"

"ဘယ်လို ဟောတော်မူတာပါသလဲ ဘုရား၊ မိန့်တော်မူပါဦး ဘုရား"

## သုတရေသုတ်

"ရဟန်းတို့ တရားငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် အာနပါနဿတိကမ္မဋ္ဌာန်းကို မှီဝဲသည်ရှိသော် မကြာမီ အရဟတ္တဖိုလ်ကို ထိုးထွင်း၍ သိနိုင်၏၊ အဘယ်တရား ငါးမျိုးတို့နည်းဟူမူကား–

ရဟန်းတို့...ဤသာသနာတော်၌ ရဟန်းသည် အမှုကိစ္စ နည်းပါး၏၊ မိမိကိုယ်ကို မွေးမြူလွယ်၏၊ ရောင့်ရဲလွယ်၏၊ အစားအသောက် နည်းပါး၏၊ ဝမ်းရေးကို အားမထုတ်၊ အအိပ်နည်းပါး၏၊ နိုးကြား၏၊ အကြားအမြင် များ၏၊ အကြားအမြင်ကို ဆောင်၏၊ ဆည်းပူး၏၊ ကိလေသာမှ လွတ်မြောက်သောစိတ်ကို ဆင်ခြင်၏၊ ရဟန်းတို့ ဤတရားငါးပါးတို့နှင့် ပြည့်စုံသောရဟန်းသည် အာနာပါနဿတိကို မှီဝဲသည်ရှိသော် မကြာမီ အရဟတ္တဖိုလ် ထိုးထွင်း၍ သိနိုင်၏"

"ယခု တင်ပြခဲ့တာက အင်္ဂုတ္တိုရ်ရဲ့ ပဉ္စကနိပါတ်ကလာတဲ့ တရားတော်ပဲ ကွယ့်၊ ဒီ တရားတော်ရဲ့ အဓိပ္ပာယ်ကို ဒီလို မှတ်ယူရမယ်"

"မှန်ပါ မိန့်တော်မူပါဘုရား"

"ဘုရားရှင်ရဲ့ သာသနာတော်မှာ ဘာဝေတဗ္ဗ ပွားများအားထုတ်ရမည့် တရားက မဂ္ဂင်ရှစ်ပါး တရားတော်ပဲ၊ အဲဒီ မဂ္ဂင်ရှစ်ပါးကို အကျဉ်းသိက္ခာအားဖြင့် ရေတွက်တော့ သီလ, သမာဓိ, ပညာလို့ သုံးပါးပြားခဲ့တယ်၊ သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးဟာ အရိယာအဖြစ် မရောက်မီကာလမှာ သိက္ခာတစ်ပါးစီသာ အားထုတ်နိုင်တယ်၊ အားလုံး တစ်ပြိုင်နက် အားမထုတ်နိုင်ဘူး၊ သောတာပတ္တိမဂ်ကျသည်နှင့် တစ်ပြိုင်နက် မဂ္ဂင်ရှစ်ပါး သိက္ခာသုံးပါးတို့ဟာ တစ်ပါးစီ မဟုတ်တော့ဘူး၊ တစ်ပြိုင်နက် ဖြစ်ကြတယ်၊ ဒါကြောင့် သီလ, သမာဓိ, ပညာတို့ဟာ ပုထုဇဉ်တို့အတွက် တစ်မျိုးစီ ဖြစ်နေသော်လည်း အရိယာတို့မှာတော့ အတူတူ

http://www.dhammadownload.com



ဖြစ်နေတယ်၊ ဒါက ဘာကို ပြောသလဲဆိုတော့ သီလတရားဟာ ရင့်ကျက်လာခဲ့လျှင် သမာဓိဖြစ်ပြီး သမာဓိ ရင့်ကျက်လာခဲ့လျှင် ပညာဖြစ်တယ်လို့ ပြောတယ်၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ သီလနိဒ္ဒေသမှာ မဟာသံဃရက္ခိတ မထေရ်ကြီးရဲ့အကြောင်းကို ဖွင့်ပြထားသကွယ့်"

"မှန်ပါ မိန့်တော်မူပါဦး ဘုရား"

"မဟာသံဃရက္ခိတမထေရ်ကြီးဟာ ဝါတော်ခြောက်ဆယ်·သက်တော်ရှစ်ဆယ်က ကျော်လွန်လာတော့ ဇရာဒုဗ္ဗလ ဖြစ်ပြီး သေရာညောင်စောင်းမှာ လျောင်းစက်တော်မူနေသတဲ့၊ ဒီအခါ ပတ်ဝန်းကျင် ၁၂–ယူဇနာအတွင်းက ဒါယကာ, ဒါယိကာမများဟာ ရဟန္တာမထေရ်ကြီး ပရိနိဗ္ဗာန် ပြုတော့မှာတဲ့၊ ပရိနိဗ္ဗာန် မပြုမီ နောက်ဆုံး ဖူးမြော်ခြင်းဖြင့် ဖူးမြော်ရအောင်လို့ ကျောင်းဝင်းအတွင်း စုဝေးရောက်လာကြတယ်၊ အဲဒီအခါ မထေရ်ကြီးရဲ့ သူနာပြုမထေရ်များက အရှင်ဘုရားဟာ လောကုတ္တရာ တရား ရ,မရ မေးလျှောက်ကြသတဲ့၊ မထေရ်ကြီးက ငါ့မှာ လောကုတ္တရာတရား မရှိဘူးလို့ အမှန်အတိုင်း ဖြေဆိုတော်မူတယ်၊ အလုပ်အကျွေးမထေရ်ငယ်များက "အရှင်ဘုရား– အရှင်မြတ် ပရိနိဗ္ဗာန်စံတော့မှာဆိုတဲ့ သတင်းကြောင့် အခု ကျောင်းဝင်းအတွင်း လူတွေ စုဝေးရောက်ရှိနေကြပါတယ်၊ အရှင်ဘုရားမှာ လောကုတ္တရာတရား မရှိဘူး၊ ပုထုဇဉ်အဖြစ်နှင့် စုတေမှာဆိုတော အဖူးမြော်လာကြတဲ့ ဒါယကာ, ဒါယိကာမများ နှလုံးမသာမယာ ဖြစ်ကုန်ကြတော့မှာပဲ ဘုရား"လို့ လျှောက်ကြသတဲ့၊ ဒီတော့ မထေရ်ကြီးက "ငါ့ရှင်တို့ ငါဟာ အရိမေတ္တေယျ ဘုရားရှင်ကို ဖူးမြင်လိုတဲ့အတွက် ဝိပဿနာတရား အားမထုတ်ဘဲ နေခဲ့တယ်၊ ဒါယကာ, ဒါယိကာမအများက ရဟန္တာကိုမှ ဖူးမြင်လိုကြတယ်ဆိုလျှင် ငါ့ကို ထူမထားခဲ့ပြီး ငါ့ရှင်တို့ ခဏ အပြင်ထွက်ပေးကြ"လို့ မိန့်တော်မူတဲ့အတွက် ရဟန်းငယ်များက မထေရ်ကြီးကို ထူမပေးပြီး အခန်းအပြင်ဘက်ကို ထွက်ကြသတဲ့၊ ရဟန်းငယ်များ အပြင်ဘက် ရောက်သည်နှင့် တစ်ပြိုင်နက် မထေရ်ကြီး အရဟတ္တဖိုလ်တည်တဲ့အတွက် လက်ဖျောက်တီးပြီး အမှတ်ပေးလိုက်သတဲ့၊ ရဟန်းငယ်များလည်း စုဝေးရောက်လာကြပြီး...

"အရှင်ဘုရား ဤသို့ သေခါနီးကာလမှာ တစ်ခဏခြင်း လောကုတ္တရာတရား ဖြစ်စေသည် အံ့ဩစရာ ပြုနိုင်ခဲ့သော အရာကို ပြုခြင်းဖြစ်ပါပေတယ်"လို့ လျှောက်ကြားသတဲ့၊ မထေရ်ကြီးက "ငါ့ရှင်တို့ ငါသည် ရဟန်းပြုသော ကာလမှစပြီး သတိမထား၊ ဉာဏ်မပိုင်းခြားဘဲ ပြုမိသော အရာမည်သည်ကို မပြုဘူးချေ၊ ငါ၌

http://www.dhammadownload.com



သီလ ပြည့်စုံ၍ သမာဓိဖြစ်၏၊ သမာဓိဖြစ်၍ ပညာဖြစ်၏”လို့ မိန့်ဆိုတော်မူသတဲ့ကွယ်၊ ဒါကြောင့် အာနာပါနစီးဖြန်းလို့ သမာဓိရလျှင် သမာဓိက ပညာကို ဖြစ်စေနိုင်တဲ့ အတွက် သံသရာဆိုတဲ့ ရုပ်အစဉ်, နာမ်အစဉ်က ပြတ်ပြီး နိဗ္ဗာန်သို့ ရောက်နိုင်ကြောင်း ဖြေဆိုလိုက်ပါတယ်ကွယ်”

“မှန်ပါ ပထမပြဿနာရဲ့ အဖြေကို မိမိထူး ကျေနပ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်၊ ဒုတိယပြဿနာကိုလည်း အဖြေပေးတော်မူပါဦး ဘုရား”

“ဒုတိယပြဿနာက ဝိပဿနာတရားတစ်ခုတည်းဖြင့် ကောင်းသောသုဂတိသို့ ရောက်နိုင်, မရောက်နိုင်... ဟုတ်လား”

“ဟုတ်မှန်ကြောင်းပါ ဘုရား”

“မိမိထူးရဲ့အမေးက ဝိပဿနာတစ်ခုတည်းလို့ မေးထားတယ်၊ အမှန်ကတော့ ဝိပဿနာအလုပ်ဆိုတာ ခုန်ကျော်လုပ်လို့ မရပါဘူး၊ သူ့အစဉ်အတိုင်း လုပ်ပါမှ ဝိပဿနာလုပ်လို့ ရတယ်၊ သူ့အစဉ်အတိုင်းဆိုတာက ဝိသုဒ္ဓိအစဉ်ကို ပြောတာပါ၊ ရထဝိနီတသုတ်မှာ ရထားခုနစ်စီးနှင့် ဥပမာပေးထားတဲ့အတိုင်း ဝိပဿနာအားထုတ်တာလည်း အစဉ်ရှိတယ်၊ ဝိပဿနာအားထုတ်တဲ့ ဝိသုဒ္ဓိအစဉ်က–

(၁) **သီလဝိသုဒ္ဓိ** = ရှေးဦးစွာ သီလ စင်ကြယ်စေရမယ်၊

(၂) **စိတ္တဝိသုဒ္ဓိ** = စိတ်ဓာတ်သန့်ရှင်းအောင် အာနာပါနစသော ကမ္မဋ္ဌာန်းဖြင့် သမာဓိရအောင် အားထုတ်ရမယ်၊

(၃) **ဒိဋ္ဌိဝိသုဒ္ဓိ** = ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမစသော ပညတ်မှ ခွဲထုတ်ပြီး ပရမတ်ရုပ်နာမ်ကို မြင်နိုင်ရမယ်၊

(၄) **ကင်္ခါဝိတရဏဝိသုဒ္ဓိ** = ရုပ်နာမ်အပေါ် ယုံမှားခြင်းကင်းအောင် ရုပ်တရားဖြစ်ပေါ်လာတဲ့အကြောင်း၊ နာမ်တရား ဖြစ်ပေါ်လာတဲ့အကြောင်းတရားတွေကို သိအောင် လုပ်ရမယ်၊ ရုပ်နာမ်ရဲ့အကြောင်းကို သိမ်းဆည်းတဲ့ ကင်္ခါဝိတရဏဝိသုဒ္ဓိလွန်မှ ဝိပဿနာအားထုတ်လို့ ဖြစ်တယ်၊

အစစ်အမှန် ဝိပဿနာတရား ပွားများ အားထုတ်တဲ့အချိန်မှာ ဒိဋ္ဌိဝိသုဒ္ဓိအားဖြင့် ဒိဋ္ဌိက လွန်မြောက်ခဲ့ပြီ၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိအားဖြင့် ဝိစိကိစ္ဆာက **လွတ်**မြောက်ခဲ့ပြီ၊ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတရားက လွန်မြောက်ခဲ့ပြီးဖြစ်လို့ **အဲဒီ** ပုဂ္ဂိုလ်ဟာ

http://www.dhammadownload.com



စူဠ သောတာပန် ဖြစ်သွားပြီ၊ စူဠသောတာပန် ဖြစ်တဲ့အတွက် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် အပါယ်မကျဘဲ ကောင်းသောဂတိဖြစ်တဲ့ (သုဂတိ)မှာ သေချာပေါက် ဖြစ်သွားပြီ၊ သုဂတိဘဝ ဖြစ်ရုံမျှမက လူ့ဘဝက အားထုတ်ခဲ့တဲ့ ဝိပဿနာပန်းငုံဟာ တာဝတိံသာအစရှိသော နတ်ပြည်မှာ နတ်ဓမ္မကထိကများ ဟောပြတဲ့ ဝိပဿနာတရားကို နာရုံကာမျှဖြင့် ပွင့်ပြီး အရိယာစင်စစ် ဖြစ်နိုင်တယ်၊ ဒါကြောင့် ဝိပဿနာတရား ပွားများ အားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ အပါယ်ကို မကျ၊ သုဂတိဘုံ ဘဝ၌ ဖြစ်နိုင်ကြောင်း ဖြေကြားလိုက်ပါတယ်ကွယ်။

**ဣမိနာ ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နော နာမ ဟောတိ။**

(ဝိသုဒ္ဓိမဂ်၊ ၄၊ ၃၊ ၂၄၀)

**ပန**– ကခ်ါဝိတရဏ ဝိသုဒ္ဓိ၏အကျိုးကား ၊ **ဣမိနာဉာဏေန** – ဤကခ်ါဝိတရဏ ဝိသုဒ္ဓိမည်သောဉာဏ်နှင့်၊ **သမန္နာဂတော**– ပြည့်စုံသော၊ **ဝိပဿကော**– ဝိပဿနာတရား ပွားများသော ပုဂ္ဂိုလ်သည်၊ **ဗုဒ္ဓသာသနေ**– ဘုရားရှင်၏ သာသနာတော်၌၊ **လဒ္ဓဿာသော**– ရအပ်ပြီးသော သက်သာခြင်းရှိသည်ဖြစ်၍၊ **လဒ္ဓပတိဋ္ဌော**– ရအပ်ပြီးသော ထောက်ရာ, မှီခိုရာ ရှိသည်ဖြစ်၊ **နိယတဂတိကော**– မြဲသော သုဂတိရှိသော၊ **စူဠသောတာပန္နောနာမ**– စူဠသောတာပန် မည်သည်၊ **ဟောတိ**– ဖြစ်၏။

“သာဓု – သာဓု – သာဓု”



http://www.dhammadownload.com



# ရဟန္တာဓာတ်တော်(၂)

"ဟောဒီစာက ဟုမ္မလင်းမြို့၊ ဈေးတန်းရပ် ကျောင်းဒကာ ဦးအုန်းဖေထံက မေးလျှောက်တဲ့စာ ဖြစ်ပါတယ်ဘုရား"

"ဆိုစမ်းပါဦး၊ ဦးအုန်းဖေက ဘာတွေများ မေးလျှောက်သလဲကွယ့်"

"ဦးအုန်းဖေက **ရဟန္တာမထေရ်မြတ်များခန္ဓာဝန်ချတဲ့အခါ ပုဂ္ဂိုလ်တိုင် ဓာတ်တော်ကျ-မကျ** သိလိုပါတယ်လို့ လျှောက်ထားခြင်းပါဘုရား"

"ဦးအုန်းဖေ မေးလျှောက်တာနှင့် ပတ်သက်ပြီး ဓာတ်တော်ဆိုတဲ့ စကားကို ဦးစွာ ပြောချင်သကွယ့်"

"မှန်ပါ၊ အမိန့်ရှိပါဘုရား"

"**ဓာတ်တော်ဆိုတာ**ဓာတုပုဒ်ကို မြန်မာပြန်ဆိုခြင်း ဖြစ်တယ်၊ ဓာတုပုဒ်က ဘာအနက် ဟောသလဲ၊ ပဏ္ဍာကေဋ္ဌိ အဋ္ဌိဓာတွိတ္ထီ ဆိုတဲ့ မဂဓအဘိဓာန် (၂၇၈)အရ အဋ္ဌိသဒ္ဒါ, ဓာတုသဒ္ဒါတို့ဟာ အရိုးဟူသော အနက်ကို ဟောတယ်၊ အရိုးဟောခြင်း တူသော်လည်း အဋ္ဌိသဒ္ဒါက နပုလ္လိင်၊ ဓာတုသဒ္ဒါက ဣတ္ထိလင်လို့ ဆိုတယ်၊ ကွယ်လွန်ပြီးသည့်နောက် အသား, အသွေး, အရေအားလုံး ခန်းခြောက်ပျက်စီးပြီး နောက်ဆုံး အရိုးကျန်မှာချည်းပါပဲ၊ သို့သော် ဦးအုန်းဖေ မေးမြန်းတဲ့ ဓာတ်တော် ဆိုတာ ဤပကတိသောအရိုးကို ဆိုလိုတာ မဟုတ်ပါဘူး၊ ဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးတဲ့နောက် အရွယ် ၃-ပါး, အရောင် ၃-ပါး, အချင်းပမာဏအားဖြင့် ရှစ်စရွတ်ခန့်လောက်သော ဓာတ်တော်များလို ရဟန္တာများ ခန္ဓာတော်က ဓာတ်တော် ကျ-မကျ မေးလျှောက်ခြင်း ဖြစ်ပါလိမ့်မယ်၊ ဟုတ်တယ် မဟုတ်လားကွယ့်"

http://www.dhammadownload.com



"ဟုတ်ပါလိမ့်မယ် ဘုရား"

"ရှဟန္တာရဲ့ ခန္ဓာတော်က ဘုရားရှင်ရဲ့ ခန္ဓာတော်လို ဓာတ်တော် ကျ-မကျနှင့် ပတ်သက်ပြီး ဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူခန်းကို ပြန်ကြည့်သင့်သေးတယ်ကွယ့်၊ အဲသလို ပြန်ကြည့်ခဲ့လျှင်-

ဒီနတ္ထပကာသနီကျမ်းမှာ ဆိုထားတာက 'ရှေးရှေးသော ဘုရားတို့ကား မပြိုမကွဲ တစ်ခဲနက်ပင် တည်လေကုန်သည်၊ ငါတို့ဘုရားမှာကား သက်တော်တိုသော အခါဖြစ်၍ သာသနာတော် ပြန့်ပွားသဖြင့် လူတို့အကျိုးစီးပွား များစိမ့်သောငှာ ပတ္တနာတော် အာနုဘော်ကြောင့် စွယ်တော်လေးဆူ၊ ညှပ်ရိုးတော်နှစ်ဆူ၊ နဖူးသင်းကျစ်တော်တစ်ဆူ ဤ (၇)ဆူသော ဓာတ်တော်တို့သည် မပြိုမကွဲ တည်ကုန်သည် ဖြစ်၍ အသမ္ဘိန္နဓာတ် မည်၏၊ ကြွင်းသော ကိုယ်တော်မှာ အကြီး ပဲနောက်ပမာဏ၊ အလတ် ဆန်ကျိုးပမာဏ၊ အငယ် မုန်ညင်းစေ့ပမာဏဖြင့် စိပ်ဖြာလျက် တည်ကုန်သည်ဖြစ်၍ သမ္ဘိန္နဓာတ် မည်သည်ဟု ဆိုကုန်၏'ဟု ဖွင့်ပြထားတယ်၊ ဒီအဖွင့်မှာ နှပ်လျှိုးနေတဲ့ စကားအချို့ကို ပြောပြဦးမယ်ကွယ့်"

"မိန့်တော်မူပါဘုရား"

"သောတတ္ထကီကျမ်း၊ စာမျက်နှာ ၄-မှာ...

**စတုဝီသတိ အသင်္ချေယျ၊ သင်္ခ္ယာယောစေဝ ကောဋိယော၊ ပါဏာနိ သတသဟဿာနိ၊ [illegible]ဗုဒ္ဓေါ ပမောစယိ**-လို့ ပြထားတာရှိတယ်။

မြန်မာလို အဓိပ္ပာယ်ကတော့ တစ်ဆူသော ဘုရားရှင်ဟာ ၂၄-အသင်္ချေ ကုဋေခြောက်ဆယ် မိုလ်ခြေတစ်သိန်းတို့ကို ကယ်တင်ချေချွတ်ရမည့် တာဝန်ရှိသတဲ့ကွယ့်၊ သက်တော်ရှည်တဲ့ ဘုရားရှင်များကတော့ ခန္ဓပရိနိဗ္ဗာန် မစံမီ ဤမျှလောက်သော ဝေနေယျတို့ကို ချေချွတ်ပြီးဖြစ်လို့ တာဝန်ကျေသွားကြပြီ၊ ဒါကြောင့် ပရိနိဗ္ဗာန် ဝင်စံတော်မူတဲ့အခါ ဓာတ်တော်များကို မထားခဲ့တော့ဘဲ မပြိုမကွဲ တစ်ခဲနက်သော အရိုးဓာတ်တော် တစ်ဆူတည်းသာ ကျန်တယ်တဲ့၊ ငါတို့ဘုရားရှင်ကတော့ သက်တော်တိုတဲ့အခါမှာဖြစ်လို့ ၂၄-အသင်္ချေမျှလောက်သော ဝေနေယျတို့ကိုသာ ချေချွတ်တော်မူနိုင်တယ်၊ ကုဋေခြောက်ဆယ် မိုလ်ခြေတစ်သိန်း ကျန်ရစ်တယ်၊ အဲဒီ ဝေနေယျ ကျန်များအတွက် အဓိဋ္ဌာန်တော်မူခဲ့လို့ ရှစ်စရွတ်

http://www.dhammadownload.com



မျှလောက်သော ခေတ်တော်များ ကျန်ရစ်တယ်လို့ စကားအငုပ်ကျန်နေတယ်၊ အဲဒီ စကားအငုပ်အရ ဘုရားရှင်ရဲ့ ခေတ်တော်ဟာ အလိုအလျောက်ကျန်တာ မဟုတ်ဘူး၊ အဓိဋ္ဌာန်တော်ကြောင့် ကျန်တယ်လို့ မှတ်ယူသင့်တယ်၊ ဘုရားရှင်ရဲ့ အဓိဋ္ဌာန်တော်ကြောင့် ခန္ဓာတော်ဟာ ခေတ်တော်အဖြစ်ကျန်သလို ရဟန္တာများလည်း အဓိဋ္ဌာန်လျှင် ခေတ်တော်ကျန်ပါတယ်၊ ဒီအကြောင်းကို ဓမ္မပဒ၊ ၌ (ပ) ၃၄၂-၃၄၃-မှ အရှင်အာနန္ဒာ ပရိနိဗ္ဗာန် ဝင်စံခန်းကို ပြဆိုဦးမယ်ကွယ့်"

"မိန့်တော်မူပါဘုရား"

"အရှင်အာနန္ဒာဟာ သက်တော် ၁၂၀-ရှိတဲ့အခါ မိမိရဲ့ အာယုသင်္ခါရကို ကြည့်တော့ အသက်တမ်းကုန်ပြီဆိုတာ သိသတဲ့၊ ဒါကြောင့် ဒါယကာများကို ခုနစ်ရက်မြောက်မှာ ပရိနိဗ္ဗာန်ပြုမယ်လို့ မိန့်တော်မူတယ်၊ သူ့ရဲ့ဒါယကာများက ရောဟိနီမြစ်ရဲ့ ဟိုဘက်ကမ်း သည်ဘက်ကမ်းမှာ ရှိနေကြတယ်၊ မထေရ်မြတ် ပရိနိဗ္ဗာန် စံမယ်လို့ မိန့်တော်မူတော့ နှစ်ဖက်သောဒါယကာများက သူ့တို့ဘက်မှာ ပရိနိဗ္ဗာန် ပြုမှာပဲလို့ ထင်နေကြတယ်၊ မထေရ်ဟာ ဒီအကြောင်းကို သိတော်မူတော့ မြစ်ကမ်းနှစ်ဖက်က ဒါယကာအားလုံး ငါ့အပေါ်မှာ ကျေးဇူးများကြတယ်၊ ဒါကြောင့် တစ်ဘက်မှာ ပရိနိဗ္ဗာန် မပြုဘဲ အညီအမျှဖြစ်အောင် ကောင်းကင်မှာ ပရိနိဗ္ဗာန်ပြုမယ်လို့ ၇-ရက်မြောက်တဲ့နေ့ မြစ်ရဲ့အထက် ထန်းခုနစ်ဆင့်ခန့်တိုင်အောင် ကောင်းကင်မှာ တင်ပျဉ်ခွေပြီး ရှေးဦးစွာ ဒါယကာများကို တရားဟောတယ်၊ တရားဟောအပြီးမှာ ငါ့ရဲ့ခန္ဓာကိုယ်ဟာ အလယ်ကပြတ်ပြီး တစ်ဘက်ကို ဤမှာဘက်, တစ်ဘက်က ဟိုမှာဘက် ကျပါစေလို့ အဓိဋ္ဌာန်ပြီး တေဇောကသိုဏ်း ဝင်စားတော်မူလိုက်တယ်၊ အဲဒီအခါ ခန္ဓာတော်က မီးအလျှံထွက်ပြီး ခေတ်တော်များ ဟိုဘက်ကမ်း ဒီဘက်ကမ်း အညီအမျှ ကျသတဲ့၊ ဒါကြောင့် ရဟန္တာများ အဓိဋ္ဌာန်တော်မူလျှင် ခန္ဓာကိုယ်က ခေတ်တော်များ ကျတယ်၊ အကယ်၍ ခန္ဓာကိုယ်က ခေတ်တော်များ မကျစေချင်လျှင်လည်း ခေတ်တော် မကျပါဘူး၊ ဒီအကြောင်းနှင့် စပ်ပြီး အရှင်ဒဗ္ဗ ပရိနိဗ္ဗာန်ဝင်စံပုံ ပြောပြဦးမယ်"

"မိန့်တော်မူပါဘုရား"

"မလ္လမင်းရဲ့သားတော် အရှင်ဒဗ္ဗ ပရိနိဗ္ဗာန်စံလွန်ချိန်နီးတော့ ဘုရားရှင် သီတင်းသုံးရာ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်ကို သွားပြီး 'မြတ်စွာဘုရား ယခုအခါ တပည့်တော် ပရိနိဗ္ဗာန်ပြုရန် အခါဖြစ်ပါတယ်'လို့ လျှောက်ထားတယ်၊

http://www.dhammadownload.com



ဘုရားရှင်က "ဒဗ္ဗ– ယခုအခါ သင်သည်ပင် ပရိနိဗ္ဗာန်ပြုရန်အခါကို သိတယ်'လို့ မိန့်တော်မူသတဲ့၊ အဲဒီနောက် အရှင်ဒဗ္ဗဟာ ဘုရားရှင်ကို ရိုသေစွာ ရှိခိုးပြီး ကောင်းကင်ကို ပျံတက်တယ်၊ ကောင်းကင်မှာ ထက်ဝယ်ဖွဲ့ ခွေထိုင်နေပြီး တေဇောဓာတ် ဝင်စားတယ်၊ တေဇောဓာတ် သမာပတ်က ထတဲ့အခါ ပရိနိဗ္ဗာန်ပြုသတဲ့၊ အဲဒီလို ပရိနိဗ္ဗာန်ပြုတဲ့အခါ အရှင်ဒဗ္ဗရဲ့ ခန္ဓာတော်က ပြာလည်း မကျဘူး၊ မီးသွေးလည်း မကျဘူး၊ ထောပတ်မီးလောင်သလို အကြွင်းမဲ့ လောင်ကျွမ်းသွားသတဲ့။

ဒီအကြောင်းကိုသိလို့ ဘုရားရှင်က 'ဒဗ္ဗ၏ကိုယ်သည် အကြွင်းမရှိ ကွယ် ပျောက်ပြီ၊ ရူပသညာစသော သညာတို့သည် ချုပ်ကုန်ပြီ၊ ဝေဒနာ, သင်္ခါရ, ဝိညာဏ်တို့သည် ချုပ်ငြိမ်းပြတ်စဲကုန်ပြီ'လို့ ဥဒါန်းတော်ကျူးသတဲ့၊ (ဥဒါနပါဠိ– ပါဋလိဂါမိယဝဂ်) ဒါကြောင့် ရဟန္တာများရဲ့ အလိုတော်အတိုင်း ဓာတ်တော်ကြွင်း စေလိုလျှင် ကြွင်းတယ်၊ အကြွင်းမဲ့ ချုပ်ငြိမ်းစေလိုလျှင် ချုပ်ငြိမ်းတယ်၊ ဒါမှမဟုတ် ဘယ်လိုမှ အဓိဋ္ဌာန်တော်မမူခဲ့လျှင် ပကတိသောလူများလို အရိုးသာကျန်တယ်၊ သို့သော်လည်း ရဟန္တာများရဲ့အရိုးက ပကတိသော လူများရဲ့အရိုးလို မညစ်ပတ်ဘူး၊ မြတ်လေးငုံ အဆင်းသဏ္ဌာန် ကျန်ရစ်သတဲ့၊ ဒီအကြောင်းကို ဥပရိပဏ္ဏာသအဋ္ဌကထာ ဗာကုလသုတ္တဝဏ္ဏနာ အဆုံး (၁၄၀)မှာ–

**"ဆဝိမံသလောဟိတံ သပ္ပိဝိယ ဈာယမာနံ ပရိက္ခယံ ဂတံ၊ သုမနမကုလသဒိသာ ဓာတုယောဝ အဝသေသိံသု–လို့ ဖွင့်ပြထားတယ်ကွယ့်"**

"မှန်ပါ၊ အဲဒီပါဠိရဲ့အဓိပ္ပာယ်ကိုလည်း မိန့်တော်မူပါဦးဘုရား"

"အဲဒီပါဠိရဲ့ အဓိပ္ပာယ်က ဒီလိုတဲ့ကွယ်၊ အရှင်ဗာကုလမထေရ်ဟာ သက်တော်– ၁၆၀၊ သိက္ခာတော် ၈၀–ပြည့်တဲ့အခါ တစ်စုံတစ်ရာ ရောဂါဝေဒနာ ကပ်ရောက်ခြင်းမရှိဘဲ ရဟန်းတော်များအလယ်မှာ ထိုင်တော်မူရင်း ယခုအခါ ငါ့ရဲ့သက်တမ်းဟာ ကုန်ပြီ၊ ငါဟာ အသက်ရှင်စဉ်ကာလကလည်း ငါ့အတွက် သူတစ်ပါးကို တာဝန်မပေးခဲ့ဘူး၊ ငါ ပရိနိဗ္ဗာန် ဝင်စံတဲ့အခါမှာလည်း ငါ့ ရုပ်ကြွင်းကို အကြောင်းပြုပြီး အများကြောင့်ကြ မဖြစ်ကြပါစေနှင့်လို့ တေဇော ဓာတ်ကို ဝင်စားပြီး ပရိနိဗ္ဗာန်ဝင်စံတော်မူသတဲ့၊ ပရိနိဗ္ဗာန်ဝင်စံတဲ့အခါ ကိုယ်က မီးထွက်ပြီး အရေ,အသား,အသွေး အားလုံး ထောပတ်မီးလောင်သလို မီးလောင်လို့ ကုန်သွားသတဲ့၊ အရိုးဓာတ်တော်တွေသာ မြတ်လေးငုံအဆင်း ကျန်ရစ်တယ်လို့ ဆိုလိုတယ်ကွယ့်"

http://www.dhammadownload.com



"ရှင်ဗာကုလရဲ့ မြတ်လေးငုံအဆင်း ဓာတ်တော်များသာ ကျန်ရစ်တယ် ဆိုတဲ့ စကားမှာ (ဓာတုယော၀)ဆိုတဲ့ပုဒ်ဟာ အရိုးသာမညကို မကောက်ဘဲ ဘုရားရှင်ရဲ့ ဓာတ်တော်များလို အစွယ်သုံးပါးရှိတဲ့ ဓာတ်တော်များလို့ ကောက်ယူလို့ မဖြစ်ဘူးလား ဘုရား"

ဓာတုယော၀လို့ သာမည ဖွင့်ထားခဲ့တော့ အစွယ်သုံးပါး ဓာတ်တော်ရော အရိုးရော ကောက်ယူနိုင်ပါတယ်၊ သို့သော်လည်း ဘုရားရှင်လို အစွယ်သုံးပါး ဓာတ်တော်ဖြစ်တယ်ဆိုလျှင် အရေ, အသား, အသွေးအားလုံး ဓာတ်တော်ဖြစ်ရမှာ ပေါ့၊ အခုတော့ အရေ, အသား, အသွေးတွေ အားလုံး ထောပတ်မီးလောင်သလို ပျောက်သွားပြီး ဓာတုမျှသာ ကျန်တယ်ဆိုတာကို ထောက်ဆပြီး အဲဒီ ဓာတုဟာ အစွယ်သုံးပါးဓာတ်တော် မဟုတ်၊ သာမညအရိုးလို့ပဲ ကောက်သင့်တော့တာပေါ့ ကွယ်"

"မှန်ပါဘုရား"

"အေး– ဒီထက် ထင်ရှားတဲ့ ဥပမာတစ်ခု ထပ်ပြောပါဦးမယ်၊ ယခု ဂေါတမဘုရား သန္ဓေတော်ယူခါနီး နောက်သုံးသစ္စာ သိသွားတဲ့ မာတင်္ဂရှင်ပစ္စေကဗုဒ္ဓါဟာ ရာဇဂြိုဟ်ပြည်မှာ ဆွမ်းခံတော်မူနေတုန်း ဂေါတမဘုရားအလောင်းတော် ဟာ မယ်တော်မာယာ ဝမ်းကြာတိုက်မှာ သန္ဓေတော်တည်သတဲ့၊ ဒီအခါ နတ် ဗြဟ္မာအပေါင်းတို့က ဘုရားအလောင်းတော်ကို ပူဇော်ဖို့ လာကြစဉ် မာတင်္ဂ ရှင်ပစ္စေကဗုဒ္ဓါနှင့် တွေ့ကြတော့...

"အရှင်ဘုရား... ဤလောက၌ ဘုရားအလောင်းတော် သန္ဓေတည်နေပါပြီ" လို့ လျှောက်ထားသတဲ့။

မာတင်္ဂရှင်ပစ္စေကဗုဒ္ဓါဟာ နတ်ဗြဟ္မာများ လျှောက်ထားသံကို ကြားရတော့ လောကမှာ သမ္မာသမ္ဗုဒ္ဓဘုရားရှင်ရဲ့ သာသနာတော်မှာ ရှင်ပစ္စေကဗုဒ္ဓါဆိုတာ မရှိစကောင်းဘူး၊ ငါရဲ့ အာယုသင်္ခါရ ဘယ်လိုလဲလို့ ကြည့်လိုက်တော့ အသက်တမ်း ကုန်ဆုံးနေတာကို မြင်တယ်၊ ဒါကြောင့် နောင်တော် ရှင်ပစ္စေကဗုဒ္ဓါများ ခန္ဓာ တော်ချရာ မဟာပပါတတောင်ကို ကြွတော်မူတယ်၊ မဟာပပါတတောင် ရောက် တော့ ရှေးက ခန္ဓာတော်ချသွားကြတဲ့ ရှင်ပစ္စေကဗုဒ္ဓါတို့ရဲ့ အရိုးစုများကို ချောက် ကမ်းပါးအောက် ပစ်ချပြီး ကျောက်ဖျာအပြင်မှာ ထိုင်နေတော်မူကာ–

http://www.dhammadownload.com



'ငါသည် ရာဂ, ဒေါသ, မောဟတရားများကို ပယ်စွန့်သကဲ့သို့ သံယောဇဉ်တရားများကိုလည်း ဖျက်ဆီးကာ ခန္ဓာကမ္မဇရုပ် အကြွင်းမရှိသော ချုပ်ငြိမ်းခြင်းဖြင့် ချုပ်ငြိမ်းရပေတော့မည်၊ ငါကဲ့သို့ ဖြစ်လိုသောသူသည် တစ်ချောင်းတည်းသော ကြံချိုနှင့်တူစွာ တစ်ဦးထီးတည်း ကျင့်ရမည်လို့' ရွတ်ဆိုတော်မူပြီး ပရိနိဗ္ဗာန်ဝင်စံတော်မူသတဲ့။

ခဂ္ဂဝိသာဏသုတ်တော်ကလာတဲ့ ရှင်ပစ္စေကဗုဒ္ဓါဆိုတာဟာ သာသနာတော်တွင်းမှာဆိုလျှင် ရဟန္တာပါပဲ၊ သုတ္တနိပါတ် ခဂ္ဂဝိသာဏသုတ် အဋ္ဌကထာတွင် ရှင်ပစ္စေကဗုဒ္ဓါများရဲ့ အရိုးကြွင်းများကို–

**'ပုဗ္ဗေ ပရိနိဗ္ဗုတပစ္စေကဗုဒ္ဓသ အဋ္ဌိသင်္ဃာတံ ပပါတေ ပက္ခိပိတွာ'လို့**

(နှာ– ၁၁၇)

အရိုးစုလို့ပင် သာမည ဖွင့်ပြထားတယ်၊ ဓာတ်တော်အဖြစ်နှင့် ဖွင့်ပြမထားဘူး၊ ဒါကြောင့် ရဟန္တာ ပရိနိဗ္ဗာန်ဝင်စံလျှင် အဓိဋ္ဌာန်အလျောက် ဓာတ်တော်သော်လည်း ဖြစ်နိုင်တယ်၊ လုံးဝ လောင်ကျွမ်းလို့လည်း သွားနိုင်တယ်၊ သာမည ပုဂ္ဂိုလ်များလို အရိုးစုလည်း ကြွင်းနိုင်တယ်လို့ မှတ်သင့်တာပေါ့ကွယ်။

သာဓု ...သာဓု ...သာဓု ပါဘုရား။



http://www.dhammadownload.com



# အမေး(၁၆)ချက်

"ဟောဒီစာက မြောင်မြို့၊ မြို့နယ်ဥပဒေရုံး၊ ဥပဒေဝန်ထမ်း အဆင့်-၄၊ ဦးအေးမင်းထံမှတစ်ဆင့် မောင်သန့်ဇော်ဦးထံက အမေးလွှာပါ ဘုရား၊မောင်သန့်ဇော်ဦး ရဲ့ အမေးလွှာမှာ မေးခွန်းပေါင်း ၁၆-ချက် ပါရှိပါတယ်ဘုရား"

"မေးခွန်းပေါင်း ၁၆-ချက်ဆိုတော့ များလှချည်ကလား"

"များတော့ များတာပဲဘုရား၊ မောင်သန့်ဇော်ဦးက သူမေးချင်တာတွေ တစ်ပြိုင်နက် အောတိုက်ပြီး မေးလိုက်ဟန် တူပါတယ်၊ အမေးရောက်ခဲ့ပြန်တော့ အထိုက်အလျောက်တော့ ပြန်ဖြေပေးတော်မူပါဦးဘုရား"

"အေးလေ- မေးပြန်တော့လည်း ဖြေရတာပေါ့၊ သို့သော်လည်း အမေးက များလွန်းလို့ အကျယ်တော့ မဖြေနိုင်ဘူး၊ တိုစိ, တိုစိကလေးပဲ ဖြေကြစို့ ဟုတ်လား"

"တိုထိုနှင့် လိုရင်းဖြေတာလဲ အင်မတန်မှ ကောင်းလှပါတယ်ဘုရား"

"သူ့အမေးရဲ့ လိုရင်းအချက်ကို ပြောစမ်းပါဦး"

(၁) သတ္တဝါတစ်ဦးကို (က) သတ်ရန် ကြံစည်ခြင်း၊ (ခ) သတ်မည်ဟု ခြိမ်း ခြောက်ခြင်း၊ (ဂ) သတ်ခြင်း - ဤ မနောကံ, ဝစီကံ, ကာယကံသုံးပါး အနက် မည်သည့်ကံက အပြစ်ကြီးလေးပါသနည်း။

(၂) မနောဒုစရိုက်သုံးပါးသည် အပါယ်ပဋိသန္ဓေ ပေးနိုင်, မပေးနိုင်၊

(၃) ဝစီဒုစရိုက်လေးပါးသည် အပါယ်ပဋိသန္ဓေ ပေးနိုင်, မပေးနိုင်၊

(၄) ပါဏာတိပါတကံ၌ အင်္ဂါငါးပါးရှိရာ အင်္ဂါတစ်ပါးပါး ချို့တဲ့လျက် သတ္တဝါ သေသော် ပဝတ္တိအကျိုး ပဋိသန္ဓေအကျိုး ပေး, မပေး၊

http://www.dhammadownload.com



(၅) ပစ္စည်းတစ်ခုကို ကောက်ရရာ ပိုင်ရှင်ကိုသိလျက် ပြန်မပေးသော် အဒိန္နာဒါန ကံ ထိုက်, မထိုက်၊

(၆) ဟတ္ထမေထုန် ကျူးလွန်သူသည် အပြစ်ထိုက်, မထိုက်၊ အဗြဟ္မစရိယသိက္ခာ ပုဒ် ပျက်, မပျက်၊

(၇) စေ့စပ်ကြောင်းလမ်းပြီး မိန်းမပျိုကို သူမ၏ ခွင့်ပြုချက်ဖြင့် ကျူးလွန်သော် ကာမေသုမိစ္ဆာစာရကံ ထိုက်, မထိုက်၊ သူမက ခွင့်မပြုဘဲ ကျူးလွန်သော် ကာမေသုမိစ္ဆာစာရကံ ထိုက်, မထိုက်၊

(၈) စေ့စပ်ပြီး မိန်းမပျိုကို မိန်းမပျို၏ သဘောတူညီမှုဖြင့် ခိုးယူပေါင်းသင်း သော် မိန်းမပျိုနှင့် ခိုးယူသူတို့ ကာမေသုမိစ္ဆာစာရကံ ထိုက်, မထိုက်၊

(၉) မိဘ သဘောမတူသော မိန်းမပျိုကို သူမ၏ သဘောတူညီမှုဖြင့် ခိုးယူ ပေါင်းသင်းသော် ကာမေသုမိစ္ဆာစာရကံ ထိုက်, မထိုက်၊

(၁၀) လူတစ်ဦးက အလိမ်ခိုင်း၍ လိမ်ပြောရာ အပြောခံရသူ အကျိုးပျက်စီးပါက အလိမ်ခိုင်းသူ မုသာဝါဒကံ ထိုက်, မထိုက်၊

(၁၁) ဥပုသ်သည်သည် ဆာလောင်ခြင်း မရှိဘဲ နေလွဲချိန်၌ သတ္တာဟကာလိက ယာမကာလိကတို့ကို စားသောက်ပါက ဝိကာလဘောဇနေသိက္ခာပုဒ် ပျက်, မပျက်၊

(၁၂) ဥပုသ်သည်သည် ပတ်ဝန်းကျင်မှ သီချင်းသံများကို ကြား၍ သာယာမိပါက သိက္ခာပုဒ် ပျက်, မပျက်၊

(၁၃) ဥပုသ်သည်သည် ဥပုသ်စောင့်ထားပါလျက် သီချင်းတစ်ပိုင်းတစ်စ ယောင်၍ ရွတ်မိပါက သိက္ခာပုဒ် ပျက်, မပျက်၊

(၁၄) အမျိုးသမီးများ သနပ်ခါး, ပန်းမာန် လိမ်းပန်၍ ရှစ်ပါးသီလ ယူကောင်း, မယူကောင်း၊

(၁၅) ရှစ်ပါးသီလ ယူပြီးမှ ညစာစားခြင်း၊ ကခြင်း၊ သီခြင်း စသည်ပြုသော် အပြစ် ရှိ, မရှိ၊

(၁၆) ဖန်ရည်ဆိုးသောအဝတ်ကို ဝတ်ပါက သိက္ခာပုဒ်ခံယူဆောက်တည်ခြင်း မရှိသော်လည်း ဆယ်ပါးသီလ တည်ပြီးဖြစ်သည်ဟု ဆိုကြပါသည်၊ ထိုစကား ဟုတ်, မဟုတ်။

"မောင်သန့်ဇော်ဦးရဲ့ မေးခွန်းက ဤ ၁၆-ပုဒ် ဖြစ်ပါတယ်ဘုရား"

http://www.dhammadownload.com



**"မေးခွန်းအမှတ်(၁)ကစပြီး ဖြေကြစို့ကွယ့်"**

"မှန်ပါ၊ ဖြေတော်မူပါဘုရား"

"သတ္တဝါတစ်ဦး သေအောင်သတ်ရာမှာ သတ်ပုံသတ်နည်း လုံ့လပယောဂ ပေါင်း ခြောက်မျိုးရှိတယ်၊ ခြောက်မျိုးဆိုတာက (၁) **သာဟတ္ထိက** = ကိုယ်တိုင် သတ်တယ်၊ (၂) **အာဏတ္တိက** = သူတစ်ပါးကို အသတ်ခိုင်းတယ်၊ (၃) **နိဿဂ္ဂိယ**= သေနတ်စသည်ဖြင့် အဝေးမှ ပစ်ခတ်သတ်တယ် (၄) **ထာဝရ** = ဘိထောင်ခြင်း ကျင်းကျထောင်ခြင်းစသော ထာဝရဝတ္ထုဖြင့် သတ်တယ်၊ (၅) **ဝိဇ္ဇာမယ** = ပြုစား ခြင်း၊ အင်းချခြင်း၊ ဓာတ်ရိုက်ခြင်းစသော ဝိဇ္ဇာအတတ်ဖြင့် သတ်တယ်၊ (၆) **ဣဒ္ဓိမယ** = မိမိရတဲ့ တန်ခိုးဣဒ္ဓိပါဒ်ဖြင့် သတ်တယ်၊ အားလုံးသတ်ပုံသတ်နည်း လုံ့လ ပယောဂပေါင်း ခြောက်မျိုးရှိတယ်၊ အဲဒီပယောဂ ခြောက်ပါးထဲက အခု သတ်တာ က ကိုယ်တိုင်သတ်တာတဲ့၊ ကိုယ်တိုင်သတ်သည်ပင် ဖြစ်စေ, သူတစ်ပါးကို စေ ခိုင်းသည်ပင်ဖြစ်စေ အင်္ဂါငါးချက်နှင့် ညီညွတ်ပြီး သတ္တဝါသေသွားလျှင် (ကမ္မပထ မြောက်တယ်)လို့ ကျမ်းများမှာ ဆိုထားကြတယ်။

ကမ္မပထဆိုတာ ဤပါဏာတိပါတကံကြောင့် အပါယ်လမ်းကြီး ပွင့်သွား ပြီလို့ ဆိုလိုတယ်၊ ကမ္မပထမြောက်တဲ့ ပါဏာတိပါတအင်္ဂါက (၁) **သတ္တဝါ ဖြစ်ရမယ် (၂) သတ္တဝါမှန်း သိရမယ် (၃) သတ်လိုသောစိတ် စေတနာရှိရမယ် (၄) လုံ့လပြုရမယ်၊ (၅) ထိုလုံ့လကြောင့် သေရမယ်၊** ယခုပြောခဲ့တာက ပါဏာတိပါတကံ ရဲ့ အင်္ဂါငါးပါးကိုးကွယ့်၊ အမေးမှာ ပါဝင်တဲ့ သတ်ရန်ကြံစည်ခြင်း၊ သတ်မည်ဟု ခြိမ်းခြောက်ခြင်းတို့ဟာ အင်္ဂါငါးပါး မပြည့်စုံတဲ့အတွက် သတ်ခြင်းလောက် အပြစ်မကြီးဘူး၊ မဇ္ဈိမပဏ္ဏာသ ဥပါလိသုတ်မှာ ဟောတော်မူတဲ့ မနောကံအပြစ် ကြီးတယ်ဆိုတာ သတ်ရန် ကြံစည်ကာမျှ ဆိုလိုသည်မဟုတ်၊ သတ်လိုသောစိတ်ရှိ သည့်အပြင် ထိုစိတ်ဖြင့် လုံ့လပြု၍ ထိုလုံ့လကြောင့် အမှန်တကယ် သတ္တဝါ သေသလောက် အပြစ်မကြီးပါဘူး၊ ဘာကြောင့်လည်းဆိုတော့ အင်္ဂါငါးပါး မစုံညီတဲ့ အတွက်ကြောင့်ကွယ့်။

"အခု **အမေးအမှတ် (၂)နှင့်(၃)တို့** တကွပြုပြီး ဖြေကြစို့ရဲ့"

"ဖြေတော်မူပါဘုရား"

"မနောဒုစရိုက်ကံသုံးပါး၊ ဝစီဒုစရိုက်ကံလေးပါးတို့ဟာ အင်္ဂါညီညွတ်ပါက ကမ္မပထမြောက်တဲ့အတွက် အပါယ်ပဋိသန္ဓေ ပေးနိုင်ကြတယ်၊ မနောဒုစရိုက်သုံးပါး ဆိုတာက (၁) **အဘိဇ္ဈာ** = သူတစ်ပါးစီးပွားချမ်းသာကို မိမိဥစ္စာဖြစ်ပါတော့ဟု

http://www.dhammadownload.com



ရှေးရှုကြံစည်ခြင်းလောဘ (၂) **ဗျာပါဒ** = သူတစ်ပါး၏ စီးပွား, အသက် ပျက်စီးအောင် မည်သို့ လုပ်ရအံ့နည်းဟု ကြံစည်သောဒေါသ (၃) **မိစ္ဆာဒိဋ္ဌိ** = ဖောက်ပြန်မှားယွင်းစွာ မြင်ခြင်း မောဟတို့ ဖြစ်ကြတယ်။

ဝစီဒုစရိုက်လေးပါးဆိုတာက (၁) **မုသာဝါဒ** = မဟုတ်မမှန် မုသားစကားပြောခြင်း (၂) **ပိသုဏာဝါစာ** = သူနှစ်ဦးတို့၏ အချစ်ပျက်ပြားအောင် ရန်တိုက်စကားပြောခြင်း (၃) **ဖရုသဝါစာ** = ကြမ်းတမ်းယုတ်မာသော ဆဲရေးစကားကိုဆိုခြင်း (၄) **သမ္ဖပ္ပလာပ** = အနက်အဓိပ္ပာယ်ကင်းသော ပြိန်းဖျင်းစကားကို ဆိုခြင်းတို့ ဖြစ်ကြတယ်၊ ဒုစရိုက်တရား ၁၀–ပါးလုံး အင်္ဂါညီညွတ်လျှင် ကမ္မပထမြောက်ကြတယ်၊ ကမ္မပထမြောက်လျှင် အပါယ်ပဋိသန္ဓေ ပေးနိုင်တယ်ကွယ့်"

"**အမှတ်(၄) စတုတ္ထပုစ္ဆာက** ပါဏာတိပါတကံ၌ အင်္ဂါငါးပါးရှိရာ အင်္ဂါတစ်ပါးပါး ချို့တဲ့လျက် သတ္တဝါသေသော် ပဝတ္တိအကျိုး, ပဋိသန္ဓေအကျိုး ပေး, မပေးတဲ့... ဟုတ်လားကွယ့်"

"ဟုတ်မှန်ကြောင်းပါဘုရား"

"ပါဏာတိပါတကံမှာ အင်္ဂါငါးပါးရှိတယ်၊ တစ်ပါးချို့တဲ့ပါလျက် သတ္တဝါသေသွားသော် ကမ္မပထအင်္ဂါ မမြောက်လို့ အပါယ်ပဋိသန္ဓေတော့ မပေးဘူး၊ သို့သော် ယခု ပဝတ္တိအခါမှာ အဖမ်းအဆီးခံရခြင်း၊ အရိုက်အနှက်ခံရခြင်း၊ ဒဏ်ငွေအတပ်ခံရခြင်းစတဲ့ လောကီကျိုးများတော့ ပေးတတ်တယ်ကွယ့်"

"**အမှတ်(၅) ပဉ္စမပုစ္ဆာက** ကျကျန်ရစ်တဲ့ ပစ္စည်းပိုင်ရှင်ရှိမှန်းသိလျက်ပြန်မပေးသော် အဒိန္နာဒါနကံ ထိုက်, မထိုက်ကိုးကွယ့်"

"ဟုတ်မှန်ကြောင်းပါဘုရား"

"အဒိန္နာဒါနဆိုတာ အရှင်မပေးသော သူတစ်ပါးဥစ္စာ ခိုးယူခြင်းလို့ ဆိုလိုတယ်၊ ပါဠိ– အဒိန္နာဒါနကို သန္ဓိပုဒ်ဖြတ်လျှင် (အဒိန္န + အာဒါန)ဖြစ်တယ်၊ အဒိန္နက အရှင်မပေးသောဥစ္စာ၊ အာဒါနက ယူခြင်းအနက်ကို ဟောတယ်၊ အဒိန္နာဒါနဆိုတဲ့ ပါဠိကို အချို့က အဒိန္နဒါနလို့ ရွတ်တတ်ကြတယ်၊ အာဒါနပုဒ်မှာ အာသဒ္ဒါ ပျောက်သွားတော့ ယူခြင်းအနက်ကို မဟောတော့ဘူး၊ ဒါန= ပေးခြင်းအနက်ကိုသာ ဟောတဲ့အတွက် အရှင်မပေးသော သူတစ်ပါးဥစ္စာကို ယူခြင်းလို့ အနက်မထွက်ဘဲ သူတစ်ပါးဥစ္စာကို ပေးခြင်းလို့ မလိုအပ်တဲ့ အနက်ထွက်နေတယ်၊ ဒါကြောင့် သိက္ခာပုဒ် ခံယူကြတဲ့အခါ (အဒိန္နာဒါနာ)လို့ ပီပီသသ ရွတ်ဆိုသင့်

http://www.dhammadownload.com



တယ်၊ အဒိန္နာဒါန သိက္ခာပုဒ်မှာ အင်္ဂါငါးပါး စုံညီလျှင် ကမ္မပထမြောက်တယ် အင်္ဂါတစ်ပါးပါး ချို့ယွင်းလျှင် ကမ္မပထ မမြောက်ဘူး၊ သူတစ်ပါးပစ္စည်း ကျကျန် ရစ်ရာမှာ ကောက်ယူတဲ့အတွက် အင်္ဂါငါးပါးနှင့် ညှိကြည့်ရမယ်၊ အင်္ဂါငါးပါးက (၁) **သူတစ်ပါးဥစ္စာဖြစ်ခြင်း (၂) သူတစ်ပါးဥစ္စာဟု သိခြင်း (၃) ခိုးလိုသောစိတ် ရှိခြင်း (၄) လုံ့လပြုခြင်း (၅) ထိုလုံ့လဖြင့် ခိုးခြင်း**တို့ ဖြစ်ကြတယ်၊ ယခုပုစ္ဆာမှာ ၁, ၂- အင်္ဂါက ပြည့်စုံပြီးဖြစ်တယ်။

ပြန်မပေးချင်ဘူးဆိုတာ အင်္ဂါအမှတ် ၃-ခိုးလိုသောစိတ်ပဲ၊ ၄ နှင့် ၅- လုံ့လပြုခြင်း၊ ထိုလုံ့လဖြင့် ယူခြင်းအင်္ဂါကတော့ ပြည့်စုံပြီကွယ့်၊ အမှတ်(၃)အင်္ဂါ အရ ခိုးလိုသောစိတ် ထည့်လိုက်လျှင် အင်္ဂါငါးပါး ပြည့်စုံပြီး ကမ္မပထမြောက်တော့ တာပဲ၊ ဒါကြောင့် ကျကျန်ရစ်တဲ့ သူတစ်ပါးပစ္စည်းကို အာရာမ်ရဲ့အပမှာ တွေ့လျှင် ရဟန်းတော်များ ကောက်မယူရဘူး၊ အာရာမ်အတွင်းမှာဆိုလျှင်တော့ ပစ္စည်းရှင်ကို ပြန်ပေးမယ်ဆိုတဲ့ စိတ်နှင့် ကောက်ယူသိမ်းထားရမယ်လို့ ပါတိမောက်မှာ ဘုရားရှင် ပညတ်တော်မူထားတယ်၊ ဒီစကားရပ်များကို ထောက်လို့ ကျကျန်ရစ်တဲ့ပစ္စည်း ကောက်ယူပြီး ပြန်မပေးလျှင် အဒိန္နာဒါနကံ ထိုက်တယ်လို့ အဖြေပေးလိုက်ပါ တယ်ကွယ်"

"**အမှတ် ၆-ဆဋ္ဌမ မေးခွန်းက** ဟတ္ထမေထုန်ကျူးလွန်သော် အပြစ်ထိုက်, မထိုက်နှင့် အဗြဟ္မစရိယသိက္ခာပုဒ် ပျက်, မပျက်တဲ့ကွယ့်"

ဟတ္ထမေထုန်ဆိုတာ ပါတိမောက်ကလာတဲ့ သုက္ကဝိဿဋ္ဌိပါပဲ၊ သုက္ကဝိဿဋ္ဌိ ဆိုတဲ့ ပုဒ်ကို ကင်္ခါဝိတရဏီအဋ္ဌကထာမှာ ဖွင့်တာက "ရာဂကြောင့် အင်္ဂါဇာတ်၏ တောင့်မာခြင်း အစရှိသောအကြောင်းတို့တွင် တစ်ပါးပါးသော အကြောင်းကြောင့် အင်္ဂါဇာတ်သည် သုတ်ထွက်ခြင်းအမှု၌ ခိုင်ခန့်သည့်အဖြစ်သို့ ရောက်သောအခါ အာရောဂျ(အနာကင်းခြင်း) စသော အကျိုးကို ရည်၍ အဇ္ဈတ္တရုပ် စသည်တို့၌ လွှတ်ခြင်း၌ သာယာသော စေတနာဖြင့် လုံ့လပြုသောပုဂ္ဂိုလ်၏ အာသယဓာတ်, ရသဓာတ်တို့၏ ထူးသည်၏အဖြစ်ကြောင့် အညိုစသော သုတ်မျိုး ၁၀-ပါးတို့တွင် တစ်ပါးပါးသော သုတ်သည် တည်ရာမှ ရွေ့ခြင်းကို သုတ်လွှတ်ခြင်းဟု ဖွင့်ပြထား တယ်၊ ဟတ္ထမေထုန်ကို ကျူးလွန်သူ အပြစ်ထိုက်, မထိုက်ဆိုတဲ့ အမေးမှာ အပြစ် ဟာ ပဏ္ဏတ္တိဝဇ္ဇ၊ လောကဝဇ္ဇရယ်လို့ နှစ်မျိုးရှိတယ်၊ ပဏ္ဏတ္တိဝဇ္ဇဆိုတာ ဘုရားရှင် ပညတ်တဲ့အတွက် ဖြစ်ပေါ်လာသော အပြစ်မျိုး၊ လောကဝဇ္ဇဆိုတာက သဘာဝ အပြစ်ရှိသော အပြစ်မျိုးဖြစ်တယ်၊ သဘာဝအပြစ်ဆိုတာ ကျူးလွန်ဆဲအခါမှာ

http://www.dhammadownload.com



ကျူးလွန်သူရဲ့ စိတ်မှာ ကိလေသာ ငြိကပ်နေတာကို ဆိုလိုတယ်၊ ဟတ္ထမေထုန် ကျူးလွန်သူဟာ ကိလေသာ ရာဂစိတ်ဖြင့် ပြုလုပ်တာမို့ (လောကဝဇ္ဇ)အပြစ် ကေန် ရှိတယ်၊ သို့သော် ဒုစရိုက် ၁၀-ပါးအတွင်း မပါဝင်တဲ့အတွက် ကေန် အပါယ် လားမယ်လို့ မပြောနိုင်ဘူး၊ ယခုဘဝမှာ ပန်းသေရောဂါ၊ စိတ်ဓာတ် ကျဆင်းသော ရောဂါ၊ အင်အားချို့တဲ့သော ရောဂါမျိုးတော့ ဖြစ်နိုင်တယ်လို့ မှတ်ရမယ်၊ ရဟန်းတော်ဟာ အဗြဟ္မစရိယသိက္ခာပုဒ် လွန်ကျူးလျှင် ပါရာဇိက ကျတယ်၊ သုက္ကဝိဿဋ္ဌိ သိက္ခာပုဒ် လွန်ကျူးတော့ ပါရာဇိက မကျဘူး၊ သံဃာဒိသိသ်မျှသာ သင့်တယ်၊ ဒါကြောင့် ဟတ္ထမေထုန် လွန်ကျူးရုံနှင့် အဗြဟ္မစရိယသိက္ခာပုဒ် မပျက်ဘူး၊ ညှိုးရုံမျှသာ ဖြစ်မယ်လို့ ဖြေဆိုလိုက်တယ်"

"**အမှတ် ၇-သတ္တမမေးခွန်းက** စေ့စပ်ပြီး မိန်းမပျိုနှင့် သဘောတူ ပေါင်း ဖော်သော ကာမေသုမိစ္ဆာစာရကံ ထိုက်, မထိုက်၊ မိန်းမပျိုက ခွင့်မပြုဘဲ ကျူးလွန် သော် ကာမေသုမိစ္ဆာစာရကံ ထိုက်, မထိုက် ဟုတ်ရဲ့လားကွယ့်"

"ဟုတ်ပါတယ် ဘုရား"

"ကာမေသုမိစ္ဆာစာရကံမှာ အင်္ဂါလေးချက် ရှိတယ်၊ (၁) **အဂမနီယဝတ္ထုဖြစ် ခြင်း (၂) မှီဝဲလိုသောစိတ်ရှိခြင်း (၃) လုံ့လပြုခြင်း (၄) မဂ်ချင်းကျင့်သည်ကို သာယာခြင်း** ပေါင်း အင်္ဂါလေးပါးနှင့် ညီညွတ်လျှင် ကာမေသုမိစ္ဆာစာရကံ မြောက် တယ်၊ မညီညွတ်လျှင် မမြောက်ဘူး၊ ဒီအင်္ဂါလေးချက်မှာ အရေးတကြီး သိရမည့် အင်္ဂါက (အဂမနီယဝတ္ထု)ဆိုတာပဲကွယ့်၊ အဂမနီယဝတ္ထုဆိုတာ မသွားလာထိုက် သော မိန်းမ၊ မသွားလာထိုက်သော ယောကျ်ားလို့ ဆိုလိုတယ်၊ ယောကျ်ားများ အတွက် မသွားလာထိုက်တဲ့ မိန်းမပေါင်း ၂၀-ရှိတယ်၊ ယောကျ်ားတစ်ပါးနှင့် မသွားလာထိုက်တဲ့ မိန်းမပေါင်း ၁၂-ယောက်ရှိတယ်၊ ယောကျ်ား မသွားလာထိုက် တဲ့ မိန်းမပေါင်း ၂၀-က

(၁) အမိစောင့်သော မိန်းမ (၂) အဘစောင့်သော မိန်းမ (၃) မိဘနှစ်ပါးစုံ စောင့်သော မိန်းမ (၄) အစ်မ, ညီမစောင့်သော မိန်းမ (၅) မောင်ကြီး,မောင်ငယ် စောင့်သော မိန်းမ (၆) ဆွေမျိုးစောင့်သော မိန်းမ (၇) အနွယ်တူစောင့်သော မိန်းမ (၈) တရားကျင့်ဖော်စောင့်သော မိန်းမ (ဤရှစ်ယောက်တို့ကား ကာမပိုင်မရှိသော မိန်းမများတည်း) (၉) မင်းဒဏ်မကင်းသော မိန်းမ (၁၀) တောင်းရမ်းပြီး မိန်းမ (၁၁) ငွေဖြင့်ဝယ်ယူသော မိန်းမ (၁၂) ယောကျ်ားနောက်လိုက်နေသော မိန်းမ (၁၃) အခိုင်းအစေခံ မိန်းမ (၁၄) အဝတ်ထဘီပေး၍နေသော မိန်းမ (၁၅) ရေခွက်

http://www.dhammadownload.com



၌ လက်ဆုံချ ထိမ်းမြားထားသော မိန်းမ (၁၆) အလုပ်အနားပေးစေ၍ ထိမ်းမြားထားသော မိန်းမ (၁၇) သုံ့ရ မိန်းမ (၁၈) အစေခံ မိန်းမ (၁၉) ကျွန်မ မယား (၂၀) တစ်ခဏမျှ ပေါင်းဖော်သော မိန်းမ။

ဤ ၂၀–သော မိန်းမတို့သည် မိမိတို့ ကာမပိုင်မှတစ်ပါး အခြားသူ မသွားလာထိုက်သောကြောင့် (အဂမနီယဝတ္ထု) မည်၏၊ စေ့စပ်ပြီးသော မိန်းမသည် မိမိမယား စာရင်းဝင်ဖြစ်၍ အဂမနီယဝတ္ထု မဟုတ်ချေ၊ မိန်းမက သဘောတူပါက ကာမေသုမိစ္ဆာစာရက် မထိုက်ပါ၊ မိန်းမက သဘောမတူပါက စောင့်ရှောက်ခြင်းလည်း ရှိသည်, တရားဝင် လင်မယားအဖြစ်သို့လည်း မရောက်သေးသောကြောင့် ကာမေသုမိစ္ဆာစာရက် ထိုက်သည်။

**အမှတ် ၈–အဋ္ဌမမေးခွန်းက** သတ္တမမေးခွန်းနှင့် မထူးခြားလှ၊ သဘောတူ ခိုးယူပေါင်းသင်းခြင်းကြောင့် နှစ်ဦးလုံး ကာမေသုမိစ္ဆာစာရက် မထိုက်ပါဘူး၊ သို့သော် စေ့စပ်သူဟာ မိမိမဟုတ်၊ အခြားလူဖြစ်ခဲ့သော် နှစ်ဦးလုံး ကာမေသုမိစ္ဆာစာရက် ထိုက်သည်။

**အမှတ် ၉–နဝမမေးခွန်းက** မိဘက သဘောမတူသော်လည်း သူမက သဘောတူလျှင် ကာမေသုမိစ္ဆာစာရက် မထိုက်ပါ၊ အဘယ်ကြောင့်ဆိုသော် သူမ၏ ကာမကို မိဘက အစိုးမရ, သူမသာ အစိုးရသောကြောင့် ဖြစ်ပါသည်။

**အမှတ် ၁၀– ဒသမမေးခွန်းက** သူတစ်ပါး အလိမ်ခိုင်း၍ လိမ်သော် ပါဏာတိပါတအရာ၌ စေခိုင်းသူရော သတ်သူပါ ကံထိုက်သကဲ့သို့ နှစ်ဦးလုံး မုသာဝါဒကံ ထိုက်သည်။

**အမှတ် ၁၁– ဧကာဒသမ မေးခွန်းအရ** ဥပုသ်သည် နေလွဲချိန် သတ္တာဟကာလိက၊ ယာမကာလိကတို့ကို စားရာ၌ ရဟန်းတော်များ အာဟာရအလို့ငှာ ယာမကာလိကစသည်ကို စားခြင်းကြောင့် ပါစိတ်အာပတ် မသင့်၊ ဒုက္ကဋ်မျှသာ သင့်သကဲ့သို့ အနည်းငယ်မျှသာ အပြစ်ရှိ၍ ဝိကာလ ဘောဇနေသိက္ခာပုဒ် မပျက်ပါ။

**အမှတ် ၁၂– ဒွါဒသမ မေးခွန်း၌** ဥပုသ်သည် ယောင်၍ သီချင်းသီဆိုရုံမျှနှင့် စိတ်မပါသောကြောင့် သိက္ခာပုဒ် မပျက်ဟု မှတ်သင့်ပါသည်။

**အမှတ် ၁၄– စုဒ္ဒသမ မေးခွန်း၌** အမျိုးသမီးများ သနပ်ခါးလိမ်း၊ ပန်းပန်၍ ရှစ်ပါးသီလ ယူကောင်း, မယူကောင်း ဟူ၍ဖြစ်၏၊ ဤနေရာ၌ ရှစ်ပါးသီလသိက္ခာပုဒ်ကို ပြန်စစ်ကြည့်ပါ၊ ရှစ်ပါးသီလ၌ ဌာန်ပါသော သိက္ခာပုဒ်၊ ဌာနာမပါသော

http://www.dhammadownload.com



သိက္ခာပုဒ်ဟု နှစ်မျိုးရှိ၏၊ သုရာမေရယသိက္ခာပုဒ်၌ (ဌာန)ပါသည်၊ နစ္စ, ဂီတ သိက္ခာပုဒ်၌ (ဌာန)ပါသည်၊ ကျန် သိက္ခာပုဒ်ခြောက်ပါးတို့၌ ဌာန မပါချေ။

ဌာနဟူသော ပုဒ်သည် အကုသိုလ်ဖြစ်ခြင်း အကြောင်းမျှသာ ရှိသေးသည်၊ စင်စစ် အကုသိုလ် မဖြစ်သေးချေ၊ (အကုသိုလ်ဆိုသည်ကား မိမိသန္တာန်၌ လောဘ, ဒေါသ, မောဟဖြစ်ခြင်းတည်း) ဤစကားကို သိက္ခာပုဒ်နှစ်ခုယှဉ်၍ ဥပမာ ပေးပါမည်၊ ပါဏာတိပါတ သူ့အသက်သတ်ခြင်းဟူသည် မသတ်မီက ဒေါသ ဖြစ်နေသည်၊ သတ်သောအခါ ဒေါသစိတ်ဖြင့် သတ်သည်၊ အဒိန္နာဒါန သူ့ပစ္စည်း ခိုးရာ၌လည်း မခိုးမီက ရချင်သော လောဘဇောဖြစ်နေသည်၊ ခိုးသောအခါလည်း လောဘဖြင့် ခိုးသည်၊ ဤအတူ ဌာနမပါသော သိက္ခာပုဒ်မှန်သမျှ အကုသိုလ်တည်းဟူသော အကျိုးက ရှေ့မှဖြစ်နေသည်၊ ဌာနပါသော သိက္ခာပုဒ်ကို ကြည့်ပါ၊ သုရာမေရယ သေရည်သေရက် သောက်သည်၊ မသောက်မီကလည်း အကုသိုလ် မဖြစ်သေး၊ သောက်ဆဲမှာလည်း အကုသိုလ် မဖြစ်သေး၊ သောက်ပြီးပါမှုကား စင်စင် အကုသိုလ်ဖြစ်တော့မည်၊ ထို့ကြောင့် အရက်သောက်ခြင်းသည် အကုသိုလ်ဖြစ်ခြင်း၏ အကြောင်းဖြစ်နေသည်။

ထို့ကြောင့် သုရာမေရယ သိက္ခာပုဒ်၌ (ဌာနသဒ္ဒါ)ပါသည်၊ ထို့အတူ နစ္စ, ဂီတ သိက္ခာပုဒ်သည်လည်း စောစောက အကုသိုလ် မပေါ်သေး၊ နောက်မှ ပေါ်ရသောကြောင့် (ဌာနသဒ္ဒါ)ပါသည်၊ ဌာနသဒ္ဒါပါသော သိက္ခာပုဒ်၌ အရက်သောက်ပြီးနောက် သီလယူခြင်း၊ ပန်းပန် နံ့သာလိမ်းကျံပြီးမှ သီလယူခြင်းတို့သည် မအပ်မဟုတ်၊ အပ်သည်သာ ဖြစ်ပါသည်၊ သို့ရာတွင် သီလခံယူပြီးနောက် မအပ်သောကြောင့် အလုံးစုံသော ပန်းနံ့သာများကို ပယ်ဖျက်ရမည် ဖြစ်ပါသည်။

**အမှတ် ၁၅– ပန္နရသမ မေးခွန်း**၌ ရှစ်ပါးသီလ ခံယူပြီးမှ ညစာ စားတယ်၊ ကတယ်, ခုန်တယ်, သီချင်းဆိုတယ်ဆိုလျှင် ရတနာသုံးပါးထံ မိမိ၏ ခံယူချက်ကို မိမိပင် ဖျက်ဆီးသောကြောင့် အပြစ်ရှိသည်ဟု မှတ်ယူသင့်ပါသည်။

**အမှတ် ၁၆– သောဠသမ မေးခွန်း**၌ ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်ပါက သိက္ခာပုဒ်ဆောက်တည်ရန် မလိုဘဲ ၁၀–ပါးသီလ အလိုလို တည်သည်ဆိုခြင်းကား သာမဏေများကို ရည်ရွယ်သော မေးခွန်း ဖြစ်ပါလိမ့်မည်၊ သာမဏေလောင်းကို ခေါင်းတုံးပြီးနောက် ဆရာက သင်္ကန်းဝတ်ပေးလိုက်သည်၊ ထို့နောက် သရဏဂုံ သုံးကြိမ် ဆောက်တည်ပြီးပါက ၁၀–ပါးသီလ မယူသော်လည်း ဆယ်ပါး တည်ပြီး ဖြစ်ပါသည်။

http://www.dhammadownload.com



လူသားများ သီလ မခံယူဘဲ ဖန်ရည်ဆိုးအဝတ် ဝတ်ရုံမှုဖြင့် ၁၀–ပါးသီလ တည်သည် မကြားဖူးပါ၊ ဝိပဿီမြတ်စွာဘုရား၏ ဖတ္တုမိကွဲ ညီတော်သုံးပါးတို့ ဖန်ရည်ဆိုးသော အဝတ်,ဝတ်၍ ၁၀–ပါးသီလဖြင့် ဘုရားရှင်အား လုပ်ကျွေးကြ ကြောင်း ဖတ်ဖူးပါသည်၊ သို့သော် ထိုမင်းသားသုံးပါးတို့သည် ဆယ်ပါးသီလ မခံယူဘဲ အလိုအလျောက် သီလတည်သည်ဟု မတွေ့ဘူးပါ။

"မောင်သန့်ဇော်ဦးရဲ့ မေးခွန်းက များလွန်းတော့ ခပ်တိုတိုပဲ ဖြေလိုက်တယ်၊ ခပ်တိုတိုတောင် အတော်များသွားပြီကွယ့်… ဟုတ်လား"

"တင်ပါ၊ ဝမ်းသာလှပါပြီဘုရား"

"သာဓု – သာဓု – သာဓု"

http://www.dhammadownload.com

# ထွန်းလင်းသောတွန်း တိမ်လွှာဖုံး

## (၈၀–ပေါ်တေးထပ်)

- လမင်းသော်တာ အာကာစွန်းက၊
  တာရာဝန်းခ ထိန်ထိန်သာ။
  ဖြာကာထွန်းပ နေချိန်ခါဝယ်၊
  ငွေတိမ်သလာ အုပ်ကာဖုံး။
  တိမ်လွှာဖုံးတော့ ညခင်းမသာပြီ၊
  လမင်းစန္ဒာ ကွယ်ပျောက်လေသည့်ထုံး။

- ထိုပုံယှဉ်သည့် ထေရ်ကဝိဆရာကို၊
  ပြည်ရှိဒကာတွေ ကြည်ညိုတုန်း။
  ဖြေမချိစရာလေ မရဏာဆုံးတော့၊
  မြန်မာတစ်ပြည်လုံး ဆုံးရှုံးပြုန်း။
  တပေါင်းခါမိန် ဆန်းရက်လေးဟာဖြင့်၊
  ကျမ်းထွက်အရေး သေမင်းငင်ရက်အမှန်။

- ဆရာထေရ်မြတ် တိုက်ဆိုင်ပြန်တယ်၊
  ရှိုက်သံငိုသံ နဘံပွက်ပေါ့။
  အခံခက်သည့် တပည့်ဒကာတွေ၊
  မချိ ရင်မှာပွေ။

- ရာပြည့်မိုးတမျှ မျက်ရည်တွေသည်၊
  မြစ်ရေနဒီ မိဘူးထင်ပါရဲ့လေး ...။
  (အော် ... ဆရာတော်ဘုရားကိုဖြင့်)
  ဒကာ,ဒကာမတို့ လက်အုပ်ချီကာ
  ထက်တုသိတာ မျှော်ဖူးငိုလို့တွေး ...။

• • • • • • •

(၁၃၅၉–ခုနှစ်၊ တပေါင်းလဆန်း ၄–ရက်နေ့ နံနက် ၁၀–နာရီ ၅၀–မိနစ် အချိန်တွင် ဘဝနတ်ကျောင်း ပြောင်းရွှေ့ကျောင်းထိုင်တော်မူသွားခဲ့ပြီဖြစ်သော 'တည်တောဆရာတော်ကြီး'' အား ဝမ္မဇ္ဈုဟာမိသားစုနှင့် တပည့် ဒကာ,ဒကာမများ၏ တစ်နှစ်ပြည့် တမ်းတစာတမ်း)

http://www.dhammadownload.com

# တံဆိပ်ခေါင်းသည် အနာမာသ၁တ္တုလော

''ဟောသည်စာကတော့ မုဒုံမြို့နယ်၊ ကျောက်တစ်လုံးကျေးရွာ၊ စိတ္တသုခ တောရကျောင်း ဦးသီလဝန္တထံက စာပါဘုရား''

''ဆရာတော် ဦးသီလဝန္တက တောရကျောင်း ဆောက်တည်နေတဲ့ ဆရာတော်ကြီးပဲ၊ တို့များ ကျိုက္ခမိဘုရားဖူးသွားပြီး အပြန်မှာ အဲသည်ဆရာတော်ရဲ့ တောရကျောင်းမှာ သက်လွှတ်နေ့ဆွမ်း စားခဲ့ဖူးသေးတယ်၊ ဆရာတော်က ဘာကိစ္စ စာရေးတာတုန်း၊ ဖတ်စမ်းပါဦး''

''မှန်ပါ၊ တပည့်တော်များ ဖတ်လျှောက်ပါ့မယ်၊ အရှင် သီလဝန္တ၊ စိတ္တသုခ တောရ ကျောက်တစ်လုံးကျေးရွာ၊ မုဒုံမြို့နယ် (မွန်ပြည်နယ်) ၀၃၄၄–၁၂–၅ 'ပြဿနာ– တံဆိပ်ခေါင်းသည် ငွေဟူသော အရေအတွက်တွင် ထည့်သွင်း ယူသင့်– မယူသင့်' လျှောက်ထားအပ်ပါသည် ဆရာတော် ။ ။ နိုင်ငံတော်က ထုတ်ထားသည့် တံဆိပ်ခေါင်း သည်–

(၁) ငွေနှင့် အလားတူ၍ ရဟန်းများနှင့် မအပ်ဟု အချို့က မှတ်ယူကြပါသည်။

(၂) အချို့ကမူ တံဆိပ်ခေါင်းကို အစိုးရက ငွေဟု အသိအမှတ် မပြု၊ စာပို့၊ ပါဆယ်, ရုံးကိစ္စ စသည်များ၌ အဆင်ပြေမှု ရှိစေရန် အလို့ငှာ ထုတ်ထားခြင်းမျှသာဖြစ်၍ ရဟန်းများနှင့် အပ်သည်ဟု မှတ်ယူကြပါသည်။

http://www.dhammadownload.com



# ဝါပန်တာလ သတ္တာဟ

"ဟောသည်စာက မော်လိုက်မြို့၊ စံနန်းတော်ရာကျောင်း ဆရာတော် ဦးကဝိန္ဒထံမှ လျှောက်ထားစာဖြစ်ပါတယ် ဘုရား"

"ဖတ်စမ်းပါဦး၊ စံနန်းဆရာတော်ရဲ့ အမေးက ဘာတွေများတုန်း"

"မှန်ပါ–တပည့်တော် လျှောက်ထားပါမယ်၊ အချို့ဆရာတော်များက မိန့်တော်မူကြသည်မှာ ဝါတွင်းသတ္တာဟဆောင်သွားရာ ၁–ရက်နေ့ကသွားလျှင် ၆–ရက်နေ့ ပြန်ရောက်မှ သတ္တာဟအတွင်းရောက်၍ အပ်သည်၊ ၇–ရက်နေ့မှ ပြန်လာလျှင် သတ္တာဟလွန်သောကြောင့် ရတ္တိစ္ဆေဒဖြစ်၍ အာပတ်သင့်သည်ဟု ဆိုကြပါသည်၊ အချို့ပုဂ္ဂိုလ်များကမူ ၁–ရက်နေ့ကသွားလျှင် ထို ၁–ရက်နေ့ အရုဏ်ကို မမီသောကြောင့် ၇–ရက်နေ့အထိ နေနိုင်သည်၊ ၈–ရက်ကလွန်မှ ရတ္တိစ္ဆေဒဖြစ်၍ အာပတ်သင့်သည်ဟု ဆိုကြပါသည်၊ နောက်တစ်ခုက သတ္တာဟဆောင်ကာ ကျောင်းမှထွက်သွားပြီး ၇–ရက်အတွင်း ကျောင်းကို ပြန်ရောက်လာ၏၊ သို့သော် ပြုဖွယ်ကိစ္စအထူးရှိနေပြန်၍ ထိုပြန်ရောက်သော နေ့၌ပင် သတ္တာဟဆောင်၍ တစ်ဖန်ပြန်သွားလျှင် အပ်–မအပ်လည်း အငြင်း အခုံရှိနေကြပါသည်၊ ကျမ်းဂန်လာအတိုင်း ညွှန်ပြစေလိုပါသည် ဘုရား၊ ဒါက စံနန်း ဆရာတော် လျှောက်ထားစာ ဖြစ်ပါတယ်၊ အဖြေကို အမိန့်ရှိတော်မူပါဦး"

http://www.dhammadownload.com



"သည်အမေးက တိုတိုဖြေလျှင်လည်း ပြီးပါတယ်၊ သို့သော် စာဖတ်ပရိသတ်ပါငဲ့ပြီး အဖြေအနည်းငယ် ရှည်ကြဦးစို့ကွယ့်"

"မှန်ပါ–မိန့်တော်မူပါ ဘုရား"

"သံဃာတော်များ ဝါဆိုတယ်ဆိုတာ **ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိ** – ဤကျောင်းတိုက်တာအတွင်း၌ ဤဝါတွင်းသုံးလပတ်လုံး ချဉ်းကပ်နေထိုင်ပါမယ်လို့ ဘုရားရှင်ထံ ကတိဝန်ခံခြင်းကို ဝါဆိုတယ်လို့ ခေါ်ဆိုကြတယ်၊ ဝါဆိုတဲ့ပုဂ္ဂိုလ်ဟာ မိမိရဲ့ ဝန်ခံချက်အတိုင်း ဝါဆိုလပြည့်ကျော် ၁–ရက်နေ့မှ သီတင်းကျွတ်လပြည့်ကျော် ၁–ရက်နေ့အထိ သုံးလအတွင်း အကြောင်းကိစ္စမရှိဘဲ အရပ်တစ်ပါးကို ညဉ့်အိပ်ညဉ့်နေ မသွားရဘူး၊ သွားခဲ့လျှင် ဒုက္ကဋ်အာပတ်သင့်ခြင်း၊ ဝါပြတ်ခြင်းများ ဖြစ်တတ်တယ်ကွယ့်"

"မှန်ပါ–လျှောက်ထားပါရစေဦး"

"ဘာများလဲ လျှောက်ထားစမ်းပါဦး"

"ရဟန်းတော်များဟာ ဘာကြောင့် ဝါတွင်းမှာ အရပ်တစ်ပါးကို မသွားရတာလဲ၊ အဲသည်အကြောင်းကိုလည်း အမိန့်ရှိပါဦး ဘုရား"

"ဒီအကြောင်းကို ဝိနယမဟာဝဂ် ဝဿုပနာယိကက္ခန္ဓကမှာ ဒီလိုဆိုထားသကွယ့်၊ ဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူစဉ်ကာလက ရဟန်းတော်များကို ဝါဆိုဝါကပ် ပညတ်တော်မမူသေးဘူးကွယ့်၊ ပညတ်ချက်မရှိသေးတော့ ရဟန်းတော်များလည်း ဆောင်း, နွေ, မိုးဥတုသုံးပါး ဒေသစာရီ ကြွချီလှည့်လည်တော်မူနေကြတယ်၊ ဒီအခါ လူတွေ က ကဲ့ရဲ့ကြသတဲ့၊ ရဟန်းတော်များဟာ ဘာကြောင့် ဆောင်း, နွေ, မိုးဥတုသုံးပါးလုံး မြက်, ကောက်ပဲသီးနှံပင်များကို နင်းချေဖျက်ဆီးပြီး ခရီးသွားနေကြသလဲ၊ ဒီလို မိုးရာသီမှာ သာသနာတော်ပြင်ဘက်က တိတ္ထိများသော်လည်း ခရီးမသွားဘဲ တစ်နေရာတည်းမှာ စောင့်စည်းနေထိုင်ကြသေးတယ်၊ ငှက်များသော်လည်း သစ်ပင်ဖျားမှာ အသိုက်လုပ်ပြီး မိုးလပတ်လုံး နေထိုင်ကြသေးတယ်၊ သည်ရဟန်းတော်များကတော့ မြက်သစ်ပင်နှင့်တကွ များပြားလှသော ပိုးငယ်များကို နင်းချေဖျက်ဆီးပြီး ခရီးသွားနေကြတယ်လို့ ကဲ့ရဲ့ကြတယ်၊ ဒါယကာများ သည်လို ကဲ့ရဲ့ကြတဲ့အကြောင်း ဘုရားရှင်ထံ လျှောက်ကြား

http://www.dhammadownload.com



ကြတဲ့အတွက် ဝါတွင်း သုံးလပတ်လုံး ဝါကပ်နေထိုင်ဖို့ ပညတ်ခြင်း ဖြစ်တယ်။

ဝါကပ်ဆိုခြင်းဟာ ပုရိမဝါကပ်ဆိုခြင်း၊ ပစ္ဆိမဝါကပ်ဆိုခြင်းလို့ နှစ်မျိုး ရှိတယ်၊ ဝါဆိုလပြည့်ကျော် ၁–ရက်နေ့မှ သီတင်းကျွတ်လပြည့်ကျော် ၁–ရက် နေ့အထိ ဝါကပ်နေထိုင်ခြင်းကို ပုရိမဝါကပ်ဆိုခြင်းလို့ခေါ်တယ်၊ အကြောင်း တစ်ခုခုကြောင့် ပုရိမဝါကိုမမီသော် ဝါခေါင်လပြည့်ကျော် ၁– ရက်နေ့မှ တန်ဆောင်မုန်းလပြည့်ကျော် ၁–ရက်နေ့အထိ ဝါကပ်နေထိုင်ခြင်းကို ပစ္ဆိမဝါ ကပ်ခြင်းလို့ ခေါ်တယ်။

ရဟန်းတော်များဟာ ဝါကပ်ဆိုရမည့်နေ့မှာ ဧကန်ဝါကပ်ဆိုရမယ်၊ အကယ်၍ ဝါမကပ်ဆိုခဲ့လျှင် ဒုက္ကဋ်အာပတ်သင့်တယ်၊ ဝါကပ်ဆိုပြီးလျှင်လည်း အကြောင်းမရှိဘဲ အရပ်တစ်ပါးကို ညဥ့်အိပ်ညဥ့်နေ မသွားအပ်ဘူး၊ အကြောင်း ရှိခဲ့လျှင် ခုနစ်ရက်အတွင်း ပြန်လာခဲ့ပါအံ့လို့ ဆောက်တည်ပြီးမှ သွားရတယ်၊ အဲဒီ ဆောက်တည်တာကို ဝါပန်တယ်လို့ခေါ်တယ်၊ အဲဒီဝါပန်ခြင်းဟာ ဘုရားရုပ်ပွားတော်ရှေ့မှာ လက်အုပ်ချီပြီး 'အန္တော သတ္တာဟေ ပဋိနိဝတ္တိဿာမိ' လို့ နှုတ်ကမြွက်ဆို ပန်ကြားသည်ပင်ဖြစ်စေ၊ ခုရစ်ရက်အတွင်း ပြန်ခဲ့မယ်လို့ စိတ်က ဆောက်တည်ခြင်းပင်ဖြစ်စေ အပ်တယ်လို့ ကျမ်းများမှာ ညွှန်ပြတယ် ကွယ့်"

"ဝါပန်ပြီး သွားရမည့်အကြောင်းဆိုတာက ဘယ်လိုအကြောင်းများလဲ ဘုရား့"

"အဲဒီအကြောင်း ဖြစ်ပေါ်လာပုံက ဒီလိုကွယ့်၊ ဘုရားရှင် ဇေတဝန်ကျောင်း တော်မှာ သီတင်းသုံးတော်မူစဥ်က ကောသလတိုင်း ဇနပုဒ်မှာ နေထိုင်တဲ့ ဥဒေန ဒါယကာဟာ သံဃာကိုရည်မှတ်ပြီး ကျောင်းဆောက်တယ်၊ ကျောင်းပြီး တော့ ရေစက်ချပွဲလုပ်ဖို့ သံဃာတော်ထံ တပည့်တော်အလှူပေးချင်ပါတယ်၊ တရားနာချင်ပါတယ်၊ သံဃာတော်များကို ဖူးမြော်ချင်ပါတယ်၊ ကြွရောက် ချီးမြှောက်တော်မူပါလို့ လျှောက်ထားတယ်၊ ရဟန်းတော်များက ဝါတွင်းဖြစ်နေလို့ မသွားကြဘူး၊ သံဃာတော်များ မကြွလာတော့ ဥဒေနဒါယကာက အရှင်ကောင်း များဟာ ငါပင့်ပါလျက် ဘာကြောင့် မလာကြပါသလဲ၊ ငါဟာ ပစ္စည်း



အရင်းသို့ငင်တဲ့ ရဟန်း, မာနတက်ကျင့်တဲ့ ရဟန်း, အဗ္ဘာန်သွင်းတဲ့ ရဟန်းများက

http://www.dhammadownload.com



သံဃာရဲ့ အလုပ်အကျွေးဖြစ်တယ်၊ ငါ့အလှူကို အရှင်ကောင်းများမလာဘဲ နေရက်ကြတယ်လို့ ကဲ့ရဲ့တယ်၊ သည်အကြောင်းကို ဘုရားရှင်ထံ လျှောက်ထားကြတဲ့အတွက် ဘုရားရှင်က သီတင်းသုံးဖော် ငါးယောက်နှင့် ဥပါသကာ, ဥပါသိကာမများက ပြုဖွယ်ကိစ္စဖြင့် ပင့်လျှောက်သော် ခုနစ်ရက်အတွင်း သွားရမယ်၊ ခုနစ်ရက်အတွင်း ပြန်လာရမယ်၊ မပင့်ဖိတ်ဘဲ မသွားရဘူးလို့ ပညတ်တော်မူတယ်"

"ဘယ်လို ပြုဖွယ်ကိစ္စနှင့်ပင့်မှ သွားရမှာလဲဘုရား"

"ပြုဖွယ်ကိစ္စက အလှူကိုပေးလှူလိုခြင်း၊ တရားတော်ကို နာလိုခြင်း၊ ရဟန်းတော်ကို ဖူးမြော်လိုခြင်း ကိစ္စသုံးခုပါပဲ၊ သည်ကိစ္စသုံးချက်ကို ဆရာများက (တုံ) သုံးချက်လို့ မိန့်တော်မူကြတယ်"

"ဘယ်လို တုံသုံးချက်လဲဘုရား၊ အမိန့်ရှိပါဦး"

"တုံ–သုံးချက်ဆိုတာ (၁) **ဒါနဥ္စ ဒါနတုံ**–အလှူပေးခြင်းငှာလည်းကောင်း၊ (၂) **ဓမ္မဥ္စ သောတုံ**–တရားတော်ကို နာခံခြင်းငှာလည်းကောင်း၊ (၃) **မုခဥ္စ ပဿိတုံ** မျက်နှာတော်ကို ဖူးမြော်ခြင်းငှာလည်းကောင်း သည်အချက် သုံးချက်ဟာ ဝါပန်ထိုက်တဲ့ သုံးချက်ဖြစ်တယ်ကွယ့်"

"သည် တုံသုံးချက် မပါဘဲနှင့် ဝါတွင်းမှာ ဝါပန်ပြီး မသွားရဘူးလား ဘုရား"

"တုံ သုံးချက်မပါဘဲ ဝါပန်သင့်တာလည်း ရှိပါသေးတယ်"

"အမိန့် ရှိပါဦး ဘုရား"

"ရဟန်းယောကျ်ား, ရဟန်းမိန်းမ, သိက္ခမာန်, သာမဏေယောကျ်ား, သာမဏေမိန်းမ–သည်သီတင်းသုံးဖော် ငါးပါး မနာမကျန်းခြင်း ဖြစ်ခဲ့လျှင် မပင့်ဖိတ်သော်လည်း ဝါပန်ပြီး သွားခွင့်ပြုတယ်"

"အခြား ဝါပန်သင့်တဲ့အကြောင်းများ ရှိပါသေးသလားဘုရား"

"ရှိပါသေးတယ်၊ သီတင်းသုံးဖော် ရဟန်းတစ်ပါးပါး သာသနာတော်မှာ မမွေ့မလျော် ဖြစ်နေတယ်ဆိုလျှင်လည်း ဖျောင်းဖျဖို့အတွက် ဝါပန်ခွင့် ပြုထားတယ်၊ သီတင်းသုံးဖော် တစ်ပါးပါး အယူဖောက်ပြန်နေလျှင်လည်း အယူများကို ပယ်ဖျောက်ပေးဖို့ ဝါပန်ခွင့် ပြုထားတယ်၊ ပရိဝါသ်နေတဲ့ ရဟန်း,

http://www.dhammadownload.com



အရင်းသို့ငင်တဲ့ ရဟန်း, မာနတ်ကျင့်တဲ့ ရဟန်း, အဖွာန်သွင်းတဲ့ ရဟန်းများက ပင့်လျှောက်လျှင်လည်း ဝါပန်သွားခွင့် ပြုထားတယ်၊ ရဟန်းတစ်ပါးကို သံဃာက တဇ္ဇနီယကံ, နိသယကံ, ပဗ္ဗာဇနီယကံ, ပဋိသာရဏီယကံ, ဥက္ခေပနီယကံကိုပြုလိုတဲ့အခါ အပြုခံရဟန်းတော်က ပင့်လျှောက်လျှင်လည်း ဝါပန်သွားခွင့်ပြုထားတယ်၊ သံဃာက တဇ္ဇနီယစတဲ့ ကံမျိုးပြုထားခံရတဲ့ ကိုယ်တော်က ပင့်လျှောက်လျှင်လည်း ဝါပန်သွားခွင့် ပြုထားတယ်ကွယ့်"

"မှန်ပါ–သည့်ပြင် ဝါပန်သွားခွင့် ပြုထားတာများ ရှိပါသေးသလားဘုရား"

"ရှိသေးတယ်၊ မိခင်နှင့် ဖခင်တို့ ဖျားနာနေတယ်ဆိုလျှင် မပင့်ဖိတ်သော်လည်း ဝါပန်ပြီး သွားကောင်းတယ်၊ အဖေအမေမှတစ်ပါး အစ်ကို, အစ်မ, နှမ, ဆွေမျိုးနှင့် အတူနေပုဂ္ဂိုလ်တို့ ဖျားနာနေတယ်ဆိုလျှင် ပင့်ဖိတ်ပါမှ ဝါပန်သွားကောင်းတယ်၊ မပင့်ဖိတ်ဘဲ ဝါပန်ပြီး မသွားရဘူး"

"သည့်ပြင် ဝါပန်ကောင်းတာများ ရှိပါသေးသလားဘုရား"

"အခြားအကြောင်းများကြောင့် ဝါပန်ပြီး မသွားကောင်းပါဘူး"

"ဝါကပ်ခြင်းနှင့် ပတ်သက်ပြီး ရတ္တိစ္ဆေဒ၊ ဝဿစ္ဆေဒလို့ ကြားဖူးပါတယ်၊ အဓိပ္ပာယ်က ဘယ်လိုပါလဲ ဘုရား"

"ရတ္တိစ္ဆေဒဆိုတာက ညဥ့်ပြတ်ခြင်းတဲ့၊ ဝဿစ္ဆေဒဆိုတာက ဝါပြတ်ခြင်းတဲ့ကွယ့်၊ ရတ္တိစ္ဆေဒရဲ့ အဆုံးအဖြတ်ကို ဝိမတိဝိနောဒနီဋီကာ(ဒု) ၁၇၅–မှာ **သတ္တာဟကရဏီယေန ဂန္တွာ ဗဟိဒ္ဓါ အရုဏုဋ္ဌာပနသင်္ခါတဿ ရတ္တိစ္ဆေဒဿ ဝိနိစ္ဆယော**–လို့ဖွင့်ပြထားတယ်၊ အဓိပ္ပာယ်က သတ္တာဟဆောင်ပြီး ဝါပန်သွားရာမှာ ခုနစ်ရက်အတွင်း ဝါဆိုသည့်ဌာနကို ပြန်မရောက်ဘဲ အပမှာ အရုဏ်တက်စေလျှင် ရတ္တိစ္ဆေဒမည်တယ်လို့ ဆိုလိုတယ်၊ အကျဉ်းမှတ်ဖို့ရာကတော့ ဝါဆိုတဲ့ ကျောင်းတိုက်အတွင်း အရုဏ်မခံဘဲ ကျောင်းတိုက်ရဲ့ ပြင်ပမှာ အရုဏ်ခံလျှင် ရတ္တိစ္ဆေဒဖြစ်တယ်လို့ မှတ်သားသင့်တယ်ကွယ့်၊ ဝဿစ္ဆေဒဆိုတာ မူလဝါကပ်ရာဌာနမှာ အတည်မနေဘဲ ပြောင်းရွှေ့နေထိုင်ခြင်းကို ဆိုလိုတယ်၊ သည်နေရာမှာ ဝဿစ္ဆေဒဆိုတဲ့ ဝါပြတ်ခြင်းဖြစ်ရုံနှင့် အာပတ်သင့်တာလည်း ရှိတယ်၊ မသင့်တာလည်း ရှိတယ်၊ မဟာဝဂ်၊ ဝဿုပနာယိကက္ခန္ဓက

http://www.dhammadownload.com



မှာ ဝါပြတ်သော်လည်း အာပတ်မသင့်တဲ့အချက် အတော်များများကို ဘုရားရှင် ဟောတော်မူထားသကွယ့်"

"မှန်ပါ–အကျဉ်းမျှလောက် ထုတ်ပြပါဦး ဘုရား"

"မိမိဝါဆိုရာအရပ်မှာ သားရဲ, မြွေ, ခိုးသူ, ဘီလူးများ နှိပ်စက်မှုကြောင့် ဖြစ်စေ, ဂေါစရဂါမ်ရွာကို မီးလောင်လို့ ဆွမ်းရေးခက်လျှင်ဖြစ်စေ၊ ကျောင်း မီးလောင်လို့ နေစရာမရှိသည်ဖြစ်စေ၊ ဆွမ်းခံရွာ ရေထဲပါသွားလို့ ဆွမ်းရေးခက် သည်ဖြစ်စေ၊ ကျောင်းရေထဲပါသွားလို့ နေစရာမရှိ၍ဖြစ်စေ၊ ဆွမ်းခံရွာပြောင်း ရွှေ့သွားသည်ဖြစ်စေ၊ ဆွမ်းခံရွာအတွင်းက ဆွမ်းလောင်းသူမရှိ၍ဖြစ်စေ၊ ဆွမ်း မလောက်၍ ဖြစ်စေ၊ လျောက်ပတ်သောအစာကို မရ၍ဖြစ်စေ၊ လျောက်ပတ် သော ဆေးကို မရ၍ဖြစ်စေ၊ လျောက်ပတ်သောအလုပ်အကျွေးကို မရ၍ဖြစ်စေ၊ မိန်းမအနှောင့်အယှက်ကြောင့်ဖြစ်စေ၊ မြတ်သောအကျင့်၏ အန္တရာယ်အတွက် ကြောင့်ဖြစ်စေ ဝါဆိုရာကျောင်းက ထွက်ခွာသွားနိုင်တယ်၊ ထွက်ခွာသွားတဲ့အတွက် ဝဿစ္ဆေဒ ဝါတော့ပြတ်တယ်၊ သို့သော်လည်း ဒုက္ကဋ်အာပတ် မသင့်ဘူး၊ ပြီးတော့ သံဃာကွဲပြားအောင်ပြုကြတဲ့ ရဟန်းများကို မြင်သော်ဖြစ်စေ၊ ကြားသော်ဖြစ်စေ မျက်မှောက်၌ သံဃာကွဲပြားခြင်းကို မမြင်လိုတဲ့ အတွက် ကြောင့်လည်း ဝါဆိုရာကျောင်းက ထွက်ခွာသွားနိုင်တယ်၊ သံဃာကွဲပြားအောင် လုံ့လပြုကြတဲ့ ရဟန်းကို ဆုံးမရန်အတွက်လည်း ထွက်ခွာသွားနိုင်တယ်၊ ဝါပြတ်ခြင်းတော့ဖြစ်တယ်၊ ဒုက္ကဋ်အာပတ်တော့ မသင့်ဘူးတဲ့ကွယ်"

"မှန်ပါ–ဝါပန်ရန်အကြောင်း မလုံလောက်ဘဲ ဝါပန်သွားလျှင် ဘာဖြစ် မလဲ ဘုရား"

"သည်အကြောင်းကို ဝိမတိဝိမနောဒနီ(ဒု)၁၇၆–မှာ **ယော ပန သတ္တာဟ ကရဏီယံ နိမိတ္တာဘာဝေပိ သတ္တာဟဗ္ဘန္တရေ အာဂမိဿာမီတိ အာဘောဂံ ဂန္တွာ သတ္တာဟဗ္ဘန္တရေ အာဂစ္ဆတီတိ၊ တဿ အာပတ္တိ ယေဝ ဝဿစ္ဆေဒေါ နတ္ထိ၊ သတ္တာဟဿ သန္နိဝတ္တတ္တာတိ ဝဒန္တိ**–လို့ အဖြေပေးတယ်ကွယ့်၊ အဓိပ္ပာယ်ကတော့ သတ္တာဟဆောင်တဲ့အကြောင်းမရှိဘဲ သတ္တာဟဆောင်ထွက် သွားပြီး ၇–ရက်အတွင်း ပြန်လာလျှင် ဒုက္ကဋ်အာပတ်တော့ သင့်တယ်၊ ရတ္တိစ္ဆေဒကတော့ မဖြစ်ဘူး၊ သို့သော်လည်း ကျမ်းဆရာက ဝဒန္တိသဒ္ဒါနှင့်

http://www.dhammadownload.com



ပြထားတယ်၊ (ဝဒန္တီသဒ္ဒါ ရှိတုံပါ ဆရာမနှစ်သက်)တဲ့၊ သည်အယူကို ကျမ်းဆရာက သိပ်မကြိုက်ဘူးလို့ ဆိုလိုသကွယ့်"

"ဝါဆိုဝါကပ်တဲ့အကြောင်းပြောပြီးလို့ စံနန်းတော် ဦးကဝိန္ဒရဲ့အမေးကို ဖြေကြစို့ကွယ့်၊ ဦးကဝိန္ဒက တစ်ဝါတွင်း သတ္တာဟဆောင်သွားရာမှာ ၁–ရက်နေ့ကသွားလျှင် ၆–ရက်နေ့ ပြန်ရောက်မှ သတ္တာဟအတွင်းရောက်၍ အပ်သည်၊ ၇–ရက်မှ ပြန်လာလျှင် သတ္တာဟလွန်သောကြောင့် ရတ္တိစ္ဆေဒဖြစ်၍ အာပတ်သင့်သည်ဟု ဆိုကြပါသည်၊ အချို့သောပုဂ္ဂိုလ်များက ၁–ရက်နေ့ကသွားလျှင် ထိုနေ့ အရုဏ်ကို မမီသောကြောင့် ၈–ရက်နေ့အထိ နေနိုင်သည်၊ ၈–ရက်က လွန်မှ ရတ္တိစ္ဆေဒဖြစ်၍ အာပတ်သင့်သည်ဟု ဆိုကြပါသည်တဲ့၊ သည်ဝါဒနှစ်ခု ဘယ်ဝါဒက မှန်ပါသလဲပေါ့"

"သည်ဝါဒနှစ်ခုအနက် ပထမဝါဒကမှန်တယ်လို့ အဖြေပေးရမှာပဲကွယ့်၊ ဘာကြောင့်လဲဆိုတော့ ဝါပန်တာဟာ နေ့အချိန် ဝါပန်သည်ဖြစ်စေ၊ ညဥ့်မှ ဝါပန်သည်ဖြစ်စေ လွန်ခဲ့သောအရုဏ်ကို မီတယ်၊ ဒါကြောင့် ဝါပန်တဲ့နေ့ဟာ တစ်အရုဏ်ရသွားလို့ပဲပေါ့၊ ဒီအကြောင်းကို ကင်္ခါဝိတရဏီ အဋ္ဌကထာ၊ နိဿဂ္ဂိယ ပါစိတ် ပထမ ကထိနဝဏ္ဏနာအဖွင့်မှာ–

**တဉ္စ ပနေတံ စီဝရံ ယံ ဒိဝသံ ဥပ္ပန္နံ၊ တဿ ယော အရုဏော သော ဥပ္ပန္နဒိဝသနိဿိတော**–လို့ ဖွင့်ပြထားတယ်။

"သည်အဖွင့်က ဝါပန်အဖွင့်တော့ မဟုတ်ဘူး၊ သင်္ကန်းရပြီးနောက် ဆယ်ရက်အတွင်း အဓိဋ္ဌာန် ဝိကပ္ပနာမပြုဘဲ သုံးဆောင်နိုင်တယ်၊ ဆယ်ရက်လွန်လျှင် နိဿဂ္ဂိယပါစိတ် အာပတ်သင့်တယ်ဆိုတဲ့ ပထမ ကထိနသိက္ခာပုဒ်ရဲ့ အဖွင့်မျှသာဖြစ်တယ်၊ သည်အဖွင့်မှာ ဆယ်ရက်ထားနိုင်တယ် ဆိုသော်လည်း သင်္ကန်းရသောရက်ဟာ လွန်ခဲ့တဲ့အရုဏ်ကို မီတဲ့အတွက် တစ်ရက်ရသွားပြီ၊ နောင်ကို ကိုးရက်သာထားနိုင်ခွင့် ရှိတော့တယ်လို့ ဆိုလိုတယ်။

သည်နည်းကိုမှီပြီး ဝါပန်သောနေ့ဟာလည်း လွန်ခဲ့တဲ့အရုဏ်ကို မီတယ်၊ ဒါကြောင့် ၇–ရက်ဆိုသော်လည်း ယနေ့ တစ်အရုဏ် ရပြီးဖြစ်သောကြောင့် နောက် ၆–အရုဏ်သာ နေခွင့်ရှိတယ်၊ ခြောက်အရုဏ် ၆–ရက်က ပိုလျှင် ရတ္တိစ္ဆေဒဒုက္ကဋ် အာပတ်သင့်တယ်လို့ ဖြေဆိုလိုက်ခြင်း ဖြစ်ပါတယ်"

http://www.dhammadownload.com



"ဒုတိယအမေးကို ဖြေဆိုတော်မူပါဦး ဘုရား"

"ဒုတိယအမေးက သတ္တာဟဆောင်ကာ ကျောင်းမှထွက်ခဲ့ပြီး ၇-ရက်အတွင်း ကျောင်းကို ပြန်ရောက်လာ၏၊ သို့သော် ပြုဖွယ်ကိစ္စအထူးရှိနေပြန်၍ ထိုပြန်ရောက်သောနေ့၌ပင် သတ္တာဟဆောင်၍ တစ်ဖန်သွားပြန်လျှင် အပ်-မအပ်တဲ့"

"သည်အရေးနှင့်ပတ်သက်ပြီး ဆရာများကတော့ သတ္တာဟဆောင်ပြီး ပြန်ရောက်သောအရုဏ်နှင့် နောက်တစ်ဖန် ဝါပန်ပြန်သွားသောအရုဏ်ဟာ တူနေတဲ့အတွက် သတ္တာဟဆောင်ပြီး ပြန်ရောက်တဲ့နေ့ဟာ တစ်ဖန် သတ္တာဟ ပြန်ယူပြီး ထွက်ခွာသွားခြင်း မပြုခဲ့ကြဘူး၊ ကိစ္စကြုံသော် မိမိဝါဆိုရာ အရာမ်မှာ တစ်အရုဏ်ယူပြီး နောက်တစ်ရက်မှ သတ္တာဟဆောင်ပြီး ထွက်ခွာသွားလေ့ရှိခဲ့ကြတယ်၊ ဒီအကြောင်းကို ဝိမတိ ဝိနောဒနီ ၁၇၆-မှာ-

**"ဆဒိဝသာနိ ဗဟိဒ္ဓါ ဝီတိနာမေတွာ သတ္တမေ ဒိဝသေ ပုနာရုဏာ ဧဝ အန္တော ဥပစာရသီမာယ ပဝိသိတွာ အရုဏံ ဥဋ္ဌာပေတွာ ပုန ဒိဝသေ သတ္တာဟံ အဓိဋ္ဌာယ ဂန္တုဗ္ဗန္တိ အဓိပ္ပာယော၊ ကေစိ ပန သတ္တမေ ဒိဝသေ အာဂန္တွာ အရုဏံ အနုဋ္ဌာပေတွာ တဒဟေဝ ဒိဝသဘာဂေပိ ဂန္တုံ ဝဋ္ဋတီတိ ဝဒန္တိ၊ တံ န ဂဟေတဗ္ဗံ၊ အရုဏော ဥဋ္ဌာပေတဗ္ဗောတိ ဝုတ္တတ္တာ**-လို့ ဖွင့်ဆိုထားတယ်ကွယ့်"

"ဝိမတိပါဠိရဲ့အနက်ကိုလည်း ဖော်ပြပေးပါဦး ဘုရား"

"ဝိမတိရဲ့အနက်က ဆဒိဝသာနိ-၆-ရက်တို့ပတ်လုံး၊ ဗဟိဒ္ဓါ-အပ၌၊ ဝီတိနာမေတွာ-လွန်စေ၍၊ သတ္တမေ ဒိဝသေ-ခုနစ်ရက်မြောက်၌၊ ပုနာရုဏာ ဧဝ-အရုဏ်မတက်မီပင်၊ အန္တောဥပစာရ သီမာယ-ဥပစာသိမ်အတွင်းသို့၊ ပဝိသိတွာ-ဝင်၍၊ အရုဏံ-အရုဏ်ကို၊ ဥဋ္ဌာပေတွာ-တက်စေပြီး၍၊ ပုနဒိဝသေ-တစ်ဖန်နေ့၌၊ သတ္တာဟံ-သတ္တာဟကို၊ အဓိဋ္ဌာယ-ဆောက်တည်၍၊ ဂန္တဗ္ဗံ-သွားအပ်၏၊ ဣတိအယံ-ဤသည်ကား၊ အဓိပ္ပာယော-အလိုတည်း၊ သည်ပါဠိရဲ့ အဓိပ္ပာယ်က အဋ္ဌကထာ ၃၅၂-မှာ သတ္တာဟဝါရေန အရုဏော ဥဋ္ဌာပေတဗ္ဗော-လို့ ပြထားတာရှိတယ်၊ မြန်မာလိုတော့ ၇-ရက်တစ်ကြိမ် အရုဏ်ကို တက်စေအပ်

http://www.dhammadownload.com



တယ်လို့ ဆိုလိုတယ်၊ ၇–ရက်တစ်ကြိမ် ဆိုသော်လည်း ဝါပန်တဲ့နေ့ဟာ တစ်ရက်ရပြီးဖြစ်လို့ အပမှာ ၆–ရက်သာ နေနိုင်ခွင့်ရှိတယ်၊ ၇–ရက်မြောက် အရုဏ်ကို အရာမ်တွင်းမှာ တက်စေရမယ်၊ သတ္တာဟကိစ္စဖြင့် တစ်ဖန် သွားလိုပြန်လျှင် နောက်တစ်နေ့မှ သတ္တာဟဆောင်ပြီး သွားရမယ်လို့ဆိုလို တယ်၊ သည်စကားကို ခိုင်မြဲစေလိုတဲ့အတွက် ကေစိ ပန ကို ဆက်ဆိုထားတယ်၊ ကေစိ ပနရဲ့ အနက်ကို ဖော်ကြည့်ကြဦးစို့"

"ဖော်တော်မူပါ ဘုရား"

"ကေစိ ပန–အချို့သောဆရာတို့သည်ကား၊ သတ္တမေ ဒိဝသေ–၇–ရက် မြောက်သောနေ့၌၊ အာဂန္တွာ–ကျောင်းသို့ပြန်လာ၍၊ အရုဏံ–အရုဏ်ကို၊ အနုဋ္ဌာ ပေတွာ–မတက်စေမူ၍၊ တဒဟေဝ–ဒိဝသဘာဂေပိ–(ထိုနေ့၌သာနေ့ပိုင်းမှာပင်)၊ ဂန္တုံ–သတ္တာဟဆောင်၍သွားခြင်းငှာ၊ ဝဋ္ဋတိ–အပ်၏၊ ဣတိ–ဤသို့၊ ဝဒန္တိ– ဆိုကုန်၏၊ တံ–ထိုကေစိဆရာတို့၏ စကားကို၊ န ဂဟေတဗ္ဗံ–မယူအပ်၊ ကသ္မာ–အဘယ်ကြောင့်နည်းဟူမူကား၊ အရုဏော ဥဋ္ဌာပေတဗ္ဗောတိ–အရုဏ် တက်စေအပ်ဟူ၍၊ ဝုတ္တတ္တာ–ဘုရားရှင် ဟောတော်မူသည်၏ အဖြစ်ကြောင့် တည်း။

သည်အနက်အဓိပ္ပာယ်က ရှင်းပါတယ်၊ သို့သော် ကေစိဆရာတို့ဟာ ဘယ်သူ့စောင်းတာလဲလို့ ကြည့်ဖို့လိုနေသေးတယ်၊ စာပေတွေမှာ ရှာဖွေကြည့် လိုက်တော့ ဝိနယ ဝိနစ္ဆယဋီကာ(၃) ၂၀၈–မှာ သည်လို ဖွင့်ပြထားတာတွေ့ ရတယ်။

**ယထာ ဝဿံ ဝသိတွာ အရုဏံ အနုဋ္ဌာပေတွာဝ သတ္တာဟကရဏီ ယေန ဂစ္ဆန္တဿ အနာပတ္တိ၊ တထာ ဂတဋ္ဌာနတော အန္တောသတ္တာဟေ အာဂန္တွာ ပုနပိ အရုဏံ အနုဋ္ဌာပေတွာဝ သတ္တာဟကရဏီယေန အနာပတ္တိ–တဲ့ကွယ်။**

ဝဿံ–ဝါကို၊ ဝသိတွာ–ကပ်နေပြီး၍၊ အရုဏံ–အရုဏ်ကို၊ အနုဋ္ဌာပေ တွာဝ–မတက်စေမူ၍သာလျှင်၊ သတ္တာဟကရဏီယေန–သတ္တာဟကိစ္စဖြင့်၊ ဂစ္ဆန္တဿ–သွားသောရဟန်းအား၊ အနာပတ္တိယထာ–အာပတ်မသင့်သကဲ့သို့၊ တထာ–ထို့အတူ၊ ဂတဋ္ဌာနတော–ဝါပန်၍ ရောက်ရာအရပ်မှ၊ အန္တောသတ္တာဟေ–

http://www.dhammadownload.com



ခုနစ်ရက်အတွင်း၌၊ အာဂန္တွာ–ပြန်လာ၍၊ ပုနပိ–တစ်ဖန်လည်း၊ အရုဏံ–အရုဏ်ကို၊ အနုဋ္ဌာပေတွာ၀–မတက်စေမူ၍သာလျှင်၊ သတ္တာဟကရဏီယေန–သတ္တာဟကိစ္စဖြင့်၊ ဂစ္ဆတော–သွားသောရဟန်းအား၊ အနာပတ္တိ–အာပတ်မသင့်တဲ့။

သည်စကားရပ်ဟာ ဝိမတိဆရာစောင်းငဲ့ပြီးကေစိထိုးထားတဲ့ စကားရပ်ပဲကွယ့်၊ သည်စကားရပ်ရဲ့ အဓိပ္ပာယ်က ယနေ့ ဝါဆို ယနေ့ဝါပန်သွားသောရဟန်းအား ဝါပန်သွားခြင်းကြောင့် အာပတ်မသင့်သကဲ့သို့၊ သတ္တာဟဆောင်ပြီးသွားရာက ယနေ့ကျောင်းပြန်ရောက်၊ ယနေ့ပင် ဝါပန်ပြီး ထွက်နိုင်တယ်လို့ဆိုလိုတာပါပဲ၊ သည်အဆိုကို ဝိမတိဆရာက မကြိုက်ဘူး၊ ဘာကြောင့်လဲဆိုတော့ ဝါဆိုသောနေ့သည် လွန်ခဲ့သောအရုဏ်ကို မီပါတယ်၊ ဒါကြောင့် အရုဏံ အနုဋ္ဌာပေတွာ၀–လို့ မဆိုသင့်ပါဘူးတဲ့၊ အထူးအားဖြင့် ဝါဆိုသောနေ့ ဝါပန်ထွက်ခြင်းနှင့် နောက်ဆုံး နဝံမီဟာ ဘုရားရှင်ရဲ့ အထူးခွင့်ပြုချက် ဖြစ်တယ်၊ ဝါဆိုပြီးပြီးချင်း အရုဏ်မယူဘဲ သတ္တာဟသွားကောင်းသော်လည်း နောက်ရက်များမှာတော့ သတ္တာဟကိစ္စဖြင့်သွားပြီး မိမိကျောင်းကို ပြန်ရောက်လျှင် ညဥ့်မအိပ်ဘဲ ထပ်သွားခြင်းဌာ မအပ်ဘူးလို့ ဝိမတိဆရာက မိန့်ဆိုတော်မူထားတယ်။

သည်အဆိုနှစ်ရပ်အနက် ဝိနည်းအရာမှာ ဂရုကေ ဌာတဗ္ဗံ–ဆိုတဲ့အတိုင်းပဲ၊ ဂရုကကိုသာ ယူရမြဲဖြစ်တယ်၊ ဒါကြောင့် ဝါပန်ပြန်လာပြီး ညဥ့်မအိပ်ဘဲ ထိုနေ့၌ပင် ထပ်မံဝါပန်ထွက်ခွာခြင်း မပြုသင့်ဘူးလို့ ညဥ့်အိပ်ပြီးမှ အကြောင်းအားလျော်စွာ ထပ်မံဝါပန် ထွက်ခွာသင့်တယ်လို့ ဖြေဆိုလိုက်ပါတယ်ကွယ်”

“သာဓု–သာဓု–သာဓု”

http://www.dhammadownload.com

# ကထိန်ခင်းအပ်ရာဌာန

"ဟောသည့်စာက လိပ်စာအပြည့်အစုံ မပါတဲ့ အညာတြာထေရ်ရဲ့ထံက ပေးစာပါ ဘုရား"

"အညတြာထေရ်ရဲ့စာက ဘာတွေများ ရေးထားသတုန်းကွယ်"

"အညတြာထေရ် မေးထားတာက ယခုအခါ သူတို့မြို့ရွာမှာ ဘုံကထိန် အလှူပွဲပြုလုပ်ကြပါသတဲ့၊ ကထိန်နေ့တိုင်းရောက်တဲ့အခါ သံဃာတော်များကို ရပ်ကွက်တွင်း ခင်းကျင်းထားတဲ့ မဏ္ဍပ်ကို ပင့်ပါသတဲ့၊ ပင့်သံဃာစုံလင်တဲ့အခါ ထုံးစံအတိုင်း ရတနာသုံးပါးကန်တော့ပြီး ကျောင်းတိုက်စေ့ ခင်းမည့် သင်္ကန်းများကို ဒါယကာများက ကိုင်ပါသတဲ့၊ သင်္ကန်းများ အသီးသီးကိုင်ပြီး 'ဣမံ သပရိဝါရံ ကထိနစီဝရံ ကထိနတ္ထာယ သံဃဿ ဒေမ' ဆိုကာ မထေရ်ကြီးကို သင်္ကန်း အားလုံးကပ်ပါသတဲ့၊ အကပ်ခံတဲ့မထေရ်ကြီးက ကထိန်ခံယူမည့် ဘုန်းကြီးများထံ ကထိန်လျာသင်္ကန်းကိုပေးအပ်ပြီး အသီးသီး ဆောင်ယူသွားကာ သင့်လျော်ရာ သိမ်မှာ ဥတ်ပေးပြီး မိမိတို့ ကျောင်းတိုက်အတွင်းမှာ ကထိန်ခင်းကြပါသတဲ့၊ သည်လိုခင်းခြင်းဟာ ကထိန်မြောက်မမြောက် ဖြေကြားပေးစေလိုပါတယ်လို့ ရေးသားထားပါတယ်ဘုရား"

## ကထိန်ခင်းခြင်း

"သည်အမေးကို မဖြေဆိုမီ ဘုန်းကြီးများ ပဉ္စင်းငယ်ဘဝက အတွေ့အကြုံ တစ်ခုကို ပြောပြချင်သေးတယ်ကွယ့်"

"မိန့်တော်မူပါ ဘုရား"

http://www.dhammadownload.com



"ဘုန်းကြီးများ ငယ်ရွယ်စဉ်က ကျောက်မှော်ရွာ ကျောင်းဒါယကာ ဦးအို–ဒေါ်ရွှေရုပ်တို့က ထီးချိုင့်မြို့ ရွှေစည်းခုံကျောင်းတိုက် အလယ်ကျောင်းကြီးကို ဆောက်လုပ်လှူဒါန်းကြတယ်၊ ကျောင်းပြီးစီးတဲ့အခါ ကျောင်းရေစက်ချပွဲနှင့် ကထိန်ပွဲယှဉ်တွဲပြီး ပြုလုပ်တယ်ကွယ့်၊ ရှေးအခါကာလက ကထိန်ခင်းလိုလျှင် ကထိန်ဒါယကာဟာ မိမိခင်းလိုတဲ့ကျောင်းက ဘုန်းကြီးကို ကြိုတင်လျှောက်ထားရတယ်၊ သတ်မှတ်ထားတဲ့ရက်ရောက်လျှင် ဒါယကာကိုယ်တိုင် ကျောင်းကို သွားပြီး ကထိန်လျာသင်္ကန်းကိုကိုင်ကာ 'ဣမံ သပရိဝါရံ ကထိနစီဝရံ ကထိနတ္ထာယ သံဃဿ ဒေမ' ဆိုပြီး ဘုန်းကြီးလက်ထဲကပ်ရတယ်၊ ဥပစာရ သိမ်ခေါ်တဲ့ ကျောင်းဝင်းရဲ့ အပြင်အပမှာ ကပ်ရိုးထုံးစံမရှိဘူး၊ သည်အစဉ်အလာ အတိုင်း ကထိန်ကပ်လာကြရာက ယခု ကျောင်းဒကာကြီး ဦးအိုရဲ့ ကထိန် အလှူကျတော့ ကျောင်းတိုက်အားလုံးအတွက် ရွှေစည်းခုံကျောင်းအတွင်းမှာပင် ကထိန်သင်္ကန်းကပ်မယ်ဆိုတော့ ကိုယ်တော်တွေ အလှူခံရကောင်းနိုးနိုး, အလှူ မခံရကောင်းနိုးနိုးဖြစ်လာကြတယ်၊ သည်အခါ သက်တော်ကြီး ဝါတော်ကြီး ဖြစ်တဲ့ ရွှေယင်းမာဆရာတော်ဘုရားက 'ငါတို့ဟာ ကထိန်သင်္ကန်းဆိုလျှင် အရာမ်အတွင်းမှာသာ အကပ်ခံနေကျဖြစ်တယ်၊ အရာမ်အပမှာ ကထိန်သင်္ကန်း ခံယူကောင်း မခံယူကောင်း စာမကြည့်ခဲ့လို့ ကေန်အဖြေမပေးနိုင်ဘူး၊ သို့သော်လည်း အလေးအပေါ့ရှိရာမှာ (လဟုကဂရုကေသု ဂရုကေ ဌာတဗ္ဗံ) လို့ဆိုတဲ့အတိုင်း အလေးကိုသာ ယူသင့်တဲ့အတွက် မိမိကျောင်းဝင်း အရာမ် အပြင်အပမှာ ကထိန်သင်္ကန်း မခံယူလိုဘူးလို့ အမိန့်ရှိတဲ့အတွက် ထီးချိုင့်မြို့မှာ ယနေ့အထိ ကထိန်လျာသင်္ကန်းကို ကျောင်းတိုင်းကျောင်းတိုင်း ဒါယကာက လိုက်ကပ်ကြရတယ်၊ သည်ပြဿနာတိမ်မြုပ်နေတာကြာပါပြီ၊ ယခုအညတြ မထေရ်မေးလာမှပဲ သတိရတော့တယ်ကွယ့်၊ ကထိန်သင်္ကန်းကို မိမိကျောင်းတိုက် တာ အရာမ်ရဲ့အပြင်အပမှာ ခံထိုက်မခံထိုက်နှင့် ပတ်သက်ပြီး လေ့လာကြည့် လိုက်တော့ ကျမ်းဂန်များမှာ ကထိန်ခင်းရမည့်ဌာနကိုသာတွေ့ရတယ်၊ ကထိန် ကပ်ရမည့်ဌာနကို မတွေ့မိဘူးကွယ့်၊ သည်အကြောင်း လေ့လာနိုင်အောင် ကင်္ခါဝိတရဏီ အဋ္ဌကထာ နိဿဂ္ဂိယပါစိတ်၊ ပထမ ကထိန သိက္ခာပုဒ်အဖွင့် မှာ ကထိန်ခင်းပုံကို ဦးစွာ ပြောပြဦးမယ်"

http://www.dhammadownload.com


"မိန့်တော်မူပါ ဘုရား"

"ဤကထိန်ခင်းခြင်းကို ပုရိမဝါမှ ထမြောက်ကုန်သော ရဟန်းများကိုသာ ဘုရားရှင်ခွင့်ပြုတော်မူတယ်၊ သည်ကထိန်ဟာ အနည်းဆုံး ရဟန်းတော်ငါးပါး၊ ငါးပါးအထက် ရဟန်းအားသာ ခင်းထိုက်တယ်၊ အကယ်၍ မိမိကျောင်းတိုက်မှာ ဝါကျွတ်သံဃာငါးပါးမရှိလျှင် အခြားကျောင်းတိုက်မှ ပုဂ္ဂိုလ်များကိုပင့်ပြီး ခင်းရမယ်၊ အခြားကကြွလာတဲ့ပုဂ္ဂိုလ်များဟာ ဂိုဏ်းပြည့်မျှသာဖြစ်ကြတယ်၊ ကထိန်အကျိုးကိုတော့မရကြဘူး၊ ဒါကြောင့် ပုရိမဝါမှ ထမြောက်ကုန်သော ပုဂ္ဂိုလ်များအား ကထိန်ဒါယကာက တရားနှင့်ညီညွတ်သောသင်္ကန်းကို ဤသင်္ကန်းဖြင့် ကထိန်ခင်းတော်မူကြပါလို့ နှုတ်ကမြွက်ဆိုပြီးကပ်ခဲ့လျှင် ထိုသင်္ကန်းလျာကို မဟာဝါခန္ဓကဌ် ဟောတော်မူတဲ့ 'ဉ တ္တိဒုတိယကမ္မဝါစာ'ဖြင့် ကထိန်ခံထိုက်သော ရဟန်းကို (ဗဒ္ဓ, အဗဒ္ဓသိမ်အတွင်း) ပေးအပ်ရမယ်၊ ကထိန်လျာသင်္ကန်းဟာ ချုပ်ပြီး ဆိုးပြီး မဟုတ်ခဲ့သော် ထိုပေးသောနေ့မှာပင် ငါးခန်း, ငါးခန်းထက်အလွန် အခန်းများကို အပိုင်းပိုင်းဖြတ်ပြီး ဒုကုဋ်ဖြစ်စေ, ကိုယ်ဝတ်ဖြစ်စေ, သင်းပိုင်းဖြစ်စေပြုရမယ်၊ ပြုပြီး စံချိန်မီအောင် ဆိုးရမယ်၊ ချုပ်ပြီးဆိုးပြီး ဖြစ်လျှင်ပိုကောင်းတယ်တဲ့၊ 'အစ္ဆိန္နာ သိဗ္ဗိတံ ပန န ဝဋ္ဋတိ' ဆိုတဲ့အတိုင်း ကထိန်သင်္ကန်းမှန်လျှင် ဖြတ်ပြီး ချုပ်ပြီးမှအပ်သတဲ့၊ မဖြတ်မချုပ်သေးလျှင် မအပ်ဘူးတဲ့ကွယ်။

သင်္ကန်းကိစ္စပြီးခဲ့လျှင် ကထိန်ခင်းလိုတဲ့ရဟန်းဟာ အကယ်၍ သင်္ကန်းကြီးဖြင့်ခင်းလိုလျှင် သင်္ကန်းကြီးအဟောင်းကို အဓိဋ္ဌာန်ချ (ပစ္စုဒ္ဓိရ်ပြု)ရတယ်၊ သင်္ကန်းကြီးအသစ်ကို အဓိဋ္ဌာန်တင်ရတယ်၊ အကယ်၍ ကိုယ်ဝတ် သို့မဟုတ် သင်းပိုင်ဖြင့် ခင်းလိုလျှင်လည်း ထို့အတူ ပစ္စုဒ္ဓိရ်ပြု အဓိဋ္ဌာန်တင်ပြီးနောက် ကထိန်သင်္ကန်းကိုကိုင်ပြီး (ဣမာယ သံဃာဋိယာ ကထိနံအတ္ထရာမိ) လို့ဆိုပြီး ကထိန်ခင်းရတယ်၊ ကိုယ်ဝတ်, သင်းပိုင်ဖြင့် ခင်းမှာဆိုလျှင်လည်း သံဃာဋိနေရာမှာ ဥတ္တရာသင်္ဂ, အန္တရဝါသက သဒ္ဒါထည့်ပြီး ပုလ္လိင်အားလျော်စွာဆိုပြီး ခင်းရတယ်၊ ခင်းပြီးနောက် ကျောင်းတိုက်အတွင်း ဝါကျွတ်သံဃာများကို စုရုံးစေပြီး 'အတ္ထတံ ဘန္တေ သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒထ' ဆိုတဲ့ပါဠိစကားဖြင့် အနုမောဒနာပြုဖို့ တိုက်တွန်းရမယ်၊

http://www.dhammadownload.com



ဝါကျွတ်သံဃာတော်အားလုံးတို့ကလည်း 'အတ္ထတံ ဘန္တေ သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမ' ဆိုတဲ့ ပါဠိကို သုံးကြိမ်ရွတ်ဆိုပြီး အနုမောဒနာပြုကြရတယ်၊ ကထိန်ခင်းသောပုဂ္ဂိုလ်, အနုမောဒနာပြုသော ပုဂ္ဂိုလ်များသာ ကထိန်အကျိုးငါးပါးတို့ကို ရတယ်၊ ကထိန်မခင်းတဲ့ပုဂ္ဂိုလ်, အနုမောဒနာမပြုသောပုဂ္ဂိုလ်များကတော့ ကထိန်အကျိုးငါးပါးကို မရကြဘူးတဲ့။

အခုပြောခဲ့တာက ကင်္ခါဝိတရဏီ အဋ္ဌကထာကပြဆိုတဲ့ ကထိန်ခင်းပုံ အကျဉ်းချုပ် ဖြစ်တယ်ကွယ့်၊ သည်ကထိန်ခင်းပုံစကားရပ်မှာ ကထိန်ကပ်တဲ့ ဒါယကာဟာ ကျောင်းတိုက်အတွင်းမှာ ကပ်ရမယ်၊ ကျောင်းတိုက်ရဲ့ အပြင်အပမှာ ကပ်ရမယ်လို့ မဖော်ပြထားဘူး၊ ကထိန်ခင်းတဲ့နေရာကိုတော့ ကထိန်အကျိုးငါးပါးပြတဲ့နေရာမှာ–'ယော စ တတ္ထ စီဝရုပ္ပါဒေါ သော နေသံ ဘဝိဿတိ (ဝိနည်းမဟာဝါပါဠိ၊ ၃၅၂)၊ တတ္ထ–ထိုကထိန်ခင်းရာကျောင်းတိုက်၌၊ ယော စီဝရုပ္ပါဒေါ စ–အကြင်သင်္ကန်း၏ဖြစ်ပေါ်ခြင်းသည်လည်း၊ အတ္ထိ–ရှိ၏၊ သော–ထိုဖြစ်ပေါ်သောသင်္ကန်းသည်၊ နေသံ–ထိုကထိန်ခင်းကုန်သောရဟန်းတို့အား၊ ဘဝိဿတိ–ဖြစ်လတ္တံ့တဲ့၊ သည်ပါဠိတော်အရ ကထိန်အကျိုးတရားငါးပါးကို ကထိန်ခင်းရာ ကျောင်းတိုက်အတွင်း ကထိန်ခင်းသောရဟန်း, အနုမောဒနာပြုသော ရဟန်းများသာ ရထိုက်တယ်လို့ ပြထားတဲ့အတွက် ကထိန်ခင်းခြင်းကို ပုရိမဝါမှ ထမြောက်သောကျောင်း, တိုက်တာ အရာမ်အတွင်း၌သာ ပြုထိုက်တယ်၊ သည်အကြောင်းကို ဝိနယာလင်္ကာရဋီကာ ကထိနဝိနိစ္ဆယ ဗတ္တိံသတိမပရိစ္ဆေဒမှာ–

> တသ္မာ အန္တော ဥပစာရသီမာယံ ဗဒ္ဓသီမာယ အဝိဇ္ဇမာနာယံ ဗဟိ ဥပစာရသီမာယ ဗဒ္ဓသီမံ ဝါ ဥဒကုက္ခေပ, သတ္တဗ္ဘန္တရ လာဘနဋ္ဌာနံ ဝါ ဥတ္တိဒုတိယကမ္မေန ကထိနဒုဿံ ဒါပေတွာ ပုန ဝိဟာရံ အာဂန္တွာ အန္တော ဥပစာရသီမာယ ဝေ ကထိနတ္ထရဏံ ပုဗ္ဗာစရိယေဟိ ကတံ၊ သုကတမေဝ ဟောတီတိ ဒဋ္ဌဗ္ဗံ – လို့ ပြထားသကွယ့်"

"မှန်ပါသည်၊ ဝိနယာလင်္ကာရဋီကာရဲ့ အဓိပ္ပာယ်ကိုလည်း ရှင်းပြပါဦး ဘုရား"

http://www.dhammadownload.com



"ဋီကာရဲ့အဓိပ္ပာယ်က သည်လိုတဲ့ကွယ့်၊ ကထိန်ဒါယကာက ကထိန် သင်္ကန်းကပ်ပြီးလျှင် ဥပစာရသိမ်ခေါ်တဲ့ မိမိကျောင်းဝင်းအတွင်းမှာ ဗဒ္ဓသိမ် မရှိခဲ့လျှင် မိမိကျောင်းတိုက်ရဲ့အပ ဗဒ္ဓသိမ်သို့ဖြစ်စေ, ဥဒကုက္ခေပသိမ်, သတ္တဗ္ဘန္တ ရစသော ရွာသိမ်သို့ဖြစ်စေသွားပြီး ဉတ္တိဒုတိယကမ္မဝါစာဖြင့် ကထိန် သင်္ကန်းကို ပေးစေရမယ်၊ ကထိန်ထိုက်တဲ့ပုဂ္ဂိုလ်အား သင်္ကန်းပေးပြီးလျှင် တစ်ဖန်ကျောင်းတိုက်အတွင်း ပြန်လာပြီး ဥပစာရသိမ်ခေါ်သော ကျောင်းဝင်း အတွင်း၌သာ ရှေးဆရာတော်ကြီးများ ကထိန်ခင်းခြင်းကို ပြုကြသတဲ့၊ သည်လို ပြုခြင်းဟာ ကောင်းသောပြုခြင်းလို့ မှတ်ပါလို့ဆိုလိုတယ်၊ သည်အဆိုအရ ကထိန်ခင်းတာကတော့ မိမိကျောင်းတိုက်တာအတွင်းမှာ ခင်းရမယ်၊ သင်္ကန်း ဉတ်ပေးတာကတော့ သင့်လျော်သော သိမ်မှာ ပေးနိုင်တယ်တဲ့ကွယ့်"

"လျှောက်ထားပါရစေဦး ဘုရား"

"လျှောက်ထားတာပေါ့"

"ကထိန်သင်္ကန်းကို ပေးအပ်တာဟာ ဉတ္တိဒုတိယကမ္မဝါစာဖြင့် သိမ် အတွင်း ပေးအပ်ရတာမို့ သံဃာကပေးရတယ်ဆိုတာ ထင်ရှားပါတယ်၊ ခင်းတဲ့ အခါကျတော့ ကထိန်သင်္ကန်းကို ကိုယ့်ကျောင်းပြန်ယူပြီး တစ်ပါး, နှစ်ပါး, သုံးပါးမျှနှင့် ခင်းထိုက်ပါသလား ဘုရား"

"ဝိနယ မဟာဝဂ္ဂဋ္ဌကထာ ၃၈၈–မှာ 'ကထိနတ္ထာရံ ကေ လဘန္တိ၊ ကေ န လဘန္တီတိ၊ ကထိန်ခင်းခြင်းကို အဘယ်ပုဂ္ဂိုလ်တို့သည် ရနိုင်သလဲ၊ အဘယ် ပုဂ္ဂိုလ်တို့သည် မရနိုင်ဘူးလဲ' လို့ အမေးပုစ္ဆာထုတ်ပြီး ဂဏနဝသေန တာဝ ပစ္ဆိမကောဋိယာ ပဉ္စဇနာ လဘန္တိ ဥဒ္ဓံ သတသဟဿမ္ပိ၊ ပဉ္စန္နံ ဟေဋ္ဌာ န လဘန္တိ–လို့ အဖြေထုတ်တော်မူခဲ့တယ်၊ အရေအတွက်အားဖြင့် ငါးပါး၊ ထို့ထက်အလွန် အသောင်းအသိန်းသော ပုဂ္ဂိုလ်များဟာ ကထိန်ခင်းထိုက်သတဲ့၊ ငါးပါးအောက်ယုတ်လျှင် ကထိန်မခင်းထိုက်ဘူးတဲ့၊ သည်ပါဠိတော်ကို ထောက် ထားပြီး ကထိန်သင်္ကန်း ဉတ်ပေးစဉ်ကလည်း သံဃာကပင်ပေးရမယ်၊ ကထိန် ခင်းသောအခါမှာလည်း သံဃာတော်ရဲ့မျက်မှောက်၌ပင် ခင်းပေးရမယ်ကွယ့်"

"သည်လိုဆို မိမိဝါကျွတ်ရာကျောင်းတိုက်မှာ သံဃာမလုံလောက်လျှင် ကော ဘုရား၊ ဘယ့်နှယ့်လုပ်ရမှာတုန်း"

http://www.dhammadownload.com



"သည်အကြောင်းကိုလည်း အဋ္ဌကထာမှာ (သစေ ပုရိမိကာယ ဥပဂတာ စတ္တာရော ဝါ ဟောန္တိ) အစရှိတဲ့ စကားများဖြင့် အဖြေပေးထားပါတယ်၊ အကယ်၍များ မိမိ ပုရိမဝါထမြောက်တဲ့ကျောင်းမှာ ရဟန်း လေးပါး, သုံးပါး, နှစ်ပါး, တစ်ပါးမျှသာရှိခဲ့လျှင်တဲ့ (ဣတရေ ဂဏပူရကော ကတွာ ကထိန် အတ္ထရိတဗ္ဗံ)အခြားကျောင်းတိုက်က ကိုယ်တော်များကို ဂိုဏ်းပြည့်အောင် ပင့်ပြီး ကထိန်ခင်းရမယ်တဲ့ကွယ့်၊ သည်နေရာမှာ ဝိနယဝိနိစ္ဆယဋီကာက အဋ္ဌကထာဆိုတဲ့ သည်စကားဟာ ဥတ်ပေးရာကို ရည်ရွယ်ပြီးဆိုတာပါ၊ ပုဂ္ဂိုလ်၏ခင်းခြင်းကို ရည်ရွယ်ပြီးဆိုတာ မဟုတ်ပါဘူးတဲ့၊ ဒါကြောင့် ဥတ်ပေးစဥ်သာ သိမ်တွင်း ပြုလုပ်ရတဲ့အလုပ်မို့ သံဃာလိုတယ်၊ ခင်းတာကတော့ သိမ်ရဲ့အပမှာ ပြုနိုင်တာမို့ သံဃာမလိုဘူးလို့ ဖွင့်ထားပြန်တယ်ကွယ့်၊ သို့သော်လည်း အလေးပြုထိုက်တဲ့ အရာမို့ ခင်းတဲ့အခါမှာလည်း သံဃာတော်ရဲ့ မျက်မှောက်ခင်းတာက ပိုကောင်းတာပေါ့ကွယ်"

## ကထိန်ခင်းရာဌာန

"အနည်းငယ် နားရှုပ်နေလို့ ထပ်လျှောက်ပါရစေဦး ဘုရား"

"အင်း–လျှောက်တာပေါ့"

"ကထိန်ခင်းတာဟာ ဥတ်ပေးရာသိမ်တွင်းမှာ ခင်းရမှာလား၊ သိမ်ရဲ့ အပ ဥပစာရသိမ်ခေါ်တဲ့ ကျောင်းတိုက်တာအတွင်းမှာ ခင်းရမှာလား ဘုရား"

"သက်န်းဥတ်ပေးတာကတော့ ကိုယ့်ကျောင်းတိုက်တာ အာရာမ်အတွင်း ခဏ္ဍာသိမ်ရှိလျှင် ခဏ္ဍာသိမ်မှာပေးနိုင်ပါတယ်၊ ကိုယ့်ကျောင်းတိုက်အတွင်း ခဏ္ဍာသိမ် မရှိခဲ့လျှင် အပြင်အပက ခဏ္ဍာသိမ်, ဥဒကုက္ခေပသိမ်စတဲ့ အခြားသိမ်များမှာလည်း ပေးနိုင်တယ်၊ ကထိန်ခင်းတော့ မိမိအရာမ်အတွင်းမှာသာခင်းနိုင်တယ်၊ အရာမ် ရဲ့ပြင်ပမှာ မခင်းနိုင်ဘူး၊ ဒါကြောင့် သက်န်းဥတ်ပေးရာသိမ်ဟာ အရာမ်တွင်း မှာရှိလျှင် ခဏ္ဍာသိမ်အတွင်းမှာလည်း ခင်းကောင်းပါတယ်၊ ခဏ္ဍာသိမ်ဟာ ကျောင်းတိုက်တာ အရာမ်ရဲ့အပမှာ တည်နေလျှင်တော့ အပြင်အပ ခဏ္ဍာသိမ် အတွင်းမှာ မခင်းနိုင်ဘူးကွယ့်"

http://www.dhammadownload.com



"မှန်ပါ–သည်လိုဆို ကထိန်ခင်းရာဌာနကိုတော့ သီးခြားပြထားတယ်၊ ဒါယကာ ကထိန်သင်္ကန်းကပ်ရာဌာနကိုတော့ သီးသန့်မပြထားဘူးပေါ့ ဘုရား"

"အေးကွယ့်–ဒါယကာ ကထိန်သင်္ကန်းကပ်ရာဌာနကိုတော့ သီးခြားဖော်ပြမထားဘူး၊ ဝိနယသင်္ဂဟ အဋ္ဌကထာ ၂၉၈–မှာ ကထိန်ဒါယကာက ကထိန်ဘယ်လိုလှူရမှန်းမသိလို့ ရဟန်းတော်ထံလျှောက်ထားတော့ ရဟန်းတော်က ဒုကုဋ်, ကိုယ်ဝတ်, သင်းပိုင်အနက် တစ်ထည်ထည်ချုပ်လောက်တဲ့ ကထိန်လျာအဝတ်ကို (ကထိနစီဝရံ ဒေမ)ဆိုပြီး ကပ်လှူရမယ်၊ သင်္ကန်းစအဝတ်ကို သင်္ကန်းချုပ်ဖို့ အပ်ဘယ်မျှ, ချည်ဘယ်မျှ, ဆိုးရည်ဘယ်မျှ, သင်္ကန်းဝိုင်းကူချုပ်ကြမည့် ကိုယ်တော်များအတွက် ယာဂု, ဆွမ်း ဘယ်မျှလှူသင့်တယ်လို့ ပြောဆိုအပ်ကြောင်း ပြဆိုထားတယ်၊ သင်္ကန်းကပ်ရာဌာန သီးသန့်မပြထားဘူး၊ သင်္ကန်းကပ်ရာဌာန သီးသန့်ပြမထားတဲ့အတွက် ဒါယကာ စိတ်ကြိုက်နေရာမှာ ကပ်နိုင်တယ်လို့ အဓိပ္ပာယ်သက်ရောက်တယ်၊ သို့သော်လည်း ကထိန်အလှူဟာ ဆွမ်းစသော အလှူလို ရိုးရိုးအလှူ မဟုတ်ဘူး၊ အကျိုးတရား ငါးပါးကိုပါပေးလှူတဲ့ ဝိနည်းအလှူ ဖြစ်တယ်၊ သဒ္ဒါဘက်မှာ လိင်ကွဲဖို့ခက်သလို ဝိနည်းအရာမှာလည်း ကထိန်ဟာခက်တယ်၊ ဒါကြောင့် ကထိန်သင်္ကန်းဆက်ကပ်ရာမှာ ဥပစာရသိမ်ခေါ်တဲ့ ကျောင်းတိုက်တာအတွင်း ကပ်ရမယ်လို့ တိုက်ရိုက်အဆိုမရှိသော်လည်း ရွှေယင်းမာဆရာတော်ကြီး မိန့်တော်မူသလို အပေါ့–အလေး နှစ်ဌာနအနက် လေးရာကို လိုက်နာသောအားဖြင့် ကထိန်ခင်းမည့် ကျောင်းတိုက် အရာမ်အတွင်း သင်္ကန်းကပ်နိုင်ခြင်းက ပိုလွန်ပြီး ကောင်းတယ်လို့ ဖြေကြားလိုက်ပါတယ်ကွယ်"

## ကထိန်နုတ်ခြင်း

"အညတြထေရ်ရဲ့ ပထမအမေးကတော့ ပြေလောက်ပါပြီ၊ သူ့ရဲ့ပေးစာ အဆုံးမှာ ဒုတိယအမေးကလေး ပါနေသေးတယ်ဘုရာ့"

"ဒုတိယအမေးက ဘာတဲ့လဲကွယ့်"

"ဒုတိယအမေးက ကျောင်းတိုက်တစ်တိုက်အတွင်းမှာ ကထိန်တစ်ကြိမ်သာ ခင်းကောင်းပါသလား၊ ဒါမှမဟုတ် ခင်းပြီးကထိန်ကိုနုတ်ပြီး နောက်ထပ် အကြိမ်ကြိမ် ခင်းကောင်းပါသလားဘုရား"

http://www.dhammadownload.com



"ကျောင်းတိုက်တစ်တိုက်အတွင်းမှာ ကထိန်ကို တစ်ကြိမ်သာခင်းကောင်းတယ်၊ အကြိမ်ကြိမ် မခင်းကောင်းဘူး၊ ကထိန်နုတ်တယ်ဆိုတာ ကထိန်ခင်းချင်လို့မဟုတ်ဘူး၊ ကထိန်ရဲ့ အာနိသင်မရကြတဲ့ ရဟန်းတော်များ သင်္ကန်းအလှူခံယူနိုင်အောင် ကထိန်ရဲ့အာနိသင်ကို အာဏာတော်ဖြင့် ဖျက်ပစ်လိုက်ခြင်းသာ ဖြစ်တယ်ကွယ့်"

"ကထိန်နုတ်တာနှင့် ကထိန်အာနိသင် မရတဲ့ ရဟန်းတော်များ သင်္ကန်းအလှူ ခံယူနိုင်တာနှင့် ဘယ်လို ဆက်စပ်ပါသလဲဘုရား"

"သည်အကြောင်းသိရအောင် ပါစိတ်ပါဠိတော် ဘိက္ခုနီဝိဘင်း နဂ္ဂဝဂ် ဒသမသိက္ခာပုဒ်ကို ပြောပြဦးမယ်"

"မိန့်တော်မူပါ ဘုရား"

"ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း အရာမ်မှာ မွေ့လျော်တော်မူစဉ်ကာလက ဒါယကာတစ်ဦးဟာ သံဃာတော်ကို ရည်စူးပြီး ကျောင်းဆောက်တယ်၊ ကျောင်းရေစက်ချပွဲမှာ သံဃာတော်အားလုံးကို သင်္ကန်းလှူချင်တယ်၊ သည်အချိန်မှာ သံဃာကလည်း ကထိန်ခင်းပြီးဖြစ်နေတယ်၊ ကထိန်ခင်းပြီးတော့ 'ယော စ တတ္ထ စီဝရုပ္ပါဒ' အကျိုးအရ ဖြစ်ပေါ်လာသမျှသော သံဃိကသင်္ကန်းဟာ ကထိန်ခင်းပြီးသောရဟန်းအားသာ ရထိုက်တယ်၊ ကထိန်အာနိသင် မရတဲ့ ရဟန်း, ဝါကျိုးပျက်သောရဟန်း, ကျောင်းတိုက်အတွင်းသို့ ကထိန်ခင်းပြီးမှ ရောက်လာတဲ့ ရဟန်းများ သင်္ကန်းအလှူကို မရထိုက်ဘူး၊ သင်္ကန်းလှူသူက ကထိန်အကျိုး ရ မရ အားလုံးသော ရဟန်းတော်များအား လှူလိုတယ်၊ ဒါကြောင့် ခင်းပြီးကထိန် နုတ်တော်မူပါဘုရားလို့ လျှောက်ထားတယ်၊ ကထိန်နုတ်တော်မူပါဆိုတာက ကထိန်အကျိုး ဖျက်ပေးပါလို့ လျှောက်ထားတာပဲ၊ သည်အကြောင်း ဘုရားရှင်ထံလျှောက်ထားတော့ ဘုရားရှင်က ဒါယကာရဲ့ သဒ္ဓါတရားကို ထောက်ထားပြီး နုတ်စေလို့ အခွင့်ပေးတော်မူတယ်၊ ကထိန်နုတ်ခွင့်ပေးရာမှာလည်း 'ကီဒိသော ကထိနုဒ္ဓါရော ဒါတဗ္ဗော'လို့ အဋ္ဌကထာက ဖွင့်ပြတဲ့အတိုင်း မူလ ကထိန်ခင်းစဉ်ကရတဲ့ လှူဖွယ်ဝတ္ထုထက် နောက်ဒါယကာရဲ့ လှူဖွယ်ဝတ္ထုကများပါမှ ကထိန်နုတ်ရမယ်၊ မူလ ကထိန်အောက် လှူဖွယ်ပစ္စည်းနည်းလျှင် နုတ်ခွင့်မရဘူး၊ မူလလှူဖွယ်ဝတ္ထုနှင့် နောက်အလှူဝတ္ထု တူမျှလျှင်

http://www.dhammadownload.com



လည်း ဒါယကာရဲ့ သဒ္ဓါကိုင်ငဲ့ပြီး ကထိန်နုတ်ခွင့်ရတယ်၊ သည်အခြေခံ ပညတ်တော်ကို ကြည့်ခဲ့လျှင် ကထိန်နုတ်တယ်ဆိုတာဟာ နောက်တစ်ကြိမ် ကထိန်ခင်းလို၍ မဟုတ်ကြောင်း ထင်ရှားပါတယ်၊ ဒါကြောင့် ကျောင်းတိုက် တစ်တိုက်အတွင်း တစ်နှစ်လျှင် တစ်ကြိမ်မျှသာ ကထိန်ခင်းခွင့်ရှိတယ်၊ ကထိန်နုတ်ပြီး နောက် မခင်းအပ်ဘူးလို့ အဖြေပေးလိုက်ပါတယ်ကွယ်"

"သာဓု–သာဓု–သာဓု"



http://www.dhammadownload.com

# ကံ, ဒွါရအကွဲ ဖြူမည်း မဆိုသာ

"၂၅-၂-၄၆ နေ့စွဲပါတဲ့ ဟောသည်စာက ပန်းတနော်မြို့၊ မြတောင် စာသင်တိုက်၊ စာချဆရာတော် ဦးကုမာရထံက စာပါ ဘုရား"

"ဦးကုမာရက တို့နှင့် စာရေးဘက်ပဲ၊ ဘာအကြောင်းများ ရေးထားပါ လိမ့်၊ ဖတ်စမ်းပါဦး"

ဆရာတော် တည်တောကျောင်း ထီးချိုင့်မြို့၊ ရှိသေစွာ စာရေးလျှောက်ထား ပါသည် ဘုရား၊ တပည့်တော်များ၏ ပန်းတနော်မြို့သို့ လွန်ခဲ့သည့်သုံးလ ခန့်က ဓမ္မကထိက ဆရာတော်တစ်ပါး ကြွရောက်ပြီး တရားဟောပါသည်ဘုရား၊ ၎င်းက ဩကာသ ကန်တော့ခန်း၌ ကာယကံ, ဝစီကံ, မနောကံရယ်လို့ ကံနှင့် မဆိုကြရဘူး၊ မှားနေကြတယ်၊ ကာယဒွါရ, ဝစီဒွါရ, မနောဒွါရ ရယ်လို့ ဒွါရနှင့်ဆိုမှ မှန်တယ်၊ ဝေရဉ္ဇာပုဏ္ဏားကြီးက ကံနှင့် မရှိခိုးဘူး၊ ဒွါရနှင့်သာ ရှိခိုးတယ်၊ ဒွါရနှင့် ရှိခိုးမှမှန်တယ်၊ ကဲ-လိုက်ဆိုကြ၊ ကာယဒွါရ, ဝစီဒွါရ, မနောဒွါရဟူ၍ သူကိုယ်တိုင် ပို့ချပေးသွားပါသည်၊ ကံနှင့်ဆိုသူကန်တော့ကြ သူများကိုလည်း မထိတထိ အပြစ်ပြောသွားပါသေးသည်၊ ထို့ကြောင့် အထက်ပါ ကံ ဒွါရပြဿနာကို ရတနာမွန်(သို့မဟုတ်) ဓမ္မဗျူဟာစာစောင်မှ ဆရာတော် ဖြေရှင်းပေးတော်မူပါရန် ရှိသေစွာ လျှောက်ထားပါသည် ဘုရား-

မြတောင် ကုမာရ(ပန်းတနော်)

http://www.dhammadownload.com



"ဪ ... ဦးကုမာရက ကံဒွါရအကြောင်း မေးထားတာကိုး"

"မှန်ပါတယ် ဘုရား"

"ကံ–ဒွါရ အငြင်းအခုံဟာ မြန်မာနိုင်ငံတော်မှာ နှစ်ပေါင်း တစ်ရာကျော် သွားပြီ၊ ယနေ့အထိ ဘယ်ဟာအမှန်လို့ ဘယ်ပုဂ္ဂိုလ်မှ အတိအကျ မဆုံးဖြတ်နိုင်ကြသေးဘူးကွယ့်"

"အဆုံးအဖြတ်တွေတော့ ရှိတယ်မဟုတ်လား ဘုရာ့"

"အဆုံးအဖြတ်တွေတော့ သိပ်ရှိတာပေါ့၊ သို့သော်လည်း ကမ္မဝါဒီကို ဒွါရဝါဒီဖြစ်အောင်, ဒွါရဝါဒီကို ကမ္မဝါဒီဖြစ်အောင် ဘယ်ဘက်ကမျှ မသိမ်းသွင်းနိုင်ကြသေးဘူး၊ ကံနှင့်နီးစပ်တဲ့ပုဂ္ဂိုလ်က ကံသာလျှင်မှန်တယ်လို့ပြောပြီး ဒွါရနှင့်နီးစပ်တဲ့ပုဂ္ဂိုလ်က ဒွါရသာလျှင်မှန်တယ်လို့ အခိုင်အမာ ယူဆနေကြတုန်းပဲကွယ့်"

"နို့–ဆရာတော်ကကော ဘယ်ဘက်က မှန်တယ်လို့ ယူဆပါသလဲဘုရား"

"အေး–တို့ကတော့ ကြားသမားပဲ၊ ဘယ်ဘက်ကိုမှ မှားတယ်လို့မယူဆဘူး၊ အားလုံးမှန်တယ်လို့ ယူဆတာပေါ့"

"မဖြစ်နိုင်တာဆရာတော်၊ ဖြူလျှင်ဖြူ၊ မဖြူလျှင် မည်းရမှာပေါ့၊ နှစ်ဘက်လုံး မှန်တယ်ဆိုတာတော့ ဆရာတော်ရဲ့ အယူအဆဟာ ဟုတ်မယ် မထင်ပါဘူး၊"

"တို့နည်းနှင့် တို့တော့ ဟုတ်တာပေါ့"

"ဟုတ်ကြောင်းအမိန့်ရှိပါဦး ဆရာတော်"

"နည်းနည်းတော့ အမိန့်ရှိရသေးတာပေါ့၊ တို့များ စာသင်သားတွေမှာ ကံနှင့် ဒွါရကို ဘယ်မှာ စတင်တွေ့တာတုန်းဆိုတော့ သဂြိုဟ်တက်တော့ စတွေ့တယ်ကွယ့်၊ သဂြိုဟ်ဘယ်အပိုင်းမှာလဲဆိုတော့ ဝီထိမုတ် ကမ္မစတုက္က အပိုင်းပေါ့၊ တွေ့တဲ့ပါဠိက **'တတ္ထ အကုသလံ ကာယကမ္မံ ဝစီကမ္မံ မနောကမ္မဉ္စေတိ ကမ္မဒွါရဝသေန တိဝိဓံ ဟောတိ'** တဲ့ကွယ့်၊ အဓိပ္ပာယ်က တော့ ထိုလေးပါးသောကံတို့တွင် အကုသိုလ်ကံသည် ကာယကံ ဝစီကံ မနောကံဟူ၍ ကံ, ဒွါရနှင့်စပ်သောအားဖြင့် သုံးပါးအပြားရှိသည်လို့ ဆိုတယ်၊ သည်နေရာမှာ ကံနှင့်ဒွါရ ဘယ်လိုစပ်တာတုန်းဆိုတာကို သဂြိုဟ်ကျမ်းမှာ ကထံ စသောစကားအကျယ် ဖွင့်ပြထားသကွယ့်"

http://www.dhammadownload.com



"ဖွင့်ပြပုံ အမိန့်ရှိပါဦး ဆရာတော်"

"ဖွင့်ပြပုံကသည်လိုကွယ့်၊ ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ–သည်ဒုစရိုက်တရားသုံးပါးတို့ဟာ ကာယဝိညတ်လို့ဆိုရတဲ့ ကာယဒွါရမှာ အဖြစ်များလို့ ကာယကံလို့ ခေါ်ပါတယ်တဲ့၊ မုသာဝါဒ, ပိသုဏဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ သည်ဒုစရိုက်တရားလေးပါးတို့ဟာ ဝစီဝိညတ်လို့ဆိုရတဲ့ ဝစီဒွါရမှာ အဖြစ်များလို့ ဝစီကံလို့ခေါ်ပါတယ်တဲ့၊ အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ–သည်ဒုစရိုက်သုံးပါးတို့ဟာ မနောဒွါရမှာ အဖြစ်များလို့ မနောကံလို့ခေါ်ပါသတဲ့၊ ယခုပြောခဲ့တာကို ပြန်ပြီး စဉ်းစားကြည့်ကြဦးစို့၊ ကာယဒွါရ၌ဖြစ်သောကံကို ကာယကံတဲ့၊ ဝစီဒွါရ၌ဖြစ်သောကံကို ဝစီကံတဲ့၊ မနောဒွါရ၌ဖြစ်သောကံကို မနောကံတဲ့၊ ဟော–ဒွါရသုံးပါးနှင့် ကံသုံးပါးထွက်ပေါ်လာခဲ့ပြီ၊ အရကောက်ကိုကြည့်ကြဦးစို့၊ ကာယဝိညတ္တိသင်္ခါတေ ကာယဒွါရေလို့ သဂြိုဟ်ကဖွင့်ပြတဲ့အတိုင်း ကာယဝိညတ်ကိုကာယဒွါရလို့ အရကောက်ထားတယ်၊ ကာယဝိညတ်ဆိုတာ သတ်ခြင်း, ခိုးခြင်း, ကျူးလွန်ခြင်းကို သိစေအပ်တဲ့ ကိုယ်အမူအရာပဲ၊ ဒွါရဆိုတာ သည်နေရာမှာ (အကြောင်း)ကို ဟောတယ်၊ ကံတို့၏ဖြစ်ခြင်းအကြောင်းကို ဆိုလိုတယ်၊ ကမ္မာနံ ပဝတ္တိမုခဘာဝတော စ ကာယဒွါရသင်္ခါတေ ကာယဒွါရေ (ဋီကာကျော်) ကာယဒွါရ အရကာယဝိညတ်ကို အရကောက်သလို ဝစီဒွါရကလည်း ဝစီဝိညတ်ကို အရကောက်တယ်၊ အလုံးစုံသောစိတ်ကိုတော့ မနောဒွါရလို့ အရကောက်တယ်၊ ဒွါရအရကောက်ပြီး ကံကိုအရကောက်ကြဦးစို့၊ ကံဆိုတာ စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ–လို့ ဟောတော်မူတဲ့အတိုင်း စေတနာစေတသိက်ဟာ ကံပါပဲ၊ စေတနာစေတသိက်ဆိုသော်လည်း ကုသိုလ်အကုသိုလ်မှာယှဉ်တဲ့ စေတနာဦးစီးတဲ့ စေတသိက်များကို ကံလို့ဆိုတယ်။

ဒွါရနှင့် ကံကို အရကောက်လိုက်တဲ့အခါ ဘာရခဲ့သလဲ၊ ကံဖြစ်ကြောင်း ကာယဒွါရ, ဝစီဒွါရ, မနောဒွါရနှင့် စေတနာ စေတသိက်တို့ကို ရတယ်၊ ဒွါရက အကြောင်းတရား၊ စေတနာကအကျိုးတရား၊ အကြောင်းနှင့်အကျိုးဆိုတာ တစ်ခုနှင့်တစ်ခု ဆက်စပ်နေတဲ့တရားပဲကွယ့်၊ အကြောင်းကိုဆိုလည်း အကျိုးကိုရတယ်၊ အကျိုးကိုဆိုခဲ့လျှင်လည်း အကြောင်းကိုရတယ်၊ သည်ဟာကို

http://www.dhammadownload.com



နည်းလေးဆယ်မှာ ဘယ်လိုပြောသလဲ၊ အကြောင်းကိုဆိုသဖြင့် အကျိုးကိုရသော နည်းသည် နာနန္တရိကနည်းမည်၏၊ အကျိုးကိုဆိုသဖြင့် အကြောင်းကိုရသော နည်းသည် အဝိနာဘာနည်းမည်၏လို့ ပြတယ်ကွယ့်၊ ယခု ကံ–ဒွါရအရေးမှာ ကာယကံ, ဝစီကံ, မနောကံတို့ဖြင့် ဆိုခဲ့လျှင် အကျိုးကိုဆိုတာမို့ အဝိနာဘာဝနည်း၊ ကာယဒွါရ, ဝစီဒွါရ, မနောဒွါရတို့ဖြင့်လို့ဆိုခဲ့လျှင် အကြောင်းကိုဆိုတဲ့ အတွက် နာနန္တရိကနည်းလို့ဆိုရမှာပေါ့၊ တစ်နည်းအားဖြင့် ကာယကံ, ဝစီကံ, မနောကံတို့ကို ဝိဂြိုဟ်ပြုခဲ့လျှင် **ကာယေ ပဝတ္တံ ကမ္မံ ကာယကမ္မံ၊ ဝစသိ ပဝတ္တံ ကမ္မံ ဝစီကမ္မံ၊ မနသိ ပဝတ္တံ ကမ္မံ မနောကမ္မံ**–လို့ သတ္တမီတပ္ပုရိသ် သမာသ် လုပ်ရလိမ့်မယ်၊ သတ္တမီတပ္ပုရိသ်လုပ်ခဲ့လျှင် ကာယဒွါရ, ဝစီဒွါရ, မနောဒွါရများဟာ ကံရဲ့တည်ရာ အာဓာရဖြစ်ပြီး ကံက အာဓေယျဖြစ်တယ်၊ အာဓာရဆိုတာက ဌာန၊ အာဓေယျဆိုတာက ဌာနီ, ဌာနရဲ့အမည် ဌာနီအပေါ် တင်စားခေါ်ဝေါ်တာကို ဌာနျူပစာရတဲ့၊ သည်ဥပစာရနည်းအားဖြင့်လည်း ဒွါရလို့ပင်ဆိုဆို, ကံလို့ပင်ဆိုဆို မှားတယ်လို့ မဆိုနိုင်ဘူးပေါ့၊ ဒါနှင့်ပတ်သက်ပြီး မန်လည်ဆရာတော်ဘုရားကြီးရဲ့ စကားပုံတစ်ခု ပြောပြရဦးမယ်"

"မိန့်တော်မူပါ ဘုရား"

"မန်လည်ဆရာတော်ဘုရားကြီး ကသာမြို့မှာ သီတင်းသုံးပြီး တာဝတိံသာ မဟာစေတီ တည်စဉ်ကာလက ကံနှင့်ဒွါရတို့ရဲ့ အကွဲဟာ အလွန်ပြင်းထန်နေတဲ့ အချိန်ဖြစ်တယ်၊ အမှန်မှာတော့ သည် ကံ–ဒွါရ အငြင်းအခုံဟာ မြစ်ဝကျွန်းပေါ် တစ်လျှောက်မှာ ဖြစ်တာပါ၊ အညာဒေသမှာ မဖြစ်ပါဘူး၊ သို့သော်လည်း အရောင်တော့ ဟပ်သပေါ့ကွယ်၊ လူရော ရဟန်းရော ကံကမှန်တယ်၊ ဒွါရက မှန်တယ်နှင့် စကားဖြစ်ခဲ့ကြသပေါ့၊ အဲသည်အကြောင်းကို ကသာမြို့ ဒါယကာကြီး တစ်ယောက်က မန်လည်ဆရာတော်ကို လျှောက်သတဲ့၊ ယခုငြင်းခုံနေကြတဲ့ ကံနှင့် ဒွါရနှစ်ပါးအနက် ဘယ်ဟာက မှန်သလဲပေါ့၊ ဒါယကာကြီးက အားကိုးတကြီး လျှောက်ထားသော်လည်း မန်လည်ဆရာတော်ကြီးက ရုတ်တရက်မဖြေဘဲ ဟေ့ဒကာ–ရေကပ်စမ်းလို့ မိန့်တော်မူသတဲ့၊ ဒကာကြီးလည်း ကပျာကယာထတဲ့ပြီး ရေအိုးပေါ် မှောက်ထားတဲ့ ရေခွက်နှင့် ရေခပ်ယူပြီး ဆရာတော်ကြီးကို ကပ်သတဲ့၊ ဆရာတော်ကြီးက ပြုံးပြီး 'ဟေ့–ဒကာ မင်းကို

http://www.dhammadownload.com



ငါ အကပ်ခိုင်းတာ ရေမဟုတ်လား၊ ဘယ့်နှယ်ခွက်လာကပ်တာတုန်း’လို့ မိန့်တော်မူတော့ ဒကာက ခွက်ထဲမှာ ရေရှိပါတယ် ဘုရားလို့ လျှောက်သတဲ့၊ ရေရှိလျှင် ရေချည်းကပ်ပါတော့၊ ဘယ့်နှယ်ကြောင့် ခွက်ကြီးပါ ယူခဲ့ရတာလဲ လို့ ဆရာတော်က ပြောတော့ ဒကာက မှန်ပါ– ရေကိုခွက်နှင့်ထည့်မှ ရလို့ပါဘုရားလို့ လျှောက်ပြန်သတဲ့၊ ဒီတော့ ဆရာတော်က ဒကာရေ–လို့ ခေါ်တော်မူပြီး ဒွါရနှင့် ကံဟာ ခွက်နှင့် ရေလိုပါပဲကွယ်၊ ဒွါရက ခွက်နှင့် တူတယ်၊ ရေက ကံနှင့်တူတယ်၊ ခွက်နှင့်ရေဟာ ကင်းကွာလို့ မရသလို ဒွါရနှင့် ကံဟာလည်း ကင်းကွာလို့မရဘူး၊ အဲဒါ နည်းလေးဆယ်မှာတော့ နာနန္တရိကနည်း, အဝိနာဘာဝနည်းလို့ ဆိုတာပေါ့ကွယ်၊ ဒါကြောင့် ဒွါရနှင့်ပင် ရှိခိုးရှိခိုး, ကံနှင့်ပင်ရှိခိုးရှိခိုး အားလုံး မှန်တာချည်းပါပဲ၊ ဘယ့်နှယ် သဘောကျ ရဲ့လားဟေ့–လို့ မေးတော့ ဒကာက မှန်ပါ–သဘောကျကြောင်းပါ ဘုရားလို့ လျှောက်ထားသတဲ့ကွယ်။

အဲသည်မန်လည်ဆရာတော်ရဲ့ အဆုံးအဖြတ်အတိုင်း ဒွါရနှင့် ကံကို ဌာန, ဌာနီအဖြစ်ဖြင့်လည်းကောင်း၊ အဝိနာဘာဝနည်းအားဖြင့် လည်းကောင်း၊ ကောက်ယူနိုင်တဲ့အတွက် ဒွါရနှင့်ပင်ရှိခိုးရှိခိုး, ကံနှင့်ပင် ရှိခိုးရှိခိုး အားလုံး မှန်တယ်လို့ ဆိုလိုက်တာပေါ့ကွယ်၊ အေး–သည်အဖြေက လူတိုင်း နားလည်အောင် အရပ်စကားနှင့် ဖြေလိုက်တဲ့ အဖြေပဲပေါ၊ ကျမ်းဂန်အဆိုကို ဖတ်ကြည့်ချင် သေးတယ်ဆိုလျှင်ဖြင့် အဋ္ဌသာလိနီ ၁၂၃–ကာမဝစရ ကုသလဒွါရကထာနှင့် ပရမတ္ထသရူပ အနုဝဏ္ဏနာ(တ) ၂၇၀–ကစပြီး ဖတ်ရှုပါလို့ ကျမ်းညွှန်လိုက် ရတော့မှာပေါ့ကွယ်”

“မှန်ပါ–သာဓု–သာဓု–သာဓုပါဘုရား”

http://www.dhammadownload.com

# သာဝိတ္တိဆန်း

"ဦးသုခထံက စာတစ်စောင်ရောက်လာပြီ ဘုရား"

"ဘယ်က ဦးသုခတုန်းကွယ့်"

"သီပေါမြို့က ဗေဒင်ဆရာကြီး ဦးသုခပါဘုရား၊"

"အေးကွယ့်၊ ဆရာဦးသုခက စာပေတော်တော် ဖတ်ရှုဟန်တူတယ်၊ စာပေထဲမှာ သူမရှင်းတာတွေ့ပြန်လျှင်လည်း မကြာခဏမေးမြန်းတတ်တယ်၊ ဆရာဦးသုခလည်း ကျန်းကျန်းမာမာနှင့် စာပေဖတ်ရှုနိုင်ပါစေ၊ ငါတို့လည်း သူမေးမြန်းသမျှ ကျန်းကျန်းမာမာနှင့် ဖြေဆိုနိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်၊ အခု ဘာအကြောင်းများမေးမြန်းတာပါလိမ့်၊ သူ့ပေးစာ ဖတ်စမ်းပါဦး"

"သူ့ပေးစာက တော်တော်ရှည်နေတယ်ဘုရာ့၊ အမေးပြဿနာ လေးချက်ပါပါတယ်၊ ဒါကြောင့် ပြဿနာတစ်ခုစီ တပည့်တော်ဖတ်လျှောက်ပါ့မယ်"

ဆရာဦးသုခ၊ ဗေဒင်ဟောခြင်းနှင့် ဇာတာဖွဲ့ခြင်းလုပ်ငန်း၊ အမှတ် ၁၇၁၊ သရဖီလမ်း၊ ပန်းထိမ်ရပ်၊ သီပေါမြို့၊ (ရက်စွဲ ၉-၃-၈၄) ရှိသေစွာ ခြေတော်ဦးခိုက် လျှောက်ထားလိုက်ပါသည်၊ မဟာသုတကာရီ မဃဒေဝလင်္ကာသစ် အပိုဒ် ၅၉၀-တွင် (မကွာမကွာ၊ သရဏာဟု၊ ရတနာရွှေကုံး၊ ပဒသုံးတိ၊ ရှစ်လုံးညီညို၊ ခရာချိုသည်၊ ဂါယတ္တိဆန်း၊ သာဝိတ်ပန်းကို၊ လန်းလန်းကြည်ရွှင်၊ ထိပ်ဝယ်တင်၍၊ ပန်ဆင်မကင်း) ဟူ၍ စပ်ဆိုတော်မူရာ၌ မည်သည့် အဓိပ္ပာယ် မှတ်ယူရမည်ကို အမိန့်ရှိတော်မူပါ ဘုရား တဲ့"

http://www.dhammadownload.com



"ဩော်-ဦးသုခက သာဝိတ္တိ ဆန္ဒတော မုခံ ဆိုတဲ့ သာဝိတ္တိဆန်း ဂါထာအကြောင်း မေးတာကို။ သာဝိတ္တိဂါထာအကြောင်းကို အဘိဓာနပ္ပဒီပိကာ ပါဠိ ၄၁၇-မှာ

ဂါယတ္တိပ္ပမုခံ ဆန္ဒံ၊ စတုဗ္ဗီသက္ခရံ တု ယံ။
ဝေဒါနမာဒိဘူတံ သာ၊ သာဝိတ္တိ တိပဒံ သိယာ-

လို့ ပြထားတယ်ကွယ့်၊ အနက်ကတော့ ဂါယတ္တိပ္ပမုခံ-ဂါယတ္တိဆန်း အစရှိသည်သည်၊ ဆန္ဒံ-ဆန်းမည်၏၊ တု-အထူးကို ဆိုဦးအံ့၊ စတုဝီသက္ခရံ- အက္ခရာ၂၄-လုံးရှိသော၊ ဒေဝါနံ-ပိဋကတ်သုံးပုံတည်းဟူသော ပရမတ္ထဗေဒင် တို့၏၊ အာဒိဘူတံ-အစဖြစ်၍ဖြစ်သော၊ တိပဒံ-သုံးပဒရှိသော၊ ယံ-အကြင်ဆန်း သည်၊ အတ္ထိ-ရှိ၏၊ သာ-ထိုဆန်းသည်၊ သာဝိတ္တိ-သာဝတ္တိဆန်းမည်သည်၊ သိယာ-ဖြစ်၏တဲ့။

သည်ဂါထာရဲ့အဓိပ္ပာယ်က မြန်မာများကဗျာဖွဲ့သလို ပါဠိကဗျာ ဂါထာ ဖွဲ့ဆိုတဲ့ကျမ်းကို ဆန်းကျမ်းလို့ခေါ်တယ်၊ ဆန်းကျမ်းဟာ လောကီကျမ်းသက် သက်ပဲ၊ လောကုတ္တရာကျမ်းမဟုတ်ဘူး၊ အဲသည် ဆန်းကျမ်းရဲ့အစဟာ ဂါယတ္တိဆန်းတဲ့၊ ဂါယတ္တိဆိုတဲ့စကားနှင့် ဂါထာဆိုတဲ့စကားဟာ အဓိပ္ပာယ် ချင်းတူပါတယ်၊ ရွတ်ဆိုတဲ့အတွက် ဂါယတ္တိ(သို့မဟုတ်) ဂါထာလို့ခေါ်တာ တဲ့၊ မြန်မာသီချင်းဆိုတာနှင့် တူတာပေါ့၊ အဲသည်ရွတ်ဆိုတဲ့ သီချင်းဂါထာဟာ တစ်လုံးဘွဲ့ကစပြီး ရှိတယ်၊ အစဉ်အတိုင်း ပြောရမယ်ဆိုလျှင်-

၁-လုံးဖွဲ့ ဥတ္တဆန်း - ကံ, မေ, သံ, ဘူ။
၂-လုံးဖွဲ့ အစ္စုတဆန်း - ကောတေ, သတ္ထာ, ဗုဒ္ဓေါ, ဓမ္မော
၃-လုံးဖွဲ့ မဇ္ဈာဆန်း - တိဏ္ဏောဟံ, တာရေသံ, ဝေနေယျေ, ဒုဿန္တံ။
၄-လုံးဖွဲ့ ပတိဋ္ဌာဆန်း - ယောဟံ ဗုဒ္ဓ, ပူဇေသံ သေ, ဓမ္မံ သံဃံ, နိဿေ သဋ္ဌံ။
၅-လုံးဖွဲ့ သုပ္ပတိဋ္ဌာဆန်း - သုဇုတိရေ, တိတသုခဒံ, ဝရဂုဏဓံ, ဓိနဘိနမေ။

http://www.dhammadownload.com



သည့် ငါးလုံးဘွဲ့အထိ ဂါထာများဟာ ဆန်းတော့ ဆန်းဂါထာများပဲ၊ သို့သော်လည်း ရွတ်ဆိုရာမှာ အရာမရောက်လို့ ဂါယတ္တီဆန်းတွင်းကို မထည့်သွင်းဘူး၊ တစ်ပဒလျှင် အက္ခရာ ၆–လုံး၊၄–ပဒ အက္ခရာ ၂၄–လုံးရှိမှ ဂါယတ္တီဆန်းအတွင်း ပါဝင်တယ်၊ ဒါကြောင့် ဂါယတ္တီ ၆–လုံးဖွဲ့ဆန်းကို ဆန်းကျမ်း(ဝါ)ဂါထာတို့ရဲ့အစလို့ ဆိုတယ်၊ ၆–လုံးဖွဲ့ ဂါယတ္တီဆန်းက တက်ခဲ့လျှင်–

၇–လုံးဖွဲ့ ဥဏှိဆန်း – ကုမာရလလိတာဂါထာ၊
၈–လုံးဖွဲ့ အနုဋ္ဌုဘဆန်း – ဓိတြပဒဂါထာစသည်၊
၉–လုံးဖွဲ့ ဗြဟတီဆန်း – ဟလမုခီဂါထာစသည်၊
၁၀–လုံးဖွဲ့ ပင်္တိဆန်း – သုဒ္ဓဝိရာဇိတဂါထာစသည်၊
၁၁–လုံးဖွဲ့ တုဋ္ဌုဘဆန်း – ဣန္ဒဝဇိရာဂါထာစသည်၊
၁၂–လုံးဖွဲ့ ဇဂတီဆန်း – ဝံသဋ္ဌဂါထာစသည်၊
၁၃–လုံးဖွဲ့ အတိဇဂတီဆန်း – မဟာသိနီဂါထာစသည်၊
၁၄–လုံးဖွဲ့ သက္ကရီဆန်း – အပရာဇိတဂါထာစသည်၊
၁၅–လုံးဖွဲ့ အတိသက္ကရီဆန်း – သသိကလာဂါထာစသည်၊
၁၆–လုံးဖွဲ့ အဋ္ဌိဆန်း – ဝါနိနီဂါထာစသည်၊
၁၇–လုံးဖွဲ့ အတိအဋ္ဌိဆန်း – သိခရဏီဂါထာစသည်၊
၁၈–လုံးဖွဲ့ ဓုတိဆန်း – ကုသုမိတ လတာ ဝေလ္လိတဂါထာ၊
၁၉–လုံးဖွဲ့ အတိဓုတိဆန်း – မေဃဝိဖ္ဖုဇ္ဇိတဂါထာစသည်၊
၂၀–လုံးဖွဲ့ ကတိဆန်း – ဝုတ္တဂါထာ၊
၂၁–လုံးဖွဲ့ ပကတိဆန်း – သဒ္ဒရာဂါထာ၊
၂၂–လုံးဖွဲ့ အာကတိဆန်း – ဘဒ္ဒကဂါထာ၊
၂၃–လုံးဖွဲ့ ဝိကတိဆန်း – လလိတာဂါထာ၊
၂၄–လုံးဖွဲ့ သံကတိဆန်း – တနုဂါထာ၊
၂၅–လုံးဖွဲ့ အဘိက္ကတိဆန်း – ကောဉ္စပဒဂါထာ၊
၂၆–လုံးဖွဲ့ ဥက္ကတိဆန်း – ဘုဇင်္ဂဝိဇမ္ဘိတဂါထာ။

သည်ဂါထာတွေဟာ ဝုတ္တောဒယဆန်းကျမ်းကလာတဲ့ ဂါထာတွေပဲကွယ့်၊ ဝုတ္တောဒယဆိုတဲ့ လောကီကျမ်းကလာတာ မဟုတ်ပါဘဲ သာသနာတော်

http://www.dhammadownload.com



အတွင်း ချဉ်းနင်းဝင်ရောက်ရာ အဦးအစဖြစ်တဲ့ လောကုတ္တရာဂါထာဆိုတာလည်း ရှိသေးတယ်တဲ့။

လောကီဆန်းကျမ်းက တစ်ပဒလျှင် အက္ခရာတစ်လုံးကစပြီး လေးပဒစီ ဖွဲ့ရတယ်၊ လောကုတ္တရာဂါထာတော်ကတော့ တစ်ပဒလျှင် အက္ခရာ ၈–လုံး၊ သုံးပဒစီဖွဲ့တဲ့အတွက် အက္ခရာပေါင်း ၂၄–လုံးရှိတယ်တဲ့၊ အဲသည်အက္ခရာ ၂၄–လုံးရှိ၍ သာသနာတော်အတွင်း ဝင်ရောက်ရာ အဦးအစဖြစ်တဲ့ ဆန်းဂါထာကိုတော့ သာဝိတ္တိဆန်း သာဝိတ္တိဂါထာလို့ ခေါ်တယ်၊ အဲသည် သာဝိတ္တိဂါထာဟာ ဘယ်ဟာလဲဆိုတော့ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ ဆိုတဲ့ သရဂုံသုံးပါး ဂါထာဖြစ်တယ်ကွယ့်”

“အက္ခရာ ၂၄–လုံး သုံးပဒရှိတဲ့ သည် သာဝိတ္တိဂါထာကို သာသနာတော်အတွင်း ဝင်ရောက်ရာ အစအဦးဂါထာဖြစ်ကြောင်း ဘယ်ကျမ်းဂန်က မိန့်ဆိုပါသလဲ အမိန့်ရှိပါဦးဘုရား”

“သည် သာဝိတ္တိဂါထာဟာ သာသနာတော်အတွင်း ဝင်ရောက်ရာ အစအဦးဂါထာဖြစ်ကြောင်း သုတ္တနိပါတ် ပါဠိ ၃၆၃–နှင့် မဇ္ဈိမပဏ္ဏာသပါဠိ ၃၄၇–မှာ ဘုရားရှင် ဟောတော်မူထားတယ်ကွယ့်”

“မှန်ပါ–အကျယ်အမိန့်ရှိပါဦး ဘုရား”

“အေးကွယ့်–သည် သုတ်နှစ်သုတ်ဟာ အဓိပ္ပာယ်ချင်းအတူတူမို့ တစ်သုတ်တည်း ပေါင်းဖော်ပြမယ်”

## သေလသုတ်

အခါတစ်ပါး ဘုရားရှင်ဟာ တစ်ထောင့်နှစ်ရာ့ငါးဆယ်မျှလောက်ကုန်သော ရဟန်းသံဃာတော်အခြံအရံနှင့် အင်္ဂုတ္တရာပတိုင်းအတွင်း ဒေသစာရီ ကြွချီတော်မူတဲ့အခါ အာပဏအမည်ရှိတဲ့ ရွာနိဂုံးကို ဆိုက်ရောက်တော်မူသတဲ့ ကွယ့်၊ အာပဏနိဂုံးမှာလည်း ကေဏိယအမည်ရှိတဲ့ ရသေ့တစ်ပါးရှိတယ်၊ အဲဒီရသေ့က ပုဏ္ဏားများအကြည်အညိုခံ ဆရာဖြစ်ပြီး သားမယားနှင့် နေတဲ့ ရသေ့ကွယ့်”

“သားမယားနှင့် နေရတဲ့ ရသေ့မျိုးလည်း ရှိသလားဘုရား”

http://www.dhammadownload.com



"ရသေ့ဆိုတာ ဗုဒ္ဓသာသနာတော်အတွင်းသားမဟုတ်ဘူး၊ သာသနာပ ပုဂ္ဂိုလ်တွေဆိုတော့ သူတို့စိတ်ထင်ရာ ကျင့်ကြံနေကြတဲ့ ပုဂ္ဂိုလ်မျိုးကွယ့်၊ ဒါကြောင့် သားမယားနှင့်နေရတဲ့ ရသေ့မျိုးလည်းရှိတယ်၊ အလွန်ခြိုးခြံစွာ ကျင့်တဲ့ ရသေ့မျိုးလည်းရှိတယ်၊ သုတ္တနိပါတ် အဋ္ဌကထာ(ပ)၃၁၀–မှာဆိုလျှင် ရသေ့ ရှစ်မျိုးရှိကြောင်း ပြထားတယ်ကွယ့်"

"ရသေ့ ရှစ်မျိုးဆိုတာလည်း အမိန့်ရှိပါဦး ဘုရား"

"ရသေ့ ရှစ်မျိုးက– (၁) သပုတ္တဘရိယရသေ့=သားမယားနှင့် နေရတဲ့ ရသေ့၊ (၂) ဥဉ္ဆာစရိယရသေ့=ကောက်သင်းကောက်စားသော ရသေ့၊ (၃) အနဂ္ဂိပက္ကိကရသေ့=ဆန်စသည် အလျှူခံပြီး ချက်စားသော ရသေ့၊ (၄) အသာမပါကရသေ့=ဆွမ်းခံစားတဲ့ရသေ့၊ (၅) အသ္မမုဋ္ဌိကရသေ့=သစ်ခေါက်ခွာပြီး ထောင်းစားတဲ့ ရသေ့၊ (၆) ဒန္တဝက္ကလိကရသေ့=သွားဖြင့် ကိုက်ခွာစားတဲ့ ရသေ့၊ (၇) ပဝတ္တဖလဘောဇနရသေ့=သစ်သီး သစ်ဥတို့ကို ခြွေဆွတ်စားတဲ့ ရသေ့၊ (၈) ပဏ္ဍုပလာသိကရသေ့=အလိုအလျောက်ကြွေကျတဲ့ အသီးအပွင့်များကို စားတဲ့ ရသေ့ အားလုံးရှစ်မျိုးရှိတယ်၊ သည် ရှစ်မျိုးထဲက ကေဏိယရသေ့ဟာ သားမယားနှင့်နေရတဲ့ သပုတ္တဘရိယရသေ့မျိုး ဖြစ်တယ်"

"ဆက်ပြီး အမိန့်ရှိပါဦး ဘုရား"

"ကေဏိယဟာ ဘုရားရှင်မကြွရောက်မီကပင် ဘုရားရှင်ရဲ့ ဂုဏ်တော်များကို ကြားဖူးတယ်၊ ဘုရားရှင်ဟာ ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတယ်၊ တရားဟောလည်းကောင်းတယ်၊ စင်ကြယ်တဲ့ အကျင့်ရှိတဲ့ သည်လိုပုဂ္ဂိုလ်မြတ်ကြီးကို ဖူးမြော်ရခြင်းဟာလည်း အင်မတန်ကောင်းတယ်လို့ သတင်းစကားကြားဖူးတယ်၊ ဒါကြောင့် ဘုရားရှင်ကြွရောက်လာကြောင်း ကြားလျှင်ကြားချင်း ဘုရားဖူးသွားရောက်ခဲ့တယ်၊ ဘုရားရှင်က တရားဓမ္မ ဟောပြတော်မူတော့ ဘုရားရှင်အပေါ် ကြည်ညိုပြီး နက်ဖြန် ရဟန်းသံဃာနှင့်တကွ ဆွမ်းကပ်ပါရစေလို့ လျှောက်ထားတယ်၊ ဘုရားရှင်က ရဟန်းတော်ပေါင်း တစ်ထောင့်နှစ်ရာ့ငါးဆယ် ပါလာတဲ့အတွက် အလွန်များတယ်၊ ပြီးတော့ သင်ဟာလည်း ပုဏ္ဏားတို့အပေါ် ကြည်ညိုသူဖြစ်တယ်လို့ မိန့်တော်မူပြီး ဆွမ်းဖိတ်တာကို လက်မခံဘူး၊ ကေဏိယ သုံးကြိမ်တိုင်အောင် ထပ်ကာထပ်ကာပင့်မှ လက်ခံတော်မူလိုက်တယ်၊ ဘုရားရှင်

http://www.dhammadownload.com



က ဆွမ်းလက်ခံတော်မူတော့ ကေဏိယရသေ့ဟာ သူနေတဲ့ကျောင်းသင်္ခမ်းကို ပြန်သွားပြီး နောက်တစ်ရက်ဆွမ်းလုပ်ကျွေးဖို့ အပေါင်းအသင်းများနှင့် မဏ္ဍပ်ဆောက်ခြင်းများကို ပြုလုပ်သတဲ့။

သည်အခါ ဗေဒပါရဂူဖြစ်တဲ့ သေလပုဏ္ဏားဟာ အာပဏနိဂုံးမှာ နေပြီး တပည့်သုံးရာတို့ကို ဗေဒင်ပို့ချနေသတဲ့၊ ညချမ်းအချိန်ရောက်တော့ တပည့်များအခြံအရံနှင့် လမ်းလျှောက်ထွက်ရင်း ကေဏိယရသေ့ရဲ့ သင်္ခမ်းကျောင်းအနီးရောက်သွားတယ်၊ ကေဏိယရသေ့နှင့် သေလပုဏ္ဏားတို့ဟာ တစ်ဦးအပေါ်တစ်ဦး လေးစားရင်းရှိကြတဲ့ ပုဂ္ဂိုလ်များဖြစ်ကြတယ်၊ သေလပုဏ္ဏားဟာ ကေဏိယရသေ့ကျောင်းအနီး ရောက်သွားတော့ လှုပ်လှုပ်ရှားရှားလုပ်ကိုင်နေကြတာမြင်တာနဲ့ ကေဏိယရသေ့ဆီဝင်သွားပြီး 'အရှင်ကေဏိယ သမီးကိုယူခြင်း, သမီးပေးခြင်း အာဝါဟ ဝိဝါဟ မင်္ဂလာပွဲများရှိသလား၊ ဒါမှမဟုတ် ယဇ်ပူဇော်ဖို့ စီမံနေတာလား၊ ဒါမှမဟုတ် ဗိမ္ဗိသာရမင်းကြီးများ ကြွချီလာမှာမို့ စားဖွယ်သောက်ဖွယ်တွေ ပြင်ဆင်နေတာလား'လို့ မေးတယ်၊ ကေဏိယရသေ့က 'အရှင်သေလ–အဲဒါတွေ တစ်ခုမှမဟုတ်ပါဘူး၊ ဂုဏ်တော် ကိုးပါးနှင့် ပြည့်စုံတော်မူတဲ့ ဂေါတမဘုရားရှင်ကို ဆွမ်းကျွေးဖို့ ပြင်ဆင်နေခြင်း ဖြစ်ပါတယ်'လို့ ပြန်ပြောတယ်၊ ဘုရားဆိုတဲ့ အသံကိုကြားတော့ သေလပုဏ္ဏားရဲ့စိတ်ဟာ တစ်မျိုးဖြစ်သွားတယ်၊ ဒါကြောင့် 'အရှင်ကေဏိယ–ဘုရားလို့ အသင်ပြောတာ ဟုတ်သလား'လို့ မေးတယ်၊ 'ဟုတ်ပါတယ်'လို့ပြန်ပြောတော့ သေလပုဏ္ဏားရဲ့ စိတ်မှာ လောကမှာ ဘုရား ဘုရားဆိုတဲ့ အသံကိုမျှတောင် ကြားဖူးဖို့ ခဲယဉ်းတယ်၊ ဗေဒင်ကျမ်းမှာ ၃၂–ပါးသော ယောကျ်ားမြတ်တို့ရဲ့ လက္ခဏာဆိုတာ ပြထားတယ်၊ သည်လက္ခဏာနှင့်ညီတဲ့ ယောကျ်ားဟာ စကြာမင်းသော်လည်း ဖြစ်ရမယ်၊ ဘုရားသော်လည်း ဖြစ်ရမယ်လို့ ဆိုထားတယ်၊ ဘုရား ဟုတ်မဟုတ် သွားရောက်လေ့လာရလျှင် ကောင်းလိမ့်မယ်လို့ အကြံဖြစ်လာတဲ့အတွက် 'အရှင်ကေဏိယ ဂေါတမဗုဒ္ဓဟာ ယခု ဘယ်မှာ သီတင်းသုံးပါသလဲ'လို့ မေးတယ်၊ 'တောအုပ်အတွင်းမှာ သီတင်းသုံးနေပါတယ်'လို့ ပြောလိုက်တယ်၊ သေလပုဏ္ဏားလည်း တပည့်သုံးရာနှင့်အတူ ကေဏိယညွှန်ပြတဲ့ တောအုပ်အတွင်း ဝင်ရောက်ပြီး ဘုရားရှင်နှင့် တွေ့ဆုံတယ်၊ ဘုရားရှင်နှင့်တွေ့ဆုံပြီး ဝေဒကျမ်းကလာတဲ့

http://www.dhammadownload.com



၃၂–ပါးသော လက္ခဏာတော်များကို ဘုရားရှင်ရဲ့ကိုယ်တော်အပေါ်မှာ ရှာဖွေသတဲ့၊ အဲသလို ရှာဖွေရာမှာ လက္ခဏာတော် သုံးဆယ်ကိုတော့တွေ့တယ်၊ လက္ခဏာနှစ်ပါးကိုတော့ မတွေ့ဘူးတဲ့၊ မတွေ့တာက ဘယ်လက္ခဏာများလည်းဆိုတော့ လျှို့ဝှက်အပ်သော လိင်နိမိတ်နှင့် ကျယ်ပြန့်သော လျှာတော်နိမိတ်ဖြစ်တယ်၊ သည်နိမိတ်နှစ်ပါးကိုလည်း ဘုရားရှင်ရဲ့တန်ခိုးတော်နှင့် မြင်စေတယ်။

သေလပုဏ္ဏားဟာ ၃၂–ပါးသော လက္ခဏာတော်များကို မြင်ပြီးတဲ့နောက် အရှင်ဂေါတမမှာ ၃၂–ပါးသော လက္ခဏာတော်များနှင့်တော့ ပြည့်စုံနေပြီ၊ သို့သော် ဗုဒ္ဓဘုရား ဟုတ်မဟုတ်တော့ ငါကေန်မသိသေးဘူး၊ ရှေးပုဏ္ဏားအိုကြီးများထံက ကြားဖူးတာကတော့ ဗုဒ္ဓဘုရားမည်သည် မိမိဂုဏ်ကို ချီးကျူးပြောဆိုခဲ့လျှင် မိမိကိုယ်ကို ထင်စွာပြုတတ်သတဲ့၊ ငါဟာ ဘုရားရှင်ရဲ့ မျက်မှောက်၌ပင် ဘုရားဂုဏ်များကို ချီးကျူးပြောဆိုရလျှင် ကောင်းလိမ့်မယ်လို့ အကြံဖြစ်ပေါ်လာတဲ့အတွက် ၆–ဂါထာတို့ဖြင့် ဘုရားဂုဏ်တော်များကို ချီးကျူးပြီး အရှင်ဟာ လေးကျွန်းလုံးကို အစိုးရတဲ့ စကြဝတေးမင်း ဖြစ်ထိုက်တယ်၊ မင်းတကာတို့ထက် မင်းဖြစ်သော စကြဝတေးမင်းဖြစ်ပြီး မင်းလုပ်တော်မူပါလို့ လျှောက်ထားတယ်၊ သည်အခါ ဘုရားရှင်က ‘သေလ–ငါဟာမင်းဖြစ်တယ်၊ တရားမင်းဖြစ်တယ်၊ တရားစက်ကို လည်နိုင်သူ စကြဝတေးမင်းဖြစ်တယ်’လို့ ပြန်ပြောတယ်၊ သည်တော့ သေလပုဏ္ဏားက ‘အရှင်ဟာ စကြဝတေးမင်းဖြစ်ခဲ့လျှင် အရှင်ရဲ့ တပည့်စစ်သူကြီးက ဘယ်သူလဲ၊ အရှင်လည်စေတဲ့ စကြာကို ဆက်လက်လည်စေမည့် ပုဂ္ဂိုလ်က ဘယ်သူလဲ’လို့ မေးတယ်၊ ဘုရားရှင်က ‘သေလ–ငါ့တပည့် တရားစစ်သူကြီးဟာ ရှင်သာရိပုတ္တရာဖြစ်တယ်၊ ရှင်သာရိပုတ္တရာဟာ ငါလည်စေတဲ့ တရားစကြာကို ဆက်လက်လည်စေမည့် ပုဂ္ဂိုလ်ဖြစ်တယ်’လို့ မိန့်တော်မူပြီး တရားဆက်ဟောတဲ့အတွက် သေလပုဏ္ဏားဟာ ရဟန်းဝတ်ပြီး တရားကျင့်ဖို့ စိတ်ပိုင်းဖြတ်လိုက်တယ်၊ ဒါကြောင့် တပည့်များကို အပါးခေါ်ယူပြီး ‘အမောင်တို့ ခြင်္သေ့ဟောက်သလို မြွက်ကြားတော်မူတဲ့ ဘုရားရှင်ရဲ့ စကားတော်ကို ကြားကြတယ် မဟုတ်လား၊ သည်မျှထူးခြားတဲ့ဘုရားရှင်ကို လူယဉ်ကျေးတွေ မဆိုထားဘိ၊ လူရိုင်းမျိုးပင်ဖြစ်စေ မကြည်ညိုဘဲနေနိုင်မည်မဟုတ်ဘူး၊ ငါ့ကို ချစ်မြတ်နိုးကြတဲ့တပည့်များ ငါ့နောက်ကို လိုက်လိုကြလျှင် လိုက်ခဲ့ကြ၊ အလို

http://www.dhammadownload.com



မရှိသောပုဂ္ဂိုလ်များ စိတ်ချမ်းသာရာဌာနကို သွားကြ၊ ငါဟာ ယခုပင် ရဟန်းပြုတော့မယ်လို့ ပြောသတဲ့၊ တပည့်အားလုံးတို့ကလည်း ဆရာရဟန်းပြုလျှင် ကျွန်ုပ်တို့လည်း ရဟန်းပြုပါ့မယ်လို့ သဘောတူညီကြပြီး ဆရာရောတပည့်ပါ အားလုံး ရဟန်းဝတ်ကြတယ်။

နောက်တစ်ရက် နံနက်ကျတော့ ကေဏိယပုဏ္ဏားက ရဟန်းတော်အားလုံးတို့ကို ဆွမ်းကပ်သတဲ့၊ အဲသည် ဆွမ်းကပ်ပွဲမှာ ဘုရားရှင်က 'ယဇ်ပူဇော်ခြင်းတို့တွင် မီးကိုလုပ်ကျွေးခြင်းဟာ အဦးအစဖြစ်တယ်၊ သာဝိတ္တိဂါထာဟာ သာသနာတော်တည်းဟူသော ဆန်းသို့ ဝင်ရောက်ရာ အဦးအစဖြစ်တယ်၊ လူတို့တွင် မင်းဟာ ပဓာနဖြစ်တယ်၊ မြစ်တို့တွင် သမုဒ္ဒရာဟာ ပဓာနဖြစ်တယ်၊ နက္ခတ်တို့တွင် လ,ဟာ ပဓာနဖြစ်တယ်၊ အပူတို့တွင် နေ,ဟာ ပဓာနဖြစ်တယ်၊ ပူဇော်အပ်သော ပုဂ္ဂိုလ်တို့တွင် သံဃာဟာ ပဓာနဖြစ်တယ်'လို့ အနုမောဒနာပြုတော်မူတယ်၊ ဒါကြောင့် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ စတဲ့ သရဏဂုံ ၂၄-လုံး အက္ခရာတို့ဟာ သာသနာတော်တည်းဟူသော ဇေဒနယ်အတွင်း ဝင်ရောက်ရာ အဦးအစဖြစ်ကြောင်း၊ သရဏဂုံမျှ မတည်သေးသောပုဂ္ဂိုလ်ကို ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်လို့ လုံးဝမယူဆသင့်သေးကြောင်း၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ-စသော ၂၄-လုံး သုံးပဒရှိတဲ့ဂါထာကို သာဝိတ္တိဆန်းလို့ ခေါ်ဝေါ်ကြောင်း၊ သည်သာဝိတ္တိဆန်းဟာ ပိဋကတ်တော်ကပင်လာကြောင်း အဖြေပေးလိုက်ပါတယ်ကွယ်"

"မှန်ပါ-သာဝိတ္တိဆန်းပြဿနာတော့ ပြေသွားပါပြီ၊ ဒုတိယအမေးကို ဆက်လက် အဖြေပေးတော်မူပါဦး ဘုရား"

"ဆိုစမ်းပါဦး၊ ဒုတိယအမေးက ဘာတဲ့တုန်း"

## ကြွေးမြီကိစ္စ

"ဒုတိယလျှောက်ထားလိုသည်မှာ မဃဒေဝလင်္ကာသစ် အပိုဒ် ၃၈၆-၌ (မူလထက်ပွား၊ အတိုးအားဖြင့်၊ ခက်ဖျားညွှန့်ဝေ၊ မစားစေနှင့်)ဟူ၍ စပ်ဆိုထားရာ မည်သို့ဆိုလိုသည်ကို အမိန့်ရှိတော်မူပါဘုရားတဲ့"

သည်စကားရပ်က မွေ့သတ်ကျမ်းကလာတဲ့ အတိုးစားမှုနှင့် ပတ်သက်တဲ့ စကားရပ်ပဲကွယ့်၊ ရှေးမြန်မာမင်းများ လက်ထက်က ငွေတိုးစားမှုကို ခွင့်ပြုခဲ့တယ်၊ သို့သော်လည်း အရင်းငွေထက် အတိုးငွေက မပိုစေရဘူး၊ ဥပမာ ငွေ ၁၀-

http://www.dhammadownload.com



ချေးထားလျှင် အတိုး ၁၀–ထက် မပိုရဘူး၊ အကယ်၍ ငွေချေးသူက အတိုးငွေ ၂၀–ပေးပြီးလျှင် အရင်းငွေ ၁၀–ကျပ်၊ အတိုးငွေ ၁၀–ဖြစ်လို့ ငွေချေးငှားခြင်း ကိစ္စပြီးတယ်၊ ထပ်မံတောင်းဆိုခွင့်မရှိဘူး၊ သည်အကြောင်းကို မနုကျယ်ဓမ္မသတ် (ငွေကို ထမ်းပိုးဆိုသော စကားတရား)မှာ ဟောသည်လို ရေးထားတယ်ကွယ့်"

## ငွေကိုထမ်းပိုးဆိုသော စကားတရား

အကြင်သူနှစ်ယောက်တွင် တစ်ယောက်သောသူ ငွေတစ်ကျပ် ချေးစားသည်၊ ငွေရှင်က အနှစ်နှစ် ငွေစားကို မတွေ့ရ၍ မတောင်းရသဖြင့် နှစ်ရှည်အတိုင်းအတိုင်း တက်၍ရကောင်းသည် ငွေရှင်ကဆိုသည်၊ ငွေစားခမှာ ချင့်ငွေတစ်ကျပ်ကို အရင်းပြု၍ ထမ်းပိုးပေးပါမည်၊ အနှစ်နှစ်လည်း မတွေ့ ကြာသည် မှန်ပေသည်ဆိုသည့် ချင်း ထိုနှစ်ဦးအချင်းများကြသည်၊ ငွေဖြစ်သည်၊ ကုန်မဟုတ်၊ နှစ်များစွာကြာသော်လည်း ငွေနှင့်စပ်သည်ကို ထမ်းပိုးတွင် ပေးယူကြစေ၊ ငွေမျိုး, ရွှေမျိုး, သလွဲမည်း, သလွဲဖြူ, ကြေးနီ, ကြေးဝါ စပ်သည်၊ ကြေးမျိုးကိုလည်း နည်းတူ ဖြစ်စေ။

ဦးသုခရဲ့အမေးကို သည်မျှလောက်ဖြေဆိုလျှင် ပြေလောက်ပြီပေါ့ကွယ်၊ သို့သော်လည်း ဦးသုခက မဃဒေဝလင်္ကာကို ဖော်ပြရာမှာ လိုချင်တဲ့အကွက် ကလေးမျှကိုသာ ကွက်ယူပြီး မေးထားတယ်၊ မဃဒေဝလင်္ကာသစ်မှာ ဆိုထားပုံက–

> **ဆုံးဖြတ်ခွဲဝေ၊ မတွေဝေနှင့်၊ လွန်လေရှေးခါ၊ ပြည်ဗာရာဝယ်၊ ဥစ္စာကြွယ်လွှေ့၊ သူဌေးသမီး၊ ငယ်ကြီးတကွ၊ ညီအစ်မသို့၊ မူလထက်ပွား၊ အတိုးအားဖြင့်၊ ခက်ဖျားညွန့်ဝေ၊ မစားစေနှင့်၊ မျိုးဆွေတဝေး၊ တင်မြိကြွေးကြောင့်၊ လုပ်ကျွေးစေပါ၊ ကျွန်ရာခိုင်းငြား၊ သူစိမ်းလားသို့၊ တိုးပွားယူမှု၊ မပြုအပ်ရာ၊ အာနန္ဒာနှင့်၊ ဟသ်ာကိုးသောင်း၊ ပျက်စီးကြောင်းကို၊ ထုံးဟောင်းယူဆ၊ မှတ်ကုန်ကြလော့–လို့ဖွဲ့ထားတယ်ကွယ့်။**

အတိုးစားရာမှာ သူစိမ်းအပေါ် အရင်းထက်ပိုပြီး မစားစေရဘူး၊ ညီအစ်ကို မောင်နှမတွေအပေါ်ကျတော့ အတိုးလည်း မစားစေရဘူး၊ ကျွန်ပြုပြီးတော့လည်း မခိုင်းစေရဘူး၊ အကယ်၍ အတိုးစားခြင်း, ကျွန်ပြုခိုင်းခြင်း ပြုလုပ်ခဲ့လျှင်

http://www.dhammadownload.com



ဓာတ်တူသားစားလို့ အာနန္ဒာငါးကြီးတို့, ဟသ်ာကိုးသောင်းတို့ ပျက်စီးသလို ပျက်စီးတတ်တယ်လို့ ဆိုလိုတယ်ကွယ့်"

"မှန်ပါ၊ လက်ာရဲ့ဆိုလိုရင်းကို နားလည်ပါပြီဘုရား၊ ဒါပေသည့် လွန်လေရှေးအခါ ပြည့်ဗာရာဝယ်ဆိုတာ ဘယ်ကဝတ္ထုကြောင်းကို ယူရေးမှန်း မသိဘူး ဘုရာ့၊ သိလျှင် အမိန့်ရှိပါဦး"

"အဲသည် ဝတ္ထုကြောင်းက မနုကျယ်ဓမ္မသတ်ကပါတဲ့ ဝတ္ထုကြောင်း ပဲကွယ့်၊ မနုကျယ်ဓမ္မသတ်မှာက ဟောသည်လို ရေးထားတယ်ကွယ့်"

## ဗာရာဏသီပြည်၌ သူဌေးသမီး ညီအစ်မတွင် ညီမဖြစ်သူကျွန်ဖြစ်သောတရား

ရှေးသရောအခါက ဗာရာဏသီပြည်၌ ဒုဗ္ဘိက္ခန္တရကပ်၊ သတ္တန္တရကပ်၊ ရောဂန္တရကပ် ထိုကပ်သုံးပါးတွင် မိုးရေရှား၍ စပါးဆန် ဝတ်မွတ်ရှားပါးရကား ဆန်တစ်ကွမ်းစာကို ငွေကျပ်သုံးဆယ်ပြုသတည်း၊ ထိုကာလ သူဌေးသမီး နှစ်ယောက်တွင် အစ်မပြည့်စုံ၍ ညီမလင်မယားမှာ စားရာမဲ့ ညစာ နံနက်စာမျှ မရှိ၍ ညီမကို ဖိုးတန်ရာ ဆန်တစ်ကွမ်းစားပေး၍ စေပါဆိုလျှင် ဆန်တစ်ကွမ်း စာပေး၍ ညီမကိုစေလေ၏။

သီးဟောင်းတက်သောအခါ ငွေတစ်ကျပ်ကို စပါးအများရလေ၏၊ ညီမ လင်လည်း ဆင်းရဲငတ်မွတ်သောအခါ ညီမ ကိုယ်ဖိုး တစ်ကွမ်းစားရ၍ အသက်ရှည်ပေသည်၊ ဆန်တစ်ကွမ်းစားကိုခံပါ ပေးလေ၏၊ အထက် ဆန် တစ်ကွမ်းစားအဖိုးသည် ငွေသုံးဆယ်ဖြစ်သည်၊ ယခု ဆန်တစ်ကွမ်းစားကို မခံသင့်ဆို၏၊ ထမ်းပိုးပေးလေ၏၊ မခံပြန်၍ အထက်လေးသီးပေးလေ၏၊ မခံမယူ၊ ငွေသုံးဆယ်ကိုသာ ရကောင်းသည်ဟုဆိုလေ၏။

ထိုအခါ ရှင်ရသေ့ထံရောက်ကြသော် စကားရင်းကို ပြန်၍ကြားရလျှင် ရှင်ရသေ့ဆိုတော်မူ၏၊ သူစိမ်းပြင်က ဆန်လည်း တစ်ကွမ်းစားမပေးသာပြီ၊ ငွေသုံးဆယ်ပေးရမည်၊ ယခုမှာ သူစိမ်းမဟုတ်၊ တစ်မိတစ်ဖတည်း ညီအစ်မ ဖြစ်ကြသည်၊ ကျေးဇူးသာလွန်းသည်၊ စားယူရင်း ဆန်တစ်ကွမ်းစားကို ပေးစေ၊ အထက်က အဖိုးရှိသည်၊ ငွေသုံးဆယ်ကို မတောင်းအပ်၊ မစားသင့်ချေဟု

http://www.dhammadownload.com



ရှင်ရသေ့ဆိုတော်မူ၏၊ ထို့ကြောင့် သားချင်းတို့က အတိုးအတက်မစားသာ၊ အရင်းတိုင်းဟု မဟာသမ္မတမင်းကြီးအား မနုမည်သော ရှင်ရသေ့ဆိုတော်မူ၏"

"မှန်ပါ–သည်လောက်ဆိုလျှင် ဒုတိယပြဿနာ ပြေလည်လောက်ပါပြီ၊ တတိယပြဿနာ ဖတ်လျှောက်ပါ့မယ် ဘုရား"

"အင်း–ဖတ်စမ်းပါဦး"

## မင်းဘဏ္ဍာ ပြဿနာ

"တတိယလျှောက်ထားလိုသည်မှာ မဃဒေဝလင်္ကာသစ် ၃၈၂–တွင်–

အိုးကြီး အလယ်၊ အိုးငယ်ထောင်သောင်း၊ လောင်း၍မပြည့်၊ အိပ်မက်၏သို့၊ နိုင်းရှဥ္စအလား၊ တူသောအားဖြင့်၊ တိုင်းသားပြည်သူ၊ များရှင်လူတို့၊ ဆာပူညှိုးနွေ၊ မဖြစ်စေနှင့်၊ လူမွေယောကျာ်း၊ မင်းစေများလည်း၊ မင်းအားကို ကိုး၊ မင်းအကျိုးနှင့်၊ ကိုယ်ကျိုးသာမျှ၊ ငဲ့တတ်ကြ၏၊ နဂ္ဂတန်လျှင်း၊ သိန္ဓောမြင်းနှင့်၊ မင်းပါတီးစည်၊ ဗာရာပြည်ကို၊ ဂုဏ်ရည်နွမ်းပါး၊ ဆန်ကွမ်းစားဖြင့်၊ ပိုင်းခြားဟုတ်တတ်၊ အဖိုးဖြတ်သား၊ ရာပြတ်မိုက်လှ၊ မတ်ဗာလသို့၊ အစိုးရဘက်၊ အာဏာယှက်၍၊ နှိပ်စက်တုတ်ခွန်၊ ပိုလွန်လွှမ်းမိုး၊ ပြည်နွမ်းညှိုးအောင်၊ ပွားတိုးအိမ်ခြေ၊ မစစ်စေနှင့်– ဟူ၍စပ်ဆိုရာ၌ မည်သို့ မှတ်သားရမည်ကို အမိန့်ရှိတော်မူပါဘုရား၊ သူ့အမေးက ဒါပါပဲဘုရား၊ အဖြေကို အမိန့်ရှိပါဦး"

"သည်လင်္ကာမှာ ခဲကပ်တဲ့ အနက်အဓိပ္ပာယ် မပါဘူး၊ ဧကနိပါတ် မဟာသုပိနဇာတ်တော်မှာ ကောသလမင်းကြီးဟာ တစ်ညတည်းအိပ်မက်(၁၆) မျိုး မက်သတဲ့၊ ရှစ်ကြိမ်မြောက်မက်တဲ့ အိပ်မက်ထဲက–"မင်းအိမ်တံခါးမှာ အချည်းနှီးသော အိုးပေါင်းများစွာ ခြံရံထားတဲ့ အိုးကြီးတစ်လုံး ရှိသတဲ့၊ ပတ်ဝန်းကျင်က အိုးတွေမှာတော့ ရေအလျှင်း မရှိဘဲ၊ အရပ်ရှစ်မျက်နှာက လာသမျှ လူတွေဟာ ရေပြည့်နေတဲ့အိုးကြီးအတွင်းကိုသာ ရေတွေအထပ်ထပ် လောင်းထည့်ကြတယ်၊ ရေတွေဟာ အထက်ကိုလျှံပြီး စီးထွက်နေတယ်၊ ဒါပေမယ့် အချည်းနှီးသော အခြံအရံအိုးတွေထဲကိုတော့ ဘယ်သူမျှ ရေလောင်းထည့်မည့်သူ မရှိဘူးတဲ့ကွယ့်၊ ကောသလမင်းကြီးက သူ့အိပ်မက်ကို ဘုရားရှင်ထံ

http://www.dhammadownload.com



လျှောက်ထားတော့ ဘုရားရှင်က 'မင်းကြီး–သည်အိပ်မက်ဟာ နောင်အခါ ဖြစ်လိမ့်မယ်၊ အိုးကြီးအတွင်းသာ အရပ်ရှစ်မျက်နှာမှ လာလာသမျှ လူအပေါင်းက ရေလောင်းထည့်ကြရသလို နောင်မင်းများလက်ထက်မှာလည်း မင်းဘဏ္ဍာကိုသာ ပြည်သူလူထုက ဖြည့်ပေးကြရလိမ့်မယ်၊ အရံအိုးနှင့်တူတဲ့ ပြည်သူတို့ရဲ့ ကျီကျကတော့ အချည်းနှီး ဖြစ်လိမ့်မယ်' လို့ ဟောတော်မူတယ်။

မဃဒေဝမင်း တောထွက်ခါနီးတော့ သားတော်ကြီးကို ခေါ်ပြီး 'ကောသလမင်း အိပ်မက်လို မင်းဘဏ္ဍာပြည့်ဖို့ချည်းလည်း မကြည့်နှင့်၊ ပြည်သူတို့ပြည့်ဝဖို့ကိုလည်း ကြည့်ဦး'လို့ ဆုံးမဟန်ကို ဆိုလိုတယ်၊ 'လူမွေယောကျ်ား၊ မင်းစေများလည်း'ဆိုတာက အချို့သော မင်းမှုထမ်းတွေဟာ မင်းကို အားကိုးပြီး ပြည်သူကို ညှဉ်းဆဲတတ်ကြတယ်တဲ့၊ မိမိအကျိုးနှင့် မင်းအကျိုးကိုသာ ကြည့်တယ်၊ ပြည်သူ့အကျိုးကိုတော့ မကြည့်တတ်ကြဘူးတဲ့၊ ရှေးက လူမိုက်ရာဖြတ်လို မင်းအာဏာယူပြီး လူထုကို နှိပ်စက်တတ်ကြတယ်တဲ့၊ အဲဒါမျိုး မဖြစ်စေနှင့်လို့ ဆုံးမတဲ့ စကားပါ၊ အထူးအဆန်း မပါပါဘူး"

"ဆရာတော်ကသာ အထူးအဆန်းမပါဘူးလို့ မိန့်တာ၊ ဆရာတော်မိန့်သွားတဲ့ လူမိုက်ရာဖြတ်ဆိုတာတောင် တပည့်တော် မသိဘူး၊ အမိန့်ရှိပါဦး"

"လူမိုက်ရာဖြတ်ဆိုတာ ကေနိပါတ်ကလာတဲ့ တဏ္ဍုလနာဠိဇာတ်ကို ပြောတာပဲကွယ့်"

"မှန်ပါ–အဲသည်ဇာတ်ကို မိန့်တော်မူပါဦး ဘုရား"

## တဏ္ဍုလနာဠိဇာတ်

ဗာရာဏသီပြည်ဗြဟ္မဒတ်မင်း မင်းပြုစဉ်ကာလက ဘုရားအလောင်းတော်ဟာ ရာဖြတ်အမတ်ကြီး ဖြစ်သတဲ့ကွယ့်၊ မင်းရဲ့ထံတော်ကို ဆင်, မြင်း, ပတ္တမြား, ရွှေ, ငွေ စသည်တို့ကို သွားဆက်သကြတဲ့အခါ ရာဖြတ်အမတ်ရဲ့ ဖြတ်ဆိုတဲ့ တန်ဖိုးနှင့် ပေးသွင်းကြရတယ်၊ ရာဖြတ်အမတ်ကြီးက ထိုက်တန်တဲ့ အဖိုးနှင့်ဖြတ်တာကို လောဘကြီးတဲ့ မင်းက အချောင်ရချင်တော့ အဖိုးဖြတ်တာဟာအလွန်များတယ်၊ ဒီလိုသာ တန်ဖိုးဖြတ်လျှင် မကြာခင် မင်းဘဏ္ဍာကုန်တော့မှာပဲလို့ အတွေးပေါက်ပြီး လူမိုက်တစ်ယောက်ကို ရာဖြတ်ရာထူး

http://www.dhammadownload.com



ခန့်သတဲ့၊ လူမိုက်ကလည်း မင်းမျက်နှာကိုကြည့်ပြီး တစ်ထောင်တန်တဲ့ပစ္စည်း တစ်ကျပ်လောက်နဲ့ တန်ဖိုးဖြတ်ပြီး သိမ်းယူစေသတဲ့။

တစ်ရက်တော့ ဥတ္တရာပထတိုင်းက မြင်းကုန်သည်တစ်ဦး ရောက်လာတယ်၊ ရောင်းစရာ မြင်းပေါင်း ငါးရာ ပါလာတယ်၊ မင်းက ရာဖြတ်ကို ခေါ်ပြီး မြင်းငါးရာတန်ဖိုးကို ဖြတ်စေတဲ့အခါ ရာဖြတ်မိုက်က မြင်းငါးရာကို ဆန်တစ်ကွမ်းစားနှင့် အဖိုးဖြတ်သတဲ့၊ မြင်းကုန်သည်ဟာ ကြံရာမရတော့ အလောင်းတော် ရာဖြတ်ဟောင်းထံ အကြံဉာဏ်တောင်းခံတယ်၊ ရာဖြတ်ဟောင်းက 'သင် ရာဖြတ်မိုက်ထံ တံစိုးလက်ဆောင်ပေးပြီး ဆန်တစ်ကွမ်းစားရဲ့ တန်ဖိုးကို မင်းရှေ့မှာ ဖြတ်ပါစေ'လို့ အကြံပေးလိုက်တယ်၊ ရာဖြတ်မိုက်ဟာ တံစိုးလက်ဆောင်ရတဲ့အတွက် မင်းပရိသတ်ရှေ့မှာ ဆန်တစ်ကွမ်းစားရဲ့အဖိုးကို ဖြတ်မယ်လို့ ပြောလိုက်တယ်၊ နောက်တစ်ရက်ကျတော့ ရာဖြတ်သစ်ရော, ရာဖြတ်ဟောင်းရော, အခြားမှူးမတ်များရော, မြင်းကုန်သည်များရော မင်းရင်ပြင်မှာ စုဝေးမိကြတယ်။

မြင်းကုန်သည်က မင်းကိုရှိခိုးပြီး 'အရှင်မင်းကြီး– မြင်းငါးရာကို ဆန်တစ်ကွမ်းစားထိုက်ကြောင်း သိရပါပြီ၊ ဆန်တစ်ကွမ်းစားရဲ့ တန်ဖိုးကိုလည်း ဖြတ်ပေးတော်မူပါဦး'လို့ လျှောက်ထားကြတယ်၊ မင်းက ရာဖြတ်မိုက်ကို ဆန်တစ်ကွမ်းစားတန်ဖိုး ဖြတ်လိုက်ပါလို့ခိုင်းတယ်၊ ရာဖြတ်မိုက်က ဆန်တစ်ကွမ်းစားဟာ ဗာရာဏသီတစ်ပြည် တန်ပါတယ်လို့ ဖြတ်လိုက်တယ်၊ ရာဖြတ်ရဲ့စကားကို ကြားတော့ မှူးမတ်များဟာ လက်ခုပ်တီးကာရယ်မောကြပြီး 'ငါတို့ဟာ ရှေးက မြေကိုလည်းကောင်း၊ မင်းကိုလည်းကောင်း တန်ဖိုးမဖြတ်အပ်လို့ မှတ်ထားကြတယ်၊ ခုတော့ မင်းနှင့်တကွ ဗာရာဏသီတစ်ပြည်လုံး ဆန်တစ်ကွမ်းစားသာ ထိုက်သတဲ့၊ ရာဖြတ်ရဲ့ဉာဏ်ဟာ အံ့ဩဖွယ်ကောင်းပါပေတယ်'လို့ ကဲ့ရဲ့ကြတဲ့အတွက် ဗြဟ္မဒတ်မင်းဟာ ရှက်နိုးပြီး ရာဖြတ်မိုက်ကို ရာထူးကချပြီး အလောင်းတော်ကို ရာဖြတ်ရာထူး ပြန်အပ်ရတယ်တဲ့၊ အခု ပြောခဲ့တာဟာ လက်ာသမှာပါတဲ့ တဏ္ဍုလနာဠိဇာတ်ပါပဲကွယ်"

"မှန်ပါ–တတိယပြဿနာကတော့ ပြေပါပြီ၊ စတုတ္ထပြဿနာကို ဖုတ် လျှောက်ပါရစေဦး"

http://www.dhammadownload.com



"ဖတ်စမ်းပါဦးကွယ့်"

"စတုတ္ထ လျှောက်ထားလိုသည်မှာ မဃဒေဝ လင်္ကာသစ် ၄၃၆-၌ (ပိဋကတ် ခေါင်ထိ၊ ရှင်ကပိလည်း၊ ဝိစိသို့သာ၊ လားလေပါရှင့်၊ တဏှာဒိဋ္ဌိ၊ မာနငြိက၊ တိပိဋကာ၊ ကျမ်းသုံးဖြာကို၊ သင်ပါဆောင်ကျိုး၊ မရှိနိုးဘူး)ဟူ၍ စပ်ဆိုတော်မူရာ၌ ပိဋကတ်သုံးပုံဆောင်ပြီး အဘယ်ကြောင့် အဝီစိသို့ လားရောက်ရကြောင်း အမိန့်ရှိတော်မူပါ ဘုရားတဲ့"

"သည်လင်္ကာက ဓမ္မပဒအဋ္ဌကထာက လာတဲ့ ကပိလ ငါးကြီးဝတ္ထုကို အခြေခံပြီး ရေးထားတဲ့အတွက် အဲသည်ဝတ္ထုကို သိခဲ့လျှင် သည်ပုစ္ဆာက ဖြေပြီးသား ဖြစ်နေပါပြီကွယ့်"

"ဒါဖြင့် ကပိလ ငါးကြီးဝတ္ထု မိန့်တော်မူပါဦး ဘုရား"

"အစိရဝတီ မြစ်တွင်းမှာ တံငါသည်များ ငါးဖမ်းကြတော့ ရွှေငါးကြီး တစ်ကောင်ကို ဖမ်းမိကြသတဲ့၊ ရွှေငါးကြီးကိုမြင်တော့ သည်ငါးကြီးဟာ အင်မတန်ဆန်းကြယ်တယ်၊ ကောသလမင်းကြီးထံ ဆက်သရလျှင် ဆုလာဘ် ရဖို့ရှိတယ်လို့ တံငါသည်များ သဘောကိုက်ညီကြတဲ့အတွက် ငါးကြီးကို လှေပေါ်တင်ပြီး မင်းထံကို ယူဆောင်သွားကြသတဲ့၊ မင်းကြီးက ဘာလဲလို့မေးတော့ ရွှေငါးကြီးပါဘုရားလို့ လျှောက်ကြတယ်၊ မင်းကြီးဟာ ရွှေငါးကြီးကို ကြည့်ပြီး ငါးကြီးရဲ့အကြောင်းကို ဘုရားရှင်တော့သိမှာပဲလို့ ဘုရားရှင်ထံ ဆောင်ယူစေတယ်၊ ဇေတဝန်ကျောင်းတော်ရောက်တော့ ငါးပါးစပ်က ပုပ်စော်နံနေလို့ တစ်ကျောင်းဝင်းလုံး အနံ့မကောင်းဖြစ်နေသတဲ့။

ကောသလမင်းကြီးက သည်ငါးကြီးဟာ ဘာကြောင့် ရွှေအဆင်းရှိပါသလဲ၊ ဘာကြောင့် ခံတွင်းက ပုပ်စော်နံနေပါသလဲလို့ ဘုရားရှင်ကို လျှောက်ထားတယ်၊ ဘုရားရှင်က မင်းကြီး–သည်ငါးဟာ ကဿပဘုရား သာသနာတော်ကာလက စာတတ်ကျမ်းတတ် ကပိလရဟန်းဖြစ်တယ်၊ ကပိလရဲ့မယ်တော်က သာဓနီလို့ခေါ်တယ်၊ အစ်ကိုက သာဂတ၊ ညီမက တာပနတဲ့၊ အားလုံးမိသားစု လေးယောက်လုံး ကဿပဘုရားရှင် သာသနာတော်တွင်းမှာ ရဟန်းပြုခဲ့ကြတယ်၊ အစ်ကိုသာဂတကတော့ တရားကျင့်လို့ ရဟန္တာဖြစ်သွားတယ်၊ ညီကပိလကတော့ စာပေသင်ကြားတတ်မြောက်လို့ ပရိသတ်များတယ်၊ လာဘ်လာဘ လည်းပေါများတယ်။

http://www.dhammadownload.com



ကပိလရဟန်းဟာ ပရိယတ်ကိုအခြေခံပြီး အလွန်မာနကြီးခဲ့တယ်၊ မအပ်တာကို အပ်တယ်, အပ်တာကို မအပ်ဘူးလို့ ပြောတတ်တယ်၊ သူ့နောင်တော်ရဟန္တာက ဆုံးမသော်လည်း နားမထောင်ဘူး၊ သီလဝန္တ ရဟန်းများကို ပုတ်ခတ်တယ်၊ ဆဲရေးတယ်၊ အမေနှင့်နှမတို့ကလည်း ကပိလကိုမှီပြီး မာနတက်ခဲ့ကြတယ်၊ ဒါကြောင့် သူတို့သုံးဦးကွယ်လွန်တော့ အဝီစိရောက်သွားကြတယ်၊ အဝီစိကလွန်ပြန်တော့ ယခု ငါးဖြစ်ပြန်တယ်၊ ကပိလ ရဟန်းဘဝက ပိဋကတ်တော်ကိုသင်ကြားခဲ့ဖူးတဲ့ အကြောင်းကြောင့် ရွှေအဆင်းနဲ့ တူတယ်၊ ရဟန်းများကို ရေရွတ်ဆဲဆိုခဲ့မှုကြောင့် ပါးစပ်ပုတ်တယ်၊ မင်းကြီး–သည်ငါးကြီးကို ငါမေးမယ်၊ ငါမေးတာကို ဖြေစေရမယ်လို့ မိန့်တော်မူပြီး 'ငါးကြီး–သင်ဟာ ကပိလရဟန်းဖြစ်ခဲ့ဖူးတယ် မဟုတ်လား'လို့ မေးတော်မူတယ်၊ ငါးကြီးက ရဟန်းဖြစ်ခဲ့ဖူးကြောင်း ပြန်ဖြေတယ်၊ ယခု သင် ဘယ်ဘဝကလာတာလဲလို့ ထပ်မေးပြန်တော့ အဝီစိကလာပါတယ်လို့ ငါးကြီးက ပြန်ပြောတယ်၊ သင့်အစ်ကို သာဂတထေရ်ကကော ဘယ်အရပ်ကိုသွားသလဲလို့ မေးပြန်တော့ နောင်တော် ပရိနိဗ္ဗာန်စံပါပြီလို့ လျှောက်ထားတယ်၊ သင့်မိခင်နှင့် သင့်နှမတို့ကောလို့ မေးပြန်တော့ အဝီစိမှာပါလို့ဖြေတယ်၊ သင်ကော ဘယ်သွားဦးမှာလဲလို့ မေးတော့ တပည့်တော် အဝီစိပြန်သွားရမှာပါလို့ဖြေပြီး စိတ်မချမ်းသာတဲ့အတွက် ဦးခေါင်းနဲ့ လှေနံဆောင့်လိုက်တာ အဲသည်နေရာမှာပဲ အသက်ထွက်ပြီး အဝီစိပြန်ရောက်သွားသတဲ့၊ မဃဒေဝလင်္ကာမှာဆိုတဲ့ ပိဋကတ်ခေါင်ထိ ရှင်ကပိဆိုတာ ဓမ္မပဒအဋ္ဌကထာကလာတဲ့ သည်ကပိလကို ဆိုလိုတာပဲကွယ့်"

ဗုဒ္ဓသာသနာတော်မှာ စာသင်နည်း သုံးမျိုးရှိကြောင်း ပဏ္ဏာသ (၁)ပါဠိ ၁၈၆–မှာ ပြထားတယ်ကွယ့်၊ စာသင်နည်း သုံးမျိုးဆိုတာ–

(၁) အလဂဒ္ဒူပမာ စာသင်နည်း၊

(၂) ဘဏ္ဍာဂါရိက စာသင်နည်း၊

(၃) နိဿရဏ စာသင်နည်းတို့ ဖြစ်ကြတယ်။

(၁) အလဂဒ္ဒူပမာ စာသင်နည်းဆိုတာ ငါစာတတ်လျှင် ကျော်စောထင်ရှား လာဘ်ပေါများလိမ့်မယ်၊ သူတစ်ပါးကို ဘယ်လိုနှိမ်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်နှင့် သင်ခြင်းမျိုးဖြစ်တယ်၊ ရည်ရွယ်ချက်မကောင်းတဲ့အတွက်

http://www.dhammadownload.com



(ဓာတံ သရဏာတော ဘယံ)ကိုးကွယ်ရာက ဘေးဖြစ်လာတာပေါ့၊ သည်သင်ကြားခြင်းမျိုးကို မြွေဖမ်းမတတ်တဲ့ အလမ္ပာယ်နှင့်တင်စားပြီး အလဂဒ္ဒူပမာ စာသင်နည်းလို့ မှည့်ခေါ်ထားတယ်။

(၂) ဘဏ္ဍာဂါရိက စာသင်နည်းဆိုတာက စကြာမင်းရဲ့ဘဏ္ဍာစိုးဟာ ဘဏ္ဍာပစ္စည်းကို မိမိမသုံးဆောင်သော်လည်း မင်းဘဏ္ဍာမပျက်စီးအောင် ကျပ်တည်းစွာ စောင့်ရှောက်သလို ဘုရားဘဏ္ဍာတော်ဖြစ်တဲ့ တရားတော်များကို မပျက်စီးရအောင် ဆည်းပူးအားထုတ်တဲ့ ရဟန္တာများ သင်ကြားခြင်းမျိုးကို ဘဏ္ဍာဂါရိက စာသင်နည်းလို့ ခေါ်တယ်။

(၃) နိဿရဏ စာသင်နည်းဆိုတာက ငါဟာ တရားတော်ကို လေ့လာပြီး တရားတော်အတိုင်း ကျင့်မယ်၊ သံသရာကလွတ်အောင် လုပ်မယ်လို့ မွန်မြတ်တဲ့ ရည်ရွယ်ချက်နှင့် သင်ကြားခြင်းမျိုးကို နိဿရဏသင်ကြားခြင်းမျိုးလို့ ခေါ်ရတယ်။

ကပိလရဟန်းဟာ နိဿရဏစာသင်နည်းနှင့် ပိဋကတ်တော်ကိုသင်ခဲ့တာ မဟုတ်ဘူး၊ အလဂဒ္ဒူပမာ စာသင်နည်းမျိုးနှင့် သင်ခဲ့တာမို့ စာတတ်ပုဂ္ဂိုလ်ဖြစ်ပါလျက်နှင့် ငရဲသို့ကျခြင်းဖြစ်တယ်ကွယ့်၊ သည်နေရာမှာ စာသင်သားများ သတိထားကြဖို့ ရှေးဆရာတော်များ ဆုံးမထားတဲ့ ဂါထာကလေးနှင့် အဆုံးသတ်ကြစို့ရဲ့။

**မာနံ ကရောတိ ယော ဗာလော၊ သိက္ခိတွာန ဇိနေရိတံ။**

**တေဿ သရဏံ နတ္ထိ၊ ဓာတံ သရဏာတော ဘယံ။**

ယော ဗာလော–အကြင်သူမိုက်သည်၊ ဇိနေရိတံ–မြတ်စွာဘုရားဟောကြားအမှန် မြတ်ကျမ်းဂန်ကို၊ သိက္ခိတွာန–မာနရှေ့ထား မှတ်သင်ကြား၍၊ မာနံ–သူ့ထက်ထူးချွန် မာန်တံခွန်ကို၊ ကရောတိ–ပြု၏၊ တေဿ–ထိုပုဂ္ဂိုလ်အား၊ သရဏံ–အပါယ်မှတစ်ပါးသော ကိုးကွယ်ရာသည်၊ နတ္ထိ–မရှိ၊ သရဏာတော–ကိုးကွယ်ရာအမှန် မြတ်ကျမ်းဂန်မှ၊ ဘယံ–ဘေးသည်၊ ဓာတံ ဓာယတေ–ဖြစ်ပေါ်၍လာတတ်လေသတည်း။

"သာဓု–သာဓု–သာဓု"

http://www.dhammadownload.com